
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com
၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည်
ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည့်
ရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၉၄ မေ ၂၀၁၄
တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသိတာ၊ဝမ်းချောင်း။
ရှေ့ပန်းချီ
ဇော်ဝင်း
(ငှက်ပျောသီး)
ဆန်နီညိမ်း
ဖေညွန့်ဝေ
မူတ်သုံ
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
လင်းဝဏ္ဏ
ဇော်မောင်
ဝင်းတင့်
မောင်နိုး
စိုးအောင်
အောင်ကျော်
ဖေသစ်တည်
ထွန်းအုံ
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
ကိုလင်း(Studio-K)
ရှေ့ဒီဇိုင်း
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်
ရှေ့ဓာတ်ပုံ
ကိုလင်း(Studio-K),
လင်းနိုင်ဦး
ရှေ့စာစီစာပြု
နိုင်ခွန်အား
စိမ်းလဲ့စံ
မိုးမိုးမြင့်
စာပြင်
ကျော်စိန်ဝင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၄၊ မေ၊ ၂၀၁၄

**ဝင်းငြိမ်း** စိစဉ်တည်းဖြတ်သည်

သူတို့အရေး

**အောင်သန်းထွန်း** ၄။

ရွှေချစ်သူမှ ရွှေချစ်သူသို့
**ဝင်းငြိမ်း** ၁၀။

ရွှေမင်းသား၊ ရွှေမင်းသမီး
**လင်းနိုင်ဦး** ၁၄။

အနုပညာကိုပဲ
ကြိုးစားလုပ်နေတယ်
ချစ်သူ မရှိပါဘူး

**One Minute Interview**
**ဘို** ၂၂။
စိုးသူ

လူမှုဝန်းကျင်
**လင်းနိုင်ဦး** ၃၆။

ထိုင်းနိုင်ငံမှ
လာရောက်ဖျော်ဖြေကြတဲ့
အနုပညာဖျော်ဖြေပွဲ
**လင်းနိုင်ဦး** ၄၂။

April Fool မှာ မင်္ဂလာပွဲ
ကျင်းပခဲ့တဲ့ ဖြိုးငွေစိုး
**လင်းနိုင်ဦး** ၅၄။

၂၁ နှစ်မြောက် New Star
ရဲ့ နှစ်ပတ်လည်ပွဲ

နိုင်ငံတကာစာမျက်နှာ
**ရာပြည့်** ၂၄။

လူဆိုးလေး Justin Bieber
**ရီတာအောင်၊ NY၊** ၄၀။

ဒါကိုတာဂျွန်ဆန်
**ဝင်းငြိမ်း** ၆၀။
ရမ္မက်ဇော

ရွှေဝတ္ထု

၁၂၄။ **ကျူးရီ**
ပန်းမျှော်သည့်မိုး

၁၃၀။ **မင်းမဟာ၊ သထုံ၊**
ယင်ကောင်မျက်လုံးများနှင့်
ကခုန်ခြင်း

၁၃၈။ **မင်းဝေဟင်**
လရိပ်အောက်က
မိုးတိမ်

၁၄၄။ **မွန်းရူ**
ပက်ပက်စက်စက်

၁၅၂။ **လင်းခက်နွယ်**
ဘဝထဲက တံခါးတစ်ချပ်

၁၅၈။ **လူထိုက်**
ရေအိုင်

၁၆၂။ **အဏ္ဏဝါစိုးမိုး**
နံ့သာကျွန်းက လွမ်းပုံပြင်

၁၈၀။ **လှမြင့်အောင်**
**၊တောင်ကုတ်၊**
မှိုရောင်းရသူများ

၁၈၆။ **မင်းမြင့်ဇင်**
ကျမ်းအဆူဆူ စူးရစေရဲ့

၁၉၂။ **ငွေဇင်ယော်ဦး**
**၊မိုးကုတ်၊**
ရွာကို မပြန်ချင်ဘူး

၂၀၀။ **အောင်ဖြိုးကျော်**
**၊ပခုက္ကူ၊**
အမိန့်

ရွှေနှလုံးသား

၈၄။ **ရွှေသင်**
ညတစ်ည

www.burmeseclassic.com

www.burmeseclassic.com




**ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း**

ကြည်အေး ၉၄။
လွမ်းအိပ်မက်

**ရသစာတမ်း**

အဖြူရောင်၊ ရွှေ၊ ၁၀၆။
တတိယမြောက်အလှူ၌
နစ်မြုပ်ခြင်း

**ရွှေဝတ္ထုရှည်စ/ဆုံး**

မောင်သာရ ၁၆၄။
ငယ်ငယ်တုန်းက
ချစ်ရေစင်

**ရွှေအစန်းဆက် ဝတ္ထုရှည်**

ခင်ခင်ထူး ၂၂၈။
တောမင်းသမီး

**ရွှေသုတ**

နေအုပ်၊ ဒိန်ပေါက်၊ ၅၀။
ခေတ်အဆက်ဆက်
မရိုးနိုင်သော
အချစ်ဓာတ်လမ်းတစ်ပုဒ်

မေဇွာဦး ၅၈။
ဂီတမြို့တော်မှ
ဂီတဘုရင်အိမ်သို့

မင်္ဂလာရွှေမောင်း ၈၈။
စာကောင်းကင်က
လင်းလက်ကြယ်

မောင်သန်းရွှေ ၁၀၀။
၊ထားဝယ်၊
ဆရာနေဇင်လတ်
ရေးသည့် ကိန္နရီမောင်နှံ

မြင့်သန်း ၁၁၂။
ဆောင်းပါး၊ ဖန်တီးစာ
ဝတ္ထုတို
စသည်စသည်ဖြင့်

**ရွှေအသစ်**

———— ၂၁၂။
———— ၂၁၈။
———— ၂၂၄။









အယ်ဒီတာအဖွဲ့ -
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေဇွာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ ဦးညာဏ်လှိုင် (၀၅၂၇၃)၊
ငွေ့တာလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊
တက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ငွေ့တာလှတာပေ၊ အမှတ်
၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com
Available at :
iTune Store


www.burmeseclassic.com

www.burmeseclassic.com



ပြည်ပခရီးစဉ်တစ်ခုမှ
မြင်တွေ့ရတဲ့
အကယ်ဒမီ စိုးမြတ်သူဇာ

# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၄၄၊ မေ ၂၀၁၄

## အမေရိကန်ပြည်ထောင်စုသို့ စိုးမြတ်သူဇာ ထွက်ခွာ

တစ်နှစ်တစ်ကြိမ် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်လေ့ရှိတဲ့ အကယ်ဒမီ စိုးမြတ်သူဇာက ဧပြီ လ ၅ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ် ခရီး ထွက်ခွာသွားခဲ့ပါတယ်။ ရက်သတ္တပတ်တစ်ပတ်ခန့် နေထိုင်မယ်လို့ ရည်ရွယ်ထားကြောင်း သိရပါတယ်။ စိုးမြတ်သူဇာက အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိချိန်မှာ LA, Las Vegas, Sanfrancisco တို့မှ မိတ်ဆွေများထံ သွားရောက်လည်ပတ်လေ့ရှိပါတယ်။ ❑



www.burmeseclassic.com

www.burmeseclassic.com


# သရုပ်ဆောင် ရဲတိုက်ကို ပြစ်ဒဏ်ချမှတ်

ပဲခူးတိုင်းဒေသကြီး
ကျောက်တံခါးမြို့နယ်
တရားရုံး
မြို့နယ်တရားသူကြီးရုံးမှာ
ရာဇသတ်ကြီး
အမှတ် ၉၃၉/၂၀၁၃
မူးယစ်ပုဒ်မ ၁၅/၁၆(ဂ)
အရ တရားစွဲဆိုခြင်း
ခံထားရတဲ့ ရုပ်ရှင်နဲ့
ဗီဒီယိုသရုပ်ဆောင်
ရဲတိုက်(ခေါ်)လင်းထွန်းဦး
၃၀ နှစ်၊ (ဘ)ဦးထွန်းညွှန့်မော်၊
ဗိုလ်တာရာလမ်း၊
၂ ရပ်ကွက်၊ သန်လျင်မြို့၊
ရန်ကုန်တိုင်းဒေသကြီး နေသူကို
ကျောက်တံခါး မြို့မရဲစခန်းမှ
ရဲအုပ်လှမြင့်ဦးက
၂၀၁၃ ခုနှစ် ဇူလိုင်လ
၂၅ ရက်နေ့က စတင်
တရားစွဲဆိုပြီး တရားလို၊
တရားခံနဲ့ သက်သေများအား
ကြားနာစစ်ဆေးကာ
၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်နေ့မှာ
မြို့နယ်တရားသူကြီး
ဦးသင်ထွန်းဦးက တရားခံ
ရဲတိုက်(ခေါ်) လင်းထွန်းဦးကို
မူးယစ်ပုဒ်မ ၁၅/၁၆ (ဂ)အရ
ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတဲ့အတွက်
အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၆ နှစ် ကျခံစေဖို့
အမိန့်ချမှတ်လိုက်ကြောင်း သိရှိရပါတယ်။ □



သရုပ်ဆောင် ရဲတိုက်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# အနုပညာကိုပဲ ကြိုးစားလုပ်နေတယ် ချစ်သူ မရှိပါဘူး

ဏင်းနိုင်ဦး

ဓာတ်ပုံ - ကိုလင်း(Studio-K)

မေလထုတ် ရွှေအမြုတေမျက်နှာဖုံးအတွက် ဆရာ ဦးဝင်းငြိမ်းက ဟိန်းဝေယံနဲ့ မျက်နှာဖုံးတင်မယ်လို့ ပြောထားတဲ့အတွက် ရွှေအမြုတေ မျက်နှာဖုံးအတွက် ဓာတ်ပုံတွေ ရိုက်ပေးနေကျ ကိုလင်း(Studio-K)နဲ့ပဲ မတ်လ ၂၂ ရက်နေ့ ညနေပိုင်းမှာ ချိတ်ဆက်ပြီး ရိုက်ဖြစ်ခဲ့ပါတယ်။ ဟိန်းဝေယံက မျက်နှာဖုံးတွေအတွက် သူဓာတ်ပုံရိုက်ပေးခဲ့ရတာတွေက Indoor တွေ များနေတာကြောင့် ပရိသတ်တွေ အပြောင်းအလဲနဲ့ မြင်ရစေဖို့ Outdoor ထွက်ရိုက်ကြရအောင် ပြောလာတဲ့အတွက် ကိုလင်းကပဲ စီစဉ်ပြီး ပြည်သူ့ဥယျာဉ်ဝင်းအတွင်းက Car Parking မှာ ရိုက်ဖြစ်ခဲ့ပါတယ်။ ဟိန်းဝေယံက လူငယ်တစ်ဦးဖြစ်တာနဲ့အညီ ပြိုင်ကားမောင်းရတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားလို့ ပြည်သူ့ဥယျာဉ်ကို သူ့ရဲ့ပြိုင်ကားနဲ့ ရောက်ရှိလာခဲ့ပါတယ်။ ပြည်သူ့ဥယျာဉ်အတွင်းမှာ ပထမဦးဆုံး သူ့ရဲ့ပြိုင်ကားလေးနဲ့ Car Parking မှာပဲ ရိုက်ကူးခဲ့ပြီး၊ ဒုတိယတစ်စုံကိုတော့ ပြည်သူ့ဥယျာဉ်အတွင်းကပဲ ဝါးပင်တွေနဲ့ အုပ်ဆိုင်းနေတဲ့ မြေနီလမ်းကလေးမှာ ဆက်ပြီး ရိုက်ဖြစ်ခဲ့ပါတယ်။ မျက်နှာဖုံးအတွက် ရိုက်ကူးခဲ့ရာမှာ ဟိန်းဝေယံက စိတ်ရှည်ရှည်နဲ့ ကိုလင်း (K-Studio) စိတ်တိုင်းကျ ရိုက်ထားတာတွေကို ပြန်ပြန်ကြည့်ပြီး ရိုက်ပြီးသားထဲက သဘောကျတဲ့ပုံစံကို ဆက်ရိုက်ကြသလို နောက်ထပ် ရိုက်ချင်တဲ့ပုံစံရှိသေးရင်လည်း ဒီပုံလေးနဲ့ပဲ ရိုက်ချင်သေးတယ်လို့ ပြောပြီး ပုံကောင်းတွေရရှိအောင် ရိုက်ကူးခဲ့ကြပါတယ်။ ဟိန်းဝေယံနဲ့ အင်တာဗျူးဖို့ကိုတော့ နောက်ရက်မှပဲ မာန်ထက်ချို ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သားကြီးရိုက်ကူးနေတဲ့ **အနမ်းနီ** ဗီဒီယိုရိုက်ကွင်းမှာ သွားရောက် တွေ့ဆုံဖြစ်ခဲ့ပါတယ်။

**ဟိန်းဝေယံက မျက်နှာဖုံးရိုက်တဲ့အခါမှာ ပြိုင်ကားနဲ့ ရိုက်တာဖြစ်လို့ ဟိန်းဝေယံလည်း ပြိုင်ကား ခရေစီပဲလား။ ဟိန်းဝေယံရဲ့ကားက အမြင့်ကားလို့လည်း ပြောကြတယ်။**

ကျွန်တော်လည်း ပြိုင်ကားကို အရမ်းဝါသနာပါပါတယ်။ ဝယ်ဖြစ်တာ သိပ်မကြာသေးပါဘူး။ တစ်ခါတလေ ညဘက် ရှုတင်အားတဲ့အခါ ဖျင်းလို့ရှိရင် ကားပတ်မောင်းတာမျိုးရှိတယ်။ လူငယ်တစ်ယောက်လည်းဖြစ်တော့ ပြိုင်ကားကို စိတ်ဝင်စားတယ်။

**ပြိုင်ကားကို အမြဲစီးဖြစ်တာလား။**

အမြဲတော့ မစီးဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တချို့ရှုတင်ကျတော့ ကိုယ်တိုင်မောင်းပြီး ယူသွားလို့ရတယ်။ တချို့ရှုတင်ကျတော့ အဝတ်အစားတွေများရင်ပဲ ဖြစ်ဖြစ်၊ လမ်းကြမ်းတဲ့နေရာမျိုး သွားရမယ်ဆိုရင်ဖြစ်ဖြစ် ပြိုင်ကားက နိမ့်တဲ့အတွက် သန်လျင်ဘက်မှာ သွားရိုက်မယ်ဆိုရင် ကားအမြင့် ယူသွားရတယ်။ မြို့ထဲမှာဆိုရင်တော့ ပြိုင်ကားနဲ့ပဲ သွားဖြစ်တယ်။

**ဟိန်းဝေယံ ရုပ်ရှင်လောကကို ရောက်လာပုံက နည်းနည်းထူးခြားတယ်။ အဲဒီအကြောင်းကို ပြန်ပြောပြပေးပါလား။ ရုပ်ရှင်ဘက်ကို မမျှော်လင့်ဘဲ ရောက်လာတယ်လို့လည်း ပြောလို့ရတယ်လေ။**

ဟုတ်ပါတယ်။ စပြီး ကျွန်တော်လုပ်ဖြစ်တာက ဒါရိုက်တာ ကုသိုလ်နဲ့ စပြီး ရိုက်ဖြစ်တာပါ။ ဇာတ်ကားနာမည်ကတော့ **နှစ်နှစ်ကာကာ**ပါ။ အနုပညာအလုပ်ကို ကျွန်တော် အရမ်း ဝါသနာပါပါတယ်။ ရုပ်ရှင်ရော၊ ဂီတရော နှစ်မျိုးစလုံး ဝါသနာပါတာပါ။ ဒါပေမဲ့ ဂီတကို အရင်ဆုံးလုပ်မယ်လို့ ကျွန်တော် ဆန္ဒရှိခဲ့တယ်။ ကျွန်တော့်လိုပဲ ကျွန်တော့် အစ်ကိုကလည်း အရမ်း ဝါသနာပါတယ်။ အစ်ကိုကကျတော့ ဂီတထက် သရုပ်ဆောင်ဘက်ကို ပိုဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော်က **နှစ်နှစ်ကာကာ** မရိုက်ခင် ကျွန်တော်ဗီစီဒီကာရာအိုကေ ရိုက်ဖြစ်ခဲ့တယ်။ ဗီစီဒီရိုက်ဖြစ်ပေမဲ့ သေချာလက်တွေ့ သရုပ်မဆောင် ဖူးသေးတော့ ကိုယ့်ဝါသနာကို ကိုယ် သိပ်မသိဘူး။ တကယ်ရိုက်ကြည့် တော့ ပိုးက ပိုဝင်သွားတယ်။ အဲဒီမှာ အရမ်းလုပ်ချင်တယ် ဆိုတဲ့စိတ် ဖြစ်သွားတယ်။ ကံပဲပြောရမလား မသိဘူး။ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်မှာ ကျွန်တော့်အစ်ကိုက အရမ်းဝါသနာပါတဲ့ အပေါ်မှာ အစ်ကို့ကို အရင်ဦးစားပေးပြီး အစ်ကို့ကို အရင် မြေတောင်မြှောက်ပေးမယ်။ ကျွန်တော်က ငယ်သေး တယ်။ ၁၇ နှစ်တောင် မပြည့်သေးဘူး။ အစ်ကိုနဲ့ အရင်ရိုက်ပြီး ၁၈ နှစ်လောက်မှ ကျွန်တော့်ကို ရိုက်ပေးမယ်။ အစ်ကိုနဲ့ ငါးကားရိုက်ဖို့ တောက်လျှောက် စီစဉ်ပြီးမှ အစ်ကိုက ရုတ်တရက် မလုပ်ဖြစ်တော့ဘူး။ အဲဒီတော့ ကျွန်တော့် မိဘတွေက ကဲ အမေ တို့တော့ စီစဉ်ပြီးပြီ။ အစ်ကိုက မလုပ်ဖြစ်တော့ဘူး ဆိုတော့ ဒါနဲ့ ကျွန်တော်က ကျွန်တော်လုပ်မယ်ဆိုပြီး ဝင်ပြီး သရုပ်ဆောင်ဖြစ်ခဲ့တာ ပါ။ ကိုယ်ကလည်း လုပ်ချင် နေတာဆိုတော့ အရမ်းလည်း ပျော်ပါတယ်။ မထင်မှတ်ဘဲ နဲ့ လုပ်လိုက်ရရာက တောက် လျှောက်ရိုက်ဖြစ်သွားတာ အခုချိန်အထိပဲ။ အနုပညာ အလုပ်ကို တကယ်ဝါသနာ ပါတယ်။ ကြိုးကြိုးစားစားနဲ့ လုပ်ကြည့်မယ်ဆိုပြီး လုပ်ခဲ့ တာပါ။ ပရိသတ်တွေ အဲဒီ လောက်အားပေးမယ်လို့လည်း မမျှော်မှန်းခဲ့ဘူး။ ကြိုးစား ပြီးလုပ်မယ်လို့ပဲ စိတ်ရှိခဲ့ တယ်။ ဖြစ်နိုင်ပါ့မလားလို့ လည်း စိုးရိမ်စိတ်ရှိခဲ့တယ်။ ဒါပေမဲ့ လုပ်ရင်းလုပ်ရင်းနဲ့ ပရိသတ်တွေ အားပေးလာတဲ့ အတွက် သူတို့ပေးတဲ့နေရာ တစ်နေရာ ရနေတာပါ။

**မထင်မှတ်ဘဲဖြစ်ခဲ့ရာ က ပရိသတ်တွေအားပေးမှု ကြောင့် ဘယ်လိုအားတွေ ရခဲ့ တာလဲ။**

ပရိသတ်တွေ အားပေး မှုကြောင့် ဝမ်းသာတာအပြင် ဆက်ပြီး ကြိုးစားချင်စိတ် လည်း ပိုဖြစ်သွားတယ်။ ငါ ရအောင်လုပ်မယ်။ ငါဖြစ် အောင်လုပ်မယ်ဆိုတဲ့စိတ် ဖြစ် သွားတာပေါ့။ အဲဒါနဲ့ ပိုပိုပြီး ကြိုးစားဖြစ်လာတာပါ။ ပထမ စစချင်းတော့ ရိုက်တဲ့ အခါမှာ သိပ်အားမရတာတွေ ရှိတယ်။ နောက်တစ်ကားကျ ရင်တော့ ဒီထက်ပိုပြီး လုပ် မယ်ဆိုတဲ့စိတ်နဲ့ သွားရင်း သွားရင်း တောက်လျှောက် ရိုက်ဖြစ်သွားတာပါ။

**နှစ်နှစ်ကာကာ** ကို **ပထမဦးဆုံး ကိုကျော်သူနဲ့ ရိုက်ဖြစ်စဉ်တုန်းက ခံစားမှုနဲ့**

www.burmeseclassic.com

www.burmeseclassic.com

အခုခံစားရမှု ဘယ်လောက် ကွာသွားလဲ။


စရိုက်ဖြစ်တဲ့ ကားက နှစ်နှစ်ကာကာ၊ ဟုတ်တယ် ကိုကျော်သူနဲ့ ရိုက်ဖြစ်တာ။ အဲဒီကားကို ကျွန်တော်တို့အိမ်မှာပဲ ရိုက်ဖြစ်တာ။ အဲဒီတုန်းကတော့ ကိုယ်က ကင်မရာနဲ့ အစိမ်းကြီးဖြစ်တဲ့အခါကျတော့ စိတ်ဖိစီးမှု တော်တော်များတယ်။ ဒိုင်ယာလော့ခ် နှစ်ကြောင်းသုံးကြောင်းလောက်ကို တော်တော်လေး ကျက်ရတယ်။ တစ်ခါတလေကျတော့လည်း ဒိုင်ယာလော့ခ်ကမှန်ပြီး အိုက်တင်မပါတာတွေရှိတယ်။ အခုကျတော့ စပြီးလုပ်ခါစနဲ့ဆိုရင် ဒိုင်ယာလော့ခ်တွေ မှတ်တတ်လာပြီ။ ပိုပြီးသိလာတယ်ဆိုတဲ့သဘောရှိတယ်။ အဲဒါလေးပဲ ပြောင်းလဲသွားတယ်။ ရိုက်နေရရင် ပျော်တာပါပဲ။

**ဗီဒီယို ကားတွေက** တော့ အများကြီး ရိုက်ဖြစ်ခဲ့ ပြီးပြီ။ ရုပ်ရှင်ဆိုရင် ၈ ကား၊ ၉ ကားလောက်ရှိပြီ ထင်တယ်။ ရုပ်ရှင် ရိုက်ခဲ့ရတာ ကိုယ်ကြိုက်တဲ့ ဇာတ်ကောင်စရိုက်မျိုးနေရာက ရိုက်ဖြစ်ခဲ့ရတာလား၊ ရလာတဲ့အခွင့်အရေးပေါ်မှာ ရိုက်ခဲ့ရတာလား။

ကိုယ်ကြိုက်တဲ့ဇာတ်လမ်းက လုပ်ချင်တဲ့ ကာရိုက်တာနဲ့ ရိုက်ခွင့်ရခဲ့သလို၊ ကုမ္ပဏီတွေက ကိုယ်နဲ့လိုက်မယ်ထင်လို့ ကမ်းလှမ်းတဲ့ ကာရိုက်တာတွေကိုလည်း ရိုက်ဖြစ်ခဲ့ပါတယ်။ အဓိက ကတော့ ကျွန်တော်နဲ့လိုက်မယ် ထင်လို့ ကျွန်တော့်ဆီ ရောက်လာတဲ့ ဇာတ်က ပိုများတယ်။ လူငယ်ဖန်စီလေး တွေများတယ်။ ရုပ်ရှင်ကား ကြီးကျတော့ အဓိကဇာတ်လမ်းပါပဲ။ ဇာတ်လမ်း ကောင်းရင် ကျွန်တော် ရိုက်ဖြစ်ပါတယ်။

**ဟိန်းဝေယံရိုက်လိုက်ရင် လူငယ်ဖန်စီကားတွေ များတယ်။ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရမယ်ဆိုရင် ဘယ်လိုကာရိုက်တာမျိုး ပိုလုပ်ချင်လဲ။**

သရုပ်ဆောင်တစ်ယောက် ဖြစ်တဲ့အပေါ်မှာတော့ ကာရိုက်တာလေးတွေ စုံအောင်၊ ဇာတ်လမ်း လေးတွေ စုံအောင် တတ်နိုင်သမျှတော့





www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖြစ်ပါတယ်။ ကာရိုက်တာပိုင်းနဲ့စာရင် ဇာတ်လမ်းပိုင်းကို ဦးစားပေးပြီး သွားတဲ့ ပုံစံတွေကို ပိုပြီးရိုက်ချင်တယ်။

**ဇာတ်လမ်းပိုင်းကို ဦးစားပေးတာ ဘာဖြစ်လို့လို့ ပြောလို့ရမလဲ။**

ဘာဖြစ်လို့လဲ ဆိုတော့ ဇာတ်လမ်းနဲ့သွားတဲ့ အခါကျတော့ ပရိသတ်တွေ ကြည့်တဲ့အခါ ကျရင် သြော် ဇာတ်လမ်းလေးက ကောင်းလိုက်တာ၊ အဲဒီလို ဇာတ်လမ်းထဲ ပါသွားတာတွေ ရှိတယ်။ ဇာတ်လမ်းကောင်း တယ်ဆိုရင် ကျွန်တော် လုပ်ကွက်ရမှ၊ ပြီးတော့ သူ့ဇာတ်ကိုယ့်ဇာတ် မရွေးပါဘူး။ ကာရိုက်တာပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း စုံအောင်တော့ ရိုက်ဖြစ် နေပါတယ်။ မရိုက်ရသေး တဲ့ ကာရိုက်တာတွေလည်း တော်တော်ကျန်ပါသေးတယ်။ ကျွန်တော်ကတော့ ဇာတ်လမ်းပိုင်းကိုပဲ ဦးစားပေးပြီး ရိုက်ချင်တယ်။

**မြန်မာနိုင်ငံမှာက အဓိကသရုပ်ဆောင်တော်တော် များများဟာ ဇာတ်လမ်းပိုင်းထက် ကိုယ့်အတွက်ကိုယ် ဘယ်နေရာကရမလဲ ဦးစား ပေးကြတယ်။ ဟိန်းဝေယံ ကရော ဘယ်လိုခံယူထား လဲ။**

ခံယူချက်ချင်းတော့ မတူဘူးပေါ့နော်။ ကျွန်တော် ကတော့ ကိုယ့်အတွက် ကာ ရိုက်တာလည်း ကောင်းရ မယ်၊ ကျွန်တော်လုပ်နိုင်တာ လည်း ဖြစ်ရမယ်၊ ကိုယ့် ကိုယ်ကို ယုံကြည်မှုရှိရှိနဲ့ ကိုယ်လုပ်နိုင်မယ့် ကာရိုက် တာမျိုးလည်း ဖြစ်ရမယ်။ ဇာတ်လမ်းလေးလည်းကောင်း ရမယ်။ အဓိကကတော့ ဇာတ် လမ်းကောင်းကို ရွေးချယ် တာပါပဲ။

**ဗီဒီယိုကိုတော့ အများ ကြီးရိုက်ဖြစ်ခဲ့ပြီး ရုပ်ရှင်မှာ ပရိသတ် မှတ်မှတ်ထင်ထင် ရှိခဲ့တဲ့ ကိုယ်တိုင်သရုပ်ဆောင် လို့ကောင်းခဲ့တဲ့ကားဆိုရင် ဘယ်ကားကို ညွှန်းမလဲ။**

ကျွန်တော့်အနေနဲ့ က ရိုက်တဲ့ကားတိုင်းကို လုပ်နိုင် သလောက် လုပ်တတ် သလောက် သေသေချာချာ လေး သရုပ်ဆောင်ထားပါ တယ်။ ဗီဒီယိုဖြစ်ဖြစ်၊ ရုပ်ရှင် ဖြစ်ဖြစ် ကြိုးစားအားထုတ်မှု က အတူတူပါပဲ။ ကားတိုင်း ကိုယ့်ဟာကိုယ်တော့ သဘော ကျတယ်။ ပရိသတ်တွေက တော့ ရုံတင်ထားတဲ့ကားတွေ ထဲမှာ အမှတ်ပေးကြတာက အမုန်းမီးတောက် ကားထဲမှာ သရုပ်ဆောင်ခဲ့တာကို တော် တော်လေး သဘောကျခဲ့ပါ တယ်။

**ဟိန်းဝေယံက ရုပ်ရှင် ကားတစ်ကား၊ ဗီဒီယိုကား တစ်ကားရိုက်တော့မယ်ဆိုရင် ဖက်ရှင်ကို ဘယ်လိုကြည့်တ**



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်ဆင်လဲ။ ဟိန်းဝေယံကို
ဇာတ်ရှင်အနေနဲ့လည်း
အားပေးကြတာတွေ
ပါတယ်လေ။
အဓိကကတော့
လုပ်ရမယ့်
ကာရိုက်တာပေါ်မှာပဲ
အကျီအဝတ်အစားကို
အဓိကထားရွေးတယ်။
ဆံပင်ကလည်း
အဲဒီအတိုင်းပဲ
လုပ်မယ့်ကာရိုက်တာ၊
ဇာတ်လမ်းပေါ်မှာပဲ
ရွေးချယ်ပြီးလုပ်ဖြစ်
တယ်။ အခုရိုက်နေတဲ့
**အနမ်းနီ**
ဇာတ်ကားမှာဆိုရင်လည်း
ရှေ့ပိုင်းမှာ
လုံးဝ လူငယ်ဆန်ဆန်
ကာရိုက်တာ၊ အလယ်
ကိုရာဇာနေဝင်းက
ကျွန်တော့်ရဲ့
မွေးစားအစ်ကို
ကျွန်တော့်မိဘတွေက
ပိုက်ဆံအရမ်း
ချမ်းသာတယ်။
ကိုရာဇာနေဝင်းကို
မွေးစားထားတာ၊
ငယ်ငယ်တုန်းကတော့
ကျွန်တော်က
တအားဆော့တယ်။
ကိုရာဇာက
ကျွန်တော့်မိဘရဲ့
အမွေတွေကို
မောင်ပိုင်စီးချင်တဲ့အတွက်
ကျွန်တော့်ကို
ဆေးတွေတိုက်ပြီး
ရူးအောင်လုပ်တယ်။
အဲဒီတော့
နောက်ပိုင်းကာရိုက်တာက
ဆံပင်ပုံစံကအစ
ပြန်ပြောင်းရတယ်။
ရှေ့က လူငယ်ဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com


ဆံပင်ပုံစံကို ဘေးကပ်ပြီး သရုပ်ဆောင်တယ်။ ဆိုက်ကို ဖြစ်ပြီး ရှူးနေတဲ့အခါကျတော့ မျက်စိတစ်ခြမ်းကို ဆံပင်နဲ့ ကွယ်ပြီးလုပ် မယ်ဆိုပြီးတော့ ကာရိုက်တာနဲ့လိုက်ဖက်အောင် လုပ်ဖြစ်တယ်။

**မထွက်ဘဲငြိမ်နေတာ ဘာကြောင့်လဲ။**

အခုချိန်မှာတော့ ကျွန်တော်ဝါသနာပါတဲ့ အနုပညာအလုပ်ကို ထဲထဲဝင်ဝင်လုပ်ခွင့်ရနေတယ် ဆိုတော့ တစိုက်မတ်မတ်နဲ့ နေတဲ့အပေါ်မှာပဲ အာရုံထားပြီးလုပ်ဖြစ်နေပါတယ်။ ချစ်သူ မရှိသေးပါဘူး ခင်ဗျ။ တကယ် မရှိပါဘူး။

**ဟိန်းဝေယံကိုအားပေးနေတဲ့ ပရိသတ်တွေကို ရွှေအမြုတေကတစ်ဆင့်**

ပါတယ်။ ပရိသတ်တွေ အားပေးရတာနဲ့ တန်အောင် အနုပညာနဲ့ပတ်သက်ပြီး ဆက်ပြီးကြိုးစားနေမှာပါ။ ဆက်လက်အားပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ နှစ်သစ်မှာလည်း စိတ်သစ်



ဟိန်းဝေယံကို ပရိသတ်တွေက စိတ်ဝင်စားကြတာ ရှိပါတယ်။ ရှေ့ပိုင်းမှာ အချစ်ရေးနဲ့ပတ်သက်ပြီး အသံတချို့ ထွက်ပေမဲ့ အခုချိန်မှာ အချစ်ရေးနဲ့ပတ်သက်ပြီး အသံ

ကျွန်တော် ကြိုးစားဖြစ်နေတာပါ။ လူငယ်တစ်ယောက် အနေနဲ့တော့ အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးလေးတွေ တော့ရှိပါတယ်။ လောလောဆယ်မှာတော့ ကြိုးစားခွင့်ရ

**ဘာပြောချင်သေးလဲ။**

ကျွန်တော့်ကို အခုချိန်အထိ အားပေးနေတဲ့ပရိသတ်တွေကိုကျေးဇူးတင်ပါတယ်။ အားပေးတာကိုသိရတဲ့အတွက် ကြောင့်အရမ်းလည်း ဝမ်းသာ

လူသစ်နဲ့ အားလုံးအစစ အရာရာ အဆင်ပြေကြပါစေလို့ ဟိန်းဝေယံက ဆုတောင်းစကားနဲ့နှုတ်ဆက်ခဲ့ပါ တယ်။

■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW
# ကြုံရာဆုံရာတစ်မိနစ်တာ

မတ်လ ၃၀ ရက်နေ့ နေ့လယ်ပိုင်းအချိန်က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ PARKROYAL Hotel မှာစာနယ်ဇင်းများနဲ့ သရုပ်ဆောင်၊ အဆိုတော် အကယ်ဒမီ စိုးသူတို့ တွေ့ဆုံပွဲကလေးတစ်ခု ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာ ဦးဝင်းငြိမ်းက စာနယ်ဇင်းများကိုယ်စား မုဒိတာစကားပြောကြားရင်း ရန်ကုန်မှာ အခြေချနေထိုင်နေတဲ့ စိုးသူအနေနဲ့ သီချင်းဆိုတာအပြင် ကြော်ငြာတွေကိုပါ ရိုက်ကူးနေပြီဖြစ်ပေမဲ့ ရုပ်ရှင်ကားများ ဘာကြောင့် မရိုက်သေးတာလဲလို့ စင်ပေါ်ကနေ မေးမြန်းသွားပါတယ်။ အဲဒီမေးခွန်းကို စိုးသူက သူ့အလှည့်မှာ ဖြေလိမ့်မယ်လို့ ထင်ကြပေမဲ့ ဖြေမသွားပါဘူး။



ဒါကြောင့် ရွှေအမြုတေ ပရိသတ်များအတွက် စိုးသူကို တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး ဒီမေးခွန်းကိုပဲ ပြန်မေးခဲ့ပါတယ်။

"ကျွန်တော် ရိုက်တော့ ရိုက်မှာပါ။ အရင်တုန်းက စိတ်ကူးထားတာကတော့ သရုပ်ဆောင်အလုပ် ပြန်လုပ်မယ်ဆိုရင် ရုပ်ရှင်ဇာတ်ကားကြီးနဲ့ စမယ်ပေါ့။ အခုတော့ ကျွန်တော်နဲ့ ရိုက်ချင်တယ်လို့ စကားကမ်းလှမ်းလာတဲ့သူလေး၊ ငါးဦးလောက် ရှိပါတယ်။ ကမ်းလှမ်းသူတွေထဲမှာ ကျွန်တော့်ညီတစ်ယောက်လိုဖြစ်နေတဲ့ အင်္ဂလန်က ကိုကိုအောင်တို့အုပ်စုက ရိုက်မယ်ဆိုရင် တကယ့်နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ကားကို ရိုက်ချင်တယ်လို့ ကမ်းလှမ်းထားပါတယ်။ အရင် ရိုက်နေကျ မြန်မာရုပ်ရှင်ထုတ်လုပ်သူတွေ၊ ဒါရိုက်တာတွေကလည်း ကမ်းလှမ်းထားကြပါတယ်။ ကျွန်တော်က ဘယ်ဟာနဲ့စပြီး တာထွက်ရမှန်းမသိ ဖြစ်နေတာပါ။

"နိုင်ငံခြားက မိတ်ဆွေ တွေရိုက်ချင်တယ်ဆိုတဲ့ အစီအစဉ်တွေက အရမ်းကြီးတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ များမယ်။ ပြီးတော့ သူတို့က ဒါရိုက်တာအသစ်၊ သရုပ်ဆောင်အသစ်တွေနဲ့ ရိုက်ချင်ကြတယ်လို့ ဆိုတယ်။ ကျွန်တော်က အဲဒါကိုတော့ အားမပေးဘူး။ ရင်းနှီးမြှုပ်နှံမှုများတဲ့အတွက် ဝါရင့်သမ္ဘာရင့်တွေနဲ့ ရိုက်မှသာ ဖြစ်မယ်လို့ ကျွန်တော်ပြောထားတဲ့အတွက် သူတို့ပရောဂျက်ကို သူတို့ပြန်ပြီး စဉ်းစားနေကြတယ်။ သူတို့အပြင် ကျွန်တော့်ကို ရုပ်ရှင်ရိုက်ဖို့ ပြောထားတဲ့ ဒါရိုက်တာ နှစ်ဦး၊ သုံးဦး ရှိပါတယ်။ ဘယ်သူနဲ့စရမှန်းမသိ ဖြစ်နေသေးတဲ့ အချိန် သူတို့ဘက်က နောက်တစ်မျိုးပြောင်းလာတယ်။ ဇာတ်လမ်း

## သရုပ်ဆောင်အလုပ်ကို
## လုပ်ဦးမှာပါဆိုတဲ့
## စိုးသူ



www.burmeseclassic.com

www.burmeseclassic.com

တွဲ ရိုက်ချင်တယ်တဲ့။
'ကျွန်တော်က ရုပ်ရှင်ကားပဲဖြစ်ဖြစ်၊ ဒီဗီဒီပဲဖြစ်ဖြစ်၊ ဇာတ်လမ်းတွဲပဲဖြစ်ဖြစ် ရိုက်လို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က ရိုက်ခဲ့သလို အချစ်ဇာတ်လမ်းတွေချည်းပဲ ရိုက်တာမျိုးတော့ မလုပ်ချင်တော့ဘူး။ ထူးခြားမယ့် ဇာတ်လမ်းမျိုးကို လုပ်ချင်တယ်။ မကြာသေးခင်က ကျွန်တော် ဒါရိုက်တာအသစ်ကလေးတွေနဲ့ ဗီစီဒီရိုက်တော့လည်း တော်တော် ချေးများခဲ့တယ်။ သူတို့က မင်းသမီးထည့်ချင်တယ်၊ မော်ဒယ်လ် ထည့်ချင်တယ်။ ကျွန်တော်က မထည့်ချင်ဘူး။ မထည့်ချင်ဘူးဆိုတာက မတွဲချင်လို့မဟုတ်ပါဘူး။ ကျွန်တော် လုပ်ခဲ့ပြီးသား အလုပ်တွေကို အခုပြန်လုပ်သလိုမျိုး မဖြစ်စေချင်ဘူး။ ထူးထူးခြားခြားလေး ဖြစ်စေချင်တာ ကြောင့်ပါ။ တချို့က မေးကြတယ်။ ကလေးအဖေ၊ လူကြီးခန်းက မရိုက်ချင်လို့လားတဲ့။ ကျွန်တော် ရုပ်ရှင်လောကဝင်လာပြီး ဒုတိယကားမှာကတည်းက ကလေး အဖေအဖြစ် သရုပ်ဆောင်ခဲ့ဖူးပါတယ်။ အဲဒါတွေကြောင့် မဟုတ်ပါဘူး။
'ကြော်ငြာပဲကြည့်ကြည့်၊ သီချင်းပဲကြည့်ကြည့် Trend က ဒီအတိုင်းပဲ သွားနေတယ်။ အခု ကျွန်တော် ရိုက်ပြီးတဲ့ကြော်ငြာတွေမှာ ဆိုရင်လည်း မင်းသမီးနဲ့တွဲပြီး ဒီကုန်စည်ကောင်းကြောင်း၊ လက်ကလေးထောင်ပြလိုက်၊ ပြုံးပြလိုက် လုပ်နေရတာပဲ ရှိတယ်။ ဘာမှပြောင်းလဲ မသွားဘူး။ ကျွန်တော်က အပြောင်းအလဲကိုလိုချင်တယ်။
'အဲဒါကြောင့် မေးလိုက်တဲ့ သရုပ်ဆောင် အလုပ် မလုပ်တော့ဘူးလားဆိုတာကို ချုံပြီး ဖြေရရင် ကျွန်တော် သရုပ်ဆောင်အလုပ် လုပ်မှာပါ။ ဘယ်ဟာက စလုပ်ရမလဲ ဆိုတာ ရွေးနေလို့ အချိန်ကြာနေတာပါလို့ပဲ ဖြေပါရစေ'
ကျေးဇူးပဲ စိုးသူ။

■ ဘို





www.burmeseclassic.com


www.burmeseclassic.com




# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၄၊ မေ၊ ၂၀၁၄

ရုပ်ရှင်လောကသားတစ်ဦးကို လှူဒါန်းပေးနေတဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း



သရုပ်ဆောင်ကြီး ဒေါ်ခင်ယေးအေးကို
လှူဒါန်းပေးနေတဲ့
ဒါရိုက်တာ ဝင်းထွန်းထွန်း

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နွမ်းပါးသူများအတွက် လှူဒါန်း

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ မတည်ပြီး အစည်းအရုံးဝင်တချို့ ပါဝင်ပူးပေါင်းကာ သင်္ကြန်ကာလအတွင်း စားသုံးရန်အတွက် တစ်ဦးလျှင် ဆန် ၅ ပြည်နဲ့ ဆီ ၅၀ သား ပေးဝေတဲ့အစီအစဉ်ကို ဧပြီလ ၇ ရက်နေ့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ဆောင်ရွက်ခဲ့ပါတယ်။ သင်္ကြန်ကာလအတွင်း ရုပ်ရှင်ဗီဒီယိုရိုက်ကူးခြင်းများ ရပ်နားထားမှာဖြစ်လို့ စားဝတ်နေရေး အထောက်အကူဖြစ်စေဖို့ လှူဒါန်းပေးခြင်း ဖြစ်ပါတယ်။

နွမ်းပါးသူများအား ပေးလှူခြင်းဆိုပေမဲ့ အသင့်အတင့်ချောင်လည်တဲ့သူများလည်း ဝင်ပြီး အလှူခံသွားတာကို တွေ့ရပါတယ်။ စုစုပေါင်း ဆန် ၅ ပြည်အိတ် ၈၀၀ နဲ့ ဆီ ၅၀ သားပုလင်း ၈၀၀ တို့ ဝေငှပေးခဲ့တာ ဖြစ်ပါတယ်။ ❑




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်က လန်ဒန်မြို့တွင် ဓာတ်ပုံသတင်းထောက်တစ်ဦးနှင့် အချင်းများစဉ် သက်တော်စောင့်တစ်ဦးက ဤသို့ထိန်းသိမ်းခဲ့သည်။



Instergram တွင် တင်ခဲ့သော ဘီဘာ၏ဓာတ်ပုံ



၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က ညကလပ်တစ်ခုမှ အထွက်တွင် လူမသိစေရန်အတွက် အဝတ်စတစ်စ ဖုံးအုပ်ကာ ထွက်လာခဲ့သည်

# လူဆိုးလေး Justin Bieber

ရာပြည့်

ခန့်နေပါရိုးလားလယ်ရဲ့
တစ်ခုသော အနက်ရောင်ညှ
နှောင်းပိုင်းအချိန်မှာ
အဆိုတော် Justin Bieber ဟာ
မိုင်ယာမီမြောက်ပိုင်းက
အဖော်အချက်ညကလပ်တစ်ခုရဲ့
မှုးယစ်ဆေးဝါးနဲ့သင်းနေတဲ့
ဗီအိုင်ပီအခန်းတစ်ခန်းထဲက
ဆိုဖာခုံရှည်တစ်ခုအထက်
ခပ်တွေတွေနဲ့ နောက်ကျောမှီလျက်
ထိုင်နေရင်း ပေါင်ပေါ်
တက်ထိုင်ကပြတဲ့ ပွဲစားကြီးကို
ကချေသည်တွေ ဘေးရှုန်းရှန်းနဲ့
ရှိနေပါတယ်။ Bieber က
ဘော့စ်ဘောသမားတွေဆောင်းတဲ့
ဦးထုပ်လေးကို
နောက်ပြန်ဆောင်းထားပြီး
ဖော်ထားတဲ့ဆီရှပ်
အင်္ကျီထက်မှာလည်း
ဆွဲကြိုးခပ်တုတ်တုတ်
ဆွဲထားလေသေးရဲ့
အဲဒီဆွဲကြိုးကို မကြာခင်မှာဘဲ
သည့်ပင်းကချွတ်ပြီး
ခေါ်ယမ်းဦးမှာကလည်း
အသေအချာပဲ။
ကခုန်နေကြတဲ့ကြားထဲကပဲ
Bieber ဟာ အေးစက်တင်းမာတဲ့
မျက်လုံးပိုင်ရှင်
အသက် ၃၈ နှစ်အရွယ်ရှိ
ဖခင်ဖြစ်သူ Jeremy Bieber နဲ့
လက်သီးချင်း
လှမ်းတိုက်ရတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီလ ၁ ရက်နေ့က မိုင်ယာမီတွင်
လိုင်စင်မဲ့ကားမောင်းမှုဖြင့် အဖမ်းခံခဲ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



[illegible]



မိုင်ယာမီတွင် အဖမ်းမခံရမီက သက်တမ်းကျော်လွန်နေသော ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နေသော ဘီဘာ

တစ်ကြိမ်မကပါပဲ။ Jeremy Bieber ဟာ မိသားစု ပျော်ပွဲတွေရှိရင် အမြဲတမ်း ရောက်လာ တတ်သူပါ။ သူဟာ Bieber လမ်း လျှောက်သင်စအရွယ်မှာပဲ Bieber ရဲ့ မိခင်နဲ့ အိမ်ထောင်ကွာရှင်းခဲ့ပြီးနောက်ပိုင်း အနားမှာ အမြဲမရှိနေခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ရုပ်ပါစတားသားဖြစ်သူရဲ့ အဖွဲ့သားတွေထဲမှာ ဂုဏ်ထူးဆောင် နေရာတစ်နေရာ ရလာခဲ့တာဖြစ်ပါတယ်။ အရင်က လက်သမားဆရာတစ်ယောက်ဖြစ်ခဲ့သလို Mixed Martial Arts (MMA) ခေါ် ကိုယ်ခံပညာမျိုးစုံ အသုံးပြု ယှဉ်ပြိုင်နိုင်တဲ့ ကြေးတမ်းစားနဲ့ အပျော်တမ်းပွဲတွေမှာပါ ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့ဖူးသူ Jeremy Bieber ဟာ အဆောင်အယောင်တွေနဲ့ နေရာရလာခဲ့ကာ ၁၉ နှစ်အရွယ် သားဖြစ်သူရဲ့ ဖော်ချွတ်ကချေသည်တွေနဲ့ တရှုန်းရှုန်းဖြစ်နေပုံကို ဘီယာတစ်ငုံချင်းသောက်ရင်း ပျော်ပျော်ကြီး ကြည့်ကောင်းနေခဲ့ပါတယ်။

Bieber က သူ့ဘဝထဲကို အသစ်ဝင်ရောက်လာတဲ့ အသက် ၂၁ နှစ်အရွယ်ရှိ Chantel Jeffries ဆိုသူ မော်ဒယ်လ်မလေးရဲ့ နားနားကို တစ်စုံတစ်ရာ တီးတိုးကပ်ပြောလိုက်ပါတယ်။ Chantel Jeffries ဟာ မိုင်ယာမီမြို့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



အာမခံဖြင့် ပြန်ထွက်ခွင့်ရလာသည့်
အီဘာဂာ ပရိုသတ်များအား
လက်ဝှေ့ယမ်းကာ နှုတ်ဆက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကို နာမည်ကျော်တွေရောက်လာတဲ့အခါ တိုင်း မိုင်ယာမီကလပ်တွေဆီကို ချော မောလှပတဲ့ မိန်းမငယ်လေးတွေ ပို့ပေးလေ့ရှိတဲ့ Taz's Angels အမည်ရ မော်ဒယ်လ်အေဂျင်စီနဲ့ အရင်က အပေါင်းအသင်း ရှိခဲ့ဖူးသူ ဖြစ်ပါတယ်။ Bieber နဲ့ မတွေ့မီခင်တုန်းက Jeffries ဟာ Philadelphia Eagles အမေရိကန်ဘောလုံးအသင်းသား DeSean Jackson နဲ့ ခဏတာတွဲခုတ်ခဲ့ဖူးတာကို သိရှိသူများသလို Sean Comb ရဲ့ အသက် ၂၀ အချုပ်ထောင်က လွတ်လွတ်ချင်း ပထမဆုံး ရောက်သွားခဲ့တဲ့နေရာဟာ King of Diamonds ပဲ ဖြစ်သလို၊ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ Floyd Mayweather ဟာလည်း ဒီကလပ်မှာ ဒေါ်လာတစ်သိန်းကုန်အောင် မီးကုန်ယမ်းကုန် ကြဲခဲ့ဖူးတယ်လို့ သိရပါတယ်။ ဒီနေ့ည Bieber ရောက်လာတာကတော့ ရက်ပါ Lil Scrappy ရဲ့ မွေးနေ့ပါတီ တက်ရောက်ပေးဖို့ ညနေခင်းက ဖိတ်ကြားလာခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။ ကလပ်ကိုလည်း Scrappy ရဲ့ မွေးနေ့ပါတီတက်ဖို့ ဗွီအိုင်ပီအခန်းထဲမှာ ရောက်ရှိနေတာပါ။ နောက်နှစ်ရက်အကြာမှာ ဒေါ်လာနှစ်သိန်းခွဲတန် Lamborghini ပြိုင်ကားတစ်စီးကို ငှားရမ်းခဲ့ပြီးနောက် မိုင်ယာမီ လူနေဒေသအတွင်း ညကြီးအချိန်မတော် မူးယစ်သောက်စားကာ ပြိုင်ကားမောင်းနှင်မှုနဲ့ မိုင်ယာမီရဲအဖွဲ့က Bieber ကို ဖမ်းဆီးခဲ့ပါတော့တယ်။ Bieber နဲ့ သူငယ်ချင်းဖြစ်သူတို့ ကားပြိုင်မောင်းနှင်လို့ရအောင် သူ့ဖခင် Jeremy က



ကမ်းခြေတွင် ပရိသတ်များနှင့် တရင်းတနှီး တွေ့ဆုံခဲ့သည်။

အရွယ်ရှိ သားဖြစ်သူ Justin နဲ့လည်း တွဲခဲ့ဖူးသူ ဖြစ်ပါတယ်။ ဒီကနေ့ည ပါတီပွဲကျင်းပရာ နေရာကတော့ ဧရိယာစတုရန်းပေ ၅၀,၀၀၀ အကျယ်အဝန်းရှိ အထက်တန်းစား အဆောက်အအုံတစ်ခုမှာ ဖွင့်လှစ်ထားတဲ့ King of Diamonds Grentlemen's Club မှာပဲဖြစ်ပါတယ်။ ဒီကလပ်ဟာ တင်ပါးကြီးကြီး ကချေသည်တွေရှိတဲ့နေရာလို့ လူသိများပြီး အမေရိကရဲ့ လူကြိုက်များ အဖော်အချွတ်ကလပ်အဖြစ် ဒေသခံမီဒီယာတွေက ဝိုင်ကြိုဟ်ပြုထားတာဖြစ်ပါတယ်။ ရက်ပါ Lil Wayne နဲ့ Gucci Mane တို့ ရောက်တယ်ဆိုရင်ပဲ Bieber က ဒေါ်လာခုနစ်သောင်းခွဲဖိုး ငွေစက္ကူအကြွေစတွေ အပြည့်ထည့်ထားတဲ့ အိတ်ကြီးသုံးလုံးယူလာဖို့ သူ့ရဲ့သက် တော်စောင့်တွေကို မှာကြားခဲ့ပါတယ်။ မကြာခင်မှာဘဲ Bieber ဟာ ခရမ်းရောင်နံရံတွေနဲ့ ဖွဲ့စည်းထားတဲ့ အခန်းကျဉ်းလေးထဲကို ငွေမုန်တိုင်းနဲ့အတူ လွှမ်းခြုံခဲ့ပါတော့တယ်။

'Justin က ဒါတွေကို အပျော်သက်သက်လုပ်တာပါ'လို့ ဆိုလာသူကတော့ Scrappy ရဲ့ ဓာတ်ပြားတိုက်အမှုဆောင် အရာရှိချုပ် Dan Herman ပဲ ဖြစ်ပါတယ်။ Dan Herman ကိုယ်တိုင်လမ်းကို ပိတ်ပေးထားခဲ့တာဖြစ်ကြောင်း စွပ်စွဲပြောဆိုမှုတွေ ပေါ်ထွက်ခဲ့ပေမဲ့ Bieber နဲ့ နီးစပ်သူတွေကတော့ ဒီသတင်းကို ငြင်းဆိုခဲ့ကြပါတယ်။ ကားပြိုင်ပွဲကို ဝင်ရောက်ဟန့်တားခံရမှုကြောင့် စိတ်ရှုပ်ထွေးခဲ့ရတဲ့ Bieber က လာရောက်ဖမ်းဆီးသူ တာဝန်ကျ ရဲအရာရှိတွေကို ဘာကြောင့် ဖမ်းဆီးရတာလဲလို့ ခပ်ကြမ်းကြမ်း ဆဲရေးပြောဆိုကာ ရန်တွေ့ခဲ့ပြန်ပါတယ်။

တကယ်တော့ Bieber ဖမ်းဆီးခံရတာကို အံ့ဩထိတ်လန့်မယ့်သူ ဘယ်သူမှ မရှိပါဘူး။ Bieber ဟာ လေ့စ်အိန်ဂျ



www.burmeseclassic.com

www.burmeseclassic.com

သိမ်နေအိမ်က အိမ်နီးချင်းတစ်ဦးရဲ့ အခန်းတံခါးကို ကြက်ဥနဲ့ပစ်ပေါက်ခဲ့တာကြောင့် ဖျက်လိုဖျက်ဆီး ပြုမူမှုနဲ့ ရဲအဖွဲ့က စုံစမ်းစစ်ဆေးမှုကို ခံယူခဲ့ရသလို အဖမ်းမခံရမီ သီတင်းတစ်ပတ်အလိုကလည်း ရဲအရာရှိတွေက ရှာဖွေရမ်းနဲ့တကွ Bieber ရဲ့နေအိမ်ကို ဝင်ရောက်ရှာဖွေရာမှာ အသက် ၂၀ အရွယ်ရှိ Lil Za ဆိုသူ အခန်းဖော်ကို Oxycodone နဲ့ Molly ခေါ် စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးတွေ လက်ဝယ်ကိုင်ဆောင်မှုနဲ့ ဖမ်းဆီးပြီး အဆုံးသတ်ခဲ့ရပါတယ်။(Zaဟာ Bieber ရဲ့ သူငယ်ချင်းတစ်ဦးဖြစ်သူ Lil Twist ရဲ့ ညီငယ်ဖြစ်ပြီး Gangsta Shit အမည်ရ သီချင်းတစ်ပုဒ်ကို ၂၀၁၂ ခုနှစ်အတွင်းက ထုတ်ခဲ့ဖူးတာကြောင့် သူ့ကိုယ်သူ ရက်ပါအဖြစ် ခံယူထားသူဖြစ်ပါတယ်။) အဲဒီအဖြစ်အပျက်တွေ တိုင်မီ နှစ်နှစ်လောက်အရင် ကာလတွေဟာလည်း Bieber အတွက် ပြောစမှတ်ပြုလောက်အောင် အလုပ်များခဲ့တဲ့ နှစ်တွေပါပဲ။ Bieberဟာ သူ့ရဲ့ အိမ်မွေးမျောက်တစ်ကောင်ကို ဂျာမန်အကောက်ခွန်ဌာနမှာ ထားရစ်ခဲ့ရပါတယ်။ လူမျိုးခွဲခြားမှု ဖော်ညွှန်းတဲ့ ဂရပ်ဖတီနံရံပန်းချီတွေကိုလည်း ရေးဆွဲခဲ့တယ်။ ပြည့်တန်ဆာခန်းရဲ့ ဖောက်သည်လည်းဖြစ်ခဲ့ပြီး ဖျော်ဖြေပွဲတစ်ခုအတွင်း ဇာတ်စင်နောက်မှာ မူးမေ့လဲကျခဲ့ရဖူးသလို စင်ပေါ်မှာလည်း အော့အန်ခဲ့ရဖူးပြန်ပါတယ်။ ဒါတင်မက ကြမ်းတိုက်တုတ်ထည့်တဲ့ ခွက်ထဲ ကျင်ငယ်ပန်းရင်း သမ္မတဟောင်း Bill Clinton ကိုလည်း အကြောင်းရင်းသိရဘဲ အော်ဟစ်ဆဲရေးခဲ့ပြန်တယ်။ နောက်တစ်ခါ လူထုအကြား သွားလာရာမှာ ခေတ်ငွေ့ကာ မျက်နှာဖုံးစွပ်ပြီး သွားလိုသွား၊ လေဆိပ်လုံခြုံရေးဂိတ်ကို ဖြတ်သန်းရာမှာ အင်္ကျီချွတ်နဲ့ လျှောက်လိုလျှောက်ခဲ့ပါသေးတယ်။ အဲဒီအပြင် ဓာတ်ချွတ်ကချေသည်တစ်ဦးရဲ့ သားမြတ်ကို ကိုက်နေတဲ့ Bieber ရဲ့ ဓာတ်ပုံထွက်ပေါ်လာတဲ့အပြင် သူ့ရဲ့ သက်


ဖခင်ဖြစ်သူနှင့်အတူ တွေ့ရသော ဘီဘာ


ဘီဘာ၏နေအိမ်

www.burmeseclassic.com

www.burmeseclassic.com

တော်စောင့်နဲ့ ယာဉ်မောင်းဖြစ်သူတို့ကို ထိုးနှက်တိုက်ခိုက်ခဲ့ပြန်ပါတယ်။ မိုင်ယာမီကိုမလာခင် သီတင်းနှစ်ပတ်လောက်အရင်မှာ Bieber ရဲ့ ရန်ဖြစ်၊ ပြန်ချစ် ချစ်သူ Selean Gomez က မူးယစ်ဆေးဝါးဖြစ်တဲ့ ပြန်လည်ထူထောင်ရေးစခန်း ဝင်ခဲ့ပါတယ်။ ဒါကိုလည်း အတင်းအဖျင်း သတင်းစာစောင်တွေက Selean Gomez နဲ့ နီးစပ်သူတွေရဲ့အပြောကို ကိုးကားပြီး အပြစ်ကင်းစင်လှတဲ့ ဒစ္စနေးငွေကြယ်ပွင့် Selena Gomez ရဲ့ ပုံရိပ်ညစ်ထေးရတာဟာ Bieberကြောင့်ဖြစ်တာလို့ ပြစ်တင်ပြောကြားခဲ့ပါတယ်။

Bieber ရဲ့ ပထမဆုံးသီချင်း ပရိသတ်ကြားထဲ ပေါက်ခဲ့ပြီးနောက် ၅ နှစ်တာ ကာလအတွင်းမှာပဲ တခြားနာမည်ကျော် အဆိုတော်တွေ ကျဆင်းခဲ့ကြရပါတယ်။ Bieberရဲ့ အောင်မြင်မှုဟာ အရှိန်အဟုန်ကောင်းလှပြီး ABCရုပ်/သံကနေ နာမည်ကျော်ကြားလာခဲ့တဲ့ Michael Jackson ကို သူ့ရဲ့ အသားအရောင်ပြောင်းလဲပစ်တဲ့အထိ ပရိသတ်က နိုင်မာပုံမျိုးနဲ့ အလားတူပါတယ်။ Bieber ကို ချစ်မြတ်နိုးတဲ့ Belieberခေါ် အမာခံ ပရိသတ်တွေကလည်း သူ့အတွက် အခိုင်အမာ သက်သေခံကြမှာပါ။ တကယ်လို့များ သူတို့ကို ဖော်ချွတ်ကချေသည်ရဲ့ သားမြတ်ကို ကိုက်နေတဲ့ Bieberရဲ့ ဓာတ်ပုံပြလိုက်ရင် သူတို့တွေက မိဘမဲ့ဂေဟာက ကလေးတွေကို အစားအသောက်ကျွေးနေတဲ့ Bieber ရဲ့ ဓာတ်ပုံဆယ်ပုံလောက် Twitter ထက်ကနေ ပြန်တင်ကြမှာ အမှန်ပါပဲ။ Bieber ရဲ့ The Believe Tour နယ်လှည့်ဖျော်ဖြေပွဲဟာ ဝင်ငွေဒေါ်လာ သန်းနှစ်ရာကျော် ရခဲ့ပါတယ်။ ဒါပေမဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို မှတ်တမ်းရုပ်ရှင်အဖြစ် ဒီဇင်ဘာအတွင်းက ရုံတင်ပြသခဲ့ရာမှာတော့ စိတ်မကောင်းစရာဖြစ်လောက်အောင် အရောင်းကျဆင်းခဲ့ရပါတယ်။

တချို့နေရာတွေမှာကျတော့ Bieber ဟာ အစမ်းသပ်ခံတစ်ယောက်လိုပါပဲ။ ဂီတလုပ်ငန်းကို You Tube အင်တာနက်လိုင်းပေါ်ကနေ စတင်ဝင်ရောက်လာပြီး Twitter ပရိသတ် သန်းပေါင်း ၅၀ လောက်ရှိတဲ့ ဆိုရှယ်မီဒီယာလောကရဲ့ ပထမဆုံးပေါ့ပ် စူပါစတားတစ်ယောက်ရဲ့ လှုပ်ရှားမှုတိုင်းကို မိနစ်တိုင်း၊ မိနစ်တိုင်း စောင့်ကြည့်ခံနေရရင် ဘယ်လိုဖြစ်လာမယ် ထင်ပါသလဲ။ 'Bieberဟာ အဲဒီလိုဖြစ်စဉ်ထဲမှာ ကြီးပြင်းလာရတဲ့ တစ်ဦးတည်းသောသူဖြစ်ပြီး စမတ်ဖုန်းတွေ၊ ကင်မရာတွေရဲ့အောက်မှာ တစ်ယံမလပ် 24/7 နေနေရသူဖြစ်ပါတယ်'လို့ Bieberရဲ့မန်နေဂျာ Scooter Braun က ပြီးခဲ့တဲ့နှစ်အတွင်းမှာ The Hollywood Reporter သတင်းဌာနကို ပြောကြားခဲ့ဖူးပါတယ်။

'Bieber တွေ့ကြုံရင်ဆိုင်နေရတာတွေဟာ သာမန်ဆယ်ကျော်သက်တွေ တွေ့ကြုံရင်ဆိုင်နေရတာမျိုးပဲ ဖြစ်ပေမဲ့ ပုံကြီးချဲ့ကား ဖော်ပြနေကြတာပဲ ဖြစ်ပါတယ်'လို့ စာရေးဆရာ Douglas Rushkoff ကလည်း မှတ်ချက်ပေးခဲ့ပါတယ်။ Rushkoff ရဲ့ နောက်ဆုံးထုတ် Generation Likeအမည်ရ မှတ်တမ်းစာအုပ်သစ်ဟာ ဆယ်ကျော်သက်တွေအပေါ် ဆိုရှယ်မီဒီယာရဲ့ ဆိုးကျိုးသက်ရောက်ပုံကို လေ့လာဆန်းစစ် တင်ပြထားတာဖြစ်ပါတယ်။

Bieber ရဲ့ ဆိုးသွမ်းလာတဲ့ အပြုအမူနဲ့ပတ်သက်ပြီး သူနဲ့နီးစပ်သူတချို့ကတော့ သူ့ရဲ့ဖခင်ဖြစ်သူ Jeremy အပေါ် အပြစ်ပုံကြပါတယ်။ Jeremy ဟာ မကြာသေးမီ လပိုင်းတွေအတွင်းမှာ Bieber ရဲ့ မန်နေဂျာ Scooter Braun ရဲ့ နေရာကို ဝင်ရောက်လာခဲ့သူဖြစ်ပါတယ်။ Braun ဟာ Bieber ရဲ့ဘဝမှာ အမျိုးသားအုပ်ထိန်းသူ ဖြစ်ခဲ့တဲ့အပြင် သူ့ကိုယ်သူ Bieberရဲ့ Elvis စိတ်ဓာတ်ကို အုပ်ချုပ်သူအရာရှိ Colonel တစ်ယောက်အဖြစ် ခံယူကာ Bieberကို ဂီတပညာရှင်တစ်ယောက်ဖြစ်အောင် တွန်းပို့ခဲ့သလို၊ တစ်ဖက်မှာလည်း Bieber ရဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့်တက်လာတဲ့ မှားယွင်းတဲ့ လုပ်ရပ်တွေအတွက် ထပ်ပြန်တလဲလဲ ပြောဆိုဆုံးမနေသူလည်း ဖြစ်ပါတယ်။ Jenemyဟာ Bieberရဲ့ ဘဝထဲက သူ့ရဲ့ အခန်းကဏ္ဍကို ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက စတင်တိုးမြှင့်ခဲ့တယ်လို့ Bieberရဲ့အဖွဲ့သားတစ်ဦးက ဆိုခဲ့ပါတယ်။ 'သူ့အဖေက သူ့အပေါ်မှာ သိပ်ပြီးတော့ ဩဇာရှိလှတာတော့ မဟုတ်ဘူး။ သူတို့နှစ်ယောက်က သားအဖဆိုတာထက် အချစ်ဆုံးသူငယ်ချင်းတွေပုံစံပေါက်နေကြတာ' လို့လည်း သူက ဆိုခဲ့ပါတယ်။

Bieber ရဲ့ဦးလေး Bard Bieber အပါအဝင် တခြားသူတွေကတော့ Bieber ဒီလိုဖြစ်နေရတာဟာ အသည်းကွဲနေခဲ့ရလို့လို့ အကြောင်းပြပါတယ်။ ၂၀၁၁ ခုနှစ်ကတည်းက ချစ်သူဖြစ်ခဲ့တဲ့ Selena Gomez နဲ့ လမ်းခွဲရတာကို ပြောကြတာဖြစ်ပါတယ် အဲဒီတုန်းက Bieber ရဲ့အသက်က ၁၆ နှစ်၊ Selena က ၁၈နှစ်ပဲ ရှိကြပါသေးတယ်။ တချို့တွေကတော့လည်း တတိယတန်းအဆင့်လောကသားရှိတဲ့ ရက်ပါတွေနဲ့ အပေါင်းအဖော်ပြုနေတာကို အံ့သြကြပါတယ်။ Bieber ရဲ့ လုပ်ရပ်တွေကို လှောင်ပြောင်ပြောကြားလေ့ရှိတဲ့ ရုပ်/သံတင်ဆက်သူလည်းဖြစ်တဲ့ ဟစ်ဟော့ပ်ဒီဂျေတစ်ဦးလည်းဖြစ်တဲ့ Charlamagne Tha God ဆိုသူက သူသာ Bieber ရဲ့သူငယ်ချင်း Lil Twist နေရာမှာဆိုရင် Justin Bieber နဲ့တွဲပြီး ဓာတ်ပြားသွင်းဖြစ်တာ ကြာလှပြီဖြစ်ကြောင်း၊ ဒါပေမဲ့ Lil Twist ရဲ့ ရည်မှန်းချက်က Bieber နဲ့ မူးယစ်ဆေးဝါး သုံးဖို့လောက်ပဲဖြစ်ကြောင်း၊ အလုပ်မလုပ်တဲ့ သူငယ်ချင်းတစ်သိုက်နဲ့ ပေါင်းဖော်မိပြီဆိုရင်တော့ သူတို့အတွက် ဘာမဆို ကိုယ်က ငွေထုတ်ပေးရတော့မှာပဲဖြစ်ကြောင်း၊ အဲဒီလို လုပ်ပေးတာဟာ ဒုက္ခကလွဲပြီး ဘာကိုမှ ရလာစရာမရှိကြောင်း ပြောကြားခဲ့ပါတယ်။

မိုင်ယာမီညကလပ်ကို Bieber သွားရောက်ခဲ့တဲ့နေ့ဟာ Martin Luther

www.burmeseclassic.com

www.burmeseclassic.com

King Jr အထိမ်းအမှတ်အနေနဲ့ တိုက်ဆိုင်ခဲ့ပါတယ်။ အဲဒီနေ့ အစောပိုင်းမှာတုန်းက Bieber က Martin Luther King Jr နေ့ အထိမ်းအမှတ်စာစုတစ်ရပ်ကို Twitter စာမျက်နှာထက်မှာ ရေးသားခဲ့ပါတယ်။ 'လူတစ်ယောက်အကြောင်းကိုင်းတာဆုံးဖြတ်ရာမှာ အစစအဆင်ပြေနေတဲ့အချိန်မှာ ကြည့်ရမှာမဟုတ်ဘဲ စိန်ခေါ်မှုတွေအငြင်းပွားမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အခိုက်အတန့်မှာ ကြည့်ရမှာဖြစ်တယ်'လို့ Bieber က ရေးသားဖော်ပြခဲ့တာပါ။ စိန်ခေါ်မှုတွေ၊ ရင်ဆိုင်နေရသူတစ်ယောက်ရဲ့ စိတ်ခံစားမှုမျိုးကို သူခံစားနေရတယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒါပေမဲ့ သူ့ရဲ့အတွေးထဲမှာ ဘာတွေရှိတယ်ဆိုတာက ပိုပြီးတော့ ပြောရခက်ပါတယ်။ သူ့ရဲ့ အဖွဲ့သားတွေထဲက တစ်ယောက်ဖြစ်တဲ့ မော်ဒယ်လ် Carmen Ortega က Bieber ကို ဘာတွေဖြစ်နေတာလဲလို့ အဲဒီညက မေးခဲ့ပါတယ်။ Bieber က သူ့ဘဝရဲ့ ဒရာမာဇာတ်ကြောင်းတွေကို ငြီးငွေ့နေတဲ့အကြောင်း၊ အဏုကြည့်မှန်ပြောင်းတစ်ခုအောက်မှာ နေနေရသလို ခံစားရတာကိုလည်း ပင်ပန်းလှပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ Ortega က 'ရှိတဲ့အချိန်လေးမှာ ပျော်အောင်သာနေပါ'လို့ ပြောလိုက်တဲ့အခါ Bieber က သူ့ဘက်ကိုလှည့်ပြီး အင်မတန်ဖြူစင်တဲ့အပြုံးနဲ့ 'ဘာဆိုတာ မင်းသိတယ်နော်၊ မင်းပြောတာမှန်တယ်'လို့ ပြောရင်း ပါတီပွဲဘက်ကို လှည့်ထွက်သွားခဲ့ပါတယ်။ ဒါတွေကို Ortega က ပြန်ပြောပြတာပါ။

Bieber ရဲ့ မိဘတွေကလည်း သူတို့ဘဝမှာ ပြဿနာတွေနဲ့ ကြီးပြင်းလာကြသူတွေပါ။ မိခင်ဖြစ်သူ Pattie Mallette ဟာ အသက် ၁၅ နှစ်အရွယ် ၁၉၉၁ ခုနှစ်ဝန်းကျင်လောက်မှာ ကလပ်တစ်ခုသွားတက်ရင်း Jeremy Bieber နဲ့ ဆုံတွေ့ခဲ့ရပုံကို သူ့ရဲ့ **Nowhere But Up** အမည်ရ ဘဝဇာတ်ကြောင်းစာအုပ်မှာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ Pattie Mallette ဟာ ကနေဒါနိုင်ငံ Ontario ပြည်နယ်၊ Stratford မြို့လေးမှာ ကြီးပြင်းလာခဲ့ရသူပါ။ ၁၆ နှစ်အရွယ်မိခင်က မွေးဖွားခဲ့တဲ့ Pattie ဟာ အသက် ၂ နှစ်အရွယ်မှာပဲ ဖခင်ဖြစ်သူက စွန့်ခွာခဲ့ပြီး၊ ကိုးနှစ်အရွယ်မှာ ပြန်လည်ရောက်ရှိလာကာ လအတော်ကြာမှာ ရုတ်တရက် ကွယ်လွန်ခဲ့ပါတယ်။ ကြီးပြင်းဖြတ်သန်းရာ ဘဝတစ်လျှောက် သူငယ်ချင်းဖြစ်သူရဲ့ အဘိုးအပါအဝင် ယောကျ်ားသားတွေရဲ့ ထိကပါးရိကပါးပြုလုပ်မှုတွေ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသူပါ။ ဆယ်ကျော်သက်ဘဝရောက်လာတဲ့အခါ စိုးရိမ်ကြောင့်ကြမှုတွေ၊ စိတ်ကျရောဂါတွေ ဖိစီးနေပြီး ဂျစ်ကန်ကန် မိန်းကလေးတစ်ယောက် ဖြစ်လာပါတယ်။ LSD လို့ခေါ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲတတ်လာပြီး၊ ကိုယ့်ကိုယ်ကို သေကြောင်းကြံတဲ့အထိ ဖြစ်ခဲ့တာကြောင့် မိခင်ဖြစ်သူက စိတ်ရောဂါကုသဆောင်ဆီ တင်ပို့ခဲ့ရာက ဘာသာရေးဘက်ကို ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ဆေးရုံက ဆင်းတော့ ချက်ချင်းလိုပဲ Jeremy နဲ့ ပြန်ဆက်ကာ နှစ်ယောက်သားရဲ့ ဒုက္ခတွေကို ပေါင်းစည်းစေခဲ့ပါတော့တယ်။ ဆယ်ကျော်သက်နှစ်ယောက်ဖြစ်တဲ့ Pattie နဲ့ Jeremy တို့ဟာ အရက်ဖြတ်ဖို့ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ အတူတက်ခဲ့ကြသေးပေမဲ့ ဒါတွေက လက်တွေ့ဖြစ်မလာဘဲ နှစ်ယောက်သား ပါတီတွေကိုသာ လိုက်စားလာခဲ့ကြပါတယ်။

Pattie အသက် ၁၇ နှစ်အရွယ်မှာ Bieber ကို ကိုယ်ဝန်ဆောင်ပါတယ်။ Bieber ကို မွေးတဲ့နေ့က Jeremy ဟာ ရန်ပွဲတစ်ခုမှာ ပါဝင်ပတ်သက်ခဲ့တာကြောင့် အချုပ်ထဲရောက်နေခဲ့ပါတယ်။ သားလေးကိုချစ်ပေမဲ့ pattie နဲ့ အဆင်မပြေဖြစ်ပြီး ခဏခဏ ရန်ဖြစ်ရာက Bieber မွေးပြီး သိပ်မကြာခင်မှာဘဲ အိမ်ထောင်ကွဲကြပါတယ်။ Jeremy ဟာ အရက်ဝင်ရင် သွေးဆိုးတတ်သူဖြစ်တယ်လို့ Pattie က သူ့ရဲ့စာအုပ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

အိမ်ထောင်ကွာရှင်းပြီးနောက် ဆယ်နှစ်လောက်အတွင်းမှာ Pattie ဟာ သူနဲ့သားလေး Bieber တို့အတွက် ပင်ပင်ပန်းပန်း ရှာဖွေဝမ်းကျောင်းခဲ့ရပါတယ်။ လခနည်းတဲ့ အလုပ်တွေ အမြောက်အမြား လုပ်ကိုင်ခဲ့ရသလို၊ အိမ်ရာစီမံကိန်းက ထောက်ပံ့ပေးတဲ့ အခန်းတွေမှာနေကာ၊ ဒေသခံခရစ်ယာန်ဘုရားကျောင်းတွေက အခမဲ့ပေးဝေတဲ့ ရိက္ခာဝေစုကို တောင်းခံခဲ့ရပါတယ်။ အဲဒီနှစ်ပိုင်းတွေမှာ Jeremy က ပေါ်လာခဲလှပါတယ်။ အစောပိုင်းမှာတုန်းက မွေထိုင်း လက်ဝှေ့ပြိုင်ပွဲတွေမှာ ဝင်ရောက်ထိုးသတ်ခဲ့ပေမဲ့ နောက်တော့ အရက်စွဲတဲ့ကိစ္စနဲ့ ရန်းကန်နေရပြီး၊ ရန်ပွဲတွေကြောင့်လည်း အချုပ်ထဲ အကြိမ်ကြိမ်ရောက်ခဲ့ရပါတယ်။ Jeremy ဟာ နောက်အိမ်ထောင်နဲ့ ကလေးနှစ်ယောက်ထွန်းကားခဲ့ပါတယ်။

'Jeremy ဟာ အလကားလူတော့ မဟုတ်ဘူး'လို့ ဆိုလာသူက သူ့ရဲ့ လက်ရှိအရင်းနှီးဆုံး မိတ်ဆွေဖြစ်တဲ့ Burton Rice ပဲ ဖြစ်ပါတယ်။ Rice က Headrush အမည်ရ MMA အားကစားဝတ်စုံတွေ ထုတ်လုပ်တဲ့လုပ်ငန်းတစ်ခုကို Jeremy နဲ့ တွဲဖက်ထူထောင်ထားသူပါ။ Rice က Jeremy ဟာ လူကြမ်းတစ်ယောက်ဖြစ်ကြောင်း၊ MMA အားကစား ပြိုင်ပွဲတွေဟာ သူ့ရဲ့ ဒေါသတွေ ဖောက်ခွဲထုတ်ပစ်ဖို့ နေရာကောင်းဖြစ်ကြောင်း၊ တစ်ခါတုန်းက တိုရွန်တိုမြို့မှာ လူတစ်ယောက်က Bieber အကြောင်း မကောင်းပြောလို့ လက်သီးနဲ့ တစ်ချက်တည်း လှဲသိပ်လိုက်တာ ကြုံခဲ့ရဖူးကြောင်း ပြောကြားသွားခဲ့ပါတယ်။

Bieber ဟာ ငယ်ငယ်ကတည်းက ဂီတအပေါ် စိတ်ဝင်စားမှုပြခဲ့သူပါ။ နေအိမ်ညှိခန်းထဲမှာ ဘုရားကျောင်းအဖွဲ့ဝင်တွေကို သီချင်းဆိုပြရတာကိုလည်း သူက သဘောကျတယ်လေ။ Bieber အသက် ၁၂ နှစ်လောက်ရောက်တော့ မိခင်ဖြစ်သူ Pattie Mallette က Ne-Yo နဲ့ Chris Brown တို့ရဲ့ သီချင်း

www.burmeseclassic.com

တွေကို Bieberဆိုနေတဲ့ ဗီဒီယိုတွေ You Tubeပေါ်မှာ တင်ပေးခဲ့ပါတယ်။ ဒါကို အက်တလန်တာမြို့မှာနေတဲ့ အသက် ၂၅ နှစ်အရွယ်ရှိ ပါတီပွဲတွေ စီစဉ်ကျင်းပသူ Scooter Braun က တွေ့ရှိခဲ့ရာကနေ Bieber အတွက် ဂီတဓာတ်လမ်းတွေ အစပြုခဲ့တာပါ။ 'Scooterဟာ Bieber အပေါ်မှာ တကယ့် ဖခင်အရင်းလိုပဲ' လို့ Bieberရဲ့ ပထမဆုံး လူထုဆက်ဆံရေး တာဝန်ခံ Kathryn Frazier က ပြောကြားခဲ့ပါတယ်။ Scooter Braun က Pattie နဲ့ Bieber တို့သားအမိကို အက်တလန်တာမြို့ဆီ ရွှေ့လာဖို့ ငွေထုတ်ပေးခဲ့ပါတယ်။ အဲဒီမှာ Usherနဲ့ ဆွေးနွေးပြီး Bieberအတွက် ရင်းနှီးမြှုပ်နှံဖို့ Raymond Braun Media Group ကို နှစ်ယောက်သား ထူထောင်ခဲ့ကြပါတယ်။ သိပ်မကြာခင်မှာဘဲ Bieberကို Island Def Jam ဓာတ်ပြားတိုက်နဲ့ ဓာတ်ပြားထုတ်ဖို့ စာချုပ်ချုပ်ပေးနိုင်ခဲ့ပါတယ်။ Bieberရဲ့ မတည်ငြိမ်တဲ့ဘဝကို တွေ့မြင်ခဲ့တဲ့ Braunက Bieberရဲ့ဘဝ အတွက် ဘောင်ခတ်သတ်မှတ်မှုတွေနဲ့ အတွေ့အမြင်ကောင်းတွေ ပံ့ပိုးပေးဖို့ ကတိပြုခဲ့ပါတယ်။ 'Bieber အသက် ၁၃ နှစ်လောက်အရွယ်မှာ ကျွန်တော် သူ့ကို ကတိတစ်ခုပေးခဲ့တယ်။ သူ သီချင်းဆိုသည်ဖြစ်စေ၊ မဆိုတော့သည် ဖြစ်စေ သူ့ကို ဘယ်တော့မှ စွန့်ခွာသွားမှာမဟုတ်ဘူးဆိုတဲ့ ကတိကိုပေးခဲ့တာပါ'လို့ ၂၀၁၂ ခုနှစ်အတွင်းမှာ Scooter Braunက ပြောကြားခဲ့ဖူးပါတယ်။ 'ဒါက ကျွန်တော့်အတွက် မိသားစုပဲ။ ဒီကလေးကို ကျွန်တော် သေလုအောင် ချစ်တာ။ သူ့အတွက်ဆိုရင် ကျည်ဆန်နဲ့ ပစ်တာတောင် ဝင်ခံရဲပါတယ်'လို့လည်း Braun က ပြောကြားသွားခဲ့ပါတယ်။

အစပိုင်းမှာတုန်းကတော့ Bieber က ချစ်စဖွယ်ကောင်းပြီး အလုပ်ကြိုးစားတဲ့ ကလေးတစ်ယောက်ဖြစ်တယ်လို့ အနည်းဆုံးအားဖြင့်ဆိုနိုင်ပါတယ်။ 'Bieberဟာ လုံးဝ သာမန်ကလေးလေး ပီဘိဖြစ်တယ်လို့ စတွေ့တွေ့ချင်း ထင်မှတ်ခဲ့ပါတယ်'လို့ Frazier က ဆိုပါတယ်။ 'ချစ်ဖို့ကောင်းပြီး၊ ကြင်နာတတ်သလို အရွယ်နဲ့မလိုက်အောင် တတ်သိလိမ္မာတဲ့ ကလေးတစ်ယောက်ပေါ့။ တကယ့်ကလေးလိုပဲ။ ကောင်းတဲ့ အကျင့်အကြံသဘာဝရှိပြီး၊ ဇဝနဉာဏ်ရှင်သလို ထက်ထက်မြက်မြက်နဲ့ အာရုံစူးစိုက်မှုလည်း အလုံအလောက်ရှိတဲ့ ကလေးတစ်ယောက်ပဲ'လို့လည်း Frazier က ပြောပြပါတယ်။

Scooter Braunက ငွေစာရင်းကိုင်တစ်ယောက်၊ လုပ်ငန်းမန်နေဂျာတစ်ယောက်၊ စာရွက်စာတမ်းကိုင်တွယ်ပေးတဲ့မန်နေဂျာနှစ်ယောက်နဲ့ ရှေ့နေတစ်ယောက်ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ကို Bieber အနားမှာ ထားပေးပါတယ်။ ဒီလူတွေနဲ့ Bieber အပတ်စဉ်ဆုံတွေ့ဆွေးနွေးပြီး သူ့ရဲ့လုပ်ငန်းဆောင်တာတွေ ပြောကြားလေ့ရှိတယ်လို့ Braun က ဆိုပါတယ်။ အဲ့ဒီအပြင် Bieber ရဲ့မိခင် Pattie Malletteနဲ့အတူ Bieberအတွက် အမွေထိန်းအဖွဲ့တစ်ဖွဲ့ကိုလည်း Braun က ထူထောင်ပေးခဲ့ပါတယ်။ အဲဒီအမွေထိန်းတွေက Bieberအသက် ၁၈ နှစ်ပြည့်တဲ့အထိ သူပိုင် ငွေကြေးတွေကို လုံခြုံအောင် စီမံခန့်ခွဲရမှာ အကြံပေးတဲ့အဖွဲ့ပဲ ဖြစ်ပါတယ်။ 'စည်းကမ်းတင်းကျပ်တဲ့ သင်္ဘောတစ်စင်းပေါ်မှာလိုပဲ။ သူ့အနားမှာ ဒေါသတကြီးနဲ့ အော်ဟစ်ဆဲရေးတိုင်းထွာနေတာမျိုးတွေ မရှိဘူး။ သူ့အဖွဲ့က ကချေသည်တွေဟာလည်း အပြင်ထွက်ပြီး အရက်သေစာ မသောက်ရဘူး။ အဲဒီလိုပဲ စည်းကမ်းတွေ တင်းကျပ်လုံခြုံတာမျိုးနဲ့ နေသားကျအောင် တော်တော်လေး လုံးပန်းကြရပါတယ်' လို့ Frazier က ဆက်ပြီး ပြောပြခဲ့ပါတယ်။

Scooter Braunဟာ Bieberနံဘေးမှာနေရင်း သူ့ကိုယ်သူလည်း စိတ်အားထက်ထက်သန်သန်နဲ့ကို တိုးတက်အောင် လုပ်ပါတယ်။ မဂ္ဂဇင်းတွေ၊ သတင်းစာတွေမှာ တွေ့ဆုံခန်းတွေ ဒါဇင်နဲ့ချီပြီး လုပ်ခဲ့ပြီး၊ Bieber ရဲ့ နောက်ကွယ်က ဉာဏ်ကြီးရှင်အဖြစ် အောင်ပွဲခံခဲ့ပါတယ်။ Braunက ရေမွှေးကုမ္ပဏီတွေ၊ ရုပ်ရှင်ဓာတ်ကားတွေ၊ စာအုပ်တွေမှာ Bieberရဲ့ ပုံရိပ်ကို အသုံးပြုဖို့ သဘောတူစာချုပ်တွေနဲ့ အမှတ်တရပစ္စည်းတွေ ထုတ်ဝေပြီး Bieber အပေါ် အရူးအမူး စွဲလမ်းမှုကို ငွေကြေးအဖြစ် သွန်းလုပ်ပေးခဲ့ပါတယ်။

Scooter Braun ရဲ့ လုပ်ငန်းတည်ဆောက်တိုးချဲ့မှုတွေက Bieberကို မွန်းကျပ်စေခဲ့ပြီး၊ သူတို့နှစ်ယောက်အကြားမှာ အကွာအဝေးတစ်ရပ် ဖြစ်ပေါ်လာခဲ့ပါတော့တယ်။ '၂၀၁၀ ခုနှစ် အစောပိုင်းလောက်မှာ Bieberဟာ အောင်မြင်မှုရဲ့ တောင်းဆိုချက်တွေအပေါ် ပေါက်ကွဲစပြုနေပါပြီ။ တစ်ရက်မှာ ဓာတ်စင်နောက်တစ်နေရာမှာ Bieber တရှုပ်ရှုပ် ငိုကြွေးနေပါတယ်။ ကိုယ်ပိုင်လွတ်လပ်ခွင့် မရှိတဲ့သူ့ဘဝကို တွေးပြီး ငိုကြွေးနေတာပေါ့။ ဒါကိုတွေ့သွားတဲ့ Braun က သာမန်ဘဝကို ဘယ်တော့မှ ပြန်မရနိုင်ဘူးဆိုတာ မင်း နားလည်လက်ခံထားရမယ်လို့ ပြောခဲ့ပါတယ်'လို့ Bieberရဲ့ အဖွဲ့သားတွေထဲက ရင်းနှီးသူတစ်ယောက်က ဆိုပါတယ်။

Braun အတွက် ပြဿနာကတော့ ရိုးစင်းလှပါတယ်။ ဖခင်အရင်းဖြစ်သူ ပေါ်လာတဲ့အခါ အငှားခန္ဓာမြှောင်ထားရတဲ့ ဖခင်တစ်ဦးရဲ့ အဖြစ်ဟာ အင်မတန် ပင်ပန်းခဲယဉ်းလှပါတယ်။ Rice ရဲ့ အတွေးနဲ့ ဆိုရရင် Bieberဟာ တဖြည်းဖြည်း မအေနဲ့ မတူတော့ဘဲ အဖေတူသားဖြစ်လာတယ်။ အနားက လူတွေကို ပုန်ကန်တတ်လာပြီး တန်ပြန်မေးခွန်းတွေ ထုတ်တတ်လာတယ်။ 'သူက သူလုပ်ချင်တာကို သူကိုယ်တိုင် ဆုံးဖြတ်နိုင်တဲ့ လူဆိုတာ အနားကလူတွေ ယုံကြည်လက်ခံလာစေချင်ခဲ့တာ' လို့ Rice က ဆိုပါတယ်။ 'တစ်နေ့ကို ၁၆ နာရီလောက် တွေ့ဆုံခန်းတွေလုပ်၊ ပရိသတ်တွေနဲ့ တွေ့ဆုံပေးနေရတာတွေက ဘာတွေဖြစ်လာမှာမို့လို့လဲ။ သူ့ရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကရော



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဖြစ်လာမှာလဲ။ စတဲ့ မေးခွန်းမျိုးတွေ Bieber ဆီက ထွက်လာတာပေါ့' လို့လည်း Rice က ပြန်ပြောပြခဲ့ပါတယ်။

၂၀၁၂ ခုနှစ်အတွင်း Rolling Stone မဂ္ဂဇင်းနဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ Braun က 'အသက်အရွယ်ရလာတာနဲ့အမျှ Bieber နာမည်ကျလာတဲ့အချိန်တိုင်အောင် သူတို့နှစ်ယောက် မျှော်မှန်းချက်ချင်း တူညီခဲ့တယ်' လို့ ဆိုပါတယ်။ 'ဒီလိုအောင်မြင်မှုကို သူဘယ်လောက်သေကောင်းပေါင်းလဲ လိုချင်နေတယ်ဆိုတာရော၊ ဘယ်လောက်အထိ တည်တံ့စေချင်တယ်ဆိုတာကိုပါ ကျွန်တော်သိပါတယ်။ ပြီးတော့ တကယ်လို့သာ သူကျရှုံးခဲ့ရင် သူ့ကို ဘယ်လောက်အထိ ဒုက္ခရောက်စေမလဲဆိုတာကိုပါ ကျွန်တော်သိထားတာပါ။ ကျွန်တော်က သူ့ကို နောက်ကနေ အမြဲတမ်း တွန်းတင်ပေးနေမယ့်သူပါ။ ဘာဖြစ်လို့လဲဆိုတော့ သူက လူတိုင်းပြောကြသလို ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးသူလေ' လို့ Braun က ပြောကြားသွားခဲ့ပါတယ်။

မိုင်ယာမီမှာ အဖမ်းမခံရခင် သီတင်းနှစ်ပတ်လောက်အရင် ဇန်နဝါရီအစောပိုင်းကာလမှာ Los Angeles မြို့က အိမ်နီးချင်းတစ်ဦးရဲ့ အခန်းတံခါးကို ကြက်ဥနဲ့ ပစ်ပေါက်တဲ့ ဇာတ်လမ်းပေါ်ထွက်လာရာမှာတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်ကျော်ကြားသူတွေအတွက် အကောင်းနဲ့ အဆိုး ခြားထားတဲ့ သည်းကမ်းကိုကျော်ကာ၊ အဆိုးဘက်ကို Bieber ဝင်ရောက်သွားပြီလို့ ဆိုနိုင်ပါတယ်။ Bieber က Los Angeles ရဲ့ လူကုံထံ အသိုင်းအဝိုင်းမှာ အခြေချနေထိုင်ဖို့ ရွေးချယ်ခဲ့တာဖြစ်ပေမဲ့ ကလေးတစ်သိုက်ကို Ferrari ပြိုင်ကား ပေါ်တင်ပြီး အိမ်ရာဝင်းထဲမှာ ဆူဆူညံညံ အသံထွက်အောင် မောင်းနှင်ပြတာမျိုးနဲ့ ဝတ်ဝန်းကျင်အိမ်နီးချင်းတွေကို ထိတ်လန့်အောင် ပြုလုပ်တတ်သူပါ။ ၂၀၁၃ ခုနှစ်မှာတုန်းကလည်း လမ်းပေါ်မှာ မီးပွင့်ထွက်လောက်အောင် အဆင်အခြင်မဲ့


> Bieber ဟာ
> သူ့ရဲ့ အိမ်မွေး
> မျောက်တစ်ကောင်ကို
> ဂျာမန်
> အကောက်ခွန်ဌာနမှာ
> ထားရစ်ခဲ့ရပါတယ်
> လူမျိုးခွဲခြားမှု
> ဖော်ညွှန်းတဲ့
> ဂရပ်ဖတီနံရံပန်းချီတွေ
> ကိုလည်း ရေးဆွဲခဲ့တယ်
> ပြည့်တန်ဆာခန်းရဲ့
> ဖောက်သည်လည်း
> ဖြစ်ခဲ့ပြီး
> ဖျော်ဖြေပွဲတစ်ခုအတွင်း
> ဇာတ်စင်နောက်မှာ
> မူးမေ့လဲကျခဲ့ရဖူးသလို
> စင်ပေါ်မှာလည်း
> အော့အန်ခဲ့ရဖူးပြန်
> ပါတယ်
> ဒါတင်မက
> ကြမ်းတိုက်တုတ်
> ထည့်တဲ့ ခွက်ထဲ
> ကျင်ငယ်ပန်းရင်း
> သမ္မတဟောင်း
> Bill Clinton ကိုလည်း
> အကြောင်းရင်း
> မသိရဘဲ
> အော်ဟစ်
> ဆဲရေးခဲ့ပြန်တယ်

ကားမောင်းနှင်မှုကို အကြိမ်ကြိမ် မြင်တွေ့နေခဲ့တဲ့ အိမ်နီးချင်း လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Jeff Schwartz က Bieber အိမ်ဝင်းဘက်ကူးပြီး အရှိန်လျှော့မောင်းနှင်ဖို့ သတိပေးခဲ့ပါတယ်။ Bieber က အော်ဟစ်ဆဲဆိုပြီး သူ့အိမ်ဝင်းထဲက ထွက်သွားဖို့ မောင်းထုတ်ကာ Jeff Schwartz ရဲ့ မျက်နှာကိုလည်း တံတွေးနဲ့ ထွေးခဲ့ပါသေးတယ်။ Bieber လုံခြုံရေးအစောင့်တွေကတော့ ဘာမှမဖြစ်တဲ့ပုံနဲ့ပေါ့။ Jeff ရဲ့ ဇနီးသည် Suzie Schwartz က 'သူ့ကိုယ်သူ သူလုပ်ချင်တာ ဘာမဆိုလုပ်နိုင်ပေမဲ့ တခြားတစ်ယောက်ကို ထိခိုက်မှာစိုးရိမ်ပါတယ်။ သူက အရိုင်းအစိုင်းလေးတစ်ယောက်ပဲ။ ဘယ်သူကမှ သူနဲ့ ဘက်ပြိုင်ပြောမှာမဟုတ်ဘူး' လို့ ဆိုခဲ့ပါတယ်။

နောက်ထပ် ကိုးလလောက်အကြာ ဇန်နဝါရီလမှာ Jeff နဲ့ သူ့ရဲ့ ၁၃ နှစ်အရွယ်သမီးငယ်တို့ဟာ အိမ်တံခါးကို အပြင်ကထုရိုက်သံလိုလို အသံကြားကြရပါတယ်။ တစ်ယောက်ယောက်က ခဲလုံးနဲ့ တံခါးကို ပေါက်နေသလိုမျိုးပေါ့။ ပြတင်းပေါက်က ထွက်ကြည့်လိုက်တဲ့ Schawrtz က Bieber ကို တွေ့လိုက်တယ်။ ဒါနဲ့ သမီးငယ်ကို အရေးပေါ် ၉၁၁ ဖုန်းဆက်ပြီး ရဲစခန်းကိုအကြောင်းကြားစေခဲ့ပါတယ်။ Jeff ရဲ့ အိမ်ခန်းထဲကနေ ရိုက်ထားတဲ့ ဗီဒီယိုမှာ သမီးဖြစ်သူရဲ့ ကြောက်လန့်တကြားအော်ဟစ်သံကို ကြားကြရပါတယ်။ Suzie က Bieber အနေနဲ့ကတော့ အပျော်လုပ်တာဖြစ်ပေမဲ့ သူလုပ်ပုံက ကြောက်စရာဖြစ်ကြောင်း၊ ဒါဟာ ဟော်လီဝင်းပွဲတော်မှာ ဆယ်နှစ်သားကလေးတွေ မကောင်းဆိုးဝါးတွေလို ဝတ်ဆင်ခြောက်လှန့်တဲ့ ရယ်စရာကိစ္စမျိုး မဟုတ်ကြောင်း၊ Bieber ဟာ သူတို့မိသားစုက ကြည့်နေတာကို သိလျက်နဲ့ တံခါးကို ကြက်ဥနဲ့ အပေါက်မရပ်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

နောက် ငါးရက်လောက်ကြာတော့ အိမ်နီးချင်းတွေရဲ့ မခံမရပ်နိုင်တဲ့ တိုင်းကြားချက်တွေအရ ရဲအရာရှိ Lt.David Thompson ဟာ ရှာဖွေဝရမ်းနဲ့အတူ Bieber နေအိမ်ကို ရောက်လာပါတယ်။ သူ့ကိုဆွေးနွေးဖျောင်းဖျဖို့ ကြိုးစားခဲ့ပေမဲ့ အလုပ်မဖြစ်ခဲ့ဘူးလို့ Thompson က ဆိုပါတယ်။ 'ဒီတစ်ခါတော့ ဒီကောင်လေး ပုံစံပေးမှဖြစ်တော့မယ်။ တရားဥပဒေနဲ့ဆန့်ကျင်ပြီး အပြစ်မကျအောင်

www.burmeseclassic.com



ရသစာပေချစ်မြတ်နိုးသူများစိတ်ကြိုက်ဆုရ စာရေးဆရာမ ရွှေသင်ကို ကဗျာဆရာ အောင်ဇင်မင်းက အမှတ်တရဆုတံဆိပ်ချီးမြှင့်ပေးခဲ့ပါတယ်

# ရသစာပေ ချစ်မြတ်နိုးသူများ စိတ်ကြိုက် ရွေးချယ်

ရန်ကုန်ဘူတာကြီး အဝင်ဝမှာရှိတဲ့ Lucky Flower လက်ဖက်ရည်ဆိုင်မှာ ရသစာပေချစ်မြတ်နိုးသူများစုစည်းပြီး ရသစာဖတ်ဝိုင်း အစီအစဉ်တစ်ပတ်ခြားတိုင်း ကျင်းပလေ့ရှိပါတယ်။ မတ်လမှာ ထွက်ရှိလာတဲ့ မဂ္ဂဇင်းများထဲက စိတ် ကြိုက်အတွေ့ဆုံး စာပေလက်ရာများကို ဆုချီးမြှင့်ဖို့ စီစဉ်ကြရာမှာ ရနံ့သစ် မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ အောင်ဖြိုးကျော်(ပခုက္ကူ)ရဲ့ **ဒါဒီဒီဒါ**၊ ရတီမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ရွှေသင်ရဲ့ **မလှသော အမှတ်တရ**၊ ရွှေအမြုတေ မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ယုယရဲ့ **သေးစိုသောလက်နဲ့** ပန်းရိပ်ဖြူရဲ့ **ရေခဲပန်းပု**၊ Treasure Land မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ နှင်းဆီအောင်ရဲ့ **အငွေ့ပျံတောလား** တို့ကို ဆန်ခါတင်ရွေးချယ်ခဲ့ကြပြီး နောက်ဆုံးအဆင့်မှာတော့ ရွှေသင်ရဲ့ **မလှသောအမှတ်တရ** ကို ရွေးချယ်ခဲ့ကြပါတယ်။ ဆရာမ ရွှေသင်ကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရပါတယ်။ ❑



ရသစာပေချစ်မြတ်နိုးသူများစိတ်ကြိုက်ဆုရှင် စာရေးဆရာမ ရွှေသင်



www.burmeseclassic.com

www.burmeseclassic.com

နေလို့ မရဘူးလေ' လို့ သူက ဆိုပါတယ်။

လော့စ်အိန်ဂျလိစ်မှာ ကြက်ဥနဲ့ပေါက်တဲ့အမှု စုံစမ်းစစ်ဆေးခံနေရတာတောင်မှ မိုင်ယာမီရဲအဖွဲ့က သူ့ကိုပုံစံပေးစရာတွေ့သွားခဲ့ပါတယ်။ မိုင်ယာမီရဲအဖွဲ့က Bieber ကို အချုပ်ထောင်ဆီခေါ်ဆောင်သွားရာ လမ်းတစ်လျှောက် ဗီဒီယိုရိုက်ထားခဲ့ပါတယ်။ တရားရုံးကနေ ဒေါ်လာ ၂၅၀၀ တန် အာမခံနဲ့ထွက်လာတဲ့ Bieber ဟာ သူ့ကားပေါ်ကို Michael Jackson ရဲ့ ဟန်အပြည့်နဲ့ခုန်တက်၊ စောင့်ကြိုနေတဲ့ပရိသတ်ကို နှုတ်ဆက်ပြီး ကားတသီတတန်းနဲ့ ခပ်ပြင်းပြင်း မောင်းထွက်သွားလိုက်တာ ရောက်ရာပေါက်ရာကို နာရီပေါင်းများစွာ ကြာတဲ့တိုင်အောင်ပါပဲ။ သတင်းဓာတ်ပုံသမားတွေကလည်း အနောက်က တကောက်ကောက်ပေါ့။ သူ့ပရိသတ်တွေကတော့ အွန်လိုင်းပေါ်မှာ #prayforjustin ဆိုပြီး သူ့အတွက် ဝိုင်းဝန်းဆုတောင်းပေးကြဖို့ စီစဉ်ခဲ့ကြပါတယ်။

အချုပ်ထောင်မှာ ညအိပ်ခဲ့ရာက ထွက်ခွာလာခဲ့ပြီးနောက်မှာ Bieber ဟာ မိုင်ယာမီကနေ ပနားမားကမ်းခြေကို ထွက်သွားခဲ့ပါတယ်။ မော်ဒယ်လ်မလေး Chantel Jeffries လည်း သူနဲ့အတူပါတာပေါ့။ Chantel က ဘီကီနီရေကူးဝတ်စုံနဲ့ ဓာတ်ပုံကို Twitter စာမျက်နှာပေါ် တင်ခဲ့ပါတယ်။ တကယ်တော့ Bieber နဲ့အတူ ဝတ်ဆင်ကြတဲ့ ဘီကီနီဝတ်စုံ ရောင်းအားမြှင့်တင်ရေးအတွက် အသုံးချလိုက်တာပါ။ နောက်တော့ Chantel ရဲ့ကိုယ်ပိုင်တံဆိပ် မျက်ခုံးမွေး၊ မိတ်ကပ်ရောင်းချဖို့အတွက် လိုင်စင်ရယူထားတဲ့ Website တစ်ခုဆီ အဲဒီဓာတ်ပုံပါတဲ့ Twitter Account က ချိတ်ဆက်ထားတာ ဖြစ်နေပါတယ်။

Bieber ရဲ့ဘဝမှာ အုပ်ထိန်းသူသုံးယောက် ရှိခဲ့ပါတယ်။ သူ့ရဲ့ဆရာ Usher, သူ့မိခင် Pattie Mallette နဲ့ မန်နေဂျာ Scooter Braun တို့ပါပဲ။ သူတို့သုံးယောက်စလုံး Bieber ရဲ့ ပနားမားခရီးစဉ်ကို လိုက်ပါလာကြတာပါ။ သူတို့ ပထမဆုံးလုပ်ခဲ့ရတာကတော့ Jefferies ကို မိုင်ယာမီပြန်ပို့လိုက်တာပါပဲ။ ဒါဟာ ကြားဝင်စွက်ဖက်တာမျိုး မဟုတ်ဘဲ Bieber နဲ့ အေးအေးဆေးဆေး စကားပြောပြီး သူ့အပေါ် ဂရုစိုက်တဲ့သူတွေက သတိပေးပြောကြားလိုက်တာ ဖြစ်တဲ့အပြင် ကိုယ်လုပ်စရာရှိတာတွေကို စဉ်းစားဖို့ သတိပေးလိုက်တာလည်း ဖြစ်ပါတယ်။ 'သူ့အပြုအမူတွေကို ကိုယ်တိုင်ပြန်ပြီး သုံးသပ်အကဲဖြတ်ဖို့ လိုနေပြီ။ သူ့အပြုအမူတွေက စည်းကျော်နေပြီ။ လက်ခံစရာမရှိအောင် ဖြစ်လာနေတာ' လို့ Bieber ရဲ့ အဖွဲ့သားတစ်ယောက်က ပြောကြားသွားခဲ့ပါတယ်။

ဝင်ရောက်စွက်ဖက်တာ မဟုတ်ဘူးဆိုတဲ့ သတိပေးစကားက ရည်မှန်းချက်ကောင်းပေမဲ့ အလုပ်တော့ မဖြစ်ခဲ့ပါဘူး။ နောက်သီတင်းပတ်မှာ Bieber နဲ့ သူ့အဖေ Jeremy ဟာ Toronto မြို့ကနေ ဂျက်လေယာဉ်တစ်စီး စီးလုံးငှားပြီး New York မြို့ပြင်က Teterboro လေဆိပ်ဆီကို ပျံသန်းထွက်ခွာခဲ့ကြပါတယ်။ နယူးယောက်မှာ Super Bowl အမေရိကန်ဘောလုံးပွဲကြည့်ကြဖို့ပေါ့။ အဲဒီမှာ သတင်းတစ်ပုဒ် ထွက်ပေါ်လာပြန်တာက Jeremy နဲ့ Justin တို့သားအဖဟာ လေယာဉ်မယ်လေးကို မကြားဝံ့မနာသာစကားတွေ ပြောကြတာကြောင့် လေယာဉ်မယ်လေးခမျာ လေယာဉ်ဦးခန်းမှာ သွားပုန်းနေရတယ်လို့ ဆိုလာတာပါပဲ။ အဲဒီအပြင် Bieber က လေယာဉ်ပေါ်မှာ ဆေးခြောက်ကို ရှူချင်တိုင်း ရှူနေတာကြောင့် လေယာဉ်မှူးတွေ ဓာတ်ငွေ့ကာ မျက်နှာဖုံးတွေစွပ်ပြီး လေယာဉ်ကို မောင်းနှင်ခဲ့ကြရတယ်လို့လည်း ဆိုပါတယ်။ လေယာဉ်ဆိုက်တော့ မူးယစ်ဆေးဝါးထောက် လှမ်းရေးအဖွဲ့တွေနဲ့ မူးယစ်ဆေးဝါး အနံ့ခံရှာဖွေတဲ့ ခွေးတွေ အဆင်သင့်စောင့်နေတာ တွေ့ကြရပါတယ်။ လေယာဉ်ထဲမှာ ဆေးခြောက်နံ့တွေ မွှန်ထူနေပေမဲ့ ဆေးခြောက်အစအနတောင် ကျန်ရစ်တာ မတွေ့ခဲ့ကြရပါဘူး။ U.S Customs and Border Patrol ခေါ် အကောက်ခွန်နဲ့ နယ်စပ်လှည့်ကင်းအဖွဲ့က သူတို့သားအဖကို သီးခြားစီနေရာခွဲပြီး စစ်ဆေးမေးမြန်းခဲ့ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Bieber ဟာ သူ့ရဲ့လုံခြုံရေးအစောင့်တွေရှေ့မှာ စစ်မေးတဲ့အခါမျိုးဆိုရင် အရမ်းကို အငြင်းအခုံပြုပြီး ကြမ်းကြမ်းရမ်းရမ်းတွေ ပြောတတ်တာကြောင့် အခုလိုတစ်ယောက်တည်း လူခွဲစစ်ဆေးတာဖြစ်တယ်လို့ သိရပါတယ်။

Jeremy ရဲ့ မိတ်ဆွေရင်းဖြစ်ပြီး ကိုယ်တိုင်လည်း ရာဇဝတ်ဂိုဏ်းတွေနဲ့ ဆက်နွှယ်မှုကြောင့် တရားရင်ဆိုင်နေရတဲ့ Rice ကတော့ Bieber မူးယစ်ဆေးဝါးသုံးစွဲနေတာကို Jeremy က ဟန့်တားရမှာဖြစ်ကြောင်း၊ ဒါဟာ စွက်ဖက်တယ်လို့ မဆိုနိုင်ကြောင်းပြောကြားခဲ့ပါတယ်။

Bieber က ၂၀၁၄ ခုနှစ်ထဲမှာ အနားယူဖို့ အစောကတည်းက ရည်ရွယ်ခဲ့တာပါ။ အခုတော့ ၂၀၁၄ ခုနှစ်က သူ့အတွက် ဒုက္ခတွေ ဆယ်လစာလောက် ထပ်ပေးမယ့်နှစ်ဖြစ်နေပါပြီ။ (Bieber က သူအလုပ်အားချိန်တွေမှာ ဖခင်ဖြစ်သူနဲ့အတူ အဆင့်မြင့် Tattoo ထိုးတဲ့ ဆိုင်တစ်ဆိုင် ဖွင့်လှစ်ဖို့ဖြစ်ကောင်းဖြစ်နိုင်ပါတယ်)' Bieber အတွက် နောက်ခြေလှမ်းတစ်ရပ်ကတော့ မြောင်းထဲကို သွယ်ထားတဲ့ ရေဆင်းလိုင်းထဲကို သူရောက်နေပြီဆိုတာ နားလည်ဖို့ပဲဖြစ်တယ်' လို့ လူမှုဆက်ဆံရေးအကြံပေး Howard Bragman က ဆိုပါတယ်။ 'ဒါကို သူ နားလည်မယ်လို့တော့ မထင်ဘူး' လို့လည်း Bragman က ဆိုပါသေးတယ်။

Bragman က Bieber ရဲ့ သာမန်စိတ်ကြီးဝင်တာထက်ပိုတဲ့ ပုံစံကိုလည်း တွေ့မြင်တတ်သူပါ။ မေလအတွင်းက ကျင်းပခဲ့တဲ့ Billboard ဆုပေးပွဲက ဖြစ်ရပ်ကို သူက ရည်ညွှန်းပြီးပြောတာပါ။ ဆုလက်ခံဖို့ စင်ပေါ်တက်သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

Bieber ကို လှောင်ပြောင်သံတွေ ထွက်ပေါ်ခဲ့တယ်လို့ ဆိုပါတယ်။ ဆုလက်ခံရင်း ကျေးဇူးစကားပြန်ကြားချိန်မှာ Bieber က ဒီနေရာမှာ သူ့အတုယူရမယ့် အရည်အချင်းပြည့်ဝသူတွေ အများကြီးရှိနေပါတယ်လို့ နှိမ့်ချပြောသင့်တာ ဖြစ်ပေမဲ့ တကယ်တမ်းပြောခဲ့တာက "ကျွန်တော့်အသက် ၁၉ နှစ်ပါ။ အကောင်းဆုံးတွေ လုပ်ပြခဲ့ပြီးပြီလို့ ကျွန်တော် ထင်ပါတယ်။ ၁၉ နှစ်သား ဘယ်သူမဆို အရာရာကို သိလှပြီလို့ အထင်ရောက်နေသူတွေဟာ ကိုယ့်ကိုယ်ကို နောက်ပြောင်တာပဲဖြစ်မယ်" လို့ ဝင့်ဝါခဲ့တာပါ။

Bieber ဟာ စိတ်ဆိုးဒေါသဖြစ်တဲ့အခါ အတိုက်အခိုက်လုပ်တတ်တဲ့ ဉာဉ်ရှိသူလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဂီတထူးချွန်ဆုပေးပွဲမျိုးတွေနဲ့ ပတ်သက်လို့ပေါ့။ ၂၀၁၃ ခုနှစ် ဂရမ်မီဂီတထူးချွန်ဆုပေးပွဲ ဆန်ခါတင်စာရင်းမှာ သူ့နာမည် ပါမလာတဲ့အခါ Bieber က ဂရမ်မီဆုပေးပွဲညနဲ့ တိုက်ဆိုင်ကာ သူ့ရဲ့ Website ကနေ အထူးအစီအစဉ်တစ်ရပ် ထုတ်လွှင့်မှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ သူ့ပရိသတ်တွေကိုလည်း ဂရမ်မီဆုပေးပွဲအစား သူ့အစီအစဉ်ကိုသာ ကြည့်ရှုကြဖို့ စည်းရုံးခဲ့တာပါ။ ဒါပေမဲ့ လက်တွေ့တော့ အထမမြောက်ခဲ့ပါဘူး။

Bieber ဟာ အခုအချိန်ထိ ဂရမ်မီထူးချွန်ဆု မရသေးပါဘူး။ သူ့ရဲ့လွဲမှားတဲ့ အပြုအမူတွေအတွက် တကယ့်ဂီတသမားတစ်လက်အဖြစ် ပြင်းပြင်းပြပြဖြစ်ချင်နေခဲ့တာပါ။ ဂရမ်မီဆုပေးပွဲနဲ့ နည်းသည်တော်တွေနေရာမှာ Lil Wayne နဲ့ Chance the Rapper တို့နဲ့ အတူရှိနေတဲ့ Bieber က ချစ်သူ Selena Gomez နဲ့ လမ်းခွဲရတုန်းက ရေးစပ်ထားတဲ့ သီချင်းစာသားတွေကို အော်ဟစ်သီဆိုနေခဲ့ပါတယ်။

Bieber က ဟစ်ပ်ဟော့ပ်လောကသား မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း ဂုဏ်ရှိန်မြှင့်တင်ပေးခဲ့သူပါ။ ကြောခင်က ကျင်းပခဲ့တဲ့ ဟစ်ပ်ဟော့ပ်အဆိုတော် Diddy ရဲ့ ပါတီပွဲတစ်ရပ်မှာ Diddy နဲ့ Rick Ross တို့နဲ့အတူ ပျော်မြူးနေပုံတွေ တွေ့ကြရပါတယ်။ Ross ကတော့ Bieber ဘက်က ကာကွယ်ပြောကြားခဲ့ပါတယ်။ Ross က မီဒီယာတွေဟာ Bieber အပေါ် အခြေအမြစ်မရှိတာတွေ ရေးသားဖော်ပြနေကြတာ ခဏခဏ မြင်တွေ့ရကြောင်း၊ Bieber က ဆေးခြောက်လောက်သာ ရှူတတ်ပြီး တစ်ချိန်လုံး ရယ်မောနေတတ်သူဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

Charlamagne Tha God ကတော့ Bieber ဟာ သူ့အမှတ်တံဆိပ်ကို သူ ဖျက်ဆီးနေတာတွေကို အဆုံးသတ်တော့မှာဖြစ်ကြောင်း၊ အကြောင်းအရင်းကတော့ ဘယ်သူ့ကမှ Justin Bieber ဆိုတာ လူဆိုးလေးပုံရိပ်ကို ဝယ်ချင်ကြမှာ မဟုတ်လို့ဘဲဖြစ်ကြောင်း၊ ဟစ်ပ်ဟော့ပ်ဂီတကလည်း သူ့ကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ကြောင်း၊ အမွေးစုတ်ဖွားခွေးလေးတစ်ကောင်လောက် မွေးထားရင် သူ့ကို နောက်ခြေထောက်ပေါ်မှာ လူလိုဆောင့်ကြောင့်ထိုင်တတ်အောင် သင်ပေးကြသလိုပင်ဖြစ်ကြောင်း၊ Diddy နဲ့ Ross တို့ Bieber အပေါ် ပြုမူနေပုံတွေဟာ အဲဒီဥပမာနဲ့အလားတူပင်ဖြစ်ကြောင်း "အိုး…ကြည့်စမ်း၊ Justin Bieber ကို သူခိုးတစ်ယောက်လို လူဆိုးကြီးတစ်ယောက်လိုဖြစ်အောင် လုပ်ထားတာ" လို့ သူတို့က သီဆိုနေကြမှာ ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

Bieber အတွက် သတင်းကောင်းတစ်ခုကတော့ ကယ်တင်ခြင်းခံရဖို့အတွက် သိပ်ပြီးတော့ နောက်မကျသေးတာပါပဲ။ Charlamagne က "သူက ငယ်ပါသေးတယ်။ ပြီးတော့ သူသာရိုးသားမယ်ဆိုရင် သူ့အလုပ်ကို ကယ်တင်နိုင်ပါတယ်" လို့ ဆိုပါတယ်။ (ဒါပေမဲ့ Bieber နဲ့ နီးစပ်သူတစ်ဦးရဲ့အဆိုအရ Bieber ဟာ ဆေးခြောက်တင်မက ကိုဒင်းပါတဲ့ ချောင်းဆိုးပျောက်ဆေးကိုပါ မူးယစ်ဆေးအဖြစ် သုံးစွဲနေကြောင်း သိရပါတယ်။)

တကယ့်ပြဿနာက Bieber အပေါ် တရားစီရင်ရေးစနစ်ကလွဲပြီး ဘယ်သူမှ ဩဇာမလွှမ်းမိုးနိုင်တာဘဲ ဖြစ်ပါတယ်။ "Bieber က အောင်မြင်မှုအတွက် သူ့အနားက လူတွေအပေါ်မှီခိုနေရသူ မဟုတ်ဘူး" လို့ Oliver Luckett က ဆိုပါတယ်။ Oliver ဟာ Pearl Jam နဲ့ Kid Rock တို့အတွက် ကြော်ငြာတွေ၊ လှုံ့ဆော်မှုတွေ ပြုလုပ်ပေးနေတဲ့ Audience အမည်ရ လူမှုကွန်ရက်တစ်ရပ် ထူထောင်လည်ပတ်နေသူဖြစ်ပါတယ်။ Bieber ဟာ သူ့ရဲ့ဓာတ်ပြားတိုက်ကို ပြဿနာမလုပ်ဘူးလို့ အာမခံနိုင်ပါကြောင်း၊ Twitter ဟာ Bieber ရဲ့ အသက်သွေးကြော ဖြစ်လာမှာဖြစ်ကြောင်း၊ Bieber ဟာ မီဒီယာရဲ့အထက်မှာရှိကြောင်း၊ သူဟာ ပရိသတ်တွေဆီက စိတ်လှုပ်ရှားခံစားမှုတွေနဲ့ တိုက်ရိုက်ဆက်သွယ်မှု ရရှိထားသူဖြစ်ကြောင်း Oliver က ပြောကြားခဲ့ပါတယ်။

Bieber ဟာ သူ့ရဲ့မိုက်ရူးရဲလုပ်ရပ်တွေအတွက် အန္တရာယ်တောထဲကျရောက်နေပြီဆိုတာ နားလည်သိရှိဟန်လက္ခဏာတချို့ကိုတော့ ပြသခဲ့ပြီးဖြစ်ပါတယ်။ စက်တင်ဘာလထဲမှာတုန်းက နယူးယောက်မြို့ Manhattan အရပ်က Pentecostal Hillsong ခရစ်ယာန်ဘုရားကျောင်းကို တက်ရောက်ဝတ်ပြုခဲ့တဲ့ Bieber ဟာ သင်းအုပ်ဆရာတော်ရဲ့ ဩဝါဒတွေကို နာယူရင်းမျက်ရည်ကျခဲ့ရပါတယ်။ ဖေဖော်ဝါရီလရဲ့ စနေနေ့တစ်ရက်မှာလည်း အဲဒီဆရာတော် Carl Lentz နဲ့ ပြန်လည်ဆုံတွေ့ခဲ့ပါတယ်။ Bieber သာ ဘက်ပတစ်ခရစ်ယာန်တစ်ယောက်အဖြစ် ဒုတိယမွေးပြန်လည်မွေးဖွားသန့်စင်လာမယ်ဆိုရင် အံ့ဩကုန်နိုင်ဖွယ်ပါပဲ။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာကတော့ Bieber ကို ဘက်ပတစ်ခရစ်ယာန်အဖြစ် ပြန်လည်သွတ်သွင်းပေးဖို့ ဘယ်ရေကန်မှ မအားလပ်နိုင်အောင် ဖြစ်နေတာပါပဲ။ ■ ရာပြည့်

*Reference: Bad Boy*
*by Claire Hoffman*
*Rolling Stone Magazine*



လူရှင်တော်အသွင်နဲ့
ဖျော်ဖြေခဲ့တဲ့
Bobby Soxer ရဲ့ မစန္ဒီ



# ထိုင်းနိုင်ငံမှ လာရောက် ဖျော်ဖြေကြတဲ့ အနုပညာဖျော်ဖြေပွဲ

လင်းနိုင်ဦး



နှစ်ပါးသဘင်မှာ တင်မောင်ဆမိုးမင်းဝင်းရဲ့အဖွဲ့
လူရှင်တော်များအသွင်နဲ့
အတွဲညီညီဖျော်ဖြေခဲ့ကြတဲ့ နန်းသူဇာနဲ့ စန္ဒီမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှာ ၃ ရက်ကြာ ကျင်းပတဲ့ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အနုပညာဖျော်ဖြေပွဲ Thai Film Festival 2014 ပွဲကို မတ်လ ၂၇ ရက်နေ့၊ ၂၈ ရက်နေ့နဲ့ ၂၉ ရက်နေ့ ညက မြန်မာနိုင်ငံမှာ ကျင်းပခဲ့ရာ ထိုင်းနိုင်ငံမှ သရုပ်ဆောင်၊ အဆိုတော်များ၊ မြန်မာနိုင်ငံမှ အနုပညာရှင်များစွာတို့က ဖျော်ဖြေမှုအစီအစဉ်များကို သုံးရက်တိုင်တိုင် တင်ဆက်ပေးခဲ့ကြပါတယ်။ မြန်မာ-ထိုင်း ချစ်ကြည်ရေး အနုပညာဖျော်ဖြေပွဲရဲ့ ပထမဦးဆုံးအစီအစဉ်ကတော့ မြန်မာနိုင်ငံမှ Actor Star ဘောလုံးအသင်းနဲ့ ထိုင်းနိုင်ငံမှ Super Star ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကြတဲ့အစီအစဉ်ကို မတ်လ ၂၈ ရက်နေ့ ညနေ ၄ နာရီအချိန်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ YUFC ဘောလုံးကွင်းမှာ ကစားကြတဲ့ ဘောလုံးပွဲနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ နာမည်ကြီး သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဒါရိုက်တာများ ပါဝင်သလို ထိုင်းနိုင်ငံမှ နာမည်ကြီး သရုပ်ဆောင်၊ အဆိုတော်များ ပါဝင်ခဲ့ကြပါ တယ်။ အဲဒီဘောလုံးပြိုင်ပွဲမှာတော့ ထိုင်းနိုင်ငံမှ Super Star ဘောလုံးအသင်းက ၃-၂ ဂိုးနဲ့ အနိုင်ရရှိသွားခဲ့တာ ဖြစ်ပါတယ်။. Thai Film Festival 2014 ချစ်ကြည်ရေး အနုပညာဖျော်ဖြေပွဲကြီး ဖွင့်လှစ်တဲ့ အခမ်းအနားကိုတော့ မတ်လ ၂၈ ရက်နေ့ ည ၈ နာရီ အချိန် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ဝင်းအတွင်းမှာ ကျင်းပခဲ့ပြီး ဒီအစီအစဉ်တွေကို ADMA ကုမ္ပဏီလီမိတက် Media 7 နဲ့ KATANA JK တို့က ပူးပေါင်း တင်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနား အစီအစဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနဲ့ ထိုင်းနိုင်ငံမှ တက်ရောက်ကြတဲ့ တာဝန်ရှိသူများ၊ အနုပညာရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြတာ ဖြစ်ပါတယ်။ အနုပညာဖျော်ဖြေရေးအစီအစဉ်မှာ အစီအစဉ် တင်ဆက်သူများအဖြစ် Miss Myanmar Universe မိုးစက်ဝိုင်နဲ့ ထိုင်းနိုင်ငံမှ Piyanat Kempetch (PK) တို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ဖျော်ဖြေရေးအစီအစဉ် စတင်တဲ့ အချိန်မှာ ထိုင်းနိုင်ငံမှ နာမည်ကြီး အဆိုတော် တစ်ဦးဖြစ်တဲ့ MOS က ထိုင်းနိုင်ငံက တေးဂီတအဖွဲ့နဲ့ပဲ သီချင်း ၈ ပုဒ်လောက်ကို တစ်ယောက်တည်း ဆက်တိုက်



ထိုင်းနိုင်ငံရဲ့ နာမည်ကြီးအဆိုတော် MOS က တေးသီချင်းများကို အားပါးတရ ဖျော်ဖြေပေးခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ဖျော်ဖြေပေးသွားခဲ့ပါတယ်။ MOS ကို မြန်မာနိုင်ငံမှ ပရိသတ်များ ကြိုက်နှစ်သက်ပြီးသားဖြစ်လို့ MOS ဖျော်ဖြေတင်ဆက်မှုများကို အထူးပဲ အားပေးခဲ့ကြပါတယ်။ MOS ရဲ့ဖျော်ဖြေမှုများ အပြီးမှာ မြန်မာနိုင်ငံက ပရိသတ်တွေ အကြိုက်တွေ့နေတဲ့ ထိုင်းနိုင်ငံမှ ရိုက်ကူးတဲ့ Pee Mark ရုပ်ရှင်ဇာတ်ကားမှ အနုပညာရှင်များနဲ့ မိတ်ဆက်ပေးပြီး အမှတ်တရစကားများ ပြောကြားစေခဲ့ပါတယ်။ **Pee Mark** ဇာတ်ကားက ဝတ္ထုဇာတ်လမ်းရေးသားသူ၊ ဒါရိုက်တာနဲ့ ဇာတ်ပို့ သရုပ်ဆောင်နှစ်ဦးတို့အနုပညာပွဲတော်ကို တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ **Pee Mark** ရုပ်ရှင်ဇာတ်ကားက သရုပ်ဆောင်များကို မိတ်ဆက်ပေးလို့ အပြီးမှာ မြန်မာနိုင်ငံမှ နာမည်ကြီး အဆိုတော်များရဲ့ သီဆိုဖျော်ဖြေမှုများနဲ့ ဆက်လက်တင်ဆက်ပေးခဲ့ပါတယ်။

ထိုင်းရုပ်ရှင်ပွဲတော်ကို သုံးရက်တိုင်တိုင် ပြည်သူ့ဥယျာဉ်အတွင်းမှာ ကျင်းပခဲ့ရာ နေ့စဉ် ညနေပိုင်းမှာ ထိုင်းရုပ်ရှင်ဇာတ်ကားများ တစ်ကားစီ ပြသပေးခဲ့ပြီး ထိုင်းနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကိုလည်း ရောင်းချတဲ့ အထူးဈေးရောင်းပွဲကိုလည်း ထည့်သွင်းပေးထားပါတယ်။ ဒီပွဲတော်ကို တင်ဆက်ရာမှာ အခမဲ့ ဖျော်ဖြေတင်ဆက်ပေးတဲ့ ပွဲဖြစ်လို့ ပရိသတ်များ အထူးစည်ကားခဲ့ပါတယ်။ ပရိသတ်များ အထူးအကြိုက်တွေ့ခဲ့တဲ့ ပွဲကတော့ နောက်ဆုံးနေ့မှာ




ပျော်ရွှင်စရာဂိမ်းကစားနည်းများကို သိန်းလင်းစိုးနဲ့အတူ မော်ဒယ်လ်လေးများက ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး
အနုပညာဖျော်ဖြေပွဲမှာ
ရိုးရာယဉ်ကျေးမှုအကအလှများဖြင့်လည်း
တင်ဆက်ဖျော်ဖြေခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com




တင်ဆက်တဲ့ နှစ်ပါးသဘင်အငြိမ့်ပဲ ဖြစ်ပါတယ်။ အငြိမ့်ဖျော်ဖြေမှု မစတင်မီ ထိုင်းနိုင်ငံမှ ဟစ်ဟော့ပ် အဆိုတော်များက ည ၈ နာရီမှ ၉ နာရီအထိ သီချင်းများနဲ့ ဖျော်ဖြေတင်ဆက်ပြီး ည ၉ နာရီကနေ ၁၀ နာရီအထိ မြန်မာနိုင်ငံမှနာမည်ကြီး အဆိုတော်များက သီချင်းများနဲ့ ဖျော်ဖြေ တင်ဆက်ပေးခဲ့ကြပါတယ်။ နှစ်ပါး သဘင်အငြိမ့် အစီအစဉ်မှာ စီစဉ်သူများက ထူးထူးခြားခြားအဖြစ် အဆိုတော်များ ဖြစ်ကြတဲ့ စန္ဒီမြင့်လွင်၊ နန်းမြတ်ဖြိုးသင်း၊ Bobby Soxer, နန်းသူဇာ၊ မိစန္ဒီတို့ကို လူရှင်တော်များ အဖြစ်တင်ဆက်စေခဲ့တဲ့အတွက် အဲဒီလူရှင်တော်တွေ စင်ပေါ် မရောက်ခင်ကတည်းက ပရိသတ်များ အားပါးတရနဲ့ လက်ခုပ်တီး ကြိုဆိုနေကြပါပြီ။ တကယ်တမ်း ထွက်လာတော့လည်း လူရှင်တော်များ အဖြစ် တင်ဆက်တဲ့ အဆိုတော်မလေးများက ဟန်ကျပန်ကျ စီစဉ်နိုင်ခဲ့တဲ့အတွက် ပရိသတ်များအားပေးလို့ မဆုံးနိုင်အောင်ဖြစ်ခဲ့ပါတယ်။ သူတို့ပြက်တဲ့ ပြက်လုံးတွေ ကြားမှာလည်း ပရိသတ်များ ကိုယ်တိုင်ပါဝင်ပြီး အော်ဟစ် အားပေးခဲ့ကြပါတယ်။ နှစ်ပါးသဘင်အငြိမ့် အစီအစဉ်မှာတော့ ဇာတ်မင်းသားလေး တင်မောင်ဆန်းမင်းဝင်းနဲ့ အတူမင်းသမီးများဖြစ်ကြတဲ့ မေတင်မောင်ဆန်းမင်းဝင်း၊ မေကဇ္ဇာ၊ ဆန်းသစ်လတို့က ပါဝင်ကပြ ဖျော်ဖြေပေးခဲ့ကြပါတယ်။ ထိုင်းရုပ်ရှင်ပွဲတော် လာရောက်ကျင်းပတဲ့ အစီအစဉ်လည်းဖြစ်လို့ ထိုင်းနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com




ပါဝင်ဖျော်ဖြေတဲ့ ယုန်လေး



ဟိတ်ဇ်သစ်ရဲ့ ဖျော်ဖြေမှု



ဆူဇီရဲ့ သီဆိုဖျော်ဖြေမှု



ဒွေးဒွေးချစ်ရှယ်လည်း ပါဝင်ဖျော်ဖြေခဲ့ပါတယ်



မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အနုပညာဖျော်ဖြေပွဲမှာ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့်လည်း တင်ဆက်ဖျော်ဖြေခဲ့ပါတယ်

ကို ဂုဏ်ပြုတဲ့ သီချင်းများလည်းတင်ဆက်ခဲ့သလို ထိုင်းရိုးရာအကများကိုပါ ကပြဖျော်ဖြေပေးခဲ့ပါတယ်။ စင်မြင့်အပြင်အဆင်ကိုတော့ ကိုအောင်ကျော်ထွန်းက စီစဉ်ပေးခဲ့တာဖြစ်ပြီး Mobile Stage ခုံများနဲ့ စီစဉ်ပေးခဲ့တာဖြစ်လို့အချိန်ခဏလေးအတွင်း မှာခမ်းနားတဲ့ အဆင့်မြင့်ဆက်တင်ကိုမြင်တွေ့ခွင့်ရခဲ့ပါတယ်။

နှစ်ပါးသဘင်အငြိမ့်တင်ဆက်မှုမှာ လူရွှင်တော်များအဖြစ် အဆိုတော်မလေးများက တင်ဆက်ပေးကြတာဖြစ်လို့ သူတို့ပိုင်နိုင်ကျွမ်းကျင်တဲ့ သီချင်းများနဲ့ သီဆိုပြီး ပြက်လုံးထုတ်သွားတာ





www.burmeseclassic.com

www.burmeseclassic.com





ဇာတ်မင်းသားလေး
တင်မောင်ဆန်းမင်းဖြိုးကလည်း
ပါဝင်ဖျော်ဖြေခဲ့ပါတယ်

တွေက ပရိသတ်များ လက်ခုပ်သံတွေ မစဲအောင်ဖြစ်ခဲ့ရပါတယ်။ တစ်ခါမှ လူရွှင်တော်မလုပ်ဖူးတဲ့သူတွေဖြစ်ပေမဲ့ အကောင်းဆုံးနဲ့ ဌာန်ကရိုဏ်းကျကျ သွက်သွက်လက်လက် တင်ဆက်ပေးနိုင်ခဲ့လို့ အားလုံးကချီးကျူးခဲ့ကြပါတယ်။ သုံးရက်တိုင်တိုင် ကျင်းပတဲ့ မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေး Thai Film Festival 2014 ပွဲကို အားပေးမှုများစွာနဲ့ ကျင်းပနိုင်ခဲ့ကြပြီး မတ်လ ၂၉ ရက်နေ့ နေ့လယ်ပိုင်းက ချက်ထရီယမ်ဟိုတယ်မှာ ထိုင်း-မြန်မာ ရုပ်ရှင်တိုးတက်ရေး ဆွေးနွေးညှိနှိုင်းကြတဲ့ အစီအစဉ်ကို ကျင်းပနိုင်ခဲ့ကြရာ ထိုင်းနဲ့ မြန်မာတို့ ရုပ်ရှင်ဇာတ်ကားများပူးတွဲရိုက်ကူးသွားဖို့ အစီအစဉ်များလည်း ဆွေးနွေးခဲ့ ကြတယ်လို့ သိရပါတယ်။ ■

**လင်းနိုင်ဦး**



လူရွှင်တော်အသွင်နဲ့ဖျော်ဖြေတင်ဆက်ခဲ့ကြတဲ့
နန်းသူဇာ၊ နန်းမြတ်ဖြူသင်း၊
Bobby Soxer, မိစန္ဒီ၊ ခိုင်ခိုင်လှ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်တူအပြုံးတွေနဲ့
မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှာ
မြင်တွေ့ရတဲ့
မင်္ဂလာသတို့သား ဖြိုးငွေစိုးနဲ့
မင်္ဂလာသတို့သမီး
ဇင်ဇင်သန့်

# April Fool မှာ မင်္ဂလာပွဲကျင်းပခဲ့တဲ့ ဖြိုးငွေစိုး

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာသတို့သား၊ သတို့သမီးအရံတို့နဲ့
လျှောက်လှမ်းဝင်လာတဲ့ မင်္ဂလာသတို့သားနဲ့ မင်္ဂလာသတို့သမီး

မင်္ဂလာမောင်နှံ



မင်္ဂလာမော်ကွန်းတင်
လက်မှတ်ရေးထိုးကြတဲ့
မင်္ဂလာမောင်နှံ

ဧပြီလ တစ်ရက်နေ့ကို April Fool(အရူးလုပ်တဲ့နေ့) လို့ တော်တော်များများက သတ်မှတ်ထားကြပေမဲ့ ဖြိုးငွေစိုးကတော့ သူနဲ့ ခြောက်နှစ်တာ လက်တွဲလာတဲ့ သူ့ရဲ့ချစ်သူ ဇင်ဇင်နဲ့ ပေယ်လ်ဖူးနေ့မှာပဲ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၊ မင်္ဂလာဦးအလှူ ဆွမ်းကျွေးပွဲနဲ့ မင်္ဂလာဧည့်ခံပွဲတို့ကို တစ်နေ့တည်းမှာပဲ သုံးပွဲဆက်တိုက် ကျင်းပခဲ့ပါတယ်။ မင်္ဂလာသတို့သားက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၄၊ မိုးကောင်းဘုရားလမ်းနေ ဦးငွေစိုး၊ ဒေါ်သိန်းသိန်းရီတို့ရဲ့သား အချပ်ဆောင် ဖြိုးငွေစိုးဖြစ်ပြီး၊ မင်္ဂလာသတို့သမီးကတော့ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် အမှတ် ၅၀၄၊ တိုက် (D-1) Delta Plaza နေ (ဦးစန်းအောင်)၊



မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ဒုတိယဝတ်စုံဖြင့်
နောက်တစ်ကြိမ် ပြန်လည်ဝင်ရောက်လာတဲ့ မင်္ဂလာမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၃၄၊ မေ၊ ၂၀၁၄

သရုပ်ဆောင်ကြီး
အကယ်ဒမီ မြတ်မွန်

## အကယ်ဒမီမြတ်မွန်ကို ကြည့်ကြရဦးမယ်

စာရေးဆရာ၊ ဒါရိုက်တာကြီး ဦးသာခု စင်တင်ပွဲထုတ်ခဲ့တဲ့ သရုပ်ဆောင် မြတ်မွန်က ပထမဦးဆုံး ပါဝင်သရုပ်ဆောင်တဲ့ **ကကြီးရေ က** ဇာတ်ကားမှာပဲ ထူးချွန်ဆုဆွတ်ခူးရရှိခဲ့ ပါတယ်။ ရုပ်ရှင်ကားပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင် ခဲ့ဖူးပြီး အသက်အရွယ်အရ နားနေရာက သရုပ်ဆောင်၊ ဒါရိုက်တာလူမင်းက အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးမယ့် **နှိုဘီလူး** ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းထားကြောင်း သိရပါတယ်။ သရုပ်ဆောင်မှုပြောင်မြောက်လှတဲ့ ဒေါ်မြတ်မွန်ရဲ့ သရုပ်ဆောင်ချက်များကို ကြည့်ကြရမယ်လို့ မျှော်လင့်ရပါတယ်။ ❑



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးအလှူအတွက် ရေစက်ချတရားနာယူနေတဲ့ မင်္ဂလာမောင်နှံနဲ့ နှစ်ဖက်မိဘဆွေမျိုးများ



ဒေါ်ခင်ခင်လှိုင်တို့ရဲ့သမီး မော်ဒယ်လ် မဇင်ဇင်သန့်ပဲ ဖြစ်ပါတယ်။ မော်ကွန်းတင် လက်မှတ်ရေးထိုးတဲ့ အစီအစဉ်ကို ဧပြီလ ၁ ရက်နေ့ မနက် ၉ နာရီ အချိန်က ရန်ကုန်မြို့ မြရိပ်ညို ဟိုတယ်မှာကျင်းပခဲ့ရာ တာမွေမြို့နယ် တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး(၂) ဒေါ်စန်းစန်းဌေးရဲ့ ရှေ့မှောက်မှာ အသိသက်သေများအဖြစ် အဆိုတော် R ဇာနည်နဲ့ စာရေးဆရာ၊ ဒီဇိုင်နာ မျိုးဆွေသန်းတို့က ဆောင်ရွက်ပေးကြပြီး ဖြိုးဌေးစိုးနဲ့ ဇင်ဇင်သန့်တို့က တရားသူကြီးရဲ့ ရှေ့မှောက်မှာ မော်ကွန်းတင် မင်္ဂလာလက်မှတ် ရေးထိုးခဲ့ကြပါတယ်။

မင်္ဂလာလက်မှတ် ရေးထိုးပွဲကျင်းပပြီးတာနဲ့ တစ်ပြိုင်နက် မင်္ဂလာဦးအလှူ ဆွမ်းကျွေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်သာသနာ့ဗိမာန်မှာ ဆက်လက်ကျင်းပခဲ့ပါတယ်။ မင်္ဂလာမောင်နှံတို့က သံဃာတော် ၁၁ ပါးကိုပင့်ဖိတ်ပြီး မင်္ဂလာဦးအလှူအဖြစ် သင်္ကန်းအစရှိတဲ့ လှူဖွယ်ဝတ္ထုများ၊ သာသနာ့ဗိမာန်အတွက် အလှူငွေများ လှူဒါန်းပေးခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ပြီး တက်ရောက် ချီးမြှင့်တဲ့ မိတ်ဆွေအပေါင်းအသင်းများကိုလည်း နေ့လယ်စာနဲ့ တည်ခင်းကျွေးမွေးခဲ့ပါတယ်။

မင်္ဂလာညှော်ခံပွဲ အခမ်းအနားကို ည ၇ နာရီအချိန် မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်မှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ အနုပညာလောကမှ သရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများနဲ့ ဂီတလောကမှ အဆိုတော်များအပြင် မိတ်ဆွေအပေါင်းအသင်းများလည်း စုံစုံညီညီတက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဦးငယ် ရဲငွေစိုး၊ မေကဗျာတို့နဲ့ အမှတ်တရ မင်္ဂလာမောင်နှံ



မင်္ဂလာဦးအလှူအဖြစ် ရဟန်းသံဃာတော်များကို လှူဖွယ်ဝတ္ထုအစုစု ကပ်လှူနေတဲ့ မင်္ဂလာမောင်နှံ



မင်္ဂလာမော်ကွန်းတင်သက်သေလက်မှတ်ရေးထိုးခြင်းအခမ်းအနားမှာ နှစ်ဖက်သက်သေအဖြစ် ပါဝင်ဆောင်ရွက်ကြသူများ၊ တာရာ့ဘကြီး(၂)ဒေါ်စန်းစန်းဌေးနဲ့ အမှတ်တရ မင်္ဂလာမောင်နှံ



ခဲ့ကြပါတယ်။

ဖြိုးငွေစိုးနဲ့ ဇင်ဇင်သန့်တို့က ဒီဇိုင်နာ မပုံ ချုပ်လုပ်ပေးထားတဲ့ မင်္ဂလာဝတ်စုံများကို ဝတ်ဆင်ခဲ့ကြပါတယ်။

ဖြိုးငွေစိုးက ဧပယ်လ်ဖူးမှာ မင်္ဂလာပွဲ ကျင်းပဖြစ်သွားတာနဲ့ ပတ်သက်ပြီး 'ကျွန်တော်တို့ နှစ်ယောက်အတွက်တော့ အသက်အရွယ်အရရော၊ ကျွန်တော့်ရဲ့ ရပ်တည်မှုအရရောလုပ်လို့ရတဲ့ အနေအထားလေးမှာ ရောက်ရှိနေတယ်။ ပိုက်ဆံလည်း ရှာနိုင်ပြီပေါ့။ ဒါကြောင့် ကျွန်တော် အစတုန်းက ပြောခဲ့တဲ့ အချိန်အခါသင့်ရင်ဆိုတာ အခုရောက်လာပါပြီ။ ချစ်သူသက်တမ်းလည်း ၆ နှစ်ရှိ ပြီဖြစ်လို့ ကျွန်တော်တို့ အသက်အရွယ်နဲ့လည်း ယူသင့်ပြီဖြစ်လို့ပါ'လို့ ပြောပြခဲ့ပါတယ်။

လူပျိုမင်းသားတစ်ယောက် အိမ်ထောင်ပြုသွားရင် ပရိသတ်အားပေးမှုနည်းသွားမှာ မစိုးဘူးလားလို့ မေးတဲ့အမေးကို ဖြိုးငွေစိုးက 'မင်းသားတစ်ယောက်ဆိုတာ ထက်ကို အသက်အရွယ်အရရော၊ ကျွန်တော် ကလေးမဟုတ်တော့တဲ့အတွက် သရုပ်ဆောင်အလုပ်နဲ့မဟုတ်တောင်မှ စီးပွားရေးအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီလို့ထင်တယ်။ ပြီးတော့ ကျွန်တော့်ကို မိန်းမယူဖို့ မြွေ၁က် ပေးတာလည်း ကျွန်တော့်ပရိသတ်တွေပါပဲ။ ပရိသတ်က မြောက်အပေးဆုံး။ မယူသေးဘူးလား၊ မယူသေးဘူးလားလို့ မေးတယ်။ အဲဒါကြောင့် ကျွန်တော် သူတို့ကို ပြန်မေးလိုက်တယ်။ ဘာကြောင့် ယူစေချင်တာလဲ ဆိုတော့ ကျွန်တော့်ကို ငြိမ်စေချင်လို့တဲ့။ သူတို့က သားသမီးနဲ့ မိဘလို၊ ညီအစ်ကိုလို ဒီ ကောင်တော့ မိန်းမယူလိုက်ရင် ငြိမ်သွားမယ်ဆိုတာမျိုး မြင်ကြတယ် ထင်ပါတယ်။ ဒီစုံတွဲက အရမ်းလိုက်တယ်၊ အရမ်းလှတယ်၊ အဲဒီလိုလည်း မဟုတ်ဘူး။ နောက်ထပ် သူတို့မေးတာ ရှိပါသေးတယ်။ ကျွန်တော့်သေးမှာ တစ်သက်လုံးရှိနေမယ့်သူကို



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမောင်နှံကို
မင်္ဂလာလက်စွပ်ဆင်မြန်းပေးခဲ့ပါတယ်



မင်္ဂလာမောင်နှံအတွက် အမှတ်တရစကားပြောကြားတဲ့
ပြေတီဦးတို့မောင်နှံနဲ့အတူ အနုပညာရှင်များ



မင်္ဂလာမောင်နှံနဲ့အတူ လူမင်း၊ Rဇာနည်နဲ့ ဟက်ကက်

လက်ခံနိုင်ပေးပါ့မလားဆိုတော့ လက်ခံနိုင်တယ်တဲ့။ ပရိသတ်ကလည်း သူ့ကို ချစ်ကြတယ်။ ကျွန်တော့်ပရိသတ်က မိန်းမယူတာ မကြိုက်တဲ့ခေတ် မဟုတ်ဘူး။ အဲဒီလိုလည်း မရှိကြဘူး။ ရှင်းရှင်းပြောရရင် သူတို့တွေသဘောပေါက်ကြတယ်။ မျက်စိတွေ၊ နားတွေအားလုံးပွင့်လင်းသွားပြီလို့ ပြောလို့ရပါတယ်။ ပရိသတ်မြှောက်ပေးလို့ ယူတယ်လို့ပြောရင်လည်း ကွက်တိမှန်ပါတယ်" လို့ ဖြိုးငွေစိုးက ပြောပြခဲ့ပါတယ်။

ဖေယ်လ်ဖူးနေ့မှာ မင်္ဂလာပွဲသုံးပွဲစလုံး လုပ်ဖြစ်တာနဲ့ပတ်သက်ပြီး ဖြိုးငွေစိုးက "ဟုတ်ပါတယ်။ သုံးပွဲလို့ပြောရင်လည်း ရတာပေါ့။ လက်မှတ်ထိုးတယ်၊ ဆွမ်းကျွေးတယ်၊ မင်္ဂလာဧည့်ခံပွဲလုပ်တာပေါ့။ ကျွန်တော် စဉ်းစားတာကတော့ နံပါတ်တစ်ကျွန်တော် နိုင်နင်းရမယ်။ ငွေကြေးနဲ့ပတ်သက်ပြီးတော့ရော၊ ဖိတ်ထားတဲ့ဧည့်သည်တွေကို ဧည့်ခံနိုင်ဖို့လည်း နိုင်နင်းအောင် ကျွန်တော်လုပ်တယ်။ ဖေယ်လ်ဖူးမှာ ကျွန်တော် အရူးလုပ်တာမဟုတ်ပါဘူး။ ဒီနေ့ကိုကြိုက်တာ။ ကျွန်တော် ဗေဒင်လည်း မမေးဘူး။ ဘာမှလည်း မတွက်ချက်ဘူး။ ကျွန်တော်ကြိုက်လို့ ကျွန်တော်လုပ်တာ။ နောက်တစ်ခုက ဧပြီဖူးနေ့မှာလုပ်တာကိုက ကျွန်တော်နဲ့ ပိုလိုက်တယ်လို့ထင်တယ်။ ဇင်ဇင်ကလည်း လုပ်လေ၊ သဘောတူတယ်။ သူနဲ့ ကျွန်တော်နဲ့ အဲဒါတွေ အဆင်ပြေတာ။ ဘာမှလည်း ညှိမနေရဘူး။ အားလုံးအဆင်ပြေတယ်။ အခုလည်းဘာအခက်အခဲမှ မရှိဘဲနဲ့ ကျင်းပနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်နေ့အတွက် အမှတ်တရစကားပြောကြားတဲ့ စိုင်းစိုင်းနဲ့အတူ အနုပညာမောင်နှမရဲ့အပျော်ကိုလည်း တွေ့မြင်ခဲ့ရပါတယ်





မင်္ဂလာသတို့သမီး ဖင်ဖင်သန့်နဲ့အတူ အနုပညာညီအစ်မများအမှတ်တရ

ဟိုတယ်နေရာကအစ မင်္ဂလာကိတ်အဆုံး အကုန် အဆင်ပြေတယ်။ ကျွန်တော်က ဧပြီလ ၂၈ ရက်နေ့မှာ မွေးခဲ့တဲ့သူ ဖြစ်လို့ ဧပြီလဆိုရင် ပျော်ကို ပျော်တယ်။ ပထမတုန်းကတော့ မွေးနေ့မှာလုပ်မယ်လို့ စဉ်းစားသေးတယ်။ သင်္ကြန်ပြီးရင် လူတွေက ပင်ပန်းနေမယ်။ ဒါကြောင့် ဧပယ်လ်ဖူးမှာပဲ လုပ်လိုက်တာပါ။ ကျွန်တော်နဲ့ ရင်းနှီးတဲ့ တော်တော်များများက ကျွန်တော် ဧပယ်လ်ဖူးလုပ်တယ်လို့ ထင်ကြတယ်။ အမြဲတမ်းလည်း နောက်နေကျဆိုပေမဲ့ ဒီတစ်ခါတော့ တကယ်လုပ်မယ်၊ ပျော်လို့လည်း ပါတယ်၊ အားလုံးလည်း ပျော်မယ်လို့ထင်တယ်။ မှတ်မှတ်ရရ ဖြစ်သွားမယ့် အစီအစဉ်လည်းဖြစ်တာပေါ့''လို့ ဖြိုးငွေစိုးက ဧပယ်လ်ဖူးမှာ အရူးမလုပ်ဘဲ တကယ်ညစာစားပွဲကျင်းပခဲ့တာနဲ့ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။

ဖြိုးငွေစိုးနဲ့ ဖင်ဖင်သန့်တို့ရဲ့ မင်္ဂလာညစာစားပွဲ အခမ်းအနားမှာ သတို့သားအရံများအဖြစ် စိုင်းစိုင်းခမ်းလှိုင်နဲ့ ဟက်ကက်တို့က ဆောင်ရွက်ပေးခဲ့ကြပြီး သတို့သမီးအရံများအဖြစ် အွန်ဆိုင်းနဲ့ နန်းခေးမားတို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ထူးခြားတာကတော့ ဖြိုးငွေစိုးရဲ့ မင်္ဂလာညစာစားပွဲမှာ သတို့သား၊ သမီးတို့ရဲ့ ရင်ကပ်ပန်း၊ လက်ကိုင်ပန်းကလွဲရင် ပန်းအလှဆင်ခြင်း လုံးဝ မပြုလုပ်ထားဘဲ မီးပုံးလေးတွေနဲ့ အလှဆင်ထားတဲ့ ပြင်ဆင်မှုကိုပဲ ပြုလုပ်ထားပါတယ်။ အမှတ်တရအနေနဲ့ တက်ရောက်အားပေးတဲ့ သူငယ်ချင်းအနုပညာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များက မင်္ဂလာမောင်နှံအတွက် အမှတ်တရစကားများ စင်မြင့်ထက်မှာ ပွင့်ပွင့်လင်းလင်းနဲ့ ပြောကြားပေးခဲ့ကြတာပါပဲ။

■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေး Dakota Johnson နှင့် မိခင် Melanie Griffith

# ဒါကိုတာဂျွန်ဆန်


**ရီတာအောင်၊ NY၊**

တက်သစ်စ မင်းသမီးလေး Dakota Johnson တစ်ယောက် မနက်ခင်း အိပ်ရာကနိုးနိုးချင်း သူမဘေးကို လှည့်ကြည့်လိုက်တော့ Seth Rogen ကိုတွေ့လိုက်ရာ အံ့သြသွားပါတယ်။ ဆက်သ်ဆိုတာ ကနေဒါနိုင်ငံသား ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသူ၊ ဟာသမင်းသားတစ်ယောက်ပါ။ မင်းသမီး ဒါကိုတာကသာ ဆက်သ်ကို သိပေမဲ့ ဆက်သ်ကတော့ မင်းသမီးကို မသိပေ။ ဒါပေမဲ့ သူတို့နှစ်ယောက် ဘေးချင်းယှဉ်လျှက်သား နာရီအတော်များများ အတူတူ ရှိနေခဲ့ကြတယ်။ သူတို့နှစ်ယောက်သား ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့ကနေ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ကို ပျံသန်းလာတဲ့မနက် ၆ နာရီ ဆိုက်ရောက်မယ့် လေယာဉ်ပေါ် ရောက်ရှိနေကြတာပါ။ မင်းသမီးလေးက ဗန်ကူးဗားမြို့မှာ လက်ရှိ Fifty Shades of Grey ဆိုတဲ့ ရုပ်ရှင်ရိုက်နေပါတယ်။ ဇာတ်ညွှန်းအရ သူမရဲ့ရွှေရောင်ဆံပင်တွေကို အညိုရောင်ရင့်ရင့် ဆေးဆိုးထားတာမို့ ရှိရင်းစွဲအသက် ၂၄ နှစ်ထက် ပိုမိုနုပျိုနေလေရဲ့။ Elle မဂ္ဂဇင်းအတွက် အင်တာဗျူးဖို့ လော့စ်အိန်ဂျလိစ်မြို့ကို ခေတ္တ ပြန်လာခြင်းပါ။ Stephen Rodrick က တတိယမျိုးဆက်မှာ မင်းသမီးဖြစ်လာသူလေးကို တွေ့ဆုံမေးမြန်းတော့ ဒီမနက် လေယာဉ်ပေါ်မှာ ကြုံတွေ့ခဲ့ရပုံကို ရယ်စရာအဖြစ် သူမက ပြန်ပြောပြသွားပါတယ်။ 'ကျွန်မ သူ အိပ်ပျော်နေတာကို လှုပ်နှိုးပြီးတော့ ကျွန်မ ဒါကိုတာပါ။ ရှင့်ပရိသတ်ပါလို့တော့ မပြောချင်ဘူး'တဲ့။

ဟောလိဝုဒ် အနုပညာအသိုင်းအဝိုင်းမှာ ဒါကိုတာက အမှန်တကယ့်ကို တတိယမျိုးဆက်သစ်ကလေးပါ။ သူမရဲ့ဖခင် Don Johnson ဆိုတာ ရုပ်ရှင်နဲ့ရုပ်သံဇာတ်လမ်းတွဲ အမြောက်အမြားမှာ သရုပ်ဆောင်နေဆဲ မင်းသားချောတစ်ယောက် ဖြစ်တယ်။ ဒွန်ဂျွန်ဆန်ရဲ့နာမည်အကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




ရုပ်သံစီးရီးမှာ Miami Vice ဖြစ်ကာ NBC ရုပ်သံချယ်နယ်တွင် ၅ နှစ်ဆက်တိုက်အောင်ပွဲခံနိုင်ခဲ့တယ်။ သူက သီချင်းရေးဆရာ၊ အဆိုတော်ဘဝကိုလည်း ခံယူခဲ့ပါသေးတယ်။

မင်းသမီးလေး ဒါကိုတာရဲ့ မိခင်မှာ အော်စကာဆု ဆန်ခါတင်စာရင်းဝင်ခဲ့ဖူးသူ၊ ရွှေကမ္ဘာလုံးဆု ဆွတ်ခူးဖူးသူ မင်းသမီး Melanie Griffith ဖြစ်ပါတယ်။ မယ်လယ်နီရဲ့ အအောင်မြင်ဆုံးရုပ်ရှင်မှာ **Working Girl** ဖြစ်ပြီး စပိန်နိုင်ငံသား မင်းသား Antonio Banderas နဲ့ အခုလက်ထပ်ထားတာမို့ ပထွေးဖြစ်သူကပါ အနုပညာသည် ဖြစ်နေပြန်ပါတယ်။ မိခင်ဘက်က တော်စပ်သူ အဘိုး Peter Griffith မှာလည်း ကလေးသရုပ် ဆောင်တစ်ယောက်ဖြစ်ခဲ့ပြီး အဘွား Tippi Hedren ကတော့ ၁၉၅၀ ကနေ ယနေ့အထိ ရုပ်ရှင်၊ ရုပ်သံတို့မှာ သရုပ်ဆောင်နေတဲ့မင်းသမီးကြီးပါ။ ဒါကိုတာကို အမေရိကန်ပြည်ထောင်စု တက်ဆက်ပြည်နယ်၊ အော်စတင်မြို့ကလေးမှာ မွေးဖွားခဲ့တယ်။ ငယ်ရွယ်တဲ့ အချိန်တုန်းက ကခုန်ရတာကိုသာ ဝါသနာပါခဲ့ပေမဲ့ အသက် ၁၂ နှစ်လောက်မှာ ကျော်ကြားသူတို့ရဲ့ သားသမီးများကဏ္ဍအတွက် Teen Vogue မဂ္ဂဇင်း ဓာတ်ပုံရိုက်ခံရင်း မော်ဒယ်လ်ဘဝကို စိတ်ဝင်စားလာခဲ့တယ်။ ပထွေးဖြစ်သူ အန်တိုနီယိုဘန်ဒီးရက်စ်ကိုယ်တိုင် ဒါရိုက်တာလုပ်တဲ့ **Crazy in Alabama** ရုပ်ရှင်မှာ စတင်ဝင်ရောက်သရုပ်ဆောင်ခွင့်ရခဲ့တယ်။ အဲဒီတုန်းက ဒါကိုတာ ၁၀ နှစ်သမီးလေးပဲ ရှိပါသေးတယ်။

၂၀၀၆ ခုနှစ် ၁၇ နှစ်အရွယ်မှာ IMG မော်ဒယ်လ်လုပ်ငန်းကြီးမှ ကမ်းလှမ်းလာလို့ စာချုပ်ချုပ်ခဲ့တယ်။ IMG(International Model Management) လုပ်ငန်းကြီးက နယူးယောက်၊ လန်ဒန်၊ မီးလန်း၊ ပဲရစ်စ်၊ ဆစ်ဒနီ အစရှိတဲ့ ဖက်ရှင်ဒီဇိုင်းမြို့ကြီးများမှာ ရုံးခန်းဖွင့်ထားပြီး ကမ္ဘာ့နံပါတ်တစ် မော်ဒယ်လ်လေး



www.burmeseclassic.com

www.burmeseclassic.com

များစွာ မွေးထုတ်ပေးထားပါပြီ။

၂၀၀၉ ခုနှစ်မှာ MANGOတံဆိပ် ဂျင်းဝတ်စုံများအတွက် မော်ဒယ်လ်မလေး ဖြစ်လာခဲ့တယ်။ အထက်တန်းကျောင်းပြီးတဲ့အချိန် William Morris အေဂျင်စီနှင့် စာချုပ်ပြီး သရုပ်ဆောင်တစ်ယောက်ဖြစ်လာဖို့ ကြိုးစားအားထုတ်ခဲ့ရာ The Social Network လို ရုပ်ရှင်မှာ ပါဝင်ခွင့် ရသွားခဲ့တယ်။ အဲဒီရုပ်ရှင် ရုံတင်အပြီး သူမရုပ်ရှင် ၉ ကားဆက်တိုက် ရိုက်ခွင့်ရပြန်တယ်။ ရုပ်သံစီးရီး ၂ ခုလည်း လက်ခံရိုက်ပေးခဲ့ရပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှာ စာရေးဆရာမ E.L.James ရေးသား



မိခင်တို့နဲ့အတူ မင်းသမီးလေး Dakota Johnson

သော **Fifty Shades of Grey** ရုပ်ရှင်မှာ ခေါင်းဆောင်ပါဝင်ဖို့ ကမ်းလှမ်းခြင်းခံခဲ့ရတယ်။

အဲဒီဝတ္ထုမှာ ၃ အုပ်တွဲဖြစ်ပြီး အမည်များမှာ **Fifty Shades of Grey**, **Fifty Shades Darker** နဲ့ **Fifty Shades Freed** တို့ဖြစ်ကြတယ်။ ယနေ့အထိ ကမ္ဘာတစ်ဝန်းမှာ အဲဒီစာအုပ်များ သန်းပေါင်း ၇၀ ကျော်အောင် ပရိသတ်အားပေးခြင်း ခံနေရတယ်။ အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာ အုပ်ရေ ၃၅ သန်းကျော် ရောင်းချပြီးဖြစ်တယ်။ ကမ္ဘာပေါ်မှာ အရောင်းအသွက်ဆုံး စာအုပ်အဖြစ် စံချိန်တင်ထားပါသေးတယ်။

ဤရွေ့ ဤမျှ နာမည်ကြီးနေတဲ့ စာအုပ်ကို ရုပ်ရှင်အဖြစ် ဖန်တီးရာမှာ ဒါကိုတာလို မင်းသမီးငယ်လေးအား ရွေးချယ်လိုက်ခြင်းအပေါ် ဟောလိဝုဒ်အသိုင်းအဝိုင်းတစ်ခုလုံးက စိတ်ဝင်တစား အာရုံစိုက်မိသွားကြတယ်။ ဒါကြောင့်လည်း အင်တာဗျူးဖို့ အသေအချာ စီစဉ်ခေါ်ယူလိုက်ခြင်းပင်။


သူမရဲ့ အပြာရောင်မျက်ဝန်းတွေကို ပြူးပြူးလေးဖြစ်သွားအောင် ချစ်စဖွယ်လုပ်ပြလိုက်ရင်း 'ဘယ်လိုစခန်းသွားရမလဲဆိုတာ ကျွန်မမှာ ဘာအကြံဉာဏ်မှ မရှိနေခဲ့ပါဘူး။ ကျွန်မဘဝကို ကောင်းကောင်းလေး ရှေ့ဆက်လျှောက်နိုင်အောင် ကျက်သရေရှိရှိ အလုပ်ကြိုးစားပြသွားမယ်လို့ ရည်ရွယ်ထားတယ်။ ကျွန်မက တကယ့်ကို သာမန်လူသားတစ်ယောက်သာ ဖြစ်ပါတယ်။ ပြီးတော့ အမျိုးသမီးတွေဟာ သူတို့ကို ပျော်ရွှင်အောင် လုပ်ပေးနိုင်တဲ့၊ သူတို့ကလည်း အလိုရှိတဲ့ရင်းနှီးပတ်သက်မှုမျိုးကိုပဲ လက်သင့်ခံသင့်တယ်' လို့ပြောပြပါတယ်။ Fifty Shades ရုပ်ရှင်မှာ NC-17 (No Children Under 17 Admitted) အမျိုးအစား ဖြစ်ပါတယ်။ လူရွေးပွဲမှာ ဒါကိုတာအား ၁၉၆၆ ခုနှစ်တုန်းက ရုံတင်ပြသခဲ့တဲ့ ဆွီဒင်ရုပ်ရှင် Persona ထဲမှ မင်းသမီး Ingmar Bergman ပုံစံလုပ်ပြခိုင်းကြတယ်။ ဒါကိုတာက 'ဘာပဲလုပ်ခိုင်းခိုင်း ကျွန်မအတွက် ဘာပြဿနာမှ မရှိပါဘူး။ လျှို့ဝှက်ချက်ကတော့ ကျွန်မ မရှက်တတ်လို့ပါ' တဲ့။

မရှက် မကြောက်တတ်တဲ့ စိတ်ထားကြောင့်လည်း မင်းသမီးလေးဒါကိုတာဟာ နာမည်ကျော် အမှတ်တံဆိပ်ရှိတဲ့ ကုန်ပစ္စည်းတစ်ခုလို ဈေးကွက်မှာ ထိုးဖောက်ထင်ရှားလာတာပါ။ အခြားသော တက်သစ်စငွေကြယ်ပွင့်တွေနဲ့ သူတို့ရဲ့ အေးဂျင့်များ Fifty Shadesဇာတ်ညွှန်းကို ကိုင်ကြည့်ဖို့ တွန့်ဆုတ်ဆုတ် ဖြစ်နေကြချိန်မှာ ဒါကိုတာက ရွေးချယ်အကဲဖြတ်မယ့်သူတွေ ခိုင်းစေခဲ့တဲ့အတိုင်း ရဲရဲတင်းတင်း သရုပ်ဆောင်ပြခဲ့တယ်။

သူမက 'ကုမ္ပဏီရဲ့ ပထမရွေးထားတဲ့ မင်းသားက Sons of Anarchy ရုပ်သံစီးရီးမှာပါတဲ့ Charlie Hunnam ပါ။ အကဲဖြတ် အဖွဲ့ဝင်တွေရှေ့မှာ ချာလီနဲ့တွဲပြီး ချစ်ကျွမ်းဝင်တဲ့အခန်း လုပ်ပြခဲ့တယ်။ ဒါပေမဲ့ သူက ဒီပရောဂျက်အတွက် မလုပ်ဖြစ်တော့ဘူးဆိုပြီး ထွက်သွားတော့ သူ့နေရာကို Jamie Dornan ဝင်လာတယ်။ (အဲဒီမင်းသား ဂျေမီဒေါ်နန်မှာ အိုင်းရစ်ရှ် အမျိုးသား ရုပ်ရှင်သရုပ်ဆောင်၊ မော်ဒယ်လ်နှင့် ဂီတသမားတစ်ယောက်ဖြစ်တယ်။) အရွေးခံရဖို့ ကြိုးစားနေရချိန်တွေဟာ တော်တော်ခက်ခဲ ပင်ပန်းလှတယ်။ နေ့တိုင်းလိုလိုပဲ ကျွန်မမှာ 'ငါဘာဖြစ်နေတာတုံး' လို့ ကိုယ့်ကိုယ်ကို ဆန်းစစ်မိတယ်။ ပြီးတော့ ဒီရုပ်ရှင်အတွက် အရွေးခံရရင်ရ၊ မရလို့ကတော့ ငါ အသုံးမကျတဲ့လူဖြစ်ပြီ' လို့လေ။

ရုပ်ရှင်ထဲက Ana Steele ကာရိုက်တာအကြောင်း စိုးရိမ်ပူပန်မှုမရှိဘဲ ယင်းဇာတ်ရုပ်နဲ့ နေသားကျနေပြီးသလို ပြောပြသွားနိုင်ခဲ့တယ်။ 'အန်နာဆိုတာ တကယ့်ပြင်ပမှာရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ကျွန်မထင်ပါတယ်။ သူနဲ့

www.burmeseclassic.com




ပတ်သက်ပြီး အတုအပ ဟန်ဆောင်ဖန်တီးထားတာရယ်လို့ မတွေ့ရဘူး။ အဲဒါကို ကျွန်မက လေးစားတန်ဖိုးထားတာ။ သူက တစ်ခါတစ်ရံ အူကြောင်ကြောင်၊ ပေါက်တောက်တောက် ဖြစ်တတ်သလို ချက်ချာပါးနပ်တဲ့ မိန်းကလေးလည်းဖြစ်တယ်။ ဒီလိုပုံစံရှိတာကိုက သာမန်လူသားတစ်ယောက်ဆိုတာ အထင်းသားပဲလေ'တဲ့။

ဟောလိဝုဒ်ရဲ့ ထင်ရှားကျော်ကြားတဲ့ မိဘနှစ်ပါးက မွေးလာသူပေမဲ့ ဒါကိုတာက သာမန်မိန်းကလေးတစ်ယောက်လိုပဲ ရိုးရိုးတွေး၊ ရိုးရိုးနေတတ်သူပါ။ သူမနဲ့ စကားများများ ပိုပြောဖြစ်လေ သူမက ရိုးစင်းပြီး ဉာဏ်ကွန့်မြူးမှု နည်းသူတစ်ယောက်ဆိုတာ ပိုမိုသိသာထင်ရှားလာလေပါပဲ။ ဟိုတယ်ဧည့်ခန်းမှာ ထိုင်စကားပြောရင်း အမျိုးသမီးတစ်ယောက်ကို လှမ်းပြီး လက်ပြနှုတ်ဆက်လိုက်ပါသေးတယ်။ သူမရဲ့ ငယ်သူငယ်ချင်းလို့ ပြောပြပါတယ်။ ဖခင်ဒွန်ဂျွန်ဆန်ဆီက ပါးရိုးကျပုံ၊ မိခင် မယ်လယ်နီဆီက မီးခိုးပြာရောင် မျက်လုံးတို့ကို သူ အမွေရထားလေရဲ့။

ရှေ့စားပွဲပေါ်က ကော်ဖီမည်းနဲ့ ကြက်ဥခေါက်ကြော်တို့ကို စားသောက်နေရင်း 'စာအုပ်ဖတ်ရတာကို ကျွန်မ ပိုစိတ်ဝင်စားတယ်။ ရုပ်ရှင်ပိတ်ကားပေါ်က စိတ်ခံစားချက် အပြည့်သွင်း၊ အသေအကျေ လုပ်ပြတာထက်စာရင်ပေါ့။ ယောက်ျားတစ်ယောက် ညွှတ်ခွေကျသွားအောင် မိန်းမသားက လုပ်နိုင်စွမ်းရှိကြောင်း ပြချင်တယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မ ကိုယ့်ကိုယ်ကို လုပ်နိုင်မယ်ဆိုတဲ့ ယုံကြည်စိတ်ချမှု ရှိပါတယ်။ ပထမပိုင်းမှာတော့ အရမ်းကြီး စိတ်နှစ်မြှုပ်လို့ မရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မ နည်းနည်းကြောက်နေမိလို့ပဲ။ ဒီလို အလွန်အကျွံကြီးတွေ အရင်က လုပ်မှမလုပ်ခဲ့ဖူးတာကိုး။ ဒါပေမဲ့ ဒါဟာ ကျွန်မလုပ်ကိုလုပ်ရမယ့် တစ်စုံတစ်ရာပဲလို့ နားလည်အောင် လက်ခံလုပ်ဖြစ်သွားတယ်'

အင်တာဗျူးဖြေရင်း ဒါကိုတာ စားသောက်နေတာ ချင့်ချိန်စားသောက်မှု ပုံမှန်ပါပဲ။ ဒါပေမဲ့ မကြာသေးခင်က အတင်းအဖျင်း စာစောင်တချို့မှာ ယင်းရုပ်ရှင်ရိုက်နိုင်ဖို့ မင်းသမီးက သစ်သီးဖျော်ရည်တွေချည်းပဲ သောက်နေတယ်လို့ ရေးသားကြပါသေးတယ်။ 'ပြီးခဲ့တဲ့ နွေရာသီတုန်းက ကျွန်မ နယူးယောက်မြို့မှာ ရှိနေခဲ့တယ်။ ရှိတ်စပီးယားရဲ့ **Cymbeline** ရုပ်ရှင်ရိုက်နေချိန်ပေါ့။ သူငယ်ချင်းတစ်ယောက် အိမ်မှာရောက်နေတုန်း ကျွန်မဆီ တယ်လီဖုန်းဝင်လာတယ်။ ကျွန်မကို Ana Steele အဖြစ် ရွေးချယ်လိုက်ပြီဆိုတာ လှမ်းအကြောင်းကြားတာပေါ့။ ကျွန်မ စိတ်လှုပ်ရှား ဝမ်းသာပြီး ငိုမိတယ်။ ကျွန်မ အဲသလို ငိုနေချိန် ကျွန်မ ရောက်နေတဲ့ အိမ်မှာခွေး ၃ ကောင် ရှိတယ်။ တစ်ကောင်က ကျွန်မ ခြေထောက်အောက်မှာ ဝပ်နေတာပေါ့။ သူ့ဘာသာသူ အိပ်နေတာပေမဲ့ ကျွန်မက 'ဟိတ်ကောင် ထစမ်း။ ဒီလောက် စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ကိစ္စကို'လို့ ဖြစ်မိတယ်။ ပြီးတော့ ကျွန်မ ဝီစကီတစ်ခွက် ထမော့ရသေးတယ်'

အရွေးချယ်ခံရပြီးပေမဲ့ ကုမ္ပဏီနဲ့ စည်းကမ်းသတ်မှတ်ချက်အရ ဘယ်တစ်စုံတစ်ယောက်ကိုမှ ကြိုတင်အသိပေးခွင့် မပြုပေ။ သူမရဲ့ မိဘ၊ အဘွားတို့ကိုပင် လျှို့ဝှက်ထားခဲ့ရတယ်။ အခုဇာတကယ်ဆို မင်းသမီးလေး ဒါကိုတာက



www.burmeseclassic.com

www.burmeseclassic.com

မိဘတွေနဲ့ တရင်းတနှီးနေတတ်သူပါ။ သူမရဲ့မိခင်က ၁၈ နှစ် သမီးအရွယ်မှာ ဖခင်ဒွန်ဂျွန်ဆန်နှင့် လက်ထပ်ခဲ့ပြီး အချိန်တိုအတွင်း ကွာရှင်းလိုက်ကြတယ်။ ဒါပေမဲ့ ချစ်သူနှစ်ယောက် စိတ်လည်ကာ ပြန်လည်လက်တွဲလိုက်ကြပြီး သမီးလေး ဒါကိုတာကို မွေးခဲ့တယ်။ မိဘတွေ အလုပ်ရှိတဲ့နောက်တကောက်ကောက်လိုက်နေခဲ့သူမို့ ကျောင်းသူဘဝကလည်း ကမောက်ကမနိုင်လှပြန်တယ်။ 'ကျွန်မတို့ လော့စ်အိန်ဂျလိစ်မှာ နေပေမဲ့ အဖေ ရုပ်/သံစီးရီး Nash Bridges ရိုက်နေတုန်းကဆို တစ်ချိန်လုံး ဆန်ဖရန်စစ္စကို ရောက်နေခဲ့တာ။ ကျွန်မ အမေကတော့ အလုပ်ပေါင်းစုံလျှောက်လုပ်နေတာ။ သူ့ရဲ့နောက်အိမ်ထောင်နဲ့ အတူ ရုပ်ရှင်တွေ ရိုက်နေကြတုန်းပေါ့။ ဒီတော့ ကျွန်မလည်း သူတို့နဲ့တွဲပြီး တစ်ကမ္ဘာလုံးအနှံ့လျှောက်သွားနေခဲ့တာ။ ကျွန်မ အဲဒါကို သိပ်သဘောကျတာပေါ့'တဲ့။ မိဘတွေ အလုပ်ရှိတဲ့ဆီ လိုက်ပါရင်း ဆရာတစ်ယောက်ခေါ်စာသင်ကြားပေမဲ့ အဆင်မပြေလို့ မြောက်ပိုင်း ကယ်လီဖိုးနီးယားက Catholic Boarding အထက်တန်းကျောင်းသို့ အပ်နှံခဲ့ဖူးတယ်။ ဒါပေမဲ့ ကျောင်းဆောင်က အတူနေ မိန်းကလေးတွေနဲ့ အခန့်မသင့်လို့ သူပျော်ရွှင်ခြင်း မရှိခဲ့ပေ။ ဖခင်ကို အတင်းအကျပ်ပူဆာကာ အဲဒီကျောင်းမှ နုတ်ထွက်ခဲ့တယ်။ Santa Monica က ကျောင်းကို ပြောင်းနေပြန်တော့လည်း အတန်းသူအချင်းချင်း သူမရဲ့မိဘတွေအကြောင်း အမြဲချင်စရာဖြစ်အောင် အတင်းလုပ်ပြောခြင်း ခံခဲ့ရ တယ်။ 'ကျွန်မအထင်သူတွေဟာ၊ အထူးသဖြင့် စာနယ်ဇင်းသမားတွေက ကျော်ကြားတဲ့သူတွေရဲ့ ရင်သွေးတွေကို နည်းနည်းလေးမှ အလစ်မပေးဘူး။ ဒါ တော်တော်ဆိုးတာပဲ။ မဟုတ်တာတွေလည်း လုပ်ကြံရေးကြသေးတာ။ အရမ်းဆိုးတယ်။ ကျွန်မ ၁၆ နှစ်သမီးတစ်ယောက်အနေနဲ့ ဘာဆိုဘာမှလုံးဝမလုပ်နိုင်တဲ့ကိစ္စပါ'လို့ ပြန်ပြောပြခဲ့တယ်။

'ကျွန်မကို မာလီဘူး မူးယစ်ဆေးဝါးဖြတ်တဲ့ဆေးရုံမှာ ရက် ၃၀ တက်ခဲ့ရတယ်လို့တောင် စွပ်စွဲခံခဲ့ရတယ်။ အဲဒီလိုမျိုး မဖြစ်ခဲ့ဘူးဆိုတာ ကျွန်မ ကျိန်တွယ်ပြောရဲပါတယ်။ ကျွန်မမိဘတွေမှာ ကိုယ်စီပြဿနာတွေ အသီးသီးရှိခဲ့တာမှန်ပါတယ်။ မိဘတွေနဲ့ရောပြီး ကျွန်မကိုပါ ဆွဲထည့်ကြတာပေါ့'။ဒါဆိုရင် မိဘတွေရဲ့ အသက်မွေး အလုပ်အကိုင်လမ်းကြောင်းကိုပဲ ဘာလို့ရွေးချယ်လုပ်ကိုင်ဖြစ်တာလဲဆိုတဲ့ မေးခွန်းအပေါ် သူမလေးက 'ကျွန်မ အသွေးအသားအစိတ်အပိုင်းကိုက အဲဒါကို နှစ်သက်နေမိတာ။ ကျွန်မ တားဆီးလို့မရတော့ဘူး'လို့ ဖြေပါတယ်။

မင်းသမီးလေး ဒါကိုတာက အလုပ်တစ်ခု လုပ်ကြည့်နေရုံ မဟုတ်တော့ပါဘူး။ သူက အဲဒီလုပ်ငန်းခွင်ကိုပါ တကယ်ကျွမ်းကျင်သူတစ်ယောက်ဖြစ်နေပါပြီ။

'၂၀၀၈ ခုနှစ်လောက်က ကျွန်မ သရုပ်ဆောင်အလုပ်ကို ယဉ်ပါးအောင် ချဉ်းကပ်ဖို့ ကြိုးစားပေမဲ့ အခြေအနေမကောင်းခဲ့ဘူး။ ကျွန်မ လက်လျှော့လိုက်သေးတယ်။ ကျွန်မအသွေးအသားထဲမှာ လုပ်နိုင်တဲ့အစွမ်းအစရှိနှင့်ပြီးသားကို သေချာမသိလို့ဖြစ်ပါလိမ့်မယ်။ ၂၀၁၀ မှာ ကျွန်မ ထုတ်လုပ်သူ Judd Apatow ဆီသွားပြီး ရုပ်/သံစီးရီး Girls ရဲ့ဇာတ်ဝင်ခန်းတွေသွားဖတ်၊ သရုပ်ဆောင်ပြလိုက်သေးတယ်။ သူတို့က ဟာသလိုင်းပါ။ ကျွန်မ စကားပြောတာ သဘာဝကျကျနဲ့ သိပ်ရယ်ရတာပဲလို့ ချီးကျူးပေမဲ့ အဲဒီစီးရီးအတွက်လူက ပြည့်နေပြီးသားဖြစ်နေတော့ ကျွန်မကို မရွေးချယ်တော့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ မိတ်ဆွေထုတ်လုပ်သူ Jason Segel က နောက်ထပ်ဟာသစီးရီးရိုက်ဖို့ လူရှာနေကြတယ်။ စီးရီးအမည်က The Five Year Engagement တဲ့။ ကျွန်မကို ရွေးချယ်လိုက်ကြတော့ ဟာသစီးရီးရိုက်ဖြစ်လိုက်တယ်'

ထုတ်လုပ်သူ ဂျေဆန်က 'ကာရိုက်တာကို သူကချဉ်းကောင်းကောင်းခြယ်လှယ်သွားနိုင်ခဲ့တယ်။ အဲဒီကတည်းက ဒီကလေးမ ရုပ်ရှင်ငွေကြယ်တစ်ပွင့်ဖြစ်လာဦးမှာပဲလို့ သတိထားမိတယ်။ ဒါကြောင့်လည်း ကျွန်တော့်စီးရီးမှာ သူ့အတွက် အခန်းများသထက်များအောင် တိုးပြီး ရိုက်ပေးခဲ့တယ်။ အခု Fifty Shades မှာ ဒါကိုတာလို ရယ်စရာကောင်းအောင် မလုပ်တတ်တဲ့သူဆိုရင် ဇာတ်ကား ညံ့သွားလိမ့်မယ်။ သူက ဟာသဓာတ်ခံရှိတော့ အဓိကပါပဲ။ ပြီးတော့ ကလေးမက တကယ်လည်းလှပါတယ်။ မင်းသမီးတစ်ယောက် ရုပ်ချောပြီး ဟာသလုပ်တတ်တယ်ဆိုတာ တကယ်ရှားပါတယ်။ Meg Ryan တော့ တစ်ယောက်ရှိခဲ့ဖူးတယ်ဆိုပါတော့'လို့ ချီးကျူးပါတယ်။

အင်တာဗျူးဖြေပြီးတော့ Elle မဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ဖို့ အယ်လ်အေမြို့ရဲ့နောက်တစ်နေရာကို ကူးခဲ့ကြတယ်။ ကားနဲ့သွားနေတုန်း သူ့ရဲ့ချစ်သူ Jordan Masterson ဆီက တယ်လီဖုန်းဝင်လာတော့ သူမှာအပြုံးလို့မဆုံးတော့။ ဒါကိုတာက 'ကျွန်မ အဖေနဲ့အမေက ကျွန်မ Fifty Shades အတွက် အရွေးခံရတာပြောပြတော့ အရမ်းအံ့သြသွားကြတယ်။ အမေက ကျွန်မကို ခွေးမလို့ချီးကျူးထောမနာ ပြုသေးတယ်။ သူက သိပ်ချစ်တတ်တဲ့ မိခင်တစ်ယောက်ပါ'တဲ့။

ဓာတ်ပုံစတူဒီယိုထဲရောက်တော့ ဒါကိုတာ ၂ နာရီလောက်ပျောက်သွားခဲ့သေးတယ်။ သူပြန်ထွက်လာတော့ အစိမ်းနုရောင်ဝတ်စုံကျပ်ကျပ်လေးနဲ့ လှပနေပြီ။ မိတ်ကပ်လူးပြင်ဆင်ထားတာမို့ သူ့နှုတ်ခမ်းနီးပြာမျက်လုံးလေးတွေက ပိုမိုတောက်ပနေပြန်သေးတယ်။ ဒီနောက်မှာတော့ စွဲမက်ဖွယ်ကောင်းတဲ့ သူပိုင်ဆိုင်သမျှ အလှအပတွေ ကင်မရာရှေ့မှာ တဝေါဝေါနှင့်သွန်ချသရုပ်ဆောင်ပေးပါတော့တယ်။ ■

ရီတာအောင် (N.Y)



www.burmeseclassic.com

www.burmeseclassic.com





စာရေးဆရာမ နီနီနိုင်(သထုံ) စာရေးဆရာသင်းရီနဲ့အတူ အမှတ်တရစကား ပြောကြားတဲ့ စာရေးဆရာ မြေလတ်မောင်မြင့်သူ

## ဇွန်ပန်းရုံမှာပွင့်တဲ့ ခရေဦးနဲ့ ကမ်းမဲ့ပင်လယ် မိတ်ဆက်

ဧပြီလ ၁ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ HOME Media ခန်းမမှာ ဆရာ သင်းရီရဲ့ **ဇွန်ပန်းရုံမှာပွင့်တဲ့ ခရေဦး** ဝတ္ထုနဲ့ ဆရာမ နီနီနိုင်(သထုံ)ရဲ့ **ကမ်းမဲ့ပင်လယ်** စာအုပ်များ မိတ်ဆက်တဲ့အခမ်းအနား ကျင်းပခဲ့ပါတယ်။ **ဇွန်ပန်းရုံမှာပွင့်တဲ့ ခရေဦး** က ဆရာမနဲ့ ကျောင်းသားတစ်ယောက်ရဲ့ မေတ္တာဇာတ်လမ်းကိုရေးဖွဲ့ထားခြင်းဖြစ်ပြီး **ကမ်းမဲ့ပင်လယ်** ကတော့ လူမှောင်ခို ကုန်ကူးခြင်းအကြောင်း ဆရာမ နီနီနိုင်(သထုံ)က မဟေသီမဂ္ဂဇင်းမှာ အခန်းဆက်အဖြစ် ဖော်ပြခဲ့တာကို လုံးချင်းအဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါတယ်။ **ဇွန်ပန်းရုံ**…ကို လင်းလွန်းခင်စာပေက ထုတ်ဝေခြင်းဖြစ်ပြီး **ကမ်းမဲ့ပင်လယ်** ကိုတော့ နေရီရီ စာအုပ်တိုက်က ထုတ်ဝေပေးခဲ့တာ ဖြစ်ပါတယ်။ ❑

## ဇာတ်လမ်းတွဲနဲ့ သရုပ်ဆောင်ပြဿနာ





ရုပ်ရှင်၊ ဗီဒီယိုကားများ ရိုက်ကူးရာမှာ ကာလတို အတွင်း ရိုက်ကူးပြီးစီးသွားလို့ သရုပ်ဆောင်ချင်း ပြဿနာပေါ်ရင်တောင် ကားမပြီးဘူးဆိုတာ မရှိခဲ့ပါဘူး။ ဇာတ်လမ်းတွဲများ ရိုက်ကူးရာမှာတော့ အချိန် သုံးလေးလအထိ ကြာမြင့်တာဖြစ်လို့ အဲဒီကာလအတွင်းမှာ သရုပ်ဆောင်များ အချင်းချင်း ဆက်ဆံရေးမပြေမလည်ဖြစ်ပါက ရိုက်လက်စ ဇာတ်လမ်းတွဲများ အခက်အခဲ ကြုံရပါတယ်။ 5 Plus မှ စီစဉ်ရိုက်ကူးနေတဲ့ **ဦးရှုံစားနဲ့ ဦးဒိန်းဒေါင်** ဇာတ်လမ်းတွဲမှာဆိုရင် ဟာသသရုပ်ဆောင်ဖြစ်တဲ့ ခင်လှိုင်နဲ့ ဒိန်းဒေါင်တို့က အဓိကဇာတ်ကောင်များ ဖြစ်ပါတယ်။ ရိုက်ကူးနေရင်း တန်းလန်းမှာ သူတို့နှစ်ယောက် အဆင်မပြေ ဖြစ်သွားတဲ့အတွက် **ဦးရှုံစားနဲ့ဦးဒိန်းဒေါင်** ဇာတ်လမ်းတွဲဆက် လက်ရိုက်ကူးရေး အခက်အခဲ ကြုံတွေ့နေရတယ်လို့ ကြားသိရပါတယ်။ ■ **အောင်သန့်ထွန်း**




www.burmeseclassic.com

www.burmeseclassic.com









Rose Cut စိန်နဲ့ မြကို
မြှုပ်ပြီး စီခြယ်ထားတဲ့
နားဆွဲ၊ လည်ဆွဲ၊ လက်ကောက်









ကျောက်စိမ်းကို
စိန်နဲ့ စီခြယ်ထားတဲ့
နားဆွဲ၊ လည်ဆွဲ၊ လက်ကောက်

www.burmeseclassic.com

www.burmeseclassic.com

# ၂၀ နှစ်မြောက် New Star ရဲ့ နှစ်ပတ်လည်ပွဲ

**လင်းနိုင်ဦး**

၁၉၉၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ New Star ရတနာဆိုင်ရဲ့ ၂၀ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနဲ့ New Star ရတနာဆိုင်မှ လက်ဝတ်ရတနာများနဲ့ ဖက်ရှင်ရှိုးပြသတဲ့ အစီအစဉ်ကို မတ်လ ၂၅ ရက်နေ့ ည ၆ နာရီအချိန်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မင်္ဂလာခန်းမမှာ တင်ဆက်ပေးခဲ့ပြီး မတ်လ ၂၆ ရက်နေ့ မနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းမှာ ဖွင့်လှစ်ထားတဲ့ New Star ရတနာဆိုင်မှာ ဖက်ရှင်ရှိုးမှာပြသခဲ့တဲ့ ရတနာများကို အထူးဈေးရောင်းပွဲအနေနဲ့ရောင်းချပေးခဲ့ပါတယ်။ ဖက်ရှင်ပြပွဲမှာ မိုးကုတ်ပေါက်ပေါက်ရဲ့အနောက်တိုင်းညနေခင်းဝတ်စုံ၊ Fashion Euphoria ရဲ့ မြန်မာ့ပိုးထည်ဝတ်စုံတို့ကို ပြည်ပမှ မော်ဒယ်လ်များနဲ့ မြန်မာနိုင်ငံမှ နာမည်ကြီး မော်ဒယ်လ်များက ဝတ်ဆင်ပြသပေးခဲ့ကြပါတယ်။■






www.burmeseclassic.com

www.burmeseclassic.com



သန္တာဗိုလ်



ကျောက်စိမ်းကို
စိန်နဲ့ စီခြယ်ထားတဲ့
နားဆွဲ၊ ရင်ထိုး၊ လက်စွ



နန်းမြတ်ဖြိုးသင်း

www.burmeseclassic.com

www.burmeseclassic.com



နှယ်နှယ်ထွန်း

ခရမ်းဆွဲကို စိန်နဲ့ စီခြယ်ပေးထားတဲ့
နားဆွဲ၊ ရင်ထိုး(ဆွဲသီး)၊
လက်ကောက်၊ လက်စွပ်









www.burmeseclassic.com

www.burmeseclassic.com



နှင်းယမုံဦး



Black Jade (ကျောက်စိမ်းနက်)ကို
စိန်နဲ့ စီခြယ်ပေးထားတဲ့
နားဆွဲ၊ ရင်ထိုး၊ လက်စွပ်




ဖူးပွင့်သခင်



www.burmeseclassic.com

www.burmeseclassic.com







ပတ္တမြားကို
စိန်နဲ့ စီခြယ်ပေးထားတဲ့
နားဆွဲ၊ ရင်ထိုး၊ လက်စွပ်



ခင်နှင်းထိုက်

www.burmeseclassic.com

www.burmeseclassic.com



# ရှမွက်ဇော

ထင်းငြိမ်း

*(ယခင်လမှအဆက်…)*

**အခန်း ၈**

**Faust ၏ညို့ငင်ဖမ်းစားမှု**

*အဲဒီအချိန်တုန်းက ကျွန်တော်က*
*သူ့ကိုအရမ်းချစ်နေတဲ့ကာလပေါ့။*
*ကြားလေသွေးရင်တောင်*
*ဝေးတယ်ထင်ပြီး တစ်ချိန်လုံး*
*ချစ်ပြီးရင်းချစ်၊*
*မိနစ်တိုင်း ချစ်ချင်နေတဲ့ကာလ*
*ဆိုရမှာပဲ။*
*ရစ်ချတ်ဘာတန်*
*ကျွန်မက သာမန်*
*သရုပ်ဆောင်တစ်ယောက်သာ*
*ဖြစ်ပြီး ဘာတန်ကသာ*
*ကြီးမြတ်တဲ့သရုပ်ဆောင်ပါ။*

အဲလစ်ဇဘက်တေလာ

The Taming of the Shrew
ရုပ်ရှင်ဇာတ်ကားမှာ
ဘာတန်ဇနီးမောင်နှံတို့က
ဒေါ်လာနှစ်သန်းသာ
ရင်းနှီးမြှုပ်နှံခဲ့တာဖြစ်ပေမဲ့
ဒေါ်လာ ၁၂ သန်း
မြတ်ခဲ့တာကြောင့်
တော်တော်မြတ်တယ်လို့
ဆိုနိုင်ပါတယ်။ ဒီထက်ပိုပြီး
ရလိုက်တဲ့အမြတ်ကတော့
ဘာတန်အနေနဲ့ သူ ချစ်မြတ်နိုးတဲ့
ကမ္ဘာနှစ်ခုကို ပေါင်းစည်း
ပေးလိုက်နိုင်ခြင်းဖြစ်ပါတယ်။
တစ်ခုကတော့ သူကိုယ်သူ
ရိုက်စပီးယားရဲ့ကဗျာတွေ
ရွတ်ဆိုဖို့အတွက်များ
မွေးလာလေသလားလို့
ထင်ရလောက်အောင်
တွယ်တာလွန်းတဲ့ကဗျာတွေ
ရွတ်ဆိုခွင့်ရခဲ့ခြင်းဖြစ်ပြီး
နောက်တစ်ခုကတော့
သူ ချစ်မြတ်နိုးတဲ့ လစ်ဇ်နဲ့
တွဲဖက်သရုပ်ဆောင်ခွင့်
ရလိုက်ခြင်း ဖြစ်ပါတယ်။
သူ့ဘဝမှာ အောင်မြင်ပါတယ် ဆိုတဲ့
Becket, Iguana,Spy,Woolf တို့နဲ့
ဇာတ်စင်ပေါ်က
အောင်မြင်မှုတွေကို
သူ ကျော်ဖြတ်သွားပါပြီ။
ဒါပေမဲ့ ဘာတန်က ဇာတ်ခုံကိုတော့
ဘယ်တော့မှ ကျောခိုင်းဖို့
စိတ်ကူးမရှိပါဘူး။ ဒီနေရာမှာ
သူ့ကို အပြည့်အဝထောက်ခံသူက
လစ်ဇ်ပါပဲ။ ရုပ်ရှင်ဇာတ်ကားပေါင်း
၃၆ ကား ရိုက်ခဲ့ပြီးတဲ့
လစ်ဇ်က သူကိုယ်တိုင်လည်း
ပြဇာတ်လောကမှာ
သရုပ်ဆောင်းချင်
သေးသူဖြစ်တဲ့အတွက်
တစ်ပွဲတစ်လမ်း
အကဲစမ်းချင်ပါသေးတယ်။
အဲဒီအချိန်မှာ
Doctor Faustus ပြဇာတ်ကဖို့
အကြောင်းဖန်လာပါတော့တယ်။
ဒီပြဇာတ်မှာ သူ ပါဝင်ခွင့်
ရတယ်ဆိုပေမဲ့ စကားတစ်ခွန်းမှ
ပြောရမှာမဟုတ်ပါဘူး။
ဒါလည်းဖြစ်ပါတယ်။ ချစ်တဲ့သူ
စိတ်အားထက်သန်တဲ့အလုပ်မှာ
တစ်တပ်တစ်အား
ပါရမီဖြည့်ခြင်းပဲပေါ့။
အစီအစဉ်ကို စဉ်းစားကြစဉ်ကတော့
တော်တော်ကောင်းတဲ့စိတ်ကူးပဲပေါ့။
The Taming of the Shrew ကို
ရောမမှာ စမရိုက်ခင်
ဇနီးမောင်နှံနှစ်ယောက်
Neville Coghill ကို ဂါရဝပြုဖို့
အောက်စဖို့ဒ်ကို ရောက်ခဲ့ကြပါတယ်။
အချိန်ကာလအားဖြင့် ၁၉၆၆ ခုနှစ်
ဖေဖော်ဝါရီလထဲမှာပါ။
ဘာတန်က အောက်စဖို့ဒ်မှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

သို့

ကလောင်သစ်များအတွက် အရိပ်တစ်ခုအဖြစ် မိုးပေးခဲ့သော ဆရာ ဦးဝင်းငြိမ်းရှင့်…

ကျွန်မရည်ဝေ(လင်းရောင်ခြည်)သည် ရွှေအသစ်တွင် အရွေးချယ်ခံရရန် အကြိမ်ကြိမ် အိပ်မက်မက်ခဲ့သော ကလောင်သစ်တစ်ဦး ဖြစ်ပါသည်။ ဤစာကို တလေးတစား ရေးရခြင်း အကြောင်းအရင်းမှာ ဆရာ ဦးဝင်းငြိမ်းနှင့် ရွှေပရိသတ်များသို့ ကျွန်မဘက်မှ အမှားအယွင်းတစ်ခုအတွက် ရှိသေလေးစားစွာ ဝန်ခံ တောင်းပန်လိုခြင်းကြောင့် ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်မသည် ရွှေအသစ်ကို အကြိမ်ကြိမ်ပို့၍ အစစ်ဆေး ခံခဲ့သော်လည်း ပန်းတိုင်သို့ တစ်ခါမှ မရောက်ခဲ့ဖူးပါ။ ထိုအတွက် စိတ်ဓာတ်လည်း မကျခဲ့ပါ။ တိုး၍တိုး၍ ကြိုးစားခဲ့ပါသည်။ သို့သော် ကလောင်သစ်တို့၏ ထုံးစံအတိုင်း မိမိ၏စာမူကို ပုံနှိပ်စာအဖြစ်ဖော်ပြနိုင်ရေး အတွက် အရူးအမူးဖြစ်ခဲ့ရပါသည်။ ထိုကဲ့သို့ ပုံနှိပ်စာလုံး ကို အပြင်းအထန် ဆာလောင်နေချိန်တွင် အွန်လိုင်းမှ အစ်မပေမာ၏ မြေတောင်မြှောက်ကူညီမှုဖြင့် ဝတ္ထုတို ပေါင်းချုပ် ထုတ်ခွင့်ရခဲ့ပါသည်။ စိတ်တိုင်းကျသော စာမူများကို ရွေးချယ်လိုက်သောအခါ ရွှေအသစ်သို့ ပို့ထားသော စာမူတွေချည်း ဖြစ်နေခဲ့ပါသည်။ ဘာလုပ် သင့်သည်ကို ချိတုံချတုံ စဉ်းစားပြီးသောအခါ လောလော လတ်လတ် စာအုပ်ဖြစ်လာမည့်အရေးကို ဦးစားပေးလိုက် မိပါသည်။ ကျွန်မ၏ ကြိုးလေးသုံးချောင်းဟူသော ဝတ္ထုတိုပေါင်းချုပ်သည် ဖေဖော်ဝါရီလဆန်းတွင် ဖြန့်ချိ နိုင်ခဲ့ပါသည်။ ဧပြီလထုတ် ရွှေအမြုတေတွင် ကျွန်မ၏ **အချစ်ဆုံးသားကောင်** ဟူသော ဝတ္ထုတိုကို ရွှေအသစ်အဖြစ် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပါသည်။ ထိုဝတ္ထုသည် တစ်အုပ်စာ မပြည့်သောကြောင့် ကျွန်မ၏ **ကြိုးလေးသုံးချောင်း** ဝတ္ထုတိုပေါင်းချုပ်တွင် ထည့်သွင်း ဖော်ပြလိုက်ပြီး ဖြစ်ပါသည်။ ရွှေအမြုတေ၏ စည်းကမ်းနှင့်ဆိုလျှင် ကျွန်မသည် စည်းမစောင့်၊ စည်းကမ်းမလိုက်နာနိုင်သူတစ်ဦးဖြစ်ခဲ့ပါသည်။ သို့သော် မလေးမစား၊ မထီမဲ့မြင်လုပ်ခြင်း မဟုတ်ရပါ။ ရွှေအသစ်သို့ ပို့ပင်ပို့ထားသော်လည်း မိမိအရည်အချင်းနှင့် ရွေးချယ်ခံရသည့်အဆင့်သို့ မရောက်နိုင်ဟု ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းခဲ့ခြင်း၊ မဂ္ဂဇင်းအချင်းချင်း ပို့ခြင်း မဟုတ်ပါဘဲ ကိုယ်ပိုင်စုစည်းမှုဖြစ်ခြင်းမို့ တိုက်ပြိုင် မဟုတ်ဟု တွေးထင်မှားခဲ့မိခြင်း၊ လက်ရှိပုံနှိပ်ဖြစ်မည့် စာအုပ်အတွက် စာမူအရေအတွက် မပြည့်ခြင်းတို့ကြောင့် ထည့်သွင်းပေးလိုက်မိခြင်းဖြစ်ပါသည်။ မရည်ရွယ်ဘဲ စည်းကမ်းဖောက်ဖျက်မိသလို ဖြစ်သွားခဲ့ပါသည်။ ဆရာ

ချစ်သုဝေ



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ဂျွန်ဟပ်စတန်ရိုက်ကူးထားတဲ့
Reflections in a Golden Eye ဇာတ်ကားမှာ
လစ်ဇ်နဲ့အတူ မာလွန်ဘရန်ဒိုတို့က ပါဝင်သရုပ်ဆောင်ထားပါတယ်

Eter College မှာ ခြောက်လ လာတက်ဘန်းက အနီးကပ်သင်ကြားပို့ချပေးခဲ့တဲ့သက်ဦးဆရာဖြစ်တာကြောင့် လာရောက်ဂါရဝပြုတာဖြစ်ပါတယ်။ ကော့ဟေးလ်ကလည်း မွေးစားဖခင်ဖြစ်တဲ့ လစ်ဘာတန်လိုပဲ သူ့အပေါ်ချစ်ခင်တဲ့အပြင် 'တစ်နေ့မှာ ဒီကလေးဟာ အောင်မြင်ကျော်ကြားတဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်လိမ့်မယ်' လို့လည်း ကြိုတင်ဟောကိန်းထုတ်ခဲ့သူပါ။ ကော့ဟေးလ်က ဘာတန်ရဲ့သင်တန်းဆရာဖြစ်လို့ သူ့ရိုပို့ကတ်မှာ လွန်ခဲ့တဲ့ နှစ် ၂၀ ကတည်းက 'သူက ယောက်ျားပီသပြီး ရင်တွင်းခံစားချက်ပေါ်လွင်အောင် သရုပ်ဆောင်နိုင်တယ်' လို့မှတ်ချက်ရေးခဲ့သူပါ။ ကော့ဟေးလ်ကပဲ ကမကထလုပ်ပြီး ပြဇာတ်လောကမှာ ထင်ရှားတဲ့ဆရာကြီးများဖြစ်ကြတဲ့ Sir John Gielgud, Hugh Binkie Beumont အပါအဝင် တခြားဆရာတွေကိုပါ ဖိတ်ပြီး သူ ရှာဖွေတွေ့ရှိထားတဲ့ ကျောက်ရိုင်းကလေးတစ်ပွင့်ရဲ့ အရည်အသွေးကို အကဲဖြတ်စေခဲ့ပါတယ်။ ဒီဆရာတွေရဲ့ ပံ့ပိုးမှုကြောင့် လန်ဒန်



www.burmeseclassic.com

www.burmeseclassic.com



Reflections in a Golden Eye ဇာတ်ကားမှ လစ်ဇ်နဲ့ ဘရန်ဒိုတို့ရဲ့ သရုပ်ဆောင်ပုံ




ပြဇာတ်လောကကို ဝင်ရောက်ရာမှာ အဆင်ပြေချောမွေ့ခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။

၁၉၄၄ ခုနှစ်တုန်းက ရိုက်စပီးယားပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ Measure for Measure ကို ကော့ဟေးလ်က ဒါရိုက်တာလုပ်တော့ ဘာတန်ကို အိန်ဂျလိုနေရာမှာ သရုပ်ဆောင်စေခဲ့ပါတယ်။ ကျေနပ်အားရတဲ့ ကော့ဟေးလ်က 'ကျွန်တော့်မှာ ပါရမီရှိတဲ့တပည့်တွေအများကြီးရှိသလို ပါရမီနည်းတဲ့တပည့်တွေလည်းအများကြီး ရှိပါတယ်။ ဒါပေမဲ့ မွေးရာပါထူးချွန်တဲ့ တပည့်ကတော့ နှစ်ယောက်ပဲ တွေ့ခဲ့ရတယ်။ W.H. Auden နဲ့ ရစ်ချတ်ဘာတန်တို့ပါပဲ' လို့လည်း ဆိုခဲ့ဖူးပါတယ်။ အောက်စဖို့ဒ်မှာ ခြောက်လသင်တန်း တက်ခဲ့တာက ဘာတန်အတွက် အရည်အသွေးတက်လာစေခဲ့ပါတယ်။ အသက်အရွယ်အားဖြင့် တခြားကျောင်းသားတွေထက် ကြီးပေမဲ့ ဝေလပြည်နယ်သားဖြစ်တာကြောင့် အင်္ဂလိပ်စကားပြောရာမှာ ဝဲတဲ့အတွက် ဘာသာစကား အခက်အခဲရှိတာကြောင့် သူများနဲ့ တန်းတူလိုက်နိုင်အောင် အသေအလဲကြိုးစားခဲ့ရပါတယ်။ အဲဒီကာလက အကြောင်းဘာတန်က ပြန်ပြောပြရာမှာ 'ကျွန်တော်အောက်စဖို့ဒ်ရောက်တော့ တောသားပီပီရိုင်းနေသေးတယ်။ လေသံကလည်း ဝေလသားပီပီ အသံလုံးကြီးကြီးပေါ့။ ဒါပေမဲ့ရည်မှန်းချက်ကတော့ ကျောင်းကတင်ဆက်တဲ့ ပြဇာတ်တိုင်းမှာခေါင်းဆောင်မင်းသားနေရာကို ရရမယ်ပေါ့' လို့ သူ့ရည်မှန်းချက်ကြီးမားခဲ့ပုံကို ပြောပြပါတယ်။ ကော့ဟေးလ်နဲ့ ဘာတန်ရဲ့ သူငယ်ချင်း ရောဘတ်ဟာဒီအပါအဝင်တခြားမိတ်ဆွေများကလည်း ဘာတန်ကိုအထင်ကြီးခဲ့ကြပါတယ်။ အထူးသဖြင့် ယောက်ျားပီသမှုနဲ့ အသံသြဇာတို့က ဘာတန်အတွက် အလေးသာစေခဲ့ပါတယ်။

ဟာဒီက အမှတ်တရပြန်ပြောပြတာကတော့ '၁၉၄၄ ခုနှစ်မှာ သူဘွဲ့ကြိုကျောင်းသားအဖြစ် အောက်စဖို့ဒ်မှာ ကျောင်းလာတက်တော့ လူက လူချောဖြစ်တဲ့အပြင် ဇဝနဉာဏ်ကလည်း ရှင်သေးတာ။ သူ့ရယ်သံကိုက အားလုံးကို ကူးစက်ရှင်မြူးစေတယ်။ အဲဒါတွေအပြင် သူ့မှာ ထူးခြားချက်တွေ၊ လှို့ဝှက်ချက်တွေလည်း အများကြီးရှိခဲ့တာပေါ့' လို့ ဆိုပါတယ်။

ဘာတန်တို့မောင်နှံ ကော့ဟေးလ်ဆီကိုရောက်သွားချိန် အောက်စဖို့ဒ်တက္ကသိုလ်က ဇာတ်ရုံဆောက်ဖို့ ရန်ပုံငွေရှာဖို့ ပြဇာတ်ကမယ်လို့ စီစဉ်နေချိန်ဖြစ်နေတယ်။ ပြဇာတ်တင်ဆက်ရင် ရန်ပုံငွေဒေါ်လာ လေးသောင်းလောက် ရနိုင်မှာ ဖြစ်တာကြောင့် The Tragical History of Doctor Faustus ကမယ်လို့ စီစဉ်ထားကြပါတယ်။ ဒီပြဇာတ်မှာ ခေါင်းဆောင်နေရာကနေ ဘာတန် က ပေးဖို့ သဘောတူလိုက်ပါတယ်။ လစ် က သူလည်းပါမယ်ဆိုတော့ စကား ခွန်းမှ မပြောရဘဲ စတီသ ပါရမယ်



www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ ထားလိုက်ကြတယ်။ သမိုင်းဝင်မင်းသမီးတစ်ပါးဖြစ်တဲ့ Helen of Troy နေရာကပါ။ နှစ်ယောက်စလုံးက အမ်ိတက္ကသိုလ်ကို ကျေးဇူးဆပ်ခြင်းလို့ ခံယူချက်နဲ့ ပါဝင်ကြခြင်းပါပဲ။

ဒီတစ်ကြိမ် အောက်စဖို့ဒ်ကို ပြန်ရောက်လာခြင်းက ဘာတန်အတွက် တကယ့်ကို အမှတ်တရပါပဲ။ သူ့ဘေးမှာ ဘယ်တုန်းကမှ မှန်းမထားတဲ့ ဇနီးချောပါလာတဲ့အပြင် သူနဲ့အတူ ပြဇာတ်ဝင်ကပေးဦးမှာလေ။ လစ်ဇ်ကတော့ ခင်ပွန်းသည်ကို သင်ယူလို့ မကုန်နိုင်တဲ့ အနုပညာတွေ ဒီကျောင်းတော်ကြီးမှာ သင်ယူစေချင်သေးတာ။ ခင်ပွန်းသည်ကသာ ကျောင်းတက်ဦးမယ်ဆိုရင် သူက အောက်စဖို့ဒ်မှာနေကြဖို့ အိမ်ဝယ်မယ်၊ အပျင်းပြေအောင် ပြိုင်မြင်းတွေ မွေးမယ်လို့ စိတ်ကူးထားပါတယ်။ အဲဒီလိုသာ နေခွင့်ရကြမယ်ဆိုရင်ဖြင့် ဘဝက သာမန်လူတွေလို လွတ်လွတ်လပ်လပ် ပျော်စရာကောင်းမယ်လို့လည်း တွေးခဲ့မိတာပါ။

ဘာတန်ဇနီးမောင်နှံတို့က အောက်စဖို့ဒ်ဇာတ်ရုံနဲ့ ခဲတစ်ပစ်အကွာလောက်မှာသာရှိတဲ့ Randolph ဟိုတယ်မှာ ရက်သတ္တပတ် သုံးပတ်တည်းခဲ့ကြပါတယ်။ ထောမဆယ်ရက်မှာ ဇာတ်တိုက်ကြပြီး တကယ်ကပြတဲ့ရက်က ဆယ်ရက်ရှိခဲ့ပါတယ်။ သူတို့နှစ်ယောက်က စာသင်သားကျောင်းသားတွေကို သူတို့တည်းတဲ့ဟိုတယ်သို့ လာခိုင်းထားပြီး ဇာတ်ဝင်ခန်းတွေအတွက် အနီးကပ်လေ့ကျင့်ပေးတာကြောင့် ကျောင်းသားတွေမှာ ကမ္ဘာကျော်ဇနီးမောင်နှံတို့ရဲ့ မာန်မာနကင်းမှုကို လေးစားမဆုံးရှိခဲ့ကြပါတယ်။ ဘာတန်က ကျောင်းသားတွေကို သူ့အတွေ့အကြုံ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြနေရင် လစ်ဇ်က ကျောင်းသားတွေအတွက် စားဖွယ်ရာတွေကို ကိုယ်တိုင်စီစဉ်ပေးပါတယ်။ ဘာတန်က ကွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က သူတွေ့ဆုံသိကျွမ်းခဲ့ရတဲ့ ဂီးလ်ဂတ်၊ အိုလီဗီယာနဲ့ ကော့ဂ်ဟီးလ်တို့ အကြောင်းပြောပြပါတယ်။ အခုပြန်ဆုံကြတဲ့အခါ ကော့ဂ်ဟီးလ်က ပါမောက္ခအဖြစ်ကနေ အနားယူခါနီးဖြစ်နေပါပြီ။ သူက လစ်ဇ်နဲ့ရော ဘာတန်ရဲ့အဝတ်အစားတာဝန်ခံ ဘော့ဗ်ဝီလ်ဆင်နဲ့ပါ တစ်ခဏအတွင်းမှာပဲ ရင်းနှီးခဲ့ပါတယ်။

အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ် ထူးခြားတဲ့ရုပ်ရည်ရှိတဲ့ အာဖရိကန်အမေရိကန်တစ်ယောက်ပါ။ သူက ဘာတန် စင်ပေါ်မှာ သရုပ်ဆောင်နေပြီဆိုရင် စင်ဘေးမှာ ဘာတန်ကြိုက်တဲ့ စကော့ဝီစကီတစ်ခွက် ကိုင်ပြီးစောင့်ပါတယ်။ သူကြိုက်တဲ့ဇာတ်ဝင်ခန်းဆိုရင် စင်ပေါ်က တပည့်ကျော်တွေနဲ့အတူ ပျော်နေတဲ့ ဆရာသမားပါ။

ဘာတန်အတွက်ကတော့ Doctor Faustus ဇာတ်က သူ့အကြောင်းရေးထားတာလို့ ဆိုနိုင်လောက်အောင် တိုက်ဆိုင်မှုတွေက များလှပါတယ်။ အသက် ၁၂ နှစ်အရွယ်ကတည်းက ဒီဇာတ်ကိုဖတ်ခဲ့ဖူးပြီး ဇာတ်ကောင် မာလိုဝီရဲ့ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းတဲ့ မိန့်ခွန်းတွေကို သဘောကျခဲ့သူပါ။ ခုတော့ ဒီဇာတ်ကို ကိုယ်တိုင်ကိုယ်ကျ သရုပ်ဆောင်ခွင့်ရခဲ့ပြီ။ ကပြတဲ့နေရာမှာ ဘာတန်က ဇာတ်ကောင်ဝင်ပူးနေသလို ရှိနေခဲ့ပါတယ်။ တကယ်ဆိုရင် ဇာတ်တိုက်ရက်ဆယ်ရက်သာ ရှိပါတယ်။ ဒါပေမဲ့ ဘာတန်က ဒီဇာတ်ဟာ သူ့အတွက်မဖြစ်မနေ ကပြရမယ့်ဇာတ်ဖြစ်တာကြောင့် ကခဲ့တာပါ။

အစမ်းလေ့ကျင့်နေစဉ်ကတည်းက Coghill အပါအဝင် ကျောင်းသားတွေက ဘာတန်ရဲ့သရုပ်ဆောင်မှုကို အင်မတန် သဘောကျခဲ့ကြတာပါ။ Coghill ကဆိုရင် 'ဇာတ်သိမ်းခန်းမှာ သူကြွေးကြော်လိုက်တဲ့အသံက ကြက်သီးမွေးညင်းထစေခဲ့တယ်ဆိုတာကို ခုထိသတိရနေမိတယ်' လို့ဆိုတယ်။ ပွဲကြည့်ပရိသတ်တွေက မိုးထဲလေထဲမှာ လက်မှတ်တန်းစီ ဝယ်ယူအားပေးခဲ့ကြတာကြောင့် ရက်တိုးပြီး ဆယ့်လေးည ကပြခဲ့ရပါတယ်။ ကော့ဟေးလ်က အဲဒီပြဇာတ်မှာ ပရိသတ် စိတ်ဝင်စားဆုံးအခန်းကတော့ Helen of Troy အဖြစ် သရုပ်ဆောင်တဲ့ လစ်ဇ်တေလာ စင်ရှေ့ကို ထွက်လာပြီး စကားတစ်ခွန်းမှမပြောဘဲ ဖြည်းဖြည်းညင်သာလမ်းလျှောက်သွားတဲ့အခန်းပဲ ဖြစ်ပါတယ်လို့ ဆိုပါတယ်။

၁၄ ည ကပြပြီးချိန် ပေါ်ထွက်လာတဲ့ ဝေဖန်ရေးဆရာများရဲ့ ဝေဖန်ချက်တွေကတော့ ဝမ်းနည်းစရာကောင်းလှပါတယ်။ ကော့ဟေးလ်ကိုယ်တိုင်က ဘာတန်ရဲ့သရုပ်ဆောင်မှုတွေ ပြောင်မြောက်လှပါပေတယ်လို့ ချီးမွမ်းခဲ့ပေမဲ့ ဝေဖန်ရေးဆရာတွေကတော့ အသုံးမကျတဲ့ပြဇာတ်တစ်ပုဒ်အဖြစ် ဝေဖန်ကြပါတယ်။ ရန်ပုံငွေရှာတဲ့ပွဲဖြစ်တာကြောင့် စာနယ်ဇင်းများအတွက် တစ်စောင်စီသာ လက်မှတ်ပေးနိုင်ခြင်းက ဝေဖန်ရေးဆရာများအတွက် မျက်မုန်းကျိုးစရာဖြစ်စေခဲ့တယ်လို့ ယုံကြည်ရပါတယ်။ London Times သတင်းစာကြီးကဆိုရင် 'ဒရာမာတက်နေတဲ့ တက္ကသိုလ်ကျောင်းသားတွေရဲ့တင်ဆက်မှုဟာ ဒီတစ်ကြိမ်မှာ အဆိုးရွားဆုံးပါပဲ။ မစ္စတာ ဘာတန်က ဒီပြဇာတ်မှာ ပါတယ်ဆိုရုံကလေး ပါဝင်သရုပ်ဆောင်သွားတာ ဖြစ်တယ်။ အဲဒါအပြင် သူ့သရုပ်ဆောင်မှုတွေဟာ ဘွဲ့မရသေးတဲ့ ဒရာမာကျောင်းသားတွေကို အနှောင့်အယှက်ဖြစ်စေတယ်' လို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့ပါတယ်။

အောက်စဖို့ဒ်တက္ကသိုလ်ကျောင်းသားဟောင်းတချို့ကတော့ ကိုယ့်ကျောင်းက တင်ဆက်တဲ့ ပြဇာတ်ဖြစ်တာကြောင့် အကောင်းဘက်ကပဲ ရေးသားပေးကြပါတယ်။ ဥပမာအားဖြင့် ကဗျာပါမောက္ခ အက်ဒ်မန်ဘလန်ဒင်ကဆိုရင် Cherwell သတင်းစာမှာ 'ပါဝင်သရုပ်ဆောင်သူအားလုံး သူ့နေရာနဲ့သူမှူတကြပြီး အပျော်တမ်းကျောင်းသားများသာ ဖြစ်တာကြောင့် သူတို့အတတ်နိုင်ဆုံး ကြိုးစားသွားကြပါတယ်။ ကျောင်းသားများကြားမှာ ပါရမီရှင်



www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်နှစ်ဦးက ပါဝင်အားဖြည့်ပေးသွားတာဟာလည်း အမှတ်တရပါပဲ'လို့ ရေးသားခဲ့ပါတယ်။ ဝုလ်ဖ်မန်ကိုဝစ်ကတော့ Gardian သတင်းစာသို့ ပေးစာတစ်စောင်အနေနဲ့ ရေးသားရာမှာ ဘာတန်ရဲ့အနုပညာဟာ အံ့မခန်းလောက်စရာကောင်းမွန်ကြောင်း၊ ဒါကြောင့် ဗြိတိန်ဘုရင်မကြီးအနေနဲ့ ဘာတန်ကို အနည်းဆုံး Cross of the British Empire ဘွဲ့လောက်တော့ ချီးမြှင့်သင့်တယ်လို့ ရေးသားခဲ့ပါတယ်။

Doctor Faustus ပြဇာတ်ကပြီးသွားတဲ့အခါမှာ ဘာတန်တို့ဇနီးမောင်နှံက ရုပ်ရှင်ရိုက်ကူးဖို့အတွက် ရောမမြို့မှာရှိတဲ့ စတူဒီယိုကို ပြန်လာခဲ့ကြပါတယ်။ The Taming of the Shrew ရုပ်ရှင်ကားကို ၅ လ ရိုက်ကူးပြီးတဲ့အခါမှာ ဘာတန်က Doctor Faustus ပြဇာတ်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ကျောင်းသားတွေကို ရောမသို့ ခေါ်ယူလိုက်ပြီး ဒီပြဇာတ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးဖို့ Columbia ရုပ်ရှင်ကုမ္ပဏီကြီးကို စည်းရုံးသိမ်းသွင်းပါတော့တယ်။ Columbia အနေနဲ့ ရုပ်ရှင်ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပြီး ဘာတန်က သူ့ကိုယ်ပိုင်ငွေနဲ့ ဒေါ်လာ ၁ သန်းစိုက်ထုတ်ဦးမယ်လို့ ဆိုပါတယ်။ အဲဒါအပြင် သူတို့ဇနီးမောင်နှံအနေနဲ့ သရုပ်ဆောင်ခယူရာမှာ အဲဒီကာလတုန်းက အမေရိကန်ပြည်ထောင်စုမှာ လူတစ်ယောက်အတွက် အနိမ့်ဆုံးလစာလို့ သတ်မှတ်ထားတဲ့ တစ်ပတ်လျှင် ၄၅ ဒေါ်လာသာ ယူပါမယ်လို့လည်း တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒါရိုက်တာအနေနဲ့ကတော့ သူနဲ့ ကော့ဟေးလ်တို့ ဆောင်ရွက်ခွင့်ပေးရမှာဖြစ်ပါတယ်။ အဓိကရည်မှန်းချက်ကတော့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့ကြတဲ့ ဝေဖန်ရေးဆရာတွေကို လက်တုံ့ပြန်ချင်တဲ့ဆန္ဒပါပဲ။

Doctor Faustus ဇာတ်လမ်းကို ဘာတန်က အဲဒီလောက်အထိ စွဲလမ်းခဲ့တာပါ။ နောက် နှစ်ပေါင်းအတော်ကြာတဲ့အခါမှာ မိုက်ခ်မီကိုးလ်စ်က 'ဘာတန်ဟာ Faustus ရဲ့အကျဉ်းသားဖြစ်နေပြီ' လို့ ဝေဖန်သုံးသပ်ခဲ့ပါတယ်။ တကယ်တော့ ဘာတန် ဒီဇာတ်လမ်းကို စွဲနေခြင်းက သူ့ဘဝနဲ့ ထပ်တူနီးပါး ဖြစ်နေခြင်းကြောင့် ဖြစ်ပါတယ်။

ရုပ်ရှင်အဖြစ် ရိုက်မယ်ဆိုတော့ လစ်ဇ်က ကျောင်းရန်ပုံငွေအတွက်


Reflections in a Golden Eye ဇာတ်ကားမှ ... သရုပ်ဆောင်မှု

ကျောင်းသားများနဲ့ ကခဲ့ကြတဲ့ ဒီပြဇာတ်ကို ရိုက်မယ်ဆိုရင် အကျိုးအမြတ်မရှိနိုင်ဘူးလို့ သိပါတယ်။ ဒါပေမဲ့ ခင်ပွန်းသည်အတွက် ချစ်သက်လက်ဆောင်တစ်ခုအနေနဲ့ ပါဝင်သရုပ်ဆောင်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ဘာတန်အနေနဲ့ ဒါရိုက်တာဖြစ်ချင်တာကို ဖြစ်ခွင့်ရသွားအောင် သူမက လိုက်လျောပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဘာတန်ပျော်ရင် သူ ပျော်ပြီး သူ့ဘဝအားလုံးဟာ ဘာတန်အပေါ်မှာပဲ တည်မှီနေတယ်ဆိုတာ သူ့ကိုယ်သူ သဘောပေါက်ခဲ့ပါတယ်။

၁၉၆၆ ခုနှစ် အောက်တိုဘာလရောက်တော့ ရောမမှာပဲ လစ်ဇ်က ဒါရိုက်တာ ဂျွန်ဟပ်စတန်နဲ့ Reflections in a Golden Eye ဇာတ်ကားကို ရိုက်ဖို့ စီစဉ်ပါတယ်။ မူလက လျာထားခဲ့တဲ့ မောင်ဂိုမာရီကလစ်ဖ် မရှိတော့တာကြောင့် သူ့နေရာမှာ မာလွန်ဘရန်ဒိုကို အစားထိုးပါတယ်။ ဒီဇာတ်ကားမှာ ဘရန်ဒိုကို အစားထိုးလိုက်ခြင်းက တကယ်တော့ အန္တရာယ်ကြီးမားလှပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘာတန်နဲ့ဘရန်ဒိုတို့က ပြိုင်ဘက်များအဖြစ် ထင်ရှားခြင်းကြောင့် အန္တရာယ်များတယ်လို့ သုံးသပ်ခဲ့ကြပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကို အများအား

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အီတလီမှာသာ ရိုက်ကူးမှာဖြစ်ပါတယ်။ သူ့ဇာတ်လမ်းကတော့ အမေရိကန်နိုင်ငံတောင်ပိုင်း စစ်စခန်းတစ်ခုမှာ အခြေခံထားတာပါ။ Warner Brother နဲ့ Seven Arts ကုမ္ပဏီတို့က ရောမမှာ လစ်ဖ်အတွက် လိုအပ်တာတွေကို အကုန်စီစဉ်ပေးထားပါတယ်။ ဇာတ်အိမ်တည်ရာ အမေရိကန်တောင်ပိုင်းမှာ သွားရိုက်တာထက် အီတလီမှာ ရိုက်တာက ကုန်ကျစရိတ်သက်သာတဲ့အတွက် ဇာတ်ဝင်ခန်းအတော်များများကို အီတလီမှာပဲ ရိုက်ပါတယ်။ ဒါကြောင့် ရောမမှာ ဘာတန် ဇနီးမောင်နှံတို့ သောင်တင်ကြရပြန်ပါတယ်။ ကားရိုက်ချိန်မှာ ဘာတန် မပါဝင်တာကြောင့် တစ်ပြန်တစ်လှည့် အားလပ်နေပြန်ပါတယ်။ ဟိုတုန်းက The Night of the Iguana ဇာတ်ကားရိုက်တုန်းက သူသာ ပါဝင်ပြီး လစ်ဖ် မပါတာကြောင့် အားလပ်နေခဲ့ပါတယ်။ အခု သူ့အလှည့်ပေါ့။ ဒါပေမဲ့ ဘာတန်က အလုပ်မရှိဘဲ ထိုင်နေရတာကို မကြိုက်ပါဘူး။ တကယ်တော့ သုံးခွင့်ဆိုင်ဇာတ်လမ်းအဖြစ် သူ ပါဝင်သရုပ်ဆောင်မယ်ဆိုရင် ဖြစ်ပေမဲ့ သူက မပါဝင်လိုဘူးလို့ ငြင်းဆန်ခဲ့ပါတယ်။ ဒီတစ်ကြိမ်ဟာ သူတို့နှစ်ယောက်လက်ထပ်ပြီးကတည်းက သူမပါဘဲ လစ်ဖ်တစ်ယောက်တည်း ရုပ်ရှင်ရိုက်ရတဲ့ အချိန်ဖြစ်ပါတယ်။

အဲဒီလို အားလပ်နေတဲ့အချိန်အတွင်းမှာ အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်မြင်သံကြားဌာနမှ သတင်းထောက်တစ်ဦးဖြစ်တဲ့ ကက်နက်တိုင်နန်က ဘာတန်ကို အင်တာဗျူးဖို့အတွက် ရောမမြို့သို့ ရောက်ရှိခဲ့ပါတယ်။ နောင်မှာ တိုင်နန်က ဘာတန်နဲ့သူ တွေ့ဆုံခဲ့ပုံအကြောင်း သူ့ဒိုင်ယာရီကို ထုတ်ဝေတဲ့စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။ သူ ရောက်သွားချိန်မှာ ဘာတန်က ဗိုင်ပုလင်း ၅ ပုလင်း ပြောင်စင်အောင် သောက်ထားပြီးသား ဖြစ်နေပြီဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဘာတန်က တိုင်နန်ကို ဗိုင်သောက်ဖို့ အဖော်စပ်ခဲ့သေးကြောင်း လစ်ဖ်နဲ့မိတ်ဆွေများကတော့ ညစာစားဖို့ ပြင်ဆင်နေကြကြောင်း ရေးသားခဲ့ပါတယ်။

ဧည့်သည်များနဲ့ ညစာစားပွဲအပြီးမှာ ဟိုတယ်ရဲ့ကပွဲခန်းမကြီးထဲမှာ ကနေခဲ့ကြပါသတဲ့။ အဲဒီအချိန်မှာ ဘာတန်က မချိုပြုံးပြုံးလိုက်ပြီး 'လစ်ဖ်ကို ကြည့်ရတာ ခင်ဗျား ဘယ်လိုထင်သလဲ' လို့ မေးလိုက်ပါတယ်။

'မဆိုးပါဘူး' လို့ တိုင်နန်က သတိထားပြီး ဖြေလိုက်ပါတယ်။

'ဒါဆို ခင်ဗျား သူနဲ့ မအိပ်ချင်ဘူးလား' လို့ ဆက်မေးပြန်ပါသတဲ့။

ဒီမေးခွန်းကို ဖြေဖို့ရာကျတော့ တိုင်နန် မစဉ်းစားတတ်တော့ပါဘူး။ တကယ်လို့ အိပ်ချင်ပါတယ်လို့ ဖြေလိုက်ပြန်ရင် အိမ်ရှင်ကို စော်ကားရာ ရောက်သွားမယ်။ မအိပ်ချင်ပါဘူးလို့ ဖြေပြန်ရင်လည်း လစ်ဖ်ကို နှိမ့်ချရာ ရောက်သွားမယ်။ ဒါကြောင့် တိုင်နန်က သံတမန်ဆန်ဆန် 'ကျွန်တော်က အဲဒီလောက်အထိ အဆင့်မရှိပါဘူးဗျာ။ ဒါကြောင့် လစ်ဖ်နဲ့ အိပ်ဖို့လည်း မသင့်တော်ပါဘူး' လို့ ဖြေကြားလိုက်ပါတယ်။

'ဒါဆို ခင်ဗျား ဆိုလိုတာက လစ်ဖ်နဲ့ မအိပ်ချင်ဘူးပေါ့'

'အင်း…အဲဒီလို သဘောပါပဲ'

ဒီအဖြေကို ရလိုက်တဲ့အခါ ဘာတန်က အခန်းတစ်ဖက်စွန်းမှာရှိနေတဲ့ လစ်ဖ် ကြားလောက်အောင် 'ဟေ့ ဒီမှာ တိုင်နန်က မင်းနဲ့ မအိပ်ချင်ဘူးတဲ့' လို့ အော်ပြောလိုက်ပါတယ်။

လစ်ဖ်ရဲ့မျက်လုံးထဲက မီးတောက်မီးလျှံတွေ ထွက်လာသလား အောက်မေ့ရလောက်အောင် ဝင်းဝင်းတောက်သွားပါတယ်။ 'ကျွန်မနဲ့ မအိပ်ချင်ဘူးဆိုတာ ကျွန်မကို စော်ကားတာပဲ။ ရှင် အခုချက်ချင်း ကျွန်မအိမ်ထဲက ထွက်သွားပါ' ဆိုတဲ့ တုံ့ပြန်မှုကို ရခဲ့တယ်လို့ တိုင်နန်က ဆိုပါတယ်။

ဒါပေမဲ့ နောက်တစ်နေ့ မနက်မှာတော့ လစ်ဖ်ကိုယ်တိုင် တိုင်နန်ကို ဖုန်းဆက်သွယ်ပြီး တောင်းပန်ခဲ့ပါတယ်။ ဟိုတယ်အခန်းကို ပန်းစည်းပို့ပြီးတော့လည်း ကျေနပ်အောင် တောင်းပန်ခဲ့ပြန်ပါတယ်။ ဘာတန် နောက်တာကို တိုင်နန် နားမလည်ခဲ့ဘူးဆိုတာ လစ်ဖ် သိသွားလို့ပါပဲ။

ဒါပေမဲ့ ဧည့်သည်တွေထဲမှာ ရှိနေတဲ့ မာလွန်ဘရန်ဒိုကတော့ ဘာတန်ရဲ့ စကားကို နားလည်လိုက်ပါတယ်။

Reflections ဇာတ်ကားမှာ အတူတွဲပြီး သရုပ်ဆောင်နေကြတာဆိုတော့ ဘာတန်တို့ လင်မယားနဲ့ ဘရန်ဒိုတို့ အတူတူ အချိန်ဖြုန်းကြတာတွေ များလာပါတယ်။ ရိုက်ကူးရက် ရက်သတ္တပတ် ၁၀ ပတ်အတွင်းမှာ သူတို့သုံးယောက် အပြင်ထွက်ပြီး ညစာစားခဲ့တာတွေလည်း ရှိပါတယ်။ တစ်ခါတလေမှာ ဘာတန်က ရိုက်ကွင်းပေါ်ကို စောစောရောက်လာပြီး ဘရန်ဒိုရဲ့သရုပ်ဆောင်မှုတွေကို တစေ့တစောင်း လေ့လာခဲ့ပါတယ်။ အဲဒီလိုမကြာခဏ စောစောရောက်တတ်တာတွေက နောင်မှာ ကောလာဟလထွက်ပေါ်လာစေခဲ့ပါတယ်။ ရုပ်ရှင်အကြောင်း ထုတ်ဝေတဲ့ မဂ္ဂဇင်းများထဲမှာ ဘာတန်ဟာ လစ်ဖ်ကို ဘရန်ဒိုနဲ့ စိတ်မချတာကြောင့် ရိုက်ကွင်းပေါ်မှာ လာပြီးစောင့်နေတယ်ဆိုတဲ့ သတင်းများ ရေးသားလာကြပါတယ်။ အမေရိကန်နိုင်ငံထုတ် ရုပ်ရှင်မဂ္ဂဇင်းများမှာ ကလီယိုပါထရာ ရိုက်ကွင်းတစ်ကျော့ပြန် သံသရာလည်ပြီလို့ ဆိုကြပါတယ်။ ကလီယိုပါထရာမှာတုန်းက လစ်ဖ်နဲ့ ဘာတန်တို့ ငြိစွန်းကြတာကို ခင်ပွန်းသည် အယ်ဒီဖစ်ရှားက ငုတ်တုတ်ထိုင်ကြည့်ခဲ့ရတာကို ရည်ညွှန်းကြခြင်းပါ။

လစ်ဖ်ကတော့ ဒီကောလာဟလတွေနဲ့ ပတ်သက်ပြီး မဖြေပါဘူး။ စာနယ်ဇင်းများ၊ စာဖတ်ပရိသတ်များအနေနဲ့ ဒီလိုကောလာဟလတွေ မဖတ်ရတာ ၆ နှစ်ရှိပြီမို့ သူတို့အတွက် စားပေါက်ပေးဖို့အချိန် ကျရောက်လာပြီလို့ပဲ သတ်မှတ်ခဲ့ပါတယ်။

သာမန်လူသားတစ်ယောက်သာ ဖြစ်တဲ့ ဘာတန်ကတော့ သူ့ဒိုင်ယာရီ

www.burmeseclassic.com

စာအုပ်ထဲမှာ ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့စွဲနဲ့ သူ့ခံစားချက်ကို ဒီလို ရေးခဲ့ပါတယ်။ 'ဘရန်ဒိုက သန့်ရှင်းပါတယ်။ ရိုးလည်းရိုးသားတယ်။ လူကောင်းတစ်ယောက်ပါ။ ဉာဏ်ရည်လည်း ထက်မြက်တယ်။ နက်နက်ရှိုင်းရှိုင်း တွေးခေါ်တတ်တယ်။ ဒီလိုသရုပ်ဆောင်တစ်ယောက်က အများအယွင်း အဖြစ်ခံမှာ မဟုတ်ပါဘူး။ ဒါကို ကိုယ်ယုံကြည်တယ်' လို့ ရေးခဲ့ပါတယ်။

ဘရန်ဒိုရဲ့အတ္ထုပ္ပတ္တိရေးသားသူ ပီတာမန်ဆိုက သုံးသပ်ရာမှာ 'မင်းသားနှစ်လက်စလုံးက သူတို့ပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်လမ်းရွေးချယ်မှုမှာ ကျွမ်းကျင်ကြတယ်။ နှစ်ယောက်စလုံးက ဇာတ်ခုံပေါ်မှာ အောင်မြင်မှုရပြီးတဲ့ နောက်မှ ရုပ်ရှင်ဘက်ကို ကူးပြောင်းလာခဲ့ကြသူတွေ ဖြစ်တယ်။ ဘာတန်က အခါအားလျော်စွာ ပြဇာတ်တွေ ကဖြစ်ပေမဲ့ ဘရန်ဒိုကတော့ ပြဇာတ်လောကကို လုံးလုံးကျောခိုင်းခဲ့တယ်' လို့ မှတ်ချက်ရေးခဲ့ပါတယ်။ စောစောပိုင်းမှာ မင်းသားနှစ်လက်က ခေတ်ပြိုင်ဖြစ်တာကြောင့် ပြိုင်ဘက်တွေ ဖြစ်နေကြပေမဲ့ နောက်ပိုင်းမှာတော့ အကြိမ်ပေါင်းများစွာ အရက်အတူတူသောက်ကြသည့်တိုင်အောင် မရင်းနှီးမီကာလက အကြောင်းများကို ဘယ်တော့မှ စကားစပ်ပြီး မပြောကြပါဘူး။ သူတို့နှစ်ယောက်ကြားကို ဝင်လာသူကတော့ ခရစ္စတီယမ်မာကန်း ဆိုတဲ့ ပြင်သစ်အမျိုးသားတစ်ဦးပါ။ သူက ရုပ်ရှင်ထုတ်လုပ်သူလည်းဖြစ်၊ ဒါရိုက်တာလည်း ဖြစ်ပါတယ်။ မာကန်းနဲ့ ဘရန်ဒိုတို့က ၁၉၅၀ ခုနှစ်များကတည်းက မိတ်ဆွေများဖြစ်ခဲ့ကြတာဖြစ်ပြီး သူတို့နှစ်ဦး ပူးပေါင်းကာ ဘာတန်ကို Candy ဆိုတဲ့ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ စကားကမ်းလှမ်းခဲ့ပါတယ်။ ဒီကားမှာ ဘာတန်ပါဝင်သရုပ်ဆောင်ရတဲ့ အခန်းက နည်းပေမဲ့ ဘရန်ဒိုနဲ့ ရင်းနှီးမှုကို အခြေပြုပြီး ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။

ဘာတန်တို့ဇနီးမောင်နှံနဲ့ ဘရန်ဒို

၁၉၄၄ ခုနှစ်မှာ
သူ
ဘွဲ့ကြိုကျောင်းသား
အဖြစ်
အောက်စဖို့ဒ်မှာ
ကျောင်းလာတက်တော့
လူက
လူချောဖြစ်တဲ့အပြင်
ဇဝနဉာဏ်ကလည်း
ရှင်သေးတာ
သူ့ရယ်သံကိုက
အားလုံးကို
ကူးစက်ရှင်မြူးစေတယ်
အဲဒါတွေအပြင်
သူ့မှာ ထူးခြားချက်တွေ
လျှို့ဝှက်ချက်တွေလည်း
အများကြီး ရှိခဲ့တာပေါ့

တို့ ရင်းနှီးလာကြတဲ့အခါ နောက်တတ်ပြောင်တတ်တဲ့ ဘရန်ဒိုရဲ့အကျင့်ကို နားလည်လာကြတယ်။ အထူးသဖြင့် ဘရန်ဒိုက အမေရိကန်တို့ရဲ့ခေတ်ဦးသမိုင်း၊ ရေသတ္တဝါတို့ရဲ့အကြောင်း နားလည်တာကို ဘာတန်က အလွန်သဘောကျပါတယ်။ သူတို့သုံးယောက်ကြားမှာ မကြာခဏဆိုသလို အငြင်းပွားတတ်တဲ့ ကိစ္စကတော့ ဘယ်ဘာသာစကားက သင်ယူရတာ အလွယ်ဆုံးလဲဆိုတဲ့ ပြဿနာပါပဲ။ ဘာတန်က အင်္ဂလိပ်စာက အလွယ်ဆုံးလို့ ဆိုပါတယ်။ ဘရန်ဒိုကတော့ စပိန်စာသာ အလွယ်ဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကိစ္စကို သူတို့နှစ်ယောက်က ထမင်းမစားခင် ဗော့ဒကာအရက်သောက်ရင်း ငြင်းကြသလို ထမင်းစားပြီးချိန် အရက်ဆက်သောက်ကြပြန်တော့လည်း ဆက် ငြင်းကြတာပါပဲ။ သုံးယောက်သား ဟိုတယ်ခန်းအတွင်းမှာ ငြင်းကြခုံကြရှိနေတဲ့အချိန် ဟိုတယ်အပြင်မှာတော့ သူတို့ကို ခဏလေးဖြစ်ဖြစ် မြင်တွေ့နိုင်ဖို့ စောင့်ဆိုင်းနေကြတဲ့ ပရိသတ်တွေက အများကြီးပါပဲ။ ဘရန်ဒိုက ပရိသတ်တွေကို အားနာပေမဲ့ လစ်ဇ်တို့ဇနီးမောင်နှံကတော့ သူတို့အတွေ့အကြုံအရ ဒီလူတွေကို အားနာလို့မဖြစ်ဘူးလို့ နားလည်ထားတဲ့အတွက် လုံးဝထွက်မတွေ့ပါဘူး။

ဘာတန်က သူ့နေ့စဉ်မှတ်တမ်းမှာ ဘရန်ဒိုနဲ့ ပတ်သက်ပြီး မှတ်တမ်းတင်ခဲ့တာက ဘရန်ဒိုဟာ တစ်ဖက်သားစိတ်ဝင်စားစရာကောင်းလောက်အောင် စကားပြောကောင်းသူဖြစ်ကြောင်း၊ ဟန်ဆောင်မှုကင်းပြီး သစ္စာရှိပုံရကြောင်း၊ ဒီလိုလူအပေါ်မှာ သူ သဘောမကောင်းဖြစ်ခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကို ရှက်မိကြောင်း ရေးသားခဲ့ပါတယ်။ ဘာတန်နဲ့ပတ်သက်ရင် လူတော်တော်များများက ရှိန်တတ်ကြပါတယ်။ ဥပမာအားဖြင့် သူတို့ဇနီးမောင်နှံရဲ့ ဥပဒေအကျိုးဆောင်ဖြစ်တဲ့ အာရွန်ဖရော့ရှ်ဆိုရင် ဘာတန်အနားမှာ နေရရင် စိတ်မသက်မသာ ရှိတတ်ပါသတဲ့။ ဒါကို သိနေတဲ့ လစ်ဇ်က 'ရှင့်ကို ဘာတန်က သဘောကျပါတယ်။ ရှင်က ဉာဏ်ရည်အင်မတန်ထက်တဲ့သူလို့ သူ မကြာခဏ ပြောတတ်တယ်' လို့ စိတ်သက်သာရာရအောင် ပြောပေမယ့်လည်း ဖရော့ရှ်ကတော့ အနေကျပ်စမြဲပါပဲ။ သူ့စိတ်ထဲမှာ ဘာတန်အနေနဲ့ သူ့အနားမှာ ရှိနေတာကို ကြိုက်မှကြိုက်ရဲ့လားလို့ အမြဲတမ်း သံသယကိန်းအောင်းနေခဲ့တာပါ။

ဂျွန်ဟပ်စတန်က The Bible အပါအဝင် ရုပ်ရှင်ကားတွေ တော်တော်များများ ရိုက်ပြီးတဲ့နောက် နားနေရာ



www.burmeseclassic.com

www.burmeseclassic.com

ောက်တစ်ကျော့ ရုပ်ရှင်လောကအတွင်း သို့ ဝင်ရောက်ဖို့ ကြိုးစားလာပါတယ်။ ဟပ်စတန်ဟာ ဘာတန်အတွက်တော့ အရေးပါအရာရောက်တဲ့ ဒါရိုက်တာတစ် ယောက်ပါ။ သူ ရိုက်တဲ့ The Night of the Iguana ဇာတ်ကားမှာ လစ်ဇ်ရဲ့ တိုက်တွန်းမှုကြောင့် ပါဝင်သရုပ်ဆောင် ခဲ့ဖူးတဲ့အတွက် ဟပ်စတန်ရဲ့အရည် အသွေးကို သိနေပါတယ်။ အဲဒါအပြင် ဟပ်စတန်က Puerto Vallarta ကို လည်း သဘောကျပါတယ်။ အဲဒီနေရာ မှာ နေရတာကို ဘာတန်တို့ဇနီးမောင်နှံ တလည်း နှစ်သက်ကြတာကြောင့် သူတို့နဲ့ အကြိုက်ချင်းတူတယ်လို့ ပြော ရပါလိမ့်မယ်။ ဒီလိုနေရာမျိုးမှာ ဟပ် စတန်ရဲ့ ညွှန်ကြားမှုအတိုင်း သရုပ် ဆောင်ပြီး ညဘက်မှာ ချစ်တဲ့သူနဲ့ အတူ ချစ်ပွဲဝင်ရခြင်းက သူ့အတွက် ခွန်အား တွေကို ရစေတယ်လို့ ဘာတန်က ယူဆ ပါတယ်။ မိန်းမတစ်ယောက်တည်းကို ဒီလောက်အချိန်ကြာကြာ မငြီးငွေ့ဘဲ ချစ်နေခဲ့ခြင်းကို သူ့ကိုယ်သူလည်း ဘာတန်က အံ့ဩမိပါတယ်။ လစ်ဇ်ရဲ့ တင်စားချက်နဲ့ပြောရရင် ဘာတန်က မိန်းမတွေကို မုဆိုးတစ်ယောက်ရဲ့ခါး ပတ်မှာ စီထည့်ထားတဲ့ ကျည်ဆန်တွေ လိုပဲ သဘောထားတတ်သူပါ။ တစ် တောင့်ပြီးတစ်တောင့် ထုတ်ပစ်ရုံပါပဲ။ အခုတော့ တစ်ယောက်တည်းကိုသာ ငြီးတမ်း ချစ်ပွဲဝင်နေရတာကို ကိုယ် တိုင်အံ့ဩမိသလို လစ်ဇ်အတွက်လည်း မာန်မြောက်ဝမ်းသာဖြစ်စေခဲ့ပါတယ်။ သူက ဟပ်စတန်နဲ့ ရင်းနှီးလာတဲ့အခါ သူဟာ မိန်းမလိုက်စားသူတစ်ယောက် ဖြစ်ကြောင်း ဖွင့်ဟဝန်ခံခဲ့ပါတယ်။ ဒါ ပေမဲ့ လစ်ဇ်နဲ့ ပတ်သက်လာတဲ့အခါမှာ တော့ လစ်ဇ်ကို ချစ်တယ်လို့ ပြောတဲ့ သူတိုင်းကိုတောင် သတ်ပစ်ချင်လောက် အောင် သဝန်တိုမိတယ်လို့လည်း ဆိုပါ တယ်။ လစ်ဇ်ရဲ့ခန္ဓာကိုယ်အချိုးအစား က ဘာတန်ကို အခုချိန်အထိ ရင်ခုန်စိတ် လှုပ်ရှားစေပါသေးတယ်။ တစ်ခါတစ်ရံ လစ်ဇ် နေမကောင်းတဲ့အတွက် ချစ်ပွဲ မနွှဲရတဲ့အခါမျိုးများမှာ ဘာတန်က လက်ချိုးပြီး ရက်တွေကို ရေတွက်နေ တတ်သူပါ။

ဒီလိုနဲ့ လစ်ဇ်၊ ဘာတန်နဲ့ ဟပ် စတန်တို့ အတွဲမိသွားကြပြီး မက္ကဆီကို ကို ထွက်ခဲ့ကြပါတယ်။ ဟပ်စတန်က လစ်ဇ်ရဲ့ဇာတ်ခုံပေါ်က အနုပညာအရည် အသွေးများကို ချီးမွမ်းလာခဲ့ပါတယ်။ သူကိုယ်တိုင်ရေးတဲ့ မှတ်တမ်းစာအုပ် မှာ လစ်ဇ်ဟာ သရုပ်ဆောင်ရာမှာ သူ မတူအောင် ညက်ညောတဲ့မင်းသမီး ဖြစ် တယ်လို့ မှတ်တမ်းတင်ခဲ့ပါတယ်။ သရုပ်ဆောင်ပညာအပြင် သတ္တိရှိရှိ မြင်း စီးတတ်တဲ့ လစ်ဇ်ရဲ့ အရည်အသွေးကို လည်း သူက ချီးမွမ်းပါတယ်။ နောက် ကျောက အမြဲတမ်းလိုလို နာကျင်နေ ပေမဲ့ လစ်ဇ်က ရုပ်ရှင်ထဲမှာ လိုအပ် ရင် မြင်းစီးနိုင်သူဖြစ်ပါတယ်။

နောက် ၁၀ စုနှစ်ကြာတဲ့အခါမှာ ဘာတန်တို့ဇနီးမောင်နှံဟာ ဒေါ်လာ ၈၈ သန်းလောက် ရှာဖွေစုဆောင်းနိုင်ခဲ့ပါ တယ်။ (ဒီနေ့ငွေနဲ့ဆိုရင် ဒေါ်လာ သန်း ၆၁၆ နဲ့ညီမျှပါတယ်။)ရတဲ့ငွေရဲ့ လေး ပုံသုံးပုံလောက်ကို သားမွေးထည်များ၊ စိန်များ၊ ပန်းချီကားများ၊ ဒီဇိုင်နာများ အထူးချုပ်လုပ်ထားတဲ့ အဝတ်အထည် များ၊ ခရီးစရိတ်၊ အစားအသောက်၊ အရက်သေစာ၊ ကိုယ်ပိုင်ရွက်လှေ၊ ကိုယ် ပိုင်ဂျက်လေယာဉ်တို့အတွက် သုံးစွဲကြ ပါတယ်။ သူတို့နှစ်ယောက် တည် ထောင်ပြီး The Taming of the Shrew ဇာတ်ကား ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီကို နှစ်ယောက်နာမည်ပါအောင် Taybur လို့ အမည်ပေးထားပါတယ်။ ဒီကုမ္ပဏီက Shrew ဇာတ်ကားတစ်ကား တည်းနဲ့ပဲ ချမ်းသာကြွယ်ဝမှုများစွာကို ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ ကားတစ်ကားဟာ သူတို့ကုမ္ပဏီရဲ့ ပထမဆုံးနဲ့ နောက်ဆုံးကားလည်း ဖြစ် ပါတယ်။ ရုပ်ရှင်ဇာတ်ကား ရိုက်ကူး ခြင်းမှ သုံးလလောက် အနားယူပြီးကြ တဲ့အခါမှာ ရုပ်ရှင်လုပ်ငန်းကြီးတစ်ခု လုံးက ကျဆင်းစပြုလာပါတယ်။ ဘာ ကြောင့်ကျဆင်းရသလဲဆိုတာကို လေ့ လာသုံးသပ်သူတစ်ဦးက အမေရိကန် ပြည်ထောင်စုရဲ့ ရုပ်ရှင်လုပ်ငန်းက ရရှိ တဲ့ ဝင်ငွေ အတော်များများဟာ ဘာတန် ဇနီးမောင်နှံနှစ်ဦး (သို့မဟုတ်) တစ်ဦး ထံကို ရောက်ရှိသွားတယ်လို့ သုံးသပ် ပါတယ်။ ၁၉၆၇ ခုနှစ် တစ်နှစ်ထဲမှာ တင် ဘာတန်နဲ့လစ်ဇ်တို့ ပါဝင်သရုပ် ဆောင်တဲ့ ရုပ်ရှင်ကား သုံးကား ထွက် လာခဲ့ပါတယ်။ The Taming of the Shrew, Doctor Faustus နဲ့ The Comedians တို့ဖြစ်ပါတယ်။ လစ်ဇ်တစ် ယောက်တည်း ပါဝင်သရုပ်ဆောင်တာ ဆိုလို့ Reflections in a Golden Eye တစ်ကားတည်းပဲ ရှိပါတယ်။ ဒါနဲ့ပတ် သက်ပြီး ဘာတန်က 'သုံးသပ်သူတွေ က ပြောကြတာကတော့ ကျွန်တော်တို့ နှစ်ယောက် ရတဲ့ဝင်ငွေဟာ အာဖရိက နိုင်ငံငယ်တစ်ခုမှာ ရတဲ့ဝင်ငွေထက် များသတဲ့'လို့ ပြောပြီး မယုံနိုင်သလို နဲ့ သူ့ခေါင်းကို ခါယမ်းနေခဲ့ပါတယ်။

သူတို့နှစ်ယောက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ဖွင့်လှစ်ထားတဲ့ Vicky Tiel Boutique အဝတ်အထည်ဆိုင်မှာလည်း ဒေါ်လာ ၅ သောင်း ရင်းနှီးမြှုပ်နှံခဲ့ပြီး အင်ဂျင်နှစ်လုံးပါ ခရီးသည် ၁၀ ယောက်စီး ဂျက်လေယာဉ်တစ်စီးကို ဒေါ်လာ ၁ သန်းနဲ့ ဝယ်ယူခဲ့ကြပါတယ်။ ဒီလေယာဉ်ကို 'အဲလစ်ဇဘက်'လို့ ကင် ပွန်းတပ်ခဲ့ပါတယ်။ အဲဒါတွေအပြင် ကမ္ဘာကျော်ပန်းချီဆရာများဖြစ်တဲ့ Utrillo, Monet, Picasso, Van Gogh, Renoir, Rouault, Pissarro, Degas, Augustus John နဲ့ Rembrandet တို့ရဲ့ ပန်းချီကားများကိုလည်း ဝယ်ယူရင်းနှီး ခဲ့ကြပါတယ်။ လစ်ဇ်က ဖခင်ဖြစ်သူလို ပန်းချီကားများနဲ့ ပတ်သက်ပြီး ကျွမ်း ကျွမ်းကျင်ကျင် ကြည့်တတ်သူ ဖြစ်ပါ တယ်။ အဲဒါတွေအပြင် Rolls Royces ကားပေါင်းများစွာကို ရင်းနှီးမြှုပ်နှံပါ တယ်။ ကနေဒီကျွန်းစုပေါ်မှာရှိတဲ့ မြေ ဧက ၆၈၅ ဧကကိုလည်း ဝယ်ယူကာ ငှက်ပျောပင်များ စိုက်စေခဲ့ပါတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

> **Doctor Faustus**
> ဇာတ်လမ်းကို
> ဘာတန်က
> အဲဒီလောက်အထိ
> စွဲလမ်းခဲ့တာပါ
> နောက်နှစ်ပေါင်း
> အတော်ကြာတဲ့အခါမှာ
> မိုက်ခ်နီကိုးလ်စ်က
> 'ဘာတန် ဟာ
> Faustus ရဲ့
> အကျဉ်းသားဖြစ်နေပြီ'
> လို့
> ဝေဖန်သုံးသပ်ခဲ့ပါတယ်

ယာလန်နိုင်ငံ Wicklow County မှာ မြေ ၁၀ ဧက ဝယ်ယူပြီး မြင်းများ မွေးမြူရေးလုပ်ငန်းအခြေချခဲ့ပါတယ်။ မက္ကဆီကို Casakimberly မှာလည်း မြေကွက်များ ဝယ်ယူထားပါတယ်။ နှစ်ဦးပိုင်အိမ်သုံးလုံးရှိပြီး ဘာတန်ပိုင်တဲ့အိမ်က ဟမ်ရှိုင်းယားမှာ ရှိတဲ့အပြင် လစ်ဇ်ပိုင်တဲ့အိမ်က ဂတ်စတတ်မှာ သီးခြားရှိပါသေးတယ်။

အဲဒီလို အိမ်တွေမြေတွေ ကိုယ်ပိုင်ရှိပေမဲ့ သူတို့နှစ်ယောက်က ရောက်လေရာမှာ ဟိုတယ်များမှာသာ နေလေ့ရှိပါတယ်။ နေတဲ့အခါမှာလည်း ဟိုတယ်တစ်ထပ်လုံးကို ငှားရမ်းလိုက်ပြီး သူတို့နဲ့အတူ လိုက်ပါလာတဲ့ ခြွေရံသင်းပင်းများ၊ ဝန်ထမ်းများ၊ သူတို့မိသားစုများကိုပါ တစ်ပါတည်း တည်းခိုစေတာဖြစ်ပါတယ်။ ဟိုတယ်ခန်းထဲမှာ စားဖို့သောက်ဖို့ မှာတဲ့အခါမှာလည်း တည်းခိုနေတဲ့ ဟိုတယ်က မဟုတ်ဘဲ တခြားနိုင်ငံမှာရှိတဲ့ ဟိုတယ်တစ်ခုခုကနေ မှာယူတာဖြစ်ပါတယ်။ ဥပမာ ရောမမှာနေထိုင်စဉ် ငရုတ်သီးကို လော့စ်အိန်ဂျလိစ်မှ မှာယူပါတယ်။ ပဲရစ်မှာနေစဉ် ဝက်အူချောင်းကို လန်ဒန်မှ မှာယူစားသောက်ကြခြင်းပါ။

သူတို့နောက်လိုက် ခြွေရံသင်းပင်းများစွာကိုလည်း ကြည့်ရှုထားရပါသေးတယ်။ ဝန်ထမ်းတစ်ဦးဖြစ်တဲ့ အမ်မလီဗီလျံမ်ရဲ့သား ဘရွတ်ခ်ရဲ့ခန့်မှန်းချက်အရဆိုရင် ဘာတန်ဟာ နေ့စဉ်နေ့တိုင်း ဝန်ထမ်းလေးဆယ်လောက်ကို တာဝန်ယူထားရတာ ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီ ၄၀ ထဲမှာ သူ့ညီတွေ၊ ညီမတွေ၊ သူတို့ရဲ့အိမ်တွေ၊ ကားတွေကို ဝယ်ပေးထားရတဲ့အပြင် ငွေလည်း ထောက်ပံ့ပေးထားရပါတယ်။ သားသမီး ၅ ဦးဖြစ်တဲ့ မိုက်ကယ်လ်၊ ခရစ္စတိုဖာ၊ လီဇာ၊ မာရီယာတို့အပြင် အသက် ၉ နှစ်သာရှိသေးတဲ့ အဲလစ်ဇဘက်အတွက်ပါ သက်တော်စောင့်ကိုယ်စီထားရှိပေးတာလည်း ဖြစ်ပါတယ်။ ဂျက်ဆီကာကတော့ ပြုပြင်ထိန်းသိမ်းရေးစခန်းကို ရောက်ရှိနေတာဖြစ်တဲ့အတွက် ဘာတန်နဲ့ တွေ့ခဲ့ပါတယ်။ အဲဒီကလေးအတွက်လည်း ထောက်ပံ့ငွေပေးရပါတယ်။ လစ်ဇ်နဲ့ဘာတန်တို့က စစ်ဘဲလ်နဲ့မွေးထားတဲ့ ကိတ်ကလေးကို အနားမှာထားရတာ ကျေနပ်ကြပါတယ်။ စစ်ဘဲလ်ကလည်း နောက်အိမ်ထောင်ပြုသွားပြီး သားတစ်ယောက်အမေ ဖြစ်နေပြီဖြစ်တာကြောင့် ကိတ်က ဘာတန်တို့အနားမှာ အချိန်ပြည့်နေခွင့်ရသွားပြီ ဖြစ်ပါတယ်။

၁၉၆၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ နေ့စွဲနဲ့ ဘာတန်က သူ့နေ့စဉ်မှတ်တမ်းမှာ ကိတ်နဲ့ ပတ်သက်ပြီး ရေးခဲ့တာကတော့ 'ကိတ်ကလေးက အိုင်ဖော်နဲ့ ဥမ်တို့ရဲ့အုပ်ထိန်းမှုအောက်မှာ ရှိနေရာကနေ ကိုယ်တို့ လန်ဒန်ရောက်တဲ့အချိန် အတူလာနေပါတယ်။ သမီးကိုကြည့်ရတာ ခပ်ပိန်ပိန်နဲ့ ခြေတံရှည်သလိုပဲ။ သူ့ရုပ်ရည်က ကိုယ်နဲ့ တစ်ထပ်တည်းနီးပါးလောက် တူတာကြောင့် သမီးကို တွေ့လိုက်ချိန်မှာ အသက်ရှူမှားလောက်အောင် ခံစားလိုက်ရပါတယ်။ သမီးကိုယ်ပေါ်မှာ သူ့အမေ စစ်ဘဲလ်နဲ့တူတာဆိုလို့ ဘာတစ်ခုမှ မတွေ့ရပါဘူး'တဲ့။ တစ်ကြိမ်မှာတော့ လစ်ဇ်ရော ကိတ်ပါ တုပ်ကွေးဖျားနာကြပါလေရော။ သူတို့နှစ်ယောက်အတူ အိပ်ရာတစ်ခုထဲမှာ အိပ်ရင်း အကြောင်းအရာစုံ ပြောကြရင်း တစ်ယောက်ကိုတစ်ယောက် အဖျားတိုင်းပေးနေခဲ့ကြတယ်။ ကိတ် အိပ်ပျော်သွားချိန်မှ ဘာတန်က ပွေ့ချီပြီး သူမရဲ့ အိပ်ရာသို့ ပြန်ပို့ပေးရပါတယ်။ သမီးကတော့ လစ်ဇ်နဲ့ တစ်ညလုံးအတူအိပ်ရလိမ့်မယ်လို့ ထင်နေခဲ့တာပါ။ ဒါပေမဲ့ ဘာတန်က သူကိုယ်တိုင် လစ်ဇ်နဲ့ခွဲပြီး မအိပ်နိုင်တာကြောင့် သမီးကို နေရာရွှေ့ပေးခဲ့ရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ခြွေရံသင်းပင်းတွေ များလာလေလေ ဘာတန်နဲ့လစ်ဇ်တို့မှာ အပေါင်းအသင်းပေါင်းများနဲ့ ကင်းကွာလေလေဖြစ်လာပါတယ်။ အထူးသဖြင့် ဘာတန်က အပြင်က မိတ်ဆွေတွေနဲ့ မတွေ့တော့သလောက် ကင်းကွာသွားပါတယ်။ သူတို့ဆီကို မိတ်ဆွေများက လာတွေ့ပြန်ရင်လည်း လုံခြုံရေးအ... အဆင့်ဆင့် အစစ်ခံနေရတာဖြစ်တဲ့အပြင် ရင်ထိုးတံဆိပ် တပ်ဆင်ပြီးမှ သူတို့ဇနီးမောင်နှံနဲ့ တွေ့ခွင့်ရကြတာဖြစ်လို့ တော်... ရုံမိတ်ဆွေများကလည်း မလာကြတော့ပါဘူး။ ဒါကြောင့် သူတို့ဇနီးမောင်နှံမှာ ဟိုတယ်ကို ပြန်ရောက်တဲ့အခါ အထီး... ကျန်စွာ ငုတ်တုတ်ထိုင်နေကြရတာ... ပါတယ်။ သူတို့စိတ်ထဲမှာတော့ ဘာ...

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်များ မိတ်ဆွေဟောင်းတွေဆီက သတင်းစကားများ မကြားရပါလိမ့်လို့ တွေးမိကြပေမဲ့ အကြောင်းရင်းကိုတော့ တွေးမိကြပါဘူး။ ဒီအဖြစ်အပျက်တွေကို ရောဘတ်ဟာဒီက တွေ့မြင်နေရပါတယ်။ သူကိုယ်တိုင်လည်း အောက်စဖို့ဒ်မှာ အတူတက်ခဲ့တဲ့သူငယ်ချင်းကို တစ်နေ့တခြား တွေ့ဖို့ ခဲယဉ်းလာခဲ့ပါတယ်။

ဂျွန်ဂီးလ်ဂတ်ကတော့ ဘာတန်နဲ့ ဆက်သက်ပြီး သတိထားမိတာတစ်ခုရှိပါတယ်။ သူဟာ တော်ဝင်မိသားစုဝင်များလို သွားလေရာမှာ ဘယ်တော့မှ ပိုက်ဆံယူသွားလေ့မရှိပါဘူး။ ဒါကြောင့် သူ သုံးသမျှကို နောက်လိုက်နောက်ပါ အခြွေအရံများက လိုက်ရှင်းရပါတယ်။ Hamlet ပြဇာတ်ကပြနေစဉ်တုန်းက နယူးယောက်မြို့တော်ရဲ့ စားသောက်ဆိုင်တစ်ခုမှာ ဂျွန်နဲ့ ဘာတန်တို့ နေ့လယ်စာစားသုံးကြပါတယ်။ ဘာတန်ကို ချုပ်ကိုင်ထားသူများလက်ကနေ အပြင်ကို ထုတ်လာနိုင်တာဖြစ်တဲ့အတွက် ဂျွန်က အကျေနပ်ကြီး ကျေနပ်နေခဲ့ပါတယ်၊ ဒါပေမဲ့ စားသောက်လို့ ပြီးကြတဲ့အခါမှာတော့ ရှင်းစရာငွေ ဘာတန်မှာ ပါမလာပါဘူး။ ဒီတော့ ဘာတန်က ဟန်းကတန်းနဲ့ 'စိတ်မပူနဲ့ ဂျွန်၊ သူတို့ ရှင်းကြပါလိမ့်မယ်' လို့ ဆိုပါတယ်။ ဂျွန်က ပတ်ဝန်းကျင်စားပွဲတွေကို လှည့်ကြည့်လိုက်တော့မှ ပတ်ဝန်းကျင် စားပွဲတွေမှာ စားသုံးနေကြသူတွေက ဘာတန်တို့ဇနီးမောင်နှံရဲ့ ဝန်ထမ်းတွေ ဖြစ်နေတာကို သိလိုက်ရပါတယ်။ သူတို့ အားလုံးက ရုပ်ရှင်ရိုက်ကွင်းပေါ်မှာ ဇာတ်ရုံများ အဆင်သင့်စောင့်နေသလို ဘာတန်ရဲ့အမိန့်ကို စောင့်နေကြသူတွေ ဖြစ်ပါတယ်။

၁၉၆၆ ခုနှစ် ကုန်ဆုံးချိန်မှာ အရေးလွန်ချမ်းသာတဲ့ သူတို့ဇနီးမောင်နှံ ဘာတန်နေ့ အသုံးစရိတ်က ဝင်ငွေထက် ကာတန်များပြားနေတာကြောင့် လက်ထဲရှိငွေ နည်းလာတာကို သတိထားမိကြပါတယ်။ အမြဲတစေ ခရီးသွားနေခြင်း၊ လူတိုင်းအတွက် လက်ဆောင်များ ရက်ရက်ရောရော ပေးနေခြင်း၊ နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ကာလမှာ ဘာတန်က ညီ၊ ညီမ မိသားစုတွေအတွက် ခရစ္စမတ်လက်ဆောင်အဖြစ် ချက်လက်မှတ်တွေ ရေးပို့နေခြင်းက များပြားလွန်းတဲ့အတွက် ဘဏ္ဍာရေးအခြေအနေ ယိမ်းယိုင်စပြုလာခြင်းပါပဲ။ ဒါကြောင့်လည်း MGMရုပ်ရှင်ကုမ္ပဏီကြီးက ကမ်းလှမ်းလာတဲ့ The Comedians ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ လက်ခံလိုက်ကြရပါတယ်။ ဇာတ်လမ်းက နိုင်ငံရေးနောက်ခံဇာတ်လမ်းဖြစ်ပြီး ဘာတန်အတွက် ဒေါ်လာ ၇ သိန်းခွဲ၊ လစ်ဇ်အတွက် ဒေါ်လာ ၅ သိန်းသာရရှိပါတယ်။ ဒီတစ်ကြိမ်ဟာ ဘာတန်အနေနဲ့ လစ်ဇ်ထက် သရုပ်ဆောင်ခ ပိုမိုရရှိလိုက်ခြင်းပါပဲ။ တကယ်တော့ ဒီကားမှာ ထုတ်လုပ်သူများနဲ့ ဒါရိုက်တာတို့က လစ်ဇ်ကို မသုံးချင်ကြပါဘူး။ သံအမတ်ကတော် မာသာပီနီဒါ နေရာမှာ သာမန်သရုပ်ဆောင်တစ်ယောက်ကိုသာ သုံးချင်ပေမဲ့ ဘာတန်က အတင်းအဓမ္မတောင်းဆိုမှုကြောင့် လက်ခံပြီး ရိုက်ကူးခြင်းပါ။ လစ်ဇ်ကလည်း ဒီကားကို သရုပ်ဆောင်ခ နည်းနည်းနဲ့ လက်ခံလိုက်ရတာက ခင်ပွန်းသည်နဲ့အတူ အာဖရိကနိုင်ငံသို့ လိုက်ပါခွင့်ရမှာဖြစ်တာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း လစ်ဇ်က 'ကျွန်မက သာမန်သရုပ်ဆောင်တစ်ယောက်ပါ။ ဘာတန်ကမှ ကြီးကျယ်မြင့်မြတ်တဲ့ သရုပ်ဆောင်ဖြစ်ပါတယ်' လို့ ဆိုခဲ့ခြင်းပါ။ ချစ်သူနဲ့ မခွဲမခွာ နေနိုင်ဖို့အရေး ဟောလိဝုဒ်မှာ ဈေးအကြီးဆုံးမင်းသမီးလို့ သတ်မှတ်ထားတဲ့ အနည်းဆုံး ဒေါ်လာ ၁ သန်းကနေ တစ်ဝက်လျှော့ပြီး လက်ခံလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ထုတ်လုပ်သူများက ဒီရုပ်ရှင်ကားဟာ နိုင်ငံရေးနောက်ခံကားဖြစ်တဲ့အပြင် ဟောလိဝုဒ်ရဲ့ထိပ်တန်း သရုပ်ဆောင်နှစ်ဦးပါဝင်ကာ နာမည်ကျော်စာရေးဆရာရဲ့ဇာတ်လမ်းလည်း ဖြစ်တာကြောင့် သေချာပေါက်အောင်မြင်ရမယ်လို့ မျှော်လင့်ထားကြပါတယ်။ The Comedians ကို ဇာတ်ညွှန်းရေးသူက ဘာတန် အထင်ကြီးလေးစားတဲ့ ဂရေဟမ်ဂရီးန်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းက ဝတ္ထုစာအုပ်အဖြစ် ထွက်မလာခင်ကတည်းက နာမည်ကြီးခဲ့ပြီး ရုပ်ရှင်အဖြစ် ရိုက်ကူးခြင်းပါ။ ဒါရိုက်တာအဖြစ် ရိုက်ကူးမယ့်သူကလည်း ဘာတန်ကို နာမည်ရစေခဲ့တဲ့ Becket ဇာတ်ကားရိုက်ကူးခဲ့သူ ဂလန်ဗီးလ် ဖြစ်ပါတယ်။ တခြားသရုပ်ဆောင်များအဖြစ် ဆာအဲလက်ဂျီးနပ်စ်လည်း ပါဝင်ပါသေးတယ်။ အဲဒါအပြင် ပီတာယူစတီနော့ဗ်လည်း ပါပါတယ်။ အမျိုးသမီးသရုပ်ဆောင်ပိုင်းမှာ လစ်ဇ်အပြင် အသံတိတ်ခေတ်က မင်းသမီးကြီးတစ်လက်ဖြစ်တဲ့ လီလီယန်ဂစ်ရှ်၊ လူရှင်တော်ပေါလ်ဖို့ဒ်နဲ့အတူ အဲဒီခေတ်ကာလက နာမည်ရလာမည့်သရုပ်ဆောင်များလည်း ပါဝင်ကြပါတယ်။

ဂျီးနပ်စ်က ဒီကားမှာ ဘာတန်နဲ့ ပြန်လည်ဆုံစည်းရတာကို ဝမ်းမြောက်ဝမ်းသာရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်တုန်းက ဘာတန်ဆီကို အဆက်အသွယ်လုပ်ခဲ့ပေမဲ့ ဘာတန်က ဘာမှအကြောင်းမပြန်ခဲ့ပါဘူး။ လက်ဆောင်ပို့ပြန်တော့လည်း လက်မခံဘဲ ပြန်ပို့တာကို ကြုံခဲ့ရပါတယ်။ လူချင်းတွေ့လို့ မေးလိုက်တဲ့အခါမှာတော့ ဘာတန်က အံ့အားသင့်စွာနဲ့ ဒီကိစ္စတွေကို သူ ဘာမှမသိပါဘူးလို့ ဆိုပါတယ်။ နောက်ဆုံးမှာ ကောက်ချက်ချလို့ရတာကတော့ သူတို့ရဲ့အိမ်ထိန်းများဟာ အိမ်ကိုထိန်းသိမ်းတာအပြင် သူတို့နဲ့မဆိုင်တဲ့ကိစ္စတွေမှာပါ ပါဝင်စွက်ဖက်နေကြပြီဆိုတာကို တွေ့လိုက်ရခြင်းပါပဲ။ ဒါကြောင့်လည်း သူတို့ဇနီးမောင်နှံဟာ မိတ်ဆွေဟောင်းများနဲ့ ကင်းကွာလာခြင်းဖြစ်တယ်ဆိုတာ သဘောပေါက်လာပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*


■

**ဝင်းငြိမ်း**

www.burmeseclassic.com

ချစ်တတ်သောသူကို လူတိုင်းချစ်ခင်ကြသည်။ 'Everybody loves a lover' ဟု အင်္ဂလိပ်လူမျိုး ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယားက ဆိုခဲ့ဖူးသည်။ ထို့ကြောင့် အချစ်ဇာတ်လမ်းဆိုလျှင် လူကြီး၊ လူငယ်မရွေး ကြိုက်နှစ်သက်ကြပေသည်။ အချစ်ဇာတ်လမ်းပေါင်း မြောက်မြားစွာအနက် လွန်ခဲ့သော နှစ် ၅၀၀ ကျော်က ရှိတ်စပီးယား ရေးသားခဲ့သည့် ပြဇာတ်တစ်ပုဒ်ဖြစ်သော **'ရိုမီယိုနှင့် ဂျူးလီယက်'** (Romeo And Juliet) အချစ်ဇာတ်လမ်းမှာ ယနေ့တိုင် မရိုးနိုင်ဘဲ ထာဝရသစ်ဆန်းနေသော ဇာတ်လမ်းဖြစ်ပါသည်။

ဤပြဇာတ်ကို ဘာသာစကားမျိုးစုံဖြင့် ပြန်ဆိုထားပြီး ကမ္ဘာအနှံ့ တက္ကသိုလ်နှင့် ကျောင်းများ၌ အင်္ဂလိပ် ဘာသာ စကားနှင့် စာပေဘာသာရပ်တွင် ထည့်သွင်းသင်ကြားပို့ချဆဲ ဖြစ်ပါသည်။



၂၀၁၃ ခုနှစ်မှာ အီတာလျံဒါရိုက်တာ ကားလိုစ်ကာလေးက
ဒေါက်ဂလပ်စ်ဘုတ်၊ ဟေလီစတိုင်းဖဲတို့နဲ့အတူ
'ရိုမီယိုနှင့်ဂျူးလီယက်' ဇာတ်ကားကို နောက်ဆုံးအကြိမ် ပြန်လည်ရိုက်ကူးခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com




ဦးဝင်းငြိမ်းနှင့် ရွှေချစ်သူပရိသတ်များအား အနူးအညွတ် တောင်းပန်ပါသည်ရှင့်။ ထို့အပြင် ရွှေသို့ပို့ထားသော စာမူဟောင်းများကိုလည်း ဖျက်ဖို့ပြောပြီးဖြစ်ပါသည်။ အသစ် ထပ်မံပို့သောအခါတွင် ဆက်လက်လက်ခံ ဖတ်ရှုပေးရန် ခွင့်တောင်းလိုပါသည်ရှင့်။

**လေးစားကျေးဇူးတင်လျက်**

**ရည်ဝေ၊လင်းရောင်ခြည်၊**

***ဆရာမရဲ့စာအုပ်ကို အလင်းတန်းကျွန်ုပ်စာအုပ်စင်ကဏ္ဍအတွက် လာပေးလို့ အမှတ်မထင် ဖတ်ကြည့်လိုက်ရာက 'အမျှဝေ၍ဏ်သားကောင်'ကို မာတိကာမှာ တွေ့လိုက်ရတော့ ကျွန်တော် ဖျာသွားတယ်။ ရွှေမှာ ရွေးချယ်ဖော်ပြထားတဲ့ လလည်း ဖြစ်နေတာကြောင့် ဝတ္ထုအဟောင်းကို ရွေးမိလျက်သား ဖြစ်သွားပြီလို့ ထင်လိုက်လို့ပါပဲ။ နောက်မှ အွန်လိုင်းမှာရေးထားတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်မှန်းသိရပါတယ်။ အမှန်အတိုင်း ပြောရရင် အွန်လိုင်းကဝတ္ထုတွေကို ကျွန်တော် မဖတ်ဖြစ်ပါဘူး။ အချိန်မရလို့ပါပဲ။ နောက်နောင်မှာတော့ အွန်လိုင်းမှာ တင်ပြီးသား စာမူများကို မပို့ဖို့ အားလုံးကို လေးစားစွာ မေတ္တာရပ်ခံပါတယ်။***

❑

**ဆရာ ဦးဝင်းငြိမ်း မင်္ဂလာပါ ခင်ဗျာ**

ရွှေကိုလစဉ် ဝယ်ဖတ်ဖြစ်ပေမဲ့ စာမရေးဖြစ်ခဲ့တာ အတော်လေးကြာခဲ့ပါပြီ။ ဆရာမ ပန်းရိပ်မြူရဲ့ **ရေခဲပန်းပု** ဝတ္ထုတိုလေးကို နှစ်သက်မိသလို ဆရာမဝေရဲ့ **လွတ်ကျသွားသောကမ္ဘာ** ကိုလည်း ကြိုက်ပါတယ်။ ပရိသတ်အကြိုက် ရွှေဝတ္ထုတိုဆုကို ဆရာမ မေ(လားရှိုး)ရဲ့ **လမ်းခွဲမှ အလှူ** ရတဲ့အတွက် ဝမ်းသာမိပါရဲ့။ ဆရာနော်(ကျောက်တိုင်)ကိုတော့ မနှစ်ကတည်းက **လမ်းအခွဲမှာ ဝဲခဲ့ရတဲ့ရွှေမျက်ရည်** နဲ့ ရစေချင်ခဲ့တာပါ။ ဒီနှစ်မှာတော့ ဆရာ ရခဲ့တော့ပိုပြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ဆရာဦးဝင်းငြိမ်းခင်ဗျာ ဆရာ့ကို မရှင်းလို့တစ်ခုလောက် မေးချင်ပါတယ်။ ရွှေအသစ်တစ်ဦးဟာ ရွှေအသစ်ကဏ္ဍမှာ နှစ်ကြိမ်အထိသာ ပါဝင်ခွင့်ရှိတယ်လို့ ရွှေဆုရှင် ဆရာမတွေ ပြောလို့သိရပါတယ်။ သို့ပေသိ၊ ဆရာလူခါးဆိုလျှင် **ဘနဖူးသိုက်တူးဖို့ လိုက်ဦးမလား၊ လှမိုက်က ကျွန်တော် အဖော်က တီဗက်၊ ရှိုမီးကမ္ဘာ့အနိမ့်ပိုင်းသို့ လောင်ကျွမ်းသည်** စတဲ့ ဝတ္ထုတွေနှင့် သုံးပုဒ်တိတိဖော်ပြခံခဲ့ရပါတယ်။ ထို့အတူပါပဲ။ ဆရာနေ့(ပင်လယ်ပြာ)ဆိုရင်လည်း **လက်ဖက်ရည်၊ သခင်၊ နှစ်ကောင်** စတဲ့ဝတ္ထုတိုတွေနဲ့





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ဟောလီစတိုင်းဖဲနဲ့ ဒေါက်ဂလပ်စ်ဘုတ်တို့ရဲ့သရုပ်ဆောင်မှု

ဇာတ်စင်ပေါ်တွင်လည်း ပြဇာတ်အဖြစ် ယနေ့တိုင် နိုင်ငံပေါင်းစုံတွင် ကပြတင်ဆက်ဆဲ ဖြစ်ပါသည်။ ရုပ်ရှင်ကားကြီးအဖြစ် ခေတ်အဆက်ဆက် ရိုက်ကူးခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ၁၉၃၆ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ဒါရိုက်တာကြီး ဂျော့ကူကာ (George Cukor)မှ ဟောလိဝုဒ်အကျော်အမော်များဖြစ်ကြသော လက်စလီဟောင်းဝေါ့ (Leslie Howard)နှင့် နော်မာရှဲရာ (Norma Shearer)တို့ဖြင့် ရိုက်ကူးခဲ့ဖူးသည်။ ၁၉၅၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ အီတာလျံဒါရိုက်တာကြီး ရီနာတိုကာစတဲလာနီ (Renato Castellani) မှ ဗြိတိသျှသရုပ်ဆောင်များဖြစ်ကြသော လောရင့်ဟာဗေး(Laurence Harvey)နှင့် ဆူဇန်ရှဲန်တော(Susan Shentall)တို့တွဲဖက်၍ ဒုတိယအကြိမ် ရိုက်ကူးခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဒါရိုက်တာကြီးနှစ်ဦးဖြစ်ကြသော ရောဘတ်ဝိုက်စ် (Robert Wise)နှင့် ဂျရုံးရောဘင်းစ် (Jerome Robbins)တို့ပူးပေါင်း၍ ဤဇာတ်လမ်းကို အဆိုအကများ မြိုင်ဆိုင်စွာဖြင့် တေးသံစုံ(Musical)ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ရုပ်ရှင်ထူးချွန်ဆုအော်စကာ ၁၀ ခု ရရှိခဲ့ပါသည်။ ထိုရုပ်ရှင်ကားအမည်မှာ **West Side Story** ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်တွင် ဒါရိုက်တာ မင်းသားကြီး ပီတာယူးစတင်းနော့ (Peter Ustinov) မှ လူငယ်သရုပ်ဆောင် များဖြစ်ကြသည့် ဂျွန်ဂဲဗင်(John Gavin)နှင့် စန်ဒရာဒီး(Sandra Dee)တို့ဖြင့် ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်က နောက်ဆုံးရိုက်ကူးထားတဲ့ [illegible] ဇာတ်ကားဟာ ရှေးရိုးအတိုင်း ရိုက်ကူးထားပေမယ့် [illegible] တစ်ခုကိုကြည့်ရတာနဲ့ မတူဘဲ ခေတ်မီတဲ့ရုပ်ရှင်ကားတစ်ကားဖြစ်နေတာကို တွေ့ရပါတယ်

ထမ်းကို ခေတ်နှင့်ညီအောင်ပြင်၍ ရန်ဘက်များဖြစ်ကြသော ရုရှားသံအမတ်ကြီး၏သားနှင့် အမေရိကန်သံအမတ်ကြီး၏သမီးတို့၏ တိတ်တခိုး အချစ်ဇာတ်လမ်းအဖြစ် ဖန်တီးရိုက်ကူးခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်တွင်မူ ဗြိတိန်နိုင်ငံတော်ဝင်ဘဲလေးအကကုမ္ပဏီမှ ဤဇာတ်လမ်းကို ဘဲလေးအကဖြင့် တင်ဆက်ခဲ့သည်ကို ရုပ်ရှင်အဖြစ် ရိုက်ကူး၍ပြသခဲ့ပါသည်။ ထိုအချိန်က ကမ္ဘာ့ထိပ်သီး ဘဲလေးအကပညာရှင်များဖြစ်ကြသည့် ရူးဒေါ့ဖ် နူရီယက်ဖ်(Rudolf Nureyev) နှင့် မာဂိုဖွန်တိန်း(Margot Fonteyn) တို့ဖြင့် ရိုက်ကူးထားသောကြောင့် လူကြည့်များသော ရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် အီတာလျံ ဒါရိုက်တာကြီး ဖရန်ကိုဇက်ဖီရဲလီ(Franco Zeffirelli)မှ မင်းသား၊ မင်းသမီးသစ်များဖြစ်ကြသည့် လဲနတ်ဝှိုက်တင်း(Leonard Whiting)နှင့် အော်လီဗီယာဟတ်စေး(Olivia Hussey) တို့ကို ရွေးချယ်ရိုက်ကူးခဲ့ပြန်သည်။ ဤဇာတ်ကားမှာ **ရိုမီယိုနှင့် ဂျူးလီယက်** ဇာတ်ကားများအားလုံးထဲတွင် ခမ်းနားကြီးကျယ်ဆုံးဖြစ်ရုံသာမက အကယ်ဒမီဆုနှစ်ဆု(ဓာတ်ပုံဆုနှင့် ဝတ်စုံဆု)ကို ဆွတ်ခူးခဲ့ပါသည်။ ခေါင်းဆောင် သရုပ်ဆောင်သစ်နှစ်ဦးကိုလည်း ကမ္ဘာကျော်မင်းသား၊ မင်းသမီးစာရင်းဝင်အဖြစ် ဖန်တီးပေးခဲ့သော ရုပ်ရှင်ကားကြီး ဖြစ်ပါသည်။

၁၉၉၆ ခုနှစ်တွင် ဒါရိုက်တာ ဘာဇ်လာမန်(Baz Lurhmann)မှ အသွင်

www.burmeseclassic.com

တစ်မျိုးဆန်းသစ်၍ ရိုက်ကူးခဲ့ပြန်သည်။ ဇာတ်လမ်းနှင့် Dialogue စကားများကို မူရင်းအတိုင်းထား၍ အချိန်နေရာကို ပြောင်းလိုက်သည်။ အချိန်မှာ မျက်မှောက်ခေတ်ဖြစ်၍ နေရာမှာ အမေရိကန်ပြည်ထောင်စု လူငယ်ဂိုဏ်းများ ဆိုးသွမ်းနေသည့် ကမ်းခြေမြို့ကလေးဖြစ်သည်။ ဤရုပ်ရှင်ကားတွင် ရိုမီယိုအဖြစ် ဟောလိဝုဒ်ထိပ်သီးမင်းသား လီယိုနာဒို ဒီ ကက်ပရီယို (Leonardo Di Caprio) နှင့် ဂျူးလီယက်အဖြစ် မင်းသမီးချောကလေး ကလဲရာဒိန်းစ် (Claire Danes) တို့က သရုပ်ဆောင်ထားပါသည်။ ၂၀၀၆ ခုနှစ်တွင် ဤအချစ်ဇာတ်လမ်းကို Gnomeo And Juliet ကာတွန်းဇာတ်လမ်းရှည်အဖြစ် ရိုက်ကူးထားသည်ကိုလည်း တွေ့ရပြန်သည်။ ယခုနောက်ဆုံး ၂၀၁၃ ခုနှစ်တွင် အီတာလျံဒါရိုက်တာ ကားလိုစ်ကာလေး (Carlos Carlei)မှ လူငယ်မင်းသားလေး ဒေါက်ဂလပ်စ်ဘုတ် (Douglas Booth)နှင့် လူငယ်မင်းသမီးလေး ဟေလီ စတိုင်းဖဲ (Hailee Steinfeld)တို့ဖြင့် ရိုက်ကူးခဲ့ပြန်သည်။ ဤဇာတ်ကားသစ်ကို ရှေးမူအတိုင်း ရိုက်ကူးထားသော်လည်း ရှေးရုပ်ရှင်ကားဟောင်းတစ်ခု ကြည့်ရသည်နှင့် မတူဘဲ ခေတ်မီသော ရုပ်ရှင်ကားတစ်ကား ဖြစ်နေသည်ကို တွေ့ရပါသည်။ စာရေးသူအနေဖြင့် နှိုင်းယှဉ်ကြည့်လိုသောကြောင့် မိမိစုဆောင်းထားသည့် အထက်ဖော်ပြပါ ရုပ်ရှင်ကားအားလုံး (ဘဲလေးရုပ်ရှင်မှအပ)ကို ပြန်၍ကြည့်ရှုခဲ့ရာ တစ်မျိုးစီ ရသမြောက်ပြီး ပထမနှစ်ကားမှာ ပြဇာတ်ဆန်ဆန် တင်ပြထားသည်ကို တွေ့ရသော်လည်း ကျန်ကားများမှာမူ ရုပ်ရှင်ကားအဖြစ် ပီပြင်သည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။

ဤအချစ်ဇာတ်လမ်းကို ကမ္ဘာနှင့်အဝှမ်း စာဖတ်ပရိသတ်၊ ပြဇာတ်ကြည့်ပရိသတ်နှင့် ရုပ်ရှင်ကြည့်ပရိသတ်အားလုံး ဘာကြောင့် နှစ်သက်စွဲလမ်းကြသနည်း။ အဓိက အကြောင်းရင်းမှာ ရှိတ်



စပီးယား၏ ဇာတ်လမ်းသည် နိုင်ငံနှင့်လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် ယဉ်ကျေးမှုအစဉ်အလာ၊ ခေတ်ကာလနှင့် အယူအဆ အားလုံးလျော်ညီသော (Universal) ဇာတ်လမ်းတစ်ခုအဖြစ် ဖွဲ့ဆိုထားသောကြောင့်ပင် ဖြစ်ပေသည်။ ခေတ်အဆက်ဆက် နိုင်ငံအသီးသီးတွင် ချစ်သူများအတွက် ဟန့်တားချက်အမျိုးမျိုး ရှိခဲ့သည်။ ယခုထိလည်း ရှိနေဆဲဖြစ်သည်။ ဥပမာ အိန္ဒိယနိုင်ငံတွင် လူမျိုးတစ်မျိုးတည်းတွင် ဇာတ်အနိမ့်အမြင့် ခွဲခြားထားပြီး ဇာတ်မတူလျှင် အိမ်ထောင်ပြုခွင့် မရှိပါ။ အချို့နိုင်ငံများတွင် ကိုးကွယ်သည့် ဘာသာမတူသဖြင့် ချစ်သူများ ကွဲခဲ့ရသည့် ရင်နင့်ဖွယ်ဇာတ်လမ်းအများအပြားရှိသလို အနောက်နိုင်ငံများတွင် အသားရောင်ကွဲပြားသည့်အတွက် အသိုင်းအဝိုင်းများမှ လက်မခံသဖြင့် ကွဲခဲ့ရသော ဇာတ်လမ်းများလည်း ရှိပေသည်။ အရှေ့တိုင်းနိုင်ငံအချို့တွင် လူမျိုးမတူလျှင် မိဘများမှ သဘောမတူနိုင်သည်ကိုလည်း တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရိုမီယိုနှင့်ဂျူးလီယက်' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

မြန်မာနိုင်ငံတွင်မူ ဂုဏ်ရည်မတူသည့်အတွက် မိဘများမှ လက်မခံကြသည်များလည်း ရှိခဲ့ပါသည်။

ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယားက သူ၏ဇာတ်ကောင် ချစ်သူနှစ်ဦးကို စီးပွားရေးရန်ဘက်နှစ်ဦး၏ ရွေးချင်းများအဖြစ် ရေးဖွဲ့ထားပါသည်။ မိသားစုများမှ စီးပွားရေးလောကတွင် ပြိုင်ဘက်များဖြစ်ကြပြီး နှစ်ဖက်စလုံးမှာ ချမ်းသာသော မိသားစုများဖြစ်သဖြင့် ဘသည့်လက်အောက်ငယ်သား အများအပြားရှိကြသူများဖြစ်သည်။ မြို့ကလေးတစ်မြို့တွင် နေထိုင်သူများဖြစ်ရာ မကြာခဏ ခိုက်ရန်ဖြစ်ပွားကြသည်။ ရန်ဖြစ်တိုင်းလည်း ထိခိုက်ဒဏ်ရာ ရရှိကြရုံသာမက တစ်ခါတစ်ရံ အသေအပျောက်ပင် ရှိသဖြင့် မြို့စားကြီးမှ ရန်မဖြစ်ရ၊ ရန်ဖြစ်သူ သေဒဏ်ပေးမည်ဟု အမိန့်ထုတ်ထားရသည်။ ရိုမီယိုမှာ အသင့်အတင့်ချမ်းသာသော မြေရှင် 'မွန်တီဂရူး'၏ တစ်ဦးတည်းသောသား ဖြစ်၍ ဂျူးလီယက်မှာ အလွန်ချမ်းသာသော သူဌေးကြီး 'ကက်ပြူလက်'၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ ရိုမီယိုမှာ 'ကက်ပြူလက်'သူဌေးကြီးပြုလုပ်သည့် မျက်နှာဖုံးစွပ်၍ သွားရသော ညှိခံပွဲကြီးကို ဖိတ်ကြားထားခြင်းမရှိဘဲ ခိုး၍ တက်ရောက်ခဲ့သည်။ ညှိခံပွဲတွင် ဂျူးလီယက်နှင့် တွေ့ဆုံပြီး အရူးအမူး ချစ်ကြိုက်သွားသည်။ သည့်မတိုင်မီ မင်းစိုးရာဇာတစ်ဦးဖြစ်သည့် နယ်စားတစ်ဦးမှ ဂျူးလီယက်ကို လက်ထပ်ယူလိုကြောင်း မိဘများထံ ခွင့်ပန်ခဲ့

www.burmeseclassic.com

ရာ မိဘများမှ သဘောတူ လက်ခံထားပြီးဖြစ်သည်။

ထို့ကြောင့် ရိုမီယိုမှာ သူ၏ဆရာဖြစ်သူ ခရစ်ယာန်ဘုန်းတော်ကြီး 'ဖာသာလောရင့်'ထံ အကူအညီ တောင်းခံခဲ့သည်။ ဘုန်းတော်ကြီးက ရန်သူမိသားစုနှစ်ခုမှ မွေးချင်းများ မေတ္တာသက်ဝင် ချစ်ခင်နေကြောင်း သိသောအခါ ရန်သူမှတစ်ဖန် ဆွေမျိုးများဖြစ်သွားလျှင် ရန်ပြေငြိမ်းသွားမည်ဟု ယုံကြည်သဖြင့် ဘုရားကျောင်းတွင် သူတို့နှစ်ဦးအား လက်ထပ်ပေးခဲ့သည်။ လက်ထပ်ပြီး အပြန်တွင် နှစ်ယောက်စလုံး ဒုက္ခပင်လယ် ဝေခဲ့သည်။ ဂျူးလီယက်မိဘများက သမီးကို နယ်စားကလေး ပဲရစ်နှင့် အမြန်ဆုံးလက်ထပ်ပေးရန် စီစဉ်သည်။ ဂျူးလီယက်အနေဖြင့် မိဘ၏ဆန္ဒကို လွန်ဆန်၍မရ ဖြစ်ခဲ့သည်။ ဂျူးလီယက်၏ အစ်ကိုဝမ်းကွဲတော်စပ်သူ 'တီဘော့'မှာ ရိုမီယို သူတို့ညှော်ခံပွဲကို ခိုး၍တက်ရောက်ခဲ့သည်ကို သိသွားသောကြောင့် တစ်ယောက်ချင်း ဓားယှဉ်ခုတ်ရန် စိန်ခေါ်ခဲ့သည်။ ရိုမီယိုက ယောက်ဖတော်စပ်နေပြီဖြစ်သူနှင့် အချင်းမပွားလိုသဖြင့် ငြင်းဆန်သော်လည်း 'တီဘော့'မှ ဓားဖြင့်ခုတ်ရာ သူငယ်ချင်း 'မကူရှို'က ဝင်ကယ်ရသည်။ ထိုဓားခုတ်ပွဲတွင် 'မကူရှို' သည် 'တီဘော့'၏ဓားချက်ဖြင့် သေဆုံးခဲ့သည်။ ရိုမီယိုက သူငယ်ချင်းသေဆုံးသွားသောအခါ စိတ်မထိန်းနိုင်ဘဲ 'တီဘော့'နှင့် ဓားချင်းယှဉ်ခုတ်ရာ အဆုံး၌ 'တီဘော့'သေဆုံးခဲ့ရသည်။

ဤသတင်းကို မြို့စားကြီး ကြားသောအခါ မိသားစုနှစ်ခုလုံးကို နန်းတော်သို့ခေါ်၍ စစ်ဆေးသည်။ ရန်စသူနှစ်ဦးလုံး သေဆုံးသွားပြီဖြစ်သော်လည်း အချင်းဖြစ်ပွားအောင် ဖန်တီးခဲ့သူ ရိုမီယိုကို နယ်နှင်ဒဏ်ပေးခဲ့သဖြင့် သူသည် ဗာရိုနာမြို့မှ ထာဝရ ထွက်ခွာခဲ့ရသည်။ ဂျူးလီယက်မှာလည်း ကြံရာမရဖြစ်ပြီး ဘုန်းတော်ကြီး 'ဖာသာလောရင့်'နှင့်တိုင်ပင်သည်။ 'ဖာသာလောရင့်'သည် ရုက္ခဗေဒပညာရှင်တစ်ဦးဖြစ်ပြီး သဘာဝဆေးဝါးများထုတ်လုပ်သူလည်းဖြစ်သည်။ ထို့ကြောင့် သူဖော်စပ်ထားသော ဆေးရည်တစ်မျိုးကို ဂျူးလီယက်ကို ပေးလိုက်သည်။ ထိုဆေးကို သောက်လိုက်လျှင် ၂၆ နာရီခန့် အိပ်ပျော်သွားမည်ဖြစ်သည်။ အသက်ရှူခြင်းနှင့် နှလုံးခုန်ခြင်းများ ခေတ္တရပ်တန့်သွားစေမည်ဟု ရှင်းပြသည်။ မိဘများအနေဖြင့် သမီးသေဆုံးပြီဟု ထင်မှတ်ကာ မိသားစုရုပ်ကလာပ်များ ထည့်သွင်းထားသည့် ဗိမာန်တွင်း သူမ၏ရုပ်ကလာပ်ကို ထားမည်ဖြစ်သည်။ ထိုအချိန်အတွင်း သူ့အနေဖြင့် အနီးနားမြို့ကလေးတွင် နေထိုင်လျက်ရှိသော ရိုမီယိုကို အကြောင်းစုံရှင်းပြသည့်စာတစ်စောင်ရေး၍ ခေါ်မည်ဖြစ်သည်။ ဂျူးလီယက် နိုးလာသည့်အချိန်တွင် အနားတွင် ရိုမီယိုရှိနေစေမည်။ သည့်နောက် ဇနီးမောင်နှံနှစ်ဦး အခြားအရပ်ဒေသတစ်ခုသို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ကြရန် ပြောပြသည်။ ဂျူးလီယက်မှာ ထိုအစီအစဉ်ကို လက်ခံခဲ့သည်။

သို့သော် ရိုမီယိုထံသို့ ဂျူးလီယက်သေဆုံးပြီဟူသော သတင်းက အရင်ရောက်သွားသောအခါ ရိုမီယိုမှာ ဆေးဆရာတစ်ဦးထံမှ အလွန်ပြင်းသော အဆိပ်တစ်ပုလင်းဝယ်၍ ဗာရိုနာမြို့သို့ ချက်ချင်းပြန်လာခဲ့သည်။ ဂျူးလီယက်၏ရုပ်ကလာပ်ကို တွေ့သောအခါ ယူကျုံးမရဖြစ်၍ ချက်ချင်းအဆိပ်သောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်ခဲ့သည်။ အချိန်ပြည့်၍ ဂျူးလီယက်နိုးလာသောအခါ သူ၏ရင်ခွင်ပေါ်တွင် သေဆုံးနေသော ရိုမီယိုကို တွေ့သဖြင့် ဝမ်းနည်းကြေကွဲစွာ ရိုမီယို၏လက်ထဲမှ အဆိပ်ပုလင်းယူ၍မော့ချသော်လည်း တစ်စက်မှ မကျန်သောကြောင့် သူ့အတွက် ချန်မထားသည့် ရိုမီယိုကို အပြစ်တင်ကာ အဆုံး၌ ရိုမီယို၏ခါးမှ ဓားဖြင့် သူ့ရင်ကို ထိုး၍ အဆုံးစီရင်ခဲ့ပါသည်။ ဇာတ်သိမ်းခန်း၌ တစ်ဦးတည်းသော သားနှင့်သမီး ဆုံးရှုံးခဲ့ရသော 'မွန်တီဂရူး'မိသားစုနှင့် 'ကက်ပြူလက်'မိသားစုတို့ နောင်တကြီးစွာရ၍ ရန်ပွဲများ အဆုံးသတ်ပြီး မိတ်ဆွေများ ဖြစ်သွားကြပါသည်။

ရှိတ်စပီးယားသည် သူ၏ အခြားပြဇာတ်များနည်းတူ Dialogue စကားများအားလုံးကို ကဗျာလင်္ကာဖြင့် ရေးသားထားသည်။ ရှေးအင်္ဂလိပ်ဘာသာစကား အသုံးအနှုန်းများဖြစ်လင့်ကစား အလွန်သိမ်မွေ့လှပသော စာသားများဖြစ်သဖြင့် ရုပ်ရှင်ရိုက်ကူးရာတွင် ဒါရိုက်တာတိုင်း အခင်းအကျင်းနှင့် ခေတ်ကာလကိုသာ ပြောင်းလဲခဲ့ကြသော်လည်း စကားအား မူရင်းအတိုင်း သရုပ်ဆောင်များကို ထွက်ဆိုစေခဲ့ပါသည်။ ဤပြဇာတ်ထဲမှ လူသိများ ရေပန်းစားသောစကားအချို့ကို ဖော်ပြလိုက်ပါသည်။

ဂျူးလီယက်သည် သူ၏ချစ်သူမှာ မိသားစု၏ ရန်သူဖြစ်နေကြောင်း သိသောအခါ ဤသို့ဆိုသည်။

"My only love sprung from my only hate, Too early seen unknown and known too late. Prodigious birth of love it is to me. That I must love a loathed enemy."

အဓိပ္ပာယ်မှာ *'သူ၏တစ်ခုတည်းသော အချစ်မှာ မုန်းရမည့် တစ်ခုတည်းသောမိသားစုမှ ပေါက်ဖွားလာသူဖြစ်နေလေပြီ။ အမည်မသိသော ချစ်သူနှင့် အတွေ့စောလွန်း၍ အသိနောက်ကျလွန်းသည်။ သူ့အတွက် အံ့ဩလောက်သော အချစ်ပေါက်ဖွားခြင်းဖြစ်သော်လည်း မုန်းရမည့်ရန်သူကိုမှ သူ၏နှလုံးသားပေးရမှာပါလား'*ဟူ၍ ဖြစ်ပါသည်။

ရိုမီယိုမှ ဂျူးလီယက်ကို တွေ့လျှင်တွေ့ချင်း ပြောလိုက်သော စကားလုံးများမှာ ဤသို့ဖြစ်သည်။

"Beauty too rich for use
For earth too dear
So shows the snowy dove
Trooping with crows."

အဓိပ္ပာယ်ကတော့ *'ဂျူးလီယက်*

www.burmeseclassic.com

www.burmeseclassic.com

်အလှမှာ မထိရက်လောက်အောင် ဖြယ်ဝလှပေသည်။ ကမ္ဘာလောကကြီး နှင့်တောင် မထိုက်တန်ပါ။ ကျီးကန်း ငှက်များကြားထဲမှ ခိုဖြူလေးသဖွယ် ပေါ်လွင်နေပါတကား' ဟူ၍ ဖြစ်ပါ သည်။

ဂျူးလီယက်သည် သူ့အထိန်းတော် ကြီးထံမှ သူချစ်သူသည် 'မွန်တီဂရူး' အမည်ကို ဆောင်ထားသူဖြစ်ကြောင်း သိသွားသောအခါ ဤသို့မြွက်ဆိုခဲ့ သည်။

"What's in a name? That which we call a rose, By any other name would smell as sweet."

အဓိပ္ပာယ်ကတော့ 'နာမည်ဆိုတာ နာမည်ပဲဖြစ်ပါတယ်။ နှင်းဆီပန်း လေးကို ဘာနာမည်ပဲပေးပေး မွှေး နေမှာပါပဲ' ဟု ဖြစ်ပါသည်။

ရိုမီယို၏ အစ်ကိုဝမ်းကွဲတော်သူ 'ဘင်ဗိုလီယို' မှ သူ့ညီအနေဖြင့် မိန်း ကလေးတစ်ယောက်ကို တမ်းတမ်းစွဲ ချစ်နေကြောင်း သိသောအခါ ဤသို့ ပြောခဲ့သည်။

"Love will not call but once

Nor stay forever when she comes."

အဓိပ္ပာယ်ကတော့ 'အချစ်ဆိုတာ ဘဝမှာ တစ်ကြိမ်ပဲ ကြုံတွေ့ရမှာ မဟုတ်ဘူး။ နောင်လည်း အချစ်များနှင့် ကြုံတွေ့ရဦးမှာပဲ။ ကြုံတွေ့ရမည့် အချစ် သည်လည်း ကိုယ့်ရဲ့နှလုံးသားထဲမှာ ထာဝရရှိနေမှာ မဟုတ်ဘူး' ဟူ၍ ဖြစ်ပါ သည်။

ခရစ်ယာန်ဘုန်းတော်ကြီး 'ဖာသာ လောရင့်' မှ အရူးအမူးဖြစ်နေသော ရိုမီ ယိုကို ဤသို့ ဆုံးမခဲ့သည်။

"The sweetest honey sickens when over-ate

Defeating its own delight.

Long-lasting love must be moderate

Love too fast can prove falser than love too slow."

အဓိပ္ပာယ်ကတော့ 'အချိုဆုံးပျား ရည်သည်ပင်လျှင် အလွန်အကျွံ စားသုံး ခဲ့လျှင် ခါးသက်လာတတ်ပါသည်။ မိမိ အရသာကို မိမိပြန်ဖျက်ဆီးပစ်တတ်ပါ သည်။ အလားတူ ကြာရှည်စွာ ချစ်ကြ မည့် အချစ်ကို အတိုင်းအတာဖြင့် ချစ်ရ ပါမည်။ ဆောလျင်သော အချစ်သည် နှေးကွေးသော အချစ်ထက် စစ်မှန်မှု လျော့နည်းတတ်ပေသည်' ဟု ဖြစ်ပါ သည်။

ချစ်သူနှစ်ဦး၏ ဗျာပါဒဖြစ်သော ဇာတ်သိမ်းခန်းတွင် ဇာတ်ကြောင်းပြန်သူ (Narrator)၏ နိဂုံးစကားမှာ ဤသို့ဖြစ် ပါသည်။

The sun, for sorrow, will not show his head,

And join with all in grieving for the dead.

For never was a story of more woe than this of Juliet and her Romeo.


အဓိပ္ပာယ်မှာ 'ဝမ်းနည်းလွန်း သဖြင့် ထိုနေ့၌ နေမင်းကြီးပင် ခေါင်းမ ဖော်နိုင်ခဲ့ပေ။ အခြားကြေကွဲနေသူများ နှင့်အတူ ကွယ်လွန်သူနှစ်ဦးကို လာ ရောက် နှုတ်ဆက်နိုင်ခြင်းမရှိပေ။ ဂျူးလီ ယက်နှင့် သူ၏ချစ်သူ ရိုမီယိုတို့၏ အချစ်ဇာတ်လမ်းထက်ပို၍ ကြေကွဲရင် နင့်ဖွယ်ကောင်းသော ဇာတ်လမ်းမျိုး မရှိ ခဲ့ဖူးပေတကား' ဟု ဖြစ်ပါသည်။

ဤသို့သော ဂန္ထဝင်ဇာတ်လမ်း (Classic)မျိုးကို ဝတ္ထုအဖြစ် ဖတ်ခြင်း ဖြင့်သော်လည်းကောင်း၊ ပြဇာတ်အဖြစ် ကြည့်ရှုခြင်းဖြင့်သော်လည်းကောင်း၊ ရုပ်ရှင်ကားအဖြစ် ကြည့်ရှုခြင်းဖြင့်သော် လည်းကောင်း ရသမျိုးစုံ ခံစားရသည် သာမက ဘာသာစကားအနေဖြင့်လည်း အနုအလှစကားလုံး အသုံးအနှုန်းများ တိုးလာနိုင်ပါသည်။ ယခုခေတ် လူငယ် များမှာ နောက်ဆုံးပေါ် Computer Effectsနည်းပညာဖြင့် ရိုက်ကူးထားသော စက်ရုပ် ရုပ်ရှင်ကားမျိုးကို အကြိုက်တွေ့ နေကြပါသည်။ အချို့မှာ ရုပ်မြင်သံကြား မှ ပြသသော အခန်းဆက် Drama ဇာတ် လမ်းရှည်ကြီးများကို အချိန်ပေး၍ ကြည့် ကြသည်။ လူငယ်ရုပ်ရှင်ဝါသနာပါသူ များအနေဖြင့် ကမ္ဘာကျော် စာပေလက်ရာ များကို ရုပ်ရှင်အဖြစ် ရိုက်ကူးထားသော ရုပ်ရှင်ကားများကို ကြည့်ရှုသင့်ပေ သည်။ ယင်းဂန္ထဝင်မြောက် စာပေများ မှာ ဇာတ်လမ်းဇာတ်အိမ် ခိုင်မာကောင်း မွန်ရုံသာမက စာသားများသည်လည်း မှတ်ယူလေ့လာထိုက်လောက်အောင် ပြောင်မြောက်လှပါသည်။

ကျွန်တော် ကျောင်းသားဘဝတုန်း က အင်္ဂလိပ်စာ တိုးတက်ရန်အတွက် အင်္ဂလိပ်စာအုပ်များ ဖတ်ရှုခဲ့သည့်အပြင် အင်္ဂလိပ်စကားပြော နားရည်ဝရန် အတွက် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောသော ရုပ်ရှင်ကားများကို အပတ်စဉ် ကြည့်ရှုခဲ့ရာမှ ရုပ်ရှင်ဝါသနာရှင်တစ်ဦး ဖြစ်လာခဲ့ပါသည်။ ကျွန်တော်တို့ ခေတ် အခါက ရုပ်ရှင်ကားများတွင် စာတန်း ထိုးထားခြင်း မရှိပါ။ အင်္ဂလိပ်စကား ပြောသည်များကို အာရုံစူးစိုက် နား ထောင်ခြင်းဖြင့် တဖြည်းဖြည်းနားလည် လာခဲ့ခြင်း ဖြစ်ပါသည်။ ယခုခေတ် ရုပ်ရှင်ကားများတွင် စာတန်းထိုးများ ပါလာသဖြင့် မကြားလိုက်သော (သို့ မဟုတ်) နားမလည်သော စကားများ ရှိက စာတန်းကို ဖတ်ကြည့်လို့ရပါ သည်။ ဤသို့ဖြင့် အင်္ဂလိပ်စာ ဖတ် ရှုခြင်းအတွက် လေ့ကျင့်မှုရစေပါ သည်။ ယနေ့ မြန်မာစာတန်းထိုးထား သော အင်္ဂလိပ်စကားပြော ရုပ်ရှင် ကားများလည်း ပေါ်ပေါက်လာသည် ကိုတွေ့ရပါသည်။ အချို့ဘာသာပြန် ထားသည့် မှားယွင်းမှုများ တွေ့ရသဖြင့် အင်္ဂလိပ်စာ တိုးတက်ရန် ရုပ်ရှင်ကြည့် သော လူငယ်များအတွက် စိုးရိမ်မကင်း ဖြစ်မိသည်။ သို့ဖြစ်ပါ၍ ရုပ်ရှင်ကား စာတန်းထိုးရန်အတွက် ဘာသာပြန်ပေး သူများအနေဖြင့် တိကျမှန်ကန်စွာ ဘာ သာပြန်ပေးရန် တာဝန်ရှိကြောင်း ရေး သားလိုက်ရပါသည်။ ■


**နေအုပ်၊စိန်ဝေါလ်း**

www.burmeseclassic.com



ကျွန်မ ဆောင်းအကုန် နွေဦးရာသီ ရောက်ခါနီး(နွေဦးကာလက မတ်လ ၂၀ ရက်နေ့ စတာပါ)မှာ တက်နဆီပြည်နယ်က နက်ရှဗီးလ် (Nashville) မြို့ကို စည်းဝေးပွဲတစ်ခုနဲ့ ခရီးထွက်ဖြစ်ခဲ့ပါတယ်။ ကျွန်မ တက်နဆီပြည်နယ် သွားမယ်ဆိုကတည်းက မိတ်ဆွေသူငယ်ချင်းတွေက ဂရေ့စ်လဲန် (Graceland) ရောက်မှာလား၊ သွားမှာလားဆိုပြီး မေးခဲ့ကြပါရဲ့။ နက်ရှဗီးလ်မြို့နဲ့ ဂရေ့စ်လဲန်ရှိရာ မဲမ်ဖစ် (Memphis)မြို့က မိုင်ပေါင်း နှစ်ရာတစ်ဆယ့်နှစ်မိုင်ကျော် ဝေးပြီး အချိန်အားဖြင့် သုံးနာရီကျော် ကားမောင်းသွားရမှာမို့ သွားဖြစ်မယ် မထင်ကြောင်း ပြန်ဖြေခဲ့တာပါ။

# ဂီတမြို့တော်မှ ဂီတဘုရင်အိမ်သို့





www.burmeseclassic.com


www.burmeseclassic.com



ကျေးလက်ဂီတပြတိုက်က
အဲလ်ဗစ်ပရက်စလေရဲ့
ကားနဲ့ စန္ဒရား

ကျေးလက်ဂီတပြတိုက်





ပါသီနှင်းရောက် စာရေးသူ



ကျေးလက်ပြတိုက်အတွင်းဘက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ မတ်လ ၁၅ ရက်နေ့မှာ မနက် ရှစ်နာရီထွက်တဲ့ လေယာဉ်ပျံနဲ့ နက်ရှ်ဗီးလ်မြို့ကို ခရီးထွက်ခဲ့ပါတယ်။ တိုက်ရိုက်လေယာဉ်ပျံနဲ့မို့ အချိန်အားဖြင့် လေယာဉ်ချိန် သုံးနာရီခွဲသာ ကြာမြင့်ခဲ့တာလေ။ နက်ရှ်ဗီးလ်မြို့က တက်နဆီပြည်နယ်ရဲ့ မြို့တော်ဖြစ်ပြီး၊ ပြည်နယ်ရဲ့မြောက်ပိုင်း အလယ်မှာ ရှိတာပါ။ နက်ရှ်ဗီးလ်မြို့ကတော့ ကျေးလက်ဂီတရဲ့ ဗဟိုဌာနကြီးတစ်ခုလည်း ဖြစ်နေပါရဲ့။ ဒါကြောင့်လည်း ဂီတမြို့တော် (Music City)လို့ ခေါ်တွင်နေတာပေါ့။ လူဦးရေ ခြောက်သိန်းသုံးသောင်းနီးပါး ရှိတဲ့မြို့ပါပဲ။ ၁၇၇၉ ခုနှစ်က တည်ထောင်ခဲ့တဲ့မြို့ပေါ့။ နက်ရှ်ဗီးလ်မြို့က ကျေးလက်ဂီတတွင်မက ခရစ်ယာန်ဘာသာသီချင်းတွေ ထုတ်လုပ်ဖျော်ဖြေရာ ဘူမိနက်သန်လည်း ဖြစ်သလို ဂျက်ဇ် (Jazz)ဂီတဝိုင်းတွေ အများကြီး စတင်ရာ၊ ဖျော်ဖြေရာမြို့လည်း ဖြစ်နေပါရဲ့။

နက်ရှ်ဗီးလ်မြို့လာတဲ့ တိုးရစ်တိုင်း မသွားမဖြစ် သွားရမယ့် ကမ္ဘာကျော်နေရာတွေကတော့ (Grand Ole Opry) ခေါ်တဲ့ ကျေးလက်ဂီတဖျော်ဖြေပွဲကြီးရယ်၊ ကျေးလက်ဂီတပြတိုက်နဲ့ ကျော်ကြားသူများရဲ့ခန်းမဆောင်ရယ်၊ Gaylord Opryland Resort ခေါ်တဲ့ မှန်အမိုးကြီးနဲ့ အုပ်ထားပြီး အတွင်းဥယျာဉ်ပါတဲ့ ရီဆော့ပါပဲ။

ကျွန်မရဲ့စည်းဝေးပွဲက ဂေးလော့ဒ်အိုပရီလဲန်ရီဆော့ (Gaylord Opryland Resort) မှာရှိတဲ့ စည်းဝေးဗဟိုဌာန (Convention Center)မှာဖြစ်တဲ့အတွက် ရီဆော့မှာပဲ တည်းခိုဖြစ်ခဲ့ပါတယ်။ လေယာဉ်ကွင်းနဲ့ သိပ်မဝေးလှပေမဲ့ တက္ကစီ (Taxi)တွေကို ရီဆော့အသွား နှစ်ဆယ့်ငါးဒေါ်လာ ပုံမှန်သတ်မှတ်ပေးထားတာမို့ သွားရလာရလွယ်ကူသလို၊ လေယာဉ်ကွင်းမှာ ဝန်ဆောင်မှုပေးကြသူတွေက လက်ဖျားခါအောင် ကျေနပ်စရာကောင်းအောင် ဆောင်ရွက်ပေးနေမှုက အခြားလေယာဉ်ကွင်းတွေ အတုယူစရာကောင်းလှပါရဲ့။

ဂေးလော့ဒ်အိုပရီလဲန်ရီဆော့ကတော့ လောင်းကစားဝိုင်းတွေ မပါတဲ့ ဟိုတယ်တွေစာရင်းမသွင်းရင်တော့ US မှာ အကြီးဆုံးဟိုတယ်ပါပဲ။ လတ်စ်ဗေးဂတ်စ် (Las Vegas) ဟိုတယ်တွေက ကြီးလည်းကြီးသလို လောင်းကစားဝိုင်းတွေနဲ့တွဲဖွင့်ထားတာကိုး။ အခန်းပေါင်း သုံးထောင်တစ်ရာ့တစ်ခန်းရှိပြီး လူခြောက်ထောင်ကျော် နေနိုင်တဲ့ ရီဆော့မှာ စားသောက်ဆိုင်ပေါင်း ဆယ့်ငါးခုလည်း ရှိပါတယ်။ ရီဆော့ရှေ့ဘက်နေရာ မှန်အမိုးကြီးအောက်မှာအတွင်းဘက် ဥယျာဉ်တည်ဆောက်ထားခဲ့တာမို့ ရာသီဥတု ထိန်းချုပ်ထားတဲ့ မှန်လုံအိမ် (Green House)လိုဖြစ်နေတော့ သစ်ပင်ပန်းပင်တွေက အုံ့မခန်းနိုင်အောင်ကို ဖူးပွင့်နေပါရဲ့။ ဟိုတယ်ဝင်းကြီးက ကိုးဧကကျယ်ဝန်းပါတယ်။ အတွင်းဥယျာဉ်ကြီးအတွင်းမှာ စားသောက်ဆိုင်တွေ၊ ရေတံခွန်ငယ်တွေ၊ ဆိုင်တွေ၊ လှေစီးပြီး သွားနိုင်တဲ့ စမ်းချောင်းငယ် (သဘာဝမဟုတ်)နဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှတဲ့ ရီဆော့ပါ။ Spaနဲ့ အားကစားလေ့ကျင့်ခန်းတွေရှိရာ နေရာကိုက စတုရန်းပေနှစ်သောင်းကျော်တာပါ။

ရီဆော့မှာ ကိုယ့်ရဲ့အခန်းရောက်အောင်သွားဖို့ မြေပုံကြည့်သွားခဲ့ရတာတောင် မလွယ်လှပါဘူး။ သေတ္တာကြီးနဲ့ မလာခဲ့မိတာ မှန်မှမှန်လို့ ကိုယ့်ကိုယ်ကို ပြန်ချီးမွမ်းခဲ့ရတဲ့နေ့ပါပဲ။ စက်လှေကားအဆင့်ဆင့် တက်တက်လိုက်၊ လျှောက်လမ်းတွေ ဖြတ်သွားခဲ့ချိန်မှာ လျှောက်လမ်းက တံတားကြီးလိုဖြစ်နေပြီး အောက်ဘက်က ဥယျာဉ်တွေ၊ ရေတံခွန်ငယ်တွေနဲ့ စားသောက်ဆိုင်တွေကိုကြည့်လိုက်နဲ့ ထူးဆန်းတဲ့နေရာတစ်ခုကို ရောက်တိုင်း နတ်ကရာ ကျီးမောပြီး ကျွန်မတို့ တည်းခိုရတဲ့အခန်းကို သွားခဲ့ကြရတာလေ။ နက်ရှ်ဗီးလ်မြို့က ကျွန်မနေထိုင်ရာ ဆဲန်ဒီအေးဂိုးမြို့ထက် နှစ်နာရီစောပါတယ်။ နက်ရှ်ဗီးလ်အချိန် သုံးနာရီက ကျွန်မတို့အတွက်တော့ နေ့လယ်တစ်နာရီပဲ ရှိသေးတာမို့ နေ့လယ်စာစား



ဖို့ စားသောက်ဆိုင် ရှာလိုက်တာ နာ
ဝက်လောက် တဝဲလည်လည်ကို ဖြ
ခဲ့ပါရဲ့။ ကျွန်မက U.S တောင်ပိုင်းဒေသ
ရောက်နေချိန်မှာ တောင်ပိုင်းဒေသစာကို
စားချင်ခဲ့တာလေ၊ ဂျက်ဒဲန်နီယယ်လ်
(Jack Daniel's) စားသောက်ဆိုင်မှာ
တောင်ပိုင်းစာစစ်စစ် ရတယ်ဆိုလို့ အဲ
စားသောက်ဆိုင်ကို ရှာခဲ့ရတာလေ
ဂျက်ဒဲန်နီယယ်လ်စ် အမည်ရှိ ဝီစကီ
အရက်ကတော့ တက်နဆီပြည်နယ်ထွက်
ဝီစကီဖြစ်ပြီး ကမ္ဘာကျော်ပဲပေါ့။

ကျွန်မတို့ကို ရိုင်မဲန်
(Ryman Auditorium) (လူ



www.burmeseclassic.com

www.burmeseclassic.com



သုံးပုဒ်အထိ ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့်မို့ ရွှေအသစ်ကလောင်ရှင် တွေတိုင်း ရွှေအသစ်မှာ သုံးကြိမ်အထိ ပါဝင်ခွင့်ရှိပါသလား သိချင်ပါတယ် ဆရာ။ ဆရာလွှန်းမောင်မောင်ရဲ့ မကြာခင် ထွက်ရှိတော့မည့် **တိမ်တိုက်တွေရဲ့ ဟိုမှာဘက်** ဆိုတဲ့ ဆရာ့ရဲ့ ပထမဆုံးလုံးချင်း ဝတ္ထုကိုလည်း အားပေးဖို့ စောင့်မျှော်လျက်ပါ။ ထို့အတူပဲ ဆရာ ထွန်းတောက်ထွဋ် (သချာ)ရဲ့ ဝတ္ထုတိုပေါင်းချုပ်နှင့် ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ လုံးချင်းကိုလည်း စောင့်စားလျက်ပါ။

*မေတ္တာအားဖြင့်*

*မြင့်မိုရ်ကျော်လင်း-မိုးမိတ်*

*မေတ္တာနဲ့ ထောက်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဘက်က အားနည်းချက်လို့ ပြောရပါမယ်။ ကလောင်ရှင်တစ်ဦးအတွက် ရွှေအသစ်ကဏ္ဍမှာ နှစ်ကြိမ်သာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။ တတိယအကြိမ်အထိ ရောက်သွားတာကတော့ သူတို့ဝတ္ထုတွေ ရွှေအသစ်ကဏ္ဍမှာ ပို့ထားခဲ့ကြပြီး ကျွန်တော်တို့ဘက်က သတိလစ်ပင်းသွားခြင်းကြောင့် ရွှေအသစ်ကဏ္ဍမှာ ထပ်မံဖော်ပြဖြစ်တာပါ။ လုံးချင်းရေးနေပြီဖြစ်တဲ့ ဆရာ၊ ဆရာမများကိုလည်း အားပေးကြပါ။ မြန်မာနိုင်ငံမှာ လူဦးရေ သန်း ၆၀ လို့ ခန့်မှန်းထားကြပေမဲ့ ရသစာပေထုတ်ဝေရာမှာတော့ အုပ် ၅၀၀၊ ၁၀၀၀ အထိသာ ဖြစ်နေပါတယ်။ ရသစာပေထွန်းကားရေးကို စာပေချစ်သူများက ဝိုင်းဝန်းအားပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။*

❑

ဆရာရှင့်


ဒီစာကတော့ ငြိမ်းချမ်းရေးပွဲတော် တံခွန်စိုက်အငြိမ့်ပြိုင်ပွဲ ခွေကြည့်ပြီး ချီးကျူးဂုဏ်ပြုလိုတာကြောင့် ရေးလိုက်တာပါ။ ကျွန်မတို့မိသားစု ဒီစတားအဖွဲ့ကို ကြည့်တာ ၁၀ ကြိမ်ရှိပါပြီ။ ဟား ၅ ကောင်အဖွဲ့ကို ၇ ကြိမ်မြောက် မေတ္တာရှင်အဖွဲ့ကိုတော့ ၅ ကြိမ် ကြည့်ပြီးပါပြီဆရာ။ သူတို့အရမ်းတော် ကြပါတယ်။ ပြည်သူတွေအတွက် တာဝန်လည်းကျေကြကြောင်းပါ။ ဘယ်သူတွေ ဘယ်လောက်ပဲ တိုင်းရင်းသားတွေကို ခွဲခြားဆက်ဆံ ကြပါစေ၊ အနုပညာအသိုင်းအဝိုင်းကတော့ အစဉ်ချစ်ခင်စွာ လက်တွဲခေါ်လေ့ရှိတာ ကျွန်မ သတိထားမိပါတယ်။ ဒါကြောင့်လည်း အနုပညာ နယ်ပယ်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အစဉ်တည်တံ့တဲ့ အောင်မြင်မှုသရဖူ ဆောင်းနိုင်တာ တွေ့ရပါတယ်။ သူတို့ရဲ့ ရိုးသားစွာကြိုးစားမှုတွေ



ယွန်းဝတီလွင်နိုး

www.burmeseclassic.com

www.burmeseclassic.com



နက်ရှ်ဗီးလ်အထင်ကရ နေရာများ

း‌ရာခြောက်ဆယ့်နှစ်ဦး ဝင်ဆံ့)မှာ ရုပ်အဖြစ် ချထားခဲ့ပါတယ်။ အပြန်မှာ စ်နာရီခြားတစ်ခါ Shuttle က လာကြို တဲ့။ ကျွန်မတို့ ရိုင်မဲန်ဓာတ်ရုံဖျော်ဖြေ ကိုတော့ ဝင်မကြည့်ဖြစ်တော့ပါဘူး။ ျေးလက်ဂီတကို ကျွန်မတို့ သိပ်မှ ကြိုက်တာကိုး။ ဒါပေမဲ့ ခင်ပွန်းသည် သူ့ရဲ့ လိုအပ်တဲ့ ဓာတ်ခဲကိုရှာဖွေဖို့ ိုင်တစ်ဆိုင်ကို ရှာဖွေခဲ့ကြရာ လမ်းတွေ ျိုးမျိုးဖြတ်ပြီးရောက်ခဲ့ရပါရဲ့။ နင်္ဂနွေနေ့ ဆိုင်ပိတ်သည်ဆိုတာနဲ့ကြုံ ့ အံ့သြမိခဲ့တာလေ။ U.S တောင်ပိုင်း သမှာ အချို့ဆိုင်ကြီးတွေက တနင်္ဂနွေ နေ့မှာ ဘုရားကျောင်းသွားဖို့ ဆိုင်ပိတ်တဲ့လေ့ ရှိဆဲပါပဲတဲ့။

ကျွန်မတို့ Trolley ခေါ်တဲ့ အနီ၊ အစိမ်းရောင်ခြယ်ထားတဲ့ တိုးရစ်ကားနဲ့ နက်ရှ်ဗီးလ်မြို့ကို လျှောက်ကြည့်ဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီကားက တိုးရစ်မှတ်တိုင်တွေမှာရပ်ပေးပြီး ကားမောင်းသူက ဧည့်လမ်းညွှန်လိုလည်း ရှင်းပြခဲ့ပါရဲ့။ ထရောလီ (Trolley) ကားလက်မှတ်ကို ကျေးလက်ဂီတပြတိုက်ရှေ့မှာ ရောင်းချတာမို့ အဲဒီနေရာရောက်အောင် မြေပုံတစ်ခုနဲ့ မိုးထဲလေထဲမှာ သွားရောက်ခဲ့ကြရပြန်ပါရဲ့။ လက်မှတ်တစ်စောင် နှစ်ဆယ်ဒေါ်လာဖြစ်ပြီး တစ်နေ့လုံး ကြိုက်သလောက်စီးနိုင်သတဲ့။ ကျွန်မကတော့ ထရောလီလက်မှတ်ဝယ်ရင်း ရခဲ့တဲ့မြေပုံကိုကြည့်ဖို့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကျေးလက်ဂီတပြတိုက်ထဲဝင်ပြီး မိုးခိုခဲ့ရတယ်ဆိုပါတော့။ ထရောလီကလည်း ပြတိုက်ရှေ့မှာရပ်ပြီး လူအတင်၊ အချလုပ်ခဲ့တာမို့ မိုးရေထဲမှာ အဆင်ပြေခဲ့တယ်ဆိုပါတော့။ ကျွန်မတို့ နက်ရှ်ဗီးလ်မြို့ရဲ့အထင်ကရနေရာတွေဖြစ်တဲ့ ဂျွန်နီကက်ရှ်ပြတိုက်၊ ကျော်ကြားတဲ့ ဂီတသမားများပြတိုက်၊ အနှစ်နှစ်ရာပြည့်ဥယျာဉ်စတာတွေဖြစ်ပြီး ကျွန်မတို့ သွားချင်တဲ့ ပါသီနွန်ကို ရောက်ခဲ့ပါတော့တယ်။

နက်ရှ်ဗီးလ် ရောက်ခဲ့ဖူးသူမိတ်ဆွေသူငယ်ချင်းတွေက ပါသီနွန်(Parthenon) ကို သွားဖြစ်အောင်သွားဖို့ညွှန်းခဲ့တာလေ။ ပါသီနွန်အဆောက်အဦကြီးကတော့ ၁၈၉၇ ခုနှစ် နက်ရှ်ဗီးလ်မြို့ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ကုန်စည်ပြပွဲမှာ တည်ဆောက်ခဲ့ပါတယ်။ ဂရိပြည် အေသင်မြို့မှာရှိတဲ့ ပါသီနွန်နတ်ဘုရားကျောင်းရဲ့ပုံတူပါပဲ။ အဆောက်အဦရဲ့ အရွယ်အစားကတော့ BC ၄၃၈ ခုနှစ် အေသင်မြို့မှာ တည်ခဲ့တဲ့ ပါသီနွန်ရဲ့ တိုင်လုံးကြီးတွေရဲ့ အရွယ်အစားအတိုင်းပါပဲ။ အေသင်- ပါသီနွန်ရဲ့တိုင်လုံးတွေက စကျင်ကျောက်တွေနဲ့ တည်ဆောက်ထားခဲ့ပေမဲ့ နက်ရှ်ဗီးလ်ရဲ့ တိုင်လုံးတွေကိုတော့ ပလတ်စတာနဲ့တည်ဆောက်ထားတာပါ။ ထရောလီကားက ရပ်ပေးတော့ ကျွန်မတို့ဇနီးမောင်နှံက ပါသီနွန်ထဲ ဝင်ကြည့်ဖို့ ဆင်းခဲ့ပေမဲ့ ပါသီနွန်က မဖွင့်သေးပါဘူး။ မိုးခိုပြီး အဖွင့်ကို စောင့်ဆိုင်းခဲ့ရင်းတိုင်လုံးတွေရှိရာ အပြင်ဘက်က တိုင်လုံးတွေဘက်မှာ ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဒိုရစ်(Doric)ပုံ တိုင်လုံးရှည်တွေက အရှေ့နဲ့အနောက်ဘက် ရင်ပြင်တွေမှာ ရှစ်လုံးစီရှိပြီး ဘေးတစ်ဖက်စီမှာတော့ ဆယ့်ခုနစ်တိုင်ရှိတာမို့ တိုင်လုံးပေါင်း ငါးဆယ်နဲ့ နည်းတဲ့အဆောက်အဦကြီး မဟုတ်ပါဘူး။ အေသင်မြို့က ပါသီနွန်ရှေ့ရောက်ခဲ့ဖူး

www.burmeseclassic.com

က ပြိုတစ်ဝက် ပျက်တစ်ဝက် ရှေ့မှာပဲ ဓာတ်ပုံရိုက်ခဲ့ရတာကို သတိရမိခဲ့ပါရဲ့။

ကျွန်မတို့ ပါသီနွန်အထဲရောက်တာနဲ့ ပန်းချီပြခန်းကို မဝင်ဘဲ ဒုတိယထပ်မှာရှိတဲ့ နတ်ဖုရားမ အသီနာ(Athena) ရှိရာ နတ်နန်းဆောင်ကို သွားခဲ့ပါတယ်။ နတ်ဖုရားမ ရုပ်တုကိုလည်းတွေ့ရော ကျွန်မ ဟာခနဲဖြစ်ခဲ့တာကတော့ ရောမ ရွှေရောင်ရုပ်တုကြီးကို ဘွားခနဲတွေ့လိုက်ရလို့ပါပဲ။ လေးဆယ့်နှစ်ပေမြင့်တဲ့ ရုပ်တုကြီးမှာ ရွှေရွက်ရှစ်ပေါင်လောက်နဲ့ ရွှေချထားတာကိုး။ သူမရဲ့ ဘယ်ညာလက်ဖဝါးမှာလည်း ခြောက်ပေမြင့်တဲ့ နိုက်ကီ(Nike)နတ်သားကို တင်ထားသလို ဘယ်ဘက်မှာတော့ ဒိုင်းကြီးကိုင်ထားပါတယ်။ သူမရဲ့ ခန္ဓာကိုယ်နဲ့ ဒိုင်းကြီးကြားမှာလည်း ရွှေရောင်ဧရာမ မြွေရုပ်ကြီးနဲ့ လှံတံကလည်း နည်းတာမဟုတ်ပါဘူး။ မြွေခါးပတ်၊ မြွေလက်ကောက်တွေ၊ ရင်ဘတ်မှာလည်းဦးခေါင်းပုံရုပ်တုငယ်နဲ့မို့ အသီနာနတ်ဖုရားမ ရုပ်တုက ထူးဆန်းနေတာ အမှန်ပါ။

ကျွန်မကတော့ နတ်ဖုရားမရုပ်တုကို သေသေချာချာ ပတ်ပတ်လည်ကြည့်ဖြစ်ခဲ့ပါတယ်။ ဒိုင်းကြီးမှာ ဆွဲထားတဲ့ ပန်းချီတွေရော၊ နတ်ဖုရားမ ခန္ဓာကိုယ်အနောက်ဘက်က မြွေရော လှေ့လာနိုင်ခဲ့ပါရဲ့။ နတ်ဖုရားမရဲ့ ခန်းမမှာ နောက်ထူးဆန်းတဲ့ ပစ္စည်း တစ်ခုကတော့ ဧရာမကြေးတံခါးကြီးပါပဲ။ နတ်ဖုရားမနဲ့ မျက်နှာချင်းဆိုင်နေရာမှာရှိပြီး တံခါးရွက်တစ်ချပ်က ခုနစ်ပေကျယ်ပြီး နှစ်ဆယ့်လေးပေမြင့်ပါတယ်။ အထူက တစ်ပေရှိပါတယ်။ တံခါးချပ်ရဲ့ ကြေးအလေးချိန်က ခုနစ်တန်လေးသတဲ့။ ကမ္ဘာပေါ်မှာ အကြီးဆုံး အရွယ်အစားတူ တံခါးချပ်ကြီးနှစ်ခုအဖြစ်တည်ရှိနေတာ လူတွေအတော်များများ မသိပါဘူး။ တံခါးချပ်ပေါ်မှာ ရှေးဟောင်းဂရိရုပ်တုတွေနဲ့ တန်ဆာဆင်ထားပါတယ်။ နက်ရှ်ဗီးလ်မြို့ကို 'တောင်ပိုင်းပါသီနွန်မြို့တော်' လို့ တင်စားခေါ်တာလည်း မျက်မြင်ကိုယ်တွေ့မို့


ရီဆော့အတွင်းဘက် စားသောက်ဆိုင်


ကျေးလက်ဂီတ ပညာရှင်များ [illegible]




www.burmeseclassic.com

www.burmeseclassic.com



ရီဆော့အတွင်းမှာ

အဲ့သြတော့ပါဘူး။ နတ်ဖုရားမရုပ်တု ခန်းမ အနောက်ဘက်က ခန်းမမှာလည်း ရှေးဟောင်း အနုပညာ ပစ္စည်းပုံတူ ပြု လုပ်ထားတာတွေ ပြသထားပါတယ်။

ပါသီနွန် ပထမထပ်မှာရှိတဲ့ ပန်းချီ ပြခန်းကိုလည်း လှည့်လည်ကြည့်ဖြစ်ခဲ့ ပေမဲ့ အသီနာနတ်ဖုရားမရဲ့ရုပ်တုကတော့ ကျွန်မမျက်စိထဲမှာ နှစ်တွေ အတော်ကြာ ကြာ စွဲထင်နေမှာ အသေအချာပါပဲ။ ကျွန်မတို့ မိုးရွာနေလို့ ထရောလီကို ပြတိုက်အတွင်းမှာစောင့်နေခဲ့ပြီး၊ ထရော လီရောက်တာနဲ့ပြေးထွက်ခဲ့ပေမဲ့ ထရော လီပေါ်က လူအဆင်းအတက် မရှိခဲ့လို့ ရပ်ဘဲထွက်သွားခဲ့ပါရော။ နောက်ထပ် တစ်နာရီထပ်စောင့်ခဲ့ရပြန်ပါရဲ့။ ကျွန်မ တို့ထရောလီနဲ့ပဲ ပါသီနွန်ရှိရာ နှစ်တစ်ရာ ပြည့် ဥယျာဉ်ကြီးကနေ မြို့လယ်က ကျေးလက်ဂီတပြတိုက်ကို ပြန်လာခဲ့ချိန် မှာ ထရောလီကားမောင်းသူက အဲလ်ဗစ် ပရက်စလီ ပထမဆုံးအသံသွင်းခဲ့တဲ့ RCA စတူဒီယိုကို ပြခဲ့တာလေ။ ပြတိုက် အတွင်းကိုဝင်ကြည့်ဖို့ လက်မှတ်ဝယ်ယူ ရာ လူတန်းရှည်ကြီးထဲမှာ တန်းစီခဲ့ ရပြန်ပါတယ်။

ကျေးလက်ဂီတပြတိုက်နဲ့ ကျေး လက်ဂီတမှာ ကျော်ကြားသူများရဲ့ ခန်းဆောင်ကတော့ ကျေးလက်ဂီတ သမိုင်းကို ဖော်ပြနေခဲ့တဲ့ ပြတိုက်ကြီးပါ။ ယခင်က ပြတိုက်အဟောင်းအနေနဲ့ ပြီး ယခုပြတိုက်အသစ်ကို ၂၀၀၁ ခုနှစ် မေလမှာ ဖွင့်လှစ်ခဲ့တာပါ။ ပြ တိုက်အပြင်ဘက်ကို ကြည့်ရင် စန္ဒရား ခလုတ်လို ပြတင်းပေါက်အမည်းတွေ တပ်ထားတာက အလွန်ပညာသားပါ လှပါရဲ့။ ကျွန်မကတော့ ကျေးလက် ဂီတသမိုင်းထဲ စီးမျောခွင့်ရတဲ့နေ့ပါပဲ။ ကျေးလက်အဆိုကျော် ရီဘာမက်ကင် တိုင်ယာ(Reba Mcentire)ရဲ့ အထူးပြပွဲ ကို ဝင်ကြည့်ခွင့် ရခဲ့သလို ကျေးလက် အဆိုကျော် တေလာဆွစ်ရဲ့ ကလေးများ ရဲ့ ပညာရေးအထောက်အကူပြု အခန်း ကိုလည်း ရောက်ခဲ့ပြန်ပါတယ်။ ကျေး လက်အဆိုကျော်တွေရဲ့ ခေတ်အလိုက် တူရိယာပစ္စည်းတွေ၊ ဝတ်စုံတွေ၊ ဓာတ်ပုံ တွေကို မှန်ခန်းများမှာ သီးခြားတီဗွီတွေ နဲ့ ပြသထားတာရော၊ ရောမတီဗွီတွေနဲ့ နံရံကြီးတွေပေါ်မှာ ကျေးလက်ဂီတ ဖြေဖျော်ပွဲတွေ အဆက်မပြတ် ပြသနေ တာရော၊ နားနားနေနေ ထိုင်ကြည့်နိုင်တဲ့ ကျေးလက်ဂီတမှတ်တမ်းတင် ရုပ်ရှင် တွေ ပြသနေတာရောကြောင့် လေ့လာ စရာမကုန် များလှပါရဲ့။ အဆိုကျော်ကြီး အဲလ်ဗစ်ပရက်စလီရဲ့ ကက်ဒလက် (Cadallk) ကားကြီးနဲ့ သူ့ရဲ့ ပထမဆုံး ပိုင်ဆိုင်တဲ့ စန္ဒရားကြီးကိုလည်း သူ့ရဲ့ ရောမဓာတ်ပုံတွေနဲ့အတူ ပြထားပါရဲ့။ ကျေးလက်ဂီတပညာရှင်များရဲ့ ခန်းမမှာ လည်း ကြေးရုပ်တုမျက်နှာပုံအပြားတွေ ကပ်ထားတဲ့ ခန်းမကြီးပေါ့။ စက်ဝိုင်းပုံ ခန်းမကြီးပါ။

ပြတိုက်အရောင်းဆိုင် နှစ်ဆိုင်မှာ လည်း တစ်ဆိုင်က ကျေးလက်ဂီတနဲ့ ဆိုင်တဲ့ သော့ချိတ်ကစပြီး ရတနာတွေ အဆုံး အမျိုးမျိုးကို ရောင်းချနေတာပါ။ နောက်တစ်ဆိုင်က စီဒီအခွေတွေ၊ ကျေး လက်ဂီတပညာရှင်များဆိုင်ရာ စာအုပ် တွေ၊ ပိုစတာတွေ ဝေဝေဆာဆာနဲ့ ရောင်းနေခဲ့ပါတယ်။ ပြတိုက်ပေါ်ကနေ အရောင်းဆိုင်ကိုဆင်းတဲ့ လှေကားဘေး ရဲ့ နံရံတစ်ခုလုံးမှာ ရွှေနဲ့ပလက်တီနမ်ရ တဲ့ ဓာတ်ပြားတွေကို မှန်ပေါင်သွင်း ချိတ်ထားပုံကလည်း စိတ်ကူးစိတ်သန်း ကောင်းမွန်တဲ့ ဖန်တီးမှုတစ်မျိုးပေါ့။ ကျွန်မတို့ Shuttle ပြန်လာကြိုမယ့် နေရာ ကို မိုးရွာထဲမှာ လမ်းလျှောက်ပြန်လာခဲ့ ချိန်မှာ မိုးတွေ တဝုန်းဝုန်း ရွာနေခဲ့တဲ့ ကြားထဲမှာ လူတွေ အပြေးအလွှား ဓာတ် ရုံကြီးတစ်ခုကို သွားနေတာတွေ့ခဲ့ရံမက ဓာတ်ရုံကြီးရှေ့မှာလည်း လူပင်လယ် ကြီး(လူငယ်များ)ကိုတွေ့တော့ မေး ကြည့်ခဲ့ပါတယ်။ ခရစ်ယာန် ရှော့ခ်ဂီတ အဖွဲ့ရဲ့ ဖျော်ဖြေပွဲရှိလို့တဲ့။ ကျွန်မ ခရစ် ယာန်ဘာသာဝင်တွေအတွက် ရှော့ခ်ဂီတ အဖွဲ့တွေ ဒီလိုကြီးကျယ်စွာ ဖျော်ဖြေနေ တာ ပထမဆုံး အတွေ့အကြုံပေါ့။ ခရီး သွားတာလောက် အတွေ့အကြုံများတာ ဘယ်မှာရှိပါ့မလဲ။

**မှဒီတာတရားပွားများနိုင်ကြပါစေ။**

■

**မေစွာဦး**



www.burmeseclassic.com

www.burmeseclassic.com

ညသည်
တိတ်ဆိတ်လွန်းလှ၏။
တစ်ခါတလေ
မှာတော့လည်း
ည၏တိတ်ဆိတ်မှုက
လူကိုပို၍
အထီးကျန်စေသလိုပင်။
ထိုသို့သောညမျိုး၌
သူမထံတွင်
မသိတတ်ခြင်းများသာ
ရှိတတ်သည်။
သူမ ဘာဖြစ်ချင်သည်လဲ
မသိ၊ သူမ
ဘာကိုလိုချင်ရမည်လဲ
မသိပါ။ သူမထံ၌
လိုချင်မှုပေါင်းများစွာ
ရှိနေ၍
ဘာကိုလိုချင်ရမှန်း
မသိခြင်းလည်း
ဖြစ်နိုင်ပါသည်။
သစ်ပင်ကြီးကိုမှီ၍
သူမ၏ ခန္ဓာကိုယ်အား
လျှော့ချပစ်လိုက်သည်။
မျက်လုံးအပင့်၌
ရုတ်တရက်ကြွေကျ
သွားသည့်ကြယ်တစ်လုံး။
ခပ်ငယ်ငယ်အချိန်တွေ
တုန်းကတော့ ကြယ်ကြွေ
သည်ကိုမြင်လျှင်
သူငယ်ချင်းများနှင့်အတူ
အလုအယက်

ဆုတောင်းခဲ့ဖူးသည်။
ယခု အချိန်၌တော့
ထိုကြယ်ကလေး
ရွှေလျား၊ မှေးမှိန်
ပျောက်ကွယ်ရာ
မျက်စိတစ်ဆုံးသို့
တိတ်တဆိတ်
လိုက်ကြည့်မိရုံမှတစ်ပါး
တခြား ဘာကိုမျှ
သူမ မပြုလုပ်ဖြစ်ခဲ့။
ဆုတောင်းမှုများအား
သူမ မပြုလုပ်တတ်တော့
တာ ကြာပြီဖြစ်သည်။
■
သူမ၏ ...
ကောင်း...
ခွာလိုက်သည...
ရှေ့တည့်တည...
ခပ်လှမ်းလှမ်း...
လေတိုး၍ ...
လှုပ်ယမ်းနေသော
ကြိုးတစ်ချောင်း။
အကွာအဝေး
မလှမ်းမကမ်းရှိနေသော
သစ်ပင်နှစ်ပင်၏
အကိုင်းအခက်များ၌ ...
ဖက်တစ်... ချည်...
...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နေသည့်ကြိုးတစ်ချောင်း။ (ယခင်က ဘာအတွက် ရည်ရွယ်အသုံးပြုခဲ့သည်လဲတော့ မသိပါ။) သာမန်ကြည့်လျှင်တော့ ကြိုးတစ်ချောင်းပင်ဖြစ်သည်။ သို့သော်လည်း ကြိုးတစ်ချောင်းတော့မဟုတ်ပါ။

သုံးလွန်းတင်မှ ကြိုးဟု ဆိုကြသည်။

ယခု မြင်နေရသည့် ကြိုးမှာ အလယ်နေရာနားလောက်၌ အစတချို့ဖွာထွက်နေရင်း တစ်လွန်းတည်းတည်းတည်းသာကျန်နေတော့သည့် ကြိုးမဟုတ်တော့သော ကြိုးတစ်ချောင်းဖြစ်နေ၍ဖြစ်သည်။

ပွန်းနေသော ကြိုးတစ်ချောင်းပင်ဖြစ်သည်။

မရည်ရွယ်ပါဘဲ သူမ၏ အာရုံထဲသို့ စကားလုံးတချို့ ရောက်လာခဲ့ပြန်သည်။

'ကိုယ့်အပေါ် နားလည်ပေးတယ်၊ ကိုယ့်ရဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြတိုင်ပင်လို့ရတယ်'

အားလုံးထဲမှ သူမ အမှတ်မိဆုံးသော စကားတစ်ခွန်းဖြစ်သည်။

အနာကျင်ဆုံးသော စကားတစ်ခွန်းလည်းဖြစ်မည် ထင်ပါသည်။

❑

ပြောစရာရှိသည်ဟု သူဆိုခဲ့စဉ်က သူမအား ချော့ဖို့ပင်ဖြစ်မည်ဟု ကလေးဆန်လွန်းစွာနှင့် အတပ်ပင် တွေးမိခဲ့ခြင်းဖြစ်သည်။ (မပြေလည်မှုတချို့နှင့် ဒီအရင်အချိန်က သူမတို့ စကားမပြောဖြစ်ကြ၍ ဖြစ်သည်။)

တကယ့်တကယ်တမ်း သူပြောခဲ့သည်က သူမ မဟုတ်သော၊ သူမ မသိသည့်၊ သူမ

လူတိုင်းလူတိုင်း အတွက် ကိုယ်ကိုယ်တိုင်နှင့် ဘဝအကြား ဆက်သွယ် ပေးသော ကြိုး တစ်ချောင်းတော့ ရှိဖို့လိုမည် ထင်ပါသည် ထိုကြိုးကြောင့် ဘဝကို ပိုမိုမြဲ တွယ်တာ စေမည်ဖြစ်သလို ထိုကြိုးကြောင့်ပဲ ဘာမှန်းမသိသော ဘဝတွင် နေပျော်မှုတချို့ ရှိလာ နိုင်ကောင်းမည် ဖြစ်သည်

အပြင် အခြားသောမိန်းမတစ်ယောက်အကြောင်းဖြစ်သည်။

သူမ တွေးထင်ခဲ့သည်က-

ထိုခဏအတွင်း အရင်ဦးဆုံး သိလိုက်ရသည်က ဖျန်းခနဲ ဖြစ်ပေါ်လာသော ရှက်ရွံ့မှု။

တစ်ဆက်တည်းမှာပဲ မယုံကြည်နိုင်လောက်စွာသော အံ့သြမှု။

သူ့အပေါ် နားလည်သည်၊ အပြန်အလှန် ဖွင့်ပြောခဲ့ပြီးလည်းဖြစ်သည်ဟု သူက ဆိုပါသည်။ ဒါဆိုလျှင် ၅ နှစ်နီးပါး သူ၏ချစ်သူအဖြစ် အနားမှာရှိနေခဲ့သည့် သူမကရော…။

ထို့နောက် ဘာမှန်းမသိသော ဝမ်းနည်းမှု၊ ထို့နောက်တော့ စိမ်းသက်မှု…။

ဟင့်အင်း…

သူမ မကြိုက်ပါ။

သူမကိုယ်သူမ တစ်ယောက်တည်းဖြစ်စေသော စိမ်းသက်သည့် ခံစားချက်မျိုးကို သူမ မုန်းသည်။

အယောင်ယောင် အမှားမှားနှင့် လှုပ်ယမ်းလိုက်မိသော လက်တို့၏ရိုက်ခတ်မှုကြောင့် တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်၌ သစ်ရွက်ခြောက်သံတချို့ ဆူညံသွားခဲ့သည်။ သူမ ထိုင်ချထားသည့် နေရာအနား၌ရှိနေသော သစ်ရွက်ခြောက်များထံမှ ထွက်ပေါ်လာသည့်အသံများဖြစ်သည်။

ခဏပင်ဖြစ်သည်။

ပတ်ဝန်းကျင်သည် မူလအနေအထားအတိုင်း ပြန်လည် တိတ်ဆိတ်သွားခဲ့ပြန်သည်။

လေငြိမ်နေသောကြောင့် ရှေ့တည့်တည့်မှ ကြိုးတစ်ချောင်းကတော့ ငြိမ်သက်စွာနှင့်ပင် ရှိနေသည်။

❑

ကြိုး…။

ကြိုးများအကြောင်း သူမ စိတ်ဝင်စားခဲ့ဖူးသည်။

တစ်ဆက်တည်းပင် ကြိုးတစ်ချောင်း၏ အသုံးဝင်ပုံကိုလည်း လေ့လာကြည့်ခဲ့ဖူးသည်။

ကြိုး…။

တကယ်တော့ အတော်လေးကိုလှသော စကားလုံးတစ်ခုဖြစ်သည်။

လူတိုင်းလူတိုင်းအတွက် ကိုယ်ကိုယ်တိုင်နှင့် ဘဝအကြား ဆက်သွယ်ပေးသော ကြိုးတစ်ချောင်းတော့ ရှိဖို့လိုမည် ထင်ပါသည်။ ထိုကြိုးကြောင့် ဘဝကို ပိုမိုမြဲမြဲ တွယ်တာစေမည်ဖြစ်သလို၊ ထိုကြိုးကြောင့်ပဲ ဘာမှန်းမသိသောဘဝတွင် နေပျော်မှုတချို့ ရှိလာနိုင်ကောင်းမည်ဖြစ်သည်။ ထိုကြိုးကပင် မိမိတစ်ယောက်တည်းမဟုတ်ဟူသော ခံစားချက်အား ဖြစ်ပေါ်စေနိုင်ပြန်သေးသည်။

တကယ်တော့ ကြိုးသည် အသုံးဝင်လှပါသည်။

❑

ကြိုးဟု ဆိုရာ၌ အမျိုးမျိုးလည်း ရှိနိုင်သေးသည်။ မလှပ မခိုင်ခံ့သော ကြိုး၊ လှပသော်လည်း မခိုင်ခံ့သော ကြိုး၊ မလှပသော်လည်း ခိုင်ခံ့သောကြိုး၊ လှပခိုင်ခံ့သော ကြိုး အမျိုးမျိုးပင်ဖြစ်သည်။

ကြိုးတစ်ချောင်း ခိုင်ခံ့မှုရှိ၊ မရှိ လျှပ်တစ်ပြက်အမြင်နှင့်တော့ ဘယ်လိုမှကြည့်၍ မသိနိုင်ပါ။

ထင်မှတ်မထားသော ကြိုးတစ်ချောင်းက မထင်မှတ်စွာနှင့် ခိုင်ခံ့ကောင်း ခိုင်ခံ့နိုင်သလို၊ ထင်ထားသလောက် မခိုင်ခံ့လှသောကြိုးများလည်း ရှိနိုင်ပြန်သည်။

သူမ၏ ရှေ့တည့်တည့်မှ ကြိုးတစ်ချောင်းကရော…။

ကြိုးတစ်ချောင်းအတွက်တော့ ပြတ်တောက်ခါနီး အခြေအနေထက် ပြတ်တောက်သွားသည့် အခြေအနေကသာ ပိုကောင်းနိုင်မည်ထင်သည်။

❑

တိတ်ဆိတ်မှုကို ဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြည်းချင်း ဖြို့ခွဲ၍ ထွက်ပေါ်လာသည့် တိုးဖွဖွ ခြေသံတစ်စုံ။ တဖြည်းဖြည်း သူမနှင့် နီးသထက်နီးလာရင်းက သူမ၏အနားသို့ အရောက်တွင်တော့ တိတ်ဆိတ်စွာနှင့် ရပ်တန့်သွားခဲ့သည်။

မော့ကြည့်စရာ မလိုပါ။ သူမအနား လာရပ်သူမှာ ကောမှလွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်ပါ။

အတန်ကြာ ငြိမ်သက်နေရာမှ ကောသည် သူမ၏ နံဘေး သစ်ရွက်ခြောက်များပေါ်သို့ ထိုင်ချလိုက်သည်။ အခြား ဘာစကားမှ မဆိုပါ။

ညသည် တစ်ဖန်ပြန်၍ တိတ်ဆိတ်သွားခဲ့သည်။

လသည်ပင် သူမတို့၏ ဦးခေါင်းအထက်နားသို့ တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။ ညကတော့ တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်ပင်။

'ငါတို့လက်မှတ်ကိစ္စကို ငါ့ရဲ့တစ်ယောက်ကိုပဲ လုပ်ခိုင်းထားတယ်'

ရုတ်တရက် တိတ်ဆိတ်မှုကို ဖျက်ဆီးလိုက်သောကောထံမှ ထွက်ပေါ်လာသည့် အသံဖြစ်သည်။

ကော ပြောသည့် သူ၏ တစ်ယောက်ဆိုသူကို မနေ့ကမှ သူမ စတင်မြင်တွေ့ဖူးခဲ့သည်။ ကော့ကိုတော့ အတော်ချစ်မည့်ပုံ ပေါ်ပါသည်။

'တကယ်တမ်းက သူမှာ ကောင်မလေး ရှိတယ်ဟာ၊ ငယ်ချစ်တွေဆိုပါတော့ဟာ၊ ၇ နှစ်လောက် ရှိကြပြီ ထင်တယ်'

ဘာကြောင့်မှန်းမသိ၊ ညသည် အေးစက်စက်ဖြစ်

တကယ်တော့
ယောက်ျားတွေက
အသက်ကြီးနေတဲ့
ကလေးတွေပဲဟာ
ဂရုစိုက်မှု၊
အသိအမှတ်ပြုမှုကို
လိုချင်တယ်
သူတို့အပေါ်
နားလည်
ပေးနိုင်မယ့်သူကို
လိုလားကြတယ်
တကယ်တမ်းက
ယောက်ျား
တစ်ယောက်ကို
လူမြင်သူမြင်
မာယာတွေနဲ့
မြှူဆွယ်မှရယ်လို့
မဟုတ်ပါဘူး
သူတို့လို ချင်တဲ့
နားလည်မှုတွေပေးပြီး
ဖြားယောင်းလို့
ရပါတယ်'

သွားသလို ခံစားရသည်။

'မတရားတာ မရှိဘူးလို့တော့ ငါထင်တာပဲ၊ သူတို့ချင်းလည်း အဆင်မှမပြေကြတာ။ တကယ်တော့ ယောက်ျားတွေကအသက်ကြီးနေတဲ့ ကလေးတွေပဲဟာ၊ ဂရုစိုက်မှု၊ အသိအမှတ်ပြုမှုကို လိုချင်တယ်။ သူတို့အပေါ် နားလည်ပေးနိုင်မယ့်သူကို လိုလားကြတယ်။ တကယ်တမ်းက ယောက်ျားတစ်ယောက်ကို လူမြင်သူမြင် မာယာတွေနဲ့ မြှူဆွယ်မှရယ်လို့ မဟုတ်ပါဘူး၊ သူတို့လိုချင်တဲ့ နားလည်မှုတွေပေးပြီး ဖြားယောင်းလို့ ရပါတယ်'

နားလည်မှု…။

ရုတ်တရက်ဆိုသလိုပင် ဘာကိုမှန်းမှန်းမသိ သူမ ခါးခါးသီးသီး မုန်းတီးမိသွားသည်။

ပတ်ဝန်းကျင်သည် အေးစက်မှုများနှင့်အတူ တိတ်ဆိတ်သွားခဲ့သည်။

ဘာသံကိုမျှ ထပ်မံ၍ မကြားရနိုင်တော့ဟု ထင်ရလောက်အောင်ပင် တိတ်ဆိတ်သွားခဲ့ခြင်းဖြစ်သည်။

တကယ်လည်း ဘာသံမျှ မကြားရပါ။

၁ စက္ကန့်၊ ၂ စက္ကန့်၊ ၃ စက္ကန့်

၅ စက္ကန့်

၁ မိနစ်

သည့်ထက်ပို၍တော့ သူမ ခံနိုင်ရည် မရှိပါ။

'သွားအိပ်နှင့်တော့ ကော၊ ခဏနေရင် ငါ လိုက်လာခဲ့မယ်'

သူမအား စောဒကတက်ခြင်းမရှိဘဲ ကော ထသွားခဲ့သည်။

ထိုအခါမှပင် ည၏ တိတ်ဆိတ်မှုက ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။

………

………

………

တစ်ခုထက်ပိုသည့် ခံစားချက်များ…

တစ်ချောင်းထက်ပိုသည့်…ကြိုး…

ဒါတွေကို လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ဟုဆိုကြမည်ထင်သည်။

သူမ မှားသွားသည်။

လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ဟု ဆိုခြင်းထက် ယောက်ျားတစ်ယောက်၏ ကိုယ်ပိုင်အခွင့်အရေးဟုဆိုက ပိုမှန်လိမ့်မည်ထင်သည်။ (မိန်းမတစ်ယောက်အတွက်ဆိုလျှင်တော့ 'ဘောင်'က သိပ်ကိုကျဉ်းလွန်းသောကြောင့်ဖြစ်သည်။)

လူတိုင်းအတွက် စိတ်ကူးယဉ်ဘဝများရှိနေနိုင်သလို၊ လက်တွေ့ဘဝဆိုတာဟာလည်း သတ်သတ်ကို ရှိနေပြီးသားဖြစ်သည်။

လက်တွေ့ဘဝထဲအထိ ထဲထဲဝင်ဝင် လိုက်လံနှောင်တွယ်နိုင်စွမ်းရှိသည့် ကြိုးတစ်ချောင်းကသာလျှင် စစ်မှန်သောကြိုးတစ်ချောင်း ဖြစ်နိုင်ပါသည်။

သေချာပါသည်။

ကြိုးတိုင်းကတော့ လက်တွေ့ဘဝထဲအထိ ထဲထဲဝင်ဝင် လိုက်လံနိုင်စွမ်းရှိလိမ့်မည်မထင်ပါ။

❑

နက်မှောင်သည့် ကောင်းကင်ယံ၌အလင်းစွက်သော အစက်အပြောက်များ-

ခဏအကြာ၌ ကောင်းကင်မှ အစက်အပြောက်လေးတစ်ခု ထပ်မံ၍ ကြွေကျသွားခဲ့ပြန်သည်။

ငေးကြည့်နေရင်းကနေ ထိုအစက်အပြောက်လေးနှင့်အတူ သူမထံမှ တစ်စုံတစ်ရာ ပါသွားခဲ့သလို ခံစားလိုက်ရသည်။

ထိုအရာသည် ဘာလဲဆိုသည်ကိုတော့ သူမ သေချာမသိပါ။

❑


သူမအတွက်တော့… ထိုညသည် တိတ်ဆိတ်မှုလွန်ကဲသော ညတစ်ညပင် ဖြစ်သည်။ ■

ရွှေသင်

www.burmeseclassic.com

# စာကောင်းကင်က လင်းသက်ကြွယ်

မင်္ဂလာရွှေမောင်း



ရွှေမောင်းက ငယ်ငယ်တုန်း ငါးတန်းနှစ်ကတည်းက စင်ပေါ်ကိုတက်ပြီး ပြောလာတာပါ။ စာလေးပေလေး မတောက်တခေါက် ရေးပြီးမှလည်း စင်ပေါ်ကို တက်ဖူးပါတယ်။ ရွှေမောင်းကတော့ ရသစာပေပျံ့နှံ့ပြီး ပြည်သူတွေ ရသစာပေကို ဖတ်ရှုစေအောင် စာပေနဲ့ အထိအတွေ့ နည်းကြတယ်လေ။ အဲဒီလိုနည်းတဲ့သူတွေကို စာပေနဲ့ ထိတွေ့ပေးတဲ့ ချစ်စရာ ယဉ်ကျေးမှု တစ်ခုကို ဒီနေ့အထိ လက်ဆင့်ကမ်းသယ်ဆောင် လာကြတာကိုက ဝမ်းမြောက်စရာပါ။ စကားစပ်လို့ ပြောရဦးမယ်။ ကြော်ငြာဝင်တယ်လို့ ပြောရင်လည်းပြောပေါ့ဗျာ။

ယုံရတာပါပဲ။ ဘာပဲပြောပြော စာပေဟောပြောပွဲ ယဉ်ကျေးမှုက သိပ်ချစ်စရာ ကောင်းပါတယ်။ အခြေခံကျတဲ့ ပြည်သူတွေဆိုတာက ဘယ်ခေတ်မှာပဲဖြစ်ဖြစ် စားဝတ်နေရေးအတွက် ရုန်းကန် တိုက်ပွဲ ဝင်နေကြရတဲ့သူတွေ မဟုတ်လား။ ဒီတော့

စာပေဟောပြောပွဲ ယဉ်ကျေးမှုဟာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ မရှိတဲ့ မြန်မာ့ယဉ်ကျေးမှု တစ်ခုလို့ ပြောကြ၊ ဆိုကြတဲ့အသံကို ကြားရတယ်။ နိုင်ငံရပ်ခြား၊ ရေခြားမြေခြားဆိုလို့ ဒလတောင် မရောက်ဖူးတဲ့ ရွှေမောင်းအနေနဲ့ကတော့ သူတို့ပြောသမျှ

www.burmeseclassic.com

www.burmeseclassic.com




လှုံ့ဆော်ပေးတဲ့
စာပေဟောပြောပွဲတွေ
ဖြစ်စေချင်ပါတယ်။
ရွှေမောင်းတို့ငယ်စဉ်က
စာရေးဆရာကြီးတွေ
ကားရည်လုပွဲလုပ်ကြတယ်၊
ဟောပြောပွဲလုပ်ကြတယ်၊
တချို့နေရာတွေမှာဆိုရင်
ရုံတောင်သွင်းကြတယ်။
ကဲ အဲဒီခေတ်
စာပေဟောပြောပွဲတွေက
စာပေရေးရာကိုပဲ
ဟောကြ၊ ပြောကြတယ်။

ပရိသတ်ဆီက
လက်ခုပ်သံကို
ချူယူကြတာ
မတွေ့ရပါဘူး။
ခုနောက်ပိုင်းခေတ်မှာတော့
စာပေဟောပြောပွဲတွေက
အရောင်ပြောင်းလာတယ်။
တချို့ဆိုရင် စာပေကိစ္စ
လုံးဝတောင်
မပြောတော့ပါဘူး။
နိုင်ငံရေးကိစ္စပဲ
ပြောတော့တယ်။ ဒါလည်း
ခေတ်ကတောင်းဆိုလို့

ပြောရတာ
အပြစ်မတင်ပါဘူး။
ဒီနေ့ နိုင်ငံရေး
ရာသီဥတုကလည်း
သိတယ်မဟုတ်လား။
ပြည်သူတွေ
အားလိုနေပြီလေ။
ပြည်သူတွေကို
မျက်စိဖွင့်ပေးရမှာက
စာရေးဆရာတွေအလုပ်ပဲ
မဟုတ်လား။
ဒါပေမဲ့ဗျာ၊
မျက်တောင်တစ်ခတ်မှာ

ဖျတ်ခနဲ
စီးဆင်းသွားတဲ့ခေတ်။
တစ်မုဟုတ်ချင်း
ပြောင်းလဲသွားတဲ့
ယဉ်ကျေးမှုအသစ်။
အဲဒါက
စာရေးဆရာတွေကို
ကန့်တော့တဲ့
ငွေကြေးကိစ္စပါပဲ။
ရွှေမောင်းတို့
စာရေးဆရာတွေဆိုတာက
အများနေက
သိပ်ဆင်းရဲကြတယ်



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ကန်တော့တာ ဘယ်နှ သိန်းပဲရရ ရွှေမောင်းကျေနပ် ပါတယ်။ မနာလိုဝန်တို မရှိ ပါဘူး။ ဒါပေမဲ့ဗျာ အဲဒါကြီး ကို အဓိကထားတာရယ်။ ကျုပ်ကိုခေါ်ရင် ဘယ်လိုခေါ် ရမယ်၊ ဘယ်လိုအဆင့်နဲ့ ထားရမယ်၊ ဘယ်လောက် ကန်တော့ရမယ်ဆိုတာမျိုး ကြီးကတော့ မဖြစ်သင့်ဘူး ထင်တာပဲ။

ကိုယ့်ဘာသာကိုယ် ဘယ်လိုပဲ နေနိုင်နေနိုင် အခု ဟာက ပြည်သူနဲ့ ထိတွေ့ဖို့ သွားတာလေ။ ခဏတစ်ဖြုတ် နေရတာ၊ စားရတာလေ။ ပြည်သူတွေကို ဒုက္ခမပေး သင့်ဘူးလို့ ထင်တာပဲ။

နောက်တစ်ခု ပြောစရာ ရှိတာက ပြည်သူတွေကို ပြော တဲ့အခါ 'ရင်ဘတ်'နဲ့ပဲ ပြော စေချင်တယ်။ 'လျှာ'နဲ့ မပြော စေချင်ဘူး။ ဟာသပြောပွဲအခွေ တွေကြည့်တယ်။ တချို့ဆရာ တွေက စာရေးဆရာနဲ့ လူရွှင် တော်နဲ့ မှားနေကြတယ်။ Joke တွေရှာပြီး စင်ပေါ်မှာ မရှက်မကြောက် ပြောနေကြ တယ်လေ။

ဒီလ စုံနံ့သာမှာ ဖော်ပြ ထားတဲ့ မောင်မှန်ရဲ့ **အပင်မြင့် များကို လိုအပ်သလိုနုတ်ပယ်** ဟာ အဲဒီ စာပေဟောပြောပွဲ ကိစ္စပါ။ Satire လေးပါ။ ဖတ်ကြည့်ပါ။ မပြည့်တဲ့ အိုး ကလေးတစ်အိုး ဘောင်ဘင် ခတ်နေပုံကို သရော်ထားတဲ့ သရော်စာတစ်ပုဒ်ပါ။

ရသစာတမ်းတွေထဲက နေဘုန်းလတ်ရဲ့ **ဆန့်ကျင် ခြင်းတွေထဲက အလှတရား** ကို ညွှန်းချင်ပါတယ်။ စာရေး ဆရာက **တိတ်ဆိတ်ခြင်းရဲ့** **အဖော်ရှုတ်**ကို ဖတ်ကြည့်ပါလို့ ပြောချင်ပါတယ်။ အကြောင်း အရာက ဂျူးဂျူးဆိုတဲ့ ခွေး လေးအကြောင်းပါ။ ဒီခွေးက ခွေးဖြစ်နေပေမဲ့ ခွေးကို ခါး ခါးသီးသီး မုန်းတယ်။ 'ခွေး' ဆိုတဲ့ စကားကြားတာနဲ့ ဟောင်တယ်။ အဲဒီခွေးလေး ဟာ ဘဝနေထိုင်မှု ပုံစံက လည်း လူလိုပဲနေတယ်။ ဝတ္ထုရဲ့ နိဂုံးလေးကို ရေးမပြ တော့ပါဘူး။ 'ဖတ်ကြည့်ပါ' လို့ပဲ ညွှန်းလိုက်ပါရစေ။

> ရွှေအမြုတေမှာ ပါတဲ့ မီမိုးရဲ့ **ဆော** ဟာ အနာဂတ်ကို မျက်နှာမူထားတဲ့ ဝတ္ထုတို တစ်ပုဒ်ပါ မီမိုးဟာ စကားပြေ အရေးအဖွဲ့ ကောင်းသလို သီကုံးမှု သိပ်ကောင်းတဲ့ စာရေးဆရာမ တစ်ဦးပါ

**အသံ၊ အေးမြသော အလင်းနဲ့ ချိုမြိန်သော ခါးသီးမှုဆိုပြီး** ခေါင်းစဉ်သုံးခုနဲ့ သူ့အက်ဆေး ကို ရေးသားသွားပါတယ်။

ပန်းချီ ထိန်လင်းရဲ့ **အိုင်း ဝေဝေရဲ့ ရှုန်းစံတန်ဖိုးများကို စိန်ခေါ်ချက်**ဟာ အနုပညာ လွတ်လပ်မှုအတွက် တရုတ် အစိုးရကို တိုက်ပွဲဝင်ခဲ့တဲ့ အိုင်းဝေဝေရဲ့ ကြိုးပမ်းမှုကို ရေးထားတဲ့ ဆောင်းပါးတစ် ပုဒ်ပါ။ စီးပွားရေးမူဝါဒကို သာပြောင်းပြီး နိုင်ငံရေးစနစ် ကို မပြောင်းသေးတဲ့ တရုတ် အစိုးရရဲ့ အနုပညာလွတ်လပ် မှုအပေါ် တုံ့ပြန်မှုကို ဒီ ဆောင်းပါးမှာ အထင်အရှား မြင်တွေ့ရပါလိမ့်မယ်။

ဒီလ စုံနံ့သာဝတ္ထုရှည် (စ-ဆုံး)က မြင့်သန်းရဲ့ **ဖသာ ထော် ပျော့ပျော့သာနေပါ**။ သူ့ဝတ္ထုရဲ့ ပဓာနဇာတ်ကောင် 'ဖသာထော်'ရဲ့ စိတ်အနေ၊ စိတ်စရိုက်ကို ပုံဖော်တဲ့ နေရာ မှာ စာရေးဆရာက သူပြော ချင်တာလေးတွေကို ပြောပြ ထားပါတယ်။ ဖတ်ကြည့်ပါ ဦး။

ဝတ္ထုတိုတွေထဲက ကိုကြွယ်(ဟသ်ာတ)ရဲ့ **လည် စား**ကို ညွှန်းလိုက်ပါတယ်။ အလှူ၊ အသုဘတွေမှာ အဖွဲ့ လိုက် လှည့်လည်စားသောက် နေကြရှာတဲ့ သူတွေရဲ့ အကြောင်းပါ။ တော်တော် ရှားပါးတဲ့ အကြောင်းအရာ တစ်ခုလို့ ဆိုချင်ပါတယ်။

***၂၀၁၄ မတ်လ စုံနံ့သာ***

❑

ဒီလ ရွှေအမြုတေမှာ ပါတဲ့ မီမိုးရဲ့ **ဆော** ဟာ အနာ ဂတ်ကို မျက်နှာမူထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မီမိုးဟာ စကားပြေ အရေးအဖွဲ့ ကောင်းသလို သီကုံးမှုသိပ် ကောင်းတဲ့ စာရေးဆရာမ တစ်ဦးပါ။ ဒီဝတ္ထုလေးရဲ့ အကြောင်းအရာက ၁၀ တန်း သုံးနှစ်ကျပြီး ရည်းစားထား တဲ့သားကို သူ့ဖခင်လုပ်နေတဲ့ လုပ်ငန်းခွင်မှာ ပြောင်းရွှေ့ နေရာချပြန်တော့လည်း အရမ်းပင်ပန်းတဲ့ လုပ်သား များရဲ့ဘဝကို မျက်မြင်ကြုံ တွေ့ရလို့ မကြိုက်ပြန်။ မိခင် တစ်ဦး သားဆောကပ်မှုကို ဖွဲ့ ဆိုထားတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ် ပါတယ်။

မိုသျှန်းရဲ့ **ဓားထစ်မိတဲ့** ခွေးနှင့် ခါးသီးမှုဆိုပြီး

ခင့်ကျော်ထင်လှိုင် (လှိုင်ကော်)ရဲ့ **သုညဝါးခွေး နှင့် အစေအပါးများ**ဟာ နှစ် ၃၀ ပညာရေးစီမံကိန်းကြီးရဲ့ ဘေးထွက်ဆိုးကျိုးကို ရေးဖွဲ့ ထားတဲ့ဝတ္ထုတိုပါ။ ၁၀ တန်း စာမေးပွဲမှာ ခိုးချပြီးအောင် ပညာရေးတက္ကသိုလ်က ဘွဲ့ရ လာပြီး ကျောင်းဆရာဖြစ်လာ တဲ့ တပည့်မလေးတစ်ယောက် ကို ဆရာတစ်ယောက်က ရှု မြင်သုံးသပ်ပြထားပါတယ်။ ခေတ်ပြိုင်ခံစားမှုနဲ့ ရေးဖွဲ့ ထားတဲ့ ဝတ္ထုတိုလေးပါ။

ရဲသျှမ်းရဲ့ **ပဒေသာပင်** ကိုလည်း ညွှန်းချင်ပါတယ်။ ဆရာ ရဲသျှမ်းဟာ သူ့ဘဝ ဖြတ်သန်းမှုထဲက ဆွဲထုတ်ပြီး ဝတ္ထုတိုကလေးတွေကို ထု လုပ်တတ်ပါတယ်။ ဒီဝတ္ထု မှာလည်း မြို့လုံးကျွတ် ကထိန်ပွဲအတွက် ဌာနအလိုက် ပဒေသာပင်မှာ ဗိုလ်ချုပ်ပုံ ငွေ စက္ကူတွေကို အနုပညာမြောက် ခေါက်ကပ်ထားတဲ့ ပဒေသာ ပင်တစ်ခု ပြုလုပ်ပုံနဲ့ အဲဒီ ပဒေသာပင်ကို မီးထွန်းပြဖို့ သူတို့ ကြိုးပမ်းနေစဉ်မှာ ကန် ရထားတွဲနဲ့ ၄ အစုန်အ ရထား မတိုက်မိအောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်လည်းပါတာပေါ့ ဆရာရယ်။
တိုင်းရင်းသားတွေကို အချစ်တတ်ဆုံးကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲ ဖြစ်တယ်လို့ ခံစားရပါတယ် ဆရာ။ တစ်ကမ္ဘာလုံးမှာ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးကြွေးကြော်နေကြသော်လည်း ကျွန်မတို့ပတ်ဝန်းကျင်ရှိ မိသားစုများအတွင်းမှာတော့ အေးချမ်းမှုကို မတွေ့ရပါဘူး။ လင်မယားတွေ မသင့်မြတ်တာ၊ သားသမီးကို မကြင်နာတာတွေ အမြဲတွေ့နေရပါတယ်။ ဆရာသာခုရေးတဲ့ ဝတ္ထု(**အတာ**) ထဲက အမေမျိုး၊ ဆရာမ ဆွေဇင်ဦးရေးတဲ့ **အစုန်အဆန် မှန်ရဲ့လား** ဆိုတဲ့ ဝတ္ထုထဲက အမေမျိုးတွေ များပါတယ်။ အဲဒီလိုဆက်ဆံခံရတဲ့ကလေးတွေ ကြီးပြင်းလာတဲ့အခါ ယဉ်ကျေးတာတွေ၊ နူးညံ့သိမ်မွေ့ပြီး ကိုယ်ချင်းစာတရားတွေ ရှိနိုင်ပါ့မလားဆိုတာ စိုးရိမ်ပူပန်စရာပါ။ အဲဒါကြောင့် စာပေဟောပြောပွဲတွေမှာ ဆရာ၊ ဆရာမများအနေနဲ့ ကလေးတွေကို ကြင်နာကြဖို့၊ ဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ကြဖို့ တိုက်တွန်းပြောကြားစေလိုပါတယ် ဆရာ။ ကိုရီးယားကားတွေမှာ ကလေးတွေကိုဦးစားပေးတာ၊ ကြင်နာစွာ ဆက်ဆံတာ၊ ဂရုစိုက်ပြီး ပြုစုစောင့်ရှောက် ကြတာတွေကို မိဘတိုင်း အတုယူကြစေချင်ပါတယ်။ ကလေးတွေကို ကြင်နာတတ်အောင်၊ ပန်းလေးတွေကိုချစ်တတ်အောင်၊ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုး တန်ဖိုးထားတတ်အောင်၊ လူသားချင်း စာနာတတ်အောင် အစရှိတာတွေကို စာပေကသာ ပေးစွမ်းနိုင်တယ်လို့ ထင်ပါတယ် ဆရာ။ ဒါကြောင့် လူငယ်တွေကို စာအရမ်းဖတ်စေချင်သော်လည်း စာဖတ်တဲ့သူအရမ်း နည်းပါတယ်။ စာပေကိုမြတ်နိုး တန်ဖိုးထားသူတစ်ယောက်အနေနဲ့ စာပေမျိုးဆက်သစ်များကို အဆက်မပြတ်မွေးထုတ်ပေးနေတဲ့ ဆရာဦးဝင်းငြိမ်းကို အထူးကျေးဇူးတင်ကြောင်းပြောကြားရင်း ရပ်နားပါရစေရှင်။
**မန်းမာယာ**

***ကိုရီးယားကားကြည့်ပြီး အတုယူကြတာက မိန်းကလေးများ အရက်သောက်တာနဲ့ အရှက်လုံရုံသာ ဝတ်စားဆင်ယင်မှုဖြစ်နေပါတယ်။ ကလေးသူငယ်များကို ငယ်စဉ်အခါမှာ ကြင်ကြင်နာနာ ဆက်ဆံမှသာ သူတို့လေးတွေ စိတ်ဒဏ်ရာနဲ့ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာက ကလေးသူငယ်စိတ်ပညာကို မိဘများ လေ့လာရကောင်းမှန်း မသိဖြစ်နေကြပါသေးတယ်။***

■
**ဝင်းငြိမ်း**


ဝိုင်းစုခိုင်သိန်း


မွေးမွေး


www.burmeseclassic.com

www.burmeseclassic.com

ခမ်းလိုက်ပုံကို သည်းထိတ်ရင်ဖို ရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလရွှေဝတ္ထုတိုတွေထဲက မြင့်သန်းရဲ့ **ပိုမိုညှိုးဖျော့သော စိတ်ကူးထည်တို့ဖြင့် ဆက်လက်ရှင်သန်နေနိုင်ရန် အားထုတ်မှု** ကိုလည်း ညွှန်းချင်ပါတယ်။ 'တွေ့လျှင်တွေ့ချင်း သဘောကျစေသော နည်း၊ ပြုံးပါ' ဆိုတာကို လူတိုင်းကြားဖူးမှာပါ။ မိတ်ဆွေတစ်ဦးက သူ့စီးပွားရေးအောင်မြင်တာဟာ မိတ္တဗလဋ္ဌာကို အရည်ကျိုသောက်လို့တဲ့၊ နှလုံးသားအရင်းအနှီးပေါ်တဲ့ အပြုံးတုကို ဖန်ဆင်းနိုင်အောင် လေ့ကျင့်ထားသူတွေဟာ ဘာပဲပြောပြော လိမ်နေသူတွေပါပဲ။ ဆရာ မြင့်သန်းက သူ့ဝတ္ထုအဖွင့်မှာ "စိတ်ထဲကမပါဘဲ စိတ်ထဲကပါသလို ပြုံးကြရမယ်' ဆိုတဲ့ သင်ခန်းစာကို သင်ယူနေပုံနဲ့ ဖွင့်ထားပါတယ်။ ဒီဝတ္ထုကို ခဲဒီဆရာတွေရဲ့ အတွေးအမြင်၊ စကားပြော၊ လှုပ်ရှားမှုတွေနဲ့ ပုံဖော်ရက်လုပ်ထားပါတယ်။ လူတိုင်း သိပြီးသားပါ၊ ဆရာ မြင့်သန်းဟာ မြန်မာစကားပြေ အရေးအဖွဲ့ကို နိုင်နိုင်နင်းနင်း ရေးဖွဲ့နိုင်တဲ့ စာရေးဆရာပါ။

ဒီဝတ္ထုကို ဖတ်ကြည့်ပါ၊ သူပေးတဲ့ Message ကို သိလာပါလိမ့်မယ်။

ဒီလ ရွှေအသစ်ဝတ္ထုတိုတွေထဲက ရွှေမောင်းသိပ်ကြိုက်တဲ့ ဝတ္ထုတိုက မောင်အင်း(ဥက္ကံ)ရဲ့ **ငန်းရင်ခွဲ** ပါ။ ရွှေအသစ်ကဏ္ဍလို့သာ ပြောရတယ်။ မောင်အင်းက ကလောင်သစ် မဟုတ်ပါ

**ဆရာ ခြိမ့်သဲဟာ အရေးအဖွဲ့ ကောင်းသူပီပီ စာဖတ်သူကို ဆွဲခေါ် သွားနိုင်ခဲ့ပါတယ် ဝတ္ထုအနုပညာ ကျွမ်းကျင်သူမို့ ဇာတ်ကောင် ထိန်းသိမ်းရာမှာ ဇာတ်ကောင် အားလုံး ငြိမ်နေအောင် ထိန်းသိမ်း နိုင်ခဲ့ပါတယ်**

ဘူး။ မဂ္ဂဇင်းစုံမှာ ဝတ္ထုတို/ရှည် ရေးနေတဲ့ ကလောင်ပါ။ အကြောင်းအရာက မိဘ ဘိုးဘွားပိုင်လယ်မြေကေ ၂၀ ကို ဝ,လူမျိုး ရှမ်းတရုတ်တွေက မတန်တဆဈေးပေးပြီး ဝယ်လာတဲ့အတွက် လယ်သမားအံ့မောင်တစ်ယောက် စိတ်လှုပ်ရှားခံစားရပုံနဲ့ နောက်ဆုံး မိဘဘိုးဘွားပိုင်မြေကို ဘယ်ဈေးပဲပေးပေး၊ တစ်လက်မတောင် မရောင်းဘူးလို့ ဆုံးဖြတ်ပြီး ငြင်းပယ်လိုက်တဲ့ အကြောင်းအရာပါ။ မြေမျိုတယ်ဆိုတာက လူမိုက်တစ်ယောက်ပဲ ဆုံးရှုံးပါတယ်။ လူမျိုးမျိုးလာရင်တော့ မြန်မာဆိုတာ မြန်မာ့မြေမှာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဟိုခေတ်ကတော့ အင်္ဂလိပ်တွေ ကျွန်ပြုခဲ့တယ်။ ဒီခေတ်မှာ ကျွန်ပြုတယ်ဆိုတာ ဆင်းရဲတဲ့ နိုင်ငံထဲ ဝင်လာပြီး၊ မြေဝယ်၊ စီးပွားလုပ်တာပဲ။ လက်နက်နဲ့ ကျွန်ပြုလို့ရတဲ့ ခေတ်မဟုတ်တော့ပါဘူး။ ဒီဝတ္ထုရဲ့ ပဓာနဇာတ်ကောင် အံ့မောင်ဟာ တကယ့်လက်တွေ့ဘဝထဲမှာ ရှိချင်မှ ရှိမယ်။ ဒါပေမဲ့ ဒီဝတ္ထုထဲမှာပါတဲ့ အံ့မောင်ရဲ့ ဘယ်ဈေးပဲပေးပေး ကိုယ့်လယ်ယာမြေကို မရောင်းဘူးဆိုတဲ့ ထိန်းသိမ်းနိုင်တဲ့ စိတ်ခွန်အားကိုတော့ ရွှေမောင်းတို့ လက်ခုပ် တီးဂုဏ်ပြုရမှာပဲ။

*၂၀၁၄ မတ်လ၊ ရွှေအမြုတေ၊*

❑

ဒီလ ရတီ ဝတ္ထုရှည် (စ-ဆုံး)က ခြိမ့်သဲရဲ့ **ယဉ်တစ်ကိုယ်မယ်ပါ**။ ပန်းချီဆရာတစ်ဦး၊ တည်းခိုခန်းပိုင်ရှင်တစ်ဦးနဲ့ ပန်းချီပြခန်းဖွင့်ထားသူလေးတို့ရဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ပန်းချီနောက်ခံနဲ့ ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ပါ။ ဆရာ ခြိမ့်သဲဟာ အရေးအဖွဲ့ ကောင်းသူပီပီ စာဖတ်သူကို ဆွဲခေါ်သွားနိုင်ခဲ့ပါတယ်။ ဝတ္ထုအနုပညာ ကျွမ်းကျင်သူမို့ ဇာတ်ကောင်ထိန်းသိမ်းရာမှာ ဇာတ်ကောင်အားလုံး ငြိမ်နေအောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ အထူးသဖြင့် တည်းခိုခန်းပိုင်ရှင်က ကောင်မလေးအပေါ် ချစ်တဲ့အချစ်ကို ဖော်ပြရာမှာ အလွန်သေသပ်လှပပါတယ်။ ဖတ်ကြည့်ပါဦး။

လက်ဘ်ရည်ကျော်ရဲ့ **ကြာရိုးကလေးတန်းလန်း**ဟာ ပန်းပျိုးသူရဲ့ ရင်တွင်းပီတိကို ဖွဲ့ဆိုထားတဲ့ ဝတ္ထုလေးပါ။ ဖတ်ကြည့်ပါဦး။ ဝတ္ထုလေးက သိပ်ချစ်စရာကောင်းသလို ဝတ္ထုထဲက မင်းမောင်ရဲ့သူငယ်ချင်း မောင်ဝင်းရဲ့ညီမ ငြိမ်းငြိမ်းကလည်း သိပ်ချစ်စရာကောင်းပါတယ်။ သိပ်လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို အတုယူအားကျဖွယ် ရေးဖွဲ့ပြထားပါတယ်။

*၂၀၁၄ မတ်လ၊ ရတီ၊*

❑

ဒီလ ရနံ့သစ်မှာပါတဲ့ ပေါ်ဦးမြင့်ရဲ့ **ဟင်းလင်းဖွင့်မြို့** ဟာ ရတနာပုံနန်းမြို့တစ်မြို့ဖြစ်ခဲ့တဲ့ မန္တလေးရဲ့ တိုတောင်းတဲ့ အချိန်အတွင်း ပြောင်းလဲသွားပုံကို ရွှေထုတ်ယူတဲ့ တောင်တွေရဲ့ ပြောင်းလဲမှုနဲ့ နှိုင်းယှဉ်ရေးဖွဲ့ထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ တကယ်ဆို မန္တလေးဟာ မြန်မာတို့ရဲ့ နောက်ဆုံးနန်းဆက်တည်ရှိရာ မြန်မာ့ယဉ်ကျေးမှုပြယုဂ်တစ်ခုပါ။ ကမ္ဘာတည်သရွေ့ မြန်မာတွေရဲ့လက်ထဲမှာ မူလမပျက်တည်ရှိနေသင့်ပါတယ်။ ဒါပေမဲ့ ခေတ်တစ်ခေတ်ရဲ့ ဖြတ်ကျော်မှုဒဏ်ကို မန္တလေးကခံလိုက်ရပါတယ်။ ရတနာပုံခေတ် မန္တလေးနန်းမြို့ရဲ့ မြေကို လှမ်းကြည့်လိုက်ပါရင် မြန်မာတို့ရဲ့ ချွေး၊ သွေးတွေကို ပုလဲလုံးများသဖွယ် မြင်တွေ့ရပါလိမ့်မယ်။ အခုတော့ အဲဒီပုလဲရတနာကို ဘယ်သူတွေပိုင်သွားကြပြီလဲ။ အခုမှ

www.burmeseclassic.com

ဝင်လာကြတဲ့ အဖြူရောင်တွေက ငွေမည်းတွေကို ခဝါချ၊ တောင်းသမျှ ဈေးကိုပေးပြီး အပိုင်သိမ်းဝယ်ခဲ့တယ်။ အဲဒီလိုဖြစ်ခဲ့တာ တရားခံက ဘယ်သူတွေလဲ၊ ဒီနေ့လို လွှတ်တော်ခေတ်ကြီးထဲမှာ အဲဒီအမျိုးသားရေး အမည်းစက်ကို ဘယ်လိုဖြေရှင်းဆေးကြောမလဲ။ စာရေးသူက သူ့အက်ဆေးရဲ့နိဂုံးမှာ အခုလိုရေးသားထားပါတယ်။ 'ကျွန်တော်သင်ယူဖူးသော ဘာသာရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်သာ ပြောရလျှင် မန္တလေးမြို့ကြီးသည် 'ဟင်းလင်းဖွင့်မြို့'ဖြစ်နေကြောင်း အခိုင်အမာ ပြောရဲပါသည်'တဲ့။

ရနံ့သစ် ဝတ္ထုတိုတွေထဲက အောင်မြိုးကျော်(ပခုက္ကူ)ရဲ့ **ဒါဒီဒီ ဒါ**...ဟာလည်း စိနတိုင်းသားတွေ ဈေးမတန်တဆပေးပြီးဝယ်တာကို မရောင်းလိုက်တဲ့ ဗမာအဘိုးကြီးတစ်ယောက်အကြောင်းကို ထန်းတက်သမားတစ်ဦးရဲ့ ဘဝဇာတ်ကြောင်းနဲ့ ရက်ဖောက်ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ ဖတ်ကြည့်ပါ။ သီကုံးထားပုံလေး လှပါတယ်။

အက်ဆေးနဲ့ ဝတ္ထုက ခြံစည်းရိုးတစ်ခုသာခြားပြီး ရေးသားနေကြပြီမို့ တစ်ခါတစ်ခါ စာတစ်ပုဒ်ဟာ အက်ဆေးလား၊ ဝတ္ထုတိုလား ခွဲရခက်ခက်နေတတ်ပါတယ်။ ဒီလ ရနံ့သစ်ဝတ္ထုတိုကဏ္ဍမှာ ဖော်ပြထားတဲ့ အဖြူရောင်(ရွှေ)ရဲ့ **နေထွက်ရာအရပ်သို့ မျက်နှာမူပါ** ကို ဖတ်ကြည့်တော့ ရွှေမောင်းရင်မှာ ဝတ္ထုထက် အက်ဆေးတစ်ပုဒ်လို ခံစားရတယ်။ အကြောင်း

ရနံ့သစ်မှာ ပါတဲ့ ပေါ်ဦးမြင့်ရဲ့ **ဟင်းလင်းဖွင့်မြို့** ဟာ ရတနာပုံနန်းမြို့ တစ်မြို့ဖြစ်ခဲ့တဲ့ မန္တလေးရဲ့ တိုတောင်းတဲ့ အချိန်အတွင်း ပြောင်းလဲသွားပုံကို ရွှေထုတ်ယူတဲ့ တောင်တွေရဲ့ ပြောင်းလဲမှုနဲ့ နှိုင်းယှဉ် ရေးဖွဲ့ထားတဲ့ အက်ဆေး တစ်ပုဒ်ပါ

အရာက တိုတိုရှင်းရှင်း ပြောရရင် ကလေးသူငယ် ပြုစုပျိုးထောင်ရေးပါ။ ပြုစုပျိုးထောင်ရေးဆိုလို့ ကျန်းမာရေးရုပ်ပိုင်းကို ပြောထားတာ မဟုတ်ပါဘူး။ အလွန်တရာ နက်ရှိုင်းသိမ်မွေ့လှတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာဖို့၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာဖို့ အတွက် ပြောထားတဲ့ စာစုလေးပါ။ အရေးရခက်သလို၊ ဖွဲ့စည်းရလည်း ခက်ခဲတဲ့ အကြောင်းအရာပါ။ အဖြူရောင်ဟာ မိခင်တစ်ဦးမို့ ကလေးပြုစုပျိုးထောင်ရေးကို စနစ်တကျလေ့လာထားပုံရပါတယ်။ သိပ်ကောင်းတဲ့ ဝတ္ထုလေးပါ။ အနာဂတ်အတွက် စာမျက်နှာတွေဖြစ်နေလို့ ကလေးရှိသူတိုင်း ဖတ်ဖြစ်အောင်၊ ဖတ်ကြည့်စေပါလို့ ညွှန်းလိုက်ပါရစေ။

သန်းစိုးနိုင်ရဲ့ '**သမ္မတလူကြမ်းအဖွဲ့နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး**'ဟာ လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကို သုံးသပ်ပြထားတဲ့ ဆောင်းပါးပါ။ စာရေးသူက ဆောင်းပါးမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်နဲ့ တိုင်းပြည်ကောင်းစားချင်တဲ့ စေတနာကို သံသယမဖြစ်သင့်ကြောင်း၊ စိုးရိမ်ရမှာက 'ရေနောက်ပြီး ငါးခြောက်နေသူများ'ဖြစ်ကြောင်း သုံးသပ်တင်ပြသွားပါတယ်။

မောင်ဆွေခင်ရဲ့ **သမိုင်းဘီး တစ်ပတ်လည်သလား၊ တစ်ပတ်လှည့်သလား**ဟာ ဦးနေဝင်းလှည့်စားမှုနဲ့ ဒီနေ့အခြေအနေကို တိုက်ဆိုင်နှိုင်းယှဉ်ရေးပြထားတဲ့ နိုင်ငံရေးဆောင်းပါးပါ။ လူတိုင်းသိသင့်တဲ့ နိုင်ငံရေး သဘောတရားတစ်ခု ဖြစ်ပါတယ်။ ဖတ်ကြည့်ပါဦး။

မောင်သံဒိုင်ရဲ့ **မြန်မာနိုင်ငံ၏ ပါမစ်စီးပွားရေးလုပ်ငန်း**ဟာ ပါမစ်စီးပွားရေးကြောင့် ဈေးကွက်စီးပွားရေးကို ထိခိုက်နိုင်ပုံကို ရေးပြထားတဲ့ဆောင်းပါးပါ။ ပါမစ်စီးပွားရေးစနစ်က လွတ်လပ်ရေးရပြီး ဖဆပလ အုပ်ချုပ်တဲ့ခေတ်က ဒီနေ့အထိပါပဲ။ အဲဒီထဲမှာ ဒီနေ့ခေတ်ကတော့ အဆိုးဆုံးပေါ့။ စစ်တပ်က အာဏာယူပြီး သူတို့နဲ့ အလျှဉ်းသင့်တဲ့ ခရိုနီတွေ၊ အချင်းချင်းတွေကို 'ပါမစ်'တွေ ရေးပေးပြီး သိန်းထောင်သောင်းရကြတာတွေကို လူတိုင်းအသိပါ။ ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်ရေးလုပ်ကြသူတွေက ဘယ်လိုမှ သူတို့ကို မမီကြပါဘူး။ စာရေးသူက ဆောင်းပါးရဲ့နိဂုံးမှာ 'ပါမစ်စီးပွားရေးစနစ်ပေါ်လာခြင်းသည်မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုစနစ်နှင့် အာဏာရှင်စနစ် ပေါ်ပေါက်လာရေးအတွက် အဓိကအထောက်အကူပြုသည့် အဓိကစီးပွားရေးပုံသဏ္ဌာန်ဟု မှတ်ယူမိပါသည်'တဲ့။

***၂၀၁၄၊ မတ်လ ရနံ့သစ်***

❑

ဒီလ ကလျာမှာ ပထမဦးဆုံးညွှန်းချင်တာက ကလျာဖူးသစ်စဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ ချစ်ကြည်အေးရဲ့ '**ရင်၌ပွင့်လန်း၍ သွေးမြင့်ရေးခြယ်သော**'ပါ။ အယ်ဒီတာအဖွဲ့ကတော့ 'မွေးစားသမီးနှင့် မွေးစားမိခင်တို့ကြားမှ သံယောဇဉ်ကို ပီပြင်အောင်ရေးဖွဲ့နိုင်သော ဝတ္ထုတိုတစ်ပုဒ်အဖြစ် ရွေးချယ်ဖော်ပြလိုက်ပါသည်'လို့မှတ်ချက်ပြုထားပါတယ်။ ချစ်ကြည်အေးကို ကလောင်အသစ်လို့ ယုံကြည်ဖို့ခက်ပါတယ်။ သူ့ဝတ္ထုလေးဟာ အချစ်ဝတ္ထုလေးပါ။ ဒါပေမဲ့ တပ်မက်မှုကင်းတဲ့ စစ်မှန်တဲ့ မေတ္တာတရားရယ်၊ လူ့လောကရဲ့အကန့်အသတ်ရယ်ကို သူရေးပြသွားပုံက သိပ်ထူးပါတယ်။ ဖတ်ကြည့်ပါဦး။ လူတွေကြားက လူ့အကြောင်း တစ်ခုလို့ပြောလို့ ရင်တဲ့…



www.burmeseclassic.com

www.burmeseclassic.com

ဆွတ်ပျံ့ဖွယ်၊ ကြေကွဲဖွယ် ခံစားရအောင် ရေးသားထားတဲ့ အတ္ထုပ္ပတ္တိ ဝတ္ထုတို တစ်ပုဒ်ပါ။

ကျူရီရဲ့ **ငယ်စာရင်း** ကတော့ ဇာတ်လမ်းအသား ပေးပြီး လှည့်ကွက်လေးတွေနဲ့ ပရိသတ်ကြိုက်ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဒီနေ့ ဒီဒီယိုထုတ်လုပ်သူတွေ စိတ်ဝင်စားနိုင်တဲ့ ဝတ္ထုတိုတစ်ပုဒ်လို့ ဆိုပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ကလျာမှာပါတဲ့ မောင်ကိုကို(အမရပူရ)ရဲ့ **စစ်အစိုးရလက်အောက်က အနုပညာ**ဟာ အင်းလျားလိတ်ဂီတပွဲကို ဦးနေဝင်း ကိုယ်တိုင်လာပြီး ဂီတပညာရှင်(အနုပညာရှင်)တွေကို ကိုယ်ထိလက်ရောက်ပြုမူပုံ။ ဒါရိုက်တာ ဝင်းဖေရဲ့ ဖွင့်ဟချက်၊ ဒါရိုက်တာ ညီညီထွန်းလွင်ရဲ့ပြောပြချက်နဲ့ မြန်မာမှုဒီဇိုင်းပညာရှင် ဦးအေးမြင့်ရဲ့ဖွင့်ဟ ပြောပြမှုတွေကို မထိမ်မချန်ဖော်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ စာရေးသူက သူ့ဆောင်းပါးရဲ့နိဂုံးမှာ 'စစ်အစိုးရကို နည်းမျိုးစုံဖြင့် တော်လှန်ပုန်ကန်မည်' လို့ နိဂုံးပြုထားပါတယ်။

*၂၀၁၄၊ ဧပြီလ၊ ကလျာ*

❑

ဒီလ တေးကဗျာမှာ ဖော်ပြတဲ့ ခင်ခင်လေးရဲ့ **တုံးလုံးစာ**ဟာ နိုင်ငံတော်ဘတ်ဂျက်မှ ၃.၉ ရာခိုင်နှုန်းကိုသာ သုံးစွဲတဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်ကို ပုံဖော်ရေးလုပ်ပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မြန်မာနိုင်ငံမှ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းတဲ့အပြင် ကျန်းမာရေးစစ်ဆေးရင်လည်း စရိတ်စကကြီးမြင့်နေပါတယ်။ 'စရိတ်မှျပေး ကျန်းမာရေး' လို့သာ ပြောနေပေမဲ့ ငွေမပေးရင် ကုသရခက်ခဲနေတုန်းပဲဖြစ်ပါတယ်။ စာရေးသူက သူငယ်ချင်းတစ်ယောက် ကျန်းမာရေးစစ်ဆေးပြီး ရောဂါ ဘာမှမတွေ့လို့ ပျော်ရွှင်ကျေနပ်မယ့်အစား ငွေကုန်ကြေးကျများလို့ အဲဒီငွေကို နှမြောပုံကို ရေးပြထားပါတယ်။

အောင်ရဲ(၁)ရဲ့ **မသိကိန်းမောင်နံ** ဟာ စာမတတ်တဲ့ဖနီးမောင်နံနဲ့ သူတို့လုပ်ငန်းရှင်ရဲ့ ဆက်ဆံရေးကို ပြထားတဲ့ဝတ္ထုတိုပါ။ စာတတ်မြောက်မှု လှုပ်ရှားရေးမှာ ကမ္ဘာသိဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံမှာ ခုထိ စာမတတ်သူတွေ၊ စာသင်ခန်းထဲမှ ထွက်ကျသွားသူတွေ ရှိနေတုန်းပါ။ ငွေရှင်၊ ကြေးရှင်တွေရဲ့ မတရားမှုကို သူတို့ခမျာ မသိရှာဘဲ လုပ်တိုင်းခံနေရပုံများကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။

ထွန်းရင်(သဖန်းကိုင်း)ရဲ့ **ကျွန်းဖြတ်လိဝ်**ဟာ စာဖတ်သူနဲ့ အလှမ်းဝေးတဲ့ လောကစိမ်းလေးတစ်ခုကို သုတပေး ဖြန့်ခင်းပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဖတ်ကြည့်ပါဦး။

အောင်ငြိမ်း(မြင်းခြံ)ရဲ့ **မြသန်းတင့်နှင့် ပြန်လည်တွေ့ဆုံခြင်း**ဟာ ဆရာမြသန်းတင့်နှင့် စာရေးသူတို့တွေ့ဆုံခဲ့ရတဲ့ တစ်ခါက အချိန်တွေကို ပြန်လည်တင်ပြထားတဲ့ ဆောင်းပါးပါ။ ဆောင်းပါးဆိုပေမဲ့ သမိုင်းဖြတ်သန်းမှုဖြစ်နေလို့ အလွန်အဖိုးတန်လှပါတယ်။ အဲဒီမှာ လူတွေမသိကြတဲ့ မြုပ်ကွက်တချို့ကို ပြန်လည်ဖော်ပြထားပါတယ်။ ဆိုပါစို့။ မြတ်လေးရဲ့ 'ပန်းတိုင်းပွင့်ပါစေ' စာသား၊ 'ငွေဖိုင်းဖြူ'နဲ့ 'သံသရာခရီးသည်' ရဲ့ စာသား။ အဲဒါတွေကို ရေးခဲ့သူက ဆရာမြသန်းတင့်ပါတဲ့။ မြတ်လေးနဲ့ အောင်လင်းကို နာမည်ခံခိုင်းခဲ့တာပါတဲ့။ စာပေသမိုင်းမှာ 'နံ့ထဲကကြာ' ကို သိန်းဖေမြင့်နှင့် မြသန်းတင့်နှစ်ယောက် ရေးတယ်လို့ သိထားကြတယ်။ အခုတော့ ဆရာမြသန်းတင့်က တော်လ်စတွိုင်းရဲ့ Resurrection ကို မြန်မာမှုပြုခဲ့တာပါတဲ့။ ဒီဆောင်းပါးဟာ ဘဝဖြတ်သန်းမှုထဲက သမိုင်းအမှန်ကို ရေးပြထားတဲ့ အဖိုးတန် ဆောင်းပါးတစ်ပုဒ် ဖြစ်ပါတယ်။

*၂၀၁၄၊ မတ်လ၊*
*ရုပ်ရှင်တေးကဗျာ*

❑

ဒီလ မဟေသီမှာပါတဲ့ ဆွန်အဲလူရဲ့ **လျှောကျနေသော လူသားများ**ဟာ နွမ်းပါးနိမ့်ကျနေတဲ့ မြန်မာပြည်သူလူထုတွေဆီကို ပရဟိတသမားတွေ များများသွားကြဖို့ တိုက်တွန်းနိုးဆော်ထားတဲ့ ဆောင်းပါးပါ။ ဒီဆောင်းမှာ စာရေးဆရာက အတ္တကို မသတ်နိုင်ကြတဲ့လူတွေနဲ့ ပရသမားတွေကို နှိုင်းယှဉ်ပြထားပါတယ်။ ပရဟိတလုပ်ငန်းဆိုတာ အကြီးကြီးလုပ်မှ မဟုတ်ပါဘူး။ ခရီးသွားဟန်လွှဲလုပ်လို့ရတဲ့အကြောင်းကို ပြောပြထားတာပါ။

နေဦးဝေရဲ့ '**ပရက်ဂမာဟာ ဒဿနိကစနစ်လား၊ နည်းလမ်းလား**' ကိုလည်း ညွှန်းချင်ပါတယ်။ စင်ကာပူလို သယံဇာတမရှိတဲ့ အင်္ဂတေတောအုပ်ကလေးက ဒီနေ့အခြေထိရောက်လာပုံနဲ့ Pragmatism ကို ရှင်းလင်းဖွင့်ဆိုပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

ဝေ(စီးပွားရေးတက္ကသိုလ်)ရဲ့ **တစ်စိတ်ပဲ အလွမ်း၏ တစ်ဝမ်းပြည့်အာဟာရ**ဟာ တကယ့်ကို ဝတ္ထုဆန်တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ အကြောင်းအရာက ပူဖေါင်းရောင်းနေတဲ့အသက် ၇၀ အရွယ် အဘိုးကြီးကိုမြင်လို့ အိမ်အတွက် ဝယ်လာခဲ့တဲ့ ကိတ်မုန့်ထဲက တစ်ခုကိုပေးလိုက်တယ်။ အဲဒီကိတ်မုန့်ကို အာဟာရကျွေးတဲ့နေ့မှာ သူ့ကျောင်းသူလေး သူ့ကိုလာကန်တော့တာကို တွေ့လိုက်ရလို့ ၄ စိတ် စိတ်ပြီး တစ်စိတ်ကို သူစားတယ်။ သုံးစိတ်ကို ပြန်ပေးလိုက်တဲ့အကြောင်းအရာပါ။ အဲဒီမှာ စီးပွားရေး အရန္တမ်းပါးနိမ့်ကျနေလို့ 'အင့်စိတ်' မဝင်ရအောင် ဆရာမတစ်ယောက်ရဲ့ကြိုးပမ်းမှုလေးက သိပ်လှပါတယ်။ ဖတ်ကြည့်ပါဦး။


အရွှေတွ ရဲ့ '**စင်ပြိုင်**' ဟာ လုပ်ငန်းအောင်မြင်ဖို့အတွက် ထားရှိရမယ့်စိတ်ကို ဖော်ညွှန်းရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ အနာဂတ်ကို ထုဆစ်ဖန်တီးရမယ့် လူငယ်တိုင်း ဖတ်ရမယ့် ဝတ္ထုတစ်ပုဒ်လို့ ဆိုချင်ပါတယ်။

*၂၀၁၄၊ မတ်လ၊ မဟေသီ*

■

**မင်္ဂလာရွှေမောင်**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁။
ကလေးဘဝက
အစောစီးဆုံး ရုပ်ပုံလွှာများ
မြင်၍ မှန်းမြင်သည့်အခါ
ပျော်စရာလည်း
တွေ့တတ်သည်၊
ကြောက်ခွဲဖွယ်လည်း
ဖြစ်တတ်လေသည်။
ကျွန်မ၏ အစောဆုံး
ရုပ်ပုံတစ်ချပ်မှာတော့
စကားပြောတတ်စ
သုံးနှစ်အရွယ်လို့
ထင်သည်။
အကြောင်းမှာကား
ကျွန်မ၏ မောင်လေးသည်
မတော်တတ်ပင်
မလျှောက်တတ်သေးသော
ကလေးမျှ ရှိသေးသည်ကို
မှတ်မိသောကြောင့်ပင်။
တစ်ညနေခင်းမှာ အိမ်၌
အမေ မရှိချေ။
အမေသည် တစ်နေရာမှ
အိမ်သို့ ပြန်လာပြီး
ကျွန်မတို့

အမှတ် ၂၉၄၊ မေ၊ ၂၀၁၄

ရုပ်စုံဝတ္ထုစင်

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

စာရေးဆရာမ ကြည်အေး ရေးသားပြီး ၁၉၆၃ ခုနှစ် ဇွန်လထုတ် ရှမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် 'လွမ်းအိပ်မက်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်နှမတစ်တွေကို အဝတ်အစားလဲစေတာ မှတ်မိ၏။ ပြီးတော့ ကျွန်မတို့သည် ဂျင်မခါနာ ဆေးရုံရှေ့မှာ ရပ်လျက် ရှိသည်ကိုသာ သိရတော့လေ၏။ ပြီးတော့ ကျွန်မတို့သည် ပြန်တော့မယ်ဟု အမေ့ကို နှုတ်ဆက်လျက် ရှိလေသည်။ အမေသည် ဆေးရုံကပေးသော အင်္ကျီဖြူကြီး ဝတ်ထားပြီး မျက်နှာမကောင်းလှသော်လည်း ပြုံးရယ် လက်ပြနှုတ်ဆက်၏။ ကျွန်မစိတ်ထဲမှာ ကျွန်မတစ်ယောက်ကို ပို၍ ချစ်ကြင်သနားစိတ်ထားသည်လို့ ထင်လေသည်။ ပြီးတော့ ကျွန်မ သိပ်ငိုချင်နေသည်ကို ရိပ်မိသော အဖေနှင့် အစ်ကိုငယ်၊ အစ်မငယ်တို့က ကျွန်မ၏လက်ကို ဝိုင်းဆွဲ၍ ခေါ်သွားကြလေသည်။ ထိုအချိန်မှာ အမေသည် မောင်လေးအောက် ကလေး အထွေးဆုံးကလေး ပျက်သဖြင့် ဆေးရုံသို့တက်ရသည်ဆိုတာ ကြီးမှ သိရပါသည်။

နောက် တစ်ပုံလွှာမှာတော့ ကျွန်မသည် တစ်ခါမှ မရောက်ဖူးသော နေရာမှာ တစ်ခါမှ မမြင်ဖူးသော လူတွေနှင့် နေရ၏။ အမေလည်း မရှိ၊ မောင်လေးကိုလည်း တစ်စုံတစ်ယောက်က ချီထားလေသည်။ တောရွာတစ်ရွာဖြစ်၍ အမေ့ဆွေမျိုးများဆီ ရောက်နေခြင်းပင်။ ကျွန်မသည် စတင်၍ ငိုယိုလျှင် ကျွန်မကို လူကြီးတစ်ယောက်က ကောက်ချီပြီး 'အမေ့ဆီ သွားမလားကလေး' ဟု မေးပါသည်။ ကျွန်မက 'သွားမယ်' ဟု ပြောလိုက်၏။ ပြီးတော့ ကျွန်မသည် ရေတွင်းနားသို့ ရောက်နေ၏။ အမေက ရေပုံးဖြင့် ရေဆွဲ၍ လောင်းချိုးနေသည်။ ကလေးအင်္ကျီကလေးများလည်း လျှော်သေးသည် ထင်၏။ အမေသည် အဖေ့ကို စိတ်ဆိုး၍ ကလေးအငယ်နှစ်ယောက်(ကျွန်မနှင့် မောင်လေး)ကို ခေါ်ကာ အိမ်မှထွက်ခွာသောကြောင့် ဖြစ်ပါသည်။ ကျွန်မကို ချီထားသော လူကြီးမှာ ဦးလေးကိုလှ ဖြစ်ပါသည်။

နောက်တစ်ပုံမှာ ကျွန်မတို့၏ ဆိုင်နောက်ဘက် ကျယ်ဝန်းလှသော အခန်းကြီးအလယ်မှ ကွပ်ပျစ်ပေါ်တွင် ဖြစ်သည်။ အခန်းတစ်ထောင့်တွင် သောက်ရေအိုးစင် ရှိသည်။ ဆိုင်ရှေ့ခန်းသို့ ဝင်ပေါက်နားမှာ စင်းကားစက် ရှိသည်။ ပိုးထည်များ ရိုက်ပို့သော ထင်းရှူးသေတ္တာ ဆယ်လုံးခန့်လည်း ဆင့်တင်ထားလျက်ရှိသည်။ ထင်းရှူးသေတ္တာများနားမှာ ဓာတ်မီးမီတာသေတ္တာရှိသည်။ ထိုမီတာသေတ္တာမှာ မှန်ကွက်ကလေးတစ်ခုတပ်လျက်နေပြီး မှန်ကွက်အောက်မှာ မီးဖွင့်လျှင်၊ ပန်ကာဖွင့်လျှင် လှည့်ပတ်သွားနေသော အနီရောင်မြားတံကလေး ရှိပါသည်။ အဲဒီအောက်မှာ ပလပ်ပေါက်ရှိလေရာ ကျွန်မတို့မောင်နှမတစ်တွေသည် လက်ညှိုးနှင့် သွားတို့တတ်ကြ၏။ ဓာတ်လိုက်၍ ကျဉ်သွားသော လက်ချောင်းကလေးများကို ပါးစပ်နှင့် ငုံတတ်၏။ ပြီးလျှင် 'သိပ်ချိုတာပဲ' ဟု မှတ်ချက်ချတတ်သည်။ အဲဒီမှာ ကျွန်မထက် ငါးနှစ်နီးပါး ကြီးသော အစ်မက ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကို ပြောပြသည်။ ကဏ္ဍကမြင်း ရင်ကွဲနာကျ လဲသေရှာရော

ကျွန်မလည်း ရှိုက်ကြီးတငင် ငိုလေရာ ဘယ်လိုမှ ချော့၍ မရသည့်အဆုံး၌ ကျွန်မ၏ အစ်မသည် စိတ်ညစ်ပြီး အမေ့ကို သွားတိုင်သည်။ အမေက ကျွန်မကို ရယ်သွမ်းသွေးသည်။ ကျွန်မကမူ ငိုချင်သလောက် အားရပါးရသာ ငိုလျက် နေပါသည်။ ကျွန်မ ဝမ်းနည်းနေသည်ကို ရယ်မောရက်သည့် အမေ့ကိုလည်း စိမ်းကားလှသည်လို့ ထင်လေ၏။

နောက်တစ်ပုံမှာ အမေနှင့်အဖေသည် မကြာခဏ ရန်ဖြစ်သည်။ အဖေသည် အိမ်မှာ ကြည့်ရှုစီမံဖို့ခေါ်ထားသော အမေ့ညီမဝမ်းကွဲနှင့် ငြိစွန်းချိန်တည်း။ ကျွန်မသည်ဘာမှ နားမလည်သေးပေသမို့ ဧည့်သည်လာပါစေလို့သာ အမြဲဆုတောင်းနေသည်။ ဧည့်သည်ရှိသည့်အချိန်မှာ အမေနှင့်အဖေ ရန်မဖြစ်။ သို့သော် ဒေါသကြီးသော အဖေသည် 'လုံ့နဲ့ထိုးသတ်မယ်' ဟု အမေ့ကို ကြိမ်းသည်။ ကျွန်မသည် အကြီးအကျယ် ထိတ်လန့်ကာ စတင် ငိုယိုသည်။ ကျွန်မစားနေသော ပါတာနီ တစ်ထုပ်လုံး ဖိတ်ကျသည်။

'ပါတာနီတွေ ဖိတ်ကုန်ပြီ၊ ကောက်ပေးရမယ်'

ဟု ကျွန်မ ဆူညံပူဆာပါသည်။

အမှန်ကတော့ သည်လိုလုပ်လျှင် ကျွန်မ၏ ပါတာနီများကို အမေ၊ အဖေတို့ လာကောက်ပေးမည်။ ရန်ဖြစ်တာ ရပ်သွားမည်လို့ ထင်သောကြောင့်ပေတည်း။ သို့သော် ပါတာနီများ ပြန့်ကျဲကုန်ပြီး ကျွန်မ ငိုယိုလျက် နေရသည်ကိုသာ မှတ်မိလေသည်။

ထို့နောက်မှာတော့ သိတတ်မှတ်မိသော အရွယ်ရောက်ခဲ့ပြီမို့ ဘယ်အချိန်မှာ ဘာဖြစ်သည်ဆိုတာ အစီအစဉ်နှင့် ပြောတတ်လေပြီ။ ရှေ့က စောစီးစွာသော ရုပ်ပုံလွှာများသာ ဖျားနာသည့်အခါမှာ ခြောက်လှန့်လာတတ်၏။ ထပ်တလဲလဲ အိပ်မက် မက်တတ်၏။ အလကားနေရင်း ကြောက်နေပြီး လူတောထဲ မတိုးဝံ့ချေ။ ရွယ်တူကလေးများက နှိပ်စက်လာသမျှကို ကြိတ်မှိတ်ခံသည်။ လူကြီးများကိုလည်း မတိုင်ဝံ့ချေ။ လူကြီးများသိသွား၍ အဖျင်းတိုက်ခြင်း ခံရလျှင် ရှက်ကြောက်စိတ်ဖြင့်သာ နေသည်။

ထို့နောက် ကျွန်မသည် ဥစ္စာစောင့် ပုံပြင်များကို ကလေးဉာဏ်ဖြင့် ခြယ်လှယ်စိတ်ကူးစ ပြုလေသည်။ ဥစ္စာစောင့်က ဖန်ဆင်းလိုက်သောကြောင့် သစ်ရွက်များမှာ ရှိသမျှနေရောင်၌ လက်သော မိုးရေစက်အားလုံးတို့သည် စိန်များ၊ ပုလဲများ ဖြစ်ကုန်လေ၏။

ထိုဥစ္စာစောင့်နှင့် ကျွန်မသည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာ၏။ သူက ပုံပြင်များစွာ ပြောပြ၏။ ထိုပုံပြင်များကို ကျွန်မက အစ်မဖြစ်သူအား တစ်ဆင့်ပြောပြလေသည်။ ကျွန်မ၏အစ်မက ယုံကြည်လောက်သော ပုံပြင်များကို တအံ့တသြနှင့် နားထောင်တတ်၏။ ကျွန်မ၏ စိတ်ကူးသက်သက်မျှသာဖြစ်ကြောင်း ပေါ်လျှင်တော့ ဒေါသထွက်ကာ 'ဖိုးဖြီး' ဟု အမည်ပေးကာ ကျွန်မကြောက်သော အဖေ့ကိုမှ သွား၍ တိုင်



www.burmeseclassic.com

www.burmeseclassic.com

သောတတ်လေသည်။

မှတ်မှတ်ရရ တစ်ခါမှာတော့ ကျွန်မသည် ဆိုင်ပေါက်ဝမှ ထွက်၍ ဟိုသည်ကစား ငေးမျှော်တုန်း အဖေ့မိတ်ဆွေ ဦးဖိုးမောင်၏ ရွှေဂုဏ်ဇာဘော်လီဆိုင်၌ နာမည်ကျော် ခါးပိုက်နှိုက်တစ်ယောက် ရပ်လျက်နေသည်ကို မြင်သည်။ ထိုမိန်းမသည် အသားညိုညို၊ မျက်လုံးလှလှ၊ ကိုယ်လုံးတုတ်တုတ်နှင့် အသက် ၃၀ ကျော်ခန့် ရှိသေး၏။ သူ့မှာ ကြိမ်ခြင်းတောင်းတစ်ခုကို လက်မောင်း၌ ချိတ်လျက် အမြဲပါ၏။ ဆံရစ်ဝိုင်းသျှောင်ထုံးနှင့် ခုနစ်နှစ်အရွယ် ကလေးမလေးတစ်ယောက်လည်း ပါသေး၏။ သူသည် ဆိုင်တစ်ဆိုင် ဝင်မိလျှင် အဝတ်အထည်တစ်ခုခုကို ခြင်းတောင်းထဲ မသိမသာထည့်လိုက်ပြီး ခြင်းတောင်းမှာပါသော အဝတ်ဖြင့် အုပ်လိုက်၏။ ပြီးတော့ ကလေးမလေးကို အရင်လွှတ်လိုက်ပြီး နောက်မှ လက်ရှင်းရှင်းနှင့် ထွက်သွားတတ်လေသည်။

ကျွန်မတို့ဆိုင်မှ တစ်ခါ သည်လိုလုပ်သည်ကို ပက်ပင်းပါ မြင်ခဲ့ဖူးသည်။ ဒါနှင့် ကျွန်မသည် အစ်မဖြစ်သူကို ခေါ်ပြ၏။ အဖေက ဇာဘော်လီဆိုင် လိုက်သွားပြီး ဦးဖိုးမောင်ကို သက်တိုင်၏။ သူတို့သည် ထိုမိန်းမခြင်းတောင်းထဲ၌ ရှာသော်ဘော်လီနှစ်ထည် တွေ့ရလေရာ မိန်းမကို ပုလိပ်လက်ထဲတော့ အပ်ဘဲ ဆိုပြော၍သာ လွှတ်လိုက်လေသည်။

ထိုခဏ၌ ကျွန်မ၏စိတ်သည် ထိုမိန်းမနောက်သို့ လိုက်ပါသွားလေသည်။ သူသည် အမှတ်မရှိသေးဘဲ ဈေးအောက်ထပ်သို့ သွားပြန်၏။ ပိုးထည်ဆိုင်တစ်ဆိုင်ကို ဝင်ပြန်၏။ ရွှေတောင်လုံချည် မန်ကျည်းစေ့ကွက် အညိုရောင်တစ်ထည်ကို ခြင်းတောင်းထဲ ထည့်၏။ သူ့ကောင်မလေးက အချက်ရှာ၍ ထွက်မည်ပြု၏။ သတ္တိကောင်းသော ကျွန်မသည် တစ်ခါမျှ စကားမပြောဖူးသော အဖေ့အရွယ်ကြောက်မက်ဖွယ် ယောကျ်ားကြီးဖြစ်သော ဆိုင်ရှင်ကို ဝင်၍ တည်တည်ကြီးပြော၏။

'ရှင့်ဆိုင်မှာ ခါးပိုက်နှိုက် ဝင်နေတယ် သိရဲ့လား၊ ဟောဒီခြင်းတောင်းထဲမှာ ကြည့်စမ်း'

ကျွန်မသည် ခါးထောက်၍ နေဆဲ။ ထိုမိန်းမထံမှာ သူတို့ရှာကြလျှင် ပစ္စည်းကို တွေ့လေရာ ဝိုင်းရိုက်နက်ကြသည်ကို ကျွန်မ မကြည့်ရက်သည်နှင့် ပြန်လာခဲ့လေ၏။

ဒါကို အစ်မဖြစ်သူအား ပြောပြလျှင် သူက ရယ်ပဟာဖြင့်-

'ငါ မယုံပေါင်၊ နင် ဖြီးတာ၊ နင် ဘယ်တုန်းက ဈေးအောက်ကို သွားလို့လဲ'ဟု ပြောလေ၏။

ကျွန်မသည် မျက်စိမှိတ်၍-

'ဟင်း သွားလွန်းလို့ ခုန ငါ အိမ်သာဘက်ကို သွားတယ်ဟုတ်လား၊ အဲဒါ ဈေးအောက်ထပ်ကို သွားတာ'

အစ်မက နည်းနည်းယုံလာ၏။

'အဟုတ်လား'

'အဟုတ်ပေါ့၊ အမေ့ကို မေးကြည့်ပါလား (ဒါကတော့ ကျွန်မ၏အမှားပင်၊ အမေက သားငါးဈေးဘက်သို့ သွားနေသည်၊ သို့သော် သက်သေထူမှ ယုံတော့မည်မို့ ဇွတ်နှစ်လိုက်ရခြင်းပင်) အမေလည်း မြင်တာပဲ'

'အေး၊ အမေလာရင် ငါ မေးကြည့်မယ်'

'မေးလေ'

အစ်မသည် ယုံသွားကာ ကျွန်မကို အသေးစိတ် ဆက်လက်မေးမြန်းလေရာ ထိုမိန်းမ ဘယ်လိုငိုသည့်အကြောင်း၊ နောက်မလုပ်တော့ပါဘူးတွေနှင့် ဘယ်လို တောင်းပန်သည့်အကြောင်း၊ သူ့ညီမလေးကလည်း နောင်တရပြီဖြစ်သည့်အကြောင်းတွေပါ ကျွန်မက ပြောပြရပါသည်။

ပြီးတော့ သည်အကြောင်းကို ကျွန်မ မေ့သွားသည်။ သို့သော် အစ်မက မမေ့နိုင်ချေ။ အမေ ပြန်လာလျှင် ဆီးမေးလေရာ အမေကလည်း စိတ်တိုတိုမို့ သူသာ အအော်အငေါက်ခံရပြီး အရှုးဖြစ်လေရာ ဒေါသသံ တရှူးရှူးထွက်ပြီး အဖေ့ကို သွားတိုင်လေ၏။

ကျွန်မကို အဖေ အကြီးအကျယ်ဆူတာ မှတ်မိ၏။ အရိုက်ခံရသေးသလား မသိ။ သို့သော် အဖေက ကျွန်မ သည်လိုလိမ်ပြောနေလျှင် အမှန်ပြောသည့်အခါမှာတောင် ဘယ်သူကမျှ ယုံတော့မည် မဟုတ်ဟု ပြောပါသည်။

ကျွန်မသည် အလွန်ရှက်ကြောက်စွာ သူတို့ ကွယ်ရာသို့ သွား၍ ငိုကြွေးပါသည်။ ၁၀ နှစ်အရွယ်၏ နုနယ်သော နှလုံးသားလည်း နာကျင်လှပါသည်။

ငါ ဘယ်တော့မှ မလိမ်တော့။ ငါဟာ ဖြီးတတ်တယ်။ ငါဟာ လူယုတ်မာ၊ မုန်းစရာ ကောင်းသည်။ စကားထဲ အဖြီးမပါအောင် စကားလုံးလုံး မပြောဘဲနေမှ ဖြစ်တော့မည်။

ပြီးတော့ ဘုရားတစ်ဆူလို ကိုးကွယ်ထားသော အစ်ကို့စကားများကို ဒိုင်ယာရီထဲ ရေးထည့်၏။

*'စကားနည်းခြင်းသည် မြတ်သောအကျင့် ဖြစ်၏။*
*မြတ်သောအကျင့်သည် အစခက်၏'*

❑

၂။

ဖြုန်းခနဲ စကားတိုတ်သွားပြီး တစ်ယောက်တည်း နေလေ့ရှိလာသော ကလေးကို အိမ်သားများသည် သတိပြုမိပေမည်။ တယ်ပြီး သိသိမှတ်မှတ် မရှိလှချေ။ အပျိုဖြစ်လာသော အစ်မလည်း ဝတ်ဖို့စားဖို့နှင့် မအားအောင်ရှိလေ၏။ အစ်ကိုကလည်း အသက်ချင်း ကွာလှရုံမက အိမ်မှာ ကပ်သည်လို့လည်း မရှိလှ။

ကျွန်မသည် အဝတ်ဗီရို ခေါင်မိုးပေါ်ရှိ ဖုန်များ တက်နေသော မဂ္ဂဇင်းဟောင်းများကို ချဖတ်သည်။ ဆိုင်နီးချင်း ဦးဖိုးမောင်၏ သမီးပျို ယဉ်မင်းကို ဝတ္ထုဝယ်ပေးရင်း လိုက်ဖတ်သည်။ စာအုပ်ဆိုင်များနှင့် သိကျွမ်းကာ ဆိုင်၌ မရောင်းတော့သော ဒဂုန်မဂ္ဂဇင်း အဟောင်းအမြင်းများကို မတ်တတ်ရပ်၍ ဖတ်သည်။ ကျောင်းက အချစ်ဆုံးသူငယ်ချင်း မခင်တင့်နှင့် မာရီမြမြတို့နှင့်လည်း ခါတိုင်းလို ပျော်ပျော်နေလို့ မရတော့။



www.burmeseclassic.com

www.burmeseclassic.com

စကားပြောလို့ မကောင်းတော့ချေ။

ကျွန်မသည် စိတ်ကြိုက် သူငယ်ချင်းကောင်းတစ်ယောက် လိုချင်တမ်းတလှတာကို မှတ်မိပါ၏။ ဆိုင်နီးချင်း သူငယ်ချင်း မမ အမည်ရှိ ကလေးမလေးကိုလည်း အားမကိုးရလှချေ။ သူနှင့် ကျောင်းအတူ ခဏနေဖူး၏။ သူ၌ အေးအတူပူအမျှစိတ် မရှိခဲ့ချေ။ ကျွန်မက စာအမြဲပြပေးနေကျ ဖြစ်ပေသည့် ကျွန်မ မတတ်သည့်စာကို သူတတ်လျှင် စိတ်ထဲ ဝက်ထားတတ်၏။ ကလေးငယ်ပေမဲ့ ကျွန်မကို ပြိုင်ဆိုင်စိတ်လည်း ထားတတ်၏။ လောကအရာ၌ ကျွန်မထက် များစွာလည်ပတ်လှ၏။

အဲဒီအချိန်မှာ ကျွန်မသည် ရီရီမြင့်အကြောင်း စတင်ပြောမိလေသည်။

ရီရီမြင့်ကို ကျွန်မ အင်မတန် ချစ်သည်။ ရီရီမြင့်၌ ကျွန်မမှာ မရှိသော အရည်အချင်းတွေ အကုန်ရှိသည်။ သူ့အမေ၊ အဖေသည် ကျွန်မ အမေ၊ အဖေလို အိုမင်း၍ ရေးဆန်သူများ မဟုတ်။ ပျို့ရွယ်၍ သားသမီးများနှင့် သူငယ်ချင်းလို နေတတ်၏။ ရန်လည်း ဖြစ်လေ့ မရှိကြ။ ရီရီမြင့်သည် ကျွန်မ ထားချင်သော ဆံပင်ပုံစံမျိုးထားလျက်ရှိပြီး ကျွန်မ ပြောတတ်ချင်သော အင်္ဂလိပ်စကားကို သွက်သွက်ကြီး ပြောတတ်၏။ ကျွန်မလို ဖြူစပ်စပ် ဖာရစီ ကုလားမဆင်ရုပ်လည်း မဟုတ်။ အသားညိုညက်နှင့် ဗမာချောချောသေး၏။ သူ့အစ်မနှင့် အစ်ကိုတွေကလည်း ရွယ်တူတွေမို့ သူငယ်ချင်းလို ရောနှောရင်းနှီးကြ၏။ ရီရီမြင့်သည် ကျွန်မကို အချစ်ဆုံးလည်း ဖြစ်ပေသည်။ ထို့ကြောင့် အမေ့ကို ကျွန်မ မပြဝံ့သော အနာများ၊ ဆီးသီးစား၍ ဝမ်းသွားတာများပါ သူ့ကို ပြဝံ့၊ ပြောဝံ့လေ့ရှိသည်။

ရီရီမြင့်အကြောင်း ပြောပါများသော် ကျွန်မ၏အစ်မပင် စိတ်ဝင်စားလာလေ၏။

'ဟဲ့ နင့် ရီရီမြင့်က ဘယ်မှာ နေသလဲ'

'သူ သော်မဆင်ရိပ်သာမှာ နေတာ ဆရာရဲ့၊ တို့လို တရုတ်တန်းနေတာ မဟုတ်ဘူး၊ သူတို့က ပိုက်ဆံ တို့လောက် မရှိပေမဲ့ သိပ်ခေတ်ဆန်တာပဲ၊ အမေတို့လို စိန်တွေ သီးနေအောင် မဝတ်ဘူး၊ ကားဝယ်စီးတယ်၊ စန္ဒရားဝယ်တီးတယ် သိလား'

'အိမ် တစ်ခါလောက် ခေါ်ခဲ့ပါလား'

'တစ်ခါတော့ ရအောင် ခေါ်ဦးမယ်'

ကျောင်းမှာဆိုလျှင် ရီရီမြင့်သည် စာတော်လှ၏။ ကျွန်မ ရနေကျ ပထမနေရာကို နှစ်ယောက်ခွဲယူရ၏။ ကျွန်မ သူ့ကို တကယ်ကြည်ဖြူလှ၏။ မုန့်စားဆင်းချိန်မှာတော့ ကျွန်မသည် ဆရာမ၏ မုန့်နှင့် ကော်ဖီကို ပြင်ပေးချင်လှပေမဲ့ မဝံ့မရဲမို့ အနားမကပ်ဝံ့။ ရီရီမြင့်က ဆရာမ အချစ်တော်ပင်။ ဆရာမက သူ့ကို ပြောင်းဖူးပြုတ်လည်း ဝယ်ခိုင်းတတ်၏။ ဆန်ခေါက်ဆွဲလည်း ဝယ်ခိုင်းတတ်၏။ ပြီးတော့ ဆရာမသောက်ပြီးသော ကော်ဖီပန်းကန်၊ မုန့်ပန်းကန်များကို မျက်နှာဝင့်ဝင့်နှင့် ရေဘုံပိုင်မှာ သွားဆေးခွင့်ရသည်။ ကျွန်မကမူ အားကျရုံပင်။

ရီရီမြင့်၏ ပုံပြင်များသည် တဖြည်းဖြည်း စိတ်ဝင်စားဖွယ်ကောင်းလာသည်။ ရီရီမြင့်တို့ အိမ်သားများသည် ကျောင်းပိတ်ရက် လေးငါးရက်ရလျှင် ပြည်၊ မန္တလေး၊ မော်လမြိုင်စသည်တို့သို့ လည်မြဲ။ ဒီဇင်ဘာကျောင်းပိတ်လျှင် ကျိုက်ထီးရိုးသွားမြဲ။ နွေကျောင်းပိတ်လျှင် မေမြို့၊ ကလော၊ တောင်ကြီးသို့ တက်မြဲ။ ပြီးတော့ ခရစ်စမတ်မှာ ဧည့်ခံ၏။ မွေးနေ့ပွဲတွေ ကျင်းပ၏။

ရီရီမြင့်သည် ဘယ်တော့မှ မာနမကြီး။ ကျွန်မနှင့် ကျောင်းမှာ သီချင်းအတူ ထိုင်ဆိုမြဲ။ ကာမင်မီရန်ဒါ၏ *အိုင်ယိုင်ယိုင်* သီချင်းကို အင်မတန် ဆိုတတ်သည်။ ရီရီမြင့်က ကျွန်မ၏လက်ကို ဆုပ်ကိုင်စကားပြောတတ်၏။ ပခုံးပုတ်ပါးတို့လည်း ပြောတတ်၏။ ကျွန်မကို ချစ်လွန်းလို့ ဖက်ပြီးလည်း ထားတတ်၏။ ပြီးတော့ ကျွန်မ ဝါသနာမပါသော အပ်ချုပ်ချိန်၊ သိုးမွေးထိုးချိန်မှာ သူကချည်းပဲ ဒိုင်ခံ၍ ချုပ်ပေး ထိုးပေးတတ်သည်။ သူ့လက်မှာ ကျွန်မလို ချွေးမထွက်ချေ။

'ရီရီမြင့်ကလေ အဆိုအကလည်း သိပ်ကောင်းတာပဲ၊ ကျောင်းကြီးပိတ်ခါနီးကျရင် ကွန်စတ်(ကပွဲ)လုပ်မယ် မဟုတ်လား၊ သူက တစ်ပင်တိုင်လည်း ကမယ်၊ မေရှင့်သီချင်းတွေလည်း ဆိုမယ်'

(ထိုကပွဲတွင် ကျွန်မ အင်မတန် သီချင်းဆိုချင်၏။ သို့သော် ဆရာက ဆိုခိုင်းသည်ကို ရှက်နေသည်နှင့် မဆိုဘဲနေရာ အရွေးမခံရတော့ချေ။ ကျွန်မနှင့် လမိုင်းမကပ်လှသော ခြေက တစ်ခန်းမှာ ပါမိရက်သားဖြစ်ရလေသည်။ ဒါကို နောင်တရလို့ မဆုံးခဲ့တာ မှတ်မိပါ၏။)

ကျွန်မ၏အစ်မသည် ရီရီမြင့်ကို ကျောင်းမှာ ရှာလေ့ရှိလာသည်။ သူက ရှစ်တန်းသူဖြစ်၍ ကျောင်းသူကြီးများနှင့်သာ အပေါ်ထပ်မှာနေ၍ နှစ်တန်းရောက်သေးသော ကျွန်မနှင့် ကျောင်းမှာ မုန့်စားဆင်းချိန်မှာတောင် မတွေ့လှ။ ကျွန်မနှင့် တွဲနေသော မခင်တင့်နှင့် မာရီမြမြတို့ကိုတော့ သူသိပြီးသားပင်။ ကျွန်မနှင့် မကွဲမကွာရှိသည်ဆိုသော ရီရီမြင့်ကိုမူ သူ ဘယ်တော့မှ ရှာလို့ မတွေ့နိုင်ချေ။ အိမ်ကျလျှင်သာ ရီရီမြင့်အကြောင်း ကျွန်မ မပြတ်ပြော၏။

'ရီရီမြင့်ကလေ နင်တို့အတန်းမှာ သင်နေတဲ့ ရှိတ်စပီးယား စကားပြေပုံပြင်တွေကို အကုန်ဖတ်ပြီးသားတဲ့ဆရာ၊ ယျူလေးလုံး ပုံပြင်စာတမ်းဆို ခြောက်ခေါက်ရှိပြီ၊ သူ့ရဲ့ကောင်းသုံးယောက်ဆိုရင် ၃၃ ခေါက်တောင် ဖတ်ပြီးသားတဲ့'

တကယ်တော့ ကျွန်မသာ ရှိတ်စပီးယားပုံပြင်များကို ကျောင်းစာကြည့်တိုက်မှ ငှားဖတ်ခြင်းဖြစ်ကာ ယျူလေးလုံး ပုံပြင်စာတမ်းနှင့် သူ့ရဲ့ကောင်းသုံးယောက်တို့ကို အစ်မ၏ လွယ်အိတ်ထဲမှ ထုတ်၍ အထပ်ထပ် ရေတွက်၍ ဖတ်နေခြင်းပေတည်း။

ရီရီမြင့်အကြောင်း ပြောရသည်မှာ မြိန်လှသည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်စွာ လုပ်သောကိစ္စ၊ ကျွန်မလုပ်ချင်သော၊ ဖြစ်ချင်သော ကိစ္စများကို ပြောရခြင်းပင်။ ရီရီမြင့်နှင့် ကျွန်မသည် ရုပ်ချင်း ကွာပေမဲ့ ထွေးလုံးရောယှက်ကာ ခွဲပြောလို့ မရဘဲရှိသည်ကို ဘယ်သူမျှ မသိချေ။

ကျွန်မ နှစ်တန်းဖြေခါနီးမှာ စစ်ဖြစ်ပြီး တောမြို့သို့ ထွက်ပြေးရပါသည်။ တောမြို့မှာ ရှယ်တူများစွာနှင့် ပေါင်းရ၏။ အာရှအသင်းတွေ ဝင်ရ၏။ ဂျပန်ကျောင်းပင် နှစ်ရက်တိတိ တက်လိုက်သေး၏။ ပြီးတော့ ကုလားဆရာကြီးတစ်ယောက်နှင့် အင်္ဂလိပ်စာ သင်ရလေသည်။

အစ်ကိုစုထားသော အင်္ဂလိပ်စာအုပ်များကို ဖတ်တတ်လာသည်။ ဆရာကြီး ရှာပေးသော စာအုပ်များကို အလွတ်ရလာသည်။ **ရွှေရတနာစု** အမည်ရှိ အင်္ဂလိပ်ကဗျာတစ်အုပ်လုံး ရမတတ် ကျက်သည်။ ရီရီမြင့်အကြောင်း မပြောတော့ချေ။

ရီရီလှဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့သေး၏။ နာမည်နှင့် ရုပ်ချင်းဆင်ဆင်မို့ နှစ်လိုမိသေးသည်ပင်။

❑

၃။

ဒါကတော့ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ကိစ္စပေတည်း။ အနှစ်နှစ်ဆယ်မှာ အမှုနှစ်ရာမက တွေ့ရကာ တစ်သက်တာမျှကြာခဲ့သလို တကယ်တော့ ဘဝများစွာ ပြောင်းခဲ့သလိုပင် ထင်ရလေသည်။ ရီရီမြင့်ဆိုသော နာမည်ကို ဖတ်မိသျှင်တောင် တစ်ခါက စွဲလမ်းခဲ့သူကလေး အမည်ပါကလားရယ်လို့ သတိ မပြုမိချေ။

ဟိုတစ်နေ့ကတော့ အစ်မဖြစ်သူ အိမ်လာလည်၏။ ကျွန်မတို့ ညီအစ်မ ထွေရာလေးပါး ပြောကြရာ ဘယ်လိုကနေ ဆက်သွယ်မိသည်မသိ၊ အစ်မက ဖြုန်းခနဲ မေးသည်မှာ-

'ဟော့ နင့်သူငယ်ချင်း ရီရီမြင့်တစ်ယောက်ကော တစ်ခါမှ ပြန်မတွေ့ဘူးလား'

ကျွန်မသည် ရုတ်တရက် တွေဝေသွား၏။ အဓိပ္ပာယ်တောင် ကောင်းကောင်း နားမလည်ချေ။ ပြီးတော့ အနည်းငယ် ဝမ်းနည်းလာပြီး ရယ်လည်း ရယ်ချင်လှပြန်လေသည်။

ကျွန်မ၏ ယုံကြည်ရသော သူငယ်ချင်းကောင်း ရီရီမြင့်သည် ဘယ်တုန်းကမှ မရှိခဲ့သည်ကို ကျွန်မ မပြောရက်ပါ။ ကျွန်မ၏ ရီရီမြင့်ကို အစ်မဖြစ်သူက နှစ်လိုစိတ်ကလေးအား ဖျက်ဆီးရမှာလည်း နှမြောလှပါသည်။

ပြီးတော့ အမှန်ကို သိသွားလျှင် တိုင်စရာ အဖေလည်း သေပြီ။ ဘယ်သူ့ တိုင်မည်ကိုမျှ ကျွန်မလည်း မကြောက်ပြီ ဖြစ်ပေမဲ့ ကျွန်မကို ငယ်ငယ်က ဖြီးခဲ့သည့်ကိစ္စလို့ သာမန်မျှ ထင်မှာ၊ နားမလည်မှာတော့ ကြောက်တာ အမှန်ပင်။ ကျွန်မ၏ အစ်မက ရိုးလှသည်။ ကျွန်မလို နားလည်လှသည် မဟုတ်။

'တစ်ခါမျှ မတွေ့တော့ဘူးကွာ…' ဟုသာ အမှန်ဆုံး သစ္စာစကားဖြင့် အစ်မဖြစ်သူအား ပြောပြမြဲ ရီရီမြင့်ပုံပြင်ကို နိဂုံးချုပ်လိုက်ရလေ၏။

■

ကြည်အေး

*(၁၉၆၃ ခုနှစ်၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်း။)*




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ဩစဏ္ဍဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျွမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၉၁ တွင် ဆရာ နေဇင်လတ်၏ **တစ်ကိုင်းတည်းနားဖို့ လိုက်သွားသည်လား** ဆောင်းပါးကို ဖတ်ခဲ့ရပါသည်။ မကြာသေးမီက ရှေ့ဆင့်နောက်ဆင့် တစ်လသာခြား၍ ကွယ်လွန်သွားကြသော ဒုဗိုလ်မှူးကြီး လှမိုးနှင့် ဇနီးဒေါ်ခင်မလေးတို့အကြောင်း ဖြစ်သည်။ ဆရာ နေဇင်လတ်က ထိုဇနီးမောင်နှံနှင့် ရင်းနှီးခဲ့သည်။ ဆရာက ဒုဗိုလ်မှူးကြီး လှမိုးကို 'ဘဘမိုး'ဟုခေါ်၍ ဒေါ်ခင်မလေးကို 'အန်တီမ'ဟု ခေါ်ခဲ့သည်ဆို၏။ ဆရာ့ ဘဘမိုး ဆုံးစဉ်က ၈၈ နှစ်ရှိပြီး အန်တီမ ဆုံးစဉ်က ၈၉ နှစ်ရှိပြီ ဆိုသည်။ သို့သော် သူတို့ဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်လောက်သည့် ကိန္နရီမောင်နှံပမာ ချစ်ခင်ကြင်နာကြသည် ဖြစ်၍ ယခုလို ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည့်အခါ **တစ်ကိုင်းတည်းနားဖို့ လိုက်သွားသည်လား** ဟု ဆရာက ရေးလိုက်ခြင်းဖြစ်ပါသည်။

ဆရာတို့ဇနီးမောင်နှံနှင့် ဒုဗိုလ်မှူးကြီး လှမိုးတို့ ဇနီးမောင်နှံသည် ဆွေမျိုး ပမာလည်းကောင်း၊ သားသမီးနှင့် မိဘပမာလည်းကောင်း ရင်းနှီးကြသည်ဆို၏။ သို့သော် ယခုကဲ့သို့ ကွယ်လွန်သွား ကြရသည့်အခါတွင် ဆရာ့အနေဖြင့် နှစ်ဦးစလုံး၏ အသုဘပင် မပို့လိုက်ရ၍ လွမ်းလွမ်းဆွတ်ဆွတ် တမ်းတမ်းတတနှင့် ဤဆောင်းပါးကို ရေးလိုက်ပုံရပါ သည်။ ဆရာ့ဆောင်းပါးကို ဖတ်ပြီး ရင်၌ ခံစားရ၍



www.burmeseclassic.com

www.burmeseclassic.com

ထိုဇနီးမောင်နှံအကြောင်းကို ရေးချင်စိတ် ဒုတိယအကြိမ် ဖြစ်ပေါ် လာမိသည်။ ပထမအကြိမ် ရေးချင်စိတ် ဖြစ်ပေါ်လာသည်က ဒေါ်ခင်မလေးဆုံးပြီး သတင်းစာထဲမှ နာရေးကြော်ငြာကို ဖတ်လိုက်ရသော အချိန်ကဖြစ်ပါသည်။ ဒေါ်ခင်မလေး၏မိခင် ဒေါ်ခင်ပိတောက်ဆိုသည့် သူ့ခေတ်သူ့အခါက ထိတ်ထိတ်ကြဲ အမျိုးသမီးကြီးနှင့် ကျွန်တော့် ဖခင်တို့သည် အပေါင်းအသင်း ဖြစ်ခဲ့သောကြောင့် ဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနာရေး

# ဆရာ နေဝင်းလတ် ရေးသည့် ကိန္နရီမောင်နှံ

**မောင်သန်းဆွေ (ထားဝယ်)**



Sao Ohn Nyunt V (1932) by Sir Gerald Kelly



www.burmeseclassic.com

www.burmeseclassic.com

သတင်းကြော်ငြာတွင် ဒုဗိုလ်မှူးကြီး လှမိုးမှာ ကျွန်တော်တို့ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ အစ်ကိုဖြစ်နေပါသည်။ ဤသည်ကို အစက ကျွန်တော်လုံးဝမသိခဲ့ပါ။ ကျွန်တော်က ထိုဇနီးမောင်နှံအကြောင်း ရေးချင်သည်မှာ ဆရာနေဇင်လတ်ကဲ့သို့ ရင်းနှီးခဲ့၍မဟုတ်ပါ။ ပတ်သက်ခဲ့သဖြင့် ရေးစရာအကြောင်းများရှိ၍ ဖြစ်ပါသည်။

ကျွန်တော်သည် ထားဝယ်ဂေါက်အသင်းတွင် အတွင်းရေးမှူးဖြစ်နေစဉ်က ဖြစ်၏။ ဒုဗိုလ်မှူးကြီး လှမိုးသည် ၁၉၆၂ ခုနှစ်လောက်မှစပြီး နိုင်ငံ့တာဝန်ကို ခပ်ကြီးကြီး ယူခဲ့ရသူဖြစ်သည့်အတွက်ကြောင့် ဒီဘက်ခေတ်တွင် ဒုဗိုလ်မှူးကြီးအဆင့်မျှ ဖြစ်သော်လည်း ဗွီအိုင်ပီ စာရင်းဝင်ဖြစ်ခဲ့သည်။ ထိုစဉ်က ကျွန်တော်တို့ထားဝယ်သို့လာသောအခါ ညနေခင်း၌ ဒုဗိုလ်မှူးကြီးလှမိုး ဂေါက်ရိုက်မည်ဖြစ်သဖြင့် ထားဝယ်ဂေါက်ကလပ်တွင် ကျွန်တော်တို့ စောင့်နေကြရပါသည်။ ဒုဗိုလ်မှူးကြီးလှမိုးမှာ ထိုအချိန်က အသက် ၄၀ ခန့်မျှသာ ရှိဦးမည်ထင်သည်။ အရွယ်ကောင်း ထောင်ထောင်မောင်းမောင်း ယောကျ်ားပီသခဲ့ညားသော ရုပ်ရည်ရှိသူဖြစ်၍ စစ်ဗိုလ်တစ်ယောက်အနေနှင့် ကြည့်၍ကောင်းလှသည်။

ဘောင်းဘီရှည် နံ့သာရောင်၊ စပို့ရှပ်အညိုရောင်လက်တိုနှင့်ဖြစ်ရာ ဝတ်စားထားသည်ကလည်း လိုက်ဖက်လှသည်။ စပို့ရှပ်လက်တိုဝတ်ဆင်က လက်မောင်း ခပ်ကြီးကြီးနှင့်မှ ကြည့်၍ကောင်းသည်။ လက်မောင်း ပလွေရိုးနှင့်ဆိုလျှင် ကြည့်ရဆိုးလှသည်။

ဂေါက်ရိုက်သည့်အခါတွင် ပထမနံပါတ်တစ် တီခုံပေါ်မှ စရိုက်ရသည်။ ထိုသို့ စရိုက်ရန် ကျွန်တော်က တီခုံပေါ်တွင် ဂေါက်ဘောလုံးနှင့် တီကို စိုက်ပေးသည်။ ဗွီအိုင်ပီဖြစ်၍ လုပ်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ ဂေါက်ဘောလုံး စိုက်ပေးနေစဉ် ကျွန်တော်က ဒုဗိုလ်မှူးကြီး

ရုပ်ရှင်မင်းသား ဝင်းဦး ပေါ်လာသောအခါ ဝင်းဦးပုံစံအတိုင်း လက်မောင်းကြီးကြီးနှင့် စပို့ရှပ်ဝတ်သည်မှာ ခေတ်စားလာ၍ လိုက်ဝတ်ကြသည် စပို့ရှပ်ကလည်း ရောင်စုံအဆင်ဆန်း၊ အကွက်၊ အစင်း အမျိုးမျိုးတို့နှင့် ပေါ်လာသည်

လှမိုးကို ရွှန်းရွှန်းစားစား ကြည့်ပြီး ပြုံးမိသည်။ သူက ဂေါက်ရိုက်တံ ဒရိုင်ဘာကို တစ်ချက်နှစ်ချက် လေထဲ၌ ဆွင်းလုပ်ပြီး(လွှဲပြီး) ကျွန်တော်ပြုံးနေသည်ကို မြင်သွား၍-

'ဘာပြုံးတာလဲဗျ'

ဟု မေးပါတော့သည်။ ကျွန်တော်က ရိုသေစွာပင်-

'ဗိုလ်မှူးကြီးက ဝင်းဦးနဲ့တူလို့ပါ'

ပြောလိုက်ရာ၊ သူက ဒရိုင်ဘာကို မြေမှာထောက်ပြီး...

'ခင်ဗျားက ကျွန်တော့်ကို မင်းသားဝင်းဦးပုံ ဖမ်းတယ်ထင်လို့လား၊ သူကသာ ကျွန်တော့်ပုံကို ခိုးချတာ'

ဟု ခပ်တည်တည် ပြောသွားပါသည်။ ဤအကြောင်းကို ကျွန်တော် ဘယ်သောအခါမှ မမေ့ပါ။ နောက်ပိုင်း ကိုဝင်းဦးနှင့် ရင်းနှီး၍ ဤအကြောင်းကို ပြောပြရာ မင်းသားကြီးက တဟားဟား ရယ်ပါတော့သည်။

'ဟုတ်တယ်ဗျ...ဟင်း...ဟင်း...ဟင်း...ဟုတ်တယ်'

ဟု သူ့အမူအရာနှင့် ပြောပါလေသည်။ ကိုဝင်းဦးက ဗိုလ်ကြီးဘဝနှင့် ဒုဗိုလ်မှူးကြီး လှမိုးတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသဖြင့် ဆရာတပည့်တွေ ဖြစ်ကြသည် ဆိုပါသည်။

၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝရောက်မှ စပို့ရှပ်ဝတ်ခြင်း ခေတ်စားလာပါသည်။ ယခင်က စပို့ရှပ်ဆိုလျှင် အဖြူရောင်သာရှိပြီး အားကစားသည့်အခါ၊ အထူးသဖြင့် တင်းနစ်၊ ဘက်မင်တန်(ကြက်တောင်ရိုက်)၊ ဟော်ကီနှင့် ဂေါက်ရိုက်သည့် အခါမျိုးတွင်သာ ဝတ်တတ်ကြသည်။ ရုပ်ရှင်မင်းသား ဝင်းဦး ပေါ်လာသောအခါ ဝင်းဦးပုံစံအတိုင်း လက်မောင်းကြီးကြီးနှင့် စပို့ရှပ်ဝတ်သည်မှာ ခေတ်စားလာ၍ လိုက်ဝတ်ကြသည်။ စပို့ရှပ်ကလည်း ရောင်စုံအဆင်ဆန်း၊ အကွက်၊ အစင်းအမျိုးမျိုးတို့နှင့် ပေါ်လာသည်။ ယောကျ်ားကလေးများကလည်း လက်မောင်းကြီးကြီးနှင့် စပို့ရှပ်ဝတ်ရန် ဝိတ်ကစားကြရသေးသည်။ ရုပ်ရှင်မင်းသား ဝင်းဦးစခဲ့သည့် စပို့ရှပ်ဖက်ရှင်သည် ယခုအထိပင် ရှိနေသေး၏။

ဒေါ်ခင်မလေးနှင့် ပတ်သက်၍ ရေးစရာများစွာ ရှိပါသည်။ ဒေါ်ခင်မလေးက သီပေါအမတ်ချုပ် ဦးမောင်မောင်ဘနှင့် ဒေါ်ခင်ဝိတောက်တို့၏ သမီးအငယ်ဆုံးဖြစ်သည်။ ဒေါ်ခင်ဝိတောက်ဆိုသူမှာ မန္တလေးမှ သူဌေး ဦးဖေ၏ သမီးဖြစ်၏။ သူက သီပေါစော်ဘွား စဝ်စောချယ်၏ ညီတော် စဝ်လူးနှင့် ပထမအိမ်ထောင်ကျသည်။ သမီးတော် စဝ်သုနန္ဒာနှင့် စဝ်အုံးညွန့်တို့ကို မွေးသည်။ စဝ်သုနန္ဒာက စဝ်စောချယ်၏ သားတော် (နောင်အခါ သီပေါစော်ဘွားဖြစ်လာသည့်) စဝ်အုံကြာနှင့် ပြန်လက်ဆက်သည်။ စဝ်အုံးညွန့်က ကျိုင်းတုံကျမိုင်းနှင့် လက်ဆက်သည်။ နောင်အခါ ကျိုင်းတုံ မဟာဒေဝီဖြစ်လာသည်။ ဒေါ်ခင်ဝိတောက်သည် စဝ်လူး မရှိသည့်နောက် သီပေါမင်းတရားလက်

www.burmeseclassic.com

www.burmeseclassic.com

ဆက် မှူးကြီးမတ်ကြီးတစ်ဦးဖြစ်သော ဩဇာဝန်းဝန်ထောက် မင်းကြီးမဟာမင်းခေါင် သမ်ယာဦးဖိုးအို၏သား မောင်မောင်ဘနှင့် ဒုတိယအိမ်ထောင်ကျပြန်သည်။ ထိုစဉ်က ဦးမောင်မောင်ဘသည် သီပေါနယ်၏ အမတ်ချုပ်ဖြစ်၏။ ဦးမောင်မောင်ဘနှင့် ဒေါ်ခင်ဝိတောက်တို့မှ ခင်မကြီးနှင့် ခင်မလေးဟူ၍ သမီးနှစ်ယောက်ကို မွေးခဲ့ခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ်မှ သီပေါနယ်ရှင် သီပေါစော်ဘွားတို့နှင့် ပတ်သက်၍ မြန်မာတို့၏ နောက်ဆုံးရှင်ဘုရင်ကလည်း သီပေါဘုရင်ဟုပင်တွင်သဖြင့် 'သီပေါ'ဆိုသည့်အမည်ကို လူသိများကြသည်။ မြန်မာ့ထီးနန်းနှင့်လည်းကောင်း၊ မြန်မာ့ထီးနန်းမှ မှူးကြီးမတ်ရာများနှင့်လည်းကောင်း ပတ်သက်ခဲ့သည်။ သီပေါဘုရင်သည် မင်းမဖြစ်ခင်က သီပေါမြို့ကို စားရသဖြင့် သီပေါဘုရင်ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။ သီပေါဘုရင်၏ မယ်တော် လောင်းရှည်မိဖုရား(မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါး)၏ ခမည်းတော် ချွန်းတောင်မြို့စား၊ မိုးနဲဗိုလ်မှူးမင်းသားသည် ချွန်းတောင်မြို့ကို မစားရသေးခင်က သီပေါမြို့စား မင်းသားဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီးက သူ၏သားတော်ကို သီပေါမြို့စား ပေးခြင်းဖြစ်၏။

သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်သည် ပါတော်မူပြီးနောက် သီပေါဘုရင်၏ အစ်မတော် ပခန်းကြီးမြို့စား စုဖုရားကြီးနှင့် လက်ဆက်ရာ ပခန်းကြီးမြို့စား စုဖုရားကြီးသည် သီပေါမဟာဒေဝီဖြစ်လာသည်။ သီပေါမင်းတရားလက်ထက်တော်က သီပေါစော်ဘွား စဝ်ခွန်ဆိုင်နှင့် ပတ်သက်၍ မပြေလည်သဖြင့် မြန်မာတပ်များ သီပေါနယ်သို့သွားရာ စဝ်ခွန်ဆိုင်သည် ရန်ကုန်သို့ ထွက်ပြေးသွားသည်ဆိုသည်။ ထို့ကြောင့် သားတော်လေး သုံးပါးဖြစ်သော စဝ်ချယ်၊ စဝ်လူးနှင့် စဝ်အိုတို့ကို ဖမ်းဆီးခဲ့သည်။ သီပေါဘုရင်က ထိုရှမ်းမင်းသားသုံးပါးကို မြို့တော်ဝန် ရွှေလှံ့တပ်မှူး ရွှေလှံ့ဗိုလ်

ခေတ်အဆက်ဆက်မှ
သူများသည်လည်း
တဖြည်းဖြည်း
ဘဝအမျိုးမျိုး
ပြောင်းသွားကြသည်
သို့သော်
အကြောင်းအမျိုးမျိုးနှင့်
ပြန်၍
ပတ်သက်ခဲ့ကြ
ဆုံစည်းခဲ့ကြရပေရာ
'ကမ္ဘာကြီးဟာ
ကျဉ်းကျဉ်းလေးနော်'
ဟု
ပြောစမှတ်ပြုကြသည်

ကို ထိန်းသိမ်းစေရာ(အချို့ကလည်း သတ်စေသည်ဆို၏။) ရွှေလှံ့ဗိုလ်က ဝှက်ထားလိုက်သည်မှာ အရှင်နှစ်ပါး ပါတော်မူသည်အထိဖြစ်သည်။ ပါတော်မူပြီးနောက် သီပေါမှ ရှမ်းမင်းသားသုံးပါးကို သီပေါသို့ ပြန်ပို့ခဲ့သည်။ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင် လွန်သောအခါ သားတော်အကြီးဆုံး စဝ်ချယ်သည် သီပေါစော်ဘွားဖြစ်လာသည်။ ကျေးဇူးရှင် ရွှေလှံ့ဗိုလ်အား ကျေးဇူးဆပ်သည့်အနေဖြင့်လည်းကောင်း၊ ရွှေဗိုလ်လှံ့၏ သားသမီးများနှင့်လည်း (ဝှက်ထားစဉ်က)ရင်းနှီးခဲ့၍လည်းကောင်း၊ ရွှေလှံ့ဗိုလ်၏သမီး ခင်ခင်တင်ကို မဟာဒေဝီ မြှောက်ခဲ့သည်။ မြန်မာ့မဟာဂီတပညာရှင်ကြီးတစ်ဦးဖြစ်လာမည့် ခင်စိန်ကြည် ဆိုသူကို ကောက်ခဲ့သဖြင့် ဒေါ်စောမြအေးကြည်ဟု ဖြစ်လာသည်။ အင်္ဂလိပ်တို့က ဆာဘွဲ့ပေး၍ သီပေါစော်ဘွားကြီး ဆာစဝ်ချယ်ဟု ဖြစ်လာသည်။

ဆာစဝ်ချယ်၏သားတော် စဝ်အုံကြာ(အင်္ဂလန်မှ အမ်အေဘွဲ့ရ)သည် သီပေါစော်ဘွားဖြစ်လာသည်။ သီပေါစော်ဘွား စဝ်အုံကြာနှင့် ဦးရိုးတော် စဝ်လူး၊ ဒေါ်ခင်ဝိတောက်တို့၏ သမီးတော် စဝ်သုနန္ဒာကို လက်ဆက်စေသဖြင့် စဝ်သုနန္ဒာသည် သီပေါမဟာဒေဝီဖြစ်လာခဲ့သည်။ သီပေါစော်ဘွား စဝ်အုံကြာကို ဆက်ခံရန် မရှိသဖြင့် တူတော် စဝ်ကြာဆိုင်က သီပေါစော်ဘွားအဖြစ် ဆက်ခံခဲ့သည်။ စဝ်ကြာဆိုင်သည် စဝ်အုံကြာ၏ ဦးလေးတော် စဝ်အို(ဂျပန်ခေတ် သီပေါစော်ဘွား)၏သားတော်ဖြစ်သည်။ စဝ်ကြာဆိုင်သည် နောက်ဆုံး သီပေါစော်ဘွားဖြစ်၏။ ၁၉၆၂ ခု တော်လှန်ရေးအစိုးရအတက်တွင် သီပေါစော်ဘွား စဝ်ကြာဆိုင် ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ သူ၏ မဟာဒေဝီ စဝ်သုစန္ဒီ(ဩစတြေးလျသူ)က ရေးခဲ့သည့် **Twilight over Burma** စာအုပ်ကို ကျွန်တော်က စောင့်ကြည့်ဂျာနယ်တွင် 'မဟာဒေဝီတစ်ပါး၏ ရာပုံတော်'အမည်ဖြင့် ဘာသာပြန်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီက သီပေါစော်ဘွားကြီး ဆာစဝ်ချယ်လက်ထက်တွင် သီပေါနယ်၊ ကျောက်မဲမြို့အနီး၌ 'စခန်းသာ'ဟုခေါ်သော နွေရာသီယော်နန်းကို ဖန်တီးခဲ့သည်။ ထိုစခန်းသာတွင် မြင်းပြိုင်ကွင်းရှိ၏။ (နောက်ပိုင်း စခန်းသာ ဟော်ကို မူးယစ်ဆေးဝါးဆေးရုံပြုစဉ်က မြင်းပြိုင်ကွင်းနေရာတွင် ဂျုံခင်းများ စိုက်ထားသည်။)

ထိုစဉ်က မန္တလေးသူဌေးသမီး ဒေါ်ခင်ဝိတောက်သည် သီပေါအမတ်ချုပ် ဦးမောင်မောင်ဘ၏ ဇနီးဖြစ်သည်။ သူနှင့် စဝ်လူးတို့မှမွေးသော စဝ်သုနန္ဒာကလည်း စဝ်အုံကြာနှင့် လက်ဆက်ထားသည်။ သို့ဖြစ်၍ သီပေါ၌ ဒေါ်ခင်ဝိတောက်သည် ထိတ်ထိတ်ကြဲဘဝတွင် ရှိနေ၏။ ကျွန်တော်၏ဖခင်မှာလည်း ရာဇဝတ်ဝန်ထောက်ဖြစ်သည်။ မြင်းလောင်း အလွန်ဝါသနာပါရာ မန်းညွန့် ဦးမောင်ကလေး(အငြိမ့်မင်းသမီး လေဘာတီမမြရင်၏ချစ်သူ)နှင့် အပေါင်းအသင်းဖြစ်သည်။ ရန်ကုန်တွင် မြင်း



www.burmeseclassic.com

www.burmeseclassic.com

လောင်း၍ မဝသေးသဖြင့် သီပေါမှ သီပေါစော်ဘွား မြင်းပြိုင်ကွင်းသို့လိုက်၍ မြင်းလောင်းခဲ့ကြသည်။ ရန်ကုန်မြင်းပွဲပိတ်လျှင် ကိုယ်ပိုင်မြင်းများကို လော်လီကားကြီးများနှင့်တင်၍ စခန်းသာသို့ ပို့ခဲ့ကြသည်။

အောက်မြန်မာနိုင်ငံမှ သီပေါစခန်းသာမြင်းပွဲသို့ မြင်းလာလောင်းသည့် အရာရှိ အရာခံ၊ သူဌေးသူကြွယ်တို့နှင့် မန္တလေးမှ အထက်တန်းလွှာတို့ကို သီပေါစော်ဘွားက ကောင်းစွာဧည့်ခံဝတ်ပြုသည်။ အဝတ်ဖျင်တဲ (Tent)များနှင့် ထားသည်ဆို၏။ မြင်းမလောင်းသည့် အချိန်များတွင် ဒေါ်ခင်ပိတောက်တို့နှင့် ဖဲရိုက်ခဲ့သည့် အကြောင်းများကို ကျွန်တော့်ဖခင်က ပြန်ပြောလေ့ရှိသည်။ သို့ကြောင့် ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် သီပေါမှ စခန်းသာမြင်းပြိုင်ကွင်းအကြောင်း၊ သီပေါစော်ဘွား အစဉ်အဆက်အကြောင်း၊ ဒေါ်ခင်ပိတောက်တို့နှင့် သမီးများအကြောင်းစသည်တို့ကို နားရည်ဝခဲ့သည်။

ကျိုင်းတုံမဟာဒေဝီဖြစ်ခဲ့၍ ကျိုင်းတုံမယ်တော်ကြီးဟု ခေါ်သော (ဒေါ်ခင်ပိတောက်၏ သမီးအငယ်) စဝ်အုံးညွန့်ကိုလည်း ဒီဘက်ခေတ်တွင်မီခဲ့ပါသည်။ ကျွန်တော့်မိခင်နှင့် အဒေါ်များနှင့် ကျိုင်းတုံမယ်တော်ကြီး စဝ်အုံးညွန့်ကို သွားတွေ့ခဲ့ရသည်များ၊ သွားကန်တော့ခဲ့ရသည်များကိုလည်း မှတ်မိနေသည်။ ထို့စဉ်ကတည်းကပင် ဒေါ်ခင်မကြီး၊ ဒေါ်ခင်မလေးတို့ကိုလည်း လူကြီးများနှင့်သိ၍ ကြားရဖူးနေပါသည်။

သို့သော် ယခုခေတ် ဒုဗိုလ်မှူးကြီး (ငြိမ်း)လှမိုးနှင့် ဒေါ်ခင်မလေးအိမ်သို့ မရောက်ဖူးပါ။ ပြည်လမ်း ၆ မိုင်ခွဲတွင် အိမ်ချင်း၊ လမ်းချင်း ကပ်နေပါသည်။ ယခု ဒေါ်ခင်မလေးနှင့် ဒုဗိုလ်မှူးကြီး (ငြိမ်း)လှမိုးတို့ ကွယ်လွန်ကြမှ ဌာနဝန်ကြီးနှင့် ပတ်သက်ပြီး သူတို့အိမ်(အသုဘအိမ်)သို့ ရောက်ရဖူးသည်။

အိမ်ထဲတွင် စဝ်အုံးညွန့်၏ နာမည်ကြီး ကမ္ဘာကျော်ပန်းချီကားကို ချိတ်ထားသောဓာတ်ပုံကို တွေ့လိုက်ရ၏။ ထိုပန်းချီကားသည် အင်္ဂလိပ်ပန်းချီဆရာတစ်ယောက်က ရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ စဝ်အုံးညွန့် အရွယ်ကောင်းစဉ် လှပစဉ်တုန်းက ဘီးဆံထုံးနှင့် ထိုင်မသိမ်းဝတ်၍ နောက်ပြန်လှည့်နေပုံ၊ လက်ထဲ၌လည်း ဆေးလိပ်နှင့်ဖြစ်သည်။ ဤပုံနှင့်ပတ်သက်၍ အသုဘအိမ်တွင် ဒုဗိုလ်မှူးကြီး(ငြိမ်း)လှမိုး၏ ဆွေမျိုး အမျိုးသမီးငယ်တစ်ဦးနှင့် စကားစပ်မိကြသည်။ ကျွန်တော်က ဤမူရင်းပန်းချီကား နိုင်ငံခြားသို့ ရောက်သွားသည်ဟု ပြောရာ၊ ယခု ပြန်ရောက်လာပြီဟုသူကပြောပါသည်။ သို့ကြောင့် ပြန်ကြည့်ချင်၍စုံစမ်းသောအခါ ဒေါ်လာ ၂ သန်းဖြင့် ဝယ်ခဲ့ရသည်ဟုသိရသည်။

ခေတ်ဟူသည်မှာ အချိန်နှင့်အမျှ ပြောင်းနေသည်။ ခေတ်အဆက်ဆက်မှ သူများသည်လည်း တဖြည်းဖြည်း ဘဝ အမျိုးမျိုး ပြောင်းသွားကြသည်။ သို့သော် အကြောင်းအမျိုးမျိုးနှင့် ပြန်၍ ပတ်သက်ခဲ့ကြ၊ ဆုံစည်းခဲ့ကြရပေရာ "ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးနော်" ဟု ထို့ကြောင့် ပြောစမှတ်ပြုကြသည် ထင်ပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်**


ဘာသာစကား သင်တန်း

## English Language Classes

**U San Lin Tun**

**B.E (Metallurgy),Y.I.T**
**M.A(Thesis),ITBMU**

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

## Chinese Language Classes

**Daw Moe Moe Lwin**

**B.A (History)**
**Dip in Chinese ( Y.U.F.L )**

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လနှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော ) တန်းခွဲသစ်ရှိသည်၊ ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ **4 skills** တတ်မြောက်စေရန် သင်ကြားပေးသည်၊

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
✆ 01 245211, 01 251850, 09 49329071, 09 250280028




www.burmeseclassic.com

www.burmeseclassic.com



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။



**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမပြဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဓါတုဗေဒ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ သရုပ်ပြများ၊ စိမ့်ခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့်ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် ဝေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရုပ်ခေါ်ရှုထောင့် - မင်းနှင်(ဖော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရှန်းသော ဘဝကောင်းဘဝမှန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သိလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျားရှမလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။



www.burmeseclassic.com

www.burmeseclassic.com


မိမိ၏ စိတ်နှလုံးအား
ညှို့ယူ၍
ပေးအပ်လိုခြင်းတည်း
ဟူသော စေတနာဖြင့်
ပြီးမြောက်စေကာ
မိမိပိုင်ဆိုင်သည့်
တစ်စုံတစ်ရာ
သို့တည်းမဟုတ် မိမိထံ၌
ပိုလျှံသော တစ်စုံတစ်ရာကို
အလှူခံပုဂ္ဂိုလ်
တစ်စုံတစ်ယောက်အား
ပေးအပ်ခြင်းအမှုကို
အလှူဟု ခေါ်ဝေါ်
တပ်လိုပါသည်။
ပစ္စည်းဥစ္စာ၊
ငွေကြေးတင်မက
စိတ်ရောကိုယ်ပါ
အသုံးချ၍
နှစ်မြှုပ်ပေးဆပ်ခြင်းဟု
ထပ်မံရည်ညွှန်းလိုပါသည်။
မြန်မာ့အဘိဓာန်၌မူ
အလှူကို
'ပေးကမ်းစွန့်လွှတ်ခြင်း' ဟု
အဓိပ္ပာယ်ဖွင့်ခဲ့ပါသည်။
ယခုအချိန်တွင်တော့
'ညောင်ရေလောက်
လှူသော်လည်း
ညောင်ပင်ကြီး
လောက်ရသည်' ဟူသော
တရားဟောပုဂ္ဂိုလ်တို့၏
တရားတို့ကို
နာကြားခွင့်ရခဲ့ချိန်သည်
တန်းတူညီမျှရေးဆိုသော
အရေးစကားတို့နှင့်
မည်သည်က
ရှေးဘောမှန်း မစစ်ကြောနိုင်ခဲ့။
ဗုဒ္ဓ၏ အလှူနှင့်
ပတ်သက်သည့်
တရားတော်များနှင့်
ဇာတ်နိပါတ်တော်လာ
ပုံပြင်များစွာကို အဘွား၏
ညအိပ်ရာဝင်ပုံပြင်များကို
နားထောင်ရင်း၊





www.burmeseclassic.com

www.burmeseclassic.com



# တတိယမြောက်အလှူ၌ နှစ်မြုပ်ခြင်း

ပုံပြင်စာအုပ်များဖတ်ရှုရင်း
ရင်နှင့်ရင်း၍
သိနားလည်ခဲ့ရသကဲ့သို့
ပင် အမေပြောလေ့ရှိသည့်
အလုပ်ရှင်၊ အလုပ်သမား
လူနှင့်လူချင်း
တန်းတူညီမျှရေးက
လည်း ကြက်သီး
မွေးညင်းထသည်
အထိ
စွဲမက်ခဲ့ရသော
အယူဝါဒများပင်
ဖြစ်လေကာ
ငယ်စဉ်ကပင်
ပို့ချတိုက်စားခဲ့သည့်
အယူဝါဒနုန်းအနည်
အနှစ်များဖြင့်
နှလုံးသား၌
'အလှူ' ဆိုသောသောင်
ထွန်းစေခဲ့ပါသည်။
သို့နှင့်ပင်
မိမိပိုင်ဆိုင်သည့်
တစ်စုံတစ်ရာ၊
သို့တည်းမဟုတ်
မိမိထံ၌
ပိုလျှံသော
တစ်စုံတစ်ရာကို
အလှူခံပုဂ္ဂိုလ်
တစ်စုံတစ်ယောက်အား
ပေးအပ်ခြင်း အမှုကို
လေးလေးစားစား
မြူမှုရင်း ဘဝကို
ဆောက်တည်ခဲ့ပါသည်။
❑
၁။
ဘဝ၌
ပြောင်းလဲခြင်းများစွာ
ဖြစ်ထွန်းပေါ်ပေါက်
လာပါသည်။
ခပ်ရိုးရိုးဆိုရသော်
ကံဇာတ်ဆရာ ဖွဲ့နွဲ့သမျှ
ကပြအသုံးတော်ခံရင်း
ဘဝကား

ရုပ်စုံစွင်း

ရသစာတမ်း
အမှတ် ၂၉၄၊ မေ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းလဲကြီး ပြောင်းလဲခဲ့ခြင်းပင်။ ဘဝကို ထိန်းချုပ်လေသည့် မူရင်းအတွင်းစိတ်သန္တာန် ပြောင်းသည်နှင့် ဘဝက တင်းခံမနေ၊ အလိုက်သင့်အလျားသင့် ပြောင်းလဲခဲ့သည်သာ။

ထိုသို့သော အချိန်များမှာပင် အလှူနှင့်ပတ်သက်သော ဝိဝါဒကွဲပြားလာခဲ့ပါသည်။

ပထမဦးစွာ အလှူဆိုသည်ကို သံသယဖြစ်ခဲ့မိခြင်းက တက္ကသိုလ်ကျောင်းသူအရွယ် အရာရာတက်ကြွစိတ်များဖြင့် လောကဓံကို ရင်ဆိုင်လိုသည့်ကာလ။ တောင်ကြီးမြို့လယ် ဓမ္မာရုံရှေ့နှင့် ရွှေညောင်-တောင်ကြီး ကားဂိတ်တို့တွင် ဆံပင်ဘုတ်သိုက်၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးများ ရှည်လျားကာ တံဆိပ်ဖြုတ်ထားသော စစ်အင်္ကျီ အဟောင်းဝတ် အဘိုးကြီးတစ်ဦးကို သတိထားမိရာမှ စတင်ပါသည်။ လက်ဖြန့်ထားလျက် သူ့ပါးစပ်မှ စကားလုံးများ မနားတမ်းထွက်ကျနေပါသည်။ ဟိုမှသည်မှ ကမ်းပေးသော ပိုက်ဆံအကြွေများကို လက်ခံရင်း ဘုရားစာ ရွတ်သံကျယ်သထက် ကျယ်လောင်လာလျှင် ကျွန်မ အံ့သြမှင်တက်ရတော့သည်။ ထိုသူကား ကျွန်မအဖေ၏ လုပ်ငန်းခွင်မှအလုပ်သမားတစ်ဦးပင်။ ကျွန်မသိသလောက် တစ်နေကုန်အရက်မူးနေတတ်သူပင်။ အရက်ဖြင့်တည်သော ဘဝ၌ မိန်းမနှင့်ကလေးများကို လုပ်ငန်းခွင်သို့ အတင်းတွန်းပို့ရုံတင်မက ညနေညနေများ၌ ဆက်ကြေးကောက်သကဲ့သို့ မိန်းမနှင့်ကလေးတို့၏ လုပ်ခများကို အတင်းအဓမ္မတောင်းခံတတ်သောကြောင့် ပတ်လည်ရိုက်ရန်ပွဲများကို အမြဲဖန်တီးတတ်သည့်သူအဖြစ် ကျွန်မ မှတ်ဉာဏ်က ပြဆိုပါသည်။ ထိုသူက ဘုရားစာ ရွတ်၍ လက်ဖြန့်လေသောအခါ ကျွန်မ စိတ်ထဲ မအီမလည်ဖြစ်ရသည့်နည်းတူ ထည့်သည့်လက်များကိုပါ ငြူစူချင်လာခဲ့ပါသည်။

ထို့နောက်ပိုင်းရက်များတွင်တော့ နုနယ်နေသေးသော နှလုံးသားနှင့်

ဆင်းရဲသည်
ပင်ပန်းသည်
စာမတတ်
သူ့အတွက်လည်း
မတွေးတတ်
ကိုယ့်အတွက်လည်း
မတွေးတတ်
ဒီနေ့
ကျော်ရဲအောင်
ကြည့်နိုင်လျှင်
ဒီနေ့အတွက်
ပြီးပြည့်စုံပေပြီ
ထို့ကြောင့်
မနက်ဖြန်ကို
မမျှော်တော့
ဒါသည်ပင်
ဘဝ

ဖြူစင်မြဲစိတ်တို့က မှောင်မိုက်သောအတွေးတို့အောက် ချာချာလည်လေတော့သည်။ ထို့အတူ အဖေ့လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်မှ လူများကိုလည်း ပိုစိတ်ဝင်စားလာခဲ့ရပါသည်။ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ လက်တစ်ဖက်အတွက် လက်တစ်ဖက်'ဟူသော 'ကိုဓ'ဥပဒေကိုကျွန်မနားလည်သလို အနက်အဓိပ္ပာယ်ဖွင့်ရင်း ထိုအဘိုးကြီးကို ကျွန်မခွင့်မလွှတ်သင့်ဟု အတွေးဝင်လာမိပါသည်။ သို့သော်လည်း ကျွန်မက ဘာတတ်နိုင်မည်နည်း။ ထိုသို့တွေးမိရင်း ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမိပါသည်။ လူအိုနှင့် ကိုယ်လက်မသန်စွမ်း

သူများအတွက် ကမ်းခဲ့သောလက်များက အဘိုးအိုများကို မြင်လျှင် လက်ကို အလျင်စလို ပြန်ရုပ်မိလာသည်။ ကျား မ ခွဲခြားဆက်ဆံခြင်း မဟုတ်သော်လည်း လောကမှာ မိသားစုကိုမေ့၍ ကိုယ့်အတ္တနှင့်ကိုယ်ရပ်တည်သူများက ယောက်ျားများသာဖြစ်ပြီး မိန်းမတွေက အဖိနှိပ်ခံတွေ၊ မိန်းမတွေ တောင်းစားသည့်ဘဝရောက်ရခြင်းက အရက်သောက်လို့ မဟုတ်ဘူး။ တစ်ကိုယ်ရေကောင်းစားမှုရှာတာ မဟုတ်ဘူးဆိုသော အတွေးက ကျွန်မကို တွန်းအားပေးပါသည်။

ထိုသို့သော ရက်များကို နှစ်ချီ၍ ဖြတ်သန်းဖြစ်ခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့သို့ ပြောင်းဖြစ်ခဲ့ပါသည်။ အဆောင်မှာနေရင်း မိဘလက်ငုတ်လက်ရင်းကို ဆက်လုပ်ဖြစ်သည်။ အဆောင်မှာနေပြီး ဆိုင်မှာထမင်းဝယ်စားဖြစ်ပါသည်။ အသားဟင်းတစ်မျိုးနှင့် အသီးအရွက်ကြော်တစ်မျိုးပါသော တစ်နပ်စာ ထမင်းအတွက် ၃၅၀ ကျပ်ခန့် ကျသင့်ပါသည်။ ၁၉၉၈ ပတ်ဝန်းကျင်။

တစ်ရက်တော့ ကျွန်မလုပ်ငန်းခွင်မှ အလုပ်သမားများကို မြစ်ငယ်လမ်းခွဲထိပ် သူတို့သောက်နေကျဆိုင်မှာ လက်ဖက်ရည်၊ မုန့်တိုက်ကျွေးဖြစ်ရာ သူတို့က 'တစ်ခု၊ တစ်ခွက်'ဟူသော ခွဲတမ်းစနစ်ကို ချပြပါသည်။ သူတို့ကိုလက်ဖက်ရည်၊ မုန့်တိုက်ကျွေးသူတွေကို လူတစ်ယောက်လျှင် 'တစ်ခု၊တစ်ခွက်'စည်းကမ်းသတ်မှတ်၍ ကျွေးမွေးတဲ့ပြန်ခြင်းပင်။ အလကားရသည်ဆိုပြီး နှစ်ခု မစား သုံးခွက်မသောက်။ တောင်ဆုပ်နီးနီး ကြီးသော အီကြာကွေးနှင့် လက်ဖက်ရည်တစ်ခွက်၊ လူ ၇ ယောက်အတွက် ၇ ခု၊ ၇ ခွက် အားလုံးပေါင်းရှင်းတော့ ၃၅၀ ကျသည်။ ထိုအချိန်က ရင်နာရခြင်းက ပကတိဖြူစင်စိတ်နှင့်ပင်။ 'ကိုဓ'ဥပဒေ မပါဝင်သည့် ဖြူစင်သော အတွေးနှင့် ရင်နာခဲ့ရပါသည်။ တစ်ယောက်တည်းစားသည့် ထမင်းက ၃၅၀၊ လူ ၇ ယောက်အတွက်ကလည်း ၃၅၀။ ရယ်ရယ်မောမော ပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com

နောက်နောက်ဖြင့် အားရဝမ်းသာစားနေသည့် သူတို့ပုံရိပ်များကို မြင်ယောင်လျှင် မျိုမိသည့်ထမင်း လည်ချောင်းအောက် မဆင်းချင်တော့။

ထို့နောက်ပိုင်း 'ကိုစ ဥပဒေ'ကိုမေ့ကာ ဘဝကိုအရိုးရှင်းဆုံး ပြန်လည်တွေးခေါ်ဖြစ်ခဲ့ပြန်ပါသည်။ ဆင်းရဲသည်၊ ပင်ပန်းသည်၊ စာမတတ်၊ သူ့အတွက်လည်း မတွေးတတ်၊ ကိုယ့်အတွက်လည်း မတွေးတတ်၊ ဒီနေ့ ကျော်ရဲအောင် ကြည့်နိုင်လျှင် ဒီနေ့အတွက်ပြီးပြည့်စုံပေပြီ။ ထို့ကြောင့် မနက်ဖြန်ကို မမျှော်တော့။ ဒါသည်ပင် ဘဝ။ သူတို့ဘဝ သူတို့ကျေနပ်မှုကို ကျွန်မက အလေးအပေါ့ ဘာကြောင့်မြည်းကြည့်ရမည်နည်း။ အရှုံးအနိုင် ဘာကြောင့်တွက်ချက်ရမည်နည်း။ လက်ငင်းဒိဋ္ဌ မျက်စိအောက်က အဖြစ်ကိုပဲ တွေးဖို့ရန် ဘဝက စာသင်ပေးခဲ့လေပြီ။

သို့နှင့်ပင် လက်ဖက်ရည်တိုက်ခြင်း၊ ဆန်ဝေခြင်း၊ စာရေးကိရိယာလှူခြင်း၊ ကျောင်းထားပေးခြင်း၊ အဝတ်အစားများကို ရင်းနှီးသူများထံမှ အလှူခံ၍ ပြန်လည်မျှဝေခြင်းမှအစ အလုပ်သမားမိန်းမများကို ဒစ်ပိုထိုးပေးခြင်းများအထိ စိတ်ကူးတည့်ရာလုပ်ရင်း ဘဝကို ရှင်သန်ခဲ့ပြန်ပါသည်။

❑

၃။

အိမ်ထောင်ကျပြီး ပထမဦးဆုံးကြုံတွေ့ရလေသည့် မိုးတွင်းတွင် ကျွန်မတို့ အလုပ်သမားများ ပြင်းပြင်းထန်ထန် ငှက်ဖျားဖြစ်ပါသည်။ ကျွန်မ၏ စပ်စပ်စုစုမေးခွန်းမှန်သမျှ ဖြေလေ့ရှိသည့် လူရင်းတစ်ယောက် ကျွန်မထံ ဆေးလာတောင်းပါသည်။ ချမ်းတုန်နေသည့် ထိုသူက အကျီပါးလေးနှင့်။ သူ့မှာ အနွေးထည်မရှိဟု ပြန်ဖြေလျှင် ကျွန်မ မျက်လုံးထဲ အမျိုးသား၏ သေတ္တာထဲမှ လယ်သာဂျာကင်ကြီးကို သွားမြင်ပါသည်။ သူ့ဆရာနိုင်ငံခြားမှ ပါလာသည့် လက်ဆောင်အဖြစ် သူက အမြတ်တနိုးတန်ဖိုးထားသော်လည်း ရခါစ မိန်းမ

> ကိုယ့်ကိုယ်ကို
> အလန့်တကြား
> ပြန်လည်
> သုံးသပ်မိချိန်တွင်
> တရေးရေး
> ပေါ်လာသည်က
> ကျွန်မ၏
> အလှူဒါနတို့မှာ
> ကမ္ဘည်းမရှိ
> အလှူမှတ်တမ်းမရှိ
> သတင်းကြော်ငြာမရှိ
> ဝင်သက်ထွက်သက်တိုင်း
> တစိမ့်စိမ့်
> ကြည်နူးရသည့်
> ပီတိများသာ
> ရှိပါသည်

အသစ်ကလေး ကျွန်မက သူ့မြတ်နိုးမှုကို မမြင်၊ ချမ်းတုန်နေသူကိုသာ မြင်ပြီး သေတ္တာထဲမှ ထုတ်ယူပေးလိုက်ပါသည်။ အမျိုးသားမှာ အနွေးထည်တွေ အများကြီးရှိနေတာ ဘာလုပ်ဖို့လဲ။ လူတစ်ယောက်က တစ်ချိန်တည်းမှာ အနွေးထည် ဘယ်နှထည် ဝတ်နိုင်မှာမို့လို့လဲဟု ဆင်ခြေကန်ကာ အမျိုးသား၏ မြတ်နိုးမှုတန်ဖိုးကို အသုံးချတန်ဖိုးနှင့် လဲလှယ်ခဲ့ဖူးပါသည်။ သူ့ပုဆိုး အထည် ၄၀ လောက် ပုံထပ်ထားသည်ကို အသည်းယားကာ အလုပ်သမားများအား ပေးပစ်ခြင်းအမှုနှင့် သားရေဂျာကင်အမှု နှစ်ခုပေါင်းကာ အမေ့ဆီရောက်တော့ အမေက ရင်ဘတ်စည်တီး ဖြစ်ရလေသည်။ အိမ်ထောင်သည်ဆိုတာ အစချီသည့်စကားရှည်ကြီးကို နားထောင်နေသော်လည်း နားမယောင်နိုင်ဘဲ ကျွန်မ လုပ်ရပ်အတွက် ကြည်နူးချမ်းမြေ့ခဲ့ဖူးသည်။

တစ်ခါတစ်ခါတော့လည်း သဒ္ဓါတည်းဟူသော အကြောင်းပြချက်တစ်မျိုးတည်းဖြင့် အလှူတစ်ခုကို ပြုမိခဲ့လျှင် ကျွန်မ၏ အစ်မက 'အေး၊ နင်လှူနေတဲ့သူတွေက နင့်ထက် ချမ်းသာတယ်'ဟု သြဘာပေးတတ်ပြန်ပါသည်။

❑

၄။

ကျွန်မ ပတ်ဝန်းကျင်ဆိုသည်က မြင့်သူကော၊ နိမ့်သူများပါ ပေါင်းစပ်ပါဝင်နေသည့် လူမှုအဖွဲ့အစည်းဖြစ်လေရာ မိတ်ဆွေ၏ ဒုက္ခသည် ကျွန်မ၏ ဒုက္ခဖြစ်သကဲ့သို့ ကျွန်မ၏ ဒုက္ခများက မိတ်ဆွေများထံ စီးမျောပါသွားမြဲ။ သူ့အမှု၊ ကိုယ့်အမှု အပြန်အလှန်တွယ်ငြိရင်း ထူထောင်ကြသည့်ကာလမှာ ကျွန်မ၏ လှူဒါန်းလိုခြင်း စေတနာလေးက မီးတောင်ရှင်ဖြစ်ခဲ့ပါသည်။

ကလေးနှစ်ယောက်ပိုင်ရှင် အိမ်ထောင်သည်ကြီးဖြစ်လာလေတော့ အမေက ခဏခဏ သတိပေးပါသည်။ ကလေးတို့ရှေ့ရေးအတွက် စုရန်၊ ဆောင်းရန်၊ လိမ္မာရန်တို့က အပ်ကြောင်းထပ်ခါတ်ပြားတစ်ချပ်လို ဖြစ်ခဲ့ရပြီ။ 'ညည်းကတော့ ဟောရင်းသာ ပျံတော်မူမယ်ဆိုတာလိုပဲ အဲဒီလောက်ပေးချင်နေတာ ညည်းယောကျ်ားနဲ့ညည်းသားနှစ်ယောက်ပါ ပေးပစ်လိုက်ပါလား'ဟု အငေါ်တူးဖူးလေ၏။

သို့သော်လည်း ကျွန်မရင်ထဲမှာ အရိုးစွဲယုံကြည်နေသည်က 'ကိုယ့်ခွဲတမ်း၊ ကိုယ့်ရပိုင်ခွင့်ထဲမှ သဒ္ဓါဖြင့်လှူခြင်း၊ မိမိပိုင်ပစ္စည်းကို ပိုလျှံ၍လှူခြင်းမည်သို့သော အလှူပင်ဖြစ်စေ လိုအပ်သူတို့အတွက် ဖြစ်ရမည်'ဟူသည်ပင်။ သားတို့၏ အနာဂတ်ဆိုသည်က ချက်



www.burmeseclassic.com

www.burmeseclassic.com

ချင်းရောက်မည့်အရာမဟုတ်။ ချက်ချင်း ဒုက္ခရောက်နိုင်သည့် အမှုကိစ္စတို့ကြား ဗျာများရင်း မျက်စိကိုဖွင့် နားကိုစွင့်ခဲ့ ပါသည်။ အလုပ်ကို နှစ်ဆတိုးလုပ်ပြီး အပင်ပန်းခံနိုင်အောင် အားမွေးခဲ့ပါ သည်။

သို့သော်…

❑

၅။

တစ်ခါတစ်ရံတော့လည်း ငယ်စဉ် က ပြောခဲ့ဖူးသည့်'အလျားအနံ မရှိပေ မဲ့ အသွားအပြန်တော့ ရှိပါတယ်'ဆိုသော စကားကို ကြားယောင်မိပါသည်။ ပြောင်ခြင်း၊ နောက်ခြင်းမဟုတ်ဘဲ တကယ်ဆိုလျှင် မည်မျှကောင်းမည် နည်း။ ကောင်းတာလုပ်လျှင် ကောင်း တာဖြစ်ဖို့ မျှော်မှန်းခြင်းဆိုသည်က စိတ် ကူးယဉ်လုပ်ရပ်မှန်း ကျွန်မသိခဲ့ရပေပြီ။

ကျွန်မတို့လောကကြီးသည် ရှေး ဘဝက်၊ နောက်ဘဝက်များဖြင့် ချိတ် ဆက်တည်ဆောက်ကာ ယခုပြုသော ကောင်းမှုကုသိုလ်သည် လမ်းခွဲတစ်ခု အတွင်း ချိုးကွေ့ဝင်ရောက်၍ ကိုယ် ယောင်ဖျောက်တတ်လေမှန်း ရိပ်မိခဲ့ရ ချိန်တွင် လူ့သက်တမ်းကိုတစ်ဝက်နင်းမိ ချိန်ဖြစ်ပါသည်။ သို့ဆိုလျှင် ကောင်းမှု ကိုမှန်း၍၊ နတ်ဘုံကိုမှန်း၍ လှူဒါန်းခဲ့ ခြင်းပင်လော။ ကိုယ့်ကိုယ်ကို အလန့် တကြားပြန်လည်သုံးသပ်မိချိန်တွင် တရေးရေးပေါ်လာသည်က ကျွန်မ၏ အလှူဒါနတို့မှာ ကမ္ဘည်းမရှိ၊ အလှူ မှတ်တမ်းမရှိ၊ သတင်းကြော်ငြာမရှိ။ ဝင် သက်ထွက်သက်တိုင်း တစိမ့်စိမ့်ကြည်နူး ရသည့် ပီတိ များသာရှိပါသည်။ မိမိ လှူဒါန်းသည့်တစ်စုံတစ်ရာဖြင့် တစ်ပါး သူအဆင်ပြေရေး၊ လုံခြုံနွေးထွေးရေး သည် ကျွန်မအတွက် မိုးပေါ်က ကျလာ သည့်ပီတိများပင်။ တဖွဲဖွဲကျနေမည့် ပီ တိနှင့် ရှင်သန်ရခြင်းသည် နောင်ဘဝ၊ နတ်ပြည်ဘဝများကို မြော်မြင်ရသည် ထက် ပိုသာကောင်းမွန်မှန်း လေးလေး နက်နက် ယုံကြည်ခဲ့မိပေသည်။ ထို့အတူ ပင် 'ဘယာ'ဖြင့် ပေးအပ်ခြင်းနှင့် 'သဒ္ဓါ'ဖြင့် လှူဒါန်းခြင်း၏ ကွဲပြား ချက်ကို သတိမူမိကာ အလှူ၏တန်ဖိုး စစ်စစ်ကို ကိုယ်တိုင်ပိုင်းဖြတ်ရသကဲ့သို့ ရှိချေ၏။

❑

၆။

သို့သော်…။

ကျွန်မကား သွေးသားဒြပ်ထုနှင့် ဖွဲ့စည်းထားလေသည့် သာမန်ပုထုဇဉ် သာဖြစ်လေရာ တိုက်ပါများ၍ နုံ့လေ သောကျောက်တုံးကျောက်စိုင်နှယ် ကျွန်မ စိတ်ကို ကျွန်မ မထိန်းနိုင်ခဲ့။

မာကျောပြတ်သားသည့် နဂို စိတ်ရင်းအခံနှင့်ပေါင်းလေလျှင် ထို အလှူဆိုသောအရာကို သံသယဝင် လာခဲ့ပေပြီ။

လှူခြင်းတန်းခြင်း၊ ကူညီခြင်းဆို သည်က ကိုယ့်စိတ်ကိုယ်ပြတ်သား တတ်ဖို့ အရေးအကြီးဆုံးမှန်း သိခဲ့ရပြီ။ ချစ်ခင်ခြင်းဖြင့်လည်းကောင်း၊ လေးစား ခြင်းဖြင့်လည်းကောင်း၊ သနားခြင်းဖြင့် လည်းကောင်း၊ စာနာညှာတာခြင်းဖြင့် လည်းကောင်း လစ်လျူမရှုနိုင်သော စိတ်အရင်းခံဖြင့် ကူညီခဲ့ခြင်းအမှုတို့ သည် အပျက်သဘောကိုဆောင်ကာ နာကြည်းဖွယ် ရင်ကွဲနာကို ဆောင်ယူခဲ့ ကြပေသည်။ လုပ်ရက်လေခြင်းဟူ သော အတွေးသည် သံသယကိုဖွဲ့တည် စေကာ ပူလောင်ခဲ့ရချေပြီ။

❑

၇။

အခါတစ်ပါး၌ ကူညီခြင်း၊ စောင့်ရှောက်ခြင်းများဖြင့် လက်လွယ် သည့် ကျွန်မအပေါ်း လခစားဝန်ထမ်း တစ်ဦးရှိခဲ့ပါသည်။ ထိုသူနှင့်တရားရုံး တစ်ခုအတွင်း ကျွန်မက တရားလို၊ သူက တရားခံ၊ ပုဒ်မ ၄၂၀ ဖြင့် ပြန် လည်တွေ့ဆုံဖြစ်ခဲ့ပါသည်။ ရုံးချိန်း အတွင်းအာမခံဖြင့် ရင်ဆိုင်နေသောသူနှင့် မျက်နှာချင်းဆိုင်ဆုံမိလျှင် ယခင့်ယခင် အချိန်များက အလုပ်ခွင်အတွင်း အတူ တူတိုက်ပွဲဝင်ခဲ့ကြသည့် သံယောဇဉ် တရားတို့ကိုပြန်မြင်ယောင်မိပါသည်။ သူကား တရားရုံးလိုနေရာရောက်သည် အထိ ကျွန်မ၏ စေတနာတို့ကို စော် ကားခဲ့ချေ၏။ ထို့အတူပင် စကားပြော တတ်သူတို့ စကားဖြင့် စော်ကားခြင်း အမှုကို ပြုတတ်ကြသလို၊ စာတတ်သူ က စာဖြင့်စော်ကားလေ၏။ လောက ပါလတရားရုံး၌ ကျွန်မ၏ ရင်ကွဲမျက် ရည်များ ပြည့်လျှံနေပေရော့မည်။ ထို ထိုသောအဖြစ်အပျက်များကို စဉ်းစား ဆင်ခြင်းရင်းအတွေးတစ်ခု ကျွန်မရင်၌ ဖြစ်တည်လာပါသည်။

အလှူနှင့်ပတ်သက်လျှင် 'ပုဗ္ဗ၊ မုဥ္စ၊ ပရ'တည်းဟူသော'မလှူခင်၊ လှူ ဆဲ၊ လှူပြီး'စေတနာသုံးတန်ကြောင်း ငယ်စဉ်ကပင် ကြားနာရဖူးသော်လည်း စိတ်နှလုံး၌ အလေးဂရုမမူမိခဲ့။ စိတ်၏ ကြည်နူးမှု အကြည်ဓာတ်ဖြင့် ကိုယ်တိုင် ကျေနပ်နေခဲ့ရကား မည်သည့်အရာမှု တိုး မပေါက်သည့်နှယ်ပင်။

ကျွန်မသည် မျက်စိအောက် တွေ့ မြင်ရလေသော အဖြစ်အပျက်များ၊ စိတ် နှလုံးညွတ်နူးမှု သဒ္ဓါအဟုန်များ၏ တိုက်တွန်းစေဆော်မှုဖြင့် မလှူခင်ကပင် စေတနာရှိခဲ့ပေသည်။ ထို ပုဗ္ဗစေတနာ အကြည်ဓာတ်ကိန်းဝပ်၍ မုဥ္စတည်းဟူ သော လှူဆဲအမှုကို ပြုဖြစ်ခဲ့ပြန်သည်။ သို့သော်လည်း အလှူ၌ပျော်ဝင်၍ တစိမ့် စိမ့်ကြည်နူးနိုင်မည့်'ပရ' တည်းဟူသော စေတနာပျောက်ကွယ်ချို့ယွင်း ပျက် သုဉ်းခဲ့လေပြီ။ မည်သည့်တုံ့ပြန် မှုကိုမှ မမျှော်မှန်းခဲ့လေသည့် ကျွန်မ၏ စိတ် အကြည်ဓာတ်ကလေးကား ပျောက်ဆုံး ခဲ့ချေပြီ။ အလှူ၌ ပျော်ဝင်သောပီတိကို လည်းကောင်း၊ ကြည်နူးမှုဟူသည်ကို လည်းကောင်း မယုံကြည်၊ မသက်ဝင် နိုင်တော့။ ကျွန်မကား ပုထုဇဉ်ပီပီ သာမန်အတွေး၊ သာမန်စိတ်ထားတို့ကို မလွန်ဆန်နိုင်ရလေကား နှလုံးသား၌ အမိုက်မှောင်ကြီး ဖုံးလွှမ်းခဲ့ချေပြီ။

ကျွန်မသည် တတိယမြောက် အလှူ၌ နစ်မြုပ်ခဲ့ရလေပြီ။

■


**အဖြူရောင်ရွှေ**

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

TEXT RIVER PUBLISHING HOUSE

## စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ





- ...အရှင်ဝိဇိရိယ[တောင်စွန်း]
  ...သွေးစည်းမှုအောင်ပွဲနှင့်အာဇာနည်တို့လာရာလမ်း
- ...သဿန)
  ...ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
  ...etics and Philosophy of Art Criticism
  by JEROME STOLNITZ
- ...
  ...ဂတ်ကာလ မပွင့်သေးသောဘုရားများအား
  ...သင့်မသင့်နှင့်ဘာသာရေးဖြတ်ထုံးများ
- ...(ဝန်ကြီးဟောင်း)
  ...ကျောင်းပျောက်စေဆရာကြီး ရုပ်စပြုတင်
- ...ကြီးဦးတင့်ဆွေ
  ...ရစီစိတ်ထား
- ...(စမ်းချောင်း)
  ...မ်းလက်ဆောင်ကမ်း Message to Teen
- ...ဂံ
  ...နက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖွယ်ဝတ္ထုတိုများ
- ...ဦးကျော်လွင်
  ...ည်ကျေးမှုဆိုင်ရာ အဓမ္မနှစ်ရာ အဖြေနှစ်ထောင်
- ...ကြိုကုန်း
  ...ကြီးကတောင်ကန်မြောက်ကန်
- ...ညီမောင်မောင်
  ...တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
  ...တွေ့မှတ်တမ်း
- ...(လက်ာသာရ)
  ...ကန့်နှင့် သီဟိုဠ်မွေ့ဝတ္ထုတိုများ
- ...ကြိုကုန်း)
  ...ဦးရင်စက်မယ်
- ...
  ...ကျောင်းရေးတစ်ကြောင်းခြစ်
- ...(စမ်းချောင်း)
  ...ကျော်တို့ ဆုံးဖြတ်ရမည့်
  ...ကြီးဆုံးအချက်(၆)ချက်

- တင်မိုး
  ဝိတောက်မှ သရဖီသို့
- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ
- ဒေါက်တာအရှင်သာမိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့်
  ဘာသာရေးအတွေးဆောင်းပါးများ
- နတ်စည်(ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ
  ကာရိုက်တာပြပွဲ
- သာထက်အောင်
  တွေးမိသမျှ ပေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့်အတွေ့အကြုံ
- ဓမ္မဘောဂီအရှင်ဝီရိယ(တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော
  သာမဏေနှင့် သံဃာ့ကျေးဇူး



- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ
  ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဓာတ်လမ်း

### ယခုထွက်ရှိသည့် စာအုပ်များ

- မောင်သိဒ်
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်
  အကျိုးအာနိသင်များ
- ဝဏ္ဏသိရိ
  ချုပ်ရာငြိမ်းရာ
- နှစ်ဖက်လှဦးကျော်လွင်
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက်





စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး-စာနဒီစာအုပ်တိုက်၊ အမှတ်-၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ...မြို့
ဖုန်း-၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်အတွင်းက ရွှေအမြုတေမဂ္ဂဇင်းတွင် ကျွန်တော်၏ ဝတ္ထုတိုသုံးပုဒ် ဖော်ပြခဲ့ပါသည်။ ဖတ်ရှုသူတို့ထံမှ ဆွေးနွေးစာအချို့ရပါသည်။ **ငြိမ်းချမ်းသာယာမှုတို့၏ နိဒါန်းနှင့် နိဂုံး** ဝတ္ထုတိုနှင့်ပတ်သက်၍သော် စာဖတ်သူတစ်ဦးထံမှ ပေးစာတစ်စောင်တွင် 'ဆရာ့ဝတ္ထုတိုကို ဆောင်းပါးဟု သတ်မှတ်သူများရှိပါသည်' ဟု ပါရှိခဲ့သည်။ အဖတ်မှားလို့ ထင်ပါရဲ့ဟုသာ သဘောထားခဲ့မိပါသည်။ (ထိုဝတ္ထုမှာ - Omniscient point of view မှရေးထားသော အရေးအသားတစ်ခုဖြစ်လေရာ အဘယ့်ကြောင့် ဆောင်းပါးတစ်ခုဟု မြင်သည်မှာ သို့မဟုတ် လက်ခံမှတ်ယူသည်ဆိုသည်မှာ စဉ်းစားရန်ပင် မလွယ်လှသော အချက်တစ်ခုသာဖြစ်သည်ဟု ထင်မိသည်။) ထို့နောက် တစ်လခန့်ကြာသောအခါ ဦးဝင်းငြိမ်းနှင့် အီးမေး(လ)အားဖြင့် အဆက်အသွယ် ပြုနေစဉ် ဦးဝင်းငြိမ်း၏ အီးမေး(လ)၌ ထိုဝတ္ထုကို ဆောင်းပါး သို့မဟုတ် အက်ဆေးအဖြစ် သဘောထားကြကြောင်း ကြားသိရပြန်သည်။ ဦးဝင်းငြိမ်းအား ရှင်းလင်းပြလိုက်သည်တွင် ဦးဝင်းငြိမ်းက ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးသားရန်အကြံပေးပါသည်။ ကျွန်တော့်တွင်လည်း ရေးချင်သော အကြောင်းအရာရှိနေလေရာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတော့သည်။ ဆက်စပ်နေသောကြောင့် ကျွန်တော်မြင်မိသော မြန်မာဝတ္ထုတို၏ အနေအထားကိုလည်း ခရီးသွားဟန်လွှဲ တင်ပြချင် ပါသည်။ ယှဉ်တွဲလေ့လာမိသရွေ့ အကြမ်းထည်မျှသာ ဖြစ်ပါသည်။ လက်ခံကြရန်၊ သဘောတူကြရန် မဟုတ်ပါ။ ဆင်ခြင် ကြည့်နိုင်ရန်သာ ဖြစ်ပါသည်။ ရှေးဦးစွာ ဆောင်းပါး Article ဟူသော အကြောင်းကို ကျွန်တော် နားလည်သရွေ့ တင်ပြချင်ပါသည်။ ကျွန်တော် နားလည်သရွေ့ဟု စကားခံရသည်မှာ ကျွန်တော် နားလည်သရွေ့မျှသာ ဖြစ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မည်မထင်ပါ။ အကြောင်း ကြောင်းကြောင့် ၁၉၈၈ ခုနှစ်က ဂျာနယ်လစ်ဇင် ဟူသော ပညာရပ်ကို ၉ လခန့် လေ့လာဆည်းပူးခဲ့ရပါသည်။ ကျွန်တော် လေ့လာနေသောပညာရပ်နှင့် ဆက်စပ်နေသောကြောင့် လေ့လာ ခဲ့ရခြင်းသာဖြစ်ပါသည်။ သင်ရိုးအရ သိခဲ့ရသော အစဉ်အလာလက်ခံပုံ ဖြစ်သည်။ ဆောင်းပါးဟု မြန်မာလို






www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးရေးသားသူသည်
သူရေးသားသည်မှာ
အကြောင်းအရာ
အချက်အလက်တစ်ခု သို့မဟုတ်
အများအကြောင်းကို
ရေးသားခြင်းဖြစ်ပြီး
ရေးသားရာတွင်
အကြောင်းအရာ
အချက်အလက်များတွင်
အခြေခံ၍ ရေးသားခြင်းဖြစ်ပါသည်
ထိုအကြောင်းအရာ
အချက်အလက်များသည်
ကိုယ်တွေ့ဖြစ်ရမည်ဟု မဆိုလို



ခေါ်သော Article အကြောင်း အထိုက်လျောက်သိလာခဲ့ရပါသည်။ ဆောင်းပါးသည် အကြောင်းအရာ၊ အချက်အလက်တွင် အခြေခံပါသည်။ အကြောင်းအရာ အချက်အလက်ဆိုသည်မှာ Fact, Factual ကို ဆိုလိုပါသည်။ ဆောင်းပါးရေးသားသူသည် သူရေးသားသည်မှာအကြောင်းအရာ၊ အချက်အလက်တစ်ခု သို့မဟုတ် အများအကြောင်းကိုရေးသားခြင်းဖြစ်ပြီး၊ ရေးသားရာတွင် အကြောင်းအရာ၊ အချက်အလက်များတွင် အခြေခံ၍ ရေးသားခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရာအချက်အလက်များသည် ကိုယ်တွေ့ဖြစ်ရမည်ဟု မဆိုလို။ သို့ရာတွင် ရေးသားသူ သိရှိထားသော အကြောင်းအရာများတွင် အခြေခံရပါမည်။ တစ်ကြောင်းကြောင်းကြောင့် တစ်ဦးတစ်ယောက်က စာဒကတက်သော်ပြဆိုရန် အထောက်အထားရှိရပါမည်။ ဝင်ဒါမီယာထဲက ကျွန်တော့်ကြီးတော်ကြီးပြောလို့ဟူသော ဆင်ခြေမျိုးဖြင့်ရေးသား၍ မဖြစ်ပါ။ ဤနေရာတွင် ထည့်ပြောရန် အချက်တစ်ချက်ရှိနေပါသည်။ ၎င်းမှာ 'အချက်အလက်ကို အခြေခံ၍ရေးသားရခြင်း ဖြစ်လေသော် ဆောင်းပါးရေးသားခြင်းနှင့် သတင်းရေးသားခြင်းမှာ အတူတူပဲလား' ဟူသော မေးခွန်းဖြစ်သည်။ ဆောင်းပါးရေးသားခြင်းနှင့် သတင်းရေးသားခြင်းတို့၏အကြားမှ အဓိကကွာခြားမှုတစ်ရပ်မှာ သတင်းရေးသားခြင်းတွင် ဆောင်းပါးရေးသားခြင်းကဲ့သို့ ရေးသားသူ၏အမြင်ကို လုံးဝထည့်သွင်းရေးသားခြင်း မပြုနိုင်ခြင်းပင်ဖြစ်သည်။ သတင်းတွင် သတင်းရေးသားသူ၏ အာဘော်များ၊ မှန်းဆချက်များ၊ ဖြစ်ခဲ့ခြင်း၏အတိုင်းအတာကိုကျော်လွန်နေသည့်အတိုင်းအတာများကို မရေးသားနိုင်။ ဆိုလိုသည်မှာ သတင်းရေးသူ၏ အာဘော် မထည့်နိုင်ခြင်းဖြစ်သည်။ သတင်းတစ်ခုဖြစ်လာခြင်းမှာ သတင်းယူသူ၏ ဖန်တီးချက်မဟုတ်။ ဥပမာ မီးလောင်မှုတစ်ခုတွင် သတင်းရေးသူက 'ဤသို့ မီးမလောင်သင့်၊ ထိုသို့ မီးလောင်သင့်သည်' ဟု မဆိုနိုင်။ ထို့ကြောင့်ပင် သတင်းများကို ဖော်ပြသော သတင်းစာသို့မဟုတ် ဂျာနယ်များတွင် အယ်ဒီတာက ခြုံငုံကာ အယ်ဒီတာ့အာဘော်ဟုရေးသားဖော်ပြထားရခြင်းဖြစ်လေသည်။ သတင်းဆောင်းပါးတွင်မူ ရေးသားသူ၏ အာဘော်၊ သုံးသပ်ချက်များ ထည့်သွင်းနိုင်လေသည်။ သတင်းတစ်ရပ် သို့မဟုတ် အကြောင်းတစ်ရပ်ကို တည်မှီကာ ဝတ္ထုရေးခြင်းမှာ သတင်း၊ ဆောင်းပါးရေးခြင်း မဟုတ်ပါ။ သီးခြား မျိုးတူစုအောက်တွင်ဖြစ်ပါသည်။ ပို့စ်မော်ဒန်ကာလတွင် စံတစ်ခုအဖြစ် လက်ခံထားကြရသော In Cold Blood မျိုးမှာဂျာနယ်လစ်ဇင်နှင့် ဝတ္ထုရေးသားခြင်း တို့အကြားမှ နယ်နိမိတ်ကို ဝေဝါးသွားစေခဲ့သောအရေး အသားမျိုးဖြစ်သည်။ အချက်အလက်တွင် အခြေခံရေးသောဝတ္ထုမျိုးဖြစ်၍ အချို့က Fiction ဟူ၍ပင် ခေါ်ဆိုကြသည်။

ဆောင်းပါးများတွင် သီးခြားမျိုးတူစုများ ထပ်၍ ခွဲခြားတတ်ကြသည်။ ဥပမာ ပညာရပ်ဆိုင်ရာဆောင်းပါး၊ သတင်းဆောင်းပါး…စသည်ဖြင့်ဖြစ်သည်။ ၎င်းတို့အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံကာ မျိုးတူစုများ ခွဲတတ်ကြသေးသည်။ ခွဲရသည်မှာ ရေးသားထားသော အကြောင်းအရာနှင့် ရေးသားပုံကိုလိုက်၍ ဖြစ်သည်။ ပညာရပ်ဆိုင်ရာဆောင်းပါးသည် ပညာရပ်ဆိုင်ရာ စာတမ်းကဲ့သို့ အသေးစိတ် မဖော်ထုတ်တတ်ကြ။ ပညာရပ်၊ ဘာသာရပ်တစ်ခုနှင့် ဆက်နွှယ်နေသော်လည်း သာမန် စာဖတ် ပရိသတ်အကြားထဲသို့ ပျံ့နှံ့စေလိုသည့် အရေးအသားများသာ ဖြစ်သည်။ ပညာရပ်ဆိုင်ရာ စာတမ်းများမှာမူ အရေးအသား တစ်ခုအောက်တွင် ခိုင်ခိုင်မာမာရေးကြရသော အရေးအသား မျိုးဖြစ်သည်။ သာမန် စာဖတ်ပရိသတ်အတွက် ဦးတည်ထား သည် မဟုတ်။ ရေးသားထားသော ပညာရပ်၊ ဘာသာရပ်ကို ကျွမ်းကျင်သည့်လူများအတွက် ဦးတည်ရေးသားထားသဖြင့် ရေးသားထားသော အဆိုများသာမက အညွှန်းများ၊ အကိုးများ မှာ ခိုင်မာရန်လိုအပ်လေသည်။ ရှေ့တွင် ဖော်ပြထားသည်ကဲ့သို့ 'ကျွန်တော့်ကြီးတော်ကြီးက ပြောလို့'၊ သို့မဟုတ် 'ဦး… ဘယ်သူက ပြောတာပဲ'ဆိုသော အညွှန်း၊ အကိုးမျိုးဖြင့် မရေး သားနိုင်။ ရေးသားခဲ့လေသော် အဖိုးစာထက်မပို။ သာမန် စာဖတ်သူများကို ဟိတ်ဟန်ထုတ်ကာ ဖြီးပြနေသော အရေး အသားမျိုးဖြစ်ပေမည်။ ထိုအရေးအသားမျိုးကို ပညာရှင်များ ရှေ့၌ ဖတ်ပြလေသော် နောက်ကွယ်၌ ကျိတ်ကာရယ်ကြရရုံ ဖြစ်သည်။ သို့ရာတွင် ထိုအရေးအသားမျိုးကို မဂ္ဂဇင်း၊ ဂျာနယ် တွင် ဖော်ပြနိုင်သည်။ အကြောင်းမှာ ထိုအရေးအသားမျိုးသည် သာမန်ဆောင်းပါး တစ်ပုဒ်ထက် မပိုနိုင်သောကြောင့် ဖြစ်၏။ ထို့ပြင် ပညာရပ်ဆိုင်ရာ စာတမ်းနှင့် ပညာရပ်ဆိုင်ရာ ဆောင်း ပါးအကြားတွင်ပင် ကွဲပြားမှုများ ရှိနေသေးသည်။ အဓိက အချက်တစ်ခုမှာ ဘာသာစကားဆိုင်ရာ အသုံးအနှုန်းများပင် ဖြစ်သည်။ သာမန်ပညာရပ်ဆိုင်ရာ ဆောင်းပါးတစ်ပုဒ်တွင် သာဘာစကား အသုံးအနှုန်းများမှာ ပိုမိုလွယ်ကူသည်။ လွယ် ကူရသည်မှာ ဖတ်သူတို့၏အနေအထားတွင် တည်ကာ ရေး သားထားရသောကြောင့်ဖြစ်၏။ ပိုမိုတိုးတက် ဖွံ့ဖြိုးသောအရပ် များတွင် ပညာရပ်ဆိုင်ရာ စာတမ်းများအတွက် 'တည်းသူ များ'သီးခြားရှိကြလေသည်။ ထိုသူတို့က ဘာသာစကားအသုံး အနှုန်းသာမက ပညာရပ်ဆိုင်ရာ စာတမ်းတစ်ပုဒ်ဖြစ်လာစေ ရန် ပုံစံ၊ ဟန်၊ အထားအသို… စသည်တို့ကိုပါ ပြောင်းပေး နိုင်ကြလေသည်။

**အက်ဆေးမှာ အကြောင်းအရာ၊ အချက်အလက် တစ်စုံတစ်ရာအကြောင်း ရေးသည်မှာ မှန်သော်လည်း အကြောင်းအရာ၊ အချက်အလက်၏ တကယ်ရှိနေခြင်းမှာ ပဓာနကျရန် မလို။ ရေးသူ၏ အတွေးကသာ ပဓာနဖြစ်သည် ထို့ပြင် ဘာသာစကားကို ထိမ်းကျောင်းသုံးစွဲနိုင်မှုသည် အက်ဆေးရေးသားရာ၌ နည်းပညာအပိုင်းမှ လိုအပ်ချက်တစ်ခုဖြစ်သည်**

ယနေ့ကာလတွင် တွေ့လာရတတ်သော 'အက်ဆေး' ဆိုသည်များမှာ စာစောပိုင်း ရှမဝ၊ မြဝတီခေတ်က တွေ့ခဲ့ရ ဖူးသော 'စာညွှန့်'ဆိုသည်များနှင့် တူပါသည်။ သို့မဟုတ် နီးစပ်သည်ဟု ဆိုရပေမည်။ အတူတူပဲ ဟူ၍ကား မဆိုလို။ အက်ဆေးကို အချို့က 'ရသစာတမ်း' ဟူ၍လည်း ခေါ်ကြ သည်။ ယတိပြတ်အနက်ပေးကာ ခေါ်ဆိုကြသည်ဟု မကြားရ သေးပါ။ အက်ဆေးမှာ အကြောင်းအရာ၊ အချက်အလက် တစ်စုံတစ်ရာအကြောင်း ရေးသည်မှာ မှန်သော်လည်း အကြောင်းအရာ၊ အချက်အလက်၏ တကယ်ရှိနေခြင်းမှာ ပဓာနကျရန် မလို။ ရေးသူ၏ အတွေးကသာ ပဓာနဖြစ်သည်။ ထို့ပြင် ဘာသာစကားကို ထိမ်းကျောင်းသုံးစွဲနိုင်မှုသည် အက် ဆေးရေးသားရာ၌ နည်းပညာအပိုင်းမှ လိုအပ်ချက်တစ်ခုဖြစ် သည်။ အက်ဆေးဟူသော အင်္ဂလိပ်စာ စာလုံး/စကားလုံးမှာ ပြင်သစ်ဘာသာစကားတွင် သုံးစွဲသော Essai မှ ဆင်းသက်လာ ခြင်းဟု ဆိုကြသည်။ ပထမဦးဆုံး သုံးစွဲသူ မွန်တိန်း (Michel de Montaigne)က သူ့အတွေးအမြင်ကို ကြိုးစားအားထုတ်ဖော် ထုတ်ခြင်း ဟူသော သဘောမျိုးဖြင့် သုံးသပ်ခဲ့ခြင်းဖြစ်သည်။ Attempt ဟူသော သဘောဆောင်သည်။ သို့ဖြစ်လေရာ အက် ဆေးသည် ရေးသားဖော်ထုတ်သော အကြောင်းတစ်စုံတစ်ရာ ၏ နည်းပညာအရ မှန်ကန်ခြင်း၊ ဘာသာစကားအခြေခံအရ အနက်ရင်း၏ ယတိပြတ်အနက်ကိုဖော်ဆောင်ခြင်း… စသည် များကို ထည့်သွင်းစဉ်းစားသည်မဟုတ်။ ရေးသားသူ၏အသိ၊ အမြင်၊ အတွေးကိုသာ သာမန်စာဖတ်သူတို့အတွက် ရေးသား ဖော်ထုတ်ခြင်းဖြစ်လေသည်။ အက်ဆေးများတွင် အပြန်အလှန် စကားပြောများထက်၊ တစ်ဦး တည်းက ပြန်လည်ဖော်ထုတ် ပြောကြားသော 'အပြောများ' ကိုသာတွေ့ရတတ်သည်။ အက် ဆေးများတွင် 'ရေးသူ၏အတွေး ကသာပဓာန…'ဟု ဆိုခဲ့စေ ကာမူ၊ ပညာရပ်အခြေခံဖြင့် ရေး သားသောအက်ဆေးများတွင် အချက်အလက်၏မှန်ကန်မှုသည် အရေးပုံစံကဲ့သို့ပင် အရေးပါသည်။ အနောက်နိုင်ငံများတွင် သော် ပညာရှင်များက အကြောင်းအရာများတွင် အခြေခံကာ အက်ဆေးများကို အတွဲလိုက် ရေးသားခဲ့ကြသည်။ မျက်မှောက် ခေတ်တွင်မူ မာဂျရီပလော့(ဖ) (Marjorie Perloff) ကဲ့သို့သော ပညာရှင်များ၏ ပညာရပ်ဆိုင်ရာ အက်ဆေးများကို ပညာရှင် များ၏ အညွှန်းပြုစရာအဖြစ်ပင် ပြောင်းလဲလာခဲ့လေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အက်ဆေးအရေးအသားများသည် 'ဖြစ်နေခြင်း' ရုပ်ဝန်းကိုကျော်ကာ 'ဖြစ်သင့်ခြင်း'ရုပ်ဝန်းထဲ အထိ သွားနိုင်သော အရေးပုံစံဖြစ်လေသည်။ မြန်မာဘာသာဖြင့် အခြေခံကာ ရေးသားဖော်ထုတ်မှုများတွင် ဥပမာပြရသော်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်နိုင်မာနှင့် မောင်ရင့်မာတို့ ရေးသားလေ့ရှိသော အက်ဆေးအရေးအသားများသည် အကြောင်းအရာ သို့မဟုတ် လူပုဂ္ဂိုလ် သို့တည်းမဟုတ် နေရာရပ်ဝန်း…တစ်ခုခုကို အခြေခံကာ ရေးသားသူ၏ပံ့လွင့်နိုင်မှုအားဖြင့် 'ဖြစ်သင့်ခြင်း' များကို တည်ဆောက်ထားတတ်ကြောင်း တွေ့ရတတ်လေသည်။

ဝတ္ထု(ဤတွင် ဝတ္ထုတို-ရှည် မခွဲပါ။) အရေးအသားမှာမူ ဖန်တီးအရေးအသား ဖြစ်သည်။ ရေးသားသူ၏ ဖန်တီးနိုင်စွမ်းသည် အခရာဖြစ်၏။ မည်သို့သော ဝတ္ထုမဆို…။ ထပ်မံ၍ဆိုပါရစေ။ မည်သို့သော ဝတ္ထုမဆို ဖန်တီးမှုတွင် အခြေခံထားသည်ချည်းဖြစ်၏။ ဥပမာဆိုရသော် သမိုင်းအခြေခံဝတ္ထု သို့မဟုတ် သမိုင်းဝတ္ထုဟုဆိုသော ဝတ္ထုများသည် ဝတ္ထုဖြစ်သည်။ သမိုင်းစာမဟုတ်ပါ။ သမိုင်းအရ အချက်အလက် မှန်ကန်မှုရှိမရှိကို ငြင်းဆို၍ မရနိုင်ပါ။ မရနိုင်သည့်အကြောင်းမှာ စာပေအမျိုးအစား၏ မျိုးတူစုအောက်တွင် ဝတ္ထုဟု မျိုးတူစုပြုထားသောကြောင့်သာဖြစ်ပါသည်။ ဝတ္ထုမှာ ဖန်တီးစာဖြစ်ပါသည်။ ဤအဆိုတွင် အခြေခံကာ အခြားဥပမာတစ်ခုကို ပြပါရစေ။ အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေနေရသော ချစ်ဦးညို၏ **လက်ာဒီပချစ်သူ** ကိုကြည့်ကြစေချင်သည်။ **လက်ာဒီပချစ်သူ** အရေးအသားမှာ ဖန်တီးစာတစ်ခုသာ ဖြစ်သည်။ **လက်ာဒီပချစ်သူ** မှာ အရှေ့တိုင်းအစဉ်အလာတွင် ပြောစမှတ်ဖြစ်သော ရာမယဏတွင် အခြေခံပါသည်။ ရာမယဏသည် သမိုင်းမဟုတ်ပါ။ ဖန်တီးစာသာဖြစ်ပါသည်။ ပုံပြင်ရှည်ကြီးတစ်ပုဒ်သာဖြစ်ပါသည်။ ထို့ပြင် ရာမယဏမှာ အရှေ့တောင်အာရှနှင့် အာရှတိုက်တောင်ပိုင်းမှ နိုင်ငံများတွင် ဒေသနှင့်ယောဂကိုလိုက်ပြီး အသွင်အမျိုးမျိုးပြောင်းခဲ့ကြပါသည်။ အသွင်ပြောင်းသည်ဟုဆိုရာတွင် အတွင်းသားကိုပြောင်းလဲ၍ ကာလတရားနှင့် ဆီလျော်အပ်စပ်မှုကို တည်ဆောက်ခဲ့ကြလေသည်။ သို့ဖြစ်လေရာ **လက်ာဒီပချစ်သူ** သည် **ဖန်တီးစာတစ်ခုဖြစ်သည်သာမက ဖန်တီးစာတစ်ပုဒ်တွင် မှီးထားသော ဖန်တီးစာတစ်ပုဒ် ဖြစ်နေပေသည်။ ပထမဦးဆုံးအကြိမ် လက်ာဒီပချစ်သူ ကို ထုတ်ဝေစဉ်ကပင် ချစ်ဦးညို၏ ဖန်တီးနိုင်စွမ်းကို ကျွန်တော် အသိအမှတ်ပြုပါသည်။ ချီးကျူးမိပါသည်။ သို့ရာတွင် (ကျွန်တော်မှတ်မိသလောက်) မောင်စွမ်းရည်နှင့် ဒေါက်တာတောင်ဝင်းဆိုသူတို့က အပြစ်ဆိုခဲ့ကြပါသည်။** (အခြားအချောက်ကချောက် တစ်ဦးနှစ်ဦးကလည်း မဖြစ်ညစ်ကျယ်ဝင်ရေးကြပါသေးသည်။ အသေးစိတ်မမှတ်မိတော့ပါ။) ဝတ္ထုကို သမိုင်းဆိုင်ရာပေတံဖြင့် တိုင်းပြကြပါသည်။ **ထိုသူများမှာ ထိုစဉ်အခါက မြန်မာဘာသာစာအခြေခံကာ ရေးသားဖော်ထုတ်ကြသော မြန်မာစာပေလောကတွင် နာမည်တစ်လုံးဖြင့် ရှိသူများဖြစ်ပါလျက် အဘယ့်ကြောင့် ထိုရွေ့ထိုမျှအထိ အသိမှားအရာတွင် နှမ်းပါးကြသည်မသိ။ ရာမယဏကို သမိုင်းဟု သဘောထားကာ ချစ်ဦးညိုအား အပြစ်ဆိုခဲ့ကြသည်။**

ကျွန်တော် ဆိုလိုသောအချက်မှာ 'ဝတ္ထု' ဟူသော မျိုးတူစုအောက်တွင် ဘာသာစကားတစ်ခုခုကို အခြေခံကာ ရေးသားဖော်ထုတ်ထားခြင်းမှန်သမျှမှာ ရေးသားသူ၏ဖန်တီးမှုသာ ဖြစ်ပါသည်။ ဝတ္ထုထဲက 'ကျွန်တော်'၊ 'ကျွန်မ' တို့သည် ရေးသားသူက ပြန်လည်ဖော်ထုတ်စေချင်၍ အာဏာကုန် ပေးထားသူများဖြစ်ကြပါသည်။ သူတို့သည် ရေးသားသူများ မဟုတ်ကြပါ။ စာဖတ်အားနုန့်နဲ့သူများကမူ ထို 'ကျွန်တော်'၊ 'ကျွန်မ' တို့ကို အရေးအသားကိုဖော်ထုတ်သူ သို့မဟုတ် စာရေးသူဟု မြင်တတ်ကြလေသည်။ တစ်ခါက **ဂျူး၏ ဝတ္ထုရှည်တစ်ပုဒ်အပေါ် 'ဝေဖန်ရေး' ဟူသော စာလုံး/စကားလုံးကို မျက်နှာလွှဲခဲပစ်သုံးကာ ရေးသားထားသော အရေးအသားအချို့ ဖတ်ခဲ့ရသည်။ စင်စစ် ထိုအရေးအသားများမှာ စာပေဝေဖန်ရေး မဟုတ်။ စာပေဝေဖန်ရေးဆိုသည်မှာ စနစ်တစ်ခုတစ်ရာ အခြေခံပြီး ပညာရပ်ဆိုင်ရာဘောင်အတွင်းမှ ပြုမူသော အပြုအမူသာ ဖြစ်သည်။** ထိုစာပေဝေဖန်ရေးဟု အမည်ခံထားသော သောင်မတိုက်ကမ်းမဆိုက် အရေးအသားတွင် ဝတ္ထုထဲ၌ရေးသားဖော်ထုတ်ထားသောအကြောင်းနှင့် ရေးသားသူ၏ သီးခြားရပ်တည်နေသော တကယ့်ဘဝကို ရောထွေးကာ ရေးသားထားကြောင်း ဖတ်ခဲ့ရသည်။ တစ်နည်းအားဖြင့် ပုဂ္ဂလိကဘဝကို တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ရေးသားသူ ဂျူးကို သူ၏ဝတ္ထုထဲမှ ဇာတ်ကောင်နှင့်ရောမွှေလိုက်လေသည်။ စင်စစ် ထိုသို့အရေးအသားမျိုးမှာ အရေးအသားတစ်ခုကို ဖတ်ရှုရာတွင် မကျေညက်မှုတစ်ရပ်သာဖြစ်သည်။ အဖတ်မှားခြင်းဖြစ်သည်။ ရှေးလူကြီးတို့ သုံးသောစကားအရသော် 'စာဖတ်ပါး မဝခြင်း' ကြောင့် ဖြစ်ရသောအမှားတစ်မျိုးသာဖြစ်ပေသည်။ **ဖန်တီးစာသည် ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ခု မဟုတ်ပါ။ မှတ်တမ်းတစ်ခု မဟုတ်ပါ။ မှတ်တမ်းနှင့် ကိုယ်ရေးမှတ်တမ်းတို့မှာ 'ဖြစ်ပြီးခဲ့သော အချက်အလက်များ' တွင် အခြေခံကာ ဘာသာစကားအားဖြင့် ပြန်လည်တည်ဆောက်ပြီး 'တင်ပြထားသော'၊ 'တင်ပြချက်' သို့မဟုတ် 'ပြန်လည်တင်ပြချက်' သို့တည်းမဟုတ် 'ကိုယ်စားပြုတင်ပြချက်' များသာ ဖြစ်ပါသည်။** မှတ်တမ်းနှင့် ကိုယ်ရေးမှတ်တမ်းတို့ကို ဖန်တီးစာအဖြစ် မသတ်မှတ်နိုင်ရသည်မှာ ထိုအရေးအသားများမှာ ဖန်တီးမှုအခြေခံဖြင့် တည်ဆောက်ထားခြင်း မဟုတ်သောကြောင့်ဖြစ်သည်။ ထို့ပြင် ဂျူး၏ ဝတ္ထုအပေါ် ဝေဖန်သည်ဟုဆိုကာ ရေးသားခြင်းမျိုးမှာ စနစ်တကျ ဝေဖန်ရေးတစ်ရပ် ဖြစ်မလာနိုင်။ ဝတ္ထုတစ်ပုဒ်ကို ရွေ့လျားပြောင်းလဲနေသော လူ့အဖွဲ့အစည်း၊ မတူညီသော ကာလနှင့် ဒေသ-ရပ်ဝန်း…စသည်တို့ကို ထည့်မစဉ်းစားဘဲ အကဲမဖြတ်နိုင်။ ရေးသားသူ၏ 'အတွေး' နှင့် 'ဦးတည်ချက်' တို့ကိုလည်း ထည့်သွင်း မစဉ်းစားဘဲ မဖြစ်နိုင်။ အတွေးတိုင်းသည် ဦးတည်ချက်မဟုတ်။ မော်ဒန်နှင့် ပို့စ်မော်ဒန်ကာလအတွင်း ပေါ်ပေါက်ခဲ့သော ဖန်တီးစာအရေးအသားများတွင် 'ဦးတည်ချက်' သည် အလေးထားစရာအကြောင်းတစ်ခု မဟုတ်တော့ပါ။ အတူတကွ လိုက်ပါသွားနိုင်ခြင်းသည်သာ



www.burmeseclassic.com

www.burmeseclassic.com

ပဓာနဖြစ်လာသည်။

ဝတ္ထုရေးသားပုံမှာ အမျိုးမျိုးဖြစ်နိုင်သလို အမျိုးမျိုးပြောင်းလဲသွားနိုင်ပါသည်။ သို့ရာတွင် အသိပညာအရာ၌ နှောင့်နှေးသောအရပ်များတွင် 'အမျိုးမျိုးဖြစ်နိုင်ခြင်း'သည် 'တစ်မျိုးတည်းဖြစ်နေမှုအတွင်း၌ ဆန့်ထွက်နေသော အနေအထားတစ်ခု'သာဖြစ်နေပြီး၊ 'အမျိုးမျိုးပြောင်းလဲနိုင်ခြင်း' သည် 'ရပ်တန့်နေခြင်းအတွင်း၌ လှုပ်ရှားနေခြင်းတစ်ရပ်'သာ ဖြစ်နေတတ်သည်။ ဥပမာပြရသော် စက်နှိုးထားသောကားတစ်စီးနှင့် တူပါသည်။ စက်နှိုးထားသော်လည်း သွားရန်(လှုပ်ရှားသဖြင့် ရွေ့လျားရန်) ဂီယာမထိုးသေးဘဲထားသဖြင့် မသွားသေးသော (ရွေ့လျားမှုမရှိသော)ကားမျိုးဖြစ်၏။ ကား၏စက်မှာ မသေပါ။ သို့ရာတွင် ကားသည် မရွေ့။ ကျွန်တော့်အမြင်သက်သက်အရ ရေးရလျှင် မြန်မာဝတ္ထုတိုအတော်များများမှာ ဂျိမ်း(စ)လှကျော်၏ **မောင်ရင်မောင် မမယ်မ**တွင် သာယာနေကြတုန်းဟု မြင်မိသည်။ ဤသည်မှာ အပြစ်တစ်ခု မဟုတ်ပါ။ စက်ကို နှိုးရုံသာနှိုးထားပြီး ဂီယာမသွင်းမိသေးသောကြောင့်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး အနှစ်ငါးဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း လွတ်လပ်ရေးမရမီက ကြည်အေး ရေးခဲ့သော အရေးအသား၏ အနေအထားမျိုးကိုပင် မမီနိုင်သေးသည့် အရေးအသားများမှာ အပုံချည်း။ ဆတိုင်းမွှတ်ဦးကူး၏ **ခနွဝပုရ** ကဲ့သို့သော ဖန်တီးစာမျိုးနှင့်ပင် ဝေးနေသေးသည်။ စနစ်တကျ တက္ကသိုလ်ပညာရေးနှင့် အဆက်အစပ်ရှိခဲ့သော စာရေးသမားများအပိုင်းတွင်မူ ဖန်တီးစာ အရေးအသားနှင့် စပ်လျဉ်း၍ အဆိုက်အလျောက်ပြောင်းလဲရန် အားထုတ်ခဲ့ကြသည်။ ဤသို့ဖြစ်ရသည်မှာ တက္ကသိုလ်၊ ကောလိပ်များနှင့် ပညာရပ်ဆိုင်ရာ အဆောက်အအုံများနှင့် ဆက်စပ်နေသူများအနေဖြင့် မြန်မာ့စာပေသာမက၊ အခြားအရပ်ဒေသတို့မှ စာပေများ၊ အနေအထားများနှင့် (တစ်ကြောင်းမဟုတ် တစ်ကြောင်း) ပိုမိုရင်းနှီးခွင့်ရသောကြောင့်ဟု ဆိုရမည်ထင်၏။ သို့ရာတွင် ထိုထိုသော ဖန်တီးအားထုတ်မှုတို့မှာ အသီးတင်လောက်အောင် ခရီးမတွင်ခဲ့ကြ။ အကြောင်းတစ်ရပ်မှာ ဖွံ့ဖြိုးမှုနှောင့်နှေးနေခဲ့သော လူ့အဖွဲ့အစည်းနှင့် တစ်ဖက်စောင်းနင်းသက်ဝင်ယုံကြည်မှုများကြောင့်ဖြစ်သည်။ ဆန်းသစ်ခြင်း၊ နဂိုအနေအထားကို ပျက်ပြယ်မသွားစေခြင်း၊ အစဉ်အလာယဉ်ကျေးမှုနှင့် နေ့စဉ် ဘဝဆိုင်ရာယဉ်ကျေးမှုအနေအထားအပေါ် မကွဲပြားခြင်း…စသည့်အချက်များပေါ်တွင် ပန္နက်ချထားသော သိမှု၏ အနေအထားများကြောင့်ဖြစ်သည်။ သို့ဖြစ်ရကား ဖန်တီးစာဖတ်သူအများစုမှာ ၁၉၄၉ ခုနှစ်က ဒေါက်တာထင်အောင်ပြောခဲ့သော ဝတ္ထုဖတ်တာဟာ 'အပျင်းပြေချင်လို့ဖတ်ကြတာ' ဟူသော သိမှုအကျဉ်းထောင်အတွင်းမှ ခေတ်အဆက်ဆက် လွတ်ငြိမ်းချမ်းသာခွင့် မရခဲ့ကြတော့။

ကမ္ဘာကြီးသည် မော်ဒန်ကာလကို ရောက်ရှိကာ ကျော်လွှားလာခဲ့သော်လည်း မြန်မာစာပေလောက၏ ဖန်တီးစာရေးသားမှုအပိုင်းသည် သတိပဋ္ဌာန်တရားပွားများရင်း ဝင်လေထွက်လေမှတ်နေခဲ့လိုက်သည်မှာ အတော်ကြာသွားခဲ့ပါသည်။ ပို၍ ဆိုးရွားသွားခဲ့သည်မှာ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို အလွဲသုံးစားလုပ်သွားခဲ့သော မြန်မာ့ဆိုရှယ်လစ်ခေတ်ကြီးအတွင်းသို့ ပြုတ်ကျသွားခဲ့ရခြင်းဖြစ်၏။ မြန်မာ့ဆိုရှယ်လစ်ခေတ်မှာ စစ်သူကြီးများအုပ်စိုးသော စစ်အာဏာရှင်ခေတ်တို့သို့ ဆိုးရွားလှသည်မဟုတ်။ သို့ရာတွင် မြန်မာစာပေလောကအတွင်းသို့ 'ပြည်သူ့အကျိုးပြု'ဟူသောစကားလုံးကို ခတ်တိုင်ငန်အဖြစ် သွတ်သွင်းခဲ့ခြင်းသည် စာပေရေးသားဖော်ထုတ်ခြင်း၏ဖွံ့ဖြိုးမှုတွင် (အခြားတစ်နည်း၊ ကာလတရားနှင့်အတူ လိုက်ပါ စီးမျောနေခြင်းကို) ရပ်တန့်သွားစေခဲ့တော့ သည်။ 'ပြည်သူ့အကျိုးပြု'ဆိုသည်မှာကာလတရား၊ ဖြစ်ပျက်နေသောအကြောင်းတရားများ… နှင့် ဆက်စပ်ကာ အတိုင်းအတာတစ်ခုအထိသာ တည်နိုင်သောအကြောင်းတစ်ခုသာ ဖြစ်သည်။ သို့ရာတွင် 'ပြည်သူ'ဟူသော စာလုံး/စကား လုံးကို ပေါက်ဈေးအတိုင်း လက်ခံကာ လိုအပ်သည်ထက် ပို၍ သုံးစွဲခဲ့ကြလေရာ 'ပြည်သူ'ဟူသော စာလုံး/စကားလုံးမှာ (အရပ်ထဲမှ ကလေးများ၏ အသုံးအနှုန်းကိုယူ၍ မြင်သာအောင် ရေးရလျှင်) အီးပေါလောက်ကြီးအဆင့်သို့ ရောက်သွားလေတော့သည်။ ထို့ထက်ပို၍ ဆိုးရွားသွားရသည်မှာ ဆိုရှယ်လစ်သရုပ်မှန်ဝါဒဟု မြန်မာဘာသာစကားအတွင်း တလွဲဆံပင်ကောင်းဘာသာပြန်ထားသော Socialist Realism နှင့် သရုပ်မှန်ဝါဒဟု(မည်သူကဘာသာပြန်ပေးလိုက်မှန်းမသိသော) Realism ကို ရောထွေးကာ နားလည်ချင်သလို နားလည်လိုက်ကြခြင်းဖြစ်သည်။ ထို့နောက်တွင်သော် မြန်မာဘာသာစာအခြေခံ ရေးသားဖော်ထုတ်မှု ပရိဂုဏ်အတွင်းမှ ဖန်တီးစာရေးသားဖော်ထုတ်မှုအပိုင်းမှာ 'ပြည်သူ့အကျိုးပြု' နှင့် 'ဆိုရှယ်လစ်သရုပ်မှန်ဝါဒ' အကြားတွင် ဘုမသိ ဘမသိဖြင့် ထိတ်တုံးခတ်ခံလိုက်ရပြီး သိက္ခာရှိရှိဖြင့် လွတ်လပ်နေပေတော့သည်။ (ထိုအကြာ) မြန်မာ့ဆိုရှယ်လစ် သရုပ်မှန်ဝါဒ၏ အောင်မြင်မှုတစ်ရပ်မှာ

> အက်ဆေးသည် ရေးသားဖော်ထုတ်သော အကြောင်းတစ်စုံတစ်ရာ၏ နည်းပညာအရ မှန်ကန်ခြင်း၊ ဘာသာစကားအခြေခံအရ အနက်ရင်း၏ ယတိပြတ်အနက်ကိုဖော်ဆောင်ခြင်း. . . စသည်များကို ထည့်သွင်းစဉ်းစားသည်မဟုတ်။ ရေးသားသူ၏ အသိ၊ အမြင်၊ အတွေးကိုသာ သာမန်စာဖတ်သူတို့အတွက် ရေးသား ဖော်ထုတ်ခြင်းဖြစ်လေသည်

www.burmeseclassic.com

အမျိုးသားစာပေဆုရသူများစာရင်းဝင်အများစုမှာ ဗိုလ်ကတော်များ အပါအဝင် စစ်တပ်နှင့် နီးစပ်သူများ၊ တပ်ထွက်များ၊ ဗဟိုနိုင်ငံ ရေးသိပ္ပံကျောင်းနှင့် အဆက်အသွယ်ရှိသူများ… ဖြစ်လာကြခြင်းပင် ဖြစ်တော့သည်။ အမျိုးသားစာပေဆု ရွေးချယ်သူများတွင်ပင် တကယ့်စာပေပညာရှင်များထက် စစ်တပ်နှင့် ပတ်သက်သူများ၊ ဆိုရှယ်လစ်အာဏာပိုင်တို့နှင့် အဝင်အထွက်ရှိသူများ၊ ကာလတရားကို မေ့လျော့နေကြသည့် အကြောင်းမကောင်းတော့သော အခွင့်အရေးမျှော် လူအိုလူနှောင်းများ… အများစုပါဝင်လာတော့သည်။ ထိုအစဉ်အလာမှာ စစ်သူကြီးတို့ အာဏာရှင်အဖြစ် စိုးစံသောကာလတစ်လျှောက်လုံး၌တည်ခဲ့သော စံတစ်ခုလည်းဖြစ်ပြီး ယနေ့ကာလအထိ တည်နေသည်ဟု ဆိုရပေမည် (သမ္မတကြီးလည်း အချိန်ပေးပြီး လှည့်ကြည့်လောက်သည့်ကိစ္စမဟုတ်။ သက်ဆိုင်ရာ ဆွဲခန့်ဝန်မင်းတို့မှာလည်း သက်စေ့လျှင် ဆက်လက်ကြီးပွားနေစီမံနေကြရဆဲ)။ သို့ဖြစ်ရကား မြန်မာစာပေ လောကအတွင်းမှ ဖန်တီးစာရေးသားမှုအပိုင်း(ဤတွင်ကဗျာကို ချန်လှပ်ထားလိုသည်။ မြန်မာကဗျာသည် မြန်မာစာပေလောကအတွင်း၌ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့်တန်းတူ တောက်လျှောက်သောချင်းယှဉ် လျှောက်လာနိုင်ခဲ့သော တစ်ခုတည်းသော စာပေလှုပ်ရှားမှုဖြစ်သည်ဟု ကျွန်တော် မြင်မှတ်လက်ခံယုံကြည်ပါသည်။ အများက လက်ခံရန် မဟုတ်ပါ။)၏ ဘုံနေးနေရခြင်းများကို အပြစ်တစ်ခုဟု နင်ပဲ ငဆ မပြောလို။

ဝတ္ထုနှင့် ဝတ္ထုတိုများမှာ စိတ်ကူးစိတ်သန်းတွင် အခြေတည်ကာ ရေးသားခဲ့ကြခြင်းမှ နေ့စဉ်ဘဝနှင့် နီးစပ်အောင် ရေးသားပုံသို့ ပြောင်းလာခဲ့ပါသည်။ စိတ်ကူးစိတ်သန်းကို အခြေခံသော ဝတ္ထုအရေးအသားများမှာ ဖတ်ကောင်းသော အရေးအသားများဖြစ်ကြပါသည်။ (ဒေါက်တာ ထင်အောင် ပြောခဲ့ဖူးသော ဘဲ့(စ)ကားမောင်းတဲ့လူလည်း ဖတ်တယ်။ လယ်သမားလည်း ဖတ်တယ်ဟူသော ဝတ္ထုမျိုးများ ဖြစ်သည်။ … အပျင်းပြေချင်လို့ ဖတ်ကြသောဝတ္ထုမျိုး ဖြစ်သည်။ ထို့နောက် နေ့စဉ်ဘဝနှင့် နီးစပ်အောင်ရေးသားသော ဝတ္ထုများပေါ်လာသည်။ အင်္ဂလိပ်လွယ်လွယ်ပြောသော Romanticism to Realism ဖြစ်ပါသည်။ အထူးသဖြင့် မော်ဒန်ကာလတွင် ထိုပြောင်းလဲမှုများ ပေါ်လာပါသည်။ မော်ဒန်ကာလ၏ ဝတ္ထုအရေးအသားများမှာ (ဒဿနိကဗေဒပညာရပ်၏ နယ်နိမိတ်အတွင်းမှဆိုရသော်) သိမှုဗေဒတွင် အခြေခံသော အမြင်များဖြင့် ရေးသားလာကြခြင်းဖြစ်လေသည်။ ရေးသားသူက သူ…၊ သူနှင့်ပတ်သက်သော လူ့အဖွဲ့အစည်းတို့၏ အတွင်း၌ လက်ခံထားသောသိမှုအတိုင်း ရေးသားလာကြခြင်းဖြစ်သည်။ ဖန်တီးစာတိုင်းသည် စိတ်ကူးတွင် အခြေခံကာ ရေးသားလာကြသည်မှာ မှန်သော်လည်း ထိုစိတ်ကူးတို့မှာ လူ့အဖွဲ့အစည်း၏ ယုတ္တိစနစ်များအပြင်ဘက်သို့ ထွက်မသွားအောင် ထိန်းသိမ်းရေးသားကြခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် မော်ဒန်ကာလတွင် စာဖတ်သူတို့၏ ဖတ်ပုံဖတ်နည်းပင် ပြောင်းလဲသွားခဲ့ရတော့သည်။ ဝတ္ထုအရေးအသားအချို့မှာ (ဒေါက်တာ ထင်အောင် ပြောခဲ့သကဲ့သို့) '… အပျင်းပြေချင်လို့ ဖတ်ကြတာ' ဟူသော မျိုးတူစုအောက်မှာတွင်ပင် အသက်ရှင်လာကြသည် မဟုတ်တော့။ ဘဲ့(စ)ကားသမားဖတ်၍ ဝမ်းမြောက်ဝမ်းသာ အပျင်းတော်ပြေစရာ အရေးအသားမျိုး မဟုတ်တော့။ မြန်မာဝတ္ထုတိုအရေးအသားများတွင်လည်း ထိုသို့ ပြောင်းလဲလာခဲ့ခြင်းများ ရှိခဲ့ပါသည်။ ကြည်အေး၏ **ကြွေလုနှင်းဆီ**ကို နမူနာအဖြစ် ကြည့်ကြစေချင်သည်။ **ကြွေလုနှင်းဆီ**တွင် ဝတ္ထုရေးသူက ဇာတ်ကောင် ကိုသိန်းအောင်ကို အခြေတည်ကာ 'သိစရာအကြောင်းများကို' ဆွေးနွေးပြခဲ့သည်။ 'သိစရာအကြောင်းများ' ဆိုသည်မှာ 'ငါ ပါဝင်ပတ်သက်နေသော ဤကမ္ဘာကြီးထဲက အကြောင်းအရာများကို မည်သို့ မည်ပုံ အနက်ဖော်ကြည့်မည်လဲ' ဟူသော မေးခွန်းကို ဖြေကြားနိုင်ရန် အားထုတ်ပြထားခြင်းဖြစ်သည်။ မော်ဒန်ကာလ၏ အရေးအသားများတွင် ဖော်ထုတ်ထားတတ်သော 'သိစရာတွေရှိနေတယ်ဆိုတာက ဘာလဲ'၊ 'ဘယ်သူတွေက သိသတဲ့လဲ'၊ 'သူတို့တွေက ဘယ်လိုသိကြတာတဲ့လဲ'၊ ဘယ်လောက်အထိ ခိုင်ခိုင်မာမာသိတာတဲ့လဲ'၊ 'သိသူတစ်ဦးတစ်ယောက်ကနေ၊ နောက်သိသူတစ်ဦးတစ်ယောက်ဆီကို ဘယ်လိုပျံ့နှံ့သွားစေတာတဲ့လဲ'… စသည့် မေးခွန်းအများမှာ **ကြွေလုနှင်းဆီ**ထဲတွင် တွေ့ခဲ့ရသည်။ ဇာတ်ကောင် ကိုသိန်းအောင်သည် ပန်းချီကား၊ ပန်းချီကား ဖန်တီးနိုင်မှု၊ နေ့စဉ်ဘဝ… တို့၏အကြားတွင် ခေါက်တုံ့ခေါက်ပြန်သွားရင်း အဖြေရှာသော်လည်း အဖြေမပေါ်။ သို့ရာတွင် ဝတ္ထုရေးသူက ကာလတရား၌တည်သော (ဤတွင် ဆိုလိုသည်မှာ မော်ဒန်ကာလ၏ လူ့အဖွဲ့အစည်းအတွင်း၌ ပေါ်ပေါက်လာသော) ဖြေရှင်းချက်တစ်ခု ကို ဝတ္ထုမဆုံးမီ ဖော်ထုတ်ထားခဲ့သည်။ ၎င်းမှာ '*ကိုသိန်းအောင်သည် သူကိုယ်သူ မည်သို့ပင် ဆင်ခြေပေးသော်လည်း ရင်တွင်းမှာ ဗလောင်ဆူ၍သာ လာ၏။ တစ်ချိန်ထက်တစ်ချိန် ပို၍ စိတ်ပျက်လာ၏။*'

ဤတွင် အဓိကထားတင်ပြလိုသည်မှာ မော်ဒန်ကာလအတွင်း ပြောင်းလဲလာခဲ့သော ဝတ္ထုကြောင်း၏ သဘောသာ ဖြစ်ပါသည်။ ဝတ္ထုကို တည်ဆောက်ပြပုံဖြစ်ပါသည်။ ဤဝတ္ထုမျိုးကို (ရှေ့တွင် ဆိုခဲ့ပြီးဖြစ်သော) ဒေါက်တာ ထင်အောင် ပြောခဲ့သည့် ဘဲ့(စ)ကားသမား၊ လယ်သမားများ မဖတ်နိုင်ပါ။ အပျင်းပြေအဖြစ် ဖတ်နိုင်သော အရေးအသားတစ်ခု မဟုတ်ပါ။ ဤဝတ္ထုမျိုးမှာ နားလည်ရန်ထက် သိရန်လိုသော အရေးအသားမျိုးဖြစ်သည်။ မြန်မာစာပေလောက၏ သမိုင်းအတွင်း နေရာယူထားသော **စံပယ်ပင်**၊ **ရွှေပြည်စိုး** စသည့် ဝတ္ထုများတွင် **ကြွေလုနှင်းဆီ** ထဲမှ သိစရာပြဿနာမျိုးမပါ။ မပါရသည်မှာလည်း ကာလတရား၏ တောင်းဆိုမှုမရှိထားသည်ကတစ်ကြောင်း၊ တကယ့်ဘဝ၏ ပြဿနာများမှာ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့၏ စိတ်ကူးစိတ်သန်းအတွင်း ထည့်စဉ်းစားစရာ တစ်ရပ်မဟုတ်သေးသည်ကတစ်ကြောင်းတို့ကြောင့် ဖြစ်သည်။ ထိုအရေးအသားမှာ ကြည်အေးက ၁၉၄၇ ခုနှစ်ကပင် ရေးသားထားခဲ့သော အရေးအသားတစ်ခုဖြစ်သော်လည်း ယနေ့မြန်မာစာပေ၏ ဝတ္ထုတိုရေးသားဖော်ထုတ်မှု ပရိဂုဏ်အတွင်း ရှေ့တန်းက ရပ်တည်နေသောအရေးအသားတစ်ခု ဖြစ်နေပေသေးသည်။ ထိုသို့ဖြစ်နေရသည်မှာ နောက်ကလိုက်လာသူများက မမီနိုင်သေးသောကြောင့်သာဖြစ်ပေသည်။ မမီနိုင်ကြရသေးသည်မှာ (ကျွန်တော့်အမြင်သက်သက်အရသော်) စာရေးသူများနှင့် စာရေးချင်သူများသည် ကာလတစ်ခုတည်းအတွင်း၌ မိမိဆန္ဒအရ အမှောင်ချနေကြခြင်းကြောင့်ဟု ဆိုချင်သည်။ ဤနေရာတွင် (ရှေ့တွင်ဆိုခဲ့ပြီးသော) ကဗျာရေးသူများကို ညွှန်းချင်သည်။ **ကဗျာရေးသူများသည် စစ်ခေတ်ကဲ့သို့သော ခေတ်ကျပ်ကြီးများအတွင်းမှာပင် မြန်မာကဗျာကို သူ(တို့)နည်း သူ(တို့)ဟန်ဖြင့် ကမ္ဘာ့ကဗျာလှုပ်ရှားမှုနှင့်အတူ (ရွေ့လျားနေမှုအတွင်း)လိုက်ပါ၍ ရှင်သန်နေနိုင်အောင် အားထုတ်ကြသည်။ သူတို့သည် ရှာကြံပြီး ကမ္ဘာ့ကဗျာအခြေအနေကို သိအောင် အားထုတ်ကြသည်။** ဝတ္ထုရေးသူတို့မှာ ဝတ္ထုအဟောင်းများတွင် ချာချာလည်ဖြစ်နေကြရာမှ ကျေနပ်မွေ့လျော်နေကြလေရာ **သက္ကရာဇ် ၂၀၀၀ ကျော်တွင်ရေးသားကြသည့် ဝတ္ထုတိုအချို့(အားလုံးဟု မဆိုလိုပါ။)မှာ ၅၀ ခုနှစ်ကာလများ၊ ၆၀ ခုနှစ်ပထမပိုင်းကာလများက ဝတ္ထုများကို ပြန်လည် မိတ်ကပ်ဖို့ပေးထားသည်နှင့် တူပါသည်။ ကြွပ်ကြွပ်အိတ်ဟောင်းများကို စက်ထဲထည့်ပြီး ကြွပ်ကြွပ်အိတ်အသစ် ဖန်တီးလိုက်သည့်သဘောမျိုးဖြစ်နေပေသည်။** သိသိသာသာချည်း ထူးခြားလာသော စိတ်ကူးထည်အသစ်များပေါ်မလာသည်ကဲ့သို့ ရေးဟန်များလည်း ပြောင်းလဲမလာကြ။ ပေါ်လာရမည်၊ ပြောင်းလဲလာရမည်ဟု ကျွန်တော် မဆိုလိုပါ။ ဖြစ်သင့်ခြင်းအကြောင်းကိုသာ ဆိုလိုပါသည်။ ဖြစ်နေခြင်းနှင့် ဖြစ်သင့်ခြင်းမှာ ခရီးတစ်သောင်းမျှမက ကွာနေသည်ကို ကျွန်တော်သိပါသည်။

မြန်မာစာပေလောက၏ ဖန်တီးစာအရေးအသား အပိုင်းတွင် မော်ဒန်နှင့် ပို့စ်မော်ဒန်လှုပ်ရှားမှုများ ဆိုကာမျှ မည်ကာမျှ ဖြစ်ခဲ့ပါသေးသည်။ စိတ်ထက်သန်၍ အဖတ်အပြုများသော လူငယ်ပိုင်းက 'သာ' စိတ်ဝင်စားမှုရှိခဲ့ကြသည်ဟု မြင်မိသည်။

မြန်မာဝတ္ထုတို အတော်များများမှာ ဂျိမ်း(စ)လှကျော်၏ **မောင်ရင်မောင် မမယ်မတွင်** သာယာနေကြတုန်းဟု မြင်မိသည်။ ဤသည်မှာ အပြစ်တစ်ခု မဟုတ်ပါ။ စက်ကို နှိုးရုံသာနှိုးထားပြီး ဂီယာမသွင်းမိသေးသောကြောင့်သာ ဖြစ်ပါသည်

ကမ္ဘာကြီး၏ ဖြစ်ပျက်ပြောင်းလဲနေခြင်းနှင့် ဝေးလှမ်းသော အင်္ဂလိပ် သို့မဟုတ် နိုင်ငံခြားဘာသာစကား/စာနှင့် ဝေးလှမ်းသော သူများအဖို့ ဖုတ်လေသည့်ငါးပိမျှသာ ဖြစ်ပါသည်။ **ပို့စ်မော်ဒန်အကြောင်း အမြည်းပေးသည့် ဆရာကြီးကလည်း အနက်ယူပုံ အလွဲလွဲအမှားမှားဖြင့် မလိုအပ်ဘဲ အကြီးအကျယ်ပြောဆိုရေးသားခဲ့ရာ ဘေးလူအမြင်ကတော်စရာသာ ဖြစ်ခဲ့ပါသည်။** စင်စစ် ပို့စ်မော်ဒန်'ဖြစ်ခြင်း'မှာ ကာလတရားအတွင်း လိုက်ပါသွားနိုင်ခဲ့သူတို့၏လှုပ်ရှားမှုဖြစ်ပါသည်။ ခေတ်ကာလတိုင်းတွင် ကျန်ရစ်ခဲ့သူများ၊ အတူတကွ လိုက်ပါသွားနိုင်သူများနှင့် ကာလနှင့်ဒေသ၏ အနေအထားကို ကျော်လွှားသွားခဲ့သူများရှိကြသည်ချည်းဖြစ်ပါသည်။ အနောက်တိုင်းနှင့် အနောက်တိုင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခဲ့သော အရပ်များတွင် မော်ဒန်၊ ပို့စ်မော်ဒန်လှုပ်ရှားမှုများဖြစ်ခဲ့ ခြင်းမျိုးကို ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသောအရပ်ဒေသများ၌ တစ်ကြိမ်တည်း ဖြစ်ရမည်ဟု လက်ခံထား၍ မဖြစ်ပါ။ **ယနေ့ကာလ၏ မြန်မာနိုင်ငံတွင်းဖြစ်ပျက်နေသော အနေအထားများကိုကြည့်လျှင် တစ်စိတ်တစ်ပိုင်းက 'ဒီမိုကရေစီ' ဟူသော စကားလုံး/စာလုံး၏နောက်သို့ အုတ်အရောရော၊ ကျောက်အရောရော လိုက်ပါနေသည်ကိုတွေ့ရပေမည်။** တစ်ချိန်တည်းမှာပင် ထိုဒီမိုကရေစီဟူသော သိမှုအောက်၌ ရာစုနှစ်ပေါင်းများစွာက ကျန်ရစ်ခဲ့သော ခရုဆိပ်စစ်ပွဲအမြင်တွင် အခြေခံသည့်ဘာသာရေးအခြေခံလူမျိုးရေးမုန်းတီးမှုပေါ်ပေါက်လာပြန်သည်ကို တွေ့ရပြန်သည်။ တစ်နည်းဆိုရသော် ဒီမိုကရေစီ၏ ဖြစ်သင့်ခြင်းနှင့် ဖြစ်နေခြင်း၏ကွာဟမှုကို မသိသဖြင့် လွတ်လပ်ရေးနှင့် ရမ်းကားခြင်းတို့၏ကြားမှ စည်းရိုးကို မသိကြ၊ မမြင်ကြ၊ နားမလည်ကြတော့ပါ။ ခေတ်မီခြင်းနှင့်ပေါ်ပင်လိုက်ခြင်းကို မကွဲပြားတော့ပါ။ ထိုကဲ့သို့ ထွေပြားမှုများ များပြားလာခြင်းနှင့်စည်းရိုးကျိုးပေါက်မှုများ များပြားလာခြင်းသည် ကာလတရား၏ တကယ်တမ်း ရှိနေခြင်းများဖြစ်ပါသည်။ တကယ်တမ်းရှိနေသော ကမ္ဘာကြီး၏ ရှိနေခြင်းပြဿနာများကို ပို့စ်မော်ဒန်ကာလတွင် ပိုမိုစဉ်းစားလာကြပါသည်။ ဥပမာဆိုသော် ကိုရီးယားမလှလှကလေးများကို ကြည့်ချင်သူသည် ကိုရီးယားမလှလှကလေးများကို ရှာဖွေကြည့်ပါလိမ့်မည်။ မြန်မာမက ကိုရီးယားမနှင့်တူအောင် မိတ်ကပ်ဖို့အဝတ်ဝတ်ထားခြင်းကို ကြည့်မည်မဟုတ်။ ကြည့်ပြီး သာယာခဲ့လျှင် အတုကိုအစစ်ထင် လက်ခံနိုင်သော အသိ/သိမှုသာဖြစ်ပါသည်။ ပထမတန်းစား ဉာဏ်ရည်ဉာဏ်သွေးရှိသူများ မဟုတ်ပါ။ ဒုတိယတန်းစားသို့မဟုတ် တတိယတန်းစား သိမှုမျိုးများသာ ဖြစ်ပါသည်။ ထို-သိမှုမျိုးအတွင်း သာယာနေ



www.burmeseclassic.com

www.burmeseclassic.com

သရွေ့ လူ့အဖွဲ့အစည်း၏ သိမှုအဆင့်အတန်းမှာ မြင့်တက်လာနိုင်ပါ။ သိမှုမြင့်တက်မလာသရွေ့(ကြည်လင်မလာသေးသရွေ့)ကမ္ဘာကြီး၏ဖြစ်ပျက်နေခြင်းနှင့် မိမိ၏ကမ္ဘာကြီးအတွင်း၌ရှိနေခြင်းကို လွယ်လွယ်မြင်မည်မဟုတ်။ ဝတ္ထုအရေးအသားများတွင် သိမှုဗေဒအခြေခံရှုမြင်မှုများမှ ရှိမှုဗေဒအခြေခံရှုမြင်မှုများအပိုင်းသို့ ပြောင်းလဲလာခဲ့ကြပါသည်။ ဤသို့ဖြစ်လာရခြင်းမှာ ကာလတရား၏ဖြစ်ရှိနေခြင်းအတွင်း၌ လူတို့၏ ပါဝင်ပတ်သက်မှုသာဖြစ်ပါသည်။ ရှိမှုဗေဒဟု စာလုံးကြီးကြီးကိုယူသုံးရသော်လည်း ရှိမှုဗေဒ၏သဘောမှာ ကမ္ဘာလောကကြီး၏ရှိနေခြင်းကို မည်သို့လက်ခံသလဲ။ မည်သို့မြင်သလဲဆိုသော ပြဿနာများကို စဉ်းစားခြင်း၊ တင်ပြခြင်းများ ဖြစ်ပါသည်။

မြန်မာဝတ္ထုတိုအရေးအသားများတွင် ပြောင်းလဲလာခြင်းကို အထိုက်အလျောက်တွေ့လာရပါသည်။ အထိုက်အလျောက်ဟုဆိုရသည်မှာ ကျွန်တော် ဖတ်နိုင်အားရှိသည့် အတိုင်းအတာအတွင်းမှာကို ဆိုလိုပါသည်။ ယခင်က အပုဒ်လေးငါးဆယ်တွင် တစ်ပုဒ်တလေ တွေ့ရတတ်သော်လည်း ယခုနောက်ပိုင်းတွင် အပုဒ်သုံးဆယ်ခန့်တွင် တစ်ပုဒ်နှစ်ပုဒ်ဖတ်လာရပါသည် (ခန့်မှန်းမြောက်ရပါသည်။)။ ခင်မြဇင်၏'ကောင်းကင်မိုးတိမ်'ကို နမူနာပြချင်သည်။ ထို-ဝတ္ထုမှာ ၁၉၈၅ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်း၌ ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ထို-ဝတ္ထုကို ပို့စ်မော်ဒန်ဝတ္ထုတစ်ပုဒ်ဟု ကျွန်တော်က သတ်မှတ်ပြသည်ဟု မမြင်စေချင်ပါ။ ကျွန်တော့်တွင် 'တို့ဆရာကြီးတွင် ဒီလိုလုပ်ပိုင်ခွင့်ရှိတယ်'ဟု ပြောသည့်တပည့်တပန်းတို့ကမျှ လုပ်ပိုင်ခွင့်ပေးအပ်ထားသည်မဟုတ်ပါ။ မည်သည့်လုပ်ပိုင်ခွင့်မျှ မပါရှိပါ(တပည့်တပန်းလည်း မရှိပါ။ လုပ်ပိုင်ခွင့်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ကြိုးပမ်းအားထုတ်မှုတွင် တည်သော တည်ဆောက်ထားမှုတစ်မျိုးသာ ဖြစ်ပါသည်။ သီလကဲ့သို့ဖြစ်၏။ သီလသည်ဆောင်း၍မရနိုင်သည်ကဲ့သို့ တစ်ဦးတစ်ယောက်က ပေးသည်ကိုလက်ခံ၍ရနိုင်သည်မဟုတ်။ မိမိ၏စွမ်းနိုင်မှုဖြင့် တည်ဆောက်ရခြင်းသာ ဖြစ်ပါသည်။)။ သို့ဖြစ်၍ ကျွန်တော့်အမြင်ကို သာမန်ဝတ္ထုဖတ်သူတစ်ဦး၏အမြင်ဟူ၍သာ သဘောထားကြစေချင်ပါသည်။ 'ကောင်းကင်မိုးတိမ်'ထဲတွင် တွေ့ရသော အဓိကကျသည့် အကြောင်းအရာမှာ သိမှုအခြေခံအမြင်မှ ရှိမှုအခြေခံအမြင်သို့ ရွှေ့ပြောင်းသွားခြင်းသာဖြစ်သည် (ဤတွင် အဓိကကျသည့် 'အကြောင်း'ဟူ၍ သုံးစွဲထားရသော်လည်း 'အကျိုးတစ်စုံတစ်ရာကို ဖြစ်ပေါ်စေသော'ဟူသည့် အနက်ကို မယူကြစေချင်ပါ။ အရေးအသားတစ်ခုလုံး၏အတွင်း၌ သာမညအကြောင်းပေါင်းများစွာကို စုစည်းထိမ်းကျောင်းပြီး ရှေ့တည်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ပညာရှင် ရိုမာန်ဂျာကော့(ဗ)ဆင် (Roman Jakobson)၏အမြင်ကို အခြေခံထားခြင်းဖြစ်သည်)။ ခင်မြဇင်က ဝတ္ထု၏ပထမပိုင်းတွင် ဖြစ်ပျက်နေခြင်းများကို သိနေခြင်းများဖြင့် ဖော်ထုတ်ထားခဲ့သည်။ ကာလတရား၏ ရှိနေခြင်းသည်ပင် ဝတ္ထုအတွက် အရေးမပါ။ 'တစ်ခါက ချို့မွေးနေ့မှာဖြစ်သည်'ဟူ၍သာဆိုသည်။ 'ချို့မွေးနေ့တုန်းက'ဟု မဆို။ 'တစ်ခါက'သည် 'ချို့မွေးနေ့'ကဲ့သို့ အရေးမကြီးလှ။ 'တစ်ခါက'ရှိနေခြင်းမှာ သိရရုံသာဖြစ်သည်။ အလားတူပင် သိစရာအကြောင်းများကို ဖော်ထုတ်ပြလာခဲ့သည်။

*'ဘဝချင်းက ခြားနားခဲ့ကြပေပြီ'*

*'ရင်မှာလှိုက်လှဲစွာ နာကျင်လာသည်'*

*'...သူ့ချစ်ခြင်းနှင့် သစ္စာ(တို့)ရေစုန်မှာမျောခဲ့ပြီ'*

သို့ရာတွင် အပိုင်း ၃ ၌ ရှိနေခြင်းဆိုင်ရာ အကြောင်းများ (ပြဿနာ သို့မဟုတ် ဆက်လက်ဆွေးနွေးစရာများ)ဆီသို့ ရွှေ့သွားသည်။ အခြေခံယုတ္တိဗေဒတွင် တွေ့ရသော 'အကယ်၍...လျှင်...' နိဒါန်းအဆိုဖြင့် အပိုင်း ၃ ပိုင်းကို စလိုက်သည်။ ထို့နောက်တွင်သော် ချို၏ကမ္ဘာ ချို၏လောကကြီး၏ ရှိနေခြင်းကို အတည်ပြုထားသော အဆိုများဖြင့် ဆက်တိုက်တည်ဆောက်ပြထားလေသည်။ ထို-အဆိုများတွင် ချို၏နေ့စဉ်ဘဝအတွင်းမှ ရှိနေသော ပြဿနာများပါ ပါဝင်နေသည်။ အပိုင်း ၄ တွင်လည်း သူ့ကမ္ဘာလောကကြီးရှိနေခြင်းအတွင်းမှ ပြဿနာများကို မည်သို့လက်ခံမည်၊ ငြင်းဆိုမည်ကို ပြလာပြန်သည်။ အပိုင်း ၅ တွင်သော် ခင်မြဇင်က ယုတ္တိစနစ်အရရှိနေခဲ့သော 'အကယ်၍...လျှင်...'ကို မသုံးတော့ဘဲ ယုတ္တိစနစ်အရ ရရှိထားခဲ့သော နိဂုံးကို အခိုင်အမာ အဆိုတစ်ရပ်အဖြစ် နိဒါန်းတွင် သုံးစွဲထားလိုက်တော့သည်။ 'ချို့အိမ်ရှေ့မှာ တမာတို့ပွင့်ခဲ့ကြပြီ'ဟု ဆိုသည်။ နိဂုံးတွင်လည်း 'သူ ပြန်ခဲ့ပြီ'ဟု ရေးကာ အရေးအသားကို အဆုံးသတ်လိုက်သည်။ ဤတွင် ဝတ္ထုဆုံးပြီဟု မဆိုလို။ ခင်မြဇင်က သူ၏အရေးအသားကို အဆုံးသတ်လိုက်ခြင်းသာ ဖြစ်သည်။ ဝတ္ထုကို အဆုံးသတ်ချင်လျှင် ခင်မြဇင်က'သူ ပြန်(သွား)ခဲ့ပြီ'သို့မဟုတ် 'သူပြန်(လာ)ခဲ့ပြီ'ဟုရေးလိုက်ရုံပင်။ 'သူ'သည် ချို၏ထိန်းချုပ်ခံမဟုတ်ဆိုသည်ကို ပေါ်လွင်သွားသည်။ ထို့ပြင် ဘာသာစကား၌တည်သော လစ်ဟာနေနိုင်မှုကို အသုံးပြုလိုက်ခြင်းတစ်မျိုးဖြစ်လေသည်။ ဤသို့ဘာသာစကားကို အလှည့်အပြောင်းလုပ်ကာ ရေးသားခြင်းမျိုးများသည် ပို့စ်မော်ဒန်အရေးအသားများတွေ့လာရသောအလေ့တစ်ခု ဖြစ်နေပြန်သည်။

ပို့စ်မော်ဒန်အရေးအသားများမှာ 'ရေးဟန်'တစ်ခုတည်းတွင်တည်ကာ သတ်မှတ်၍ မရနိုင်ပါ။ မြန်မာစာပေပရိဝုဏ်အတွင်း အနောက်တိုင်း ပို့စ်မော်ဒန်အရေးအသားများကို တုပကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖန်တီးရေးသားခဲ့သည်များအနည်းအကျဉ်း ရှိခဲ့ပါသည်။ အများစုသိရှိထားခဲ့သည်မှာ မူရင်းစာလုံးအား ဖောင်းပွလာစေရန် ဝိသေသပုဒ်များ အလျှံအပယ်ထည့်၍လည်းကောင်း၊ ဆီလျော်ဆက်စပ်မှုမရှိသော ဝါကျများကို ဆက်စပ်ပေးထားခြင်းဖြင့်လည်းကောင်း၊ အနက်ဖော်ရန်မလွယ်သော အကြောင်းအရာစုစည်းမှုများဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ဖြစ်ပါသည်။ စာလုံး/စကားလုံး၏ ရည်ညွှန်းထားသော အနက်များကို ထိန်းချုပ်ထားခြင်းမရှိသည့် သဘောဖြစ်သည်။ အနက်ဖော်ရာတွင် ဆော့ကစားသည့်သဘောဖြင့် လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့်ပေးထားသည်။ ထို-အားထုတ်မှုများမှာ 'ရေးဟန်'ကို အခြေပြုကာ အားထုတ်ခြင်းမျှသာ ဖြစ်ပါသည်။ သို့ရာတွင် ရေးဟန်တစ်ခုတည်းက ပို့စ်မော်ဒန်ဖြစ်နေခြင်းကို ပိုင်းခြားမပြနိုင်။ ပို့စ်မော်ဒန်၏ မူရင်းသဘောသည် ကပင်လျှင် တစ်စုံတစ်ရာ ကန့်သတ်ပိုင်းခြားရန် မလွယ်တော့ခြင်းဖြစ်သည်။ အမှန်တရားဆိုသည်များမှာ အမြဲတမ်းမှန်သော ပရမတ်သဘောကို မဆောင်နိုင်တော့။ အလုံးစုံသောသဘော၊ ယေဘုယျကျကျမှန်ကန်သည်ဟူသော သဘောမျိုး မဟုတ်ကြတော့။ သမ္မုတိသဘောကို ဆောင်လာကြသည်။ တို့ရှာထိပ်က ကိုယ်တော်ပြောတာမှ အမှန်ဟူသော အခြေအနေမျိုး။ လူသားအသီးသီးတို့မှာ သူတို့၏ရပ်ဝန်းအတွင်းမှ ဆင်ခြင်တုံတရားများအရသာလျှင် ဒဿနပညာရှင်ဆိုင်ရာ၊ သိပ္ပံပညာဆိုင်ရာ စသည့် ပညာရပ်အသီးသီးတို့၏ ဘာသာစကားနှင့်အတွေးအခေါ်စနစ်များ(ဤတွင် Discourse ကို ဆိုလိုသည်။)၏ မှန်ကန်မှုကို အဆုံးအဖြတ်ပေးလာခဲ့ကြသည်။ တစ်နည်းဆိုရသော် (လီယိုတာ့ (Jean Francois Lyotard) အလိုအရသော်) ကမ္ဘာလောကကြီး၏ရှိနေခြင်းနှင့်ပတ်သက်၍ တစ်ခုတည်းသော သိမှုစနစ်ဖြင့် လက်ခံရန်မလွယ်တော့သည့်သဘောဖြစ်နေခဲ့ပေပြီ။ အခြေခံတစ်ခုခုပေါ်တွင် အခြေတည်ကာ 'ဤသို့သော နိဂုံး/ရလဒ်ရရမည်'ဟု ယတိပြတ် မပြောနိုင်တော့။ ဘူးစိုက်သော် ဖရုံသီးကောင်း၏ဟု ဆိုရမည့်သဘောဖြစ်နေသည်။ ထို-အခြေအနေအောက်တွင် ဘာသာစကားအသီးသီးအတွင်းက အနက်များသည်ကပင် မခိုင်လုံတော့။ ကမ္ဘာကြီးကို သိနေရခြင်းနှင့် ကမ္ဘာကြီး၏ရှိနေခြင်းတို့ကို ဖော်ထုတ်ပေးနိုင်သော ဘာသာစကား(များ)မှာ တကယ်တမ်းတွင် မလုံလောက်သည့်အနေအထားမျိုး ဖြစ်နေပေတော့သည်။ စာလုံး/စကားလုံးတစ်လုံး သို့မဟုတ် ဝါကျတစ်ကြောင်း၏ဆိုလိုရင်းမှာ ပြောသူကို လိုက်၍လည်းကောင်း၊ အကြောင်းအရာကိုလိုက်၍လည်းကောင်း ပြောင်းလဲသွားတတ်သည်။ (ရှေ့တွင်ဆိုခဲ့ပြီးသည့်) လက်ရှိ မြန်မာနိုင်ငံအနေအထားကို နမူနာအဖြစ်ပြရသော် 'ဒီမိုကရေစီ'ဆိုသော စာလုံး/စကားလုံးမှာ ထို

သဘောအတိုင်း ဖြစ်နေကြောင်း တွေ့ရပေသည်။

ကျွန်တော့်၏ဝတ္ထုတိုများနှင့် ဆက်စပ်၍ အထိုက်အလျောက် တင်ပြလိုပါသည်။

ဖတ်ရာတွင် အတိုအရှည်မရွေးဘဲ ဖတ်သော်လည်း ရေးရာတွင် ဝတ္ထုတိုရေးရန် စိတ်သန်ပါသည်။ ဝတ္ထုရှည်တစ်ပုဒ်စ နှစ်ပုဒ်စ ရေးဖူးပါသည်။ ဝတ္ထုရှည်တစ်ပုဒ်မှာ ကိုခင်မောင်မြင့် ရှိစဉ်က မဟေသီမဂ္ဂဇင်းတွင် ဖော်ပြနေဆဲစာမူမှာ လမ်းခုလတ်တွင် ပျောက်ဆုံးခဲ့ရပါသည် (ယခုတော့ ကွန်ပျူတာအဟောင်းတစ်ခုတွင် အထိုက်အလျောက် ပြန်တွေ့ရပါသည်။)။ ထို-ဝတ္ထုရှည်မှာ စမ်းသပ်အရေးအသားတစ်ခု ဖြစ်သည်။ ရေးရိုးရေးစဉ် မဟုတ်သဖြင့် ကိုခင်မောင်မြင့်ကို အလျှင်ဆွေးနွေးရပါသေးသည်။ ကိုခင်မောင်မြင့်ကလည်း သဘောတူသည်သာမက အားပေးပါသည်။ ထိုစဉ်က စာတိုက်မှ စာမူပို့ရသည်ဖြစ်ရာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ တိုင်းသူပြည်သားအပေါ် တာဝန်ကျေမှုတစ်ရပ်ကြောင့် 'မရောက်သော်ပျောက်၏'ဓာတ်လမ်း ဖြစ်သွားရပါတော့သည်။ ကျွန်တော့်တွင် ဝတ္ထုရှည်တစ်ပုဒ်ရေးနိုင်လောက်သည့် စွမ်းနိုင်မှုရှိမည်မထင်ပါ။ တစ်ခါက လမ်း ၄၀ ဘက်က ဆိုင်ကလေးတစ်ခုတွင် တစ်ညနေဘက် ဆရာနတ်နွယ်နှင့် စကားပြောစဉ် ဆရာနတ်နွယ်က ဝတ္ထုရှည်ရေးကြည့်စမ်းပါဟုဆိုသည်။ မဖြစ်ဘူးထင်ပါတယ်ဆရာ ဟုပြောရာ ခင်ဗျားလေနဲ့(ရေးပုံက)ရေးလို့ဖြစ်ပါတယ်ဟု ဆိုသည်။ ဆရာ နတ်နွယ်လို ပုဂ္ဂိုလ်မျိုးကပြောသဖြင့် ဝမ်းသာဂုဏ်ယူမိသည်။ သို့ရာတွင် ဆရာ နတ်နွယ်ထင်သလို ကျွန်တော့်တွင် ဝတ္ထုရှည်တစ်ပုဒ် ရေးနိုင်လောက်သည့် စွမ်းရည်မရှိကြောင်းကို ကျွန်တော့်ဘာသာ သိပါသည်။ ၈၀ ခုနှစ်များတွင် တက္ကသိုလ်များဆီသို့ ပြန်လည်ရောက်ရှိသွားပါသည်။ စာပေကို ပညာရပ်တစ်ခုအဖြစ် လေ့လာနေစဉ် ဆရာတစ်ဦးက ဗွိုက်စ် James Joyce ၏ **ဒပ်ဗလင်မြို့က လူများ** The Dubliners အကြောင်း ရှင်းပြသည်တွင် 'ဗွိုက်စ်က **ဒပ်ဗလင်မြို့ကလူများတွင်** ဝတ္ထုတိုများအားဖြင့် ရေးထားသော်လည်း ဝတ္ထုရှည်တစ်ပုဒ် အဖြစ်ဖတ်နိုင်ကြောင်း။ ဝတ္ထုတို/ရှည်ဖတ်ရာတွင် ဖတ်ပုံကသာ ကွာခြားကြောင်း ရှင်းပြပါသည်။ ထိုစဉ်မှ ဖတ်သူ၏ 'နေရာ'ကို ကျွန်တော် သဘောပေါက်မိသည်။ ထို့ပြင် အခြားသောပညာရှင်များ၏ ရှင်းပြချက်အရ ဝတ္ထုရှည်တစ်ပုဒ်ကိုပင် ဝတ္ထုတိုတစ်ပုဒ်ကဲ့သို့ဖတ်နိုင်ကြောင်း သိရပြန်သည်။ ထို အချက်များကို စုပေါင်း၍ စမ်းသပ်ရေးကြည့်လိုစိတ်ဖြစ်နေစဉ် ကိုတာ(ဒေါက်တာ သန့်လွင်မောင်)က မဂ္ဂဇင်းထုတ်မည် ပြောပြီး ခင်ဗျားကတော့ ဝတ္ထုတိုပဲ ရေးဟုဆိုရာ အခွင့်ပြေ

ကမ္ဘာကြီးသည် မော်ဒန်ကာလကို
ရောက်ရှိကာ ကျော်လွှားလာခဲ့သော်လည်း
မြန်မာစာပေလောက၏ ဖန်တီးစာ ရေးသားမှုအပိုင်းသည်
သတိပဋ္ဌာန်တရားပွားများရင်း ဝင်လေ ထွက်လေ
မှတ်နေခဲ့လိုက်သည်မှာ အတော်ကြာသွားခဲ့ပါသည်



www.burmeseclassic.com

www.burmeseclassic.com

သွားပါသည်။ ထိုစဉ်က ရေးသားခဲ့သော နယ်ဘက်ကျေးဘက်အခြေခံဝတ္ထုတိုများမှာ စမ်းသပ်ရေးသားသောဝတ္ထုတိုများ ဖြစ်သည်။ အများစုက သိထားပြီးသောအကြောင်းများကို ပြန်လည်ရေးသားခြင်းဖြစ်သည်။ ရေးရာတွင် စရိုက်နှင့်ဘာသာစကား အလွဲအပြောင်းများကို တတ်နိုင်သမျှ သတိထားပြီးရေးသည်။ တရုတ်စာရေးဆရာကြီး လောဝ်ရှပြောဖူးသည်ကဲ့သို့ ဝတ္ထုတိုရေးသားခြင်းမှာ ဝတ္ထုရှည်ရေးသားခြင်းနှင့်မတူ။ ရေးလိုသော၊ ထည့်လိုသောအကြောင်းအချက် အရေးအသားများ ကျန်ခဲ့လျှင် ထပ်မဖြည့်နိုင်တော့။ ဝတ္ထုရှည်တွင်မူ နောက်တစ်ပုဒ်/ နောက်တစ်ပိုင်းတွင် ဖြည့်ရနိုင်သေးသည်ဟူသောအချက်ကိုမူ သတိထားပါသည်။

ရေးဟန်မှာ ရေမွန်ကာဗာ (Raymond Carver) တရုတ်စာရေးဆရာကြီး လောဝ်ရှ (Lao She) ဟောဟဲ လူဝီး ဘော်ရဂဲ (Gorge Luis Borge) ယူပါသည်။ ကာဗာ၏ ဝတ္ထုတိုအများစုကို အနည်းဆုံး မကြာမကြာ ဖတ်ပါသည်။ အရိုးသားဆုံးအကြောင်းများ(ဘာမျှမဟုတ်သည့် အကြောင်းများ)ကို ဝတ္ထုတစ်ပုဒ်ဖြစ်လာအောင် ရေးနိုင်သူများတွင် ရေမွန်ကာဗာကို မီသူမရှိသေးဟုထင်သည်။ နယ်ဘက်ကျေးဘက် အခြေခံဝတ္ထုတိုကလေးများ ရေးရာတွင် ဘော်ရဂဲ၏ အရေးအသားဟန်မျိုးတွင် လောဝ်ရှရေးလေ့ရှိသော သရော်ပုံကို ရောစပ်လေ့ရှိသည်။ ဆရာကြီး လောဝ်ရှသရော်ပုံမှာ ဝါးခနဲရယ်ရသည်မျိုး မဟုတ်ပါ၊ ကျိတ်ပြီး ပြုံးရသည်မျိုးဖြစ်သည်။ ပင်လယ်မဂ္ဂဇင်း၌ ရေးသားခဲ့ဖူးသော **ပြန်ချင်ပြီ ညီမောင်လှရယ်** ဝတ္ထုမှ ဇာတ်ကောင် မောင်ဘမောင်ကို သတိရလာမိသဖြင့် ရောရော ယောင်ယောင် မောင်ဘမောင်ဝတ္ထုတိုများကို ဆက်၍ ရေးမိပြန်သည်။ မောင်ဘမောင်နှင့်တကွ သူ၏အသိုင်းအဝိုင်းမှ ဇာတ်ကောင်များမှာ ကျွန်တော့်ဖခင်ကြီး၏ မိတ်ဆွေများ၏ စရိုက်လက္ခဏာများကို ယူပါသည်။ ကျွန်တော်ငယ်စဉ်က အိုင်စီအက်စ်၊ ဘီစီအက်စ်ကြီးများ အကြားတွင် ကျင်လည်ခဲ့ရပါသည်။ သူတို့ပြောစကားများ၊ ပြောပုံဆိုပုံများကို သတိရလာမိပါသည်။ ပင်စင်စားကြီးများသည် အတိတ်ကိုလွမ်း၍ အပန်းဖြေတတ်ကြသည်။ ရံဖန်ရံခါ သူတို့၏ အမြင်များမှာ ကာလတရားနှင့် လိုက်လျောညီထွေ မရှိလှသော်လည်း သူတို့အမြင်ကို မပြင်နိုင်ကြ။ ထို-ပုဂ္ဂိုလ်ကြီးများ အကြားတွင် ကျွန်တော် ဇာတ်ကောင်မောင်ဘမောင်ကဲ့သို့ လောကကြီးကို အခြားတစ်ဖက်မှ ကြည့်လေ့ရှိသူ တစ်ဦးနှစ်ဦးလည်းပါသည်။ သူ၏ စရိုက်လက္ခဏာကိုယူကာ မောင်ဘမောင်ကို အသက်ရှင်စေခဲ့သည်။ ပြောမည်ဆိုလျှင် ကျွန်တော့်ဝတ္ထုတိုများထဲမှ ဇာတ်ကောင်အများစုမှာ ပြင်ပတွင် တကယ်ရှိနေကြသော လူများ၏ စရိုက်လက္ခဏာများတွင် အခြေခံပါသည်။ ရေမွန်ကာဗာ ပြောဖူးသော တကယ့် လူများကိုကြည့်တတ်လျှင် သူတို့ဆီက ရေးစရာတွေ အများကြီးရသည်ဟူသော သဘောဖြစ်ပါသည်။ ကျွန်တော့်ဝတ္ထုတိုအများစုမှာ တကယ့်ဘဝအတွင်းမှ တကယ့်လူများထဲမှ ထွက်လာသော ဝတ္ထုတိုများသာ ဖြစ်ပါသည်။ ကိုယ်က သိထားသောအကြောင်း(ဆိုလိုသည်မှာ ပိုင်ပိုင်နိုင်နိုင် သိထားသောအကြောင်း)များသည် ဝတ္ထုတိုရေးရန် အကောင်းဆုံးဟု ကာဗာကလည်း ပြောဖူးသည်။ ပို့စ်မော်ဒန်တွင် အရေးများလာကြသော 'ဝတ္ထုထဲက ဝတ္ထုများ' ပုံစံကိုလည်း ကျွန်တော်သဘောကျသဖြင့် အတုယူရေးသားပါသည်။ ဝတ္ထုတိုများမှာ ရှေးကကဲ့သို့ အကြောင်းအရာ တစ်ခုတည်းကိုသာ အလေးပေး ဖော်ထုတ်တင်ပြခြင်းမျိုး မဟုတ်တော့။ ဆက်စပ်နေသော အကြောင်းအရာကို ဖော်ထုတ်ပြသည့် သဘောမျိုးဖြစ်သည်။ ပို့စ်မော်ဒန် အရေးအသားများကို လေ့လာသူများက The Russian doll effect ရေးဟန်ဟု ဆိုကြသည်။ အရုပ်ကလေးတစ်ခုကို ဖွင့်လိုက်တိုင်း နောက်ထပ် အရုပ်ကလေး တစ်ခုကို တွေ့လာရတတ်သည့် သဘောမျိုးဖြစ်သည်။ ထို့ပြင် ဆိုစရာ ပြောစရာ အကြောင်းမရှိသည့် ဝတ္ထုရေးပုံမျိုးကိုလည်း သဘောကျသည်။ ဖတ်ရှုသူကို အရေးအသားနောက်သို့ လိုက်လာရုံသက်သက်သဘောဖြစ်သည်။ ရွှေအမြုတေတွင် ဖော်ပြခဲ့သော **စီးမြောနေကြခြင်းများအတွင်းမှ ညအကြွင်းအကျန်များ** ဝတ္ထုတိုမှာ ထို-သဘောမျိုး ဖြစ်ပါသည်။ ထို-ဝတ္ထုမျိုးမှာ စာဖတ်သူက အဖြေရှာရန် အကြောင်းမရှိ။ အကြောင်းမှာ ဝတ္ထုရေးသူက စာဖတ်သူကို အရေးအသားထဲတွင် လိုက်ပါနိုင်စေရန်သာ အားထုတ်ပေးထားခြင်းဖြစ်သည်။ ကျွန်တော့်အမြင်သက်သက်အရသော် ဝတ္ထုတိုရေးသားရာတွင် တစ်ခုတည်းသော ရေးဟန်အတွင်း၌ ရပ်တန့်နေရန် မသင့်ဟူ၍ ဖြစ်၏။

ကျွန်တော် လေ့လာရခဲ့မိသရွေ့ ဝတ္ထုတိုရေးရာတွင် ဘာသာစကားလည်း အရေးကြီးသည်ဟု မြင်သည်။ ပြောင်မြောက်ဖို့ထက် ခွင်ကျဖို့က အရေးကြီးသည်။ မလိုအပ်ဘဲ နိုင်ငံခြားဘာသာစကားများ၊ အဆက်အစပ်မရှိသည့် အခြားရပ်ဝန်းများမှ ဘာသာစကား အသုံးအနှုန်းများသည် တစ်နည်းမဟုတ်တစ်နည်း ဝတ္ထုတို၏တည်ဆောက်ထားမှုများအပေါ် ယိုင်နဲ့ သွားစေနိုင်သည်။ ထို-အချက်ကို ကျွန်တော် သတိထားပါသည်။ ဆိုလိုသည်မှာ နယ်ဘက်ကျေးဘက်ကလူများ ပြောဆိုသုံးနှုန်းပုံမှာ မြို့ပြအတွင်းမှ လူများစု၏ အသုံးအနှုန်းနှင့်မတူ။ စာရေးသူက အတင်းတူခိုင်းလျှင် စာဖတ်နာသူများက သိကြပါသည်။ အလားတူပင် မိန်းမကရေးသော မိန်းမဝတ္ထုနှင့် ယောကျ်ားကရေးသော မိန်းမဝတ္ထုတိုမှာ လွယ်လွယ်အသား မကျနိုင်သော အချက်များ ပါနေတတ်သည်။ ထို-အချက်မျိုးကို သတိထားရန် လိုမည်ဟုထင်သည်။ သို့ရာတွင် မြန်မာစာအရေးအသားနှင့်ပတ်သက်၍ အလွန်အောက်တန်းကျသော ယိုးစွပ်ချက်တစ်မျိုးကို တွေ့ရခဲ့ဖူးသည်။ ၎င်းမှာ 'စာမချော' ဟူသော ယိုးစွပ်ချက်ဖြစ်သည်။ ထို-အချက်မှာ စာဖတ်သူနှင့်သာ ဆိုင်ပါသည်။ စာမချောဟုဆိုရာတွင် စာဖတ်၍ မချောခြင်းမှာ ဣတိ- ဤသို့ဖြစ်သည်ဟု ပြောဆိုရန်

www.burmeseclassic.com

ယတိပြတ် အနက်ဖွင့်ဆိုချက်မရှိ။ ဘာသာစကား သည် ကာလတရားနှင့်အတူ ပြောင်းလဲတတ်သည်ကို မမေ့ကြစေချင်။ ဥပမာ မြန်မာလူ့အဖွဲ့အစည်းအတွင်းမှ နေ့စဉ်သုံး ဘာသာစကားအတွင်း စကားအဆုံးတွင်သုံးသော '…ပေါ့နော်' ကို သတိထားကြည့်နေချင်သည်။ ရှေးကသော် မိန်းကလေးများကသာ သိမ်မွေ့သောအလေ့ပေါ်စေရန် '…ပေါ့နော်' ကိုသုံးတတ်ကြသည်။ ယနေ့ကာလတွင်သော် ယောကျ်ားရင့်မာကြီးများကလည်း '…ပေါ့နော်' ကို သုံးလာကြသည်။ ထို-အသုံးအနှုန်းကို လူကြီးပိုင်းက 'ချောအောင်သုံးတာ' နှင့် 'ခြောက်လို့သုံးတာ' ဟု ဆွေးနွေးသည်ကို ကြားခဲ့ရဖူးသည်။ မည်သို့ပင် ယူဆကြသည်ဖြစ်စေ ကျွန်တော့်အမြင်မှာ ထိန်းသိမ်းထားရန်မလွယ်သော ဘာသာစကား၏စကားလုံးအသစ်များမွေးစားခြင်းနှင့် မွေးထုတ်ခြင်းသာ ဖြစ်လေသည်။ ဖန်တီးစာရေးသားခြင်းတွင်(နှင့်၊ အတွင်းတွင်) ဘာသာစကား အသုံးအနှုန်းနှင့်အဆက်အစပ်များကို ဖန်တီးနိုင်ပါသည်။ ထို-ဖန်တီးမှုများကို နားမလည်နိုင်ကြသူများကသာ ၎င်းတို့ဖတ်လေ့ဖတ်ထရှိသော ပုံ/စနစ် စသည်များ အတွင်း မဝင်သောအခါ 'ဖတ်၍မချော' ဟု ဆိုကြခြင်းဖြစ်လေသည်။ ထိုထက် ပိုဆိုးရွားလှသည်မှာ ကျုပ်ကတော့ဖြင့် ပြင်သစ်စာ ဒစ်ပလိုမာရထားလို့ ခင်ဗျားတို့ရေးတဲ့ မြန်မာစာမချောဘူးဟုဆိုသော ဥမ္မတ္တကများလည်း ရှိတတ်သေးသည်။ စာရေးသူများအနေဖြင့်သော် ထို-သောင်မတိုက်၊ ကမ်းမဆိုက်များကိုဂရုစိုက်မနေကြစေချင်။

ကျွန်တော့်အတွေ့အကြုံအရ တင်ပြချင်သော အချက်တစ်ခုရှိပါသည်။ ၎င်းမှာ ယနေ့ခေတ်ကာလတွင် 'ကွန်ပျူတာစာပြု' ဟု ဆိုသူများ ကိစ္စဖြစ်သည်(ရှေးကသော် 'စာစီသူများ')။ ကွန်ပျူတာ စာပြုများသည် အလုပ်သဘောအရ စာစီရသူများသာဖြစ်၍ အရေးအသားတစ်ခုခုအပေါ် သူတို့ မသိနားမလည်ခဲ့သော် သူတို့တွင် ပြဿနာမရှိ။ ရှေးကသော် ပုံနှိပ်တိုက်ကြီးများတွင် စာပြင်ဆရာများ ရှိကြသည်။ စာပြင်ဆရာများသည် စာလုံးပေါင်းနှင့် စာကြောင်းစာကျန်များကို စစ်ပေးကြသည်။ ထို့ပြင် စာပိုစာမှားများ ကပ်ပါနေသော် ထုတ်နုတ်ရန် စိစစ်ပေးကြသည်။ သူတို့၏ ဆန္ဒတစ်ခုတည်းဖြင့် မူရင်းကို ဖြည့်စွက်ခြင်း၊ ထုတ်နုတ်ခြင်း မပြုကြ။ ယနေ့ကာလတွင် စာပြင်ဆရာများ ရှားသွားပုံရသည်။ ကွန်ပျူတာ စာပြုတို့က ဖြတ်ချင်ရာဖြတ်၊ ဖြုတ်ချင်ရာ ဖြုတ်ရုံမျှမက အပိုထည့်ပေးထားတတ်သည်ကိုလည်း တွေ့လာရလေသည်။ ကျွန်တော့် အတွေ့အကြုံတစ်ခုမှာ မလိုအပ်ဘဲ အထက်ကော်မာများ ဖြည့်ပေးတတ်ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ကျွန်တော်ရေးသားခဲ့သော ဝတ္ထုများတွင် စကားပြောများကို သီးခြားထုတ်ကာ အထက်ကော်မာဖြင့် မပြတော့ပါ။ အကြောင်းမှာ Simple Narrative သဘောဖြစ်လာအောင် အားထုတ်ရေးသားထားသောကြောင့်ဖြစ်သည်။ စကားပြောများတွင် အထက်ကော်မာထည့်သော အစဉ်အလာသည်ပင်လျှင် ရှေးအခါက ပုံနှိပ်လုပ်ငန်းများမှ စာစီသူများ၏ ဖန်တီးချက်တစ်ရပ်သာဖြစ်သည်။ ဂျိမ်းစ်ဂျွိုက်စ်က လုံးဝမကြိုက်။ သူ့ဝတ္ထုများကို ပုံနှိပ်ရာတွင် အထက်ကော်မာများမထည့်ရန် ညွှန်ကြားခဲ့လေသည်။ ကျွန်တော်လည်း မကြိုက်လှ။ တက္ကသိုလ်တွင် Narrative အကြောင်း လေ့လာသောအခါ ပါမောက္ခတစ်ဦးကလည်း ရှင်းပြခဲ့သည်။ ဟိုဆေး ဆာရာမာဂို Jose Saramargo ၏ အရေးအသားများ အထောက်အထားပြသည်။ ဆာရာမာဂိုသည် စာ… ပိုဒ်ကိုလည်းတိုတိုမဖြတ်။ အခြားအချက်တစ်ခုမှာ ပါမောက္ခက နေ့စဉ်သုံးအပြော ဘာသာစကားအတွင်း၌ ကော်မာများ… ပုဒ်ခွဲများမပါကြောင်း သတိထားမိကြရန် ရှင်းပြသည်။ ဘာသာစကားကို ရေးသူက အရှင်းလင်းဆုံးဖြစ်လေအောင် မည်သို့… သုံးစွဲနိုင်သည်ကို ရှင်းပြခဲ့သည်။ သို့ဖြစ်လေရာ နောက်ပိုင်း… ရေးသားသော ကျွန်တော်၏ ဝတ္ထုတိုများတွင် စကားပြောများ… ၌ အထက်ကော်မာများထည့်ကာ ဝိသေသမပြုတော့။ အထက်… ကော်မာ၏ ရည်ညွှန်းမှုမှာ ဝိသေသပြုခြင်းသာဖြစ်သည်။ … သာမန်စကားပြောအတွက် အထက်ကော်မာမှာ မလိုအပ်။ သို့… သော် ကျွန်တော့်ဝတ္ထုတို အတော်များများတွင် ကျွန်တော်… မထည့်သော်လည်း ကွန်ပျူတာစာပြုဆိုသူများက စေတနာ… ဗရပွဖြင့် အထက်ကော်မာများ ထည့်ပေးထားကြသည်။ ပို၍… ဆိုးရွားလှသည်မှာ သူတို့ထင်ရာတွင် လျှောက်ထည့်လိုက်… သဖြင့် အနက်လွဲများ ဖြစ်လာတော့သည်။ ယခုနောက်ပိုင်းတွင် ဦးဝင်းငြိမ်းနှင့် ကိုတာတို့က သူတို့၏ ကွန်ပျူတာစာပြုများကို… ညွှန်ကြားထားသဖြင့် အတော်ကလေး အခြေအနေကောင်းလာ… သည်ဟုဆိုရပါမည်။ သို့တိုင် မလိုအပ်သောနေရာတွင် အထက်… ကော်မာများ ပါလာနေသေးသည်ကို တွေ့နေရတတ်သည်။

သတ္တုချပြီးဆိုရလျှင် ဝတ္ထုသည် ဝတ္ထု၊ ဆောင်းပါးသည် ဆောင်းပါးဖြစ်၏။ ဝတ္ထုတိုရေးသူများအနေဖြင့် ဖော်ထုတ်တင်… ပြပုံများကို စမ်းသပ်ကြည့်ကြစေချင်သည်။ စမ်းသပ်ကြည့်ခြင်း… သည် ဖန်တီးခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဖန်တီး… စာဖြစ်သော ဝတ္ထုကို ဖန်တီးသူက သူ့ဖန်တီးနိုင်စွမ်းဖြင့်… ဖန်တီးခြင်းသာဖြစ်သည်။ ပြေးသည်နှင့်တူသည်။ ဘောလုံး… ကွင်းကြီး ပတ်ပြေးနိုင်သလို တာလမ်းပေါ်တွင် လျှောက်ပြေး… နိုင်သည်။ ဘောလုံးကွင်းကို ပတ်ပြေးရင်း ထပ်တလဲလဲ… တွေ့ရသော မြင်ကွင်းများကို ပြောင်းလဲနေသော မိမိအမြင်ဖြင့်… ပြောင်းလဲကြည့်နိုင်သည်။ အလားတူပင် တာလမ်းပေါ်တွင်… ပြေးနေရင်း ပြောင်းလဲနေသော မြင်ကွင်းများကို မိမိ၏ … တည်ထားသောအမြင်မှ ရှုမြင်ကြည့်နိုင်သည်။ မည်သို့ … ထုတ်ပြခြင်းနှင့် ပြန်လည်ဖော်ထုတ်ပြခြင်းများကို ပြုသည်ဖြစ်… စေ ဖန်တီးစာတစ်ပုဒ်အတွက် ဖန်တီးသူသည်သာ အရေး… ဖန်တီးခဲ့ ဝတ္ထုတစ်ပုဒ်သည် ဖန်တီးသူ၏ ကိုယ်စားလှယ်မှု… ဖြစ်သည်။ ပညာရှင် ဖရိုင်း (Northrop Frye) ပြောသည့်… စာပေဆိုသည်မှာ An Autonomous Verbal Structure သာ… ပေသည်။ ။

■ ငြိုင့်သ…




www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်




၁၂၀၀ ကျပ်




၂၀၀၀ ကျပ်




၈၀၀ ကျပ်



၃၀၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

တိုက် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁၂

www.burmeseclassic.com

www.burmeseclassic.com

# ပန်းမျှော်သည့်မိုး

ကျူငြိ

အေးပိုကို
အဲဒီနေ့က မုန့်တွေ
အများကြီး
ဝယ်ကျွေးတယ်
နောက်လည်း
မုန့်စားချင်ရင် သူ
ဝယ်ကျွေးမယ်တဲ့
ဒါပေမဲ့ ဒီကတိစကားကို
ဘယ်သူ့ကိုမှ
ပြန်မပြောနဲ့လို့
မှာသွားတယ်

မိုးရွာတော့မည်ကို
အချက်ပြနေပြီ။
မိုးရွာလျှင်
ဝါးရုံပင်တွင်
အသိုက်လုပ်နေကြသော
ငှက်သိုက်တွေ
ပျက်စီးသည့်အခါ
ပျက်စီးသည်။
သစ်ရွက်အိမ်လေးထဲမှ
ခါချဉ်အချို့ကတော့
မိုးမရွာခင်ပင်
မြေပေါ် ပြုတ်ကျကုန်ပြီ။
မြေကြီးတွင်

နံနက်လင်းကတည်းက
အနောက်တောင်ဘက်မှ
မင်ရည်စွန်းနေသည့်
ဗွမ်းစိုင်တွေလို
မိုးသားမည်းမည်းတွေက
အလိပ်လိုက်
တက်လာခဲ့သည်။
လေပြင်းတစ်ချက်ကြောင့်
ဝါးရုံလေးက
ယိမ်းထိုးလှုပ်ခါသွားသည်။
ဝါးပင်လေးတွေကြားထဲရှိ
စာသူငှက်
သိုက်ကလေးတွေက
ပရမ်းပတာလှုပ်ခါပြီး
သရက်ပင်ထက်ရှိ
ခါချဉ်ထုပ်တို့
ပြုတ်ကျကုန်သည်။
ပတ်ဝန်းကျင်တစ်ခွင်လုံး
ညို့ညို့မှိုင်းမှိုင်းနှင့်
လေထဲတွင်
လတ်ဆတ်အေးမြသော
မိုးနံ့တို့ပါလာသဖြင့်
မကြာခင် ဉာ်နေရာတွင်

တွင်းတူးနေရသော
ပုရွက်ဆိတ်လို
တွင်းအောင်းသတ္တဝါ
တွေကတော့
တော်တော်များများ
သေကျေပျက်စီးမည်ဆို
တာမလွဲပေ။
မိုးရွာ၍ သစ်ပင်ထက်မှ
အသိုက်ပျက်ကာ
ကျကွဲတတ်သော
ငှက်ဥလေးတွေနှင့်
မိုးရေစီးကြောင်းထဲတွင်
ပုရွက်ဆိတ်ကလေးတွေ
အမြောက်အမြား
မျောပါသွားတာတွေကို
မြင်ရတိုင်း စိတ်ထဲမှာ
မိုးရွာမှာကိုပဲ စိုးရွံ့သလိုလို၊
မိုးရွာတာကိုပဲ မုန်းနေသလိုလို
ဖြစ်နေမိ၏။
မှတ်မှတ်ရရ ပြောရလျှင်
အေးပိုတို့သားအမိကို
အသိုက်ပျက်ငှက်လို
တကွဲတပြားဖြစ်သွားစေသော
မိုးကို ရွာမိသူဟု
ကိုယ့်ကိုယ်ကို
သတ်မှတ်ပြီးကတည်းက
ထိုသို့ခံစားမိနေခြင်းဖြစ်မည်။
ခုဆိုလျှင် အေးပိုတို့
သားအမိတွေ ခွဲသွားတာ
၅ နှစ်တောင် ရှိပြီ။
ခွဲသွားပြီး ပထမနှစ်
အတွင်းမှာတော့ အေးပို၏
မညီမညာသော
လက်ရေးနှင့်
သတ်ပုံမမှန်သော
စာတိုလေးတွေ
လေးငါးလတစ်ကြိမ်
ရောက်လာတတ်သေးသည်။
နောက်တော့
လိပ်စာအပြောင်းအရွှေ့ကြောင့်
ထင်သည်၊
ရောက်မလာတာ
၄ နှစ်နီးနီးပင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရှိတော့မည်။

ဒါပေမဲ့ စိတ်ထဲမှာ အမြဲလိုပင် 'မိနော်နဲ့ ချိုတူးမတို့လည်း ကျန်းမာကြပါစေ၊ အေးပိုလည်း အဆင်ပြေပါစေ' ဟုသတိရတိုင်း ဆုတောင်းမေတ္တာ ပို့ပေးနေမိသည်။

ခုလည်း နယ်ရှစ်ခွင် မြင်မြင်သမျှ တိမ်ညိုမှိုင်းကာ ရွာချလိုက်သော မိုးသည်းသည်းကြောင့် အေးပိုတို့သားအမိထံသို့ စိတ်ရောက်သွားမိပြီး ခဏအတွင်းမှာပင် အတွေးတွေက မိုးရေစီးကြောင်းတွင် မျှောပါသွားသော သစ်ရွက်တစ်ရွက်လို အတိတ်ရေစီးကြောင်းတစ်လျှောက် မျှောပါသွားတော့သည်။

❑

'သူ့အဖေ လူတင်က ညည်းတို့ငယ်ငယ်က နိုင်ဖတ်ပါ့ကော၊ သူ့အမေက ငါတို့ရွာသူ မဟုတ်ဘူးအေ့။ လူတင် မြောက်ဘက်ရွာသွားပြီး သူရင်းငှားလုပ်ရင်းနဲ့ ညားလာတာ၊ လူတင်သေတော့မှ သူ့အမေက ငါတို့ရွာသား ဘိုလှနဲ့ ယူလိုက်တာ။ ဘိုလှက အရက်ချိုး၊ ခု သူ့အမေဆုံးတော့ ဒီကောင်မ ဘိုလှ နှိပ်စက်စာ မိတော့တာပေါ့။ ထမင်းအငတ် ထားလိုထား၊ ကျွဲရိုက်နွားရိုက် ရိုက်လိုရိုက်၊ အဆိုးဆုံးကတော့ ထိကပါး၊ ရိကပါး လုပ်တာပါပဲ။ သူကလည်း ပေါတောတော ရယ်။ တစ်နေ့မဟုတ် တစ်နေ့တော့ ပထွေးစာမိရချည့်ရဲ့ဆိုပြီး သူ့ဘဝကို ကယ်လာခဲ့တာ။ သူ့ပထွေး ဘိုလှကတော့ သိပ်မကြည်ဘူးပေါ့။ မိပိုကို သူက မယားအရာ

ကိုချိုက
ပါးရွှဲ့လို့
ရုပ်ဆိုးနေတာက
လွဲရင်
စိတ်ရင်း
သိပ်ကောင်းတယ်
ဒေါ်လေးသွဲ့ရဲ့
ပြီးတော့
ကျွန်မကိုလည်း
သိပ်ချစ်တာ
ဆိုင်က
ပြန်ရောက်တာနဲ့
ဖက်ပြီး
အနည်းဆုံး
သုံးလေးချက်တော့
နမ်းပြီးသားပဲ

ထားဖို့ ကြံနေတဲ့ကောင်'ဟု ဒေါ်လေးကြည်က အဆုံးသတ်ကာ ပြောင်းဖူးဖက်ဆေးလိပ်ကို ပိန့်ခွက်ခွက် ပါးစပ်နှစ်ဖက် ချိုင့်ဝင်သွားသည်အထိ အားပါးတရ ရှိုက်ဖွာလိုက်သည်။

'သူ့ဘဝက ဒေါ်လေးကြည်ပြောသလို ဆိုတော့ သနားစရာပဲနော်။ ဒါပေမဲ့ ကျွန်မတို့မှာလည်း လောလောဆယ် လူတစ်ယောက်ကို တာဝန်ယူဖို့ဆိုတာက...'

'မငြင်းလိုက်ပါနဲ့ သွဲ့သွဲ့ရယ်။ သွေးသားမတော်ပေမဲ့ ဒီကောင်မကို မျက်စိရှေ့မှာ နှိပ်စက်နေတာ မမြင်ရက်လွန်းလို့ပါအေ။ ငါ့အိမ်မှာထားဖို့ကလည်း သူ့ပထွေးငမူးနဲ့ တစ်ရွာတည်းဆိုတော့ ဘယ်ဖြစ်မလဲ။ ပြီးတော့ ရွာမှာ ငါက ကိုယ့်တစ်ဝမ်းတစ်ခါးတောင် မနည်းရုန်းကန်နေရတာ။ ဒါကြောင့် ညည်းတို့အားကိုး ခေါ်လာရတာ။ တစ်ကောင်ကြွက်၊ ဒုက္ခသည်ပါအေ၊ ညည်းတို့ ဘယ်လိုကျွေးကျွေး၊ ဘာနိုင်းနိုင်း ဘယ်ရွေ့ဘယ်မျှ မပေးရပါဘူးအေ၊ ရွာမှာထက်တော့ သာပြီးသား'

'လူတစ်ယောက်ကို ဥပဒေအရ အခမဲ့နိုင်းပိုင်ခွင့်မရှိဘူး ဒေါ်လေးကြည်ရဲ့'

'ဥပဒေတွေ၊ ဘာတွေတော့ ငါ မသိဘူးအေ၊ ငါပြောတာက သူ့ကို မွေးစားသလိုပြောတာပါ။ ဒါမှမဟုတ်လည်း မြို့မှာက အလုပ်ပေါတော့ သူနဲ့သင့်တော်တဲ့ အလုပ်ကလေး ရှာပေးလိုက်၊ လင်ယူမယ်ဆိုတော့လည်း သင့်တော်သူဆို ပေးစားလိုက်အေ၊ ဟဲ့ အေးပို နှင့်အသက် ဘယ်လောက်လဲ သိလား'

'အမေမသေခင်က ပြောတာကတော့ ၁၅ နှစ်ပြည့်ပြီဆိုလား၊ ၁၆ နှစ် ဆိုလား။ ရွာအရှေ့ပိုင်းက ခင်သီနဲ့ အတူတူပဲလို့တော့ ပြောသံကြားဖူးတယ်'

သည်လိုနှင့် ရပ်ဆွေရပ်မျိုးတော်သူ ဒေါ်လေးကြည် ဓာတ်လမ်းစခဲ့သဖြင့် အေးပိုဆိုသည့် ပုပုဝဝ၊ အစားမက်မက်၊ စာမတတ်သော၊ အူတူတူ ပေါတောတော မိဘမဲ့ တစ်ကောင်ကြွက်၊ ကိုယ့်အသက် အမှန်ကိုပင် မသိသူ အေးပိုကို ကူဖော်လောင်ဖက်အဖြစ် အိမ်တွင် ခေါ်ထားလိုက်ရတော့သည်။

❑

အိမ်ကို အေးပိုရောက်လာနောက် သူမကို အိမ်မှုကိစ္စ လုပ်ကိုင်တတ်ရန်နှင့် အနေအထိုင်၊ အပြောအဆို အပြင် သင်ပုန်းကြီးပါ သင်ပေးရသည်။ ကျွန်မတို့လင်မယားမှာ ဝန်ထမ်းများဖြစ်ပြီး အလယ်တန်းကျောင်းသူ သမီး ၂ ယောက်ပါရှိသဖြင့် အေးပိုကို ကိုယ်စားသလို ကျွေး၊ သင့်တင့်ရုံ အဝတ်အစားဆင်ပြီး လစဉ်လခ အနည်းငယ်သာ ပေးထားနိုင်သောအခြေအနေပင် ရှိသည်။ ဒါပေမဲ့ အေးပိုကတော့ အိမ်တွင် အထူးပင် ပျော်ရွှင်နေပုံပေါက်သည်။

အချိန်တွေ ကြာလာသည်နှင့်အမျှ ကျွန်မ၏ စိတ်ရှည်မှုနှင့် အေးပို၏ ကြိုးစားမှုတို့ကြောင့် အေးပို စာ အနည်းငယ် ရေးတတ်၊ ဖတ်တတ်လာသည်။ ဒါပေမဲ့ အစားအသောက် အလွန်မက်သည့် သူမအကျင့်နှင့် အူတူတူ၊ အတာတာနိုင်မှုကိုတော့ ပြုပြင်၍မရခဲ့ပေ။

အချိန်တွေက လမှန်းသို့ ကူးပြောင်းသွားသည်။ အေးပိုကို အိမ်သို့ခေါ်လာခဲ့သော ဒေါ်လေးကြည် ဆုံးသွားပြီး နောက်နှစ်မှာပင် အေးပိုအတွက် မမျှော်လင့်သော အပြောင်းအလဲတစ်ခု ဖြစ်လာခဲ့သည်။

'အေးပိုကလည်း ဆောင်ချို့သဘောလို့ ပြောတယ်တဲ့ ဒါနဲ့ ဆိုင်ရှင် ဒေါ်ခင်



www.burmeseclassic.com

www.burmeseclassic.com

ညကရောက်လာပြီး ဆရာမကို ပြောပေးပါဆိုလို့ လာပြောတာ'

ကြားစက ကျွန်မဖြင့် ယုံတောင်မယုံ။ အေးပိုနှင့် မောင်ချိုတို့ ကြိုက်နေပြီး လက်ထပ်ချင်သည်ဟုဆိုလာ၏။

မောင်ချိုဆိုတာက ကျွန်မတို့ရပ်ကွက်ထိပ်ရှိ ထမင်းဆိုင်တွင် အလုပ်လုပ်နေသည့် အညာသားဖြစ်သည်။ ထိုဆိုင်ရှင် ဒေါ်ခင်လှ၏ မီးဖိုချောင်ကိစ္စမှန်သမျှ အားထားရသူတစ်ယောက်ဖြစ်သည်။

မောင်ချို အနေအေးတာ၊ ရိုးသားတာ ကျွန်မအသိ၊ ထို့အတူ မောင်ချိုသည် ဆွေမျိုးမဲ့၏၊ ပါးရွဲ့၏၊ သွားကျိုး၏၊ အေးပိုထက် အသက် ၁၀ နှစ်ခန့်ကြီး၏။ သို့သော် အေးပိုအင်မှန်းခေါင်းမှန်း မသိသည့် အခြေအနေကို တစ်ရပ်ကွက်လုံး သိသလို၊ မောင်ချိုလည်း သိပြီးဖြစ်လိမ့်မည်။

'နေပါဦး၊ ညည်းနဲ့ အဲဒီ အညာသားက ကြိုက်နေတာ ဘယ်လောက်ကြာပြီလဲ'

အေးပိုကို မေးရ၊ စမ်းရတော့သည်။

'ဟိုတစ်နေ့ညနေကမှ'

အေးပိုအဖြေကြောင့် ဘုရားတမိသည်။

'ညည်းကို သူက လက်ထပ်ချင်တယ်လို့ ပြောတာလား'

'ဟာ၊ ဒေါ်လေးသွဲ့ကလည်း လက်ထပ်ချင်တယ်လို့ ဘယ်ပြောမလဲ၊ ချစ်တယ်လို့ ပြောတာပေါ့၊ ဟီ ဟီ'

အရပ်ထဲကလည်း ဆွေမျိုးမဲ့သော၊ ပေါတောတော၊ ရုပ်ဆိုးဆိုး အေးပိုအတွက်တော့ မောင်ချိုသည်သာ သူမတစ်ဘဝလုံးစာ အားကိုးထိုက်သောသူဟု ဝိုင်း၍ မှတ်ချက်ချ၏။ ဒီလိုနှင့် အေးပိုနှင့်မောင်ချိုကို ပေးစားလိုက်တော့သည်။

❑

'အေးပိုရယ် ဈေးဘိုး အကုန်လုံး မုန့်စားပစ်တယ်'

'အိမ်က ဒန်အိုးတွေကို အေးပို မုန့်နဲ့ လဲစားလိုက်ပြီ'

'ဒီနေ့ အေးပိုထမင်း မချက်ဘူး၊ ဝက်သားတွေကို ပြုတ်ပြီး တစ်နေကုန်ထိုင်စားတယ်'

မောင်ချိုနှင့် တွေ့သည့်အခါတိုင်း ပါးလေးတရွဲ့ရွဲ့နှင့် အေးပိုအကြောင်းကို တစ်ခေါက်တစ်မျိုး မရိုးရအောင် တိုင်လေ့ရှိသည်။ မောင်ချိုက တစ်နေကုန် ထမင်းဆိုင်မှာလုပ်၊ ထမင်းဆိုင်မှာစား၊ အေးပိုကို ပိုက်ဆံအပ်။ သူမက အိမ်မှာနေ မုန့်မျိုးစုံ ထမင်းလွတ်စားနှင့် ဘာအချုပ်အချယ်မှမရှိ၊ ဆူပြောမည့်သူမရှိ လွတ်လပ်ချင်တိုင်း လွတ်လပ်နေသည်။ ထို့ကြောင့် အရပ်ထဲက အေးပိုကို အရူးကံကောင်းဟု ပြောကြ၏။

'ကိုချိုက ပါးရွဲ့လို့ ရုပ်ဆိုးနေတာကလွဲရင် စိတ်ရင်းသိပ်ကောင်းတယ် ဒေါ်လေးသွဲ့ရဲ့။ ပြီးတော့ ကျွန်မကိုလည်း သိပ်ချစ်တာ။ ဆိုင်က ပြန်ရောက်တာနဲ့ ဖက်ပြီး အနည်းဆုံး သုံးလေးချက်တော့ နမ်းပြီးသားပဲ။ ဟီး ဟီး ဟီး။ တစ်ခါတလေများဆို…'

'ဟဲ့ ဘာတွေ လျှောက်ပြောနေတာလဲ ကလေးတွေရှေ့မှာ၊ တော်တော့'

အေးပိုအူမစေ့ပုံက အဲဒီလို။ ဘယ်သူရှိရှိ သူပြောချင်ရာ စွတ်ပြောတတ်သည်။

ဒီလိုနှင့် အေးပိုက မိနော်ကိုမွေးပြီး မောင်ချိုက မိသားစုစီမံကိန်းနှင့် ကလေးထပ်မယူခဲ့။ မိနော် မူလတန်းကျောင်းသူဖြစ်ပြီး အပေါင်းအနတ် တတ်ခဲ့ပေမဲ့ အေးပိုကတော့ မုန့်နှစ်ရာဖိုး ဝယ်စားပြီး ငါးရာတန်ပေးကာ 'ကျွန်မပိုက်ဆံ ပိုသေးလား' ဟု မေးရဆဲ။

'ကိုချိုကလေး…'အစချီပြီး မည်သည့်ကိစ္စမဆို အိတ်သွန်ဖာမှောက် ပြန်ပြောတတ်သည်မို့ နေ့လယ်နေ့ခင်းဆို အရပ်ထဲရှိ မိန်းမအားတွေက အေးပိုကို မုန့်ဝယ်ကျွေးကာ ပေါက်ကရတွေမေးပြီး တဝါးဝါး၊ တဟားဟား။

ကျွန်မမှာ အလုပ်တစ်ဖက်နှင့် ကိုယ့်မိသားစုအရေးဖြင့် မအားသည့်ကြားက အေးပိုကို သံယောဇဉ်ကြီးစွာနှင့် အမြင်မတော်တာတွေ့လျှင် မနေနိုင်ဘဲ ဝင်ပါရမြဲ၊ ဆိုဆုံးမရမြဲ။ မိနော် ၅ တန်းတက်သည့်နှစ်တွင် အေးပိုအတွက် အရူးကံကောင်းဆိုသည့်စကားက မမှန်တော့ပြန်။ အဘယ့်ကြောင့်ဆိုသော် မောင်ချိုက အကောင်းသားမှ ဗိုက်ကြီးဖောင်းလာ၍ ဆေးခန်းနှင့်အိမ် လွန်းထိုးရတော့သည်။ နောက်ဆုံးတော့ ဆေးရုံနှင့်အိမ် အကြိမ်ကြိမ်ကူးသည့်ဘဝမှ ဗိုက်ကြီးဖောင်းကာ အိပ်ရာဖျာကပ် နေလားညလား။

မောင်ချိုက အိပ်ရာဖျာကပ်မို့ အေးပိုကို မထိန်းနိုင်ချိန်တွင် အေးပိုက ရှိသည့်ပိုက်ဆံကို သမီးလုပ်သူ မိနော်နှင့် တစ်ထိုင်တည်း မုန့်စားပစ်လိုပစ်၊ ဖိနပ်အသစ်ဝယ်စီးပြီး လက်ရှိစီးနေသည့်အကောင်းကို အမှိုက်ပုံမှာ လွှင့်ပစ်လိုပစ်နှင့် သူမစိတ်ထင်တိုင်း လုပ်ချင်ရာ လုပ်နေတော့သည်။

❑

မောင်ချိုဆုံးတော့ အေးပိုမှာ ကိုယ်ဝန် ၂ လ ကျော်ပြီ။ အရပ်ထဲက လူတွေအားလုံးက အေးပိုကိုယ်ဝန်ကို မောင်ချို့ကိုယ်ဝန် မဖြစ်နိုင်ဟု တညီတညွတ်တည်း ကောက်ချက်ချကြသည်။

'ရော့ အေးပိုတို့ သားအမိဖို့ ကိတ်မုန့်ဝယ်လာတယ်၊ ပြီးတော့ ဒေါ်လေးသွဲ့ မေးစရာရှိတယ်၊ မှန်မှန်ဖြေနော်'

အေးပိုက ကိတ်မုန့်ကို သမီးဖြစ်သူ မိနော်နှင့် လုစားရင်း…

'ဘာ မေးမလို့လဲ၊ မေးလေ ဒေါ်လေးသွဲ့'

'အေးပို ဗိုက်ထဲက ကလေးကို မောင်ချို့ကလေး မဟုတ်ဘူးလို့ ပြောနေကြတယ်၊ အဲဒါ ဟုတ်လား'

'ဒေါ်လေးသွဲ့ကလည်း ဘယ်ကလာ ကိုချို့ကလေး ရမှာလဲ၊ ကျွန်မ ဗိုက်ထဲက ကလေးက ကျွန်မကလေး ပေါ့'

နောက်ဆုံး အေးပိုကို လှည့်ပတ်မေးတော့ 'အဲဒီလူက ဟိုဘက်ရပ်ကွက်ကလား၊ တိုးချဲ့ကွက်သစ်ကလား မသိဘူး။ အေးပိုကို အဲဒီနေ့က မုန့်တွေအများကြီး ဝယ်ကျွေးတယ်၊ နောက်လည်း မုန့်စားချင်ရင် သူဝယ်

www.burmeseclassic.com

ကျွေးမယ်တဲ့။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူ့ကိုမှ ပြန်မပြောနဲ့လို့ မှာသွားတယ်'

အူမစေ့သည့် အေးပို အစားမက်သည်ကို အခွင့်ကောင်းယူပြီး လင်ငုတ်တုတ်ရှိပါလျက် အစားတစ်လုတ်ပြပြီး လူမဆန်စွာ ယုတ်မာသွားသည့်လုပ်ရပ်၊ ဘယ်သူဘယ်ဝါမှန်းမသိ၊ ဘာတတ်နိုင်မည်နည်း။

အေးပိုက ဗိုက်တစ်လုံးနှင့် အူမစေ့သည့် ဆွေမဲ့မျိုးမဲ့ မုဆိုးမ။ သမီးမိနော်က ဆယ်ကျော်သက်။ ဘယ်လိုဆက်စခန်းသွားကြမည်နည်း။ လင်ဆွေလင်မျိုး အားကိုးရအောင်လည်း မောင်ချို့အမျိုး ဖြူသလား၊ မည်းသလား မမြင်ဖူးခင် မောင်ချိုသေသွားပြီ။

အေးပိုကတော့ ဗိုက်ကြီးတကားကားနှင့် အရပ်ကကျွေးတာစားပြီး တစ်နေ့တစ်နေ့ ဟီးလား၊ ဟားလား လုပ်နေပေမဲ့ အေးပို မွေးဖွားရက် နီးလာလေ ကျွန်မရင်တွေ ပူလာလေလေ။

ဒီလိုနှင့် အေးပိုကလေးမွေးသည်။ ထိုကလေးက သေသွားသည့် မောင်ချိုလည်းမတူ၊ အေးပိုလည်းမတူ၊ မည်းခေါက်ခေါက်၊ လိမ်ကောက်ကောက်နှင့် အရပ်ကထင်ခဲ့၊ ပြောခဲ့သလို သူ့အဖေ ယုတ်မာကောင်နှင့်တူတာပဲဖြစ်မည်။ ကလေးငယ်ငယ်နှင့် အေးပိုကို အရပ်က ဝိုင်းကြည့်ရသည်။

အေးပို ကလေးအငယ်မ ၈ လသားအရွယ်လောက်တွင် ဟိုအိမ်ဒီအိမ်မှာ တောက်တိုမည်ရလုပ်ရင်း ဝမ်းရေးဖြေရှင်းရပြီး အပျိုပေါက်စ မိနော်က ကလေးခါးထစ်ခွင်နှင့် ကျောင်းမတက်နိုင်တော့။ ကျွန်မလည်း ကိုယ့်မိသားစု အရေးနှင့်မို့ သူတို့သားအမိကို အနေမပျက်အောင် လက်ရှိ တဲသာသာ အိမ်လေး ဆက်ငှားပေးရုံ။ တစ်ခါတစ်ရံ အစားအသောက် ပေးရုံကလွဲပြီး နေ့စဉ်ဂရုမပြုအား။ ဒီကြားထဲ ပြောင်းရွှေ့မိန့်ကျလာသဖြင့် စီစဉ်စရာများကို စီစဉ်ရပြန်၏။

❑

မြို့နှင့် ၂ နာရီကျော်ကျော် ကားစီးရသည့် မူလတန်းကျောင်းလေးကို ပြောင်းရွှေ့ခဲ့ရသဖြင့် တစ်ပတ်တစ်ခါမှပင် အိမ်သို့ ပြန်ရတော့သည်။ တစ်နေ့ အိမ်သို့ သားဖွားဆရာမ ဒေါ်အုံးမေရောက်လာပြီး အေးပိုအကြောင်းကို သတင်းပေးသည်။

အေးပိုကို ဦးဘမြင့်က အစားအသောက်များ လာလာပေးတတ်ပြီး အေးပိုနှင့် လက်ပုတ်ခြေပုတ် စကားပြောနေတာကို မြင်မြင်နေရကြောင်း၊ မိနော်ကလည်း ကလေးခါးထစ်ခွင်နှင့် လမ်းပေါ်တွင်သာ တွေ့နေရကြောင်း၊ အေးပိုအကြောင်းကို သိသဖြင့် စိတ်ပူကြောင်းတို့ဖြစ်သည်။

'အဲဒါမှ ခက်တာပဲ ဒေါ်အုံးမေရယ်။ ခု ချိုတူးမတောင် မောင်ချို့သမီးမဟုတ်ဘူးဆိုတာ တစ်ရပ်လုံးသိတယ်။ အေးပိုက အူတူတူရယ်၊ ဦးဘမြင့်ဆိုတဲ့ လူကြီးကလည်း သူ့ရုပ်ရည် သန့်သန့်ပြန့်ပြန့်ကြီးနဲ့မလိုက်အောင် ရှုပ်တဲ့သူကြီး။ ဘာပဲဖြစ်ဖြစ် အေးပိုအတွက်တော့ မကောင်းလှဘူး၊ အရင်တစ်ခါလို ဖြစ်ရင် ဒုက္ခ'

'အဲဒါ ပြောတာပေါ့ ဆရာမရယ်။ တစ်နေ့က ဦးဘမြင့်က ဒံပေါက်စားမလား၊ သူဝယ်ကျွေးမယ်လို့ ပြောသတဲ့။ ကျွန်မကို မိနော်ပြန်ပြောလို့ သိတာ။ ပြီးတော့ မိနော်ကလည်း အရွယ်လေးရောက်လာပြီ။ အေးပိုက သူ့ကိုယ်သူတောင် ဘာမှန်းမသိတာ မိနော်ကို ဘယ်လိုထိန်းမလဲ။ ကျွန်မလည်း သိသိချင်း ဆရာမကို လာပြောတာ။ အေးပိုတို့သားအမိ ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်ဘူး'

အေးပိုက တစ်ကောင်ကြွက်ဆိုပေမဲ့ ကိုယ့်အိမ်မှ ထွက်သွားသူဖြစ်သဖြင့် သူမကိစ္စမှန်သမျှ ကိုယ်က ဦးဆောင်ဖြေရှင်းရသည်ချည်းပင်။ လူတိုင်းက ကိုယ့်ရပ်တည်မှုနှင့်ကိုယ်မို့ အချိန်ပြည့် မစောင့်ရှောက်နိုင်။ အေးပိုတို့သားအမိတွေ၏ ရှေ့ရေးနှင့်ပတ်သက်ပြီး စဉ်းစားရပြီ။ ထိုအတွေးတွေကြောင့် အိပ်ပျက်ညတွေ များခဲ့သည်။ ဘာလုပ်ပေးရင် ကောင်းမည်နည်း။ ကိုယ်ဘာလုပ်နိုင်သနည်း။ အကြိမ်ကြိမ် စဉ်းစားပြီးနောက်မှာတော့ အကောင်းဆုံးနည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့၏။

❑

'အေးပိုက ရူးပေမဲ့ ဆရာမကြီး အစီအစဉ်ကို လက်ခံမယ် မထင်ဘူး'

'မိနော်က သူ့အမေကို သိပ်ချစ်တာ၊ ဖြစ်ပါ့မလား'

လူအချို့က ထိုသို့ စိုးရိမ်စကားဆိုသည်။

'သူ့ကိုယ်သူ ကျောင်းဆရာမဆိုပြီး သူသိ သူတတ်လုပ်တာ'

'သူ့မှာလည်း သမီး ၂ ယောက်နဲ့ တစ်နေ့ဝင့်လည်လိမ့်မယ်'

တချို့ကလည်း ဤသို့ ဝေဖန်သည်။ သူတို့ပြောသလိုပင် ကိုယ်လည်း သမီး ၂ ယောက်မိခင်မို့ အကြိမ်ကြိမ် စဉ်းစားပြီးမှ ထိုဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်သည်။ အေးပိုကို နားလည်အောင်ရှင်းပြတော့ 'ဒေါ်လေးသွဲ့ သဘောလေ'ဟုဆိုကာ ထမင်းစားလက်စ မပျက်။

နောက်ဆုံး လိုအပ်သည့် စာရွက်စာတမ်းတွေ ပြည့်စုံတော့ မိနော်နှင့် ချိုတူးမကို လူမှုဝန်ထမ်းကျောင်းကို ပို့ပေးခဲ့သည်။ အမေဆီကို လိုက်ချင်၍ ခါးကော့ကော့ပြီး ငိုနေသော ချိုတူးမ၊ 'သမီး အမေနဲ့ပဲ နေချင်တယ်၊ ဒီမှာ မနေပါရစေနဲ့နော် အမေသွဲ့၊ သမီးကို ပြန်ခေါ်သွားပါ'လို့ မျက်ရည်တွေတွေကျပြီး တတွတ်တွတ် ပြောနေသော မိနော်။ နောက်ဆုံးတော့ မိဘမဲ့ကျောင်းမှ ဆရာမတွေနှင့်အတူ ချိုတူးမကိုချီရင်း လက်တပြပြ ကျန်ခဲ့သည့် မိနော်ကို မျက်စိထဲက မထွက်တော့၊ ထိုနေ့က ရင်ကွဲလုခမန်း ရင်နာခဲ့ရသည်။

ညဘက်ရောက်တော့ အေးပိုနှိုးသက်၍ ရေနွေးဖ... ကပ်ပေးရင်း မျက်ရည်... ဆည်နိုင်တော့။ 'ဒေါ်လေး... က ဘာလို့ငိုတာလဲ၊ မိနော်... ချိုတူးမတို့ကို သတိရ... လား'ဟု ကြောင်တက်တ... အကြည့်နှင့် အေးပို အမေ... အဖြေမပေးတတ်တော့... 

ဒီလိုနှင့် ကိုယ်ပြော...



www.burmeseclassic.com

www.burmeseclassic.com

ရွှေခါနီးတော့ အေးပိုကို လူရင်းဖြစ်သူ ဒေါ်ခင်လှဆိုင်တွင်အပ်ကာ အလုပ်လုပ်စေခဲ့သည်။ တစ်မြို့စီ ခြားသွားပြီးနောက် ဒေါ်ခင်လှကတစ်ဆင့် မိနော်က အလယ်တန်းကျောင်းသူမို့ ရင်ခွင်ပိုက်အရွယ် ညီမဖြစ်သူ ချိုတူးမနှင့် တစ်နေရာစီ ကွဲသွားပြန်သည်ဟု သိရသည်။

ဒေါ်ခင်လှ စာနှင့်အတူ တွဲပါတတ်သော ဗလာစာရွက် ခပ်နွမ်းနွမ်းပေါ်မှ အေးပို၏လက်ရေး ကောက်ကွေးကွေးနှင့် သတ်ပုံမမှန်သော စာသုံးလေးကြောင်းကို ဖတ်ရင်း မျက်ရည်ကျခဲ့တာ အကြိမ်ကြိမ်။ အေးပိုတို့သားအမိ ရှေ့ရေးကို မျှော်မှန်းပြီး ဆေတနာမိုး ရွာသွန်းခဲ့ပေမဲ့ ထိုမိုးကြောင့် အေးပိုတို့သားအမိ ဥကွဲသိုက်ပျက် ဖြစ်စေပြီလားဆိုသည့် အတွေးက အမြဲလိုနှိပ်စက်နေတော့သည်။

❑

'တီ၊ တီ၊ တီ၊ တီ'

ပြတင်းဝတွင် ရပ်၍ အဝေးကို ငေးရင်း အတိတ်ထမ်းကို ပြန်လျှောက်နေသည့် အတွေးတွေက ဆိုင်ကယ်ဟွန်းသံကြောင့် ပစ္စုပ္ပန်သို့ ပြန်ရောက်လာသည်။

ခင်ပွန်းဖြစ်သူပင် အဆောင်နေ တက္ကသိုလ်ကျောင်းသူ သမီး ၂ ယောက်အ အကြော်အလှော်ပို့ပြီး ပြန်လာပြီ။ သူက ဆိုင်ကယ်ကို အိမ်အောက်တွင်ရပ်လိုက်ရင်း 'ကောင်းလိုက်တဲ့ မိုးကွာ'ဟု ပြောလိုက်ရာ...

'ဟုတ်ပါ့၊ မိုးရွာတာကို ကျွန်မ သိပ်မုန်းတာ'ဟု ပြန်ပြောလိုက်မိသည်။ ထိုအခါ သူက 'မိုးကိုတော့ မမုန်းလိုက်ပါနဲ့ဗျာ၊ ကောက်ပင်တွေက မိုးလိုသေးတယ်။ ဒီမိုးရွာမှ စပါးအထွက်တိုးမှာဗျား၊ မဟုတ်လို့ကတော့ မျိုးဆုံးကုန်မှာ'ဟု စိုက်ပျိုးရေးအရာထမ်းပီပီ သူ့လုပ်ငန်းအကြောင်းပြောကာ ပလတ်စတစ်အိတ်လေး တစ်အိတ်နှင့် ထည့်ထားသည့် စာအိတ်တစ်အိတ်ကို လှမ်းပေးရင်း...

'စာတိုက်မှာ မင်းစာတွေ့လို့ ယူလာတာ'ဟု ပြောသည်။

စာအိတ်ကလေးကို ဖွင့်လိုက်တော့ ရောင်စုံဓာတ်ပုံနှင့် စာတစ်စောင်။ ဓာတ်ပုံထဲတွင် အေးပိုမျက်နှာနှင့် ချွတ်စွပ်တူသော အပျိုမလေးနှင့် ဆံပင်လိမ်ကောက်ကောက်၊ မျက်နှာမည်းခေါက်ခေါက်နှင့် ၆ နှစ်အရွယ် ကလေးမလေး တစ်ယောက်။ နှစ်ယောက်လုံးက ကျောင်းဝတ်စုံ အဖြူအစိမ်းဝတ်ကာ လွယ်အိတ်ကလေးကိုယ်စီ လွယ်ထားကြသည်။ စိတ်လှုပ်ရှားခြင်းများစွာဖြင့် စာခေါက်လေးကို ကမန်းကတန်း ဖွင့်ဖတ်လိုက်မိသည်။

*အမေသွဲ့*

*သမီး သတိရစွာနဲ့ စာရေးလိုက်ပါတယ်။ ခုနှစ် သမီး ၁၀ တန်းတက်နေပြီ။ သမီးတို့ညီအစ်မ မန္တလေးမှာ အတူတူပြန်နေရပြီ။ သမီးတို့ဆီကို ကြီးကြီး ဒေါ်ခင်လှနဲ့အတူ အမေလာတွေ့တယ်။ ညီမလေးကတော့ အမေသွဲ့ကို မသိဘူး။ ဒါကြောင့် အမေသွဲ့က ကျောင်းဆရာမကြီး၊ အစ်မတို့ကို စာဆက်သင်နိုင်အောင် ဒီကို ပို့ပေးတဲ့သူလို့ ပြောပြရတယ်။ ကြီးကြီး ဒေါ်ခင်လှက ပြောတယ်။ သမီးဘွဲ့ရပြီး အလုပ်ရရင် အမေနဲ့ ညီမလေးနဲ့ အတူ ပြန်နေလို့ရအောင် အမေ့ပိုက်ဆံတွေလည်း သူ့ဆီမှာ စုထားပေးတယ်တဲ့။ သမီး စာကြိုးစားပါတယ်။*

*သမီးတို့ညီအစ်မ ဒီလို စာသင်နိုင်တာ အမေသွဲ့ကြောင့်ပါ။ အမေသွဲ့စေတနာကို သမီး နားလည်ပါပြီ။ ဒီစာနဲ့အတူ သမီးတို့ ညီအစ်မ ဓာတ်ပုံပါ ထည့်ပေးလိုက်တယ်။*

*အမေသွဲ့လည်း ကျန်းမာပါစေ၊ ရိုသေစွာဖြင့် သမီးကန်တော့လိုက်ပါတယ်။*

*မိနော်*

စာဖတ်ပြီးတော့ ဓာတ်ပုံလေးကို တစ်ခေါက်ပြန်ကြည့်မိပြန်သည်။ မိနော်က ချစ်စရာလေး။ မိနော်ဘေးက ချိုတူးမလေးကတော့ အပြစ်ကင်းသည့် မျက်နှာလေးနှင့် သနားစရာ။ စိတ်ထဲတွင် ကြည်နူးခြင်းနှင့် ဝမ်းနည်းခြင်းဆိုသည့် ခံစားချက်နှစ်ခုက တစ်ပြိုင်တည်း ပေါ်လာသည်။ အေးပိုတို့ သားအမိအတွက် ကိုယ်မျှော်လင့်ခဲ့သလို ပျော်ရွှင်စရာကောင်းမည့် အနာဂတ်က မဝေးတော့ပြီ။

ပြတင်းအပြင်ကို အကြည့်ရောက်တော့ မိုးက သည်းကောင်းတုန်း။ အပြင်မှာတော့ မိုးကိုမျှော်ပြီးမှ စပါးပင်တွေက အသီးအနှံတွေ ဖူးရပေမဲ့ ကျွန်မရင်ထဲက မေတ္တာမိုးကတော့ ပွင့်လန်းလာမည့် ပန်းလေးတွေကို မျှော်လင့်ပြီး ရွာသွန်းခဲ့ရခြင်းဖြစ်သည်။ ■

ကျူရီ

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁။

ထမင်းစားပြီးတာနဲ့ ကျုပ် ဆွဲတောင်းထဲက မြန်မာ့အလင်းသတင်းစာကို ဆွဲယူလိုက်တယ်။ ဘေးချင်းကပ်နေတဲ့ဆိုင်က မသန်းကြည်ရဲ့ မျက်စောင်းကို ဖျတ်ခနဲလှမ်းမြင်လိုက်ရလို့ ကျုပ်ရင်ထဲအောင့်သက်သက်ဖြစ်သွားပေမဲ့ မသိချင်ယောင်ဆောင်

ကာတွန်းတွေ ဖတ်ကြတာများတယ်။ တချို့ကလည်း ဝတ္ထုလေး၊ မဂ္ဂဇင်းလေးဖတ်ကြတယ်။ ကျုပ်တို့မြို့လေးက စာရူးပေရူးတွေ ပေါတယ်လို့ ပြောရမလားပဲ။ တချို့အသက်ခပ်ကြီးကြီး ဆိုက်ကား




# ယင်ကောင်မျက်လုံးများနှင့် ကခုန်ခြင်း

လိုက်ရတယ်။ ကျုပ်သတင်းစာဖတ်တာကို သူတို့ဝိုင်းဟားတတ်ကြမှန်း ကျုပ် သိသားပဲ။

သူတို့ဆိုတာ ကျုပ်လိုပဲ ငါးစိမ်းသည်တွေကို ပြောတာ။ အင်းလေ၊ ကျုပ်တို့ မြို့လေးမှာက သတင်းစာဆိုရင် သက်ကြီးပိုင်းလူကြီးတွေပဲ ဖတ်ကြတာကိုး။ ကျုပ်လို နှစ်ဆယ့်ခုနှစ်၊ နှစ်ဆယ့်ရှစ်အရွယ်တွေက သတင်းစာ သိပ်ဖတ်ကြတာမှ မဟုတ်ဘဲ။

ကျုပ်တို့ ငါးစိမ်းတန်းမှာ ဒီလိုနေ့လယ်ခင်း လူပါးချိန်ဆိုရင် တရေးကိုယ်စီနဲ့ ငြိမ်လို့။ တရေးဆိုလို့ ပြောရဦးမယ်၊ ငါးစိမ်းသည်အဒေါ်များများက ရုပ်ပြ

သမားကြီးတွေဆိုရင် လမ်းထောင့်ဒိုင်ကြီးကို အောက်မှာ ဆိုက်ကားလေးထိုးပြီး ရွှေ ဖတ်နေတာကို ကျုပ် တွေ့ဖူးသေးတယ်။

ကျုပ်ကတော့ ဒီအချိန်မှာ သတင်းစာလေးဖတ်လိုက်ရမှ နေသာထိုင်သာရှိတာ လေး။ မဟုတ်ရင် ကျုပ်စိတ်ထဲ တစ်စုစုလိုနေသလိုပဲ။ သတင်းစာက ကျုပ်တို့မြို့လေးကို ညနေ ၃ နာရီလောက်မှ ရောက်တာဆိုတော့ ဒီနေ့သတင်းစာကို နောက်နေ့မှ ဖတ်ရတယ်။ ကျုပ်က သတင်းစာကို ကျုပ်သကြီးဆီက ငှားဖတ်တာကိုး။ တစ်ခါတလေတော့ ယူညီ သတင်းစာက ယူ တစ်ရက်၊ လေးငါးရက်။



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာမလာတဲ့နေ့များဆို အပေါင်းတွေချည်း လိမ့်ပိန့်ဖတ်နေရတယ်။

ကျုပ် လက်စွဲတော် နောက်တစ်ခုလည်း ရှိသေးတယ်။ ရေဒီယိုလေ။ အဲဒီ သတင်းစာနဲ့ ရေဒီယိုပိုးက ကျုပ်ဘကြီးဆီကနေ ကူးခဲ့တာ။ ညခုနစ်နာရီဆိုရင် အမေရယ်၊ ကျုပ် ညီမရယ်၊ မောင်လေးရယ်က တီဗွီရှေ့မှာ ကိုရီးယားဇာတ်လမ်းတွဲကို အားပေး။ အဖေက လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သူ့အပေါင်းအသင်းတွေနဲ့ လေကန်။ ကျုပ်ကတော့ ရေဒီယိုတစ်လုံးနဲ့ အခန်းထဲမှာ တစ်ယောက်တည်းငြိမ့်လို့။

ကျုပ် အဲဒီလိုရေဒီယို နားထောင်နေတာကို အမေက မျက်စိ ဆံပင်မွေးစူးသလား မမေးနဲ့။ ကျုပ်ကိုများ ဘယ်လို ပြောတယ်မှတ်သလဲ။

'တကတည်းတော် သူ့ကိုယ်သူ ဝါရင့်နိုင်ငံရေးသမားများ မှတ်နေလား မသိဘူး။ သူသေရင် အဲဒီရေဒီယိုကိုပါ ထည့်ပေးလိုက်မှ အသေဖြောင့်မယ်ထင်တယ်'တဲ့။

ကဲ…ကျုပ် အမေက အဲဒီလို။ နိုင်ငံရေးသမားဖြစ်မှ ရေဒီယိုနားထောင်ရမယ်လို့ တရားသေသတ်မှတ်ထားတဲ့လူ။ ကျုပ်ကတော့ အမေ ဘာပြောပြော ကျုပ် ရေဒီယိုလေးကို လက်မလွှတ်နိုင်ဘူး။ ဟုတ်တယ်လေ။ အဲဒီရေဒီယိုလေး နားထောင်လို့လည်း မြန်မာ့အသံက ညခုနစ်နာရီမှာလာတဲ့ နိုင်ငံတကာသတင်းတို့ဘာတို့ကို ကျုပ် မှတ်မှတ်သားသား ရှိနေခဲ့တာလေ။

> တကတည်းတော်
> သူ့ကိုယ်သူ
> ဝါရင့်
> နိုင်ငံရေး
> သမားများ
> မှတ်နေလား
> မသိဘူး
> သူ
> သေရင်
> အဲဒီရေဒီယိုကိုပါ
> ထည့်ပေးလိုက်မှ
> အသေဖြောင့်မယ်
> ထင်တယ်

ကျုပ်က ဝမ်းရေးအတွက် ငါးစိမ်းသည်သာ လုပ်စားနေတာ။ ဘွဲ့တော့ရပြီးပြီ။ ဘကြီးပြောတာက ဒီခေတ်မှာ ဘွဲ့မရရင် လူရာမဝင်ဘူးတဲ့။ အင်းလေ၊ ကျုပ်အဖေရဲ့အစ်ကိုအရင်းဖြစ်တဲ့ ကျုပ် ဘကြီးက အငြိမ်းစားအရာရှိဆိုတော့ ကျုပ်ထက်ပိုသိမှာပေါ့။

'ညီမ၊ ငါးဖယ်ခြစ်တစ်ဆယ်သား ဘယ်လောက်လဲ'

'ငါးရာ့ငါးဆယ်။ ငါးဖယ်အစစ်၊ ဘာမှရောမထားဘူး။ ဘယ်လောက်သားယူမလဲ အစ်မ'

တွေ့လား။ စာဖတ်နေတုန်းမှာ အဲဒီလိုဝယ်သူလာရင် သိပ်ဖိမ်ပျက်တာပဲ။ တော်သေးတာပေါ့။ ကျုပ် သတင်းစာကို ဖြန့်ကြည့်ရုံကြည့်မိသေးလို့။ ဖတ်နေချိန်မှာဆိုရင်တော့ ကျုပ်စိတ်ထဲ ဘယ်လောက်များ အနှောင့်အယှက်ဖြစ်ရတယ် မှတ်သလဲ။ ကျုပ် သတင်းစာကို အသာလေးပြန်ချထားပြီး ငါးဖယ်ခြစ်တစ်ဆယ်သားကို ဆိုးဆိုးဆတ်ဆတ်ချိန်ပေးလိုက်ရတယ်။

❑

၂။

'ဘကြီး၊ ဒီနေ့ သတင်းစာ လာပြီလား'

'အေး၊ အခုအချိန်ထိ လာမပို့သေးဘူး သမီးရေ'

ကျုပ် ခြံဝင်းထဲလှမ်းဝင်ဝင်ချင်းမှာပဲ ခြံထဲမှာ ပက်လက်ကုလားထိုင်လေးချပြီး ဂျာနယ်ဖတ်နေတဲ့ ဘကြီးကို တွေ့လို့ အဲဒီလို လှမ်းမေးလိုက်မိတယ်။ ခါတိုင်း အခုလိုညနေခင်းဆိုရင် ဘကြီးက သတင်းစာ ဖတ်နေကျလေ။ အဲဒီခဏလေးမှာပဲ ကျုပ်မျက်လုံးတွေက ဘကြီးကိုကျော်ပြီး ဘကြီးတို့အိမ်ရဲ့ အိမ်ပေါ်ထပ်ပြတင်းတံခါးကို လှမ်းကြည့်လိုက်မိတာ။ ဘကြီးသမီး အငယ်မက စူပုပ်ပုပ်မျက်နှာကြီးနဲ့ ကျုပ်ကို ကြည့်နေမှန်းတွေ့လိုက်ရလို့ ကျုပ်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ကြည့်စမ်း နှာခေါင်းကိုတောင် တမင်တကာ ရှုံ့မဲ့ထားလိုက်သေးတယ်။

ကျုပ် မျက်နှာကို ဆတ်ခနဲမော့ပစ်ပြီး ကျုပ်တို့အိမ်ဘက်ကို လှည့်ထွက်လာခဲ့လိုက်တယ်။ သူတို့အချိုးတွေကို ကျုပ် မသိတာမှတ်လို့။ ကျုပ်တို့ကို မြင်တာနဲ့ ဘကြီး မိန်းမရော သူ့သမီးနှစ်ယောက်ကပါ မတူသလို မတန်သလို မျက်နှာပေးမျိုးတွေနဲ့။ သူတို့ က ကျုပ်တို့မိသားစုကို သိပ်ပြီးအရောတဝင်နေတာ မဟုတ်ဘူး။ ဘကြီးနဲ့ ကျုပ်တို့က တစ်ခြံတည်းနေတာဆိုတော့လည်း မမြင်ချင်လည်း မြင်နေရတာပဲ။ ဒီခြံကြီးက ဘကြီးနဲ့ ကျုပ်အဖေတို့ တစ်ယောက်တစ်ဝက်စီ အမွေရထားတာလေ။ ဘကြီးတို့နှစ်ထပ်တိုက်အိမ်ကြီးနဲ့ ကျုပ်တို့ ပျဉ်ထောင်သွပ်မိုးအိမ်လေးကြားမှာ ခြံစည်းရိုးမကာရသေးတော့လည်း ဒီလိုစိတ်အနှောင့်အယှက်ဖြစ်စရာတွေက အလကားနေရင်း အလည်လာနေတော့တာပဲ။

ဘကြီးတို့မိသားစုမှာ ဘကြီးတစ်ယောက်ပဲ ကျုပ် တို့မိသားစုကို ကောင်းကောင်း မွန်မွန်ဆက်ဆံတာ။ ကျုပ် ဆယ်တန်းတစ်နှစ်ကျပြီး ည ကျောင်းပြောင်းတက်တုန်းက ဘကြီးမိန်းမနဲ့ သူ့သမီးနှစ် ယောက်က ကျုပ်ကို မဲ့ရွဲ့ လိုက်ကြတာများ။ ပြီးတော့ သူတို့အရာရှိ ပါးစပ်တွေနဲ့ ကျုပ်ကြားအောင် ဘယ်လို ပြောတယ်မှတ်သလဲ။

'ငါးစိမ်းသည် သား သမီးလက်က ဆေးထိုးအပ် ကိုင်နိုင်တာ ထုံးစံမရှိဘူး'တဲ့

ကဲ…ကြည့်။ ဒါ ကျုပ်ပြန်ပြောရင် ကျုပ် အလွန်ပဲဖြစ်ဦးမှာ။ ပြော တဲ့စကားတွေကို အတင်း ပြီး ရင်ထဲမှာပဲ ပေါက်ကွဲ လိုက်ရတယ်။ ဟုတ်တ လေ။ ငါးစိမ်းသည် သ သမီးက ဆေးထိုးအပ်ကိုင



www.burmeseclassic.com

www.burmeseclassic.com

တာ မကိုင်နိုင်တာ သူတို့နဲ့ဘာဆိုင်တာမှတ်လို့၊ ကံကြမ္မာကို သူတို့ကပဲ လက်ဝါးကြီးအုပ်ထားနိုင်တာကျနေတာပဲ။ တကတည်း။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ မဖြစ်ရင် လူမဟုတ်တော့သလိုလိုနဲ့။

ဘကြီးကတော့ ကျုပ်ကို ဆယ်တန်းအောင်အောင်ဖြေဖို့ အားပေးရှာတယ်။ ဒီလိုနဲ့ပဲ အဖေ အောက်တန်းစာရေး၊ အမေ ငါးစိမ်းသည်မရဲ့သမီးကြီး ကျုပ်က ဆယ်တန်းကို နှစ်ဘာသာဂုဏ်ထူးကြီးများနဲ့တောင် အောင်ခဲ့တာ။ ကျုပ် ဘကြီးသမီးနှစ်ယောက် ဆယ်တန်းအောင်တုန်းက ဘာဂုဏ်ထူးတစ်ခုမှ မပါတဲ့အပြင် သူတို့ရမှတ်က တစ်ဘာသာကို လေးဆယ်တည်းရခဲ့တာ ကျုပ် သိသားပဲ။ ကျုပ် သူတို့မျက်နှာကို ကြည့်ရတာ အဲဒီနေ့က အရသာအရှိဆုံးပဲ။

ကျုပ်ရဲ့ ရမှတ်က အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုကို လျှောက်လို့ရတယ်ဆိုပေမဲ့ အဲဒီကတည်းက ကျုပ်က တကယ့်အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကို တက်နေရတဲ့ ငါးစိမ်းသည်တစ်ယောက်ဖြစ်နေခဲ့တာလေ။ ကျုပ်အောက်မှာ ကျုပ်လိုပဲ ညာတတ်ဖြစ်ချင်တဲ့ မောင်တစ်ယောက်နဲ့ ညီမတစ်ယောက်အတွက် ငွေတံတားကြီးကို ကူပြီးတည်ဆောက်နေရဦးမှာမို့ ကျုပ် အဝေးသင်တက္ကသိုလ်ကိုပဲ ရွေးချယ်ခဲ့တယ်။

အခုတော့ ကျုပ်မောင်လေးနဲ့ ညီမလေးလည်း ကျောင်းပြီးလို့ ညီမလေးက မူလတန်းပြဆရာမလေး ဖြစ်နေပြီ။ မောင်လေးကတော့ အလုပ်ရွေးတုန်းပဲ။ ကျုပ်ဆိုင်မှာ ဝိုင်းကူပါဆိုတော့လည်း ငါးစိမ်းတန်းမှာ မနေချင်ဘူးတဲ့။ အမေကတော့ သူ့သားလေး စိတ်ချမ်းသာတဲ့အလုပ်ကို လုပ်ပါစေလို့ အမိန့်ထုတ်ထားတာပဲ။

ကျုပ် ရေဒီယိုလေးကို ဖွင့်ပြီး ဖျာပေါ်မှာ တစ်ကိုယ်လုံးပစ်လှဲချလိုက်မိတယ်။ ညောင်းညာနေတဲ့ခြေထောက်တွေကို ကွေးချည်ဆန့်ချည်လုပ်ရင်း နားကလည်း ရေဒီယိုဘက်ကိုစွင့်ထားရသေးတယ်။

ဟင်၊ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ အိုဘားမားက အနိုင်ရသွားတယ်ဆိုပါလား။ ဒါဆိုရင် အရှေ့အလယ်ပိုင်းကိစ္စတွေကို သူ ဘယ်လိုကိုင်တွယ်မှာပါလိမ့်။ အာဖဂန်နစ္စတန်နဲ့ အီရတ်ပြည်သူတွေကရော သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက် အိုဘားမားကို အားကိုးနေကြသလား။ ပထမဦးဆုံး လူမည်းသမ္မတမို့ လူဖြူတွေစိတ်ထဲမှာ ဘယ်လိုများ ခံစားနေရပါလိမ့်။ အို၊ ကျုပ်အတွေးတွေက ကမ္ဘာတစ်လွှားခရီးဆန့်နေလိုက်တာများ။

❑

၃။

'သိလား မသန်းကြည်၊ အမေရိကန်မှာ အိုဘားမားက သမ္မတ ဖြစ်သွားပြီတဲ့'

'ဘာလဲ အိုဘားမား ဆိုတာ'

အူလည်လည်ပြန်မေးလိုက်တဲ့ မသန်းကြည့်စကားကြောင့် ကျုပ် ကိုယ့်ပါးစပ်ကိုယ် ပြန်ရိုက်လိုက်တာပဲ။ မနက်မိုးလင်းလို့ ဈေးထဲရောက်ရောက်ချင်း ညတုန်းက နားထောင်ထားတဲ့ သတင်းထူးလေးကို ပြန်ပြောမိပါတယ်။ ပြောပြမိတဲ့လူကလည်း အိုဘားမားဆိုတာကို ဘာမှန်းမသိတော့ ကျုပ် ဘယ်လောက်အထိ အောင့်သက်သက်ဖြစ်သွားတယ် ထင်သလဲ။

'အိုဘားမားဆိုတာ လူပေါ့။ လူထဲမှာမှ အသားမည်းလို့ လူမည်းလို့ နှိမ်ပြီးခေါ်တဲ့ လူမည်း၊ လူမည်း'

မသန်းကြည်ကို ဆောင့်ဆောင့်အောင့်အောင့်ရှင်းပြပြီး ကျုပ် ဈေးဗန်းကိုခင်းလိုက်တယ်။ ရေခဲရိုက်ထားတဲ့ ခြစ်ပြီးသား ငါးဖယ်တွေကို ကစ်ပုံးထဲက ထုတ်ပြီး ဓားမနဲ့ နုပ်နုပ်စဉ်းရသေးတယ်။ ဒါမှ အခုပဲခြစ်ထားသလိုလို လတ်လတ်ဆတ်ဆတ်ဖြစ်နေတယ်လို့ ထင်ရမှာလေ။ ပြီးတော့ ငါးဖယ်အကောင်လိုက်တွေကို ကစ်ပုံးထဲက နှိုက်ထုတ်ပြီး စဉ်းတီတုံးဘေးမှာ ပုံထားလိုက်တယ်။ သဏ္ဍာန်လုပ် သရုပ်တူရမယ် မဟုတ်လား။

'စိုးမြတ်သူဇာကြီးက ဝ,လာလိုက်တာ။ ဒါပေမဲ့ သူက ဝလည်းလှနေတာပါပဲ ဟယ်'

ဈေးဆွဲခြင်းလေးကိုယ်စီနဲ့ ကျုပ်ဆိုင်ရှေ့မှာ လာရပ်တဲ့ အသက်ငါးဆယ်အရွယ် မိန်းမကြီးနှစ်ယောက်ထဲက ခပ်ဝဝ မိန်းမကြီးတစ်ယောက်က အဲဒီလိုပြောလိုက်တယ်။ ကျန်တဲ့တစ်ယောက်က ငါးဖယ်ထည့်ဖို့ ဖက်ရွက်ကလေး အသင့်ကိုင်ထားတဲ့ကျုပ်ကို ဝေ့ကြည့်ရင်း -

'အေး ဟုတ်တယ်။ ငါလည်း စိုးမြတ်သူဇာကို ကြိုက်တယ်'လို့ ထောက်ခံလေရဲ့။ ရုပ်ရှင်ကြမ်းပိုးတွေဆိုတာ လေသံကိုနားထောင်ရုံနဲ့ သိသာလွန်းတယ်။ သူတို့ရုပ်ရှင်သမိုင်းက တော်ရုံနဲ့ မပြီးနိုင်ဘူး။ သူတို့ကိုယ်ပေါ်က အဝတ်အစားခပ်နွမ်းနွမ်းတွေကို ကြည့်ရင်း ကျုပ် ဘကြီးပြောဖူးတဲ့ စကားလေးတစ်ခွန်းကို ဖျတ်ခနဲသတိရလိုက်မိတယ်။ ညဘိုင်စကုပ်၊ နေ့ဆန်ပြုတ်တဲ့။ အင်းလေ၊ ဒီလိုကျေးဇူးရှင်တွေရှိနေလို့လည်း မင်းသား၊ မင်းသမီးတွေက ရင်ကော့ခေါင်းမော့ပြီး ရပ်တည်နိုင်တာမဟုတ်လား။

ကျုပ်တို့ဈေးက သတင်းစုံလင်တဲ့ ရပ်ကွက်ကြီးတစ်ခုလိုပဲ။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ်။ သတင်းထူးလေးများရှိပြီဆိုတာနဲ့ တစ်မုဟုတ်ချင်း သတင်းပြန့်သွားတတ်တဲ့နေရာဆိုတော့လည်း သတင်းတွေက ကျုပ်ရေဒီယိုလေးလို ဖွင့်စရာမလိုဘဲ အလိုလိုကြားနေရတာလေ။ ဘယ်မင်းသားနဲ့ ဘယ်မင်းသမီးက ဘယ်လိုဘယ်ဝါဆိုတာကအစ၊ ဘယ်သူ့သမီးနဲ့ ဘယ်သူ့သားက ဘယ်နေရာမှာချိန်းတွေ့ကြတယ်ဆိုတာ အဆုံး…အို စုံလိုက်သမှ စုံ…စုံ…စုံလို့ မြည်နေသလိုပဲ။ တရားအကြောင်း၊ ရုပ်ရှင်အကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်း။ အဲ မကြားရတဲ့ သတင်းတွေလည်း ရှိသေး

www.burmeseclassic.com

တယ်၊ နိုင်ငံတကာသတင်းတွေလေ။ အိုဘားမားတို့၊ ကျန့်ဇီမင်းတို့၊ ဘန်ကီမွန်းတို့က ကျုပ်တို့ဈေးထဲကို အလည်ရောက် မလာကြဘူး။

'ရီရီရေ၊ နင် အဲဒီမှာပြီးရင် ဒီမှာငါ့ကို စာရင်းလာလုပ်ပေးဦး'

'ဟုတ်ကဲ့၊ လာပြီအမေ'

ဆိုင်အနောက်ဘက်မှာ ပုစွန်လာသွင်းတဲ့ တံငါသည်တွေနဲ့ အလုပ်ရှုပ်နေတဲ့ အမေ့အသံက ကျုပ်အတွေးစကို တိခနဲဖြတ်ချပစ်လိုက်တယ်။ ကျုပ်တို့ဆိုင်က ဆိုင်တစ်ဝက်၊ ဒိုင်တစ်ဝက်လို့ ပြောရမလားပဲ။ ဒူရင်းဆိပ်တို့၊ မင်န်းဆိပ်တို့က တက်လာတဲ့ တံငါသည်တွေဆီကနေ ငါး၊ ပုစွန်တွေကို ဝယ်။ ပြီးရင် ရေခဲလေးရိုက်ပြီး ရန်ကုန်ဈေးကွက်ပို့။ အခုဆိုရင် ကျုပ်တို့ပို့ကုန်တွေက တော်တော်လေး အရှိန်ရနေပြီ။

စာရင်းအင်းတွေကို ကျုပ်တစ်ယောက်တည်း ကိုင်တွယ်ရင်း မနိုင်မနင်းဖြစ်လာလို့ ကျုပ်လိုပဲ အဝေးသင်နဲ့ဘွဲ့ရထားတဲ့ အလုပ်သမား၊ အဲလေ…ယဉ်ယဉ်ကျေးကျေး ခေါ်ရင် ဝန်ထမ်းကောင်မလေးတစ်ယောက်ခန့်ထားမိပါတယ်။ လာချင်တဲ့နေ့လာပြီး ပျက်ချင်တဲ့နေ့ပျက်။ ဒီနေ့လည်း ခေါင်းကိုက်လို့ဆိုလား၊ ဗိုက်အောင့်လို့ဆိုလား အလုပ်မဆင်းနိုင်ဘူးလို့ ကြိုတင်သတင်း ပို့ထားလေရဲ့။

❑

၄။

'ငါးဖယ်ခြစ်တစ်ဆယ်သား ဘယ်လောက်…

ပုပ်အဲ့ဆိုးညစ်တာတွေကိုပဲ နှစ်မြိုက်စွာကြည့်တတ်တဲ့ မျက်လုံးတွေနဲ့ ယင်ကောင်လို လူတွေကို ကျုပ်ရဲ့ ရိုးသားတဲ့ စိတ်ဓာတ်လေးပေါ်မှာ အနားခံလို့ မဖြစ်ဘူး

ဟင်၊ နင် ရီရီခိုင် ဟုတ်'

ငါးဖယ်ဈေးမေးရင်း တအံ့တသြဖြစ်သွားတဲ့ ကျောင်းဆရာမလေးကို ကျုပ်ပြုံးပြီး ခေါင်းညိတ်ပြလိုက်မိတယ်။

'ငါ့ကို မှတ်မိတယ်ဟုတ်၊ မေသင်းကြူလေ'

ပါးချိုင့်ခွက်ကလေးတွေ ပေါ်အောင်ပြုံးပြီး ကိုယ့်ကိုယ်ကိုအသစ်တစ်ကြိမ် မိတ်ဆက်နေတဲ့ မေသင်းကြူကို ကျုပ် ဒုတိယတစ်ကြိမ်ခေါင်းညိတ်ပြရပြန်တယ်။ သိပ်မှတ်မိတာပေါ့။ အဝေးသင်တုန်းက မော်လမြိုင်သူစစ်စစ်ဖြစ်တဲ့သူနဲ့ ကျုပ် ခင်မင်ခဲ့ဖူးတာပဲ။ အဲဒီကတည်းက သူက ကျောင်းဆရာမ ဝင်လုပ်နေတာလေ။ ဟိုတုန်းကတော့ နွမ်းနွမ်းပါးပါး။ အခုတော့လည်း သူ့လည်ပင်းနဲ့ လက်မှာ ရွှေတွဲလဲဖြစ်လို့။

'လာလေ မေသင်းကြူ၊ ဒီမှာထိုင်'

ကျုပ် သူ့ကို ကျုပ်အနားက လွတ်နေတဲ့နေရာလေးမှာထိုင်ဖို့ နေရာပေးတာကို သူစိတ်ဆိုးသွားရင် ခက်ရချည်သေးရဲ့။ ဒါပေမဲ့ သူက ကျုပ်ထင်ထားသလို မဟုတ်ပြန်ဘူး။ ဆိုးဆိုးဆတ်ဆတ်နဲ့ ကျုပ်အနားမှာဝင်ထိုင်လိုက်တာများ ကျောင်းတုန်းက အတိုင်းပဲ။ ပြီးတော့ သူနဲ့ကျုပ်စကားတွေ အများကြီးပြောဖြစ်လိုက်ကြတာ။ ကျုပ်ကိုယ်ကျုပ် ငါးစိမ်းသည်ဆိုတာကို မေ့ပြီး စာသင်ခန်းထဲကို ရောက်နေသလိုပဲ။

ဟုတ်တယ်လေ။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ကျုပ် မတွေ့ဖြစ်တာ အတော့်ကိုကြာနေပြီပဲ။ တွေ့ပြန်ရင်လည်း ကျုပ်လို ငါးစိမ်းသည်ကို ဘယ်သူကမှ စကားဟဟ ပြောချင်ကြတာ မဟုတ်ဘူး။ ကျုပ်နဲ့တစ်နှစ်တည်း ဘွဲ့ယူပြီး ဝန်ထမ်းလုပ်နေကြသူတွေက ပိုဆိုးသေး။ ဈေးသည်ဆိုတာနဲ့ အထင်အမြင်သေးစိတ်အရိပ်လေးက သူတို့မျက်စိထဲမှာ အလိုလိုကပ်ပါလာပြီးသား။ ကြာတော့လည်း သူတို့ကျုပ်ဆီမှာ ငါးလာဝယ်ရင်တောင် ကျုပ်မျက်နှာထားက အလိုလိုတည်တင်းသွားတော့တာ။ တကတည်း သူတို့က ပိုက်ဆံကို လုပ်အား၊ ဉာဏ်အားနဲ့ ရှာရတာ မဟုတ်ဘဲနဲ့ ကောင်းကင်ပေါ်က တက်ချူးလာတဲ့အိုက်တင်မျိုးနဲ့။

'ငါက နင့်ကို ဌာနဆိုင်ရာတစ်ခုခုမှာ အလုပ်ဝင်နေပြီလို့ ထင်ထားတာ ရီရီခိုင်ရဲ့'

မေသင်းကြူစကားကို နားထောင်ပြီး ကျုပ်နှုတ်ခမ်းတွေ အစွမ်းကုန်မဲ့လိုက်မိတယ်။ တကတည်း ဘွဲ့ရပြီးရင် ဌာနဆိုင်ရာတစ်ခုခုမှာ အလုပ်လုပ်မှ လူရာဝင်တာကျနေတာပဲ။ ဝန်ထမ်းလုပ်မှ လူတွေကို အကျိုးပြုနိုင်စတမ်းဆိုရင် ကျန်တဲ့လူတွေရဲ့ အခန်းကဏ္ဍက ဘယ်ချောင်များ ရောက်နေပါလိမ့်။ သိတဲ့အတိုင်းပဲ။ ကျုပ်က အတွေးတစ်စရပြီဆိုတာနဲ့ ဆွဲဆန့်ပြီး တွေးပစ်လိုက်ချင်သူမဟုတ်လား။ ဒါပေမဲ့ ငါးလာဝယ်တဲ့လူရှိလို့ ကျုပ်အတွေးကိုရော၊ မေသင်းကြူကိုပါ ခဏပစ်ထားပြီး ငါးရောင်းလိုက်ရသေးတယ်။

'ရီရီခိုင်၊ နင်ရော ဂုဏ်ရှိတဲ့အလုပ်လေးဘာလေး ပြောင်းလုပ်ဖို့ စိတ်မကူးဘူးလား။ တတ်ထားတဲ့ပညာတွေ နှမြောစရာဟယ်'

'ဂုဏ်ရှိတဲ့ အလုပ် ဟုတ်လား မေသင်းကြူ ပြောစမ်းပါဦး၊ လောကမှာ ဘယ်အလုပ်က ဂုဏ်ရှိပြီး ဘယ်အလုပ်က ဂုဏ်မရှိတာလဲလို့'

ကျုပ်လေသံက အနည်း မပြေလို့လား မသိဘူး။ မေသင်းကြူမျက်နှာက ကွက်ခနဲ ပျက်သွားတယ်။ အနောက်တ ခေါင်းဆောင်လေးတွေကို လောင်းပေါင်းသင်ပေးနေ ကျောင်းဆရာမပဲ လောကနီတိတွေ၊ လူ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်သိက္ခာတွေဆိုတာ သူနဲ့ ယဉ်ပါးနေတဲ့အရာတွေပဲဟာ။

'မဟုတ်သေးဘူးလေ ဟယ်။ ငါပြောတာက ငါး စိမ်းသည်ဆိုတာ ဆဲရဆိုရနဲ့ ပါးစပ်ကြမ်းကြတယ်ဆို တော့...'

'ငါ ဘယ်တော့မှ မဆဲ ဘူး မေသင်းကြူ။ အေး၊ အဲဒီ လို ဆဲရဆိုရနဲ့ ပါးစပ်ကြမ်း တယ်လို့ သတ်မှတ်ထားတဲ့ လူတွေကို ယဉ်ကျေးလာ အောင် ဘယ်လိုလုပ်ရမလဲဆို တာကိုရော နင် စဉ်းစားကြည့် ဖူးလား။ ငါကတော့ နစ်နေတဲ့ လူကို နစ်သထက်နစ်အောင် ထိုးချမယ့်အစား တတ်နိုင်သမျှ ဆွဲတင်ကြည့်သူပဲ ဖြစ်ချင် တယ်'

မေသင်းကြူမျက်လုံး ထဲကို တည့်တည့်စိုက်ကြည့် ပြီး ကျုပ်ရင်ထဲကလာတဲ့ စကားတွေကို ပြောချလိုက် မိတယ်။ ဟုတ်တယ်လေ။ ကျုပ်က ကျုပ်ခံယူချက်နဲ့ ကျုပ်ပဲ။ တကတည်း... သူတို့ပြောလိုက်မှဖြင့် ကျုပ် အလုပ်က ဂုဏ်မရှိတာ ကျနေ တာပဲ။ ကျုပ်သာ အဲယား ကွန်း တပ်ထားတဲ့အခန်းထဲမှာ စားပွဲကုလားထိုင်နဲ့ထိုင်ပြီး ငါးပုစွန်စာရင်းတွေကို စစ် ဆေးနေရတဲ့ လူတစ်ယောက် ဆိုရင် သူတို့ကျုပ်အလုပ်ကို ဒီလိုအထင်အမြင်သေးရဲ့ကြ ပါ့လေား။

ကျုပ်က ကျုပ်တို့ငါး တွေကို နိုင်ငံတကာအထိ တင်ပို့ရောင်းချနိုင်တဲ့ လုပ်ငန်း ရှင်တစ်ယောက်ဖြစ်ချင်တာ။ ကျုပ်ပေးဆောင်မယ့် အခွန်ငွေ တွေက နိုင်ငံဘဏ္ဍာထဲကို စီးခနဲ ဟောခနဲ ဝင်သွား နိုင်တဲ့အထိပေါ့။ ဟုတ်တယ် လေ။ ဒါ သိမ်ငယ်စရာ အလုပ်မှ မဟုတ်တာ။ ကျုပ် ထက် ပညာတွေ အများကြီး ပိုတတ်တဲ့လူတွေတောင် ဒီလို လုပ်ငန်းမျိုးကို လုပ်ကိုင်နေ ကြတာ ကျုပ် သိသားပဲ။ အဲ၊ ကျုပ် စဉ်းစားလို့မရတာ တစ်ခုပဲ။ သူတို့ကိုကျတော့ ဘာကြောင့်များ ငါးစိမ်းသည် လို့ အမည်ကင်ပွန်းမတပ်သလဲ ဆိုတာကိုပေါ့။

❑

၅။

မေသင်းကြူ ပြန်သွား တော့ ကျုပ်ခေါင်းထဲမှာ အတွေးတွေတစ်သီကြီး ကျန် ရစ်ခဲ့တယ်။ ကျုပ်ရင်ထဲမှာ က ဂုဏ်ရှိတဲ့အလုပ်နဲ့ ဂုဏ် မရှိတဲ့အလုပ်ဆိုတဲ့ မေးခွန်း တွေက တဝဲဝဲလှည့်လို့။ အဲဒီ အချိန်မှာပဲ ငါးဖယ်ခြစ်ပေါ် မှာ ယင်ကောင် လေးငါး ကောင် လာနားနေတာတွေ့လို့ ဖက်ရွက်ကလေးနဲ့ တဖျပ် ဖျပ်ခတ်ပြီး မောင်းထုတ်ရ ပြန်တယ်။ အံမယ်။ ယင် ကောင်တစ်ကောင်က အတော့် ကို ခေါင်းကြောမာတဲ့ပုံနဲ့ ကျုပ် ဒီလောက်မောင်းထုတ် နေတာတောင် ပုံထွက် မသွား ဘူး။ သူ့ခြေထောက်တွေကို ငါးဖယ်အသားထဲ နှစ်ပြီး ကျုပ်ကို ပြူးကြောင်ကြောင်နဲ့ ပြန်ကြည့်နေလိုက်သေးတယ်။

ကျုပ် အဲဒီယင်ကောင် မျက်လုံးကို ကြည့်နေရင်းနဲ့ စောစောတုန်းက ကျုပ်ကို ကြည့်သွားတဲ့ မေသင်းကြူရဲ့ မျက်လုံးတွေကို ဖျတ်ခနဲ သတိရလိုက်မိတယ်။ ပြီး တော့ ကျုပ်တို့မိသားစုကို ကြည့်တတ်တဲ့ ကျုပ်ဘကြီး မိန်းမနဲ့ သူ့သမီးနှစ်ယောက်ရဲ့ မျက်လုံးတွေကိုရောပဲ။ အို... သူတို့မျက်လုံးတွေက ဘာ ကြောင့်များ ယင်ကောင် မျက်လုံးနဲ့ တူနေရပါလိမ့်။

ဆွဲတောင်းထဲက သတင်းစာကို ဖျတ်ခနဲဆွဲ ထုတ်ပြီး တဖျပ်ဖျပ်ယပ် ခတ်ရင်း ယင်ကောင်ကို မောင်းထုတ်ဖို့ကြိုးစားပေမဲ့ ကိုရွှေယင်ကောင်က တုတ် တုတ်မျှမလှုပ်ဘူး။ ကျုပ် အဲဒီ ယင်ကောင်ကို လက်ညှိုးနဲ့ လက်မညှပ်ပြီး ဖမ်းပစ်မယ် လုပ်တုန်းမှာပဲ ယင်ကောင် က ဖြုန်းခနဲပျံထွက်သွား တယ်။ ဒီလိုကျတော့လည်း သူက လည်လိုက်တာ မှတ် လို့။ ဒီယင်ကောင်တွေဟာ ကျုပ်တို့ ငါးစိမ်းသည်တွေနဲ့ အရင်ဘဝက ရန်ဘက်များဖြစ် ခဲ့ကြသလား မသိဘူး။ တစ် နေ့တစ်နေ့ မောင်းလိုက်ရတဲ့ ယင်ကောင်တွေဆိုတာ နည်း တာမှ မဟုတ်ဘဲ။ ယင် မမောင်းနိုင်ရင်တော့ ခြစ်ပြီး သား ငါးဖယ်တွေကို ဖက် ရွက်ကလေးနဲ့ လုံလုံခြုံခြုံအုပ် ထားလိုက်တာပဲ။

ဟုတ်တယ်လေ။ ယင် နားစာဆိုတာ စားကောင်းတဲ့ အရာမှ မဟုတ်တာ။ ကျုပ် က ဘွဲ့ရပညာတတ် ငါးစိမ်း သည်ဆိုတော့ ကျန်းမာရေး အခြေခံဗဟုသုတတော့ ရှိ ပြီးသား။ ကျုပ်ဖောက်သည် တွေကို ကျန်းမာရေးအဆိပ် သင့်နေတဲ့ အသားငါးတွေ မရောင်းပေးချင်ဘူး။ တစ်ခါ တုန်းက ဘကြီးကို ကျုပ် အဲဒီ အကြောင်းလေးပြောပြတော့ ဘကြီးက ဘာပြောတယ်မှတ် သလဲ။ အဲဒါဟာ ရိုးသားတဲ့ စိတ်ဓာတ်လေးက မြစ်ဖျားခံ စီးဆင်းလာတဲ့ ဆန္ဒကောင်း လေးတစ်ခုပေါ့တဲ့။

ဟုတ်တယ်။ အထင် အမြင်သေးသေးနဲ့ ပုပ်အဲ့ဆိုး ညစ်တာတွေကိုပဲ နှစ်ခြိုက်စွာ ကြည့်တတ်တဲ့ မျက်လုံးတွေနဲ့ ယင်ကောင်လို လူတွေကို ကျုပ်ရဲ့ရိုးသားတဲ့စိတ်ဓာတ် လေးပေါ်မှာ အနားခံလို့ မဖြစ် ဘူး။ တော်ကြာ ကျုပ်ရဲ့ရိုး သားမှုလေး ဘေးဥပဒ်ဖြစ် နေမှဖြင့် ကျုပ်ရဲ့ရည်မှန်း ချက်နဲ့ ခံယူချက်တွေပါ အဆိပ်သင့်ကုန်တော့မှာပဲ။

ကြည့်စမ်း...ဒီတစ် ညနေခင်းလုံး ကျုပ် ယင် ကောင်မျက်လုံးတွေနဲ့ ကခုန် နေခဲ့တာပဲ။ ကျုပ်ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းပစ် လိုက်မိတယ်။ သွားစမ်း... မေသင်းကြူရဲ့မျက်လုံးတွေ၊ ကျုပ်ဘကြီးမိန်းမနဲ့ သူ့သမီး နှစ်ယောက်ရဲ့ မျက်လုံးတွေ။ ကျုပ် အာရုံထဲက အခုထွက် သွားကြစမ်း။

ကျုပ် အဲဒီလိုအာရုံထဲက မျက်လုံးတွေကို မောင်းထုတ် နေတုန်းမှာပဲ မဆီမဆိုင် ဘာကို သတိရမိတယ်ထင် သလဲ။ ကျုပ်မျက်လုံးတွေ ကိုပေါ့။ ဟုတ်တယ်။ ကျုပ် မျက်လုံးတွေဟာလည်း ယင် ကောင်မျက်လုံးတွေ ဟုတ်၊ မဟုတ်ဆိုတာကို ကျုပ်မသိ သေးဘူး။ ဈေးသိမ်းပြီး အိမ် ပြန်ရောက်ရင်တော့ မှန်ပြေး ကြည့်လိုက်ဦးမှ။ မဟုတ်ရင် ကျုပ်မျက်လုံးတွေအကြောင်း ကို ကျုပ် ဘယ်လိုသိနိုင်ပါ့ မလဲနော်။

■

မင်းမဟာသထုံ၊



www.burmeseclassic.com

www.burmeseclassic.com

၁။

မိုးက ဖွဲဖွဲလေး ရွာနေတယ်။ ဟိုး…ခပ်ဝေးဝေး တိုက်အိမ်ကြီးတွေဆီက အရောင်ဟပ်နေတဲ့ မီးအလင်းရောင်ပျပျလေးကို အားကိုးရင်း လူကြီးအရပ်တစ်ရပ်သာသာလောက်ရှိတဲ့ ခြံစည်းရိုးအုတ်တိုင်ပေါ်ကနေ ခြံအတွင်းထဲကို ချမ်းသာ ခုန်ချလိုက်တယ်။

'ဗွမ်း'

ခြံစည်းရိုးရဲ့အတွင်းမှာက ခြေချင်းဝတ်လောက်အထိ မြုပ်နေတဲ့ရေတွေ။ အဲဒီရေတွေထဲမှာက အညွန့်တလူလူ ထအောင် ဖြာနေတဲ့ ကန်စွန်းခင်းကြီး။ ညက ဆယ့်တစ်နာရီလောက်သာ ရှိသေးပေမဲ့ လရောင်မဲ့ညတစ်ညမို့ ဟိုးခပ်လှမ်းလှမ်း ခြံတွေဘက်က မီးအလင်းရောင်လေးတွေကိုပဲ ချမ်းသာ အားပြုနေရတာ။





www.burmeseclassic.com

www.burmeseclassic.com

လပြည့်ခါနီး လသာရက် တစ်ရက်ဆိုပေမဲ့ လရောင်အောက်မှာ တိမ်သားတိမ်လိပ်တွေက ဖုံးအုပ်နေတာမို့ လရောင်မှဲ့ညလို ဖြစ်နေတာလေ။ မီးအလင်းရောင်လေးတွေ လာနေတဲ့အရပ်က ဆေးယန္တာလမ်းမကြီးရဲ့ ဟိုဘက်အခြမ်းက တိုက်ကြီးတွေဆီ က။ ချမ်းသာ ခုန်ချလိုက်တဲ့ခြံက ဟိုတလောလေးကမှ အစိုးရ ပိုင်အဖြစ် ကြေညာပြီး သွပ်ဆူးကြိုးတွေနဲ့ ခတ်သွားတဲ့ တပြန့် တပြော ကန်စွန်းခင်းကြီး။ အရင်တုန်းကတော့ ချမ်းသာတို့က

လ ဂိုပ်ခြံအောက်က မိုးတိမ်
မှင်း ၆၀ တင်




www.burmeseclassic.com

www.burmeseclassic.com

အဲဒီကန့်စွန်းခင်းကြီးထဲက ကုန်းမြင့်လေးတွေပေါ်မှာ တဲလေးတွေထိုးပြီး နေကြသူတွေပါ။ ကန့်စွန်းခင်းကြီးဆိုတာက ဧကဘယ်လောက်ရှိမှန်း ချမ်းသာ မသိပေမဲ့ အဲဒီကန့်စွန်းခင်းကြီးထဲမှာပဲ ချမ်းသာတို့မိသားစုလို နောက်ထပ်မိသားစုတွေ အများကြီးရှိနေသေးတာပါ။ အဲ့ဒါက အရင်တုန်းကလေ။ အခုတော့…။

'ဟော့ ပြည့်ပြည့်၊ ငါ့လက်ကိုကိုင်ပြီး ခုန်ချလိုက်တော့။ ဘာမှမကြောက်နဲ့ ဒီထဲမှာ ရေတွေနဲ့ ရွှံ့ပျော့တွေပဲရှိတယ်။ ခုန်ချလည်း ခြေထောက်မနာဘူး။ မြန်မြန်လုပ်ပါ ပြည့်ပြည့်ရဲ့၊ ကံကောင်းတို့တောင် အခုလောက်ဆို ကန့်စွန်းတွေ တော်တော်ခူးပြီးနေလောက်ပြီ'

'ဖွမ်း'

'အမလေးတော့'

ချမ်းသာက အတွင်းဘက်က ခြေဖျားထောက်ပြီး ငုတ်တိုင်ပေါ်ကနေ ခုန်မချရဲတဲ့ ပြည့်ပြည့်လေးရဲ့လက်တစ်ဖက်ကို မမီမကမ်းလှမ်းဆွဲတော့ ပြည့်ပြည့်က မျက်လုံးမှိတ်ပြီး အရဲစွန့်ခုန်ချတယ်။ ပြည့်ပြည့်က ချမ်းသာထက်လေးနှစ်ငယ်တဲ့ ၁၀ နှစ်အရွယ်မို့ ချမ်းသာလို ရုတ်တရက် ခုန်မချနိုင်ဘူး ဖြစ်နေတယ်။ အုတ်တိုင်ပေါ်ကို ရောက်လာတာတောင် အပြင်ဘက်ကနေ ဝါးလေးနှစ်ချောင်းထောင်ပြီး တက်လာလို့ ရောက်လာတာလေ။

'ဟယ် ချမ်းသာ။ အုတ်တိုင်ပေါ်က သံချိတ်နဲ့ ငြိနေတာကို ဒီဘက်ကို အတင်းခုန်ချတော့ ငါ့စကက်ပြဲသွားပြီ။ နင်ကလည်း ဒီဘက်ကနေ အရမ်းကြီးဆွဲချနေတာကိုး။ အိမ်ရောက်ရင် အမေ ဆူတော့မှာပဲ'

ဒါ
ငါတို့မြေလေ
ဒီမြေပေါ်မှာပဲ
ငါတို့မိဘတွေ
တဲလေးတွေ
ဆောက်
အပင်စိုက်
ကြီးလာတာ
ငါတို့
တစ်သက်လောက်
ရှိတော့မယ်
အခုမှ
အစိုးရမြေလေး
ဘာလေးနဲ့
အထဲက
လူတွေကို
မောင်းထုတ်ပြီး
ခြံတွေ
ခတ်သွားတာ

'ကန့်စွန်း လာခူးတာ အမေ သိနေတာပဲ၊ အမေ မဆူပါဘူးဟာ။ ကဲ…လာ မြန်မြန်'

ချမ်းသာနဲ့ ပြည့်ပြည့် မောင်နှမနှစ်ယောက် ကံကောင်းတို့ဆီရောက်တော့ ကံကောင်းတို့ကလေးတစ်သိုက်က တစ်ယောက်ကို မြွေရေခွံအိတ်တစ်အိတ်စီရလောက်အောင်ပဲ ကန့်စွန်းတွေ ခူးပြီးနေပြီ။ ကံကောင်းတို့ကလေးတစ်သိုက်လည်း စုစုပေါင်း ခြောက်ယောက်လောက် ရှိမှာပါ။ ကံကောင်းတို့တွေကလည်း ချမ်းသာတို့မောင်နှမလိုပဲ လူကြီးတစ်ရပ်သာသာရှိတဲ့ ခြံစည်းရိုးအုတ်တိုင်လေးတွေပေါ်ကနေ ဒီကန့်စွန်းခင်းထဲကို တစ်ယောက်ပြီးတစ်ယောက် ခုန်ချလာကြသူတွေပါ။

'တပ်မြေ မကျူးကျော်ရ'လို့ စည်းရိုးက သွပ်ကြိုးတွေအပေါ်မှာ ရေးထားတယ်နော်။ ငါတို့တွေ အခုလို ညဘက်ကြီးမှာ ဒီခြံထဲကန့်စွန်းရွက်တွေ လာခူးနေကြတာများ နွေလယ်ဘက်မှာ စောင့်နေကြတဲ့ အဲဒီလူကြီးတွေ တွေ့ရင် သေနတ်နဲ့ပစ်မလား မသိဘူးနော်…ဟော့'

'ဟာ၊ လူကို သေနတ်နဲ့ ပစ်ချင်တိုင်း ပစ်လို့ရမလား ဖြိုးဖြိုးရ ဒါ ငါတို့မြေလေ။ ဒီမြေပေါ်မှာပဲ ငါတို့မိဘတွေ တဲလေးတွေ ဆောက်၊ အပင်စိုက်ကြီးလာတာ ငါတို့တစ်သက်လောက် ရှိတော့မယ်။ အခုမှ အစိုးရမြေလေး ဘာလေးနဲ့ အထဲက လူတွေကို မောင်းထုတ်ပြီး ခြံတွေခတ်သွားတာ။ တကယ်ဆို အခု ငါတို့ ခိုးကြောင်ခိုးဝှက်လာခူးနေကြတဲ့ ကန့်စွန်းရွက်တွေက သူတို့စိုက်ထားတာမှ မဟုတ်တာ။ ငါတို့မိဘတွေ စိုက်ထားတာပဲ။ ငါတို့က သူတို့ပစ္စည်းခိုးတာ မဟုတ်ဘူး၊ သူတို့က ငါတို့ပစ္စည်းကို ခိုးတာ'

'နင်တို့တော်တော် သောက်စကားများကြတဲ့ဟာတွေပဲ ချမ်းသာနဲ့ဖြိုးဖြိုးရဲ့၊ ခူးစရာရှိတာ မြန်မြန်ခူး တာ မဟုတ်ဘူး။ တော်ကြာ ညပိုင်းကင်းလှည့်တဲ့ နင်တို့ အမေ့လင် ပတ္တရောင်ဆိုတာတွေနဲ့တွေ့မှ တသီတတန်းကြီး မသာပေါ်ကုန်မယ်'

ကံကောင်းက အသက် ၁၅ နှစ်လည်းရှိပြီဆိုတော့ အားလုံးထဲမှာ အကြီးဆုံးပီပီ ကလေးတစ်အုပ်ကို လှမ်းအော်လိုက်တယ်။ ချမ်းသာပြောသလိုပဲ အစိုးရက သူ့မြေတွေ သူပြန်သိမ်းတော့ ပထမပိုင်းမှာ ခြံထဲက မောင်းထုတ်ခံရတဲ့ မိသားစုတွေကို ကတ္တရာလမ်းဘေးမှာ ရွက်ဖျက်တဲလေးတွေထိုးပြီး ဆယ့်ငါးရက်လောက်တော့ ထားလိုက်ပါသေးတယ်။ အဲဒီတုန်းကဆိုရင် ဟိုက ဒီက စေတနာရှင်တွေကတောင် ချမ်းသာတို့ကို ဆန်တွေ၊ ဆီတွေလာလှူကြသေးတာ။ နောက်တော့ ရန်ကုန်မြို့နဲ့ အလွန်ဝေးလှတဲ့ နေရာတွေမှာ မြေကွက်လေးတွေ ပြန် ပေးတယ်ဆိုတော့ တချို့မိသားစုတွေလည်း အဲဒီ အဝေးကြီးမှာ သွားနေ။ အရင် ကတည်းက ငွေလေးကြေး လေး အနည်းငယ်စုဆောင်းထားနိုင်တဲ့ မိသားစုတွေကျတော့ ဒီသယံဇာတန်းကျွန်းထဲက ရပ်ကွက်ငယ်လေးတွေမှာပဲ အိမ်ငှားနေကြနဲ့။ ချမ်းသာတို့ ကံကောင်းတို့လို မိသားစုတွေ ကျတော့ ရထားလမ်းဘေးက မီးရထားပိုင်မြေကွက်လေး တွေမှာ တဲတန်းလျားတွေထိုး ပြီး နေထိုင်လာခဲ့ကြတာ နှစ်လကျော်တောင် ရှိပြီလေ။

နေ့ပိုင်းတွေမှာ အ



www.burmeseclassic.com

www.burmeseclassic.com

သယ်၊ မဆလာသယ်စတဲ့ ကြုံရာကျပန်းအလုပ်တွေ ဝင်လုပ်ကြပြီး မိသားစုအရေးတွေကို ဖြေရှင်းနေရတဲ့မိဘတွေက ညဘက်အခုလိုအချိန်ကျတော့ မောကြီးပန်းကြီး အိပ်နေကြပြီလေ။ အဲဒီတော့ ဒီလိုကန့်သတ်နယ်မြေကန်စွန်းခင်းထဲကို ဝင်တဲ့အခါကျတော့ ကံကောင်းတို့လို ကလေးတစ်အုပ်ပဲ ရှိတော့တာ။ အရင်တုန်းက သူ့နေရာ ကိုယ့်နေရာ၊ သူ့အကွက် ကိုယ့်အကွက်ဆိုတာ ရှိခဲ့ပေမဲ့ အခုလိုမျိုး မီးရောင်လေး မှုန်တိမှုန်မွှားညအချိန်လေးမှာတော့ ကံကောင်းတို့တွေလည်း တွေ့ကရာ ကန်စွန်းပင်တွေကို ခူးနေကြရပြီ။ အခု ညပိုင်းခူးထားတဲ့ ကန်စွန်းရွက်တွေကို မနက်ဖြန် မနက်ပိုင်းမှာ အနီးအနားက ဈေးကလေးတွေမှာ သွားပြီးရောင်းကြရဦးမှာ။

'ချမ်းသာရေ ငါ့ခြေထောက်အောက်မှာ ပျော့စိစိနဲ့ ဖားလား၊ ငါးလား မသိဘူး။ ငါ တက်နင်းထားတယ်။ နင် လာဖမ်းပါလား။ [illegible]ဖြိုးတို့ မသိစေနဲ့ဦး၊ သူတို့သိရင် သူတို့ကိုပါ ပေးနေရဦးမယ်'

'ဟာ ပြည့်ပြည့် အရမ်းလုပ်နဲ့ဦး။ နေဦး နင် နေရာမမြန်ရွှေ့လိုက် ငါ လာပြီ'

'အား…'

အဖေအသည်းရောဂါနဲ့ဆုံးခင်က ချမ်းသာကို ပြောခဲ့တဲ့ 'ကန်စွန်းခင်းထဲကို ညဘက်ချိန်ဆို မြွေဆိုးတွေထွက်တယ်'ဆိုတဲ့စကားက ချမ်းသာရဲ့နားထဲမှာ ပြန်ကြားယောင်လိုက်တယ်ဆိုရင်ပဲ ညီမလေး ပြည့်ပြည့်ဆီက 'အား' ခနဲ အော်သံကို ကြားလိုက်ရတယ်။ ပြည့်ပြည့်ဆီကို ချမ်းသာရောက်သွားတော့ ကံကောင်းတို့ပါ အပြေးအလွှားရောက်လာကြတယ်။

❑

၂။

'ငရုတ်သီးထောင်း၊ ခွေးမောင်း၊ ဆယ်အိမ်ခေါင်း အဆင့်ဆိုတာကတော့ နင်ပြောသလို ဟုတ်ပါတယ် စိန်မြရွှေရယ်။ ဒါပေမဲ့ ဥက္ကဋ္ဌအိမ်မှာ အဲဒီလို ငရုတ်သီးထောင်း ခွေးမောင်းရတဲ့ အဆင့်လောက်ကိုပဲ ငါတို့ နင်တို့ ကြောက်နေရတာ မဟုတ်ဘူးလား။ အခု အဲဒီဆယ်အိမ်ခေါင်းက ဒီကိစ္စ ဘယ်သူမှမသိအောင် အမြန်လုပ်ကြ။ ဒီနားမှာ ဒီလို ဖြစ်တာ ဥက္ကဋ္ဌကို သူသွားမပြောဘူးလို့ ဆိုတာကိုပဲ ကျေးဇူးတင်ဦး။ ငါတို့ အခု တဲထိုးပြီးနေနေတာ သူတို့ မြေနော်…'

'ဟုတ်တော့ ဟုတ်ပါတယ် ငွေကြွယ်ရယ်။ ဒါပေမဲ့ ငါ့သမီးမသာကို ဒီနေ့ချပြီး မနက်ဖြန်ရက်လည်ရမယ်ဆိုတာကတော့ နည်းနည်းများ လွန်လွန်းမနေဘူးလား။ ငါတို့ဘက်ကလည်း စဉ်းစားကြည့်ကြပါဦးတော်'

ချမ်းသာရဲ့အမေဖြစ်တဲ့ စိန်မြရွှေက ပြောရင်းနဲ့ ရင်ဘတ်ကိုထုထုပြီး ငိုပြစ်တယ်။ ညက ကန်စွန်းခင်းထဲမှာ မြွေကိုက်ခံရလို့ ဆုံးသွားရှာတဲ့ ချမ်းသာရဲ့ညီမလေး ပြည့်ပြည့်ကတော့ ဒီအနီးအနားက လူတွေရဲ့ အကူအညီနဲ့ပဲ နာရေးကူညီမှုအသင်းကားကိုခေါ်လို့ ရေဝေးသုသာန်ကို ချက်ချင်းပဲရောက်သွားခဲ့ပြီ။ ပြီးတော့ ပါသွားတဲ့ လူလေးငါးယောက်နဲ့ပဲ ပြည့်ပြည့်ရဲ့အသုဘကို ရေဝေးမှာ ချက်ချင်းသင်္ဂြိုဟ်လိုက်ရပြီ။

ပြည့်ပြည့်ကို မြွေကိုက်လိုက်တယ်ဆိုပေမဲ့ ကိုက်လိုက်တဲ့ မြွေဟာ ဘာမြွေမှန်းတောင် အခုအချိန်ထိ ချမ်းသာတို့ သိကြရတာ မဟုတ်ပါဘူး။ ညက ကန်စွန်းခူးရင်း ပြည့်ပြည့်ကို မြွေကိုက်လိုက်ပြီအထင်နဲ့ ကလေးခေါင်းဆောင်ဖြစ်တဲ့ ကံကောင်းတို့ရဲ့အကူအညီနဲ့ ညီမလေး ပြည့်ပြည့်ကို ခြစ်စည်းရိုးအပြင်ဘက် ရောက်အောင်တောင် မနည်းမ,ယူခဲ့တာပါ။

ခြစ်စည်းရိုးအပြင်ဘက်က ဖယောင်းတိုင်မီးရောင် ပျပျလေးတွေ လက်နေတဲ့ ချမ်းသာတို့တဲစုလေးတွေဘက်က လူကြီးတွေကို ချမ်းသာတို့ ချက်ချင်းအော်မခေါ်ရဲဘူး။ စည်းရိုးခတ်ထားတဲ့ 'တပ်မြေမကျူးကျော်ရ' ဆိုင်းဘုတ်တွေနားမှာ ပတ္တရောင် လှည့်နေတဲ့သူတွေ မြင်သွားမှာကိုလည်း ချမ်းသာတို့ ကြောက်ရသေးတာ။

ညီမလေး ပြည့်ပြည့်ကို ပြည်သူ့ဆေးရုံကို ပို့လိုက်ပေမဲ့ ဘာမြွေအကိုက်ခံရမှန်း မသိတဲ့ ပြည့်ပြည့်ကတော့ ပြည်သူ့ဆေးရုံရောက်ကတည်းက ပြာနှမ်းနေပြီ။ မျက်လုံးတွေရဲ့အနေအထားကအစ ဖြူဖော့ဖော့ဖြစ်နေပြီ။

'ရှင်တို့က မြွေကိုက်ခံရပါတယ်ဆိုတိုင်း မြွေဆိပ်ဖြေဆေးတန်းပြီးထိုးပေးလို့ရမလားရှင့်။ ရှင်တို့ လူနာက အမှန်တကယ် မြွေကိုက်ခံရတယ်ဆိုတာ ဟုတ်ဦးမှ။ ကဲ… အမှန်တကယ် မြွေကိုက်ခံရတယ်ဆိုဦးတော့ မြွေဆိုတာက မျိုးစုံရှိသေးတာ။ မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ ဂျပ်မြွေဆိုတာ မတူသလို ထိုးပေးရတဲ့ မြွေဆိပ်ဖြေဆေးဆိုတာလည်း တစ်ခုနဲ့တစ်ခု တူတာ မဟုတ်ဘူး'

ဘာမှမသိဘဲ ရမ်းပြောမနေကြနဲ့ဆိုတဲ့ မျက်ဝန်းတွေကို မိုးရေတွေ၊ ရွှံ့ဗွက်တွေနဲ့ ပေကျံနေတဲ့ ချမ်းသာတို့ လူအုပ်စုဆီ ပို့လွှတ်လို့စကားတွေ တရစပ်ပြောနေတဲ့ ဆေးရုံဆရာမကို ချမ်းသာရဲ့ ဦးလေးဦးငွေကြွယ်က မြွေဆိပ်ဖြေဆေး အမြန်ထိုးပေးဖို့ ကိုပဲဆရာမကို ဒူးဖက်မတတ် ပြောနေတယ်။ ညပိုင်းတာဝန်ကျဆရာဝန်ကို သွားပြောပေးမယ်ဆိုပြီး ထွက်သွားတဲ့ ဆရာမရဲ့နောက်ကို မကြာခင်ကမှ ကန်စွန်းခင်းထဲက တက်လာတဲ့ ချမ်းသာနဲ့ ကံကောင်းပါလိုက်သွားတော့ ချမ်းသာတို့ပုဆိုးကကျတဲ့ ရွှံ့ရေတချို့နဲ့ ဆေးရုံကော်ရစ်ဒါမှာလည်း ပေကျံကုန်တယ်။

ပြည့်ပြည့်လေးကို မြွေဆိပ်ဖြေဆေးထိုးပေးဖို့ ချမ်းသာရဲ့အမေနဲ့ ဦးလေးကပြောရင်း၊ ဆေးရုံက ဆရာဝန်နဲ့ ဆရာမတွေကလည်း ပြည့်ပြည့်လေးကို ကိုက်လိုက်တဲ့ သတ္တဝါဟာ ဘယ်လိုသတ္တဝါမျိုးဖြစ်နိုင်မလဲ စဉ်းစားကြံဆရင်းနဲ့ပဲ ပြည့်ပြည့်လေးက ဆေးတစ်လုံးမှ မထိုးလိုက်ရဘဲ အသက်ထွက်သွားတယ်။

ပြည့်ပြည့်လေးရဲ့ ရုပ်အလောင်းကို ချမ်းသာတို့ရဲ့ တဲတန်းလျားလေးတွေဆီကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်သယ်လာတဲ့အချိန် ကပဲ ည ၂ နာရီကျော်နေပြီလေ။

❑

၃။

'နင် စဉ်းစားဦး စိန်မြွေ၊ နင့်သမီးမသာကို ဟို အရင်တစ်ချိန်က အများတကာ မသာတွေလို သေလို့ခုနစ်ရက် မပြည့်မချင်း အိမ်မှာ ဖဲဝိုင်း လုပ်၊ အကောက်ယူ။ ခုနစ်ရက်ပြည့်လို့ မသာစရိတ်မရ သေးရင်၊ ကိုးရက်လောက်ထိ ဖဲဝိုင်းခံပြီး၊ ကိုးရက်ပြည့်မှ ရက်လည်လုပ်။ ငါလည်း ပြည့်ပြည့်ရဲ့ဦးလေးပါပဲဟ။ နင်ပြောသလို ခုနစ်ရက်ပြည့်မှ ရက်လည်ချင်တာပါပဲ။ ဒါပေမဲ့ ဒီအချိန်၊ ဒီနေရာမှာ လူစုလူဝေးလုပ်ဖို့တောင် သင့်တာမဟုတ်ဘူး။ ဒါကို နင် အသိ'

စောင်ကျားကြီး ခြုံရင်း၊ တအီအီငိုနေတဲ့ ချမ်းသာရဲ့ အမေကို ပြောနေတဲ့ ဦးလေး ငွေကြွယ်ရဲ့စကားကို ချမ်းသာ က တဲလေးနဲ့မလှမ်းမကမ်း အပြင်ဘက် မိုးရေတွေထဲက နေပဲ တိတ်တဆိတ်နားထောင် နေတယ်။ ဦးလေးပြောတဲ့ တချို့သော စကားတွေက လည်း ဟုတ်နေတယ်။ ချမ်း သာတို့ အခုနေတဲ့နေရာက ဟို တလောက သွပ်ဆူးကြိုးတွေ နဲ့ကာသွားတဲ့ ကန်စွန်းခင်း ကြီးရဲ့ မလှမ်းမကမ်းမြေစိုက် တဲလေးတွေ စုဝေးရာ ကျူး ကျော်နေရာ။ ဒီနေရာတောင် မီးရထားလမ်းဘေးနဲ့ မဝေး လှပြီး မီးရထားပိုင်မြေ နေရာ မို့ သွပ်ဆူးကြိုးတွေနဲ့ကာခြင်း မခံရတာရယ်။ ဒါတောင် ဒီ အနီးအနားက ရပ်ကွက်လူကြီး ယောင်ယောင်၊ ဘာယောင် ယောင် လူတွေစက်ဘီးနဲ့ဖြတ် သွားရင် ဒီတဲတန်းလျားနား က လူတွေဖင်တုန်အောင် ကြောက်နေကြရသေးတာလေ။

ဒီမြေပေါ်မှာ
ကျုပ်တို့
စိုက်ချင်တဲ့အပင်
စိုက်ခွင့်ရှိပြီး
လုပ်ချင်တာ
လုပ်ခွင့်ရှိတယ်
အခု
ကျုပ်တို့
မြေပေါ်မှာပဲ
ညီမလေး
သေတာလေ
ဒါကို
ဟိုဖိုး ဒီဖိုးနဲ့
ကျုပ်တို့က
ပေါ်ပေါ်
ထင်ထင်တောင်
ဒီအိမ်ကို
မသာအိမ်
လုပ်လို့
မရဘူးတဲ့လား

'ငါ ဘုန်းကြီးတစ်ပါး သွားပင့်ပေးမယ် စိန်မြွေ။ ဆွမ်းဟင်းလေးဘာလေး တစ် ခွက်နှစ်ခွက်ချက်ထား။ မနက် ဖြန်မှာ နင့်သမီးအတွက် ရက် လည်လေး လုပ်လိုက်ကြရ အောင်။ ဘေးလူတွေတော့ ဖိတ်မနေနဲ့၊ တော်ကြာပေါက် ကြားကုန်မှ ဒီနေရာ ဒီလိုစု ပြီးနေကြတာ ဒီနားက ဥက္ကဋ္ဌ က မသိချင်ယောင်ဆောင် နေရာက အော်ကြီးဟစ်ကျယ် ဖြစ်လာလို့ ဖယ်နေရဦးမယ်။ မနက်ကတောင် ဆယ်အိမ် ခေါင်းကလာပြီး သတိပေး သွားပြီမလား။ နင်ကတော့ နင့်သမီးဆိုတော့ ခံစားရမှာ ပါပဲ၊ ဒါပေမဲ့ အများနဲ့တစ် ယောက်အတွက်လေ။ နင့်မှာ ချမ်းသာဆိုတဲ့သားတစ်ယောက် လုံးလည်း ရှိသေးတာပဲ စိန်မြွေရယ်။ နှစ်ရက်နဲ့ ရက်လည် လိုက်ရတာကိုလည်း စိတ်ထဲ ထားမနေနဲ့။ ငါ ကြားဖူးတာ တစ်ခုရှိတယ်၊ သေတဲ့လူက သူ့လမ်းသူသွားတာတဲ့။ နှစ် ရက် လည် လည်း သိမှာ မဟုတ်ဘူး၊ ခုနစ်ရက်မှာ လည်လည်း သိမှာမဟုတ် တော့ဘူးတဲ့'

ဦးလေးစကားကို အမေ ကတော့ တအင့်အင့် ရှိုက်ရင်း သာ နားထောင်နေတယ်။ ချမ်းသာကတော့ ထင်းစတစ် ချောင်းကို အနားမှာရှိတဲ့ ဓားမတစ်ချောင်းနဲ့ ခုတ်နေမိ တာ အစိတ်စိတ် အမြွာမြွာ တောင်ဖြစ်နေပြီ။ မိုးရေတွေ စိုနေတဲ့ ခန္ဓာကိုယ်နဲ့ ချမ်းသာ မိုးရေထဲမှာထိုင်နေတာ တော် တော့်ကို ကြာနေပြီ။ အိမ်ရှေ့ က ကုက္ကိုပင်ပေါက်စနလေး မှာတော့ စောစောကမှ ဦး လေးဖြစ်သူ ဦးငွေကြွယ်က အိမ်ထဲက အုန်းသီးလေးကို ယူပြီး ချိတ်ဆွဲသွားတာမို့ ဖောင်းတော်တလူလူနဲ့ နတ် အုန်းသီးလေးက မိုးရေထဲမှာ တန်းလန်း။

'အမေ၊ တစ်ချိန်တုန်း က ဒီမြေတွေက ကျုပ်တို့ မြေတွေမဟုတ်ဘူးလား။ ဒီ မြေ ငှားရမ်းခသူတို့ကို ပေးရ တယ်ဆိုပေမဲ့ ဒီမြေပေါ်မှာ ကျုပ်တို့ စိုက်ချင်တဲ့အပင် စိုက်ခွင့်ရှိပြီး လုပ်ချင်တာ လုပ်ခွင့်ရှိတယ်။ အခု ကျုပ် တို့မြေပေါ်မှာပဲ ညီမလေး သေတာလေ။ ဒါကို ဟိုဖိုးဒီ ဖိုးနဲ့ ကျုပ်တို့က ပေါ်ပေါ်ထင် ထင်တောင် ဒီအိမ်ကို မသာ အိမ်လုပ်လို့ မရဘူးတဲ့လား'

ဦးလေးဖြစ်သူ ဒီအိမ်က ထွက်သွားတယ်ဆိုရင်ပဲ ချမ်း သာက မိုးရေထဲကနေ တဲအိမ် လေးဆီကို အော်ပြီးပြောမိ ပြောရာတွေ ပြောနေလိုက် တယ်။ ဒေါ်စိန်မြွေကတော့ စောင်ခြုံထဲမှာ တအင့်အင့် ရှိုက်လို့နေဆဲ။

❑

၄။

'ဒုန်း...ဒုန်း...ဒုန်း'

လသာရက် တစ် ရက် ကို ရောက်နေပြီမို့ လရောင် က သာနေသင့်ပေမဲ့ လရောင် အောက်က ဖြတ်ပြီးပြေးနေတဲ့ မိုးတိမ်လိပ်တွေကြောင့် အလင်း ဟာ ဖျတ်ခနဲ ပေါ်လာလိုက်၊ ရုတ်ခြည်းပျောက်သွားလိုက် နဲ့ လျှပ်စီးက လက်လာတဲ့ အလင်းရောင်လိုပြတ်တောင်း ပြတ်တောင်းဖြစ်နေတယ်။ ဒီညမှာလည်း မိုးက သည်း သည်းထန်ထန် ရွာနေသေး တယ်လေ။

'ဒုန်း...ဒုန်း'

အုတ်တိုင်ဘေးက သွပ် ဆူးကြိုးကို ပုဆိန်နဲ့ခုတ်လိုက် တဲ့အသံဟာ ပတ်ဝန်းကျင် တစ်ခုလုံးကို ဟိန်းထွက်နေ တယ်။ ဒါတောင် မိုးသည်း ထန်စွာရွာနေတဲ့အသံကြောင့် အသံထွက်သင့်သလောက် ထွက်မနေတာ။ အုတ်တိုင် တွေက အခိုင်အခံ့။ ပြီးတော့ အဲဒီအုတ်တိုင်တစ်တိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တိုင်ကြားက သွယ်တန်းထားတဲ့ သွပ်ဆူးကြိုးတွေကလည်း အခိုင်အခံ့မို့ သွပ်ဆူးကြိုးတွေကို ဖြတ်ပစ်ဖို့ရာ ချမ်းသာအတွက် ထင်သလောက် လွယ်ကူမနေပြန်ဘူး ဖြစ်နေတယ်။

'ဒီထဲမှာ ပိတ်မိနေတဲ့ ဘဝတွေ အများကြီးရှိတယ်။ ခင်ဗျားတို့ ဒီသွပ်ဆူးကြိုးတွေကို ခတ်ချင်တိုင်း ခတ်ပစ်လို့ မရဘူး။ ဒီထဲက ဘဝတွေ သောင်ပြင်မှာ လွှတ်တဲ့ခွေးတွေလို တစ်ချိန်ချိန်မှာ အပြင်ကိုရောက်အောင် လုပ်ပစ်မယ့် အတူတူ အစကတည်းက ဘဝတွေကို ဘာကြောင့် ထားခဲ့ရတာလဲ'

ချမ်းသာ အော်နေတယ်။ အုတ်တိုင်ပေါ်က သွပ်ဆူးကြိုးတွေကို ပုဆိန်နဲ့ အား ကုန်လွှဲပြီး တဒုတ်ဒုတ် ခုတ်ပစ်ရင်း ချမ်းသာ အကျယ်ကြီးအော်နေတယ်။ ခွေးစက်တွေနဲ့ မိုးပေါက်တွေ နှစ်မျိုးရောတော့ ချမ်းသာမျက်နှာ တစ်ခုလုံး ရွှဲရွှဲစိုနေတယ်။

'ချမ်းသာ၊ ချမ်းသာ မလုပ်နဲ့။ မင်းကြောင့်တော့ ဒီနားက ရှိသမျှလူတွေ အားလုံး ဒုက္ခရောက်ကုန်တော့မှာပဲကွာ။ မလုပ်နဲ့ ပြန်လာခဲ့'

ဒီအသံဟာ ဦးလေးရဲ့ အသံလား။ ချမ်းသာ မသိဘူး။ ဦးလေးရဲ့နောက်မှာ အခြားသူတွေရော ကပ်ပါလာပြီး ချမ်းသာကို မလုပ်ဖို့ ပြောနေကြသလား။ ဒါလည်း ချမ်းသာ မသိဘူး။ ချမ်းသာကတော့ ပုဆိန်နဲ့သာ ခုတ်မြဲတိုင်း ဆက်ခုတ်နေတယ်။

'သားရေ စိတ်ကို ထိန်းပါကွယ်။ ဒီနေ့မှ သား ညီမလေးက ရက်လည်ရုံပဲရှိသေးတယ်။ ကိုယ်တွေ ချစ်တောက်ပူ၊ အပြင်းဖျားပြီး ကယောင်ကတမ်းတွေ ပြောနေတယ်။ သတိထားပါကွယ်။ အမေ့နားကနေ နောက်တစ်ယောက် ထွက်မသွားပါနဲ့။ ထွက်မသွားပါနဲ့ဦး ချမ်းသာရယ်…'

မိုးရေထဲမှာ နောက်ထပ် အသံတစ်သံကြားရပြီ။ ဒီအသံက အမေ့အသံလား။ အမေ့အသံက ဘာလို့အဝေးကြီးကို ရောက်နေရတာလဲ။ မိုးသံတွေနဲ့ ရောနေလို့လား။ ကျုပ်ကို အမေ ပြန်မခေါ်ပါနဲ့ဦး အမေ။ ဒီတံတိုင်းကြီးကို ကျုပ်လက်ထဲက ပုဆိန်နဲ့ဖြိုချပြီးရင် အမေ့ဆီကို ကျုပ်ပြန်လာခဲ့မယ် အမေ။

'ဟား…ဟား… ဟား…ဟား'

ကျုပ် လက်ချက်နဲ့ တံတိုင်းကြီး ပြိုကျတော့မယ် အမေရေ၊ ဒီတံတိုင်းထဲမှာ ညီမလေးပြည့်ပြည့်ရှိနေတယ်လေ အမေ။ ဒီတံတိုင်းကို ဖြိုချပြီးမှ ညီမလေးက ထွက်လာလို့ရမှာပေါ့။ ပြီးရင် ညီမလေးကိုခေါ်ပြီး အမေရယ်၊ ကျုပ်ရယ်၊ ညီမလေးရယ် ဒီလိုတံတိုင်းတွေနဲ့ ခတ်ပစ်လို့ မရမယ့် နေရာမှာ စိတ်အေးလက်အေးသွားနေကြမယ်လေ အမေ။ အမေ စိတ်မပူနဲ့တော့။

ဒီတံတိုင်းထဲမှာ ကန်စွန်းရွက်စည်းတွေ ပွေ့ပိုက်ပြီး ရပ်နေတဲ့ ညီမလေးပြည့်ပြည့်ကို ကျုပ် မြင်နေရပြီ အမေ။

ညီမလေးလက်ထဲက ကန်စွန်းရွက်စည်းတွေကို ကူသယ်ပြီး အမေ့ဆီ ကျုပ်တို့ မောင်နှမ ပြေးလာခဲ့တော့မယ် အမေရေ…။

■

**မင်းဝေဟင်**


Dictionary for All

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၁၈

၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၂၄၂၀၁၈၊ ၃၈၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ... ရန်ကုန်မြို့ ဖုန်း - ၂၉၉၂၂၆




www.burmeseclassic.com

www.burmeseclassic.com

'နှင်းရီ'တို့
ချောချက်ကတော့
တောနဲ့မတန်အောင်ပါပဲ။
မျက်နှာလေးက
မျက်ခုံး၊ မျက်လုံး၊
နှာတံအချိုးကျတဲ့အပြင်

# နှင်းရီ ပက်ပက်စက်စက်


အထူးခြားဆုံးက
ဖူးဖူးရှရှလေးနဲ့
အမြဲပြုံးနေတယ်ထင်ရတဲ့
နှုတ်ခမ်းလေးပေါ့။
အသားအရေကလည်း
ဖြူစင်ဝင်းလဲ့
ပြစ်မျိုးမှ့မထင်
ဆိုတာမျိုးပါ။
ခန္ဓာကိုယ်ကလည်း
အဖုအဖောင်း
အကွေ့အဝိုက်တွေနဲ့
လှချင်တိုင်း
လှနေတာဆိုတော့
မြို့နယ်မှာ
'လှယဉ်ကျေးမယ်'
ရခဲ့ပြီးပြီ။
ကိုးတန်းကျောင်းသူပေမဲ့
တက္ကသိုလ်
ကျောင်းသူကြီးလေလား
ထင်မှတ်မှားအောင်
အလှတွင်
အယဉ်ဆင့်နေတာမို့
သူ့ရွာမှာတော့
လှချက်ကတော့
ရက်စက်တယ်လို့
ထောမနာပြုကြတယ်။
နှင်းရီမိဘတွေက
တောင်သူကြီးတွေပါ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လယ်ကေ တော်တော်များများပိုင်တယ်။ သူ့အဖေက စီးပွားရေးကို အကွက်ကျကျ ပိုင်ပိုင်နိုင်နိုင် လုပ်တတ်တယ်။ တောင်သူပစ္စည်း ထော်လာဂျီ၊ ထွန်စက်၊ ရေတင်စက်ပါမကျန် ပြည့်စုံတယ်။ မြေဩဇာကိုလည်း ဖောဖောသုံးတယ်။ ပိုးသတ်ဆေးကိုလည်း မနိုဘူး။ ဒါတွေကြောင့် သူ လုပ်သမျှ သီးနှံဟာ အထွက်ကောင်းလေ့ရှိပြီး ဈေးကွက်မှာလည်း မျက်နှာကောင်းရကာ ဈေးကောင်းရလေ့ရှိတယ်။ ဒီတော့ တစ်ဦးတည်းသော သမီးလေး နှင်းရီရဲ့ လူနေမှုအဆင့်အတန်းဟာ မြို့နေလူချမ်းသာတွေရဲ့အဆင့်ထက် မနိမ့်ဘူး။ ခေတ်မီအိမ်တွင်းဖျော်ဖြေရေးပစ္စည်းတွေအပြင် ဆိုင်ကယ်ရော ကားပါရှိလေတော့ အနီးတစ်ဝိုက်ရွာတွေကြားမှာ တကယ့်ဖလားပါပဲ။

နှင်းရီ ကိုးတန်းအောင်ခဲ့ပြီ။ သူ့အသက်ကလည်း ဆယ့်ငါးဆယ့်ခြောက်ထဲရောက်ခဲ့ပြီမို့ အလှသွေးကြွယ်ကာ အစွမ်းကုန်ဖူးပွင့် ဝင့်ထည်နေပြီ။ ဒါပေမဲ့ မိဘတွေကလည်း စည်းစနစ်ကောင်းကောင်း ဆုံးမတယ်။ ဆွေမျိုးအသိုင်းအဝိုင်းတွေကလည်း မျက်စိဒေါက်ထောက်ကြည့်ပြီး စောင့်ရှောက်ကြတယ်။ ကျောင်းကိုလည်း သူ့အဒေါ်ရုံးဝန်ထမ်းတစ်ယောက်နဲ့ အတူသွားအတူလာ အနီးကပ် ဂရုစိုက်ကြတာမို့ နှင်းရီတစ်ယောက် အခုချိန်ထိ ရည်းစားမထားဖူးသေးဘူး။ သူကိုယ်တိုင်ကလည်း ဣန္ဒြေလေးနဲ့နေတတ်တာမို့ အနှောင့်

> နှင်းရီ
> ဆိုတဲ့
> အလှပန်းလေးကို
> ဘယ်လိုပဲ
> ဝန်းရံစောင့်ကြပ်
> ထားကြပေမဲ့
> ‘ရွှေဆပ်သွား’
> ဘုရားပွဲကြီးရဲ့
> နောက်ဆုံးညမှာ
> နှင်းရီ
> တစ်ယောက်
> လင်နောက်
> ပါသွားတော့တယ်

အယှက်ပေးတာ မခံရဘူး။

အမိကကတော့ နှင်းရီတို့ရွာရဲ့အပျိုခေါင်း မစိုးစိုးကလည်း အခရာကျပါတယ်။ အပျိုခေါင်းဆိုတာ ရွာထဲမှာရှိသမျှ အပျိုပေါက်၊ အပျိုလတ်၊ အပျိုကြီးမကျန် အပျိုအားလုံးရဲ့ငယ်စာရင်းကို ကိုင်ထားရတာလေ။ အပျိုစာရင်းကိုင်ရသလို အပျိုအားလုံးရဲ့ အချစ်ရေးကိုလည်း အမြဲလေ့လာနေရတာပေါ့။ မစိုးစိုးကတော့ သူ့အလုပ်နဲ့သူ ကိုက်ပါတယ်။ လူကလည်း ဆိုင်ကယ်တစ်စီးနဲ့ ပွဲစားတစ်ပိုင်း၊ တောင်သူတစ်ပိုင်း လှုပ်ရှားနေတာဆိုတော့ တော်ရုံတန်ရုံကိစ္စ သူ မသိတာ မရှိ။ ချက်ဆို နားခွက်က မီးတောက်ပြီးသားပါပဲ။ လူကလည်း တော်ရုံတန်ရုံ ယောက်ျားတစ်ယောက်များ အသာလေးကိုင်ပေါက်နိုင်တဲ့ဗလကြီးနဲ့မို့ ဗရုတ်ဗရက် လာလုပ်လို့ကတော့ ‘အစ်မစိုးရေ ကယ်ပါဦး’ လို့သာ အော်လိုက် အကုန်ရှဲသွားစေရမယ်။

ဒါကြောင့် စိုးစိုးသာ တာဝန်ယူပါစေ သမီးရှင်အားလုံးဟာ ယုံကြည်စိတ်ချကြတယ်။ ဘယ်အလှူ၊ ဘယ်မင်္ဂလာဆောင်က ဖိတ်ဖိတ်ထည့်တယ်။ ဘယ်အခမ်းအနား၊ ဘယ်ဖွင့်ပွဲက ဖိတ်ဖိတ် ခွင့်ပြုကြတယ်။ နောက်ဆုံး နှစ်စဉ်ကျင်းပမြဲ ရွာဘုရားပွဲတွေကိုလည်း စိုးစိုး အုပ်ထိန်းမှုနဲ့ အပျိုတစ်သိုက် တစုတဝေးကြီးသွားကြလေ့ရှိတယ်။

စိုးစိုး ကြိုတင်ယူထားတဲ့ ပွဲခင်းထဲကနေရာမှာ အပျိုပေါက်တွေ ဝိုင်းထိုင်ကြတယ်။ နှင်းရီက အလယ်ဆုံးပေါ့။ ဘေးမှာ အပျိုကြီးတွေ၊ လက်ထောက် အပျိုခေါင်းတွေ ကာရံထားလိုက်တယ်။ ကာလသားတွေကတော့ အဝေးက မျှော်ငေးရုံသာ။ ကိုယ်ထိလက်ရောက် စော်ကားဖို့ဝေးလို့ ဟီးဟီးဟားဟား အသံကြောင်တောင် မဟာစ်ရဲဘူး။

‘မင်းတို့က စ နောက်ပြောင်ရင် တခြားရွာက ကောင်တွေ ပိုဆိုးတော့မပေါ့၊ မင်းတို့မှာလည်း ကိုယ့်ရွာသူကိုစောင့်ရှောက်ရမယ့် တာဝန်ရှိတယ်ကွ’ လို့ စိုးစိုးက ရွာခံကာလသားတွေကို စည်းရုံးထားလိုက်တော့ သူတို့မှာ ကိုယ်ရံတော်တပ်မှူးကြီးတွေလို ဂုဏ်ဝင့်ကြွားကြတာပေါ့။

အဲဒီလို နှင်းရီဆိုတဲ့ အလှပန်းလေးကို ဘယ်လိုပဲ ဝန်းရံစောင့်ကြပ်ထားကြပေမဲ့ ‘ရွှေဆပ်သွား’ ဘုရားပွဲကြီးရဲ့ နောက်ဆုံးညမှာ နှင်းရီတစ်ယောက် လင်နောက်ပါသွားတော့တယ်။ စည်းကတော့ပေါက်ပြီ။ ဒါ သွေးရိုးသားရိုး ဘယ်လိုမှ မဖြစ်နိုင်။ အတွင်းလူ ပါမှာ သေချာတယ်။ အတွင်းလူ ဘယ်သူလဲ ပက်စက်လှချေလားလို့ ရွာခံတွေ တက်တခေါက်ခေါက်ဖြစ်ကြတယ်။ လုပ်ရက်တယ်၊ ရိုင်းလိုက်တာဆိုတဲ့ မကျေနပ်သံတွေ တစ်ရွာလုံးညံလို့ပေါ့။ စာရင်းစစ်ကြည့်လိုက်တော့ ရွာကပျောက်နေတဲ့ ကာလသားဟာ ‘ဂျိုးဂျိုး’။

ဂျိုးဂျိုးဆိုတာ နှင်းရီတို့အိမ်က လယ်လုပ်သား ‘စာရင်းငှား’။ ဂျိုးဂျိုးက စက်မှုအထက်တန်းအောင်ပြီး ရှေ့လည်း ဆက်မတက်နိုင်ဘဲ နှင်းရီတို့အိမ်မှာ စက်ကိရိယာပိုင်းဆိုင်ရာ တာဝန်ခံလုပ်ရင်း ပညာရေးလမ်းစ ပြတ်နေတဲ့ကလေး။ သူ့တာဝန်က အိမ်မှာရှိသမျှ ကား၊ ဆိုင်ကယ်တွေရဲ့ အသေးစားပျက်စီးမှုလေးတွေကအစ ရေစုပ်စက်၊ လေမှုတ်စက်အဆုံး အားလုံးအဆင်ပြေချောမွေ့ရေး လုပ်ပေးရတယ်။ အဲဒါကို နှင်းရီတစ်ယောက် သိချင်မှ သိမှာဖြစ်ပေမဲ့ ဂျိုးဂျိုးကတော့ နေ့စဉ်မြင်တွေ့နေရတဲ့ အလှပန်းလေးရဲ့ဝတ်မှုန်ဝတ်ဆံတွေ သူ့ရင်ထဲမှာ အပြည့်အသိပ်ရှိနေခဲ့ပြီ။

အခုကိစ္စမှာ စိုးစိုး ပယောဂ မကင်းဘူးလို့ တွက်လို့ရတယ်။ ဒါလည်း ထင်တဲ့လူ အပြစ်မဆိုသာဘူး။ တကယ်တော့ ဂျိုးဂျိုး စိုးစိုးရဲ့တစ်ဝမ်းကွဲမောင်တော်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မောင်အတွက် အစ်မက အောင်သွယ်လုပ်ပေးတယ်ဆိုတာ ဖြစ်နိုင်ခြေ အများဆုံး အခွင့်အရေးအကောင်းဆုံးပေါ့။

ဘာပဲဖြစ်ဖြစ် ရွာထဲမှာတော့ အုပ်စုကြီးနှစ်ခု သိသိသာသာ ကွဲသွားခဲ့ပြီ။ နှင်းရီတို့ဘက်ကလည်း အခုထိ မကျေနိုင်၊ မချမ်းနိုင် အငြိုးတကြီးဆဲ။ ဂျိုးဂျိုးတို့ဘက်ကလည်း ဝမ်းထဲက ကျိတ်ဝမ်းသာနေပေမဲ့ 'ရတယ်လေ၊ ကိုယ့်ထမင်းကိုယ်စားကြတာပဲ' ဆိုပြီး ခပ်တန်းတန်းနေကြတယ်။

နှင်းရီ လင်နောက်လိုက်သွားတာလည်း ရိုးရိုးလေးပါ။ ဘုရားပွဲတော်ကြီးရဲ့ နောက်ဆုံးညမို့ လူတွေကလည်း မတရား စည်ကားနေတယ်။ အရင်နှစ်ညစလုံးလည်း ပွဲခင်းထဲမှာ ရန်ဖြစ်သံ၊ ရိုက်သံ မကြားရတာမို့ ပရိသတ်က ပိုစည်ကားပြီး ဟိုးဝေ့နေကြတယ်။ ရှေ့ပိုင်း ပြဇာတ်ပြီးတော့ စိုးစိုးခေါင်းဆောင်တဲ့ အပျိုအုပ်စုတစ်ဖွဲ့လုံး အပြင်ထွက်လာကြတယ်။ သူတို့တစ်တွေ ချုံစပ်စပ်မှာ အပေါ့အပါးသွားကြပြီး လူပြန်စစ်တော့မှ နှင်းရီ ပါမလာတော့တာ သိကြတယ်။ ပြောရရင်တော့ ဒီကိစ္စတော့ အုပ်စုတစ်စုလုံးတောင် အလိုတူအလိုပါ စွပ်စွဲရမလိုပါပဲ။ ဆိုင်ကယ်နောက်က ပါသွားတာလို့ ဝိုးတဝါး ပြောကြပေမဲ့ အရှေ့ရှမ်းပြည်ဘက် တက်သွားသလား၊ အနောက် တားဦးဘက်ကိုလား၊ ဒါမှမဟုတ် တောင်ဘက် မိတ္ထီလာကိုလား၊ မြောက်ဘက်မန္တလေးကိုလား...။ ဘာမှ တိတိကျကျ မသိရဘူး။

ဘယ်ကို ပဲ ပြေးပြေး ပြေးချင်သလောက်ပြေး တွေ့အောင်ရှာမယ်၊ မိအောင် ဖမ်းမယ်၊ ရအောင် ခွဲမယ်ဆိုတဲ့ သစ္စာတွေဆိုပြီး နှင်းရီမိဘတွေကတော့ ကမ္ဘာမကြေ စစ်ကြေညာထားလိုက်ပြီ။

❑

မိုးသံကြားတော့ ဖားအော်သလို နောက်ငါးလလောက်ကြာတော့ သတင်းစာထဲက ကြော်ငြာဖတ်ရပြီး နှင်းရီက အမေ့ဆီ ပြန်ချင်တယ် ပြောလာတယ်။

ပတ်လေးလည် လက်လှမ်းမီသလောက်ရှာပေမဲ့ ဘယ်လိုမှသတင်းအစအနမရတော့ နှင်းရီတို့ဘက်က သတင်းစာမှာ ကြော်ငြာထည့်လိုက်တယ်။

'သမီး နှင်းရီ အမေ အသည်းအသန်ဖြစ် အမြန်ပြန်လာပါ၊ စိတ်တိုင်းကျ ဖြစ်စေရမယ်' ဆိုတာဖတ်ပြီး နှင်းရီ မျက်နှာမကောင်းဘဲ ဂျိုးဂျိုးကို ခွင့်တောင်းတယ်။ သူတို့နှစ်ယောက် မန္တလေးမြို့သစ်ဘက်က ဂျိုးဂျိုးရဲ့သူငယ်ချင်း ဆိုင်ကယ်ပြင်ဆိုင်လေးမှာ အလုပ်လုပ်ရင်း သိုသိုသိပ်သိပ် နေလာခဲ့ကြတာ အနည်ထိုင်စပြုနေပါပြီ။ အမေနေမကောင်းဘူးဆိုတော့လည်း ရင်သွေးလွယ်ထားရပြီဖြစ်တဲ့ နှင်းရီတစ်ယောက် မိခင်စိတ်တွေနဲ့ လွမ်းမောပူဆွေးစိတ်တွေ ဗလောင်ဆူလာတယ်။

ဂျိုးဂျိုးကတော့ မယုံချင်ဘူး။ မနေအား၊ အလုအားတွေ ကြွယ်လှတဲ့ သူတို့သမီးကို ဘယ်သူနဲ့မှ တူတယ်တန်တယ် မထင်တဲ့ အနေအထားမှာ အိမ်မှာနိုင်းထားတဲ့ သူက ခိုးပြေးမိတာကိုး။ ဂျိုးဂျိုး ကြားထားသလို ဒီနာကြည်းချက်ကြီးက တော်တော်နဲ့ ပြေနိုင်ပါ့မလား။ တစ်ခုပဲ အားကိုးရတော့မယ်။ နှင်းရီလွယ်ထားရတဲ့ရင်သွေးငယ်ကလေးဟာ သူတို့အတွက် မြေဦးလက်ဆောင်လေးမို့ ကျေနိုင်ကောင်းရဲ့ ဆိုတာပါပဲ။

ရွာရောက်တဲ့အထိ ရင်ခုန်တာ မပြေကြဘူး။ ရွာကလည်း ကြောက်မက်ဖွယ် တိတ်ဆိတ်နေတယ်။ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး မရှိကြတော့ ရွာထဲက ကလေးတွေကလည်း ခြေချုပ်မိကုန်ကြပြီပေါ့။ နှင်းရီတို့ ပြန်လာကြတယ် ကြားလို့လည်း အရိပ်အခြည်ကြည့်ရင်း အသံတွေတိတ်ကုန်ကြဟန်ပါပဲ။

အိမ်ထဲဝင်တော့ နှင်းရီအမေ တိုက်ထဲက ပြေးထွက်လာကြိုပြီး ငိုရှာတယ်။ အိမ်ထဲထိုင်ပြီး အမောဖြေနေတုန်း နှင်းရီအဖေ အခန်းထဲက ထွက်လာကာ ဂျိုးဂျိုးနဲ့ နှင်းရီတို့ကို ခပ်စိန်းစိန်းကြည့်တယ်။ အားလုံးဟာ ကိုယ့်အသက်ရှူသံ ကိုယ်ကြားရလောက်အောင် ငြိမ်သက်သွားကြပြန်ပြီ။

'ဒါ ငါ့သမီးကို ပြန်အပ်တယ်လို့ သတ်မှတ်တယ်၊ မင်း ငါ့သမီးကို တင်တောင်းဖို့ မင်္ဂလာစရိတ် ပြန်ရှာချေဦး၊ ဒါပဲ ဂျိုးဂျိုး မင်းပြန်တော့'

နှင်းရီ မျက်ရည်တွေတွေကျရင်း ဂျိုးဂျိုးကို လှမ်းကြည့်ရုံကလွဲလို့ ဝင်မပြောရဲရှာဘူး။ နှင်းရီအဖေရဲ့ စကားတွေက ပြတ်သားတယ်။ ဒေါသတွေ ထိန်းထားဟန်ရှိသလို နည်းလမ်းလည်း ကျနေတာမို့ ဂျိုးဂျိုး အတွန့်မတက်ရဲဘူး။ ဂျိုးဂျိုး အိမ်ထဲက ပြန်ထွက်လာတော့ အပေါက်ဝမှာ ခါးထောက်ရပ်ကာ စူးစူးဝါးဝါးကြည့်ရင်း ကျန်ခဲ့တယ်။

ဂျိုးဂျိုးရဲ့ မိဘမောင်ဖွား အမျိုးအဆွေတွေက ဒီစကားကိုကြားတော့ မခံချင်ကြဘူး။ 'ဘယ်လောက်နဲ့ တင်တောင်းရမှာလဲ'၊ 'ဘယ်လောက်တွေများ မှန်းထားသလဲ ငါတို့စုကြမယ်ကွာ' လို့ ကရုဏာဒေါသော ပြောကြတယ်။ မင်္ဂလာတစ်ဆောင်ကို အရပ်ကူပါ လူဝိုင်းပါနဲ့ဆောင်ရရင် သိက္ခာကျမယ်။ ရှက်စရာကောင်းမယ်လို့ ထင်တယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ ပြန်ခဲ့တော့မယ်လို့ ဂျိုးဂျိုး ဆုံးဖြတ်ပြီး မန္တလေးက သူငယ်ချင်းဆီကိုပဲ ပြန်ခဲ့တယ်။ သွေးပူပူဆုံးဖြတ်လိုက်ပေမဲ့ အားငယ်သိမ်ငယ်စိတ်တွေနဲ့ အလွမ်းတွေကတော့ နင့်နေအောင် ခံစားခဲ့ရပြီ။

❑

စိုးစိုးတို့ အပျိုတစ်သိုက်လည်း ခံစားကြရတာပါပဲ။ နှင်းရီလေးကို သနားတယ်။ ဂျိုးဂျိုးအတွက် မခံမရပ်နိုင်ဖြစ်ရတယ်။ လေးငါးလ ပေါင်းပြီးတဲ့ နှင်းရီတို့ကို လွယ်ထားရတဲ့ ရင်သွေးကိုမှ မငဲ့ဘဲ သက်သက်ပြဿနာရှာတာ ထင်ရှားတယ်။

'ဂျိုးဂျိုးကို ထပ်ခိုးခိုင်းဟာ၊ တို့လည်း ဝိုင်းကူမယ်' လို့ ဒေါသဖြစ်တဲ့သူက ဖြစ်တယ်။ ဒါကိုတော့ စိုးစိုးတားရတယ်။ တစ်ကြိမ်မှားခဲ့ကြလို့ ရွာထဲမှာ စိတ်ဝမ်းတွေ ကွဲကြ



www.burmeseclassic.com

www.burmeseclassic.com

ပြီး မခေါ်နိုင်၊ မပြောနိုင် ဖြစ်ခဲ့ကြပြီ။ နောက်တစ်ကြိမ် မှားရင်တော့ တုတ်တစ်ပြက်၊ ဓားတစ်ပြက်နဲ့ ရွာကြေတော့မှာ သေချာတယ်။ ဒီပြဿနာ ဘယ်လိုဖြေရှင်းရင် ကောင်းမလဲဆိုတာ ကာလသားခေါင်းနဲ့လည်း ဆွေးနွေးကြည့်ချင်တယ်။ သူ့ပယောဂ မကင်းဘူးလို့ မျက်လုံးစိမ်းတွေနဲ့ အကြည့်ခံနေရတာကိုလည်း စိုးစိုး မခံချင်ဘူး။ ကံအားလျော်စွာ နှင်းရီတို့အိမ်က သတင်းတစ်ခုထွက်လာတယ်။

'ဂျိုးဂျိုးနဲ့နှင်းရီ ခိုးပြေးကြတာ အဓိကတရားခံက သူ့အဒေါ် ရုံးစာရေးမတဲ့။ သင်းက အောင်သွယ်လုပ်ပေးတာတဲ့'

ဒါကြောင့် စိုးစိုးခံစားရတာ နည်းနည်းသက်သာသွားတယ်။ အပျိုမတွေရဲ့ အမေတွေ၊ အဒေါ်တွေရှေ့မှာလည်း ရင်ကော့ လျှောက်ရဲသွားတာပေါ့။ ဒါတွေထက် နှင်းရီရဲ့ ကျန်းမာရေးအခြေအနေကိုလည်း သိချင်တယ်။ အိမ်ထဲက အိမ်ပြင် မထွက်ရ၊ ဘယ်သူနဲ့မှ အဆက်အသွယ်လုပ်ခွင့်မရတော့လည်း ဆုတောင်းနေရုံပါပဲ။

'နှင်းရီ မွေးပြီ ယောကျ်ားလေးတဲ့'ဆိုတဲ့ သတင်းထွက်လာတော့ အပျိုမတွေ သူတို့ကိုယ်စား ကတုန်ကယင်ကြီးတောင် ဖြစ်မိကြတယ်။ နှင်းရီလေး ဘယ်လိုခံစားနေရမှာပါလိမ့်၊ သူ့မိဘတွေရဲ့ မျက်နှာတွေကတော့ ဘယ်လိုတွေ ရှိမှာပါလိမ့်နဲ့ အမျိုးမျိုး တွေးပူနေမိကြတယ်။ အခုလို နှင်းရီအဖေ လုပ်နေတာ ဘာမှ အဓိပ္ပာယ်

ဒကာ ဒကာမတို့
လောကမှာ
မှားတာကို
မှားမှန်းမသိတာ
လူမိုက်တဲ့
မှားတာကို
မှားမှန်းသိတာ
လူကောင်းတဲ့
အခု ဦးထွန်းကြည်
ကတော့
မှားတာကို
မှားမှန်းသိတဲ့အပြင်
ပြင်လည်း
ပြင်ရဲတာမို့
လူသူတော်ကောင်း
ဖြစ်ပေတော့
သတည်း

မရှိဘူး။ သင်းသမီးလည်း ပြန်ပျိုလာမှာ မဟုတ်ဘူး။ ကလေးနှစ်ယောက် စိတ်သောကရောက်အောင် သက်သက်ယုတ်တာ၊ ပက်စက်တာလို့ပဲ တစ်ရွာလုံးက မြင်လာကြတယ်။

ဂျိုးဂျိုးကလည်း ရွာက ထွက် သွားတုန်းကတော့ ယောကျ်ားမာနနဲ့ ထွက်သွားပေမဲ့ နှင်းရီက သားယောကျ်ားလေးမွေးပြီဆိုတော့ ရှိုက်သံငိုသံတွေနဲ့ စာရေးလာတယ်။ သူ ပိုက်ဆံစုလာတာ ဘယ်လောက်ရနေပြီဆိုတာလည်းပါတယ်။ နှင်းရီအဖေ့ စကားထဲမှာ ဘယ်လောက်ရအောင် ရှာခဲ့လို့ ကိန်းဂဏန်းမပါတဲ့ ရာဇသံမှာ ဘယ်လိုကျေနပ်အောင် အကောင်အထည်ဖော်လို့ရမှာလဲ။ ဘာပဲဖြစ်ဖြစ် စာကိုတော့ နှင်းရီလက်ထဲ ရောက်အောင် ပို့ပေးလိုက်ကြပါတယ်။

ငိုပေဦး နှင်းရီရေ။ မျက်ရည်ကလွဲလို့ ဘာမှ အဖော်ပြုစရာမရှိတဲ့ သူ့ဘဝမှာ မနက်ဖြန်အထိ ဆက်ကာငိုနေရဦးမှာပါပဲ။ တကယ့်ကို အဖော်မဲ့ ကံဆိုးရှာသူလေးပါ။ ကလေးကို နှင်းရီ နို့မတိုက်ရဘူးတဲ့။ သူ့အဖေက သူတို့အခန်းထဲ ယူထားပြီး နွားနို့ပဲတိုက်တယ်။ အခုတော့ ထမင်းခွံ့လို့ ရပြီပေါ့။ သားလေးက တီတီတာတာ ပြောခါစမှာပဲ သူတို့ အဘိုး၊ အဘွားနှစ်ယောက်ကို အဖေ၊ အမေ ခေါ်ခိုင်းပြီး နှင်းရီကိုတော့ 'မမ'လို့ အခေါ်သင်ပေးထားသတဲ့။ 'ဒီလောက်လင်လိုချင်တဲ့ ကောင်မ တရုတ်နိုင်ငံကို ရောင်းစားလိုက်ဦးမယ်'လို့လည်း ကြိမ်းဝါးသတဲ့။ ကြားရချက်တိုင်းမှာ စိတ်သက်သာစရာ တစ်ကွက်မှမရှိ။ ဖအေတစ်ယောက်အနေနဲ့ ဒီအကြံဆိုး၊ စိတ်ကူးဆိုးတွေဟာ ပက်စက်လွန်းလှတယ်လို့ ရွာက အောချကြတယ်။

ဒီလိုသတင်းဆိုးတွေ တိုက်ထဲက ထွက်လာတိုင်း ဂျိုးဂျိုးရဲ့ သူငယ်ချင်းတွေက မခံမရပ်နိုင် လှမ်းပြီး အသိပေးတော့ ဂျိုးဂျိုးကလည်း ဒေါသတကြီး တုံ့ပြန်တယ်။

'ဟေ့ ပြောလိုက်ကြကွာ၊ သင်းတို့သမီးကို ဒုတိယအကြိမ် မရရအောင် ပြန်ခိုးပြမယ်'တဲ့။ ဒီကောင်လေးကလည်း တစ်ဇွတ်ထိုး၊ တဓောက်ကန်းလေးဆိုတော့ ကာလသားခေါင်း ကိုသာအောင်နဲ့ အပျိုခေါင်း မစိုးစိုးတို့ အလုပ်တွေရှုပ် ခေါင်းကုတ်ကြရပြန်တယ်။ ဂျိုးဂျိုးဆီကိုလည်း အဲဒီလို ဒေါသနဲ့ အကြမ်းဖက်နည်း မသုံးဖို့ ဖျောင်းဖျခိုင်း၊ နှင်းရီဆီကိုလည်း လုပ်ငန်းတစ်ခုပြေလည်ခါနီးရင် အနှောင့်အယှက်ပေါ်စမြဲပဲ၊ သည်းခံလက်စနဲ့ သည်းခံဖို့ နှစ်သိမ့်ရပြန်တယ်။ အခုတော့ ဂျိုးဂျိုးနဲ့ နှင်းရီတို့ ပြဿနာဟာ တစ်ရွာလုံးနဲ့ တစ်တိုက် ဖြစ်နေပါပြီ။

❑

စိုးစိုးတို့ သာအောင်တို့ ကာလသမီးခေါင်း၊ ကာလသားခေါင်းတွေ မျှော်နေတဲ့ အချိန်ရောက်ပါပြီ။ သူတို့ရွာရဲ့ အုပ်စုရွာကြီးဖြစ်တဲ့ 'မုန်တိုင်'ရွာ ဆရာတော်ဘုရားကြီးရဲ့ အဂ္ဂနသဘင် ဘုန်းကြီးပျံပွဲကြီးကျင်းပပါပြီ။ အဲဒီပွဲကြီးမှာ ဂေါစရဂါမ်နယ်မြေအတွင်း ပါတဲ့ ရွာတွေက ဆရာတော်ကြီးကို နောက်ဆုံးပူဇော်ကန်တော့ခြင်းအားဖြင့် သံဝေရဖွယ်သရုပ်ပြမှုတို့ဖြင့် ဖျော်ဖြေကြမှာဖြစ်ပါတယ်။

အဲဒီအတွက် ဂေါစရဂါမ် အုပ်စုတွင်းပါတဲ့ ကျေးရွာငါးရွာက ကိုယ့်အစီအစဉ်နဲ့ကိုယ် ကျိတ်ပြီး တီထွင်စီစဉ်နေခဲ့ကြတာပါ။ သာအောင်တို့ စိုးစိုးတို့ကတော့ တခြားရွာတွေထက်ပိုပြီး သိုသိုသိပ်သိပ် လုပ်ခဲ့ရတာပေါ့။ ဒါပေမဲ့ တစ်ရွာနဲ့တစ်ရွာ အစီအစဉ်မထပ်အောင်တော့ နားစွင့်ရတယ်။ အဲဒီလိုနဲ့ မုန်တိုင်ရွာရဲ့ ဘုန်းကြီးကျောင်း ကြားကလယ်ကွင်း ပြင်ကြီးမှာ ပြာသာဒ်၊ လောင်တိုက်၊ နတ်ပန်းရထား၊ ဆင်ရုပ်၊ ကျားရုပ်ကြီးတွေနဲ့ ဘုန်းကြီးပျံ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ပြင်ဆင်လိုပြီးပါပြီ။

အဂ္ဂိနသဘင် ဆင်ယင်ကျင်းပမယ့် ပွဲကြီးရက်မှာတော့ ဟိုရွာက ရာဟုလာအမွေတောင်းခန်း၊ ဒီရွာက ပဋာစာရီသား စွန့်ချီခန်းစသည် စသည် လှည်းတွေပေါ်မှာ သရုပ်ပြကာ ထွက်လာကြတယ်။ စိုးစိုးတို့ ရွာကတော့ ဝေဿန္တရာ သားသမီးလှူခန်းပါ။ ဒီနေရာမှာအရပ်ကူပါ၊ ဦးပဍ္ဍင်းတွေဝိုင်းပါ ဆိုတာမျိုး လုပ်လိုက်ရတာတစ်ခုရှိ တယ်။ အဲဒါကတော့ဝေဿန္တရာမင်းကြီးက စိုးစိုးပြီ၊ မိဖုရားကြီး မယ်မဒ္ဒီနေရာမှာ နှင်းရီကို ခွင့်ပြုဖို့စိုးစိုးသာမကဘဲ ဦးပဍ္ဍင်းတွေပါ နှင်းရီလင်နောက်ဆပ်မလိုက်စေရပါဘူး၊ တစ်စိုးတစ်စေ့မှ အမှားအယွင်းမဖြစ်စေရပါဘူး၊ အာမခံချက်တွေပေးပြီး တောင်းဆောင်းပန်ပန်ရအောင် ခေါ်ခဲ့ရတာပါ။ ဘုန်းကြီးအမှူးဆိုတော့လည်း နှင်းရီရဲ့အဖေရော အမေပါ မငြင်းသာဘဲခွင့်ပြုလိုက်ရတယ်။

အခုတော့ လှည်းပေါ်မှာဝေဿန္တရာမင်းကြီး စိုးစိုးကခံ့ခံ့ညားညား၊ မိဖုရားကြီးနှင်းရီရဲ့ အလှက ဘယ်ရွာကမှ လိုက်မမီအောင် ဝင့်ဝင့်ကြွားကြွားမို့ တစ်ရွာလုံးတပြုံးပြုံးပေါ့။ သူတို့ရှေ့ကလှည်းပေါ်မှာတော့ သားတော်နဲ့သမီးတော် ကဏှာနဲ့ဇာလီ။ သူတို့လေးတွေကိုကြိုးတုပ်ပြီး နှိပ်စက်ကာ ဆွဲခေါ်နေတဲ့ အလှူခံပုဏ္ဏား။လှည်းသုံးစီးမှာ နောက်ဆုံးလှည်းကတော့ အသံချဲ့စက်၊ လော်စပီကာတင်ပြီး အသံမှာကဝေအဖြစ် တင်စားရတဲ့ဒေါ်မာမာအေးရဲ့ မိဘမေတ္တာသီချင်းကိုဖွင့်ပေးထားတယ်။

*×××သားတို့ရှပ်ရည် ×××သီတာငယ်မည်×××ရေကြည်ချမ်းမြ×××တစ်ပေါက်ကလေး ကျရုံမျှနှင့်×××မိဘတို့ဝမ်း×××ငြိမ်းစတမ်းတည့်×××အသည်းနှလုံးသားနှင့်ပင်တူညီ××× ကြီးမားသော×××မေတ္တာဂုဏ်ရည်×××*

ပီသကြည်မြတဲ့ ညာသံကို သမ္ဘာရင့် အဆိုရှင်ကြီးပီပီအဆွဲအငင်အရစ်များနဲ့ ဆိုထားရာ ကြက်သီးဖြန်းဖြန်းထမျှပီတိဖြစ်ရပြီး သီချင်းရဲ့ ရသမှာလည်း မိဘတိုင်း၊ သားသမီးတိုင်းရဲ့ နှလုံးအိမ်မှာကြိမ်မီးအုံးမျှ သိမ်းကျုံးယူငင်ဆွဲဆောင်နိုင်လှတယ်။ မုန့်တိုင်ရွာကိုသွားဖို့ အစီအစဉ်အရ နေရာယူတန်းစီကြတာကလည်း ရွာပေါက်အနီးကနှင်းရီတို့တိုက်ရှေ့မှာပင်လှည်းများစီတန်းပြီးကြပြီ။

*(သံယောဇဉ် အတည် ××× ကြည်လင်တဲ့အရေး××× ဩဘာ ကိုယ့်ရင်သွေး×××သွေးပိုက်လို့ချီ×××)၂ အရွယ်မတိုင်မီ ×××မိဘများပိုးမွေးသလို×××မွေးကြရပြန်သည်×××အနန္တဂုဏ်ရည်×××*

စီတန်းကာ ဣန္ဒြေရနေပြီဖြစ်တဲ့ မြင်ကွင်းတစ်လျှောက်ကို *သားတို့ရှပ်ရည်* မိဘမေတ္တာ သီချင်းက ငြိမ့်ငြိမ့်လေး စီးဆင်းဖုံးလွှမ်းလို့နေတယ်။ လှည်းပေါ်မှာနေရာယူထားတဲ့ နှင်းရီကလေးက မျက်ရည်တွေတွေကျနေရှာတယ်။ စိုးစိုးကလည်း ခေါင်းကြီးငုံ့ပြီးငြေကွဲနေပြီ။ ကျန်တဲ့လှည်းတွေပေါ်က အမျိုးသမီးတွေလည်း မျက်ရည်မထိန်းနိုင်ကြတော့ဘူး။ ခဏနေတော့တစ်မနက်လုံး ပိတ်ထားတဲ့နှင်းရီတို့တိုက်တံခါးကြီးမမျှော်လင့်ဘဲ ပွင့်သွားတယ်။တိုက်ထဲက နှင်းရီရဲ့သားလေးကို ချီထားတဲ့ နှင်းရီရဲ့အဖေ ထွက်လာတယ်။ လမ်းပေါ်က မျက်လုံးတွေအားလုံးဒီမြင်ကွင်းကို တအံ့တသြကြီး ကြည့်နေကြတယ်။

နှင်းရီအဖေက ကလေးကိုချီရင်း အပေါက်မကြီးဆီကို တဖြည်းဖြည်း လျှောက်လာတယ်။ အဲဒီမြင်ကွင်းကြောင့် ရှေ့ဆုံးလှည်းက ဦးပဍ္ဍင်းတို့ကလည်း ဝင်းတံခါးမကြီးဆီကို ကွသွားကြပြီ။တံခါးမကြီးထိပ်မှာ နှစ်ဖက်ဆုံလိုက်စဉ်မှာပဲ စက်ကလည်းသီချင်းကို ရပ်လိုက်တယ်။

နှင်းရီရဲ့အဖေ ဦးထွန်းကြည်ရယ်၊ သူ့နောက်မှာကပ်ပါလာတဲ့ နှင်းရီရဲ့အမေတို့ရဲ့ မျက်နှာတွေမှာလည်းငိုထားတဲ့ မျက်ရည်စတွေနဲ့ပါလား။ ဦးထွန်းကြည်က စို့လာတဲ့မျက်ရည်စကို သိမ်းရင်းတုန်ယင်တဲ့ အသံတွေနဲ့…

'ဦးပဍ္ဍင်းဘုရား ဒီကလေးကို အလှူခံတော်မူပါ'လို့ လျှောက်တယ်။ ဦးပဍ္ဍင်းကလည်း လုံးဝမျှော်လင့်မထားတာမို့ ကြောင်အမ်းအမ်းနဲ့ ကလေးကို လှမ်းပွေ့ယူလိုက်တယ်။ လှည်းပေါ်က နှင်းရီနဲ့စိုးစိုးတို့လည်းပြေးဆင်းလာပြီး ဦးပဍ္ဍင်းတို့နောက်မှာ လက်အုပ်ချီရင်းထိုင်လိုက်ကြတယ်။ ဦးပဍ္ဍင်းကလည်း ကာယကံရှင်အလိုကျ ကလေးကို နှင်းရီရင်ခွင်ထဲ ထည့်ပေးလိုက်တော့ သူ့ခမျာ အံ့သြဝမ်းသာတဲ့ မျက်နှာမှာ သောကမျက်ရည်တွေနဲ့ သားလေးမျက်နှာအနံ့ နမ်းရှုပ်ရင်း မလွှတ်တမ်း ဖက်ထားရှာတယ်။ အဲဒီတော့မှတိုက်ထဲက ဦးထွန်းကြည့်ဆွေတွေ မျိုးတွေရော၊ ငြိမ်သက်နေတဲ့ လူအုပ်ကြီးကပါအသီးသီး ပြေးလာကြပြီးအားလုံးထိုင်ကာ လက်အုပ်ချီလိုက်ကြတယ်။

ဦးပဍ္ဍင်းမှာလည်း ဝမ်းသာကြည်နူးလွန်းလို့ စကားကို တော်တော်နဲ့ မိန့်တော်မမူနိုင်ဘူး။ ဝမ်းမသာဘဲ နေပါ့မလားလေ၊ သာအောင်တို့နဲ့တိုင်ပင်ထားတဲ့ မူလအစီအစဉ်က ပွဲခင်းက ပြန်လာကြမှ ဦးထွန်းကြည်ဆီဝင်ပြီးကလေးကို အလှူခံဖို့ပါ။ အခုတော့ ကိုယ်တိုင်က လိုလိုလားလား လှူလာတော့ဦးပဍ္ဍင်းလည်း မျက်ရည်ကြည်စို့အောင် ပီတိဖြစ်ရပြီးလည်ချောင်းကို မကြာမကြာရှင်းရင်း အရှိန်ယူနေရတယ်။

'ကဲ…ကဲ နာယူကြဒကာ ဒကာမတို့၊ လောကမှာမှားတာကို မှားမှန်းမသိတာလူမိုက်တဲ့၊ မှားတာကို မှားမှန်းသိတာ လူကောင်းတဲ့။အခု ဦးထွန်းကြည်ကတော့မှားတာကို မှားမှန်းသိတဲ့အပြင် ပြင်လည်းပြင်ရဲတာမို့လူသူတော်ကောင်းဖြစ်ပေတော့သတည်း'လို့ တရားပိတ်သံပေးလိုက်တာမို့ 'သာဓု…သာဓု…သာဓု' ဆိုတဲ့ကောင်းပေ့စွအသံတွေ တစ်ရွာလုံး ဖုံးလွှမ်းသွားတော့တယ်။ ■

**မွှန်းရွှေ**

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ – )နှုန်းနှင့် ယာဝရငွေပင် ငွေကျပ် ၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

**စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်**
ဖုန်း၀၇၂–၂၂၀၃၄၊၀၇၂–၂၁၅၄၁၊၀၉–၆၄၆၁၆၉၉၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

**ဦးမြင့်စိုး**(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀၂၃၇၈၇၊ **ဒေါ်တင်ဝင်း**(လှထု)ဖုန်း၀၂–၃၉၇၁၇၊ **ဒေါ် ရီရီမြင့်**(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

**သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်**(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၈၁၀)၊
**ဒေါ်ယဉ်သန်း**(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၇၇)
**ဒေါ်ခင်စန်း**(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)
**ဒေါ် မြင့်မြင့်ကြည်**(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊၀၉–၇၃၀၇၂၄၉၂)
**ဒေါ်မြင့်မြင့်စန်း**(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁–၅၁၉၅၀၉၊၀၉–၇၃၁၀၉၁၃၄)
**ဒေါ်စန်းစန်းခိုင်**(Real Gems)(အေ–၁၀၊ အမှတ် ၂၃– ၂၅၊ ဂျူးပြူရိုဝ်သာ၊ ဂျူးပြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၈၂၂
**ဒေါ်စန်းစန်းဝေ**(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊၀၁–၂၃၀၀၄၂၈)
**ကလျာမဂ္ဂဇင်းတိုက်**(ပုံနှိပ်)(အမှတ် ၁၆–ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၉၀၁၇၆)

## လှူဒါန်းကြတဲ့အလှူရှင်များစာရင်း

| | |
|---|---|
| ၁၈၂။ ဦးချစ်ခင်အား ရည်စူး၍ ဒေါ်ခင်ကြည်နှင့် ကျန်ရစ်သူမိသားစုကောင်းမှု<br>ချမ်းမြသာစည်တောင်၊ မန္တလေးမြို့။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၈၃။ ဦးအေးကို+ဒေါ်ခင်မွန်သိန်း၊ (အစ်ကို)ဦးတင်သိန်း၊ သားသမီးမြေးမိသားစု<br>၃၀၃(ဘီ)၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၈၄။ ဗိုလ်ချုပ်သန်းဦး+ဒေါ်မြင့်သန်း မိသားစု<br>၁၆ (ဒီ)၊ ကမ္ဘာအေးဗီလာ၊ ၈ မိုင်၊ မရမ်းကုန်း၊ ရန်ကုန်မြို့။ | ၁,၀၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၁၈၅။ ဦးချစ်ဝယ်+ ဒေါ်ဦးမိသားစု<br>ဆဆ/၃၊ အမှတ် ၄၀၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ | ၅၇၀,၀၀၀/-<br>(ငါးသိန်း ခုနစ်သောင်း) |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁၈၆။ ဦးသူရစည်သူ+ဒေါ်ခင်ခင်ဆင့် မိသားစု<br>Perth, Australia | ၅၁၆,၀၀၀ိ/-<br>(ငါးသိန်းတစ်သောင်းခြောက်ထောင်) |
| ၁၈၇။ အိန္ဒြာရတနာ၊ မုရတနာ၊ အိမ့်ဇာရတနာ၊<br>ချမ်းမြေ့သူရမျိုးထွန်း၊ လပြည့်ဝန်းရတနာကောင်းမှု<br>Perth, Australia | ၅၁၆,၀၀၀ိ/-<br>(ငါးသိန်းတစ်သောင်းခြောက်ထောင်) |
| ၁၈၈။ ဦးစောရွှေ(ဒု-ထွေဂျာ-ငြိမ်း)၊<br>ဒေါ်ကြည်ကြည်သန်း မိသားစုကောင်းမှု<br>အမှတ် (၂၅၀)၊ ၁၅ လမ်း၊ ပေါင်းလောင်း(ခ)နေပြည်တော်။ | ၇၀၀,၀၀၀ိ/-<br>(ခုနစ်သိန်း) |
| ၁၈၉။ ဦးကျော်သက်ထွေး+ မသန်းသန်းဌေး၊<br>(သမီး) ဧပရယ် မိသားစု။ Perth, Australia | ၅၁၆,၀၀၀ိ/-<br>(ငါးသိန်းတစ်သောင်းခြောက်ထောင်) |
| ၁၉၀။ ဦးမင်းနောင်+ ဒေါ်ချိုချို၊ (သား)မောင်လမင်းသူ မိသားစု<br>စိုင်ပြင်ကြီး၊ ဒီပဲယင်းမြို့နယ်။ | ၁,၀၀၀,၀၀၀ိ/-<br>(ဆယ်သိန်း) |
| ၁၉၁။ ဒေါ်ပုညေဝတီ၊ (ညီမ)ဒေါ်ညိုညို၊ ဒေါ်မိုးရည် ကောင်းမှု<br>သာသနာ့ပါလချောင်၊ စစ်ကိုင်းတောင်ရိုး။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၂။ ဦးခင်မောင်+ဒေါ်ညွန့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု<br>ရွှေခဲရပ်၊ ငယ်တိုးအုပ်စု၊ အမရပူရမြို့နယ်။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၃။ ဦးခင်လေးမောင်+ဒေါ်ရီရီမြင့်၊<br>(သား)ကိုဥက္ကာ+မရွှေရည်လေးမောင်၊ (သား)ဟိန်းထွဋ်အောင်၊<br>(မြေး)မသွန်းရွှေရည်လင်း မိသားစု။<br>သစ္စာမဏ္ဍိုင် အိမ်ခြံမြေရောင်းဝယ်ရေးနှင့် ရွှေဗိမာန်သက်န်းတိုက်၊<br>၃၃ လမ်း၊ ၈၅×၈၆ ကြား၊ မန္တလေးမြို့။ | ၁,၀၀၀,၀၀၀ိ/-<br>(ဆယ်သိန်း) |
| ၁၉၄။ ဦးတင်အောင်+ ဒေါ်တင်ရွှေ(ငြိမ်းချမ်းရေးပဲခွဲစက်)မိသားစု<br>ပြည်ထောင်စုလမ်း၊ အလယ်ရပ်၊ မုံရွာမြို့။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၅။ ဦးခင်မောင်မြင့်+ ဒေါ်ခိုင်ခိုင်မျိုး၊<br>(သား)ခန့်ဇင်အောင်၊ ထူးခန့်အောင် မိသားစု<br>မြို့နယ်တရားသူကြီး၊ ရွှေဘိုမြို့။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၆။ ကွယ်လွန်သူ ဖခင်ကြီး ဝင်းလိုက် ဦးကျော်ဝင်းအား<br>ရည်စူး၍ (သမီး)သဲသဲဦးမိသားစု။ ဝင်းလိုက်၊ မန္တလေးမြို့။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၇။ ဦးချစ်လှိုင်အား ရည်စူး၍ ဒေါ်တင်ကြည်(ဖိုးချစ်စတိုး)မိသားစု<br>ဦးတန်းရပ်၊ စစ်ကိုင်းမြို့။ | ၅၀၀,၀၀၀ိ/-<br>(ငါးသိန်း) |
| ၁၉၈။ မေတ္တာ-ဒါနအဖွဲ့<br>Hawaii, USA | ၃၅၀၀,၀၀၀ိ/-<br>(သုံးဆယ့်ငါးသိန်း) |
| ၁၉၉။ ဒေါ်တင်တင်သိန်း၊ ဒေါ်ရီရီသိန်း<br>(မြေး)မောင်နန္ဒစောမြင့်မောင်၊ မောင်Bryan ဒီထွဋ်အောင်<br>(ငွေဆဒ္ဒန်)မိသားစု။ အမှတ် (၁၂၁)၊ ၄၂ လမ်း၊ ရှမ်းပွဲရပ်၊ မန္တလေးမြို့။ | ၁,၀၀၀,၀၀၀/-<br>(ဆယ်သိန်း) |

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁။

လင်းသော်မွန်။

ခပ်ဖွဲဖွဲလေးကျဆင်းနေသော
မိုးစက်မိုးပေါက်များကို မြင်တိုင်း
ကျွန်တော့်ရင်ဘတ်အောက်က
နာကျင်မှုတစ်ခုကို အလျှင်စလို
အမှတ်ရဖြစ်ခဲ့တာ 'မ' နှင့်တွေ့ဆုံပြီးချိန်မှ
အစပြုခဲ့သည်။ မိုးစက်တို့က
အဆီးအတားမရှိ လွှတ်လပ်စွာ
ကျဆင်းသွားကြတာပါပဲ။

ကျွန်တော့်မျက်ရည်များလို‌ပေါ့။
သန်မာသောယောကျ်ားရင့်မာကြီးတစ်ဦး၊
ထို့ထက်ပို၍ ခိုင်းနှိုင်းရလျှင်
သားဖွားမီးယပ်ပညာကို ရွေးချယ်
ထားသော အမျိုးသားတစ်ဦး၏
မျက်ရည်များကျဆင်းနိုင်ဖို့ 'မ' က
လည်ပါးစွာ အထောက်အကူပြုလိုက်ခြင်း
ပါပဲ။ မျက်ရည်တစ်ပွင့် ကျဆင်းခြင်းက



www.burmeseclassic.com

www.burmeseclassic.com

အထူးတလည် ကိစ္စမဟုတ်လှပေမဲ့ အမျိုးသမီးတစ်ယောက်အတွက် လှိုက်လှဲနာကျင်စွာ ဆင်းသက်လာသည့် မျက်ရည်များကိုတော့ 'မ'အသိအမှတ် မပြုလို့မရနိုင်။ ကျွန်တော့်ဘဝ၌ မျက်ရည်ကျခဲ့ဖူးတာ မှတ်မှတ်ရရ သုံးခါတည်းရယ်။ 'မ'နှင့် မတွေ့စဉ် အချိန်များကပေါ့။ ကျွန်တော့်ညီလေး ရင်ကျပ်ရောဂါဖြင့် အရေးပေါ် ဆေးရုံတက်ရစဉ်က တစ်ခါ၊ အဖေနှင့်အမေကွာရှင်းပြတ်စဲသည့်နေ့ကတစ်ခါ၊ နောက်ဆုံးနှစ်စာမေးပွဲကြီး အောင်မြင်သည့်နေ့က ဝမ်းသာမျက်ရည်ကျသည့်အခါ ဒီသုံးခါကလွဲလျှင် ကျွန်တော် လူမှန်းသိတတ်ကတည်းက'မ'နှင့် မတွေ့မီအချိန်ထိ မလိုအပ်ဘဲ မျက်ရည်မကျစေရပါ။

အရင်တုန်းကတော့ ကျွန်တော်သည် မာနလည်းအတော်လေးကြီးသော၊ မာယာများသည့် အမျိုးသမီးများကိုလည်း အထင်သေးခဲ့သော အဆိုးမြင်ဝါဒီတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ မျက်ရည်ကျသော မိန်းမကိုမှ ကျွန်တော်က ပိုနာကျင်စေချင်သည်။ စတုတ္ထအကြိမ် ကျွန်တော် မျက်ရည်ကျသောအခါ ကျွန်တော် ဝဋ်လည်နေပြီလားဟု အသည်းအသန်တွေးယူရသည်။ ကျွန်တော့်မျက်ရည်များကိုလည်း 'မ' နားလည်လိမ့်မည်ဟု တစ်ဖက်သတ် ကိုယ့်ကိုယ်ကို အထင်ကြီးမိခဲ့သည်။ ကျွန်တော် ဘယ်လောက် တုံးသွားသလဲဆိုလျှင် မည်သည့်မိန်းမမှ အလည်မရောက်ခဲ့ဖူးသော

ဘယ်တော့မှ
လှန်မကြည့်
ဖြစ်တော့ဘူးလို့
တာထစ်ချ
ခုံးဖြတ်ထားသည့်
ကျွန်မ၏
အတိတ်
စာမျက်နှာများကို
ယောကျ်ား
တစ်ယောက်ကြောင့်
ဖွင့်ဟာမိခဲ့
သည့်အတွက်
ကျွန်မ
အလွန်
ညံ့သွားပါသည်
လေးဆယ့်ငါးနှစ်
ကျော်သည်အထိ
မည်သည့်
ယောကျ်ား
အတွက်မှ

ကျွန်တော့်နလုံးအိမ်အား 'မ'မှ သေသပ်စွာ ဖွင့်လှစ်၊ သေသပ်စွာ ဓားရာပေး၊ ချုပ်ရိုးပျောက် ချုပ်လုပ်ပေးနိုင်ခဲ့သည်အထိပဲ ဖြစ်သည်။

❑

၂။

၂၀၀၉ ဩဂုတ်လ။

ကျွန်တော့်ဘဝ၌ မှတ်မှတ်ရရ ထူးဆန်းသော မိုးနေ့တစ်နေ့ဖြစ်ခဲ့သည်။ ထိုနေ့က ကျွန်တော် 'မ'ကို ခွဲခန်းပြင်ပမှာ စတင်ရင်းနှီးခွင့် ရခဲ့သည်။ 'မ'ကိုတွေ့သောအခါ ဘွဲ့လွန်တက်စဉ်၌ ကျွန်တော့်အား ကြီးကြပ်မည့်သူဟူ၍ မရိပ်မိတတ်ခဲ့ပေ။ ထိုနေ့က 'မ' သည် ကြော့ရှင်းစွာ သပ်ရပ်လှပနေခဲ့သည်။ 'မ'၏ မျက်နှာ၌ ကျွန်တော် မနှစ်သက်သော မိတ်ကပ်များလိမ်းခြယ်မထား။ 'မ'၏မျက်ဝန်းတစ်ဝိုက်၌ ခပ်ပြေပြေလေး လိမ်းထားသော အစိမ်းရောင် မျက်ခြယ်နှင့် ခပ်ဖျော့ဖျော့လေးဆိုးထားသော ပန်းရောင်နှုတ်ခမ်းဆီတို့မှလွဲလျှင် 'မ'မျက်နှာသည် ဆိုးဆေးမကူဘဲ ရိုးရှင်းစွာလှပနေသည်။ ပန်းနုရောင်ပါးပြင်နှစ်ဖက်ပေါ်မှယှက်ဖြာနေသော သွေးကြောမျှင်မျှင်လေးများကိုပင် အံ့သြမှင်တက်စွာ ငေးယူရသည် မဟုတ်လား။

ရန်ကုန်မြို့ ပြည်လမ်းတစ်နေရာ၌ ဓာတ်ပုံစတူဒီယိုတစ်ခု ပိုင်ဆိုင်ထားသော ကျွန်တော့်ဆီသာ 'မ'ရောက်မလာခဲ့ဘူးဆိုလျှင် ကျွန်တော် 'မ' ကို လွန်ကဲစွာ တွယ်တာသွားမိမှာ မဟုတ်ပေ။

'ဓာတ်ပုံဆရာ ကိုလင်းသော်လို့ နာမည်ကြီးနေတာ ရှင်ကိုး'

ဘာမပြော ညာမပြော နှင့် ကျွန်တော့်ဆိုင်ထဲ ရုတ်တရက် ဝင်ရောက်လာသူ လေးဆယ်ကျော် အမျိုးသမီးတစ်ယောက်က ကျွန်တော့်အား 'ရှင်'ဟုသုံးနှုန်းခေါ်ဝေါ်လိုက်သည့်အတွက်တော့ ကျွန်တော် အနည်းငယ် မျက်သွားပါသည်။ သို့သော် ချုပ်တည်းကာ 'ဟုတ်ကဲ့'ဟု ပြန်ဖြေဖြစ်လိုက်သည်ကိုလည်း ကျွန်တော် အမှတ်တရ ရှိနေသေးသည်။

'သမီးက ဆေး(၂)က ဒီနေ့တင်ပဲ ဘွဲ့ယူလာတာ။ အဲဒါဓာတ်ပုံရိုက်ချင်တယ် ဆိုတာနဲ့ ရှင့်ဆီပဲ လာခဲ့ကြတာ'

ဆေး(၂)ကဆိုတော့မှ သူမကို သတိထားကြည့်ခဲ့မိသည်။

'အန်တီ၊ အဲဒါ သမီးတို့ရဲ့လက်ထောက်ဆရာဝန် အစ်ကိုကြီးလေ၊ အရမ်းတော်တာပဲဆိုတဲ့ ဒေါက်တာ လင်းသော်မွန်ပေါ့'

'အန်တီ'ဟုခေါ်ဝေါ်သုံးနှုန်းလိုက်သည့်အပေါ် ကျွန်တော် တအံ့တသြ ဖြစ်သွားပါသည်။ ဩော် ဒါဆို သူတို့နှစ်ယောက်က သားအမိတွေ မဟုတ်ကြဘူးပေါ့။ 'မ' က တစ်ချက်သာ ခေါင်းညိတ်ပြီး သူမကိုယ်သူမ စတင်မိတ်ဆက်ခဲ့တာကိုလည်း ကျွန်တော် ပြန်အမှတ်ရနိုင်ပါသည်။

'ဩော် ယူက တို့ကို သိချင်မှ သိမှာပေါ့။ ကိုယ်က မန္တလေးကို အတိုင်ပင်ခံရာထူးနဲ့ ပြောင်းသွားတာကြာပြီ၊ ခုရန်ကုန်ပြန်ရောက်တော့ ကိုယ်ဒပ်ဖရင်မှာ ရတယ်လေ'

'ဗျာ'

အထိတ်တလန့် ရေရွတ်လိုက်တော့ 'မ'မျက်လုံးများ ဝိုင်းစက်သွားသည်ကိုပင် ဓာတ်ပုံဆရာတစ်ယောက်၏ ဖျတ်လတ်သော မျက်လုံးများဖြင့် ပုံရိပ်ဖမ်းနိုင်ခဲ့ပါသည်။ ထိုနေ့က ဓာတ်ပုံရိုက်တိုင်း စိတ်တိုင်းကျ ရိုက်ကူးတတ်သော၊ မည်သည့်အခါမှ လက်မတုန်ခဲ့ဖူးသော ကျွန်တော်သည် မှားယွင်းတုန်လှုပ်စွာ ဓာတ်ပုံရိုက်ခဲ့ရသည်။

ဖလက်(ရှ)ဘောက်စ်များအောက်မှာပင် 'မ'၏ အပြုံးများ သိမ်မွေ့နက်နဲနေသည်ကို အနည်းငယ် ကြောင်စွာပင် အဓိပ္ပာယ် ဖွင့်ဆိုမိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော် ဒုတိယအကြိမ် လက်တုန့်ဖူးသောနေ့သည် 'မ'ဦးစီးခွဲစိတ်သောကေ့(စ်)၌ အကူအဖြစ် ဝင်ရောက်ခွဲစိတ်ခဲ့ရစဉ်၌ ဖြစ်သည်။

❑

၃။

'မောနင်းပါ မမ'

'မ'မျက်လုံးများ အနည်းငယ်အုံ့အားသင့်စွာ စူးစမ်းသွားသည်ကိုပင် ကျွန်တော် ကျေနပ်နေမိခဲ့သည်။

'ပီကျီ ဖက်စ်ရီးယားဆိုတာ မင်းလား'

'ဟုတ်ကဲ့ မမ'

'မ'က နှစ်လိုစွာ ပြုံးဟန်ပြပြီးမှ ရတ်တရက် နှုတ်ခမ်းသားများအား တင်းနေအောင်စေ့ပစ်လိုက်သည်။'မ'က ချုပ်တည်းနိုင်သည့် အမျိုးသမီးတစ်ယောက်ပေပဲ။ ကျွန်တော် ဘယ်လောက်တုံးသလဲဆိုလျှင် 'မ'ကို တစ်နေ့၌ ကျွန်တော့်ရူပါဗိုက်ဆာဖြစ်လိမ့်မည်ဟူ၍ အနည်းအကျဉ်းမျှပင် ထွက်ချက်မထားခဲ့ပါ။

ထိုနေ့မှစ၍ သားဖွားမီးယပ်ပညာကို အထူးပြုအဖြစ် ရွေးချယ်ထားခဲ့ဖူးသော'မ'၏ အတိတ်အား ကျွန်တော်လေ့လာ သိကျွမ်းခွင့်ရခဲ့သည်။ 'မ'ဝါ့(ဒ)ရောင်းလျှင် အမြဲတမ်းပျာပျာသလဲနိုင်တတ်သော ကျွန်တော့်ဖြစ်အင်အား အတန်းတူ ဘော်ဒါများကင် ရယ်မော စနောက်တတ်ကြပြီ မဟုတ်လား။

မိုးတွေ အလွန်သည်းခဲ့သည့် တစ်နေ့တုန်းက ထီးပါဘဲ ဒီအတိုင်း ပေကတ်စွာသွားဖို့ပြင်နေခဲ့သော ကျွန်တော့်အား 'မ'မှ ညင်သာစွာ ထီးမိုးပေးခဲ့သည်။ ထိုနေ့ပါပဲ။ ကျွန်တော့်ဘဝ၌ နောင်တရိပ်များဖြင့် အမြဲတမ်း ကိုယ့်ကိုယ်ကိုအပြစ်တင်နေမိသည့် နေ့ကို ကျွန်တော် ခုနေပြန်ရလျှင် ဘဝထဲက ခြစ်ထုတ်ပစ်နိုင်ပါလိမ့်မည်။

'ဟေး ဒီမှာ၊ မင်း နည်းနည်းကြောင်နေပြီနဲ့တူတယ်။ ဆေးရုံဂျူတီ နှစ်ရက်ဆက်သွားပြီး စိတ်ကုန်ကုန်နဲ့ မိုးရေထဲ ဒီတိုင်းကြီးလျှောက်တော့မလို့လား'

'ဗျာ'

'မ'က 'စ,တာပါ'ဟူသော မျက်လုံးမျိုးဖြင့် တုံ့ပြန်တော့ ကျွန်တော့်ရင်တစ်ခုလုံး နွေးထွေးသွားပါသည်။ ဒပ်ဖရင်ဆေးရုံ၏ 'စီ'ဆောင်ပေါ်တီကိုအောက်တွင် 'မ'လိုဂုဏ်သိက္ခာမျိုးဖြင့် ယောက်ျားတစ်ယောက်အားရဲရင့်စွာ ထီးမိုးပေးနိုင်သော သူမအား အတန်ကြာ အံ့အားသင့်နေမိသောအခါ 'မ'က ကျွန်တော်၏ အူကြောင်ကြောင် လုပ်ရပ်အတွက် အသံထွက်ရယ်မောပါ သည်။

'အင်းလေ၊ မင်းက စီနီယာတစ်ယောက်လုံးကိုမှ ထီးဆောင်းပေးစေချင်တော့လည်း ကိုယ်လိုက်လျှောရမှာပေါ့နော်'

'ဟာဗျာ'

'မ'ကို လွတ်လပ်ပွင့်လင်းစွာ ရယ်မောတတ်သည့်ဟန်ဖြင့် တစ်ခါမှ မမြင်ခဲ့ဖူး။ ဝတ်ရုံများအောက်၌ချုပ်တည်းရလွန်းသော'မ'ကိုအမြဲတစေ မာနကြီးမည့်မိန်းမတစ်ယောက်အဖြစ်သာသတ်မှတ်ခဲ့ဖူးသည်ကိုဝန်ခံပါသည်။ အလျှင်စလိုထီးအား လုယူပြီး 'မ'အား ဆောင်းပေးတော့ 'မ'က နှစ်လိုစွာပြုံးလေသည်။

'ဆေးရုံမှာတော့ ကိုယ်က မင်းရဲ့စီနီယာပေါ့။ အပြင်မှာတော့ ကိုယ့်ကို မင်းအစ်မတစ်ယောက်လို ရင်းရင်းနှီးနှီး ပြောဆိုဖွင့်ဟလို့ရပါတယ်'

ထိုနေ့က ကျွန်တော့်ဘဝ၌မိန်းမတစ်ယောက်ကမ်းပေးသော ထီးအား နှစ်ယောက်အတူ ဆောင်းလျှက်တစ်ခါမှ မဖြစ်ဖူးသည့် ခံစားချက်မျိုးအား ပထမဆုံးအကြိမ်အဖြစ် အသိအမှတ်ပြုခဲ့ရတာလည်း ဖြစ်သည်။ 'မ'ကမ်းလှမ်းသည့်အတိုင်း ကျွန်တော်တို့နှစ်ယောက် ကော်ဖီအတူသောက်ခဲ့ကြပါသည်။ မိုးသံတဖြောက်ဖြောက်ရိုက်ခတ်နေသော အသံများထက် ကျွန်တော့်ရင်ခုန်သံပိုကျယ်လောင်မနေသည်ကိုဘဲ ကျေးဇူးတင်လှသည်။

'ကပယ်ချီနို ကြိုက်တာပဲလား'

'ဟုတ်ကဲ့ မမ'

ထိုနေ့က ကော်ဖီကြိုက်သူချင်း ဆွေးနွေးဖြစ်ခဲ့သည့် ကော်ဖီနေ့ရက်များအကြောင်းအပြင် 'မ'၏ အတိတ်စာမျက်နှာများကိုပါ ကျွန်တော် မြင်ခွင့်ရခဲ့သည်။

'ကိုယ့်ဘဝမှာ သားဖွားမီးယပ်အထူးကုဖြစ်ဖို့ မပြောနဲ့ ဆရာဝန်ဖြစ်ခဲ့လိမ့်မယ်လို့တောင် မထင်ခဲ့မိဘူး။ တက္ကသိုလ်ဝင်တန်း ဖြေလုဆဲဆဲမှာပဲ ကိုယ့်အစ်မဆုံးတယ်လေ။ တငိုငို တရယ်ရယ်နဲ့ ဘာမှ ဖြစ်မလာတော့ဘူးလို့ ထင်ခဲ့တုန်းမှာပဲ အစ်မကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အစ်မက ကိုယ့်ကို ဆရာဝန်လုပ်ပေးပါလို့ တောင်းပန်တယ်။ သူက ဆရာဝန်အရမ်းဖြစ်ချင်ခဲ့တာ။ ကံဆိုးစွာပဲ သူ နှစ်မှတ်တည်းနဲ့ ဆရာဝန်လိုင်းကပ်ပြုတ်တယ်လေ။ အစ်မဆုံးတော့ ကိုယ့်ဘဝဆုံးပြီထင်တာ။ အိပ်မက်ပြီးတဲ့နေ့ကစပြီး ကိုယ့်ရည်ရွယ်ချက်ချလိုက်နိုင်တယ်။ အဲဒါကတော့ ကိုယ်ဆရာဝန် ဖြစ်ရမယ်လို့'

'မ'မျက်လုံးများ အနည်းငယ် မှေးစင်းလျှက် အတိတ်သို့ ပြန်ပြောင်းတွေးနေဟန်ရှိသည်။ ထိုတုန်းမှာပင် 'မ'၏ ရင်ခုန်သံများအား ကျွန်တော် နားထောင်ခွင့်ရခဲ့သည်။

'မင်းကော ဘာလို့ခေတ်ပုံဆရာဖြစ်လာရတာလဲ'

'အင်း ပြောရရင်တော့ ကျွန်တော့်ခေတ်ပုံတွေထဲက လူတွေ၊ ဒါမှမဟုတ် အဲဒီထဲက အစိတ်အပိုင်း တစ်ခုခုက ပြောပြမယ့်ရာဇဝင်၊ ဒါမှမဟုတ် အတိတ်၊ အဲဒါကို ဖတ်ကြည့်ချင်လို့ပဲ။ မ မသိလား၊ ကျွန်တော့်ခေတ်ပုံတွေထဲမှာ ကျွန်တော် အဲဒါတွေကို မြင်မြင်နေရတယ်'

'အို ဒါဆို ဟိုတစ်လောက ကိုယ့်တူမလေးနဲ့ ကိုယ့်ကို ရိုက်ပေးခဲ့တုန်းက ကိုယ့်အတိတ်ကိုရော မင်း ဖတ်ရှုခဲ့တာပဲပေါ့လေ၊ ဟုတ်လား'

အလျှင်စလို ငြင်းဆန်တော့ 'မ'၏ ရယ်ရွှင်ဟန်မျက်နှာလေးက ကျွန်တော့်အား ပြက်ရယ်ပြုသွားပါသည်။ 'မ'တစ်ယောက်တည်းနေသည့် တိုက်ခန်းတစ်ခုဆီပင် ကျွန်တော့်အား ယုံကြည်စွာ ခေါ်သွားခဲ့သော

www.burmeseclassic.com

'မ'၏ ပွင့်လင်းမှုအတွက် ကျွန်တော် အံ့ဩရသည်။

'ပြန်တော့နော် လင်းသော်'

တစ်ယောက်၏ အတိတ်အားတစ်ယောက်က မြင်ခွင့်ရခဲ့သော၊ တစ်ယောက်၏ ရင်ခုန်သံအား တစ်ယောက်ကြားခွင့်ရခဲ့သောကြောင့် 'မ'ကို ကျွန်တော် ကျေးဇူးတင်ပါသည်။ သို့သော် ကျွန်တော့်အထင်တွေ ဘယ်လောက်လွဲမှားသွားပြီဆိုတာကို ထိုနေ့မှလွန်မြောက်ပြီး သုံးလအကြာမှသာ နားလည်ခွင့်ရခဲ့သည်။

'မ'သည် မာယာကြွယ်ဝသော မြစ်တစ်စင်းလည်း ဖြစ်နေသေးသည်။

❑

၄။

ခက်ခဲကြမ်းတမ်းလှသော အမ်အက်စ်စီ ကျောင်းသားတစ်ယောက်၏ ဦးနှောက်ထဲ၌ စာ၊ အလုပ်နှင့် လူနာများမှလွဲလျှင် ရင်ခုန်သံကို ခေါင်းစဉ်မတပ်သင့်တာလည်း ကျွန်တော် နားလည်ထားပြီး ဖြစ်ပါသည်။ 'မ'နှင့်အတူ ပထမခွဲစိတ်အကူဖြင့် လေ့လာသင်ယူခွင့်ရသည်ကိုပင် ကျွန်တော် ကျေနပ်ဂုဏ်ယူမဆုံးပါ။ လက်တွဲညီသည့် ဆရာတပည့်ဟူ၍ သတင်းမွှေးသည်ကို 'မ'ရော ကျွန်တော်ပါ ပျော်ရွှင်ကြည်နူးခဲ့သည် မဟုတ်လား။

ခွဲစိတ်မှုအပြီးမှာ 'မ'က သူမ၏ အလုပ်တာဝန်ခန်းတွင်းသို့ ကျွန်တော့်အား ခေါ်ခဲ့သည်။

'ကိုယ်နဲ့မင်း အရွယ်အတော်လေးကွာတာကို မင်းသိမှာပါ။ ခုဟာက အပြင်မှာလူပြောသူပြော များနေကြပြီ။ ကိုယ့်သိက္ခာလည်း ထိခိုက်သလို၊ မင်းလို လူပျိုတစ်ယောက်အတွက်လည်း နစ်နာတယ်လေ။ ကိုယ်ပြောတာ အဲဒီနေ့က မိုးတွေရွာနေတုန်း တစ်ချက်ကလေး သတိလက်လွတ်ဖြစ်သွားခဲ့တာက လွဲရင် ကိုယ် မင်းကို နေရာပေးခဲ့မိတာ ရင်ခုန်သံကြောင့် မဟုတ်ဘူး။ မင်းကတော်တဲ့ ဆာဂျင်တစ်ယောက်ဖြစ်နေလို့ ဒါပါပဲ'

ရက်စက်သော စကားလုံးများ၏ အောက်မှာပင် ကျွန်တော့်နှလုံးသားတစ်ခု ကြေမွစုတ်ပြတ်သွားသည်ကို 'မ'မြင်နိုင်ပါသည်။ ကျွန်တော် မျက်ရည်ကျသွားသည်ကို'မ'တစ်သျှူးစကမ်းပေးတော့မှ ရိပ်မိခဲ့သည်။ ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်လွှတ်နိုင်စွမ်း မရှိပါ။ 'မ'၏မျက်နှာ၌ ဘယ်လိုအရိပ်အငွေ့တွေ ဖြတ်ပြေးနေမလဲ ဟူ၍လည်း ရှာဖွေရန် မကြိုးစားနိုင်တော့ပါ။

သေသပ်သော'မ'၏ အမိန့်အောက်မှာပင်ကျွန်တော် နူးညံ့စွာ အရှုပ်ကြိုး ပြတ်ခဲ့ရသည်။

'လင်းသော်'

ကျွန်တော့် နောက်ကျောဆီမှ 'မ'၏ ရေရွတ်သံအား ခက်ခဲစွာကျောခိုင်းလိုက်တော့ ကျွန်တော် နောက်ထပ်တစ်ခါ မျက်ရည်ကျသွားပါသည်။

❑

မြနှင်းဆီ

၁။

ဘယ်တော့မှ လှန်မကြည့်ဖြစ်တော့ဘူးလို့ တထစ်ချဆုံးဖြတ်ထားသည့် ကျွန်မ၏ အတိတ်စာမျက်နှာများကို ယောက်ျားတစ်ယောက်ကြောင့် ဖွင့်ဟမိခဲ့သည့်အတွက် ကျွန်မ အလွန်ညှို့သွားပါသည်။ လေးဆယ့်ငါးနှစ်ကျော်သည်အထိ မည်သည့်ယောက်ျားအတွက်မှ မှားယွင်းစွာ ရင်မခုန်ခဲ့ဖူးသော ကျွန်မ ဒီတစ်ခေါက်မှ အလဲလဲ အပြိုပြိုနှင့် အသည်းကွဲသွားခဲ့သည့်အတွက် ရှင် တော်ပါသည်။

အနည်းငယ် ပေကတ်ကတ်နိုင်စွာ တုံ့ပြန်ဖူးသော ရှင်၏ ခန့်ပြုံးမျိုးကို စတွေ့လိုက်ရသည့် နေ့လယ်ခင်းတစ်ခုမှာပင် ကျွန်မ ရှင့်ကို အမြင်ကတ်ခဲ့ဖူးပါသည်။ ရှင်သည် ခေတ်ပုံဆရာတစ်ဦးဖြစ်နေရုံမျှမက သားဖွားမီးယပ်ဘာသာကို အထူးပြုတော့မည့် ကျောင်းသားတစ်ဦးဖြစ်နေခြင်းကြောင့် ကျွန်မပိုလို့ အံ့ဩသွားရသည်။ ရှင့်ကို ကျွန်မ နှလုံးသားထဲ ထည့်ထားမိပါလားဟု အလန့်တကြား သိရှိလိုက်သည့်နေ့သည် ရှင်ရော၊ ကျွန်မရော အူကြောင်ကြောင် ဖြစ်ခဲ့ရသည့် မိုးအလွန်သည်းသည့် နေ့မှာပဲဖြစ်သည်။ အကယ်၍ ရှင်သည် မိုးသည်းထဲ ထီးမပါဘဲ ပေကတ်ကတ်လျှောက်ဖို့ ဟန်မပြင်ခဲ့ဘူးဆိုလျှင် ကျွန်မ ရှင့်အတွက် ထီးထုတ်ရလိမ့်မည် မဟုတ်။ ခုတော့ ကျွန်မထုတ်ပေးလိုက်သော ထီးအောက်မှာပင်နှစ်ယောက်အတူဆောင်း၍ ဆေးရုံဝင်းမှ ကော်ဖီဆိုင်သို့ အရဲကိုးလျှောက်ရဲသော ကျွန်မကိုယ် ကျွန်မ အပြစ်တင်၍ မဆုံးနိုင်ပါ။

ရှင် စဉ်းစားကြည့်ပါ။ တစ်သက်လုံး လက်တွဲဖော်မလိုခဲ့ဖူးသော၊ ယောက်ျားများကို အထင်မကြီးတတ်သော၊ ခေါင်းမာလွန်းသော၊ မာနကြီးသည်ဟု အများကသမုတ်ခဲ့သော ကျွန်မလို အမျိုးသမီးတစ်ယောက်က သူမဘဝ၏ နှစ်ဆစ်ချိုးမှာမှ ရင်ခုန်သံကို ကိုးကွယ်မိသွားသည့် ဖြစ်အင်သည် ဘယ်လောက်များ ရက်စရာကောင်းလိမ့်မလဲ။ အထူးသဖြင့် ကိုယ့်လက်အောက်က ဘွဲ့လွန်ကျောင်းသားနဲ့မှ ငြိရက်လေခြင်းဟူသော ပညတ်ချက်၊ ကဲ့ရဲ့ခြင်းမျိုးကို ကျွန်မ လိုချင်လိမ့်မည်ဟု ရှင် ထင်ခဲ့ပါသလား။

သို့သော် ကျွန်မ မှားသွားသည်။ ရှင့်ကို တွယ်ငြိသွားတာ ဘယ်လောက်တောင် ဆိုးသွားသလဲဆိုလျှင် ကျွန်မ မာနများအား ကျွန်မကိုယ်တိုင် ဖြိုချပစ်လိုက်နိုင်သည်အထိပဲ ဖြစ်သည်။ ကျွန်မ သောက်လိုက်သည့် ကော်ဖီတစ်ငုံချင်းစီမှာပင် ရှင့်မျက်ဝန်းများ၏ မျှော်လင့်ချက်များ ပျော်ဝင်နေခဲ့သည်။ မိန်းမတစ်ယောက်တည်းနေသည့် တိုက်ခန်းအတွင်းသို့ပင် ရှင့်ကို ဖိတ်ခေါ်လိုက်မိသည့် ကျွန်မ ဘယ်လောက်ထိ ရူးသွားပါသလဲ။

တဒင်္ဂဖြစ်ပေါ်သော ရင်ခုန်သံမျိုး မဟုတ်ဘဲ ဖွဲမီးလို တစ်စတစ်စ ကျွမ်းလောင်သော တွယ်ငြိခြင်းမျိုးဖြင့် ကျွန်မ ရှင့်ကို ချစ်မြတ်နိုးနေမိခဲ့ပါလားဆိုတာ မှားယွင်းစွာ သိရှိသွားခဲ့သည်။

'မ, မှာ ချစ်သူရှိခဲ့ဖူးလားဟင်'

'နိုး'



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦး။ ရှင်ပြောင်းလဲ သုံးနှုန်းခဲ့သော 'မ' ဆိုသည့် အခေါ်အဝေါ်အောက်မှာပင် ကျွန်မ ညွတ်ပျောင်းသာယာမိခဲ့ပြီ။ ထိုအခိုက်အတန့်ကို ကျွန်မဘဝထဲမှ ထုတ်ပစ်လို့ရလျှင်ကောင်းမည်။ မည်သည့်ယောကျ်ားနှင့်မျှ ရင်မခုန်ခဲ့ဖူးသော နှလုံးသားတစ်ခု ရှင်နှင့်မှ လွဲမှားစွာ ပြုတ်ကျပျက်စီးခဲ့သည်။

'ကျွန်တော် ဂစ်တာတီးပြမယ်၊ 'မ' နားထောင်မလား'

'အင်း'

ကျွန်မ မြတ်နိုးသော ခရမ်းရောင် ဟော်လိုဂစ်တာလေးအား အသာဆွဲလျက် ကျွန်မ ခင်းပေးထားသော မြက်ဖျာပေါ်ထိုင်ကာ ရှင်ဆိုပြသော သီချင်းအား မျက်လုံးလေး အသာမှိတ်လျက် နားဆင်နေခဲ့မိမည်ဟု ရှင်ရော၊ ကျွန်မရော ဘယ်သူက ထင်မိမှာလဲနော်။

ပလက်ကင်ဆွဲပြီး တီးခတ်ပြသည့် Adele ၏ *Someone Like You* သီချင်း။ ကျွန်မဘဝ၌ ခန်းခြောက်ခဲ့တာ ကြာပြီဖြစ်သည့် သံစဉ်တွေကို ရှင်က တစ်ရက်တည်းနှင့် တစ်ဘဝစာ ဖြည့်ဆည်းပေးနိုင်ခဲ့တာပဲ။ မိုးတိတ်သွားသောအခါမှ ကျွန်မ ရှင့်ကို ပြန်ခိုင်းဖို့ သတိရခဲ့သည်။ ရှင်ကတော့ ကျွန်မ၏ အုကြောင်ကြောင်နိုင်သော အပြုအမူမျိုးများအတွက် အားတိုက်နေလိမ့်မည်လား။ သို့သော် ကျွန်မဘဝ၌ ဘယ်တုန်းကမှ မရခဲ့ဖူးသော ပထမဆုံးနှင့် နောက်ဆုံးအနမ်းအတွက် ကျွန်မကိုယ် ကျွန်မ အပြစ်တင်၍ မဆုံးနိုင်ပါ။

ရှင်ပြန်သွားသောအခါ၌ ရှင့်ကိုယ်ငွေ့သည် ကျွန်မနှလုံးသားထဲထိပါ ကူးစက်ပျံ့နှံ့သွားပြီဆိုတာ ရှင် ဘယ်တော့မှ မသိနိုင်တော့ပါ။ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်ဟု ဖွင့်ဟသုံးနှုန်းတော့မှ ချစ်သူတွေ ဖြစ်သွားတာမျိုးလား။ ဒါဆို ကျွန်မတို့နှစ်ယောက်က ချစ်သူတွေ မဟုတ်ကြဘူးပေါ့။ ကျွန်မတို့နှစ်ယောက်လုံး ရင်ခုန်သံကို ကိုးကွယ်မိတာကလွဲလို့ ဘာကတိမှ မချည်နှောင်ထားကြခဲ့ကြပါ။ ဆယ်စုနှစ်တစ်ခုစာ ငယ်သောယောကျ်ားတစ်ယောက်အား လွတ်လပ်စွာ ချစ်ခွင့်မရနိုင်သည့် ကျွန်မ၏အခြေအနေတစ်ခုကိုတော့ ရှင် သဘောပေါက်ဖို့ လိုပါလိမ့်မည်။

ရှင့်ကို ဘယ်တုန်းကမှ မမျှော်လင့်ဖူးသော အချစ်မျိုးဖြင့် တွယ်တာခဲ့ဖူးသလို ကျွန်မဘဝထဲက ရှင့်ကို အပြီးအပိုင် ထုတ်ပစ်ရလိမ့်မည်ဟု ဦးနှောက်၏ အမိန့်များ တရစပ် ကျလာချိန်၌လည်း ကျွန်မ ပြတ်သားစွာ စွန့်လွှတ်ပစ်လိုက်ရပါသည်။ ထိုနေ့က ထိုစကားတွေကို ပြောထွက်ဖို့ ကျွန်မ ဘယ်လောက် နာကျင်နေခဲ့ရလိမ့်မလဲ။ ကိုယ့်ရှေ့မှာ မျက်ရည်ကျသွားသည့်ယောကျ်ားတစ်ဦးအား အကြင်နာမဲ့စွာ ထိုင်ကြည့်နေတတ်သည့် ရက်စက်သော မိန်းမမဟုတ်မှန်းလည်း ရှင်နားလည်တော့မှာ မဟုတ်ပါ။ မျက်ရည်စလေးများ ရှင်၏ တိုတောင်းသေးသပ်သော မျက်တောင်၌ တွဲခိုနေကတည်းကပင် ကျွန်မ ဘယ်ဘက်ရင်အုံအောက်က နာကျင်ခံစားရပါသည်။

ရှင် ကျွန်မအခန်းထဲမှ ထွက်သွားသော အချိန်ကစ၍ ကျွန်မ ရင်ဘတ်တစ်ခု ဟာလာဟင်းလင်းဖြစ်သွားခဲ့သည်။ နေပါစေ။ ရှင် နာကြည်းသင့်တာပေါ့နော်။ သို့သော် ရှင့်အချစ်ကို ကျွန်မ လှည့်ဖြားခဲ့တာ မဟုတ်ဘူး ဆိုတာတော့ ရှင် သဘောပေါက်ပေးပါဟု ကျွန်မ တောင်းဆိုလိုပါသည်။

❑

၂။

Adele ၏ သီချင်းသံက နှိပ်စက်နိုင်စွမ်း ကြီးမားလွန်းလှသည်။

*ကိစ္စမရှိ×××ကိုယ်မင်းနဲ့ တူတဲ့ တစ်ယောက်ကို ရှာပါလိမ့်မယ်×××မင်းတို့အတွက် အကောင်းဆုံး ဆုတောင်းနေရုံကလွဲလို့ ကိုယ်ဘာမှ ဆန္ဒမပြု×××ငါ့ကို မမေ့ပါနဲ့×××ငါတောင်းပန်ခဲ့×××ကိုယ်သတိရနေမှာပါလို့×××မင်းဖွင့်ဟခဲ့×××အချစ်လို့ တစ်ခါတစ်ရံ ထင်မှတ်ခဲ့တဲ့အရာတွေက×××တစ်ခါတစ်ရံတော့ အဲဒါတွေအစား နာကျင်ရတယ်×××*

'ခုလည်း မိုးတွေသည်းနေတုန်းပါပဲ လင်းသော်မွန်။ ရှင် ဆိုပြခဲ့သလို တကယ်ပဲ ကျွန်မနဲ့တူတဲ့တစ်ယောက်ကို ရှင့်နှလုံးသားအတွက် ရှာဖွေတွေ့ရှိခဲ့တာ ကွန်ဂရက်ကျူလေးရှင်းပါ။ ကျွန်မနဲ့ တထေရာတည်း ဆင်လွန်းတဲ့ တူမလေး မြတ်မွန်အတွက် ရှင် ရင်ခုန်ပေးခဲ့တာလည်း ကျွန်မ ကျေးဇူးတင်လို့ မဆုံးပါဘူး။ အကယ်၍ မြတ်မွန်သာ ရှင့်ကို စိတ်မဝင်စားခဲ့ဘူး၊ ကျွန်မကိုလည်း ရှင့်ကို ရူးသွပ်နေကြောင်း ဖွင့်ဟမတိုင်ပင်ခဲ့ဘူးဆိုရင် ကျွန်မ ရှင့်ကို ထားရစ်ခဲ့ဖို့အကြောင်း ဖန်ခဲ့မှာ မဟုတ်ဘူး လင်းသော်မွန်။ ဘာပဲဖြစ်ဖြစ် ရှင် တစ်ခုပဲ နားလည်ပေးခဲ့ပါ။ ကျွန်မဘဝရဲ့ ပထမဆုံးနဲ့ နောက်ဆုံးသော ရင်ခုန်သံဟာ ရှင်ပါပဲ လင်းသော်မွန်'

❑

၃။

ကျွန်မ၏ ညှိုးဖျင်းသော ဒိုင်ယာယီအား ရှင် မည်သည့်အခါမှ ဖွင့်မဖတ်စေရပါ။ ရက်စက်တတ်သော၊ မာနကြီးလွန်းသော ရှင်၏ ပညာရေး၌ ကြီးကြပ်သူ ရူပါဗိုက်ဆာတစ်ယောက်၊ ထို့ထက်ပို၍ပြောရလျှင် ရှင်၏ ဇနီးယာ အမျိုးသမီးတစ်ယောက်ထက်ပို၍ ကျွန်မအား ပတ်သက်စရာလည်းမလို။ အဖွာအထေးများနှင့် ကျွန်မနှလုံးသား အနာတရရှိပါစေတော့ကွယ်။ ကျွန်မအား မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်စေရ။

ကျွန်မသည် ရှင့်တစ်ယောက်တည်းအတွက် ဖွင့်ပေးခဲ့ဖူးသော၊ ရှင်ကျောခိုင်းထွက်သွားစဉ်ကတည်းက တစ်သက်လုံးစာ ပိတ်သွားခဲ့သော တံခါးတစ်ချပ်နှင့်တူသည့် မိန်းမတစ်ယောက်ဟု ဆိုလျှင်တော့ ရှင် နာကြည်းစွာ လက်ခံလိမ့်မည်ဟု ထင်ပါသည်။ ■

**လင်းစက်နွယ်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁။

အထူးမှန်လှ
ဘတ်စ်ကားကြီးက
မှတ်တိုင်မှာ ထိုးရပ်
လိုက်သည်။ အပြင်မှာက
မိုးစက်တွေနှင့် လေပြင်းက
ရောထွေးကာ မိုးရာသီ
[illegible]
ဖော်ဆောင်နေသည်။
ယာဉ်နောက်လိုက်ကလည်း
ခပ်သွက်သွက်နှင့် ဆင်းဖို့
ပြောနေတာကြောင့်
ကျွန်တော်လည်း
ပြောသည့်အတိုင်း ဆင်းကာ
မှတ်တိုင်အောက်ကို
ပြေးဝင်လိုက်သည်။
ထီးဆိုင်ရမှာ
အပန်းကြီးတယ်ထင်သော

ကျွန်တော်နှင့် ရန်ကုန်မိုးမှာ
အခုလို မကြာခဏ
ကြုံတတ်စမြဲ။ ဒါလည်း
အမှတ်မရှိ။ မိုးကလည်း
သဲကြီးမဲကြီးနှင့်
ရွာကောင်းဆဲ။
ဘေးဝဲယာကို
ငုံ့ကြည့်မိလိုက်တော့လည်း
ကိုယ်လို ထီးမဲ့နေသော
ဘဲရှော့ လေးယောက်
ရှိနေသည်။ ဒီ့အပြင်
နှစ်ပေပတ်လည်လောက်
ကျယ်သော ကွမ်းယာ
ဆေးလိပ်ခုံလေးကို
ပလတ်စတစ်အကြည်သားနှင့်
လုံခြုံအောင် ကာရံနေသော
အသက်နှစ်ဆယ်ဝန်းကျင်ခန့်

www.burmeseclassic.com

www.burmeseclassic.com

ရှိနိုင်သည့် နွမ်းဖျော့ဖျော့ ကောင်မလေးတစ်ယောက်ကို ပါ တွေ့လိုက်ရသည်။ လက်မှာပတ်ထားသော စတီးရောင် နာရီဒိုင်ခွက်လေးကို ကြည့်မိလိုက်တော့ ညနေ ခြောက်နာရီ ထိုးလုလု။ ဝန်းကျင်ကတော့ မိုးစက်လေပြင်းတွေကြောင့် အချိန်စောပြီး မှောင်နေသည် ထင်ရ၏။ ထိုစဥ်မှာပင် လမ်းမီးတွေက လင်းလက်လာသည်။ မှတ်တိုင်ကလည်း ခွာလို့ မရသေး။ ဆိုတော့ကာ။ ကျွန်တော်စိတ်ညစ်သွားသည်။

ကျွန်တော် သွားရမည့်နေရာက ကားလမ်းတစ်ဖက်က (…)လမ်းထဲကို ဖြစ်သည်။ ထိုလမ်း၏ အတွင်းပိုင်းတွင် ကျွန်တော်သွားရမည့်အိမ် ရှိသည်။ ထိုအိမ်သို့ ရောက်ဖို့ပင် မိနစ် နှစ်ဆယ်လောက်လမ်းလျှောက်ရမည်။

ထိုအိမ်မှ ဦးကိုကိုဇော်မှာ ကျွန်တော့်အဒေါ်၏ မိတ်ဆွေဖြစ်သည်။ လွန်ခဲ့သော သုံးလခန့်က ကျွန်တော့်အဒေါ်ဆီမှ ငွေ သုံးသိန်းကျပ်ကို ဦးကိုကိုဇော်မှ ငါးကျပ် အတိုးနှင့် ချေးသွားသည်။ ပြန်ဆပ်ရမည့်ရက်က မနေ့က နောက်ဆုံးဖြစ်သည်။ လာချေးတုန်းက မျက်နှာငယ်လေးနှင့် အိမ်ကိုလာခဲ့သည်။ ပြန်ဆပ်ဖို့ ဖုန်းဆက်အသိပေးတော့ ဒီနေ့ သူ မအားလို့ပါ၊ ဒါကြောင့် လာယူနိုင်လျှင် ယူလှည့်ပါ။ အတိုးနှင့် ပေါင်းပေးလိုက်မည်ဟု အကြောင်းပြန်သည်။ ထို့ကြောင့် အဒေါ်က စိတ်တိုတိုနှင့် ကျွန်တော့်ကို အယူခိုင်းသည်။ သေချာတွေးကြည့်လျှင် လူတချို့မှာ စိတ်ပျက်ဖို့ အတော်ကောင်း

> သူမကတော့
> ကျွန်တော့်ကို
> သတိတရ
> ဖြစ် မဖြစ်တော့
> မသိပါ
> ကျွန်တော်ကတော့
> သူမကို
> စွန့်လွှတ်လိုက်ရပြီ
> ဆိုသော
> အသိနှင့်အတူ
> မိုးစက်
> မိုးပေါက်တို့နှင့်
> အပြိုင်
> မျက်ရည်ရန့်တွေ
> မွန်ထူခဲ့သည်

သည်။ လာပြီးချေးတုန်းကတော့ မျက်နှာငယ်လေးနှင့်။ ပြန်ဆပ်ခါနီးကျတော့ မာရေကျောရေနှင့်။ ဒီပုံစံမျိုးဆိုလျှင် နောက်တစ်ခါ အဒေါ့်ဆီလာခဲ့ကြည့်။ ဘယ်လိုမျက်နှာငယ်လေးနှင့်ပြောပြောရတော့မှာမဟုတ်။ ကျွန်တော့် အဒေါ်က ပြတ်သည်။ သူများတွေ နှစ်ဆယ်အတိုးနှင့် ယူနေကြချိန်မှာ အဒေါ်ကငါးကျပ်အတိုးသာယူသည်။ မတရားကြီး အမြတ်ကြီးစားမလုပ်။ ထို့ကြောင့် အဒေါ့်ဆီမှာ တစ်သိန်းမှ သိန်းနှစ်ဆယ်အထိရသည်။ အဒေါ်ကလည်း တစ်သက်လုံးလိုလို ဒီအလုပ်ကိုပဲ လုပ်ခဲ့သည်။ မလုပ်လို့လည်း မဖြစ်။ အဒေါ့်ယောကျ်ားက ကုမ္ပဏီကြီးတစ်ခုမှာသာ အလုပ်လုပ်နေသည်။ ရသည့်လစာတစ်သိန်းဆိုတာက ကျွန်တော်အပါအဝင် မိသားစုငါးယောက်အတွက် အထွေထွေ အသုံးစရိတ်မပြောနှင့်၊ တစ်လဆန်ဖိုးပင်မရှိ။ ထို့ကြောင့် အဒေါ်က အရှာအဖွေကောင်းနေ၍သာ။ တစ်ခါတလေလည်း အဒေါ်က ညည်းသည်။

'အင်း အားလုံးရဲ့ ခါးတွေလှဖို့၊ ဝမ်းတွေဝဖို့ ငါ တစ်ယောက်တည်း ငရဲပြည်ကိုသွားနေရပါလား၊ ဆရာတော် ဦးသုမင်္ဂလရဲ့ တရားတော်တွေအရဆိုရင်တော့ ငါ့အတွက် ဒယ်အိုးက အရမ်းကိုပူမှာပဲ'ဟု…။

ထိုအခါမျိုးတွင် ဦးလေးက ရယ်တည်ကြီးနှင့် စ,တတ်သည်။

'ဩော် ဒေါ်အေးသီတာရယ် ခင်ဗျားက အတိုးနည်းနည်းပဲယူတာဆိုတော့ ဒယ်အိုးက နွေးရုံပဲ နေမှာပါ'

'အို တော် တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပါပဲ။ တော်ကြီးက ရွှေပြည်အေးထမင်း လာကျွေးချင်နေသေးတယ်…ဟွန်း'

ထိုသို့ပင်…။

ကျွန်တော့်အဒေါ်နှင့် ဦးလေးတို့မှာ ပျော်စရာလည်း ကောင်းသည်။

'ဟာ'

'စိုပဟ'

'ခွေးကောင် ဖြည်းဖြည်းမောင်းတာ မဟုတ်ဘူး'

စသော အသံတွေကြောင့် ကိုယ့်ကိုယ်ကို သတိထားကြည့်မိလိုက်ရာ ဘောင်းဘီရှည်၏ ဒူးအောက်ပိုင်းနှင့် အထက်ပိုင်းတို့တွင် ရေတွေ စိုသွားသည်။ သေချာ ကြည့်ကာ လက်နှင့် ခါထုတ်မိလိုက်တော့ သဲစသဲနတွေကို ပါ တွေ့လိုက်ရသည်။

ရှေ့က လမ်းမပေါ်ကို ကြည့်မိလိုက်တော့ သုံးပေ ပတ်လည်လောက် ကျယ်နိုင်သည့်ချိုင့်ခွက်ကလေး။ အထဲမှာ ရေတွေဝင်နေသည်။ ခပ်စောစောက ဖြတ်မောင်းသွားသော လိုင်းကားတစ်စီးမှာ အရှိန်ပြင်းပြင်းနှင့် ဖြတ်လိုက်တာကြောင့် ကျွန်တော်တို့ကို စဥ်ကာ စိုမိသွားခြင်းပင်…။

မိုးကလည်း မတိတ်သေး။ အနည်းငယ်ပင် အေး လာသည်။ မှတ်တိုင်ထဲသို့ နောက်ထပ် လူသုံးယောက် ရောက်လာကြပြန်သည်။

ကျွန်တော်လည်း ဘောင်းဘီက ရေနှင့် သဲမှုန် တို့ကိုခါရင်း တစ်စုံတစ်ဦးကို သတိရမိသွားသည်။ ရင်ထဲမှာ နွေးခနဲ…။ ပြီးတော့ ရယ်ချင်မိသွားသည်။ ပါးစပ် ကလည်း ပြောမိရေရွတ်လိုက် သေးသည်။

'စဥ့်အိုးမကြီး'

❑

၂။

ကျွန်တော် မှတ်မိသေး သည်။ ချစ်ဦးသူ စန္ဒာကျော် ဇော။ အခုလို မိုးတွေရွာသည့် ကျွန်တော့်မွေးနေ့ ဇွန်လတွင် စတင်ဆုံစည်းခဲ့ကြသည်။ နောက်တစ်နှစ် ကျွန်တော်၏ အသက် နှစ်ဆယ်ပြည့် ဇွန်လ ၏ မွေးနေ့တွင် ချစ်အဖြေပေး ခဲ့သည်။ ထိုစဥ်က သူမ သချာင်္ဘာသာဖြင့် ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကျောင်းသူ။ ကျွန်တော်က ဆယ်တန်းပင် မတက်ခဲ့ရသည့် ပန်းချီရူး၊ ကဗျာရူး။ သူမက သူမ အဖေ၏ပွဲရုံမှ စာရင်းဇယားတွေကို တွက်ချက်လိုသူ။ ကျွန်တော်က ပန်းချီသမားဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကဗျာသမား၊ စာပေသမား ဖြစ်ချင်လိုသူ။ ဆိုတော့ကာ ကျွန်တော်၏ ဆန္ဒနှင့် အနာဂတ်နေ့စွဲထဲမှာ ခြသေ့၏ကိုယ်သင်းရနံ့တွေ မမွေးကြိုင်။ သို့ပေမဲ့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အသည်းအသန်ချစ်ခဲ့ကြသည်။ ထို့ကြောင့် နှစ်ယောက်အတူ မဖူးဖူးသောစေတီ မရှိ။ ရောက်ဖူးသော ပန်းခြံမရှိ။ သောက်ဖူးသော ကော်ဖီဆိုင်နှင့် အအေးဆိုင် မရှိ။ မကြည့်ဖူးသောရုပ်ရှင်ဆိုတာ မရှိ။ ဆိုတော့ကာ ရန်ကုန်မြို့တော်ကြီးမှာ ကျဉ်းသည်ဟုပင် နှစ်ဦးသား သတ်မှတ်ခဲ့ကြသေးသည်။ အနာဂတ်ဆိုတာ အနာကပ်သည့် ပလတ်စတာဟုလည်း သဘောထားခဲ့ကြသည်။

ထိုသို့ဖြင့် ချစ်သူသက်တမ်း တစ်နှစ်အလွန်၏ ဒီဇင်ဘာလတွင် ကျွန်တော်တို့နှစ်ယောက်အကြားသို့ အားပြင်းသောမုန်တိုင်းတစ်ခုက ဝင်ရောက်ခဲ့သည်။ သူမ၏ မိဘများသည် ကျွန်တော်တို့နှစ်ယောက်၏ တည်ဆောက်ထားသော ချစ်သူတို့ သံယောဇဉ်စိတ်ကူးအိမ်လေးကို ဖြိုဖျက်ကာ သူတို့ ကြိုတင်ကြံစည်စိတ်ကူးထားသော အလှူရှင်သူတစ်ယောက်နှင့် တက်ချက်ရိုက် လက်ထပ်ပေး

သေသောသူ
ကြာရင်မေ့ဟု
ဆိုသော်လည်း
ရှင်လျက်နှင့်
သတိရနေသည်မှာ
ချစ်သူကို
ဖြစ်သည်ဟု
ဆရာကြီး
တက္ကသိုလ်
ဘုန်းနိုင်က
ပြောခဲ့သည်
ဆရာကြီး၏
အပြောက
မြေကြီးလက်ခတ်
မလွဲ မှန်ခဲ့သည်
ကျွန်တော်
စန္ဒာကျော်ဇောကို
ခဏခဏ
သတိရခဲ့သည်
တိုက်ဆိုင်တိုင်းလည်း
သူမ
သတင်းကို
စုံစမ်းခဲ့သည်

လိုက်ကြသည်။

မှတ်မှတ်ရရပင်၊ သူမတို့ မင်္ဂလာဆောင်သော ဒီဇင်ဘာလထဲမှ နေ့တွင် ရန်ကုန်မြို့တော်ကြီးထဲမှာ မိုးတွေ ရွာခဲ့သည်။

သူမကတော့ ကျွန်တော့်ကိုသတိတရ ဖြစ် မဖြစ်တော့ မသိပါ။ ကျွန်တော်ကတော့ သူမကို စွန့်လွှတ်လိုက်ရပြီဆိုသော အသိနှင့်အတူ မိုးစက်မိုးပေါက်တို့နှင့်အပြိုင် မျက်ရည်ရှန့်တွေ မွန်ထူခဲ့သည်။ ထို့ကြောင့် ခံစားရမည်ကို သိရှိခဲ့ပါလျက်နှင့် ခံစားရသည့် အချစ်၏သောကတွေက နှစ်သစ်ထဲအထိ ပါဝင်လိုက်စားခဲ့သည်။

သေသောသူ ကြာရင် မေ့ဟုဆိုသော်လည်း ရှင်လျက်နှင့် သတိရနေသည်မှာ ချစ်သူကို ဖြစ်သည်ဟု ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က ပြောခဲ့သည်။ ဆရာကြီး၏အပြောက မြေကြီးလက်ခတ် မလွဲမှန်ခဲ့သည်။ ကျွန်တော် စန္ဒာကျော်ဇောကို ခဏခဏ သတိရခဲ့သည်။ တိုက်ဆိုင်တိုင်းလည်း သူမသတင်းကို စုံစမ်းခဲ့သည်။ ထိုသို့ဖြင့်…

ပြီးခဲ့သောလပိုင်းက ဗိုလ်ချုပ်ဈေးသစ်ကြီးထဲကို ကင်းဗတ်စက္ကူသွားဝယ်သော ကျွန်တော်နှင့် သူမတို့ အမှတ်မထင် ဆုံမိလိုက်ကြသည်။ ကလေးနှစ်ယောက်နှင့်။ အကြီးမလေးကို သူမက လက်ဆွဲထားသည်။ အငယ်ကောင်လေးကိုတော့ အိမ်အကူဖြစ်ဟန်တူသော ကောင်မလေးက လက်တွန်းလှည်းပေါ်မှာ တင်ထည့်ကာ တွန်းလာသည်။

ကျွန်တော်ကား သူမကိုလုံးဝ မမှတ်မိ။ သူမကတော့ ကျွန်တော့်ကို မှတ်မိသည်။ သူမပုံစံမှာ တော်တော်ကြီး ဝနေသည်။ သေချာကြည့်မှ မျက်နှာက ဟိုတုန်းကရုပ် ပေါ်လာသည်။ တစ်ချိန်က မျက်ဝန်းဝိုင်းဝိုင်း၊ မျက်တောင်ကော့ကော့လေးတွေနှင့် ကြွေရုပ်ကလေးလို လှပခဲ့သောသူမ။ အခုတော့ အိမ်ထောင်ရက်သားတွေ ကျကလေးနှစ်ယောက်မိခင်ဖြစ်ပြီးကာမှ ဒီလိုပုံစံကြီး ထွက်လာသည်မှာ မယုံချင်စရာ။ တော်တော်ကြီးကို ဖက်တီးပုပ်ကြီး ဖြစ်နေသည်။ ကျွန်တော် သူမကို ကြည့်ရင်းကြည့်ရင်းနှင့် ဝက်ဖြူမကြီးတစ်ကောင်လိုလို၊ စဥ့်အိုးကြီးတစ်လုံးလိုလိုအဖြစ် မြင်လာခဲ့သည်။

ဆိုတော့ကာ…။

အံ့သြလွန်း၍ စကားတွေပင် ဖောင်ဖွဲ့ မပြောနိုင်ခဲ့။ နှုတ်ဆက်ပြီး လမ်းအခွဲမှာတော့…

'ဟား ဒီဝက်မကြီးနဲ့ လွဲအောင်လုပ်ခဲ့တဲ့ မြားနတ်မောင်ရေ ကျေးဇူးတင်လိုက်တာကွာ' ဟု ကြိတ်ပြီး ရေရွတ်မိလိုက်ခဲ့သည်။ တကယ်ဆိုအခုအခါ ကျွန်တော့်အကြိုက်က အင်ဂျလီနာဂျိုလီ၊ ဇစ်တိုးရီးယားဘက်ခမ်းနှင့် အဆိုကျော် ချမ်းချမ်းတို့ကဲ့သို့ ဘော်ဒီမျိုး။

'ဩော် စဥ့်အိုးမ… ဝက်မ…အဲ စန္ဒာကျော်… စန္ဒာကျော်…'

❑

၃။

အတွေးတွေကို ဖြတ်တောက်ပြီး ဝန်းကျင်ကို ကြည့်မိလိုက်သည်။ မိုးက သည်းနေဆဲ။ နာရီကို ကြည့်မိလိုက်တော့ ခုနစ်နာရီထိုးဖို့ မိနစ်နှစ်ဆယ်အလို…။

'ဟူး'

သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်မိလိုက်သည်။ ထိုစဥ် အထူးမှန်လုံကားကြီးတစ်စီး ထိုးဆိုက်လာသည့် ကားပေါ်မှ ခရီးသည်တချို့ ဆင်းလာကြသည်။ ထိုအခါ နောက်ဆုံးမှ ဆင်းလာသော ခရီးသည်အမျိုးသမီး တစ်ယောက်မှာ ထီးကို မဖွင့်တော့ဘဲ မှတ်တိုင်၏လောင်းရိပ်ထဲကို ပြေးဆင်းလာသည်။ ကျွန်တော့်

www.burmeseclassic.com

ရှေ့တည့်တည့်အရောက်တွင် တုံ့ခနဲ ရပ်လိုက်သည်။

ကျွန်တော် သူမမျက်နှာကို ဘာရယ်မဟုတ် ကြည့်မိလိုက်သည်။ ဝေဝါးနေသော နီယွန်အလင်းရောင်တွေအောက်က သူမမျက်နှာ၊ ကျွန်တော် မြင်ဖူးသလိုလို...။

သူမကလည်း ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့်ပြီး နောက်တစ်ခါ ပြန်ကြည့်သည်။ သူမမျက်ခုံးတစ်စုံ မြင့်တက်သွားသည်။ ကျွန်တော့်မျက်ခုံးတစ်စုံလည်း မြင့်တက်သွားသည်ထင့်...။

'ဟယ် ကို ကို ကိုထိုက်နော်'

သူမက တအံ့တသြဆိုသည်။ ကျွန်တော်လည်း မှတ်မိသွားလေပြီ။ ထို့ကြောင့် ထုံးစံအတိုင်း ကျီစားချင်မိသည်။

'နော် မပါဘူးလေ ကိုထိုက် ကိုထိုက်'

'ကြည့် အခုထိ နောက်တတ်တုန်းပဲ'

'နောက်မတတ်ပါဘူး၊ ကျီစားတာပါ'

'ခစ် ခစ် ခစ်'

သူမက ခိုးခိုးခစ်ခစ်နှင့် လုပ်ပြီး ရယ်သည်။ ဒီအရယ်လေးတွေကပဲ...။

'သြော် ဘယ်ကို သွားမလို့လဲ ကိုထိုက်'

'ဟော ဟို ဘက်က လမ်းထဲကို သွားမလို့လေ၊ မြင်တဲ့အတိုင်းပဲ ထီးကပါမလာဘူးဆိုတော့၊ ဟင်း... ဟင်း ကြာနေပြီလေ၊ မိုးအတိတ်ကို စောင့်နေတာ'

'ဟာ ဒါဆို ဝိုင်းစု အဲ လိုင်နဲ့ လိုက်ခဲ့လေ။ လိုင်လည်း အဲဒီလမ်းထဲမှာ နေ

ကျွန်တော့်
မျက်နှာကို
မျက်ဆန်
နက်ကလေးများ
ထောင့်ကပ်ကာ
ကြည့်ရင်း
နှုတ်ခမ်းလေးကို
စူပြသည်
အနေအထားက
မိုးသက်ငွေ့တို့နှင့်
အပြိုင်
ချစ်ခြင်းဘာသာ
ပြယုဂ်တွေ
အံ့သည်း
တိုက်ခိုက်
တော့မည့်
ကာလမျိုး ...

နေတာ'

သူမက လိုက်လဲ့စွာနှင့် ခေါ်နေသည်။ ကျွန်တော့်မှာသာ ချင့်ချိန်နေရသည်။ ဒါကို သူမက ရိပ်မိသည်။

'ကဲပါ...လာ၊ ဘာ ရှော့ခ်မှ မကပ်ဘူး'

ပြောပြောဆိုဆိုနှင့် ထီးကိုဖွင့်ပြီး ဘယ်ဘက်လက်ကို အတင်းဆွဲကာ ခေါ်တော့သည်။ ကျွန်တော်လည်း မရုန်းဆန်မိ။ ဆိုတော့ကာ။

ယာဉ်အသွားအလာ အရှင်းကိုကြည့်ကာ သူမနှင့် ကျွန်တော် ထီးတစ်ချောင်းကို အတူဆောင်းကာ ဖြတ်ကူးလိုက်ကြသည်။

ကားလမ်းတစ်ဖက်ကို အရောက် လမ်းထဲကို ကွေ့အဝင်မှာတော့ သူမက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်သည်။ ဘယ်ဘက်လက်ကလည်း ထီးကို ကိုင်ထားသေးသည်။

'လိုင်က ရေဝတီကိုင်းထဲက ရွာတစ်ရွာကပေါ့။ အဲဒီမှာ လုပ်နေတဲ့ အဆက်အသွယ်နဲ့ပဲ ရောက်လာခဲ့တာလေ။ အဖေက လိုင်ငယ်ငယ်ကလေးကတည်းက ဆုံးသွားတာ။ အမေက နောက်အိမ်ထောင်နဲ့လေ။ နောက်အိမ်ထောင်ကလည်း အဘိုးကြီးပါ။ သားထောက်သမီးခံ မရှိဘူး။ လိုင့်ကိုလည်း သမီးလေးလို ချစ်ရှာပါတယ်။ အဲဒီလိုနဲ့ လိုင့်အသက် နှစ်ဆယ်လောက်မှာ အမေလည်း ဆုံးတယ်လေ။ ဒီတော့ ပထွေးအဘိုးကြီးနဲ့ လိုင်နဲ့ နေလို့ ဘယ်သင့်တော်မှာလဲ။ အဘိုးကြီးက တရားသမားကြီးပါ။ ယောကျ်ားဆိုတာ ဖွဲတစ်ဆုပ်နိုင်တဲ့အထိ စိတ်မချရဘူး ဆိုပေမဲ့ အဘိုးကြီးကတော့ တကယ် စိတ်ချရပါတယ်။ အသက်ကလည်း ခုနစ်ဆယ်ကျော်နေပြီလေ။ လိုင်လည်း မနေချင်တာနဲ့ ထွက်လာခဲ့လိုက်တာ။ ဒီမှာပဲ အခြေချတော့မယ် စိတ်ကူးတယ်။ အခြေမချသေးခင်၊ မကျသေးခင်တော့ ကိုထိုက်ကို လိုင် ချစ်နေချင်တယ်ကွာ။ လိုင့်ဘဝကို လိုင် နားလည်ပါတယ် ကိုထိုက်ရယ်'

သူမ၏ တစ်ချိန်တစ်ခါတုန်းက စကားလုံးတွေက နားစည်မှာ ပြန်လည်ရစ်ဝဲသလို သူမဆီမှ ရရှိလာသော အထိအတွေ့နှင့် အလယ်အလတ်တန်းစား ရေမွှေးရနံ့တွေကလည်း ကျွန်တော့်ခန္ဓာနှင့် စိတ်ကို လတ်ဆတ်ကြည်မွေ့စေရသည်။

တကယ်တော့ ကျွန်တော်သည် အပေါင်းအသင်းတချို့၏ ကောင်းမှုကြောင့် သူမအလုပ်လုပ်သော ကာရာအိုကေဆိုင်သို့ အကြိမ်များစွာ ရောက်ရှိခဲ့ရသည်။ ထိုသို့ရောက်သွားတိုင်းလည်း သူမကိုသာ ကျွန်တော်က စက်အကိုင်ရွေးချယ်ခဲ့သည်။ ထိုသို့ ကြိမ်ဖန်များလာသော အခါ သူမနှင့် ကျွန်တော် သူငယ်ချင်းမက ချစ်သူမကျ တွေ ဖြစ်ခဲ့ရသည်။ သူမ အလုပ်နားချိန်တိုင်းမှာ ဈေးဝယ်ထွက်လည်း ကျွန်တော်ပါ၊ ရုပ်ရှင်ကြည့်လည်း ကျွန်တော်ပါ၊ ဘုရားစေတီဖူးလည်း ကျွန်တော်ပါနှင့် ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် သူမရင်မှ ပေါက်ဖွားလာသော သွေးသားနှင့် ရောယှက်သည့် အချစ်ကြောင့် မလိမ့်တစ်ပတ်နှင့် တည်းခိုခန်းတစ်ခုထဲသို့ရောက်ခဲ့သည်။

လောကတွင်... 'ငါးကြော်မကြိုက်လျှင် ကြောင်မိုက်'၊ 'ပါးစပ်ထဲ လက်ထည့်၍မှမကိုက်လျှင် လူမိုက်'ဟူသော ဆိုရိုးစကားတွေ ရှိခဲ့သည်။

ကျွန်တော် ငါးကြော်ကို မျက်ကွယ်ပြုကာ လူမိုက်တွဲကိုခံယူပြီး သူမကို ဖျောင်းဖျ ပြောဆိုနိုင်ခဲ့သည်။

အပွင့်လင်းဆုံးပြောလျှင် ကျွန်တော် သူမကို ထာဝရ လက်တွဲဖော်အဖြစ် မရွေးချယ်နိုင်၊ စိတ်မကူးနိုင်



www.burmeseclassic.com

www.burmeseclassic.com

သူမကလည်း နားလည်သည်။ တစ်သက်လုံးလက်တွဲဖို့အတွက် လုံးဝမရည်ရွယ်ပါ။ ကျွန်တော်ကလည်း အိုင်တွေ့တိုင်း ခြေမဆေးလို…။

သူမသဘောကို ကျွန်တော် သိသည်။ ဒီနေ့သည် ဒီနေ့…၊ မနက်ဖြန်သည်… မနက်ဖြန်…။ ဒီနေ့ကို မနက်ဖြန်နှင့် မရောယှက်စေရသလို၊ မနက်ဖြန်မှာလည်း ဒီနေ့ကို တမ်းတစရာ၊ နှယ်ငင်စရာမလို။ သူမ လိုသည်က ကျွန်တော့်ဆီမှ အယုအယများ၊ ချစ်ခြင်းတရားများ…။ ထို့အပြင်…။ သူမဆီမှ အယုအယများနှင့် ချစ်ခြင်းတရားများကို…။

ကျွန်တော့်မှာ ငြင်းဆန်ကာ တော်တော်ကြီး ဖျောင်းဖျပြောဆိုခဲ့ရသည်။ ထို့နောက် ယခင်ကလို နေထိုင်ခဲ့ကြသည်။ ကျွန်တော်လည်း အရောက်နည်းသွားခဲ့သည်။ ယခု မတိုင်ခင် ဆယ်လလောက်က တစ်ခေါက်ရောက်သွားသေးသည်။ သူမ ထိုဆိုင်တွင် မရှိတော့။ ခပ်လှုံ့လှုံ့ဘဲကြီးတစ်ဗွေ၏ အငယ်လေးလိုလို၊ ဆိုင်ပြောင်းသွားသလိုလိုသာ သိခဲ့ရသည်။ ဖုန်းကလည်း ရိုးရိုးကတ်ဖုန်းလေးမို့ နံပါတ်က အရှင်…။ ကျွန်တော်ကလည်း အိမ်ဖုန်းပဲ အကြောင်း ပေးမထားခဲ့။ ကျွန်တော်လည်း ထိုဆိုင်များကို ခြေဦးမလှည့်ဖြစ်ခဲ့တော့။

အခုတော့ မထင်မှတ်ဘဲ လင့်ပါဘဲ တွေ့ကြရပြီ။

'အို ကိုထိုက် ဘာတွေ များနေလဲဟင်'

'ဩော် ဘာရယ် မဟုတ်ပါဘူး'

'ဘာလဲ ထာဝရနှလုံးသားလေးရဲ့အသိတွေ မြင်သွားမှာကို တွေးမိပြီး ဇယားကပ်နေတာလား…ခိ…ခိ'

'ဟာ မဟုတ်ပါဘူး လှိုင်ကလည်း'

ကျွန်တော့်အပြောက သူမ၏ နာမည်အရင်းကို ဟိုယခင်ကအတိုင်း ခေါ်ပြောသုံးနှုန်းမိသွားသည်။ သူမ သဘောကျသွားသည်။ ကျွန်တော့်မျက်နှာကို မျက်ဆန်နက်ကလေးများ ထောင့်ကပ်ကာကြည့်ရင်း နှုတ်ခမ်းလေးကို စူပြသည်။ အနေအထားက မိုးသက်ငွေ့တို့နှင့် အပြိုင် ချစ်ခြင်းဘာသာ ပြယုဂ်တွေ အံ့သည်းတိုက်ခိုက်တော့မည့်ကာလမျိုး။

လမ်းကလည်း ချိုင့်ခွက်တွေ ပေါများနေသည်မို့ ရှောင်ကွင်းသွားနေရသည်။

'ဒါနဲ့ လှိုင်ရဲ့အိမ်က ဘယ်နားမှာလဲ'

'ဟိုး အတွင်းပိုင်းမှာလေ။ ဩော် ကိုထိုက်…'

'ဟင်'

'လှိုင့်ရင်ထဲမှာလေ ကိုထိုက်က အရင်အတိုင်းပဲ။ အခု လှိုင်နေနေတဲ့အခန်းမှာ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူလည်း တော်ကြာဆို အပြင်ထွက်တော့မှာ…။ ကိုထိုက် လိုက်…လိုက်ခဲ့ပါလား…ဟင်…ကိုထိုက်ရယ်'

သူမက ပြောပြောဆိုဆိုနှင့် ပခုံးကို မှီနွဲ့လာသည်။ ကျွန်တော် ထင်သည့်အတိုင်း ဖြစ်လာလေပြီ။

'လိုက်ခဲ့ပါ ကိုထိုက်ရယ်နော်၊ လှိုင့်ရဲ့ ဘဘကြီးက ဒီညပဲ ခရီးထွက်သွားတယ်။ တစ်ပတ်လောက်ကြာမှာ သိလား၊ လိုက်ခဲ့နော်'

သူမ၏ အမူအရာတွေ စကားလုံးတွေက ကျွန်တော့်တစ်ကိုယ်လုံးကို ရှိန်းဖိန်းစေရပြန်သည်။ သွေးဆဲလ်တွေကလည်း ကျယ်သွားပြီး အရှိန်ပြင်းပြင်းနှင့် စီးဆင်းလည်ပတ်နေကြသည့်အလား။

စိတ်ထဲမှာက အခေါ်ခိုင်းလိုက်သည့် တာဝန်ကိစ္စ။ မကျေပွန်လျှင် ပြဿနာ။ ထို့အပြင်။ ကျွန်တော့်၏ ဝါသနာဆန္ဒနှင့် ဘဝကို အကြွင်းမဲ့နားလည်ပေးထားပြီး ထာဝရသစ္စာတရားတွေ နှလုံးသားကိုယ်စီမှာ စိုက်ထူထားကြသောချစ်ရသည့်'သီ'။ သီ့အပေါ်မှာ ကျွန်တော်သစ္စာမပျက်ယွင်းရက်။ 'သီ'က ဘိုကလေးဈေးထဲမှာ 'သီသီအောင် ဇာဘော်လီအထူး' ဆိုသည့် လုပ်ငန်းလေးရှိသည်။ လိမ္မာရေးခြားရှိသည်။ ငွေကို အတတ်ပညာနှင့် ရိုးသားမှုကို စတေးကာ ရှာဖွေသည်။ ကျွန်တော့်ကိုလည်း အရမ်းချစ်ရှာသည်။ ကျွန်တော်ကလည်း သူမနည်းတူ။ လှိုင်နှင့်ဆိုလျှင် မနှိုင်းယှဉ်အပ်လောက်အောင်ကို အခြေအနေတွေက ကွာသည်။

'ကိုထိုက်… လိုက်မှာလားလို့…'

ကျွန်တော် ပြန်မဖြေမိ။ ထိုစဉ် လမ်းအပြည့်နီးပါးကြီးမားကျယ်ပြန့်နေသော ရေအိုင်ကြီးကို တွေ့လိုက်ကြရသည်။ ရေအိုင်ကြီးက ပေနှစ်ဆယ်လောက်ကျယ်သည်။ ရှောင်ကွင်းသွားစရာလည်း မြေအလွတ်မရှိ။

'စိတ်ညစ်စရာပဲ ကိုထိုက်ရယ်။ ဝတ်လာတာကလည်း ဂျင်းပင်နံအကျပ်၊ အဖျားက ခေါက်လို့ မရတော့ဘူး။ ဖိနပ်ကလည်း ဒီနေ့မှ ထုတ်စီးတာ နှစ်သောင်းခွဲပေးထားရတာ…'

သူမက ပြောပြောဆိုဆိုနှင့် ခြေဆောင့်သလိုလုပ်ကာ မှူနွဲ့နေသည်။ မိုးကလည်း သဲမဲနေဆဲနှင့် တာဝန်ကျေလွန်းပါဘိ။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချပစ်လိုက်သည်။

'ကဲ လှိုင်…ကိုယ်…သွားပြီ'

'ဟင်…ဟယ်…ကို…ကိုထိုက်'

သူမ အံ့ဩနေလိမ့်မည်ထင့်။ ကျွန်တော် လှည့်မကြည့်ဖြစ်တော့။ ရေအိုင်ကြီးကို အမြန်ကျော်ဖြတ်ပြေးလွှားပစ်လိုက်သည်။ ဦးကိုကိုဇော်အိမ်ကလည်း ရောက်တော့မည်။ ကျွန်တော့်ခန္ဓာကိုယ်အောက်ပိုင်းမှာ စိုရွှဲညစ်ပေကုန်မှာ သေချာသည်။ ကိစ္စမရှိ။ လမ်းပေါ်က ရေအိုင်၏ အစွန်းအထင်းအညစ်အကြေးက လျှော်ဖွပ်လျှင် ပြောင်နိုင်သည်။

'ဝိုင်းစု'ခေါ် 'လှိုင်' မည်သော ရေအိုင်၏ အစွန်းအထင်းက လျှော်ဖွပ်လိုက်၍ သန့်စင်၏၊ မသန့်စင်၏ဆိုတာ မသေချာ။ သေချာတာက တော့ အခုလို မိုးတွေသဲကြီးမဲကြီး ရွာတတ်သရွေ့တော့ ရေအိုင်တွေ ပေါ်ထွန်းနေဦးမှာပင်။ မိုးတွေက သဲလွန်း မဲလွန်းနေသည်။ ဘဝတွေဆိုတာကလည်း…။ ■

လူထိုက်



www.burmeseclassic.com

www.burmeseclassic.com







# ငယ်ငယ်တုန်းက ချစ်ရေစင်

မောင်ဘာရ

ရွှေရင်သိမ်းသစ်
အပျိုဖြစ်စ
ကတည်းက
စန်းမေကလဲ
မောင်ရှိရာ
အိမ်မကြီးကို
လာလိုက်မှဖြင့်
ငယ်တုန်းကလို
ကပိုကရို
ဖြစ်ကတတ်ခဲ့ဆန်း
ဝတ်မလာတော့ဘူး

ယုံလား
မယုံလားတော့
မပြောတတ်ဘူး။
ကြားတော့ကြားဖူးမှာပါ။
သောကြာသား
စကားများတယ်တို့၊
တနင်္ဂနွေသမီး
စိတ်ကောက်ရင်ကောက်၊
မကောက်ရင် ဆံပင်ကောက်၊
ဆံပင်မကောက်ရင်
ဖင်ကောက်တယ်တို့ဆိုတဲ့
ဆိုရိုးစကားတွေလေ။
မောင်ကတော့ ယုံပါ့။
တွေ့လဲ တွေ့ဖူးပါ့။
နာမည်ကို ဖေါ်ပြောရင်
လူကြီးကို မရိုသေရာ
ကျမှာစိုးလို့။
သည်မြို့ထဲက
ဆွေမျိုးအရင်းအချာထဲမှာကို
ရှိပါ့။ တနင်္ဂနွေမှ
တနင်္ဂနွေမွေး စစ်စစ်။
ကောက်လိုက်သမှ
ဦးရင်ကောက်က မနိုင်၊
ငွေသန်လျှင်းချိတ်နဲ့
အပြိုင်ပဲ။ ပြီး မောင်လဲ
သောကြာသားပါနော်။
ကြည့်နေ ဘယ်လောက်ထိ
စကားကြောရှည်မလဲလို့။
ဒါပေမယ့် စန်းမေကတော့
အင်္ဂါသမီးပါနော်။
တနင်္ဂနွေနဲ့ တရက်လုံးလုံး
ခြားပါတယ်။
ဘယ့်နှယ်ကြောင့်
သူ့ကျမှ ဆံပင်တွေလဲ
လှိုင်းကြီးလိုကောက်၊
ဖင်ကလဲ သိသိသာသာ
ကောက်ချိတ်နေရသလဲ။
အမေမှ အပြောကောင်းတယ်။
'စန်းမေတို့များ
သူ့ဆုတောင်းပြည့်
ပါစေတော့လို့
ဘုရားစင်
ပန်းကော်ဇောခင်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူတွေ မနင်းခင်ထ ပန်း
အကောက်ခိုင်းထားပါတယ်။
လူက ခရေပင်တွေအောက်
ရောက်နေပြီ ဖင်က ခြင်
ထောင်ထဲက မထွက်ရသေး
ဘူး'တဲ့။ အမေ အဲလိုတော့
မှိုချိုးမျှစ်ချိုး မတရား မပြော
သင့်ပါဘူး။ မောင့်စန်းမေက
ဖင်သာလှလှကလေးကောက်
တာပါနော်။ စိတ်ကတော့
လုံးဝမကောက်တတ်ပါဘူး
ရယ်။

တခါက ရှားရှားပါးပါး
စကားများကြလို့ လက်ဝါးနဲ့
ရွယ်လိုက်မိဖူးပါတယ်။
စန်းမေက ဘာလုပ်တယ်
မှတ်သလဲ။ လှိုင်ထိပ်ခေါင်
တင် သခင်မကလေးရဲ့ ဘော
လယ် **လက်သုံးတော် ဓါးကို
လ၊ ယောင်မှားကာ ကိုင် နိုင်
လို ချင်လို့** ဟုတ်ပါပဲကို
ကောက်ဆိုတယ်။ မောင့်ဒေါ
သအမျက်တွေလဲ ဘယ်ထွက်
ပြေးကုန်တယ်မသိ။ စန်းမေ
ဆိုတာ စိတ်ဆိုးရခက်တဲ့
မိန်းမမျိုး။

မောင်တို့ မင်္ဂလာဆောင်
ညည်းခံပွဲလုပ်ခဲ့စဉ်ကလဲ
ဘိသိက်ဆရာက ဘိသိက်
သွန်းရာမှာ ညွှန်းခဲ့ပါတယ်။
မောင်နဲ့မေတို့က နှစ်ဖက်လှ
ပုဝါကို ခြုံရုံထားကြတဲ့ အတွဲ
ပါ။ လင်နဲ့မယား လျှာနဲ့သွား
မတော်တဆ ဝါးမိကြရင်လဲ
မောင်ချစ်နှမချစ်နဲ့ ခွင့်လွှတ်
ဖြစ်ကြမှာပါ၊ မောင်နဲ့နှမ
ကတောက်ကဆ စကားများ
မိကြရင်လဲ လင်ချစ်မယား
ချစ်နဲ့ ဖြေဖျောက်ပစ်လိုက်ကြ
မှာပါတဲ့။ မေတ္တာနဲ့သစ္စာ အလှ
နှစ်ဖက် ရက်ထည်ကမ္ဗလာ
ကို လွှားခြုံထားကြတဲ့ မောင်
တို့မေတို့ရဲ့ ဖူးစာမဏ္ဍိုင် အနှစ်

ကမ္ဘာတိုင် ခိုင်ပါစေသောဝ်
ခိုင်စေသောဝ် တဲ့။

အမှန်ပြောရရင် မောင်
တို့က မျိုးရိုးစဉ်လာအရ မိဘ
က စီစဉ်ထိမ်းမြားလို့သာ
ရကြရတာ မဟုတ်ဘူးရယ်။
မောင်တို့ စန်းမေတို့ကိုယ်တိုင်
ကကို လူငယ်တို့ဘာသာဘာ
ဝ ကြိုက်နှင့်နေကြပြီးသား
ပါ။ တယောက်နဲ့ တယောက်
စချစ်ဖြစ်ခဲ့ကြကတည်းကလဲ
ဒို့ တနေ့သောအခါမှာ မုချ
လင်မယားဖြစ်ကြရမှာဆို
တာ ပန္နက်ရိုက်ထားကြပြီး
သားပါ။ ဆိုလိုတာက သည်
အစမှာကတည်းက နတ်က
လဲ လို၊ ဂြိုဟ်ကလဲ မ နှစ်ဖက်
လှဆိုတာ သိထားနားလည်
ကြပြီးသားပါ။

သိသာတာက ဟို့ပ
ဝေသဏီ ရွှေရင်သိမ်းသစ်
အပျိုဖြစ် စကတည်းက
စန်းမေကလဲ မောင်ရှိရာ အိမ်
မကြီးကို လာလိုက်မှဖြင့်
ငယ်တုန်းကလို ကပိုကရို
ဖြစ်ကတတ်ဆန်း ဝတ်မလာ
တော့ဘူး။ သူ့အမေကလဲ သူ့
သမီးကို ကျောင်းက ပြန်
ရောက်တာနဲ့ တပြိုင်နက်
ချွေးတွေသန့်တွေနဲ့ ညစ်နွမ်း
ပေရေနေမယ့် ကျောင်းဝတ်စုံ
တွေကို ချက်ချင်းချွတ်ခိုင်းပြီး
တန်းရေချိုး ခိုင်းတာရယ်။
ရေချိုးပြီး သမီးတကိုယ်လုံး
ခြေဆုံးခေါင်းဆုံးလိမ်းဖို့တောင်
မှ သနပ်ခါးနဲ့သီးခေါက်
တကျောက်ပြင်နဲ့ ကြယ်သီးစုံ
တပ်ပြီးအင်းကျီ အဆင်သင့်
သွေးထား ထုတ်ထားပေး
လိုက်သေးတယ်။ အိမ်နေရင်း
ဝတ်ရမယ့် ရတနာပစ္စည်း
တွေကလဲ သူ့ခါးကြားမှာ
အဆင်သင့်။ သူကိုယ်တိုင်ဆင်

တာ။ သူများတကာက သူ့
သမီးကို လှလို့ လှတယ်ပြော
ရင်လဲ တအားသဘောကျ
တာရယ်။ နဂိုက ပြံတဲ့ပါးစပ်
ကြီး နားရွက်တက်ချိတ်
တယ်။ ပြီး မမြင်မကန်းနဲ့
လိုက်စမ်းကြည့်ပြီး သူ့သမီး
ကိုသူ မွှေးတယ်။ နမ်းရင်လဲ
မွှေးနေမှ ကြိုက်တယ်။ သမီး
မလှမှာလဲ ပူတယ်။ ဒါ့
ကြောင့်လဲ သမီးက နာမည်
တပ် ပူဆာသမျှ ပေါင်ဒါ
ရေမွှေး ခေါင်းလျှော်ရည်တွေ
လဲ တမျိုးမကျန် အကုန်ဝယ်
ခိုင်းပေးတာပဲ။ ဒါပေမယ့် သူ့
အဖေရှိစဉ်က လုပ်ပေးထား
ခဲ့တဲ့ စည်းကမ်းစနစ်အတိုင်း
တော့ အိမ်စာတွေပါလာသမျှ
တခုမကျန် ပြီးအောင်လုပ်၊
ကျက်ရမယ့်စာတွေ အကုန်
အသံထွက်ကျက်၊ ရပြီဆိုမှ
အိမ်ပြင် ထွက်ရတယ်။ ထွက်
ရပြီဟေ့ဆိုတာနဲ့ စန်းမေကလဲ
အိမ်မကြီးကို ဖောင်းထဲက
လွှတ်လိုက်တဲ့မြင်းလို ကဆုန်
ပေါက် ပြေးတာပဲ။ သူ့ကိုယ်
က သန့်ပြန့်ကြိုင်လှိုင်နေတာ
လဲ မပြောနဲ့။

စန်းမေကိုယ်တိုင်ကလဲ
အမွှေးအကြိုင် ကြိုက်တယ်။
စန်းမေမို့ မောင်တို့အိမ်မကြီး
တိုက်အောက်ထပ်ထဲ ရောက်
လာရင် မျက်စိမှိတ် အိပ်နေ
အုံး။ သိတယ်။ မီးဖိုဆောင်
ဖက်က ထွက်နေတဲ့ ဟင်းအိုး
နံ့တွေနဲ့ ခြင်မလာအောင် ရှို့
ထားတဲ့ နနွင်းတက် နံ့တွေ
အကုန်လွှင့်ပျောက်တယ်။
စန်းမေ လာပြီလား၊ အမေ့
အနား အရင်လာခဲ့အုံး။ အလှ
ကြည့်ရအောင် နမ်းရအောင်
အမေက ခေါ်ပြီ။ ဖတာဆိုး
ကလေးတွေဆိုတော့ အမေက

လဲ စန်းမေကိုပါ ချစ်တယ်
မောင်က မောင် မမွေးခင်
တည်းက အဖေမရှိတာ
စန်းမေက စန်းမေ ကောင်း
ကောင်းမသိတတ်သေးတဲ့အရွယ်
စစ်ကြီးဖြစ်တော့မှ အဖေ
တာ။ နည်းနည်းတော့
တယ်။ မောင်က အဖေ့
လုံးဝ မမြင်ဖူးတာ။ စန်းမေ
မှ မြင်ဖူးလိုက်သေးတယ်။

အမေ့ မျက်စိထဲမှာ
တကယ်တော့ စန်းမေက
ကိုယ်ခွဲ။ မနက်စောစော
ကျောင်းမသွားရခင်မှာ
စန်းမေက တယောက်။ ရိုးရိုး
ကလေး။ နောက် ကျောင်း
သွားခါနီး ကျောင်းဝတ်စုံ
စန်းမေကတယောက်။ ရိုးရိုး
ယဉ်ယဉ်ကလေးပါပဲ။
အခု ညနေပိုင်း ဖီးလိမ်းပြင်
ဆင် ကြော့ရှင်းမွှေးကြိုင်နေတဲ့
စန်းမေက တယောက်
တမျိုးတပုံစံ။ အော် အပျို
ကလေးဖြစ်လာလို့ အပျိုလုပ်
တယ်ပဲ အောက်မေ့ကြတာပေါ့

ဒါပေမယ့် သူများ
တတွေနဲ့ပြောင်းပြန် ကျောင်း
အသွားမှာထက် အိမ်မှာနေရင်
ပိုအလှပြင် ဝတ်စားဆင်ယင်
တယ်ဆိုတော့ စန်းမေ မရိုး
သားဘူးလို့ သူစိမ်းက ထင်
တယ်။ မြွေမြွေချင်း ခြေမြင်
တယ် ပြောရမယ်လား မသိ

မောင်တို့ခြံထဲကို ဥဒဟို
ဝင်ထွက်သွားလာနေတဲ့ အိမ်
ရှေ့အိမ်နဲ့ မျက်နှာချင်းဆိုင်
တိုက်မှာကလဲ ကောင်မလေး
တယောက်ရှိတယ်။ ကောင်
မလေးက စိန်မေ့ထက်တောင်
ငယ်ပါလိမ့်အုံးမယ်။ မောင်
တို့နဲ့လဲ ခင်ပါတယ်။ ဒါပေ
မယ့် စိန်မေနဲ့ကမှ အိမ်ချင်း
ကလဲ လမ်းရဲ့တဖက်စီဘာချက်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတက်ကြတော့လဲ ဘကျောင်းတည်း၊ တတန်းတည်း၊ တန်းခွဲတောင်မှ တူတယ်ဆိုတော့ စိန်မေနဲ့က ပိုရင်းတယ်။ သူလာရင်လဲ စိန်မေ့အိမ် အရင်ဝင်တာပဲ။ ပြီးမှ စိန်မေနဲ့အတူတူ မောင်တို့နဲ့ လာရောကြတာရယ်။ စိန်မေ့အိမ်က သူ့အဖေရဲ့ နည်ကလဲ ရှိတတ်တယ်။ မလွတ်လပ်ဘူး။ မောင်တို့အိမ်ကြီးကတော့ နေရာလဲကျယ်တယ်။ အထဲမှာ လေလုံလို့ ကြက်တောင်ရိုက်ရအောင် badminton court ပါ လုပ်ထားတယ်ဆိုတော့ သည်မှာပဲ ဆော့ကြတာပဲ။ Games တွေကလဲ ၄ ယောက်မှ ကစားလို့ ရကြတာဆိုတော့ သူတို့ ၂ယောက်က တတွဲ။ မောင်နဲ့စန်းမေက တတွဲပေါ့။

ဩ ဒါနဲ့ မိတ်ဆက် ပေးရအုံးမယ်။ ကောင်မလေးရဲ့ နာမည်ကလဲ မန္တလေးသူပီပီ ကြင့်နီးဟန် နန်းဆန်တယ်။ ခင်မမ တဲ့။ သူက မောင်တို့ အားလုံးထက်သာ ငယ်တာနော်။ စကားပြောရင် သူ့ကိုယ်သူ မမ၊ မမကလေ၊ မမ ပြောမယ် နဲ့ အမြဲ မမ ထည့်ထည့် ပြောတတ်တယ်။ မောင့်လိုပဲ တင်စီးတယ်။ မောင်တို့မှာကလဲ မောင်တို့ အားလုံး စန်းမေကလဲ စန်းမေ၊ စိန်မေကလဲ စိန်မေနဲ့ ကိုယ့်နာမည်ကိုယ် ထည့်ပြောလေ့ရှိကြတာပါပဲ။ စကားပြောတတ်စကတည်းက လေ့ကျင့်ပေးထားတာရယ်။ မောင်တို့ယောက်ျားကလေးတွေဟာ ကိုယ့်နာမည်ကိုယ် ထည့်ပြောရင် မိန်းမစိုး မိန်းမထိန်းဆန်တယ်ဆိုပြီး မပြောရတာ။

လွှတ်ကြိုက်ကြတဲ့ နှမတွေ မြင်းက မလှုပ် ခုံက လှုပ် ကာယကံရှင် မောင်တို့ မမတို့ကဖြင့် ဘာမှလဲ မဟုတ်ရပဲနဲ့ သူတို့ လျှောက်လက်ခုပ် တီးကြတာနဲ့ တိုက်ပေါ်က အမေ့နား ရောက်ကုန် ရော့မယ်

ဒါပေမယ့် ကျွန်တော် ကျွန်မလဲ မပြောရဘူး။ အမျိုး ၄ ပါးထဲမှာ ရေမြေ့ရှင်ထီး ဘုရား ချီးမြှင့်မြှောက်စားတော်မူထားတဲ့ ‘သူကောင်းမျိုး’ ဆိုတာ ဆင်းရဲသားမျိုး၊ ကျေးကျွန်မျိုး မဟုတ်ဘူးတဲ့။ မောင့်ကျတော့ ကိုယ့်ကိုယ်ကို ‘မောင်’ လို့ ပြောရတယ်လေ။ ရွယ်တူ သူစိမ်းမိန်းမပျို ကလေးတွေနဲ့ စကားပြောရင်တော့ နည်းနည်းသတိထားရတယ်။ အကြောင်းမသိရင် တမျိုးထင်နိုင်တယ်။ အိမ်မှာတော့ ဘာအရေးလဲ။ စန်းမေကရော၊ စိန်မေကရော ‘မောင်’ လို့ ခေါ်တာပဲ။ အဲသည်တော့ ခင်မမကလဲ ‘မောင်’ လို့ လိုက်ခေါ်ပါတယ်။

ဒါပေမယ့် စန်းမေက ခေါ်တာကျတော့ တမျိုး။ ‘မောင်’ ခေါ်တာ ရိုးရိုး ‘မောင်’ လို့ တလုံးတည်း မခေါ်ဘူး။ ရှည်တယ်။ သူ့အကျင့်က ဘာလဲမသိဘူး။ အမေ့ကို ခေါ်ရင်လဲ ‘အမေပြောတယ်’ လို့ ခေါ်တတ်သလို မောင့်ကို ခေါ်ရင်လဲ ‘မောင်ပြောတယ်’ လို့သာ ခေါ်လေ့ရှိတယ်။ စိန်မေကဆိုရင် ‘ဟော့ မောင်’ တို့၊ ‘ဟော့ကောင် မောင်’ တို့ ၊ ‘မောင်’ တို့ ခေါ်တာပဲ။ စန်းမေခေါ်တဲ့ ‘မောင်ပြောတယ်’ အခေါ်က ဘာ ထူးခြားသလဲ။ မောင်တို့ တဆွေတမျိုးလုံးအတွက်ကတော့ ဘာမှ မထူးခြားပါဘူး။ သူ့အကျင့်နဲ့သူပဲ။ ဒါပေမယ့် အဲသည်လိုခေါ်တာကို ခင်မမက မကြိုက်ဘူး။ ညု ခေါ်သလို ကလူခေါ်သလိုပဲတဲ့။ မောင်တို့ မောင်နှမချင်း ကလူခေါ်ခေါ်၊ မြူခေါ်ခေါ်၊ ဘယ်လိုခေါ်ခေါ် မကြိုက်ဘူးပြောရအောင် သူနဲ့က ဘာဆိုင်သလဲ။

အဲသည်က ဇာတ်လမ်းစတာပဲ။

အမှန်က စန်းမေနဲ့ရော ခင်မမနဲ့ရော မောင်နဲ့က ဘာမှ ‘ဖြစ်’ နေကြတာ မဟုတ်ဘူး။ မောင်လဲ မသိပါဘူး။ စန်းမေက ‘မောင်ပြောတယ်’ လို့ခေါ်တဲ့ အတွက်လဲ မောင့်မှာ ဘယ်လိုမှ တမျိုးထူးခြား မခံစားရပါဘူး။ မောင်နှမ သူခေါ်ချင်သလို ခေါ်တတ်သလို ခေါ်မှာပေါ့။ တခြားလူတွေကိုလဲ သည်လို ခေါ်နေတာပဲ။ ဒါ သူ့ရဲ့ အကျင့်ပဲ။ ညုသလို ခရာသလို ခေါ်တယ်လို့လဲ မောင် မထင်ပါဘူး။ ဒါပေမယ့် အဲသည်လို ခေါ်တာကို နားကြားပြင်းကပ်တယ်တဲ့ ။ ခင်မမက စိန်မေ့ကို ဖွင့်ပြောတယ်ဆိုပဲ။ စိန်မေကလဲ ညီအမချင်း ဘာ့ကြောင့်ထိန်ချန်ထားရမလဲ။ ပြန်ပြောပြတာပေါ့။ ရန်တိုက်တယ် ရယ်လို့တော့ဘယ်ဟုတ်မလဲ။ စိန်မေ့ရဲ့ဝသီကလဲ ဘာမှ ဝမ်းထဲမြို ထားတတ်တာ မဟုတ်ဘူး။ သူကလဲ သောကြာသမီး မဟုတ်ပဲနဲ့ စကားကို ဖွါရမှ။

အဲသည်မှာ ခင်မမနဲ့ စန်းမေ ငြိကြတာပဲ။ စိတ်ထဲဝမ်းထဲမှာ အကျိတ်အခဲကလေးတွေနဲ့ ဖြစ်ကုန်တာပေါ့။ အပြင်မှာ မပေါ်ပါဘူး။ စန်းမေ့အကြောင်းလဲ သိသားနဲ့။ စန်းမေက တော်ရုံတန်ရုံနဲ့ ထ.မီးတောက်လောင်တတ်တဲ့ ထင်းရှူးသားမှ မဟုတ်ပဲ။ အေးဆေးပေါ့။ ခေါင်းထဲ မထည့်ပါဘူး။ လာနေကျ လာ။ တွေ့နေကျ တွေ့။ ပြောနေကျ ပြော။ ဆော့နေကျ ဆော့။ မေ့မေ့ပျောက်ပျောက် ပျော်ပျော်ပါးပါးပါပဲ။ ဒါပေမယ့် နောက် သိပ်မကြာတော့တဲ့ကာလ နေဝင်စ တညနေချမ်းမှာတော့ စောစောက အူနေတဲ့ မီးခိုးငွေ့ကလေးက ထ.မီး တောက်ပါလေရော။

သိတယ်နော်။ မောင်တို့အိမ်က မောင့်လို ယောက်ျား ကလေးတယောက်ကိုတောင် ခြံအုတ်ရိုးအပြင်ဘက် ခြေတလှမ်း ထွက်ခွင့်မပြုတာ၊ စိန်တွေ ရွှေတွေ နီလာတွေ ပတ္တမြားတွေ ညှတ်နေအောင်

www.burmeseclassic.com

ဝတ်ထားကြရတဲ့ စန်းမေတို့ စိန်မေတို့ဆို ဝေးပါသေးရဲ့။ ခြိပြင် မျက်စောင်းတောင် ထိုးလို့မရဘူး။ သည်စည်းကမ်းကို သိထားတဲ့ ခင်မမက အဲသည် တညနေချမ်းမှာတော့ သူ့မွေးနေ့ဆိုပြီး လက်ဆွဲချိုင့်တချိုင့်နဲ့ strawberry milk shake တွေ ဝယ်လာတယ်လေ။

'Sorry လူကြီးတွေဖို့တော့ မပါဘူး' ဆိုလို့ လေးမေမေနဲ့ ထွေးမေမေက ရောင်ပေးကြပါတယ်။ နားလည်ကြတာပေါ့။ ခင်မမလဲ ကလေးပဲဥစ္စာ။ ဘယ်ပိုက်ဆံများများရှိမှာလဲ။ ဒါပေမယ့် တိုက်ပေါ်က ဖန်ခွက်တွေ ငွေဇွန်းတွေ ထုတ်ချပေးခဲ့ပါတယ်။ မွေးနေ့ပွဲ ဆင်နွဲရစ်ကြဖို့ပေါ့။

ခင်မမက ပထမဆုံး မောင့်ဖို့ရည်ရွယ်ဟန်တူရဲ့။ အရည် မပျော်တတ်သေးတဲ့ ရေခဲမုန့်လက်ကျန်ခဲကလေးတွေနဲ့ မလိုင်ဖတ်တွေကို သေချာ ရွေးဆည်ပြီး ဖန်ခွက်တခွက်ထဲကို ထည့်နေတယ်။ ပြဿနာက မောင် မလိုင် လုံးဝ မကြိုက်တာ၊ မတော်တဆ ကော်ဖီအနယ်ထဲမှာ ရောပါသွားရင်တောင် လျှာနဲ့စစ်ပြီး ထွေးပစ်တတ်တာ ခင်မမ ဘယ်သိမှာလဲ။ စန်းမေကလဲ မောင့်ဖို့ထည့်နေတာပဲ အထင်နဲ့ ဝင်ပြောလိုက်တယ်။

'မောင်က မလိုင်ဆိုလုံးလုံးမကြိုက်ဘူး မမရဲ့၊ မထည့်နဲ့ အန်ကုန်အုံးမယ်' လို့ တားလိုက်တယ်။

အဲသည်လို မောင့်ကိုယ်စား ဆရာဝင်လုပ်တာကို ခင်မမက လုံးဝ သည်းမခံနိုင်ဘူး။ သဒ္ဓါလို့ကျွေး သေဆေးတောင် စားရမယ်၊ ဒါ သေဆေးမဟုတ်ဘူး မေတ္တာစေတနာနဲ့ စားဦးစားဖျား ကောင်းပေ့ ဆိမ့်ပေ့ ချိုပေ့ ဆိုတာတွေချည့် ရွေးဆည် ထည့်ပေးနေတာပေါ့။ စန်းမေ့စကား အရေးမစိုက်ဘူး။ ဖွတ်ပေးတယ်။ မောင် မငြင်းပါဘူး။ ယူလိုက်ပါတယ်။ သေချာလဲ ကြည့်လိုက်ပါတယ်။ ပြီးမှ မလိုင်ဖတ်တွေကို ဖယ်ထုတ်ပေးဖို့ စန်းမေ့လက်ကို ပြောင်းအပ်လိုက်တယ်။ မောင်နှမချင်းဆိုတော့ စန်းမေက ဘာလုပ်ပေးရမယ်ဆိုတာ သိပါတယ်။

အဲသည်မှာ အူနေတဲ့ မီးခိုးက ငွတ်ကနဲ ထ,တောက်တာပါပဲ။

အမှန်တော့ ခင်မမ ဒေါသရှေ့ထားပြီး အထင်မှားတာပါ။ မောင်က စန်းမေကို လက်ပြောင်းပေးလိုက်တာက စောစောကလေးက ကြားလိုက်ရတဲ့အတိုင်း မလိုင်ဖတ်တွေကို ဖယ်ထုတ်ခိုင်းလိုက်တာသာ ဖြစ်တယ်။ မောင့်အကြောင်းကို သိနေပြီးဖြစ်တဲ့အတွက် မောင်ကလဲ ပါးစပ်က ဖွင့်မပြော လိုက်မိဘူး။ ခင်မမရဲ့စိတ်ကလဲ လက်တဆစ်၊ နည်းနည်းကလေးမှ သည်းခံပြီး စောင့်မကြည့်ဘူး။ မေးလဲ မမေးဘူး။ ဖန်ခွက်ကို စန်းမေ့လက်ထဲက ပြန်ဆောင့်ဆွဲယူပြီး ချိုင့်ထဲပြန်သွန်ထည့်တယ်။ နောက် မမျှော်လင့်လိုက်ကြတာက ချိုင့်ကိုပါ ကောက်ဆွဲသွားပြီး တိုက်မြောက်ဖက်ဘေးကပ်ရက်က ကျုံးရေ မြောင်းထဲ မှောက်သွန် လောင်းပစ်လိုက်တာပဲ။ အားလုံးက အံ့အားသင့်ကြလို့။ စိန်မေက ခင်မမ မကြားရလောက်အောင် ပါးစပ်ဆိုင်း ဗေပုံထိပုံထိ ဗေပုံထိပုံထိ တိုးတိုး ဗိန်းမောင်းတီးတယ်။ ခင်မမကတော့ မျက်ရည်သုတ်ရင်း သူ့အိမ်သူ ပြန်ပြေးသွားလေရဲ့။

'ဟဲ့ ဘာဖြစ်ကြတာလဲ ကလေးတွေ ဟိုတယောက် ငိုပြေးသွားပါ့ကော'

တိုက်မြောက်ဖက်အဆင်း အုတ်လှေကား အပေါ်ဆုံး အဆင့် ၅ထစ်မှာ ထိုင်နေကြရာက လှမ်းမြင်လိုက်ကြတဲ့ ထွေးမေမေနဲ့ လေးမေမေက စိုးရိမ်တကြီး လှမ်းမေးတယ်။ အဲသည်မှာ ပြောချင်တာ ရှုပိုးထိုးနေတဲ့ စိန်မေက ကွပ်ပျစ်ပေါ်မှာ မတ်တတ်ရပ်ပြီး သံကုန်ဟစ် ကျေညာတော့တာပါပဲ။

'ဘာမှ မဟုတ်ရပါ၊ မမက မောင့်ကို တဖက်သတ်ကြိုက်နေတာ၊ မောင်က ပြန်မကြိုက်လို့ စိတ်ကောက်ပြီး ငိုပြေးတာပါဖုရာ့'

အမေတွေက ပြုံးကြတယ်။

စန်းမေကလဲ ဘာအဓိပ္ပါယ်နဲ့မှန်း မသိ။ အမေတွေနဲ့အတူ လိုက်ရောပြီး ပြုံးတယ်။ အမေတွေ ပြုံးတာက ခုခေတ်ကလေးတွေ မြေစာပင် ပုခက်လွှဲနေကြလို့။ စန်းမေပြုံးတာကတော့ သည်အဓိပ္ပါယ် မဟုတ်တန်ရာဘူး။

ပြုံးရင်းနဲ့ ရှေ့မှာထိုင်နေတဲ့မောင့်ကို နောက်ကျောဘက်ကနေ သိုင်းဖက်လိုက်ပြီး၊ မောင့် ညာပခုံးစွန်းပေါ် သူ့ညာဘက် ပါး တင် ပြောတယ်။

'မောင်က ချစ်တဲ့ ကောင်မလေးတွေ ပေါတယ် နော်။ မမက ငယ်လဲငယ် တယ်၊ စာလဲ တော်တယ် စိန်မေပြောတယ်။ လှတာက လဲ လှပါ့၊ ညိုပြာညက် ကလေး။ ပြန်ကြိုက်လိုက်ပါ လားဟင်၊ သူငယ်ချင်းကောင်း ယောက်မတော်ရအောင်လို့ လေ'

စိန်မေကလဲ စန်းမေ့ သံယောင်လိုက်တယ်။

'သဘောတူတယ် ဟေ့' အော်ပြီး လက်ခုပ်တွေ တီးတယ်။

လွတ်ဂြိုဟ်ကြွတဲ့ နှမ တွေ။ မြင်းက မလှုပ်၊ ခုံက လှုပ်။ ကာယကံရှင် မောင်တို့ မမတို့ကဖြင့် ဘာမှလဲ မဟုတ် ရပဲနဲ့။ သူတို့ လျှောက်လက် ခုပ်တီးကြတာနဲ့ တိုက်ပေါ်က အမေ့နား ရောက်ကုန်တော့ မယ်။ ခင်မမကလဲ မိန်းမပျို ကလေးတန်မဲ့ စိန်မေ ပုံကြီးချဲ့ သလိုတော့ ဖွင့်ပြောလိမ့်မယ် မောင်မထင်။ ခင်မမက စိန်မေနဲ့အတူ အငှမဆင့် ရောက်နေလို့သာကို၊ စိန်မေ ထက်တောင် ငယ်သေးတယ် ဆိုတော့ စိန်မေကိုယ်တိုင်က အခုမှ ၁၄နှစ်ရယ်။

မောင်မငြင်းနိုင်တာက မမက ချစ်စရာ ချစ်ဖို့ကောင်း ပါတယ်။ မန္တလေးသူ အညာ သူ ညိုတော့ကော ဘာဖြစ်ရ အုံးမှာလဲ။ မမရဲ့ပါးကိုတော့ နမ်းမကြည့်ဖူးလို့ မောင်မသိ ထိဖူးကိုင်ဖူးတဲ့ လက်ဖျား ကနေ လက်မောင်းရင်း အထိ ကတော့ အိစက်ညက်ညော ပါပဲ။ အဲ မျက်နှာမှာတော့ ဘယ်နဖူးဆံစမှာ မန်ကျည်း ရွက်ဖတ်ကလေး ကပ်နေ သလို အမာရွတ်ကလေး ရှိ



www.burmeseclassic.com

www.burmeseclassic.com

လေရဲ့။ တနှစ်က ဆိုလား၊ သူ့မိဘနဲ့အတူ ဘုရားကြီးကို အသွား ရှမ်းပွဲအကွေ့မှာ ဘေး တံခါးပွင့်ပြီး လွင့်ကျခဲ့ရလို့တဲ့။ နဖူးကွဲခဲ့ရတဲ့ဒဏ်ရာလို့ ဆိုတယ်။ ဒါပေမယ့် အလှ မပျက်ပါဘူး။ ဆံယဉ် ကလေး ချဖုံးလိုက်လို့ ရပါတယ်။ သင်ဖို့မလိုပါဘူး၊ နည်းနည်းကြီးလာရင် သူလှဖို့ သူ့ဘာသာသူ တတ်ပါလိမ့်မယ်။

မောင် မငြင်းပါဘူး။ သူက ချစ်တယ်ဆိုတော့ မောင်ကလဲ သူ့ကို ပြန်ချစ်ဖို့ စိတ်ကူးနဲ့ ပြန်မြင်ယောင် ကြည့်မိတယ်။ အဲသည်လို မိန်းမပျိုလေးတယောက်ရဲ့ မျက်နှာကို သူ့ကွယ်ရာမှာ ဘိတ်တခိုး ပြန်လည်မြင် ယောင်ကြည့်မိတာ ကြည့်ဖူး တာဟာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ သူစိမ်းမိန်းကလေးတ ယောက်ရဲ့ မျက်နှာကိုပေါ့ နော်။ စန်းမေတို့ စိန်မေတို့ ပေါ့ဘူး။ မသိလို့ မေးပါရစေ၊ အဲသည်လို ချစ်ဖို့ရာ ရည်ရွယ်ပြီး ပြန်မြင်ယောင် ကြည့်မိတာ ကြည့်ဖြစ်တာကို အချစ်လို့ ဆိုနိုင်ပါသလား။ 'အချစ်'လို့ ယူဆရမှာလား။ မောင်တော့ မယုံကြည်ချင်ပါဘူး။

တခုတော့ ရှိတယ်။ အဲသည်လို ခဏခဏ ပြန်လည်မြင်ယောင်ကြည့်မိဖန်များလာတော့လဲ အခါခါအထပ်ထပ် ကော်ထားတဲ့ကျောင်းစာကို ကျက်မိနေသလိုတော့ မှတ်မိလာတာပေါ့နော်။ အဲဒါကို တော့ ချစ်လို့ စွဲသွားတယ်လို့ ပြောလို့ရမလား။ 'အချစ်'လို့ ပြောနိုင်မလား။

အဲသလို ဆိုရင်တော့

မသိလို့
မေးပါရစေ
အဲသည်လို
ချစ်ဖို့ရာ
ရည်ရွယ်ပြီး
ပြန်မြင်ယောင်
ကြည့်မိတာ
ကြည့်ဖြစ်တာကို
အချစ်လို့
ဆိုနိုင်ပါသလား
'အချစ်'လို့
ယူဆရမှာလား
မောင်တော့
မယုံကြည်ချင်ပါဘူး

စန်းမေတို့ စိန်မေတို့လဲ အဲလို မျိုး စွဲမိဖူးတာပဲ။ အိပ်မက် တောင်မှ မက်မိသေးရဲ့။ စန်းမေဆိုရင် တခါတလေ အိပ်မက်မက်ပြီး ယောင် တောင်မှ ယောင်ခေါ်တတ် သေးသတဲ့။ အမေက ပြောဖူး တယ်။ ပြီး ခင်မမ စွပ်စွဲ သလို ကလူတယ် မြူတယ် ဆိုတဲ့ 'မောင်ပြောတယ်' ခေါ်သံဆိုပါတော့။ မောင့်နား ထဲမှာ ဥမ်းဆီထိသလို စွဲငြိနေ တာရယ်။ တခါတခါ မောင် ကတောင် စန်းမေကိုခေါ်တဲ့ အခါမှာ သူ့ကို အတုယူပြီး 'စန်းပြောတယ်'နဲ့ ပြောင်ခေါ်

လိုက်သေးတယ်။သူတအား ကျေနပ်တယ်။ အမှန်က ဘာမှသာ မဟုတ်တယ်၊ သူကလဲ စွဲတော့ စွဲတယ်နော်။ မေးလိုက်အုံးမယ်။ အဲသည် လို လူတယောက်ရဲ့ ကိုယ်ပိုင် စကား အခေါ်အပြော အသုံး အနှုန်းကို နားထဲမှာ စွဲနေတာ ကရော 'အချစ်'လို့ တံဆိပ် တတ်လို့ ရသလား။

မောင် အမှန်ပြောမယ်။ စန်းမေကို မောင်တကယ်ချစ် တာပဲ။ စွဲလဲ စွဲတယ်။ ခွဲလဲ မခွဲနိုင်ဘူး။ ခွဲရမယ်ဆိုလဲ လူးလိမ့် ငိုမှာပဲ။ လိုက်လဲ အတင်းဆွဲထားမှာပဲ။ သိ တယ်နော်။ မောင်တို့ မောင် နှမက အဲလို ချစ်တာရယ်။ ဒါလဲ စန်းမေကို ချစ်တာနဲ့ စိန်မေ့ကို ချစ်တာကျတော့ ချစ်တဲ့အတိုင်းအတာချင်း ကွာပြန်ရော။ စိန်မေ့ကိုလဲ မောင်ချစ်တာပါပဲ။ ပြောမပြ တတ်ဘူး။ ဘာလဲ မသိဘူး။ စိန်မေက နုတယ်။ နွဲ့တယ်။ စိတ်ကသာ ကြမ်းချင်တာ။ ယောကျ်ားကလေးဆန်တာ။ ဗလက မရှိဘူး။ ဒါပေမယ့် ဘာဖြစ်လို့လဲ မသိဘူး။ သူ ကိုယ်တိုင်က ခြင်းခတ်ချင်ရ တာနဲ့၊ ထွေခင်းချင်ရတာနဲ့၊ နပမ်းသတ်ချင်ရတာနဲ့။ သည် တော့ မောင်ကလဲ သူ့ကို ချစ် တာကျတော့ ကြမ်းတယ်။ ရမ်းတယ်။ စန်းမေနဲ့မတူဘူး။

ဆိုပါတော့။ တနေ့မှာ ဥပုသ်နေ့ ကျောင်းလဲ ပိတ် ထားပါရက်နဲ့ ထမင်းစားပြီး ချိန်သာ ရောက်ရော စိန်မေ ပေါ်မလာဘူး။ တမနက်လုံး စိန်မေ့ကို မမြင်ရသေးဘူး။ ဒါနဲ့ အိမ်ရှေ့မေမေ ရောက် လာတဲ့အခါ မေးကြည့်တော့

'မောင့်နှမ ညက ဘွတ်ခါးလို့ အိပ်နေတယ်၊ သူ့အဖေ တိုင်း ကြည့်တော့ ၁၀၁ဒီဂရီရှိတယ် တဲ့'လို့ ပြောတယ်။ အဖျား ကူးမှာစိုးလို့ သူ့အမေက တားပေမယ့် မောင်ပြေးသွား လိုက်တယ်။ မောင်တက် ကြည့်တော့ အိပ်ရာထဲမှာ စောင်ခေါင်းမြီးခြုံကွေးနေ တယ်။ မောင့်ကို ဘယ်သည် လို နွဲ့လို့ရလိမ့်မလဲ၊ မနေ့သ နေက အကောင်းပကတိကြီး။ သူ့ ခြင်ထောင်ကိုမ၊ သူ့စောင် ကို ဆွဲခွါပစ်၊ ကုတင်ပေါ် တက်လုံးသတ်တာပဲ။ 'ဟဲ့ ဟဲ့ မောင် စိန်မေ ဖျားနေ တာဟဲ့'ပြောတော့ ပြောပါရဲ့။ ဘယ်ရမလဲ။ ထမီတောင် ကွင်းလိုက်၊ ခါးမှာမှ ရှိရဲ့ လား မသိ။ မောင့်ကို တွန်း ရင်းကန်ရင်းနဲ့ ကလိထိုး ရုန်း ထတယ်။ ၂ပြန် ၃ပြန်လောက် ပဲ လုံးလိုက် ရတယ်၊ ချွေး တွေကို ပြန်ကြရော။ 'မောင် ဆိုးတယ်ကွာ လူကို ဘာမှတ် နေတယ် မသိဘူး'ပြောပြော ဆိုဆိုနဲ့ ထထိုင်တယ်။ အင်း ကျီ ကြယ်သီးတွေကို ကူ ဖြုတ်ပေး၊ ထမီရင်ရှားမှာ ချွေးတွေ ကူသုတ်ပေးလိုက် တယ်။ မောင်တို့စိတ်တွေက သန့်တယ်လေ။ ပေါ်ကုန်လဲ ဘာမှ မမှုပေါင်၊ စိန်မေကလဲ မရှက် ပေါင်။ အင်းကျီထမီ လဲ၊ အနွေးထည်ထပ်ဝတ်ပြီး ဆင်းလိုက် လာတာပဲ။ အဖြောင့်။ မောင့်လည်ပင်းကို လက်တဖက်နဲ့ တွဲဖက်ပြီး ဝင် လာကြတော့ သူ့အမေက တောင် အံ့ဩလို့။

စန်းမေကိုလဲ အဲလိုပဲ တရက်တမနက် မခွဲနိုင်ဘူး။ ပိုတောင်မှ ပိုအုံးမယ်။ စန်းမေ

www.burmeseclassic.com

ကလဲ အိပ်ရာထ မျက်စိ၂လုံး ပွင့်တာနဲ့ တပြိုင်နက် မျက်နှာ သစ်၊ ဆံပင်ကောက်၊ ဖီးဖြေ၊ အဝတ်သစ်လဲပြီး မောင်တို့ အိမ်မကြီး ရောက်ချလာတာ ပဲ။ သူ့ဖို့ပြင်ထားတဲ့ အုပ် ဆောင်းအောက်က မုန့်ကို တောင် အိမ်မကြီးရောက်မှ သည်အိမ်က ကော်ဖီပူပူနဲ့ မျှောတာပဲ။ ပြောစရာ မေး စရာ မလိုဘူး။ စန်းမေက စိန်မေနဲ့ မတူဘူး။ စိန်မေလို မချူချာဘူး၊ သံချောင်း။ ပြီး စိန်မေ့လို ဖျားအုံး၊ သူ့ ခြင် ထောင်ထဲအထိ မောင် ဝင်မပူးရဲပေါင်။ စန်းမေက ခုကတည်းက ဘုတွေထစ် တွေနဲ့၊ မောင် မရဲဘူး။ ဘာ လဲ မသိ၊ မောင့် စိတ်ကကို ရှိန်းနေတယ်။ သူကတော့ မမှုပေါင်၊ သူ မမှုပေမယ့် မောင်မှုတယ်။ ဒါပေမယ့် သိတယ်နော်။ စန်းမေကိုယ် က ထာဝစဉ် မွေးနေတာ၊ တခါတခါ ဖက်နမ်းပစ်လိုက် ချင်တဲ့စိတ် စိတ်ရိုင်းတွေ တောင် ပေါက်တယ်။ စိန်မေ က မမွေးတော့ စိန်မေ့ကို တော့ အဲသည်လို နမ်းချင်တဲ့ စိတ်မျိုး မဖြစ်ပေါင်။

နောက် ခြားနားချက် တခုလဲ ရှိတယ်။ မောင့်မျက်စိ ထဲမှာ မောင့်မျက်စိထဲမှာချည့် မဟုတ်ပါဘူးလေ၊ အားလုံး အမေတွေရဲ့ မျက်စိထဲမှာကို စန်းမေက စိန်မေ့ထက် ပိုလှ တယ်လို့ အမှတ်ပေးထားကြ တာပဲ။ ပြောပြီကော။ ဖင် ကောက်တယ်၊ ရင်မောက် တယ်၊ အပျိုကလေးဖါးဖါး ဖြစ်လာလေလေ မိန်းမ ပိုပီသ လာလေလေပဲ။ ဘယ်လိုပြော ရမလဲ။ မက်မောစရာ ပို ကောင်းလာလေလေပဲ။ အဲဒါ တွေကြောင့်လဲ မောင့်စိတ်က ရှိန်နေတာ ဖြစ်မှာပေါ့။

စိန်မေလဲ မျက်နှာက လှပါတယ်။ ကိုယ်ကသာ နည်းနည်း နွဲ့ချင်ချင်ရှိ သလားလို့။ အမယ် အသား ကျတော့ စိန်မေက စန်းမေ့ ထက်တောင် ဖြူနေသေး။ ဖြူမှာပေါ့၊ ဦးဦးစံရက တရုတ်သွေးပါတာကိုး။ နောက် အသိသာဆုံးတနေရာ ကတော့ စိန်မေက နှုတ်လှျာရဲ လို့လား မသိ၊ စိန်မေ့ နှုတ်ခမ်း က ပီပီ မြားနတ်မောင် လေး ကိုင်း။ မတရား လှတယ်။ ကြီးလာလို့ နှုတ်ခမ်းနီများ ဆိုးလိုက်ရင် နှင်းဆီပန်းတွေ လက်မှိုင်ချရမယ်။ ပြီး သူ မကြိုက်တာများတွေ့ရင် နှုတ် ခမ်းတကန့်ကို တွန့်တွန့်ပြီး ပြောတတ်တာ ရှိသေးတယ်။ အဲဒါကလဲ လှတာပဲ။

ခြုံပြောရရင် မောင့်နှမ၂ ယောက်စလုံးက အသင့် အတင့်ထက်တော့ ပိုလှကြပါ တယ်။ ဒါပေမယ့် အမှန် အတိုင်း ဝန်ခံရရင် စန်းမေက ဘဝတူချင်း ပို အတူနေ များ တာရယ်၊ စန်းမေကလဲ မောင့် အပေါ် ပို သံယောဇဉ် ကြီး တာရယ်ကြောင့် စန်းမေကို တော့ မောင် အချစ်ပိုမယ်။

ဒါပေမယ့် ခင်မမနဲ့ တော့လဲ မတူဘူးလိုပဲ။ စန်းမေ့ကွယ်ရာမှာ စန်းမေ့ အကြောင်း၊ စန်းမေ့မျက်နှာကို မောင် တယ် တွေးမကြည့် ဖြစ်၊ မတမ်းတဖြစ်ဘူး။ အေး လေ မလိုလို့လဲ ဖြစ်ကောင်း ဖြစ်မှာပေါ့။ ခင်မမအကြောင်း ကတော့ ခေါင်းအားတာနဲ့ တွေးဖြစ်ပြီ၊ မလာတဲ့ရက် ၂ရက်ဆက်ပြီ ဆိုရင်လဲ မျှော် ပြီ။ သိတယ်နော်။ စန်းမေက တော့ မျှော်စရာမှ မလိုတာပဲ။ မောင်က မျှော်မယ်ကြံခါ ရှိသေးတယ်၊ အနားမှာက မွှေးနှင့်နေပြီကို။

ပြောရရင် စန်းမေက သူ့ရဲ့တနင်္ဂနွေထောင့်က အိမ် မှာနေတာလား၊ မောင်တို့ ဗဟိုအိမ်မကြီးမှာ နေတာလား ဆိုတာတောင် သန်းကောင်စာ ရင်း ကောက်ရမလွယ်ဘူး။ နော့ စန်းမေက သူ့အိမ်မှာသူ အိပ်ရုံ၊ ရေချိုးသနပ်ခါးလိမ်း အလှပြင်ရုံ၊ အဝတ်လဲရုံ၊ စာ ကျက်ရုံနဲ့ သူ့အိမ်မှာချက်တဲ့ နေ့ ထမင်းစားရုံကလွဲပြီး မောင်တို့အိမ်မှာချည့်ပဲ ဥစ္စာ။ သိတယ်နော်။ သူ့အိမ်မှာ ကိုယ့်အိုးခွက်နဲ့ကိုယ် ချက် စားကြတယ်ဆိုတာကလဲ သူ့ အမေကို လာအဖေါ်လုပ်နေ ပေးတဲ့ သူ့အမေနဲ့၂ဝမ်းကွဲ လား ၃ဝမ်းကွဲလားမသိ အမ တော်ဟယ်ဆိုတဲ့ ကြီးဒေါ် စိမ်းရှိပါမှ။ ကြီးဒေါ်စိမ်း စစ် ကိုင်းချောင် ပြန်သွားရင် အိမ် မကြီးမှာသာ လာပေါင်းစား တာပဲ။ နော့ မေမေကြီးကြီးက ချက်နိုင်တာမှ မဟုတ်ပဲ။ ရေ သာ ကိုင်ခွင့်ရှိတာလေ၊ မီး ကိုင်ခွင့် ရှိတာမှ မဟုတ်ပဲ၊ ကြီးဒေါ်စိမ်းကလဲ မဆိုးပါ ဘူး၊ ရွာမှာ ယောကျ်ားပိုးထိ လို့ ဆုံးပြီးကတည်းက ခိုကိုး ရာမဲ့ပါ။ ဝါတွင်းရောက်ရင် သာ စစ်ကိုင်းတောင်ရိုးက ရွှေးတိုက်မှာ တရားထိုင်တာ ပါ၊ ကျန်တဲ့အချိန်တော့ စန်းမေရဲ့အိမ်မှာပါပဲ။ ပြောရ ရင် မောင့်အမေရင်း လေးမေ မေကလဲ အတူတူပါပဲ။ မောင် တို့အိမ်မကြီးမှာသာ လာ ပေါင်းစားတာပဲ။ နော့ လေး မေမေ့ အိမ်မှာလဲ လူပိုမှမရှိပဲ ကိုယ့်အိမ်မှာကိုယ် တယောက်တည်း ကျောင်း တဖက်နဲ့ ဘယ်မှာ ချက်စား လို့ရမှာလဲ။ မောင်တို့တိုက် ကြီးမှာပဲ လက်ရေတပြင်စီး ဝိုင်းလုပ်ဝိုင်းစား ကြတာပေါ့။

အဲ တခါတရံ တနင်္ဂနွေနဲ့ ဥပုသ်နေ့ဆုံလို့ ကျောင်း၂ရက် ဆက်တိုက်ပိတ်ရင်တော့ လေးမေမေလဲ ထွေးမေမေနဲ့ အတူ စိတ်လိုလက်ရ ကိုယ် တိုင်ထွက် ဈေးသွားဝယ်ကြ ပြီး ပျော်ပွဲစားလို ချက်စားကြ လေရဲ့။ ပြောရရင်တော့ လေး မေမေတို့ ထွေးမေမေတို့ကလဲ မကောင်းဘူး။ အဲလိုမျိုး ဟင်း၁ဝ ခွက်လောက်နဲ့ အုန်း ထမင်းတို့၊ ထောပတ်ထမင်း တို့ ချက်စားကြပြီဆိုရင် သမီးချင်းအတူတူ စန်းမေကို သာ စာရင်းသွင်းတယ်။ စိန်မေ့ကို ခေါ်ကျွေးရိုး မရှိဘူး။

သိတယ်နော်။ မောင်တို့ 'ချမ်းအေးသာစံ'ခြံကြီးကလဲ တောင်ဖက်ခြမ်းနဲ့ မြောက် ဖက်ခြမ်းက ဂိုဏ်းကွဲတယ်။ လင်စုံမယားစုံ ရှိတဲ့ဘက်နဲ့ တခြမ်းပဲ့တွေ ရှိတဲ့ဘက် ဆိုပါ တော့။ သီးသန့်ကလေးတွေ လိုပဲ။ အဲသည်ကြားထဲ စိန်မေ က ညပ်ပါသွားတော့ ငတ် ကရော။

စန်းမေကတော့ မောင် တို့ဂိုဏ်းပေါ့လေ။ ပြောရရင် အမေက အစ၊ လေးမေမေ ရော ထွေးမေမေရော စန်းမေကို စိန်မေ့ထက် ပို ချစ်ကြတယ်။ မောင်နဲ့ အဖေ မရှိတာချင်းတူလို့ သနားလို့ ချည့် မဟုတ်ဘူး။ စန်းမေ မောင့်ကို စိန်မေ့ထက် ပို



www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ရှိတာကိုလဲ တွေ့ကြရလို့ ဖြစ်မယ်။

ဒါပေမယ့် စန်းမေကို အားမရကြတာက စာမတော်ဘူး။ မေမေကြီးကြီးက သူ့သမီးကို လေးမေမေလို B.A, B.Ed ဘွဲ့ ၂ ထပ်ကွမ်းနဲ့ ကျောင်းအုပ်ဆရာမကြီး ဖြစ်စေချင်တာ။ ဒါပေမယ့် သူ့သမီးစန်းမေက မထူးချွန်ဘူး။ ကျောင်းစာနဲ့ပတ်သက်လာရင် ဓားမနောက်ပိတ်ခွေ။ ညံ့တယ်။ အဖေရော အမေရော ကျောင်းဆရာမဟုတ်ကြတဲ့ စိန်မေက တောင်မှ သူ့ထက်သာတယ်။ စန်းမေတက်နေရတဲ့ အတန်းကိုကလဲ အဋ္ဌမတန်းချင်း တူတူ တန်းခွဲ(ဃ)ရယ်။ စိန်မေတို့ ခင်မမတို့က တန်းခွဲ(က)။ ပြီး ကျောင်းချင်းကလဲ တူတာမဟုတ်ဘူး။ ဆိုင်ရာကျောင်းရဲ့ လစဉ်စစ်စာမေးပွဲတွေက report card တွေအရ ရမှတ်စာရင်းကို ကြည့်လိုက်တော့လဲ စန်းမေက ဘာသာစုံတော့ အောင်ပါရဲ့။ ဒါပေမယ့် ရတဲ့အမှတ်တွေကနည်းတော့ position အဆင့်က ဘယ်တော့မှ ၁၀ ဂဏန်းရဲ့အထက် single digit မဖြစ်ဘူး။ စိန်မေဆိုရင် ခင်မမလိုသာ အတန်းထဲမှာ ပထမ၊ ဒုတိယ၊ တတိယ မရတာရယ်။ ဘယ်တော့မှ '၁၀' ဂဏန်းအောက် မရောက်ဘူး။ အမြဲတမ်း ၅၊၆၊၇ တော့ ချိတ်တယ်။ ပြီး ကျောင်းပေါ်မှာ နေတည်ပြီး တတ်ကြတာချင်းထဲ ကွာတယ်။ စိန်မေဆိုရင် နားလည်လား နားမလည်ဘူးသာမသိတာ၊ အင်္ဂလိပ်သတင်းစာ ဖတ်နိုင်ပြီ။ နော့

ဟာယ်
မောင့်ကို
တွေငေးကြည့်
နေတဲ့
စန်းမေရဲ့
မျက်လုံးအိမ်တွေ
ထဲမှာ
ပိုးပုဝါပါး
တလွှာလွှာ
ထားသလို
မျက်ရည်တွေလဲ
ဝိုင်းလို့ပါလား
ကြေကွဲ
ဝမ်းနည်းရလို့လား
စန်းမေ
ညအမှောင်ကို
ခိုပြီး
ငိုမလို့လား
မငိုနဲ့နော်
စန်းမေ့ဘက်မှာ
မောင်
ရှိတယ်

စန်းမေက အစိုးရ အမျိုးသမီး အထက်တန်းကျောင်းမှာသာ နေရတာလေ။ စိန်မေတို့ ခင်မမတို့နေတဲ့ကျောင်းက အခုထက်ထိ ခရစ်ယာန်မယ် သီလရှင်တွေကပါ သင်နေတဲ့ သာသနာပြုကျောင်း American Baptist Mission School ကျောင်းမှာ အချင်းချင်းလဲ အင်္ဂလိပ်လိုသာ စကားပြောရတဲ့ကျောင်း။ စည်းကမ်း စံနစ်ကလဲ ကောင်းတော့ တတ်ကြ တော်ကြတာပေါ့။

ပြီး စန်းမေရဲ့ ဘူဒါးကြီးကို သိတယ်နော်။ ဗန္ဓုလ နှုတ်ခမ်းမွေးကော့ကြီးနဲ့ ပီဘိ ရှေးဟောင်း ရှေးရိုးစွဲ antique ကြီး။ သူ့သမီးကို ယောကျ်ားလေးနဲ့မိန်းကလေး ရောစာသင်တဲ့ကျောင်းမှာ မထားဘူးတဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားတတ် လိမ့်မယ်တဲ့။ စိန်မေနေတဲ့ A.B.M က **အရော**ကျောင်း၊ မောင်တို့ကျောင်းက **အထီး**ကျောင်း။ သွားရော။ စ,ကျောင်းအပ်ကတည်းက ဘိုမေမေလဲ ရှိတယ်ဆိုပြီး အဲသည် **အမ**ကျောင်းမှာပဲ အပ်ခဲ့တာ။ သူ ကျောင်းအုပ်လုပ်ရတဲ့ ပြည်ကြီးကျက်သရေ အလယ်တန်းကျောင်းနဲ့ကလဲ နီးတာကို။

ခု နောက်ပိုင်း သူ မရှိတော့လဲ မေမေကြီးကြီးက ကျောင်းမပြောင်းတော့ဘူးလေ။ အကြောင်းပြရတာလဲ ကောင်းတယ်။ အဲသည်ကျောင်းမှာက ဘိုမေမေကလဲ ရှိနေတော့ သူ့သမီးအတွက် အကြိုအပို့လဲ လုပ်စရာ လူမလိုတော့ဘူးပေါ့။ ညီမအငယ်ရဲ့လက် တခါတည်း လွှဲအပ်လိုက်တယ်။ ပိုအဆင်ပြေတာက ဘိုမေမေတို့မှာက မော်တော်ကားကလေးလဲရှိတယ်။ ဦးလေးကြည်ဝင်းက ပညာအုပ်ဆိုတော့ သူ့အပိုင်က မူလတန်းကျောင်းတွေကို လှည့်စစ်ဖို့အတွက် မော်တော်ကား လိုတယ်။ ဘိုမေမေတို့ ဦးလေးကြည်ဝင်းတို့က ၂ ယောက် ဝင်ငွေနဲ့ဆိုတော့ ပိုလျှံတယ်။ ဆီဆန်ကလဲ ဝယ်စရာမလိုဘူး။ အိမ်ကလဲ လခပေးစရာမလိုဘူး။ သားထောက်သမီးခံလဲ မရှိဘူးဆိုတော့ ကားလဲစီးနိုင်တာပေါ့။ စစ်ကြိုခေတ်က အင်္ဂလန်လုပ် austin 10 အဟောင်း ကလေး ဝယ်ထားတယ်။ ဦးလေးကြည်ဝင်း ရုံးအသွားမှာ ဘိုမေမေကို ကျောင်းမှာ ဝင်ချပေးထားခဲ့တယ်။ ညနေရုံးကအပြန်မှာ ဝင်ကြိုတယ်။ ဟော စန်းမေအတွက်က ရေကန်အသင့် ကြာအသင့်။ စိန်မေကမှ ခင်မမတို့အိမ်က သူ့အဖေ ကားနဲ့ လိုက်ရတာဆိုတော့ မျက်နှာငယ်ရအုံးမယ်။ သူများအိမ်မှာ သွားစောင့်နေရအုံးမယ်။ ပြီး စန်းမေအဖို့က ကြိုမယ့်ပို့မယ့် လူလဲ ရှိတာမဟုတ်ဘူး။ သူ့အမေလဲ စိတ်မပူရဘူးပေါ့။

မောင်ကတော့ လေးမေမေနဲ့ ထွေးမေမေနဲ့အတူ ကျောင်းသွားရတာလေ။ အနောက်ဖက် မြင်းဝင်းထဲက ကုလားအဖိုးကြီး mustafa ရဲ့ ရထားလုံးကို လပြတ်နဲ့အပြီး ငှားထားတာ။ အချိန်တန်ရင် ခြံထဲအထိ လာစောင့်တာ။ မောင်က အဲသည် ရထားလုံးနဲ့ ကျောင်းသွားကျောင်းပြန်။ မောင်စက်ဘီးမစီးရဘူး။ မစီးတတ်ဘူး။ ဝယ်မပေးဘူး။ တချို့က မောင်၁၆နှစ် သားရောက်တဲ့အထိ မန္တလေးသား စက်ဘီးမစီးတတ်ဘူးပြောရင် မယုံကြဘူး။ ၁၆နှစ်သား တက္ကသိုလ်ဝင် စာမေးပွဲအောင်လို့ တက္ကသိုလ်တက်ရတော့မယ်ဆိုမှ စက်ဘီးအသစ်တစင်း ဝယ်ပေးတာ။ သင်ရတာ။

စိန်မေ စီးတတ်တယ်။ မောင် မစီးတတ်ဘူး။ စန်းမေ မစီးတတ်ဘူး။ မောင် မစီးတတ်တာကတော့ ထားပါတော့။ စန်းမေက ငယ်တုန်းကတည်းက သူ့အဖေထားရစ်ခဲ့တဲ့ စက်ဘီးအကောင်း

*စာမျက်နှာ(၂၄၂)သို့...*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မွေးရာ
ဇာတိဖြစ်သည့်
ကိန္နရီချောင်းရွာကြီးကို
ကျွန်တော်
ပြန်ရောက် သွားသည်။
ကိန္နရီချောင်းရွာကြီး၏
နေရာတော်တော်များများ၊
အစိတ်အပိုင်းတော်တော်
များများသည်
ကျွန်တော့်အသက်ငယ်ငယ်၊
လွန်ခဲ့သည့်နှစ်ပေါင်း
ခြောက်ဆယ် အတိုင်းပင်
ရှိနေသေးတာ တွေ့ရသည်။
ရွာလယ်ပိုင်း သို့မဟုတ်
မင်းလမ်းပိုင်းလို့
ခေါ်ကြသည့်
ရွာရေးတာန်းရှိရာ၊
ခရီးသည်တင်လိုင်း
ကားများရပ်တန့်ရာ
နေရာတစ်ဝိုက်မှာသာ
တိုက်တာ
အဆောက်အဦတွေ
တည်ဆောက်ထားကြတာ
တွေ့ရသည်။ ကျန်တာ
အများစုကတော့
ဝါးထရံကာ၊ ဓနိမိုးနှင့်
ပျဉ်ထောင်ကာ၊
ဓနိမိုးအိမ်တွေသာ
ရှိနေသေးတာတွေ့ရသည်။
ကျွန်တော်ငယ်ငယ်အရွယ်၊
လွန်ခဲ့သည့်နှစ်ပေါင်း

## ဝိုးသ ကျွန်တော့်ရွာကိုပြန်

ခြောက်ဆယ်ကျော်ကာလက
တော့ ကိန္နရီချောင်းရွာမှာ
ရွာသူဌေး
ဦးအဗ္ဗဒုဇလီ၏အိမ်နှင့်
ကျောင်းဆရာကြီး
ဦးစံရွှေတို့ နှစ်အိမ်သာ
ပျဉ်ထောင်ကာ

www.burmeseclassic.com

www.burmeseclassic.com

သွပ်မိုးအိမ်အဖြစ်ရှိခဲ့ကြသည်။ ရွာသူဌေး ဦးအဗ္ဗဒူဇလီ၏ အိမ်ကတော့ စီးပွားရေးသမား မိသားစုအိမ်ဖြစ်လို့ အိမ်ထဲမှာ၊ အိမ်ခြံဝင်းထဲမှာ ရောင်းကုန်ပစ္စည်းအမျိုးမျိုးတွေဖြင့် ပြည့်ပြီး မျက်စိနောက်စရာ အိမ်ကြီးဖြစ်နေသည်။ ဆရာကြီးဦးစံရွှေ၏ အိမ်ကတော့ ခြံဝင်းကြီးကျယ်ပြီး၊ အိမ်ကြီးကြီးသလောက် ခြောက်ကပ်တိတ်ဆိတ်နေသည်။ ဆရာကြီး၏ မိသားစု စီးပွားကျပြီး မိသားစုတွေ ဖရိုဖရဲဖြစ်နေသည့် အချိန်အခါဖြစ်နေပေပြီ။ ကျွန်တော်သည် ဆရာကြီးကို တစ်ခါ၊ နှစ်ခါလောက်ပဲ မြင်ဖူးလိုက်သည်။ ကျွန်တော် သေသေချာချာ မှတ်မိသည့်အချိန်မှာ ဆရာကြီး ကွယ်လွန်ခဲ့ပြီဖြစ်သည်။

ဆရာကြီးသည် ဒီအိမ်ကြီးကို ယောက္ခမဆီက အမွေရထားလိုက်တာဖြစ်သည်။ ဆရာကြီး၏ ယောက္ခမမိဘများသည် အင်္ဂလိပ်မင်းလက်ထက်မှာ မြေပိုင်ရှင်၊ လယ်ပိုင်ရှင်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားနှင့် ရွက်လှေသမ္ဗန်ကြီးတွေ ပိုင်ရှင် ရွာသူဌေးကြီးဟု ကြားဖူးသည်။ ကျွန်တော်တို့ရွာက အသက်ရှစ်ဆယ်ကျော် ကိုးဆယ်အရွယ် အဘိုးအဘွားတွေလောက်သာ ရွာသူဌေးကြီး ဦးထွန်းမြအောင်နှင့် သူဌေးကတော်ကြီး ဒေါ်အေးလှဖြူ တို့ကို မြင်ဖူးလိုက်သည်ဟု ပြောကြသည်။ ကျွန်တော်တို့မှတ်မိသည့်အချိန်မှာတော့ သူဌေးကြီး မိသားစု၏ သားသမက်ဖြစ်သည့် ဆရာကြီး ဦးစံရွှေပင် အသက်ရှစ်ဆယ် ကျော်နေပြီဖြစ်သည်။ ရွာဦး

မိန်းကလေး
တစ်ယောက်
ငိုညည်းလိုက်သည့်
လွမ်းတေး
သံသဲ့သဲ့ကို
ကြားလိုက်
ကြရသည်
ကြားသလား
ဆိုသည့်
သင်္ကေတဖြင့်
အချင်းချင်း
အချက်ပြကြသည်
သုံးယောက်လုံး
ကပင်
ကြားပါသည်ဟု
အချက်ပြကြသည်

ကျောင်းဝင်းထဲမှာ ပြုပြင်မည့်သူ မရှိတော့လို့ ပြိုပျက်နေသည့်စေတီတော်ကြီးသည် သူဌေးကြီး ဦးထွန်းမြအောင် မိသားစုတည်ခဲ့သည့် ဘုရားဟု ပြောကြသည်။ ကမ္ပည်းကျောက်စာထိုးခဲ့လေသလား၊ မထိုးခဲ့လို့ မရှိတာလား မသိရ၊ အလှူရှင်၏အမည်ကို ရှာမရဖြစ်နေသည်။

သူဌေးကြီးသည် သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိသည့်အနက် သမီးအကြီးကို ကောလိပ်ကျောင်းသား မောင်စံရွှေနှင့် လက်ထပ်ပေးသည်။ အိုင်အေစီနီယာတန်းတက်နေသည့် ကောလိပ်ကျောင်းသား မောင်စံရွှေသည် သူ့ထက် အသက်ကြီးသည့် သူဌေးသမီး အပျိုကြီးကို လက်ထပ်ယူခဲ့ပြီး သူဌေးသမက်ဖြစ်ခဲ့သည်။ သူဌေးကြီးက သမက်ကို မြို့ပိုင်၊ အရေးပိုင်၊ ဝန်ထောက်မင်း ဖြစ်စေချင်သော်လည်း မဖြစ်နိုင်ဘဲ ကျောင်းဆရာလောက်သာ ဖြစ်နိုင်ခဲ့သည်။ မြို့ကျောင်းမှာ အထက်တန်းကျောင်းဆရာအထိ ဖြစ်ခဲ့သည်။ သူဌေးကြီး ဦးထွန်းမြအောင်ကတော့ သမီးကြီးကို မြို့ပိုင်၊ အရေးပိုင်၊ နယ်ပိုင် ဝန်ထောက်လို အရာရှိကြီးနဲ့ မပေးစားလိုက်ရလို့ အားမလိုအားမရဖြစ်ခဲ့ရသည်။ သမီးအငယ်ကို လင်ကောင်းပေးစားရန် ရည်ရွယ်ထားသည်။

ရှေးခေတ် တောသူဌေးတို့၏ ထုံးစံအတိုင်း သားကိုသာ ခေတ်ပညာတတ်ဖြစ်စေချင်သည်။ သမီးတွေကိုမူ သေစာ၊ ရှင်စာလောက် ရေးတတ်ဖတ်တတ်ရုံ သင်ယူစေပြီး ကျောင်းက ထုတ်လိုက်တော့သည်။ သမီးအငယ်ကို ကျောင်းက ထုတ်လိုက်ပြီး အိမ်တွင်းပုန်းဘဝဖြင့် နေစေခဲ့သည်။ သူဌေးကြီးကတော့ သမီးအငယ်အတွက် သမက်မြို့ပိုင်၊ အရေးပိုင်၊ နယ်ပိုင် ဝန်ထောက်ရှာနေလေသည်။ သမီးငယ်ကို အဲဒီလို အိမ်ထဲမှာ လှောင်ပိတ်ထားရာကစပြီး၊ နံ့သာကျွန်းက လွမ်းပုံပြင်ဇာတ်လမ်းဖြစ်ခဲ့ရတာဟု ရှေးမီ နောက်မီ ရွာသူရွာသားတွေက ပြောခဲ့ကြသည်။

ကျွန်တော်တို့ရွာက ဖောင်တော်ဆိပ်လို့ခေါ်ကြသည့် လှေ၊ သမ္ဗန်ဆိပ်၏ ကမ်းနဖူးပေါ်က ရပ်ပြီး ဘင်္ဂလားပင်လယ်ထဲကို လှမ်းကြည့်လိုက်လျှင် ကျွန်း နံ့သာလို့ခေါ်ကြသည့် နံ့သာကျွန်းကို မှုန်မှုန်ရေးရေး မြင်တွေ့နေရသည်။ ဘင်္ဂလားပင်လယ်အော် ရေပုံ(မြေပုံ)ပေါ်မှာ အင်္ဂလိပ်ဘာသာဖြင့် ဖောင်းလ်အိုင်လင်း (Foul Island)လို့ ရေးမှတ်ထားသည်။ အင်္ဂလိပ်ဘာသာ၏ အဓိပ္ပာယ်အရကတော့ ညစ်ပတ်နံစော်သောကျွန်းလို့ အဓိပ္ပာယ်ရသည်။ ဒေသ အခေါ်ကတော့ ကျွန်းနံ့သာ သို့မဟုတ် နံ့သာကျွန်းလို့ ခေါ်ကြသည်။ ရေပုံပေါ်မှာ အင်္ဂလိပ်က ရေးထိုးထားသည့် နာမည်ကို ဒေသခံတွေက မကြိုက်လို့ တမင်ရွဲ့ပြီး မွှေးတဲ့ကျွန်းလို့ ပြောင်းလဲ ခေါ်နေကြတာ ဖြစ်နိုင်သည်။

ဒီကျွန်းကလေးကို ကျွန်တော်တို့ရွာက ကြည့် လိုက်လျှင် မှုန်မှုန်ပျပျသာ မြင်ရသည်။ ရာသီဥတု သာယာသည့်အခါမှသာ မြင် ကြရသည်။ သို့သော် ဒီရွာနှင့် ဒီကျွန်း၏ ဆက်နွယ်မှုသမိုင်း က ရှိခဲ့လေတော့ ရာသီဥတု သာယာသည့်အချိန်မှာ ရွာသူ ရွာသားတချို့သည် ဖောင် တော်ဆိပ် ကမ်းနဖူးမှရပ်၍ လည်းကောင်း၊ ထိုင်၍လည်း ကောင်း ကျွန်းကလေးဘက် ကို မျှော်ကြည့်နေကြလေ့ရှိ သည်။ သူတို့ကြားဖူးသည့် လွမ်းပုံပြင်ထဲက လယ်သူရင်း ဖွား ကိုထွန်းမောင်နှင့် သူဌေး သမီး ခင်ထွေးငယ်တို့ လွမ်းမောသည့်စိတ်ဖြင့် ဒေ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေကြသည်ဟု ယူဆရသည်။

ကျွန်တော့်အသက် ငယ်ငယ်အရွယ်က မှတ်မိသည့် အချိန်မှာ ဒီကျွန်းကလေးသည် လူမနေသည့် ကျွန်းကလေးဖြစ်သည်။ ဒီကျွန်းကလေးသည် မူလက ကျွန်းကြီးဟု သိရသည်။ မီးတောင်ပေါက်ပြီး ကျွန်းကြီးရေထဲကို မြုပ်သွားလို့ ကျွန်းကလေးအဖြစ်ဖြင့်သာ ကျန်နေသည်ဟု ပြောကြသည်။ ကျွန်တော်ငယ်ငယ်၊ ၅ နှစ်သားအရွယ်မှာ ဒီကျွန်းကလေးက မီးတောင်ပေါက်တာကို မြင်ဖူးလိုက်သည်။ ကျွန်တော်တို့ရွာသူရွာသားတွေက နဂါးမီးတောက်သည်ဆိုပြီး ရှိခိုးဦးချသူတွေ ရှိသည်။ ကျွန်တော့်အဘွားဆိုလျှင် ဖောင်တော်ဆိပ်ကမ်းဆီကိုရောက်လာတာ နောက်ကျနေလို့ နဂါးမီးတောက်တာကို မမြင်လိုက်ရသည့်အခါ ကျွန်းနဲ့သာဘက်ကို လက်အုပ်ချီပြီး တောင်းဆိုသည်။

'အရှင် နဂါးမင်း တန်ခိုးတော်ပြတော်မူပါ'

ကျွန်တော့် အဘွား တောင်းပန်ပြီး မကြာမီ နဲ့သာဘက်က မီးပန်း၊ မီးတောက်တွေ တက်လာသည်။ ကျွန်းကို လှမ်းကြည့်နေသူတွေ အားလုံးရှိခိုးဦးချကြသည်။ နဂါးမင်းကြီးတန်ခိုးတော်ပြတာလို့ ယုံကြည်ခဲ့ကြသည်။ ဒီလို အခြင်းအရာတွေကို ကျွန်တော်ကိုယ်တိုင် မြင်ဖူးလိုက်သည်။

ကျွန်တော့်ကို မမွေးမီအသေဆိုက ဒီကျွန်းကလေးမှာ ဖြစ်သွားခဲ့သည့် လွမ်းပုံပြင်ဇာတ်လမ်းကို တော့ ယနေ့သက်ရှိထင်ရှားရှိနေသူတွေထဲက ကြားဖူးလိုက်သူတွေရှိသလို မကြားဖူးပါဘူးလို့ ပြောသူတွေလည်း ရှိသည်။ မယုံလျှင် ပုံပြင်လို့ သဘောထားပြီး နားထောင်စေချင်ပါသည်။ ကြားဖူးတာကို ပြောပြပါမည်။

ရွာသူဌေး ဦးထွန်းမြအောင်နှင့် ဒေါ်အေးလှဖြူတို့၏ သမီးနှင့်သားသုံးယောက်အနက် ဆရာကြီး ဦးစံရွှေ၏ ကတော်ကသမီးကြီးဖြစ်သည်။ သားအလတ်ကို မြို့ကျောင်းထားသည်။ ပညာထူးချွန်မှု မရှိရုံသာမက အသောက်အစား၊ အပျော်အပါးလိုက်စားသည့်အတွက် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ကွယ်လွန်သွားခဲ့သည်။ သမီးအငယ် ခင်ထွေးငယ်ကို လင်ကောင်း၊ သားကောင်းရစေရန် မိသားစုက အတော်မျှော်လင့်ထားခဲ့ကြသည်။ သမီး အပျိုဂုဏ်တက်အောင်၊ တန်ဖိုးရှိအောင် အိမ်တွင်းပုန်းလုပ်နေစေခဲ့သည်။ အရွယ်ရောက်နေသည့်သမီးပျိုကို လွတ်လပ်ခွင့်အပြည့်အဝမပေးဘဲ ထိန်းချုပ်ပိတ်လှောင်ခံထားရသည့်အခါ သမီးပျိုခင်ထွေးငယ်သည် သူတို့အိမ်ကလယ်သူရင်းငှား လူပျို ကိုထွန်းမောင်နောက် ခိုးရာလိုက်ပြေး ခဲ့သည်။ ဖြစ်ပုံက ရိုးရိုးရှင်းရှင်းဖြင့် ရှုပ်ထွေးသွားခဲ့တာဖြစ်သည်။

လယ်သူရင်းငှား ကိုထွန်းမောင်၏ အမေက နှိပ်ပေးတတ်သည်။ အကြောပြင်တတ်သည်။ ခင်ထွေးငယ်ကို နှိပ်ပေးသည်။ အကြောတက်လျှင်ဖက်ကြောဆွဲပေးရသည်။ လယ်ပိုင်ရှင်နှင့် လယ်သူရင်းငှားမိသားစုနှစ်စုသည် ဆွေရင်းမျိုးချာလိုဖြစ်နေကြသည်။ လယ်သူရင်းငှားကိုထွန်းမောင်သည် ကျန်းမာသန်စွမ်းသည့် လူပျိုဖြစ်သည့်အပြင် အရက်သေစာမသောက်၊ လောင်းကစားမလုပ်၊ အစ်မ အပျိုကြီးနှင့် မိခင်အိုကြီးကို လုပ်ကျွေးနေသော ကာလသားခေါင်းဆောင် ဖြစ်သည်။ တောသူတောင်သားဖြစ်လို့ အသားညိုသော်လည်း ရုပ်သန့်သူဖြစ်သည်။

ကိုထွန်းမောင်၏ အမေမအားလို့ ခင်ထွေးငယ်ကို နှိပ်ပေးဖို့ မလာနိုင်သည့်နေ့မှာ ခင်ထွေးငယ်က ဖက်ကြောတက်လို့ဆိုပြီး ကိုထွန်းမောင်၏ အိမ်ကိုသွားသည်။ အနှိပ်ခံပြီးသော်လည်း မိုးချုပ်သည့်အခါ အိမ်ကိုမပြန်ချင်တော့ဘူးဆိုပြီး ကိုထွန်းမောင်၏အိမ်မှာပဲ ညအိပ်တော့မလိုလုပ်သည်။ ဘယ်လိုမှ မဖြစ်နိုင်သည့် ကိစ္စဖြစ်သည့်အပြင်၊ မဖြစ်သင့်မဖြစ်ထိုက်သည့် ကိစ္စဖြစ်လို့ အိမ်ကိုပြန်ပါရန် ခင်ထွေးငယ်ကို တောင်းပန်သည်။ ခင်ထွေးငယ်က မပြန်ချင်ဟု ပြောသည်။ အပျိုဖြစ်နေသည့် ခင်ထွေးငယ်၏လိင်စိတ်သည် ဆန္ဒဖြင့်သွေးဆူနေသည်ဆိုတာကို သိနေကြသည်။ တောသူတောင်သားတွေဖြစ်လို့ စိတ်ဝေဒနာဆိုင်ရာပြဿနာတွေကို ပညာရပ်ဆန်ဆန် မပြောတတ်ကြသော်လည်း သိနေကြသည်။ လိင်ကိစ္စနှင့် ပတ်သက်လျှင် အရက်အကြောက် အလွန်ကြီးကြသည့် တောသူတောင်သားတွေ ဖြစ်သည့်အပြင် အချိန်ကာလလည်း ခေတ်ဟောင်းကာလမှာဖြစ်နေသည့်အတွက် ရှန်းဖမ်းသယောင်၊ ပယောဂဝင်သယောင်၊ အမှောင့်မကင်းသယောင်လုပ်ပစ်ကြရသည့် ကာလဖြစ်သည်။

'အိမ်ကို ပြန်ပါ သမီးရယ်။ နင့်အဖေနဲ့အမေသိလို့ စိတ်ဆိုးရင် တို့မိသားစု ဒုက္ခရောက်တော့မယ်။ နင်တို့လယ်ကို လုပ်နေရလို့ ငါတို့အသက်ရှင်နေရတာပါကွယ်'

'မပြန်တော့ဘူး။ ကျွန်မ ကိုထွန်းမောင်နဲ့ပဲ နေတော့မယ်'

အဲဒီမှာ ကိုထွန်းမောင် ဒုက္ခရောက်တော့သည်။ မိမိထက် အသက်ဆယ်နှစ်လောက်ငယ်သည့် မြေပိုင်ရှင်သူဌေးသမီးက မိမိနှင့်နေတော့မည်ဟု ပြောသည့်အတွက် ကြောက်တာနဲ့ ရင်ခုန်တာ တစ်ပြိုင်တည်းဖြစ်ပြီး ဆောက်တည်ရာမရဖြစ်သွားသည်။ ကျေးရွာရှင်၊ မြေပိုင်ရှင်သူဌေး၏ သမီးဖြစ်ရုံသာမက မြို့ပိုင်မင်း၊ ဝန်ထောက်မင်းတို့အတွက် သီးသန့်ထားသည့် သတို့သမီးဖြစ်လို့ စေ့စေ့တောင် မကြည့်ရဲသည့် အပျိုလေးက မိမိနှင့်အတူ နေပါတော့မည်ဟု ပြောသည့်အတွက် ဝမ်းသာရမည့်အစား ကြောက်ပြီး ဆောက်တည်ရာမရဖြစ်နေတော့သည်။ ခင်ထွေးငယ်တို့ မိသားစုသည် ရွာသူကြီးကို ပိုင်နိုင်သူတွေဖြစ်လို့ အလွန်အန္တရာယ်များနေပြီဆိုတာကို သိလိုက်သည်။

မိုးချုပ်လို့ ညမှောင်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီဖြစ်သည့်အပြင် ခင်ထွေးငယ်က သူ့အိမ်ကို မပြန်ဘဲ ကိုထွန်းမောင်အိပ်သည့် အိပ်ရာမှာ လုံအိပ်နေသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။ နောက်ဆုံးကြံရာမရသည့်အတွက် ကိုထွန်းမောင်သည် ခင်ထွေးငယ်ကို ပွေ့ချီယူပြီး အမှောင်ထုအတွင်းကို ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။ အဲဒီနေ့ဟာ ခင်ထွေးငယ်ကို ရွာသူရွာသားတွေ နောက်ဆုံးမြင်တွေ့လိုက်ကြရသည့် နေ့ဖြစ်သည်။ နောင်အခါမှာတော့ ခင်ထွေးငယ်နှင့် ကိုထွန်းမောင်တို့ အကြောင်းသည် နံ့သာကျွန်းက လွမ်းပုံပြင်အဖြစ်ဖြင့်သာ ဒဏ္ဍာရီဆန်ဆန်ပြောနေကြတော့သည်။

ခင်ထွေးငယ် ရွာက ပျောက်သွားသည်ဆိုသည့်အခါ မိသားစုတွေနှင့် ရွာသူကြီးဦးဆောင်သည့် ကာလသားတွေက အနီးအနားရွာတွေမှာ ပိုက်စိပ်တိုက် လိုက်ရှာကြသည်။ ကာလသားခေါင်းဆောင်ကို ထွန်းမောင်ပါ ပျောက်နေသည့်အတွက် မသင်္ကာဖြစ်ပြီး ကိုထွန်းမောင်၏အမေကိုစစ်မေးကြသည်။ အဖြစ်မှန်ကိုသိသွားကြသည်။ ဖြစ်နိုင်ခြေရှိသည့်နေရာတွေကို လိုက်ကြရာ ဆူးပုပ်ကုန်းရွာက မုဆိုးမ အဘွားအိုတစ်ယောက်အိမ်မှာ ခင်ထွေးငယ်ကို ဖမ်းမိသည်။ အဲဒီအိမ်ရှင် အဘွားကြီးသည် ကိုထွန်းမောင်၏ အဒေါ်ဖြစ်သည်။ ကိုထွန်းမောင်ကတော့ ထွက်ပြေးလွတ်မြောက်သွားသည်။

လူရိုးကြီး ကိုထွန်းမောင်သည် တစ်ညအတူ နေ

**ကိုထွန်းမောင်သည် ခင်ထွေးငယ် နောက်ကို မီအောင် လိုက်ရန် အားယူကူးခပ် လိုက်သည် ခင်ထွေးငယ် ပြန်ဝင် ပျောက်ကွယ် သွားသည့် ပြတင်းပေါက်မှ အိမ်ထဲကို ဝင်လိုက်သွားသည်**

လိုက်ရသည့် ခင်ထွေးငယ်တို့ မင်္ဂလာမဆောင်ရသေး၊ လက်မထပ်ရသေးသည့်အတွက် လက်ဖျားဖြင့်ပင် မတို့မထိဘဲ အတူနေခဲ့သည်ဟု သိရသည်။ ခင်ထွေးငယ်၏မိဘတွေအတွက် ကံကောင်းသော်လည်း ခင်ထွေးငယ်အတွက် ကံဆိုးခဲ့လေတော့သည်။ ဦးထွန်းမြအောင်သည် ခင်ထွေးငယ်ကို စောင်ဖြင့်အုပ်ပြီး ညအချိန်မှာ ရွာကို ပြန်ခေါ်လာခဲ့သည်။

နောက်နေ့နံနက်စောစောမှာ မိသားစုပိုင် ရွက်လှေပေါ်ကို တင်ဆောင်ပြီး နံ့သာကျွန်းဘက်ကို ရွက်လွှင့်သွားခဲ့သည်။ ရွက်လှေပေါ်မှာ ခင်ထွေးငယ်ကို တစ်သက်လုံးပြုစုစောင့်ရှောက်ရန် ခင်ထွေးငယ်၏အဒေါ် အပျိုကြီးနှင့် အိမ်ဆောက်မည့် လက်သမားတွေ၊ စားရေရိက္ခာတွေကို တင်ယူသွားခဲ့သည်။ ခင်ထွေးငယ်ကို လူမနီးသူမနီးသည့် နံ့သာကျွန်းကလေးပေါ်တွင်ထားတော့မည်ဆိုသည့် စီမံချက်ဖြစ်သည်။ နောင်လအတန်ကြာသည့်အခါ လက်သမားတွေသာ ရွာကို ပြန်ရောက်လာကြသော်လည်း ခင်ထွေးငယ်နှင့် မိသားစုကတော့ ပြန်မလာကြဘဲ နံ့သာကျွန်းပေါ်မှာပင် နေထိုင်ကြသည်ဟုပြောကြသည်။

အင်္ဂလိပ်မင်းလက်ထက်ဖြစ်သည့် ၁၉၀၀ ပြည့်ဝန်းကျင်ကာလမှာ နံ့သာကျွန်းသည် အလွန်ပြင်းထန်သည့် မီးတောင်ပေါက်ကွဲသည်။ ကျွန်းသည် ရေထဲကိုနစ်မြုပ်ဝင်သွားသည်ဟု ပြောကြသည်။ ယနေ့မြင်တွေ့နေရသည့်နံ့သာကျွန်းသည် ကျွန်း၏ သုံးပုံတစ်ပုံမျှသာ ဖြစ်သည့် တောင်ထိပ်ဖျားကိုသာ မြင်တွေ့နေရတော့တာဟု ပြောကြသည်။

'နံ့သာကျွန်းမီးတောင်ပေါက်လို့ ကျွန်းကြီး ရေထဲမြုပ်သွားတယ်ဆိုတော့ မခင်ထွေးငယ်တို့ မိသားစု ဘာဖြစ်သွားသလဲ'

'ခင်ထွေးငယ်ကို အကျယ်ချုပ်ထားတဲ့ စံအိမ်ကြီးနှင့်တကွ ဥယျာဉ်တွေ၊ စိုက်ခင်းတွေ၊ ရေတွင်း ရေကန်တွေ၊ စေတီပုထိုးတွေ အားလုံး ရေအောက်ကို ရောက်သွားတယ်'

'ရေအောက်မှာ သွားရှာရင် တွေ့မလား'

'ပထမကမ္ဘာစစ်ကြီးပြီးစလောက်က ထွန်းမောင်တို့ကာလသားတစ်စု လက်လှော်လှေကလေးနဲ့ နံ့သာကျွန်းကို ရောက်အောင်သွားခဲ့ကြတယ်။ ရေအောက်ကိုရောက်အောင် ရေငုပ်ပြီးရှာကြည့်ခဲ့ကြတာ ထူးဆန်းတာတွေကို တွေ့ခဲ့ရတယ်လို့ ပြန်ပြောကြတယ်'

'ဘာတွေ တွေ့ခဲ့ကြတာလဲ'

နံ့သာကျွန်းက ရေအောက်မှာ နစ်မြုပ်နေသည့် အဆောက်အဦတွေ၊ မြင်ကွင်းတွေ၊ ကြားခဲ့ရသည့် အသံတွေကို ကိုထွန်းမောင်၏ သူငယ်ချင်းကာလသားတစ်ဦးက ပြန်ပြောပြသည်ဟု ဆိုပါသည်။ အလွန်ဒဏ္ဍာရီဆန်ပြီး စိတ်ကူးယဉ်သည့် ဇာတ်လမ်းဖြစ်သည်။ သူတို့ခေတ်အခါကတော့ ပုံပြောကောင်းသူတစ်ယောက်က ပုံပြောတာကို နားထောင်ကောင်းလို့ နားထောင်ခဲ့ကြတာ ဖြစ်မည်။

ကိုထွန်းမောင်တို့ ကာလသားသုံးယောက်လှော်ခတ်လာသည့် လက်လှော်လှေကလေးသည် ရာသီဥတုသာယာနေသည့် အတွက် လှိုင်းအိကလေးတွေကိုသာ ဖြတ်ကျော်ခဲ့ရသည်။ နံနက်အရုဏ်တက်ချိန်က လှေပေါ်တက်ကြပြီး ရိက္ခာအပြည့်အစုံဖြင့် ရွာကထွက်ခဲ့ကြသည်။ ညနေ ၄ နာရီလောက်မှာ ကျွန်းနံ့သာသို့ ရောက်ခဲ့ကြသည်။

သူတို့လှေကလေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကပ်သွားခဲ့သည့်နေရာသည် ကျောက်တုံးကျောက်ဆောင်တွေကြားမှာ သစ်ပင်ကြီးတွေ ထူထပ်စွာ ပေါက်နေသည့်နေရာဖြစ်သည်။ ဒီနေရာသည် မီးတောင်မပေါက်ကွဲမီက၊ ငလျင်မလှုပ်မီက ကျွန်းကလေး၏ တောင်ပေါ်နေရာဖြစ်ခဲ့ပေလိမ့်မည်။ ကျွန်းကလေး ရေထဲနစ်မြုပ်သွားတော့ ပင်လယ်ရေပြင်နဲ့ တညီတည်းဖြစ်နေလို့ လှေဆိုက်ကပ်လို့ရသည့်နေရာဖြစ်သည်။ ကျွန်းကလေးသည် လူမနေသည့် ကျွန်းကလေးဖြစ်လို့ အိပ်တန်းတက်လာကြသည့် ငှက်သာရကာတို့၏ အသံတွေကိုသာ ကြားရသည်။ ကျောက်ဆောင်တွေပေါ်မှာ အုပ်ဖွဲ့နားနေကြသည့် စင်ရော်ငှက်တွေ အများအပြားတွေ့ရသည်။ ခပ်လှမ်းလှမ်းမှာ မြင်နေရသည့် တောင်ကျမ်းချောင်းရေအိုင်မှာ တောင်ဆိတ်တစ်အုပ်ရေသောက်နေတာ တွေ့ရသည်။ အင်္ဂလိပ်မင်းအစိုးရက အမြော်အမြင်ကြီးစွာဖြင့် ဘေးမဲ့လွှတ်ထားသည့် ဆိတ်တွေဟု ကြားဖူးသည်။ ပင်လယ်ပြင်မှာ သင်္ဘောပျက်သူတွေ ဒီကျွန်းပေါ်ရောက်လာလျှင် သတ်စားလို့ရအောင် ဆိတ်အထီးနှင့်အမ စုံတွဲတွေလွှတ်ထားသည်ဟု ကြားဖူးသည်။ ကိုထွန်းမောင်တို့သုံးယောက်သည် ပင်ပန်းလာကြသဖြင့် အနားယူအိပ်စက်လိုက်ကြသည်။

ကိုထွန်းမောင်နှင့်အတူပါလာသည့် ကာလသားနှစ်ယောက်ကတော့ ခေါင်းချတာနှင့်အိပ်ပျော်သွားကြသည်။ အိပ်မပျော်တာက ကိုထွန်းမောင်ဖြစ်သည်။ မိမိ၏အိမ်ပေါ်က ခင်ထွေးငယ်ကို ပွေ့ချီယူသွားပြီး အိမ်နောက်ဖေးလယ်ကွင်းစပ်မှ လယ်ကွင်းတွေကိုဖြတ်ပြေးခဲ့ကြတာကို ရင်တလှပ်လှပ်ဖြင့် သတိရနေသည်။ ဆူးပုပ်ကုန်းရွာက အဒေါ်၏အိမ်မှာ တစ်ညအတူအိပ်ခဲ့ကြသော်လည်း မိမိ၏ရိုးသားမှုကိုပြချင်လို့ အိပ်ရာခွဲအိပ်ခဲ့ပုံတွေကို တွေးမိတိုင်း ခင်ထွေးငယ်ကို သနားနေမိသည်။ မိုးစင်စင်လင်းသည်အထိ အိပ်လို့မပျော်ခဲ့ဘဲ အိပ်ရာက ထလိုက်သည်။

အဆာပြေစားကြပြီး နေထွက်ချိန်ကို စောင့်ကြသည်။ မြင်ကွင်းကောင်းသည့်အချိန်မှာ ကျွန်းကလေး၏အရှေ့ဘက် လေကွယ်၊ လှိုင်းကွယ်နေရာက မြေပြန့်ကိုရှာကြသည်။ ဖြစ်နိုင်ခြေရှိသည့်နေရာကိုတွေ့တာနဲ့ ရေငုပ်ကြတော့သည်။ ထင်သည့်အတိုင်းပင် သူတို့ရေငုပ်သည့်နေရာသည် ဦးထွန်းမြအောင်မိသားစုနေထိုင်သွားခဲ့သည့်နေရာဖြစ်နိုင်သည့်အထောက်အထားတွေကို စတင်တွေ့ရသည်။ ရေအောက် ပေ ၂၀ လောက်အနက်မှာ တစောင်းလဲကျနေသည့် စေတီငယ်တစ်ဆူကို စတင်တွေ့ရခြင်းပင်ဖြစ်သည်။ စေတီသည် ကုန်းမြင့်ပေါ်မှာရှိခဲ့တာ ဖြစ်နိုင်သည်။

ရေငုပ်ကိရိယာ မပါဘဲ အလွတ်ငုပ်ရသည့်အတွက် ရေအောက်မှာ ကြာကြာမနေနိုင်ဘဲ ၅ မိနစ်တစ်ကြိမ်လောက် ရေပေါ်ပြန်တက်၊ အသက်ရှူ၊ ပြန်ငုပ်လုပ်ကြရသည်။ ကုန်းစောင်းမှ မြေပြင်၊ မြေပြန့်နှင့်ကွမ်းသီးပင်၊ အုန်းပင်တွေ လဲပြိုနေသည့်နေရာကို တွေ့သည့်အခါ ဒီနေရာဟာ ခင်ထွေးငယ်ကို အကျယ်ချုပ်ချထားခဲ့သည့်နေရာနှင့် အနီးဆုံးနေရာပဲဆိုတာကို သိလိုက်ကြသည်။ အသက်ရှူရန်ရေပေါ်ကို ခဏပြန်တက်ပြီး အသက်ဝအောင် ရှူလိုက်ကြသည်။

အသက်အောင့်ပြီး ရေအောက်ကို ငုပ်ဆင်းလိုက်ကြသည်။ မြေပြင်မှာ ပြိုလဲကျနေသည့် သောက်ရေအိုးစင်လိုလို၊ နတ်စင်လိုလို အဆောက်အဦတစ်ခုကို မြင်ခဲ့သည်။ မပြိုမလဲသော်လည်း ယိုင်နဲ့ရွဲ့စောင်းနေသည့် ကျောက်ခွေချ သောက်ရေတွင်းကိုတွေ့ကြသည်။ ကျောက်ခွေချ သောက်ရေတွင်းကို တွေ့ပြီဆိုလျှင် ခင်ထွေးငယ်အလောင်းရှိရာ ရေအောက်စံအိမ်ကြီးနှင့် မဝေးတော့ပြီလို့ သိလိုက်ကြသည်။ ကိုထွန်းမောင်၏အဓိကမဆန္ဒ၊ နောက်ဆုံးမျှော်လင့်ချက်သည် ခင်ထွေးငယ်၏ အလောင်းကိုရှာဖွေတွေ့ရှိရေးပင်ဖြစ်သည်။ အလောင်းကိုတွေ့လျှင် မပျက်မစီးအောင် သယ်ယူမည်။ အရိုးစုကိုချည်းရလျှင်တောင် အစိတ်အပိုင်းအားလုံးကို စုံစေ့အောင် စုဆောင်းသယ်ယူလာမည်ဆိုသည့် ရည်ရွယ်ချက်ဖြစ်သည်။

ရေအောက်မှာ အသက်အောင့်ပြီး ရေငုပ်လှုပ်ရှားနေသူတွေ တအံ့တသြဖြစ်စေသည့်အသံတစ်ခုကို ကြားလိုက်ရသည်။ ခင်ထွေးငယ်၏အသံလို့ထင်ရသည့် သီချင်းညည်းသံတစ်ခုကို လွမ်းလွမ်းဆွေးဆွေးကြားလိုက်ကြရသည်။ တစ်ယောက်တည်းကြားတာမဟုတ်။ ကိုထွန်းမောင်တို့ သုံးယောက်လုံးကြားလိုက်ကြရတာဖြစ်သည်။ အသက်ရှူဖို့အတွက် ရေပေါ်တက်သည့်အချိန်မှာ သိကြရတာဖြစ်သည်။

'ဟော့ထွန်းမောင် ခင်ထွေးငယ်ရဲ့အသံနဲ့ သီချင်းဆိုသံ နင်ကြားလိုက်သလား'

'အေး…ငါကြားလိုက်တယ်'

'ငါလည်း ကြားလိုက်တယ်ကွ။ ထူးဆန်းလိုက်တာကွာ။ အိမ်ကို တွေ့အောင်ရှာရမယ်'

သုံးယောက်ပြိုင်တူ ရေငုပ်လိုက်ကြသည်။ ဒီတစ်ခါရေငုပ်ရာမှာ အသက်မရှူဘဲ ကြာနိုင်သလောက် ကြာအောင်ရေထဲမှာ ကူးခပ်ရှာဖွေကြမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရေအောက်မှာ ငုပ်ကူးနေကြသည်။ ရေအောက်မှာ လဲပြိုနေကြသည့် အုန်းပင်၊ ကွမ်းသီးပင် အဟောင်းအဆွေးတွေကို ကျော်ဖြတ်ပြီးသောအခါ မိန်းကလေးတစ်ယောက် ငိုညည်းလိုက်သည့် လွမ်းတေးသံသဲ့သဲ့ကို ကြားလိုက်ကြရသည်။ ကြားသလားဆိုသည့် သင်္ကေတဖြင့် အချင်းချင်းအချက်ပြကြသည်။ သုံးယောက်လုံးကပင် ကြားပါသည်ဟု အချက်ပြကြသည်။ ကိုထွန်းမောင်ကတော့ ဒါဟာ ခင်ထွေးငယ်ရဲ့အသံလို့ အသေအချာသိလိုက်သည်။

'အို×××ဟို×××ဟို×××

www.burmeseclassic.com

*အစ်ကိုရေ×××စောင့်ရရက်ရှည်×××လွမ်းမပြေ×××နေနိုင်တော်မူအားရက်ပေ×××လွမ်းလျက်အစ်ကို့ကို စောင့်လို့နေ×××လာလှည့်ညာနဲ့ အစ်ကိုကို့ စောင့်ကြို့နေ×××'*

သီချင်းသံ အဆွဲအငင်သည် ခွေးတံဆိပ်ဓာတ်ပြားထဲက ကုလားသီချင်းသံနှင့် ခပ်ဆင်ဆင်တူသည်။ သီချင်းသံလာရာဘက်ကို လွှန်းထိုးကူးခပ်သွားလိုက်ကြသည်။ သီချင်းသံပျောက်သွားသည့်အချိန်မှာ ယိုင်နဲ့လဲပြိုနေသည့် ခြေတံရှည် ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်ကို သူတို့စတင်တွေ့လိုက်ကြသည်။ တွေ့ပြီ။ ခင်ထွေးငယ်ကို အကျယ်ချုပ်ချထားခဲ့သည့် စံအိမ်ကြီးကို ရေအောက်မှာ တွေ့ကြပြီဖြစ်သည်။ အသက်ရှူရန်အတွက် ရေပေါ်ကို ခေတ္တပြန်တက်လိုက်ကြသည်။

'အိပ်ခန်းထဲမှာ ခင်ထွေးငယ်ရဲ့အလောင်းရှိမယ်ကွ။ အလျှော့အပေါ့၊ အပျက်အစီး မရှိ ငါသယ်ယူသွားချင်တယ်ကွာ။ သတိနဲ့ ဝင်ရှာကြရအောင်'

နံ့သာကျွန်းမီးတောင်ပေါက်လို့ ခင်ထွေးငယ်တို့မိသားစုရေနစ်ပြီးကွယ်လွန်ခဲ့ကြတာ နှစ်ပေါင်းအတန်ကြာပြီဖြစ်လို့ အလောင်းတွေက ရှိပါဦးမလား။ ကံကောင်းထောက်မလို့ တွေ့လျှင်တောင် အရိုးစုတွေကိုပဲ တွေ့ရမည်။ တွေ့ရသည့်အရိုးစုတွေအနက် ဘယ်ဟာက ခင်ထွေးငယ်ဆိုတာကို ဘယ်လိုခွဲခြား သိမလဲဆိုတာ မစဉ်းစားဘဲ ရေငုပ်ကြသည်။

**လက်ယပ်ခေါ်နေသည့် ခင်ထွေးငယ်ကို တွေ့လိုက်ရသည် အမြင်က မှုန်မွှားမွှားသာ မြင်နေရသည့် ခင်ထွေးငယ်၏ နောက်ကို ကိုထွန်းမောင် ကူးလိုက်နေသည် အသက်ရှူဖို့ပင် မေ့နေသည် ခင်ထွေးငယ်သည် ကိုထွန်းမောင်ကို လက်ယပ် ခေါ်ရင်း ခေါ်ရင်း ဝေး၍ ဝေး၍ သွားလေ တော့သည်**

ကိုထွန်းမောင်သည် ရေအောက်က ပြိုလဲနေသည့် အိမ်ကြီးဆီကို အလျင်ဆုံးရောက်ရှိချဉ်းကပ်သွားသည်။ အိမ်ကြီး၏ ပွင့်နေသော ပြတင်းပေါက်မှ ကိုယ်အပေါ်ပိုင်း အင်္ကျီမပါ ဗလာကိုယ်လုံးတီးဖြစ်နေသော ခင်ထွေးငယ်၏ကိုယ်တစ်ပိုင်းပေါ်လာပြီး ကိုထွန်းမောင်ကို ငေးကြည့်နေမိသည်။ ကိုထွန်းမောင်သည် ဝမ်းသာလွန်းလို့ ရှေ့တိုးကူးခပ်သွားသောအခါ ခင်ထွေးငယ်သည် အဝတ်မပါသည့်သူ့အဖြစ်ကို ရှက်လို့ထင်သည်။ ထိုင်ချလိုက်ပြီး အိပ်ခန်းထဲကို ပြန်ဝင်သွားသည်။

ကိုထွန်းမောင်သည် ခင်ထွေးငယ်နောက်ကို မီအောင်လိုက်ရန် အားယူကူးခပ်လိုက်သည်။ ခင်ထွေးငယ် ပြန်ဝင်ပျောက်ကွယ်သွားသည့် ပြတင်းပေါက်မှ အိမ်ထဲကို ဝင်လိုက်သွားသည်။ ညှီ့ခန်းမှာ ရှာသည်မတွေ့။ အိပ်ခန်းတံခါးက ကျပ်ပြီးဖွင့်မရဖြစ်နေသည်။ အသက်အောင့်ထားရတာ ကြာနေပြီဖြစ်လို့ အပေါ်ကို ပြန်တက်ဖို့လိုအပ်နေပြီဖြစ်သည်။ ဒါပေမဲ့ ကိုထွန်းမောင်က ခင်ထွေးငယ်ကို ဝတ်လစ်စလစ် ကိုယ်လုံးတီးပုံဖြင့် မြင်လိုက်ရသည့်အတွက် ဒီအခွင့်အရေးကို လက်လွှတ်ဆုံးရှုံး မခံချင်လို့ အသက်ကိုအောင့်ပြီး အိမ်ထဲမှာ ဆက်ရှာနေသည်။

ရေအောက်စံအိမ်ကြီး၏ ခေါင်းရင်းဘက်က ပွင့်နေသည့် ပြတင်းတစ်ပေါက်ကို မြင်လိုက်သည်။ ခင်ထွေးငယ်သည် ဒီပြတင်းပေါက်က အပြင်ကို ထွက်သွားလေသလား အထင်ဖြင့် ပြတင်းအပြင်ကို ထွက်ကြည့်လိုက်သည်။ ရှေ့တည့်တည့်က ပေ ၂၀ လောက်အကွာမှာ ရပ်ပြီး ကိုထွန်းမောင်ကို လက်ယပ်ခေါ်နေသည့် ခင်ထွေးငယ်ကို တွေ့လိုက်ရသည်။ အမြင်က မှုန်မွှားမွှားသာ မြင်နေရသည့် ခင်ထွေးငယ်၏ နောက်ကို ကိုထွန်းမောင် ကူးလိုက်နေသည်။ အသက်ရှူဖို့ပင် မေ့နေသည်။ ခင်ထွေးငယ်သည် ကိုထွန်းမောင်ကို လက်ယပ်ခေါ်ရင်း ခေါ်ရင်း ဝေး၍ ဝေး၍ သွားလေတော့သည်။

ကိုထွန်းမောင်၏ သူငယ်ချင်းကာလသားနှစ်ယောက်သည် ကိုထွန်းမောင်ရေပေါ်ကို ပြန်ပေါ်လာနိုးဖြင့် စောင့်ခဲ့ကြသည်။ ကိုထွန်းမောင်က ပြန်ပေါ်မလာခဲ့တော့ပါ။ နံ့သာကျွန်းကလေးပေါ်က လောင်းလှေကလေးအနီးမှာထိုင်ပြီး နှစ်ရက်၊ သုံးရက်လောက်စောင့်ခဲ့ကြသေးသည်။ ကိုထွန်းမောင် ပြန်ပေါ်မလာတော့သည့်အတွက် လက်လှော်လှေကလေးကို လှော်ခတ်ပြီး ရွာကိုပြန်လာခဲ့ကြသည်။

နောင် နှစ်ပေါင်းအတန်ကြာသည့်အခါမှာတော့ အဲဒီကျွန်းကလေးအနီးကို ရောက်ရှိခဲ့ကြဖူးသည့် ရေလုပ်သားတွေက ကိုထွန်းမောင်နှင့် ခင်ထွေးငယ်တို့ကို အဝတ်အစားမပါ ကိုယ်လုံးတီးဗလာတွေကို ကျောက်ဆောင်ပေါ်မှာထိုင်နေတာ မြင်တွေ့ခဲ့ပါသည်ဟု ပြောကြသည်။ ရေလုပ်သားတွေက နှုတ်ဆက်မလို့ အနီးကပ်သွားသောအခါ ကျောက်ဆောင်ပေါ်က ဆင်းပြီး ရေထဲကို ငုပ်သွားကြသည်ဟု ပြောကြသည်။ သေသေချာချာမြင်လိုက်သူတွေကတော့ နှစ်ယောက်လုံး၏ အောက်ပိုင်းသည် ငါးအမြီးပိုင်းကြီးတွေဖြစ်နေသည်ဟု ပြောကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည်အထိ နံ့သာကျွန်းက လွမ်းပုံပြင်အကြောင်းကို ပြောနေကြသေးသည်ဟု ကျွန်တော်လည်း ကြားလိုက်သည်။

**အထွ...ဖိုးနိုး**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြောက်လေထန်တော့
ပင်လယ်လှုပ်ပြီပေါ့။ အခုလို
ဆောင်းအကုန် နွေအကူးမှာလာတဲ့
မြောက်လေက နှင်းငွေ့
သယ်လာတုန်းကလိုမျိုး
ညင်းညင်းနွဲ့နွဲ့မဟုတ်တော့ဘဲ
ကဆုန်ပေါက်ကလေး မြူးမြူးကြွကြွ။
အဲဒီလို လေထန် လှိုင်းပုတ်တာမျိုးကို

# မိုးရောင်းရသူများ

## လှမြင့်အောင်

၊တောင်ကုတ်၊



တံငါသည်
ရေလုပ်သားတွေက
မကြိုက်ရေးချ မကြိုက်။
ဒီလေမျိုးကို 'ကမ်းခွာလေ' လို့လည်း
ခေါ်တယ်။ မသကာ
ရေလုပ်သားတွေကို ဟိုး
ပင်လယ်ကြီးဆီ ဆွဲထုတ်သွား
တတ်ပြီး ကမ်းမမြင်၊ လမ်းမမြင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြရတယ်လေ။ ဘယ်လိုမှ ကမ်းကပ်ခွင့်မကြုံရင်တော့လည်း အိမ်ကမိန်းမတွေ မုဆိုးမ ဖြစ်ကုန်ကြတော့တာ။ ဒါကြောင့်လည်း 'မုဆိုးမလေ' လို့ ရပ်ဓလေ့၊ ရွာဓလေ့ သညာပြုထားကြလေရဲ့။

အခုလို ကိုဘတူတို့ ကုန်းပေါ်ရှိတုန်း ဖောက်လာလို့ တော်တော့တယ်။ ရေထဲမှာ အလုပ်ဆင်းနေတုန်းဆို ခက်ပဲခက်ရချည့်။ အရင်နှစ်တွေက ဒီလိုမြောက်လေ ထန်တယ်ဆိုတာ ရက်မကြာဘူးရယ်။ အလွန်ဆုံးမှ နှစ်ရက်သုံးရက်။ အခုဟာက ငါးရက်တောင်ရှိပြီဆိုတော့ မလွန်လားလို့။ ကမ္ဘာကြီးမှာ ရာသီဥတု ဖောက်ပြန်လာတယ်လို့ ပြောတာ ဒါမျိုးထင်ပါရဲ့။ ကမ္ဘာကြီး ဖောက်ပြန်တယ်ဆိုမှဖြင့် ကမ္ဘာကြီးမှာ ကပ်နေတဲ့ ခင်ကြွေတို့ရဲ့ ကုန်းတန်းရွာလေးကရော တောင့်ခံနိုင်မှာတဲ့လား။ ပလဲနံ့ပသင့် အောင်လိုက်ပါ ဖောက်ပြန်ရပေါ့။

ကြည့် ကိုဘတူ တစ်ယောက် မနက်စောစောကတည်းက ပိုက်သူကြီးအိမ်ကို သွားလိုက်တာ အခု ဆွမ်းခံပြန်ချိန်ထိ ရောက်မလာသေးဘူး။ သူသွားလို့ကော ဘာထူးမှာတဲ့လဲ။ ပိုက်သူကြီးကို အသာထား အိမ်မှာ ထိုင်နေတဲ့ ခင်ကြွေတောင်မှပဲ ဒီညနေ လှေမထွက်ဖြစ်တာ သိနေတယ်။ အင်းလေ၊ ကိုဘတူခမျာလည်း အလုပ်မရှိတဲ့ အတူတူ စိတ်လို လက်ရ လျှောက်သွားတာနေမှာ။ မိုးဆင်လေဆင် ကလက်ချိုးထားမှတော့ ပင်လယ်နား တံငါ

> ပင်လယ်ရေ
> ဘယ်မခန်း
> မထွေး အမိ
> ဖမ်းနိုင်ကြပေမဲ့
> ပင်လယ်ရေထဲက
> ငါးတွေကတော့
> ဖမ်းလို့ကို
> မမိချင်တော့ဘူး
> ငါးတွေက
> ပုံစံအမျိုးမျိုးနဲ့
> သေဆုံး
> ပျောက်ကွယ်
> နေပေမဲ့
> လူတွေကတော့
> သေဆုံးတဲ့ကြားက
> တိုးပွား
> လာနေကြရဲ့

ရွာကလူတွေ ဟိုနားစုစု၊ ဒီနားစုစု ပျင်းတိပျင်းတောင်း ဝိုင်းဖွဲ့နေကြတာ ဆန်းမှ မဆန်းဘဲ။ ကျွန်းနံ့သာမှာ ဘယ်လိုငါးရှိမယ်၊ ရဲကျွန်းကျောက်တန်းမှာ ဘယ်လိုငါးမိမယ်နဲ့ မစားရဝခမန်း ပါးစပ်အရသာခံပြောနေကြရော့မယ်။

အရသာခံ ပြောရတာလည်း သူတို့အကြောင်းနဲ့ သူတို့။ ဒီရွာသားတွေဆိုတာ အစဉ်အဆက် ရေလုပ်ငန်း လုပ်ခဲ့ကြတာချည်းပဲ။ ရေလုပ်ငန်းခေတ်ကောင်းတုန်းက များ ဘယ်ရေဆင်းဆင်း အိမ်ပြန်လှုပြီးသား။ မွေးထားတဲ့ ငါး သွားဖမ်းလာသလား ထင်ရအောင် တွက်ခြေကိုက်ခဲ့ကြတာ။ အခုဟာက ဒီဆယ်ကိုးနှစ်မှာတင် ရပေါက်ရလမ်း ပါးလျားလာတာကို အားလုံးလိုလို သတိထားမိကြတယ်။ တစ်နှစ်ထက် တစ်နှစ် ဝါးလုံးအဖျားရှူးသလိုမျိုး သေးသေးလာတယ်။ တစ်ရက်တလေများ စက်လှေမှာ လူနှစ်ဆယ်လောက်နဲ့ ပိုက်ဆွဲခဲ့တာ စက်ဆီဖိုးတောင် မကာမိဘူးဆိုပဲ။ ခင်ကြွေတို့ငယ်ငယ်က ဒါမျိုး မကြားဖူးခဲ့။

တကယ့်ကျားသားမိုးကြိုး၊ စကားနည်းနည်းပဲ ပြောလေ့ရှိတဲ့ ကိုဘတူကတောင် ရေသာများလို့ ငါးမတွေ့လို့ ညည်းတာ သုံးလေးခါလောက် ခင်ကြွေ ကြားခဲ့ပြီးပြီ။ ငါးကို အရပ်ရေးပြ ရလိမ့်မယ်လို့ အဘိုးအဘွားတွေပြောခဲ့တဲ့ တဘောင်က နီးစပ်လာပြီလားပဲ။ ခင်ကြွေတို့ငယ်ငယ်က တင်းတောင်းနဲ့ချိန်တွယ် ရောင်းခဲ့ကြတဲ့ ငါးဖောက်လောက်လို၊ ငါးစွေရီလို ငါးမျိုးကတော့ တကယ်မျိုးတုံးကုန်ပြီလေ။ တစ်ကောင်တလေတောင် မမြင်ရတော့ဘူး။ ကျောက်နီမော်ငါးသလွဲ ဖင်ချင်းဖင်ချင်းတွဲလို့ ကလေးတွေအော်ဆိုခဲ့ကြတဲ့ အမြီးမျှင်မျှင်လေးတွေ စုချည်ပြီး အခြောက်လှန်းတဲ့ ပါးလွှာလွှာရှည်မျောမျော ငါးကလေးတွေတောင် မြင်ရခဲလာပြီ။ ငါးသလွဲခြောက်ဖုတ်နဲ့ ခနိရည်ဆိုပြီး လိုက်ဖက်လှတဲ့ ဒေသစာတစ်စာလည်း တော်ရုံလူတွေ မတို့နိုင်တော့တဲ့အဖြစ်မျိုး ဆိုက်ကုန်ပြီ။ ပင်လယ်ရေ ဘယ်မခန်း၊ မထွေး အမိဖမ်းနိုင်ကြပေမဲ့ ပင်လယ်ရေထဲက ငါးတွေကတော့ ဖမ်းလို့ကို မမိချင်တော့ဘူး။

ငါးတွေက ပုံစံအမျိုးမျိုးနဲ့ သေဆုံးပျောက်ကွယ်နေပေမဲ့ လူတွေကတော့ သေဆုံးတဲ့ကြားက တိုးပွားလာနေကြရဲ့။ ခင်ကြွေတို့ရွာမှာတင် အိမ်ခြေတွေ တိုး၊ ပိုက်လုပ်ဖို့ ဟိုကဒီက ရောက်လာနဲ့ များလာတယ်။ လူများလာတော့ကော ဘာထူးလို့တုံး။ ဟိုးကတည်းက ရှိတဲ့တစ်ခုတည်းသော ဒီပင်လယ်ကြီးမှာပဲ ပုရွက်ဆိတ်လမ်းကြောင်းဆန်တစ်စေ့ကျသလို တိုးဝှေ့ကြတာပါပဲ။ ငါးမျိုး မတုံးခံနိုင်ရိုးလား။

ဒီလိုနဲ့ ခင်ကြွေတို့ ကုန်းတန်းရွာလို မိရိုးဖလာတံငါရွာတွေအဖို့ ကျားကျားမီးယပ်ဆိုသလို ရသည်ရှိ၊ မရသည်ရှိ စီးပွားရေးပုံစံမပြောင်းလုပ်ရတုန်း။ ကျော့ပိုက်နဲ့ဖမ်းတဲ့ ငါးနီတူကလေး ရနေသေးလို့သာ ခုသာခံသာရှိရဲ့။ ကျော့ပိုက်ဆိုတာက စက်လှေနှစ်စီးမှာ လုပ်သားနှစ်ဆယ်အောက်မနည်း သုံးရတာဆိုတော့ ပိုက်နဲ့လှေနဲ့ ဘာညာသာရကာ သိန်းသုံးလေးရာ ရင်းနှီးရတာမို့ ကိုဘတူနဲ့ ခင်ကြွေတို့ မတတ်နိုင်ဘူး။ ကိုဘတူက လှေလုပ်သားပဲ ဝင်လုပ်လိုက်တယ်။ ခင်ကြွေက ဆန်၊ ဆီ၊ ဆားစတဲ့ မီးဖိုချောင်စားသောက်ကုန်ရောင်းတဲ့အိမ်ဆိုင်ကလေး ဖွင့်လို့ ဒါမှသားတစ်ယောက်နဲ့ သမီးတစ်ယောက်ရှိတဲ့ မိသားစု အခြေအနေကို ထိန်းနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုး။

ကိုဘတူလိုက်တဲ့ ကျော့ ပိုက်လုပ်ငန်းက သီတင်းကျွတ်လကနေ တန်ခူးလအထိပဲ ဆင်းရတာ။ ဒါတောင် ရာသီမှန်မှ။ မဟုတ်ရင် ဒီထက်နောက်ကျမှဆင်းရ၊ စောပြီးသိမ်းရနဲ့ ပုံမှန်တာ မဟုတ်။ ပိုက်ဆင်းရာသီဖြစ်ဦးတော့ နေ့တိုင်းလှေထွက်ရတာမျိုး မဟုတ်ပြန်ဘူး။ ညဘက်မှာ လရောင်မလင်းတဲ့ လပြည့်ကျော် သုံးလေးရက်ကနေ လဆန်းရှစ်ရက်နေ့အထိ လောက်ပဲဆိုတော့ ကန့်သတ်ချက်တွေနဲ့ လုပ်ရတာ။ ညဘက် ငါးဖမ်းပြီး မနက်စောစော လှေဆိုက်လာရင် ငါးရွေးရ၊ လှန်းရ။ သုံးနေလောက် လှန်းလို့ ငါးခြောက် ရင်ချိန်တွယ်သိမ်းဆည်း၊ ပိုက်လုပ်သားတွေနဲ့ ဝေစုစာရင်း ရှင်း။ ပိုက်တင်ပြီး နားရတဲ့ ရက်မှာ လှေကိုကြံ့ခိုင်ရေး လုပ်သူကလုပ်၊ ပိုက်ဖာသူက ဖာ။ ညမှောင်ရက်မှာ ပြန်ဆင်းဖို့လုပ်ကြနဲ့ အားတယ်သိပ်မရှိဘူး။

အခု ဆောင်းနှောင်းပြီဆိုတော့ပိုက်ဆင်းတဲ့ အမှောင်ရက်တွေ သိပ်မကျန်ဘူး။ ငါးနီတူလည်း သိပ်မဖြစ်သေးတာကြောင့် ပိုက်လုပ်သူတွေ တအုံနွေးနွေး ရှိနေချိန်လေ။ ဒီကြားထဲက အခုလို မြောက်လေကြမ်းနေတော့ ခင်ကြွေတို့ ရွာကလူတွေ ပင်လယ်ကြီးထဲက လှိုင်းဖွေးဖွေးတွေကြည့်ပြီး အတွေးတွေ လွင့်မျောနေတော့သာ။

'ဟဲ့ ကောင်မ ဘာတွေ ငေးနေတာလဲ'

'အယ်၊ အရီးကျော့နှယ် မထိတ်သာ မလန့်သာ အနားကပ်ပြီးတော့'

'ဘာလဲ ဘတူကို မျှော်နေတာလား။ ဘတူက အရက်သောက်တတ်တာလည်း မဟုတ်ဘဲနဲ့ ဘာတွေတွေးပူစရာရှိလဲဟယ် ကောင်မရယ်'

'အဲဒီလို မဟုတ်ပါဘူး အရီးကျော့ရယ်။ ပိုက်ဆင်းရမယ့်ရက်မှာ လေထန်နေတော့ ဒီတစ်မနက်လုံး ကျွန်မ ထင်ရာတွေးနေမိတာ။ ငါးနီတူအကျနည်းလို့ ဒီနှစ် ဝမ်းရေးမလုံမှာ ကြောက်နေတာ။ အခုထိ ကိုဘတူရမယ့် ဝေစုက ဖြစ်ဖြစ်မြောက်မြောက်မှ မဟုတ်သေးဘူးရယ်'

အရီးကျော့လာဝယ်တဲ့ ဆီနဲ့ကြက်သွန်ကိုချိန်တွယ်ပေးရင်း တဖျစ်တောက်တောက် ပြောလို့။

'အေးဟယ်၊ နင်တို့က ချွေးနဲ့သွေးနဲ့ရင်းပြီး ငါးနီတူလိုက်ဖမ်းပေမဲ့ ပင်ပန်းသလောက် တွက်ခြေမကိုက်ဖြစ်ရသေးတယ်။ ရွာထဲ လတ်လျား လတ်လျားနေရင်းနဲ့ ပွဲပေါက်တိုးတဲ့လူက တိုးကုန်ပြီ'

'အင် အရီးကျော့ စကားက ရွာမှာ ဘယ်သူတွေ ထီပေါက်ပြီး ပွဲပေါက်တိုးတာတဲ့လဲ'

အရီးကျော့က ခင်ကြွေကို ပြောချင်လွန်းအားကြီးလို့ထင်ရဲ့၊ မျက်လုံးတွေက အရောင်တလက်လက်တောက်နေသလိုရယ်။ ခင်ကြွေနားကပ်လာပြီး တိုးတိုးပြောတယ်။

'အမယ်လေး သိန်းပေါင်းတစ်ထောင်'

အရီးကျော့က နှစ်ကိုယ်ကြားကလေး ပြောတာ။ ခင်ကြွေနားဝမှာ ဖုံးပေါက်သလောက်မှတ်ပြီး နောက်ပြန်ထိုင်ချ၊ မျက်လုံးလေး ကလယ်ကလယ်နဲ့ ရင်ဘတ်ကို ဖိလို့။

ကျောင်းသွားခါနီး စာအုပ်ကောက်ထည့်နေတဲ့ လေးတန်းကျောင်းသူ သမီးကလေးကလည်း နောက်ပြန်လှည့်ကြည့်ရာကနေ ခင်ကြွေတို့အနားကို အပြေးကလေး ကပ်လာတယ်။ အရီးကျော့နဲ့ ခင်ကြွေတို့ကို တစ်လှည့်စီကြည့်ရင်း သူပါ ထိုင်ချလိုက်တယ်။

'ကောင်မရယ် လျှောက်မပြောနေနဲ့ဦးနော်၊ တာတေတို့က မနာလိုဘူးလို့ တွက်ပြီး ပြဿနာရှာနေဦးမယ်။ စရန်ငွေတောင် ယူပြီး ပြီတဲ့။ လာမယ့်လပြည့်နေ့မှာ ငွေချေမယ်လို့ သိရတယ်'

အရီးကျော့က ပြောရင်းဆိုရင်း ထွက်သွားပြီ။ ခင်ကြွေရဲ့စိတ်တွေကတော့ ပုံမှန်ပြန်မရောက်နိုင်သေး။

ခင်ကြွေတို့ ကုန်းတန်းရွာက ပင်လယ်ကမ်းခြေနဲ့ အပြိုင် ရွာတွင်းလမ်းမကြီး တစ်လမ်းထားပြီး လမ်းရဲ့ တစ်ဖက်တစ်ချက်စီမှာ ငှက်မွေးပုံလို ဟိုဘက်ဒီဘက် လူနေအိမ်တွေ ဆောက်ထားကြတာ။ ဒီတော့ လှိုင်းတွေ တဝုန်းဝုန်းရိုက်နေတဲ့ ကမ်းခြေဘက်ကို ကျောပေးတဲ့အိမ်တန်းတစ်ခုနဲ့ ကုန်းအတွင်းဘက်ကို ကျောပေးထားတဲ့ အိမ်တန်းတစ်ခုလို့ ရှိနေတာပေါ့။

ပင်လယ်ကမ်းစပ်ရွာတွေရဲ့ထုံးစံအတိုင်း ရွာကို အဝေးကလှမ်းကြည့်လို့ လူနေအိမ်ခြေကို မြင်ရတာမျိုး မဟုတ်ဘူး။ မြင့်မြင့်မားမား ယိမ်းထိုးလှုပ်ရှားနေတဲ့ အုန်းပင်ညို့ညို့တွေရယ်၊ ကွမ်းသီးပင်တွေရယ်က မင်းမူအုပ်မိုးထားကြတာ။ အဲဒီလို အုန်းပင်တွေ၊ ကွမ်းသီးပင်တွေရှိတဲ့အိမ်ခြံမျိုးကလည်း လူတိုင်းလိုလိုမှာ ပေတစ်ရာ၊ နှစ်ရာစီရှည်လျား ကျယ်ဝန်းပြီးသား။ လူကသာဆင်းတောင့် ဆင်းရဲရှိမယ်၊ မြေနဲ့ ဥယျာဉ်နဲ့က ဆင်းရဲတာ မဟုတ်ဘူး။ ဒါကြောင့်လည်း မိသားစုထဲက ဘယ်သူပဲ အိမ်ခွဲဆင်းပါစေ ခြံတစ်ခြံမှာ နေရာငှားပြီး ဆောက်နေလို့ရတယ်။ ဆွေမျိုးမတော်တဲ့လူတွေကိုတောင် မတွန့်တိုကြတာ။ အဖော်အသင်းရတယ်လို့ အားတောင်တက်သေး။ ဘိုးဘေးဘီဘင် အစဉ်အဆက်လက်ဆင့်ကမ်းထားခဲ့တဲ့ ဥယျာဉ်ပင် စားပင်ဆိုတာလည်း အမျိုးစုံစုံ အမြဲစိမ်းစိမ်း။ ဘယ်အသီးအနှံဖြစ်ဖြစ် သရေစာလောက်ကို ဘယ်အပင်ကပဲ ဆွတ်စားပါစေ မငြိုငြင်ကြဘူး။ တစ်ရွာလုံးလိုလိုက တစ်ဖက်ဖက်က ပတ်သက်ပြီး ဆွေမျိုးညာတကာ ဖြစ်နေကြတာကိုး။

အစပထမမှာ ခင်ကြွေတို့ကကမ်းစပ်ဘက်ကို ကျောပေးထားတဲ့အခြမ်းမှာနေကြတာ။ အဲဒီကနေ လူအေးကြီးကိုဘတူကို ခင်ကြွေပဲ ဆရာကြီးလုပ်ပြီး လှို့ဆော်ခဲ့တာ။ မိုးဦးရာသီ မိုးသက်လေပြင်းများကျရင် လှိုင်းဆူတယ်။ လေဒဏ်ခံရတယ်။ လှိုင်းရိုက်

www.burmeseclassic.com

ရင် အိမ်ပေါ်ထိ စဉ်တယ်ဆိုပြီးတော့ တစ်ခါ သဲသောင်ခုံကို ဘယ်သူမဆို အချိန်မရွေး ဆင်းနေကြတော့ ညရေးညတာ သူဆိုးသူဝှက် လုံခြုံမှု မရှိဘူးလေး ဘာလေးနဲ့ပေါ့။ ဒါနဲ့ပဲ ကမ်းခြေဘက်ခြမ်းကို ရရာနဲ့ရောင်း၊ နှစ်ဆိုင်းနဲ့ထားလို့ထား။ ပြီးတော့ ကုန်းတွင်းဘက် အိမ်တန်း အခုနေရာကို မရရအောင် ရွေးဝယ်ခဲ့တာ။

အခုနှစ်ပိုင်းမှာ အခြေအနေတွေက ပြောင်းလာတယ်။ ဒေသခံပွဲစားတွေ ခြေချင်းလိမ်ရောက်လာပြီး ရွာမြေတွေကို အလုအယက် ဝယ်လာကြတယ်။ ပြီးတော့ ကမ်းခြေသဲသောင်ဘက် အိမ်တန်းကိုပဲ ရွေးဝယ်ကြတာ။ ခင်ကြွေတို့ရဲ့ ကုန်းတွင်းဘက် အိမ်တန်းတွေကို စိတ်မဝင်စားကြပြန်ဘူး။ အဲဒါလည်း အခြားရွာတွေမှာလောက် ကြားဖူးနေတာပါ။ ကုန်းတန်းရွာမှာ မရှိသေးဘူးလေ။ အခုတော့ အရီးကျော့ပြောပုံအရဆိုရင် ခင်ကြွေတို့မနေချင်တော့လို့ ရရာဈေးနဲ့ပေးထားခဲ့တဲ့ ခြံကို အရောင်းအဝယ်အဖြစ်သွားပြီဆိုပါလား။ ခြံပိုင်ရှင် ကိုတာတေဆိုတာ လှေကလေးနဲ့ အပျော်တမ်း ငါးမျှားလိုက်၊ ခရုခွံကလေးတွေ ကောက်ရောင်းလိုက်နဲ့ လက်ကြောတင်းတဲ့ အလုပ်မျိုး မလုပ်ဘဲ သောက်သောက်စားစားပေါ့ပေါ့နေလေ့ရှိသူ။ အခုတော့ အဲဒီခြံအရောင်းအဝယ်ဖြစ်သွားပြီတဲ့။ ပေးလာတဲ့ငွေတွေဆိုတာလည်း အမြောက်အမြား။ ဒီကိုတာတေက ဒီငွေတွေကို ဘယ်မှာ

**အခုနှစ်ပိုင်းမှာ အခြေအနေတွေက ပြောင်းလာတယ် ဒေသခံပွဲစားတွေ ခြေချင်း လိမ်ရောက်လာပြီး ရွာမြေတွေကို အလုအယက် ဝယ်လာကြတယ် ပြီးတော့ ကမ်းခြေ သဲသောင်ဘက် အိမ်တန်းကိုပဲ ရွေးဝယ်ကြတာ**

သွားသုံးမှာတဲ့တုံး။ ဟင်း ခင်ကြွေတို့ဆိုရင်တော့လေ။

'မေမေ ဦးဦးတာတေကြီးတို့ တဲဆောက်ပြီး နေတဲ့ အုန်းခြံက သိန်းပေါင်းတစ်ထောင်၊ ဟုတ်လားဟင်'

'အေး'

သမီးကလေး မေးတာကို စိတ်နဲ့လူနဲ့မကပ်ဖြစ်နေတဲ့ ခင်ကြွေကသံပြတ်နဲ့ ဖြေလိုက်တယ်။

'ဘယ်ကငွေတွေရလို့ ဝယ်နိုင်ကြတာလဲဟင် မေမေ'

သမီးက လက်မောင်းကိုဆွဲလှုပ်ပြီး မေးခွန်းထုတ်လာတော့မှ ခင်ကြွေအတွေး စပြတ်ကုန်တယ်။ အင်း ဟုတ်တော့လည်း ဟုတ်ပါရဲ့နော်။ ဝယ်တဲ့လူက ဒီအတိုင်း မြေနဲ့အုန်းပင် ကွမ်းသီးပင်တွေပဲရမှာ။ ဒီမြေပေါ်မှာ ဆက်လက်တည်ဆောက်ရဦးမယ့် အရင်းအနှီးတွေကလည်း အဆများစွာကုန်ဦးမှာ။ ဒီကောင်မလေးမေးမှပဲ ခင်ကြွေရဲ့အတွေးတွေက ကမောက်ကမဖြစ်ကုန်ရော။ ဟင်း သူများ ကိစ္စတွေ မဆီမဆိုင် စဉ်းစားရင်း ခင်ကြွေ ခေါင်းမူးချင်လာတယ်။

'ဟင် မေမေ၊ ဘယ်ကရတဲ့ငွေတွေလဲလို့'

'တယ် ဒီကောင်မလေး ဒီမှာတစ်နေကုန်လို့မှ ငွေတစ်ထောင်ကိုင်ရဖို့ မသေချာတဲ့လူကို သိန်းတစ်ထောင်ကိစ္စလာမေးရလားဟဲ့။ သွား ကိုယ့်ဟာကိုယ်ကျောင်းသွားမယ့်ဟာ'

ခင်ကြွေသမီးကို ဟောက်ထုတ်နေတုန်းပဲ ကိုဘတူအိမ်ခြံထဲဝင်လာတယ်။ ငိုက်စိုက်ကျလာတဲ့ ကိုဘတူခေါင်းက ခင်ကြွေရဲ့ စကားကြောင့် ဆတ်ခနဲ ထောင်လာပြီး ခင်ကြွေကို မျက်ထောင့်နီနီနဲ့ ကြည့်လာရဲ့။ သူ့ကိုပြောတယ်လို့ ထင်မှာပေါ့။ မတတ်နိုင်ဘူး၊ မကျေနပ်ရင် သူ့ဟာသူလဲသေ။ ရှင်းမပြချင်တော့ဘူး ရယ်တကကတည်း။ သမီးကတော့ ခင်ကြွေကိုကြည့်ပြီး မကျေမလည်ဟန်နဲ့ ခေါင်းကို လက်နဲ့ကုတ်ရင်းထသွားလေရဲ့။ ကောင်းတယ် ကိုယ့်ဟာနဲ့ကိုယ်သွားနေကြ။ ခင်ကြွေကိုယ်တိုင်က ဘာကြောင့်မှန်း

မသိ၊ သူတို့သားအဖတွေကို မျက်စောင်းတခဲခဲလုပ်[illegible] လိုက်ရော။

'ဟော့ ယောက်မ[illegible] ငါးနီတူ ရောင်းလား'

အင်း၊ အရေးကောင်း[illegible] နေတုန်း ကောင်မကရော[illegible] လာပြန်ပြီ။ ခင်ကြွေရဲ့သူ[illegible] ချင်း ခင်အုန်းမေက [illegible] ရောင်း လင်ဗန်းကလေး[illegible] ချိုင်းကြားမှာ ညှပ်လာ[illegible] အဝေးကပဲ တကြော်ကြော်[illegible] လုပ်လာတယ်။ သူ့မေးခွန်း[illegible] ကလည်း ခင်ကြွေတို့ရွာ[illegible] အတွက် အရေးပါတဲ့မေးခွန်း[illegible] ကိုး။ ဒီရွာက လူတွေက [illegible] လို့ရတဲ့ ငါးနီတူကို ထုတ်[illegible] မရောင်းသေးဘဲ ရသမျှ[illegible] ရသိမ်းထားကြတယ်။ အတိုင်းအတာတစ်ခု[illegible] အဝေးက လာဝယ်တဲ့ကုန်[illegible] သည်ဆီကို ဈေးကောင်း[illegible] တောင်းပြီးရောင်းကြတာ[illegible] တစ်စုတစ်ခဲတည်းရတာ[illegible] အကြွေးကင်းတာရယ်ကြောင့်[illegible] ပါ။ ဒီလို ငါးနီတူဖမ်း[illegible] ရွာမှာ ငါးနီတူအိမ်စားက[illegible] လောက် ဝယ်လို့မရတာ[illegible] ကြောင့် ချဉ်သီးပင်အောက်မှာ[illegible] ချဉ်သီးရှားတယ်လို့ဆိုစမှတ်[illegible] ပြုလေ့ရှိတယ်။ တကယ်[illegible] မအောင့်နိုင်တဲ့သူက ထုတ်[illegible] ရောင်းတယ် ဆိုဦးတော့[illegible] ပေါက်ဈေးထက်တင်တောင်း[illegible] တတ်တာလည်း ဓမ္မတာဖြစ်[illegible] နေပြီ။ ဝယ်လို့ရရင်ပဲ [illegible] ကောင်းပေါ့။ ဒါကြောင့် ရွာသူတို့ထုံးကို သိလို့ ခင်[illegible] အုန်းမေက ရောင်းလား[illegible] လှမ်းမေးလိုက်တာ။ ခင်အုန်း[illegible] မေက တစ်ခုလပ် ချိုချို[illegible] တဲ့ကလေးနေတာ။ [illegible] ချင်းလည်းဖြစ်[illegible]ကြောင့်

www.burmeseclassic.com

ထစ်ခနဲရှိ ကြွေးယူတတ်လေတော့ ခင်ကြွေလည်း ဈေးသည်ပီပီချိန့်ချိန့်ဆဆ အကဲခတ်နေလိုက်တယ်။

အမယ် ခင်အုန်းမေက တစ်ထောင်တန်ရွက်တွေ လက်မှာ ရေရင်းဝင်လာပုံထောက်ပြီး ခင်ကြွေတို့ အဟင်း အဟမ်းနဲ့ ပါးစပ်မအားသလို ပြင်လိုက်ရသေးတာလေ။

ခင်အုန်းမေကလည်း မြွေအချင်းချင်း ခြေမြင်ပြီးသား ဖြစ်မှာပါလေ။ မြင်ချင်သလောက် မြင်ပါစေတော့ ကိုဘတူ ဆင်းရဲပင်ပန်းခံရှာသားတဲ့ ငါးနီတူကို အကြွေးရောင်းလောက်အောင် ခင်ကြွေမမိုက်ပါဘူး။ ပြီးတော့ ရွာပေါက်ဈေးထက် တင်ရောင်းဖို့အသင့်။

'ယောက်မတို့များ ငါးနီတူရောင်းရုံရှိသေး၊ လူကို ပြန်မပြောချင်ဘူး။ ရတာနာစိန်ကျောက်ရောင်းမှဖြင့် ဟွန်း မပြောလိုက်ချင်ဘူး'

'ကိုင်း၊ ကောင်မလျှာမရှည်နဲ့။ တစ်ပိဿာသုံးထောင်ဈေး'

'ရရင်ပဲ ကျေးဇူးတင်ပါပြီ ယောက်မရယ်။ တစ်ပိဿာတစ်ထုပ်ရယ်၊ ငါးဆယ်သားတစ်ထုပ်ရယ် ချိန်'

စုစုပေါင်း လေးထောင့်ငါးရာ။ ခင်ကြွေက စိတ်ထဲတွက် လက်ကချိန်နဲ့သွက်နေတယ်။ ဈေးပိုကလေးက ရသေး။ အကြွေးလည်း မကျဆိုတော့ ဈေးသည်ဘက်က လွတ်သာနေတာကိုး။

'ရော့ လေးထောင့်ငါးရာ ရေကြည့်'

ခင်အုန်းမေ ကမ်းပေးလာတဲ့ ငွေတွေကို ခင်ကြွေ လက်တစ်ဖက်ကယူပြီး ငါးခြောက်ထုပ်နှစ်ထုပ်ကို တစ်ဖက်က ကမ်းပေးလိုက်တယ်။

'ဒီနေ့မနက်ခြံထဲက သရက်ပင်အိုကြီးက မှိုတွေထပွင့်လို့ယောက်မရေ၊ ရွာထဲပတ်ရောင်းပြီးလို့လာတာ။ ပိုက်ဆံရတုန်း ငါးနီတူခြောက်တွေ တောင်းသလောက် ဈေးနဲ့ဝယ်မှာပဲ။ ယောက်မဆီက ရလို့ ကျေးဇူးတင်တယ်'

ခင်အုန်းမေက သူ့လက်ထဲက ဗန်းလေးတခါခါနဲ့ ပြောသွားလိုက်တာ မြောက်ကြွမြောက်ကြွနဲ့။ ကြည့်စမ်း ကောင်မ အရင်က ဈေးလာဝယ်ရင် ဆစ်သလား မမေးနဲ့။ သူ့နဲ့ပါလာတဲ့သမီးက ဟိုဟာလေးကောက်စား၊ ဒါလေးကောက်ဝါးနဲ့ အမြတ်ထုတ်တတ်လွန်းလို့ စောင့်ကြည့်ပြီး ဖုံးလားဖိလား လုပ်ရသေး။ ဆီဝယ်ရင် ကြက်သွန်ဥလေး တစ်ဥပဲဖြစ်ဖြစ် အပိုရမှ ပြန်ထွက်သွားတာမျိုး။ ဒီနေ့တော့ မှိုရောင်းလို့ရတဲ့ငွေနဲ့ တင်စီးသွားလိုက်တာ တစ်သက်လုံး လူလူသူသူ ဈေးရောင်းစားလာတဲ့ မိခင်ကြွေတောင် ငုတ်တုတ်မေ့ရော။ ခင်အုန်းမေ မှိုရောင်းလို့ရလာတဲ့ငွေတွေကို ခင်ကြွေစူးစိုက်ကြည့်ရင်းက သမီးကလေးရဲ့မျက်နှာကို လှမ်းမြင်လိုက်တယ်။ ပြီးတော့ ရင်ထဲမှာ ဖိုလှိုက်လာလိုက်တာ။

ခင်ကြွေ စိတ်တွေဟုန်ပြီး ဟောက်ပစ်လိုက်တဲ့သမီးလေးညနေကျောင်းကဆင်းလာရင်တော့လား။ မှိုရောင်းရတဲ့လူတွေ ငွေတွေအကြောင်း တစ်ထောင့်တစ်ညပုံပြင်လို ပြောပစ်မှာ သိလား။ သမီးလေးရေ လာပါတော့ ခင်ကြွေတမော့မော့။ ■

***နလုံးစိတ်ဝမ်း***
***အေးချမ်းကြပါစေ***
***လှမြင့်အောင်၊တောင်ကုတ်၊***


လောကမှီ လောကာသို့ ဒွါဒသစက္ကုံ ပလုဇ္ဇတိတိလောကော

# ဆရာ ဇေမျှုံးရှိန် (B.A)

**နက္ခတ္တဗေဒ လက္ခဏာ ပညာရှင်**

**ရုံးခန်းတည်နေရာ**

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအပိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649




www.burmeseclassic.com

www.burmeseclassic.com

ကျမ်းအဆူဆူ ရှုးရှုစေရဲ့

# မင်းမြင့်ရင်

'ကန်တော့နော် ဆရာ
ဒီလွှာချင်းစောင်ကလေး
လွှမ်းလိုက်မယ်နော်။ ဟုတ်
ရင်ဘတ်အထိပဲ ဆွဲတင်ထား
'........

'နင်းမှာမဟုတ်ပါဘူး ဆရာ
အကြောဖြေပေးမှာပါ။ ဟုတ်
ဖဝါးနဲ့ဖမိုးက စကိုင်မယ်ခ
ခြေထောက် နည်းနည်းချဲလိုက်ပါ။ ဟုတ်
ဆရာကြီး အဲဒီအတိုင်းပဲနေ
ပထဝီကြောက အစကခ
ဟောဒီ ခြေဖဝါး အလယ်ခွက်က
ဖွင့်ထားမှ အထက်ကို ကိုင်တဲ့အခါ အနေ
အောက်လျှောက်ပြီး ထွက်နိုင်တ
ကျုပ်ဆရာက သေသေချာချာ သင်ထား
စပြီနော်။ လျှော့ထားခ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

စိတ်ရောလူကိုယ်ရော လျှော့ထား၊ သက်သောင့်သက်သာနေပါ ဆရာကြီး'

'ဆရာကြီးတို့က ရန်ကုန်ကြီးများကတောင် တစ်ညလုံး ကားစီးလာရ၊ မြို့ကတစ်ဆင့်လည်း ကျုပ်တို့ ခပေါင်းကိုင်းကြီးအထိ ဆိုင်ကယ်စီးပြီး လိုက်ခဲ့ရဆိုတော့ ပင်ပန်းတာပေါ့ခင်ဗျာ။ ကားစီးရလို့ ပေါင်ကြောနဲ့ ခြေသလုံးကြောညောင်း၊ ဆိုင်ကယ်နောက်က ခွပြီး လိုက်ခဲ့ရတော့ ခါးနဲ့ကျောတောင့်၊ နှစ်ရပ်ပေါင်းဆိုတော့…'

'……….'

'အဲ ကန်တော့ ကန်တော့၊ ဒီခြေမျက်စိခွက်က အကြောစုံ ထုံကြောဆိုတော့၊ ဒါကြောင့် နည်းနည်းကျဉ်သွားတာပါ။ မနာစေရပါဘူး ဆရာကြီး စိတ်ချ။ ကျုပ်က လက်ဆကောင်းပါတယ်။ ဆရာကြီးတို့ ဟောပြောပွဲ စီစဉ်ပေးတဲ့ ဆရာတော်ဘုရားကြီးဆိုရင် ကျုပ်က ဥပုသ် သီတင်းနေ့တိုင်း ခြေဆုပ်လက်နယ် ဝတ်ပြုနေကျခင်ဗျာ'

'……….'

'ဟုတ်ကဲ့၊ နားထောင်တာပေါ့ခင်ဗျာ။ နေ့လယ်က ဆရာကြီးတို့ ဟောသွားလိုက်တာများ အနှစ်အသားပါလှချည့်ဗျာ။ ကျုပ်ဖြင့် ပြီးသွားမှာကို သမြော်နေတော့တာ။ ရှေ့ဆုံးကထွက်တဲ့ ဆရာကလည်း သီချင်းကလေးဆိုဆိုပြီး ပြောနေတဲ့အကြောင်းနဲ့ သီချင်းကို ဟပ် ဟပ် သွားတော့ ကောင်းလိုက်သမှ ဆရာကြီးရယ်။ အသံလည်းကောင်း၊ အဆိုကလည်း ကျ

> ကျုပ်ဖြင့်
> ပြီးသွားမှာကို
> သမြော်နေတော့တာ
> ရှေ့ဆုံးက
> ထွက်တဲ့
> ဆရာကလည်း
> သီချင်းကလေး
> ဆိုဆိုပြီး
> ပြောနေတဲ့
> အကြောင်းနဲ့
> သီချင်းကို
> ဟပ် ဟပ်သွားတော့
> ကောင်းလိုက်သမှ
> ဆရာကြီးရယ်
> အသံလည်း
> ကောင်း
> အဆိုကလည်း
> ကျပ့်

ပ့်။ ဒါပေမဲ့ အစအဆုံးမဟုတ်တော့ ဖမ်တင့်ငှ့်ရယ်။ ဆရာကြီးဟောသွားတာကလည်း ကောင်းလိုက်သမှ၊ လွှတ်အဖိုးတန်တာပဲ။ ဘာတဲ့၊ ဆရာကြီးပြောတာ အမိနို့ဖိုးဆိုတာ အဖိုးအခပြောတာမဟုတ်ဘူး။ အမိမေတ္တာရဲ့ တန်ဖိုးကို ပြောတာဆိုတဲ့ စကားက ကျုပ်နားထဲကို စွဲသွားတာပဲခင်ဗျာ'

'အဲ နည်းနည်းကလေးကွေးလိုက်ဆရာကြီး၊ ဟုတ်ပြီ ဟုတ်ပြီ။ ဒီလောက်ဆိုရပြီ။ ဒီလိုမှ တံကောက်ကြောကို ထိထိမိမိ ကိုင်လို့ရတာခင်ဗျ။ ဟောဒီ ခြေသလုံးမယ်တရီးဘေးနား ကပ်မြှောင်နေတဲ့ အကြောက ဒူလာကြောဆရာရဲ့။ ယောကျ်ားသားတွေအတွက် အမိကအကြောပေါ့။ တံကောက်ကြောတွေနဲ့တစ်ပြိုင်တည်းဖြေမှ စနစ်ကျတာလို့ ကျုပ်ဆရာက ပြောထားတယ်။ အဲ ခုနစကား ဘယ်ရောက်သွားပါလိမ့်။ ဩ…နို့ဖိုးကိစ္စ'

'ဆရာကြီးပြောမှ နို့ရည်ဆိုတာ မိခင်သွေးကဖြစ်တာ။ မိခင်မေတ္တာကြောင့် နီတဲ့၊ ညီတဲ့သွေးက ဖြူဖွေးမွေးကြိုင်လာတာလို့ သိရတော့ အမေ့ကျေးဇူးက ပိုပြီးပေါ်လာတယ်ခင်ဗျ။ အဲဒီနို့အကြောင်း ဆရာပြောတော့လေ၊ ကျုပ်ကိုယ်တွေ့နဲ့ ဒက်ထိကြီးကို တိုက်ဆိုင်ပြီး ကျုပ်မျက်စိထဲမှာ ဆရာကတော်ရဲ့ အဖြစ်ကို ပြေးပြီး မြင်ယောင်လာတော့တယ်ခင်ဗျ။ တကယ်ပါပဲ ဆရာကြီးရယ်။ အခု ရှေ့မှာတင် လတ်လတ်ဆတ်ဆတ်ကြီး ကွက်ကွက်ကွင်းကွင်းကြီးကို မြင်မိတာခင်ဗျ'

'……….'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျုပ်ကိုယ်တွေ့နဲ့ တိုက်ဆိုင်တယ်ဆိုတာက၊ အင်းတော်တော်ထူးဆန်းတော့ လက်ငင်းမျက်မြင် မဟုတ်တဲ့သူတွေက ယုံကြမှာ မှုတ်ဘူးခင်ဗျ။ ဆရာကြီးကို ပြောရင်လည်း ယုံချင်မှယုံမယ်'

'……….'

'ဩ ဟုတ်ကဲ့၊ နားထောင်ချင်သပဆိုလည်း ပြောပါမယ်ဆရာကြီး။ ကျုပ်ကို ဒီ အကြောကိုင် အနှိပ်ပညာ သင်ပေးတဲ့ဆရာက ဦးစိန်ခိုတဲ့။ မန္တလေးမှာ ရဟန်းသုံးဝါရအောင် စာလိုက်ခဲ့ပြီး အကြီးတန်းအောင်လို့ ဓမ္မာစရိယတန်းတက်မယ့်ဆဲဆဲသားမှ သူ့ခမည်းတော်ကြီး ဆုံးသွားတော့ မအေမုဆိုးမနဲ့ လူလားမမြောက်သေးတဲ့ နှမငယ်လေးရယ် မိန်းမသားနှစ်ယောက်တည်းဆိုတော့ ဗျာများနေလိမ့်မယ်ဆိုပြီး လူထွက်လာခဲ့တာပါ။ ဆေးဝါးလည်း ဝါသနာပါလို့ မန္တလေးမှာ လိုက်စားခဲ့သ… ဆိုပဲ။ ပြန်လာတော့ ဆေးကျမ်းစာအုပ်တွေလည်း ဝါ… လာသ,ခင်ဗျ'

'……….'

'မဟုတ်ဘူးဗျ၊ ဆေးကုစားတာမှုတ်ပါဘူး။ တော… လုပ်တောကိုင်ပေါ့ ဆရာကြီး… ရယ်။ ကျုပ်တို့ရွာက ဖျာ၊ နှီး… သက်ငယ်၊ တောင်း၊ ပလုံး… အစလုပ်ကြတဲ့ ရွာဆိုတော့… ဆရာလည်း အဲသဟာပဲပေါ့… ကျုပ်ဆရာက တောင်း… ရက်ပညာ လွှတ်တော်တာ… တင်းတောင်း၊ ခွဲတောင်း… စိတ်တောင်း၊ ပြည်တောင်း… များဆို စံကိုက်ခင်ဗျ။ သမား… နဲ့ ချင့်ကြည့်ဦး။ တစ်စွန်းတစ်… လက်ခုပ် မကွာစေရဘူး… တတ်တဲ့ ဗိန္ဓောပညာနဲ့လည်း… စောင့်ရှောက်ပါတယ်။ ဆရာ… က လူပြန်တော်လည်းဖြစ်… ကာလသားလေ့နဲ့လည်း… ကင်းလေတော့ အလွန်ဆေး… လိုက်တယ်ခင်ဗျ။ တောင်… ပေါ်က သစ်တောရွာကလေး… တွေနဲ့ ကျုပ်တို့ ခပေါင်းကိုင်း… ကြီးရွာနီး ချုပ်စပ်အားလုံး… သူ့ကိုပဲ အားကိုးကြရတာ'

'……….'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့… အဲဒီဆရာကတော်အကြောင်း… ပြောမှာပါ။ ဆရာက အသက်… လေးဆယ်ကျော်တဲ့အထိ… သူ့နှမလေး အိမ်ထောင်ခွဲသွား…

www.burmeseclassic.com

www.burmeseclassic.com

ပြီး မယ်တော်ကြီး ဆုံးသွားတဲ့အထိ လူပျိုကြီးခင်ဗျ'

'ကန်တော့ ကန်တော့ ဆရာကြီး၊ ဟိုဘက်ခြေထောက်ကို ကိုင်မှာဆိုတော့ ကျော်သွားလိုက်မယ်နော်။ အခု ကိုင်ထားတဲ့ ခြေထောက်ကို ကွေးထားချင်လည်း ရပါတယ်။ အကြောဖြေထားတာဆိုတော့ တရှိန်းရှိန်းနဲ့ အပူထွက်နေပါလိမ့်မယ်။ အဲ ခုနင်က စကားဘယ်နေရာ ပြတ်သွားပါလိမ့်။ ဩ ဩ ကျုပ်ဆရာမိန်းမရတဲ့နေရာ'

'ကျုပ်ဆရာက လေးဆယ်ကျော်မှ လူပျိုကြီးဝင်္ဂ ကျွတ်သွားတာဆို၊ အကြော့ကလည်း အပျိုကြီးခင်ဗျ။ ဆရာ့ထက် လေးနှစ်လောက်ငယ်သ,ဆိုတော့ လေးဆယ်မှဲ့မှဲ့ပေါ့'

'..........'

'ဟုတ်ကဲ့၊ နာမည်ရင်းက မလှကြော့တဲ့။ ဒါပေမဲ့ တစ်ရွာလုံးက အကြော့ပဲ ခေါ်ကြတယ်။ သဘောကောင်း၊ မနောကောင်းမို့ တစ်ရွာလုံးက ချစ်ခင်ကြလို့ အကြော့ဖြစ်နေတာပါ။ အဲ ဘယ်ရောက်သွားပါလိမ့်'

'..........'

'ဩ ဩ ဟုတ်ပြီ။ အကြော့က လေးဆယ်နား ကပ်လာတော့ သွေးဆုံးကိုင်သလိုလို၊ မိန်းမရောဂါပေါ့ ဆရာကြီးရယ်။ မမာမချာဖြစ်ပါလေရော။ ကျုပ်ဆရာက ဆေးကုပေး၊ နောက် ရောဂါပျောက်။ အဲဒီနောက် မကြာမတင်မှာ ယူဖြစ်ကြတာခင်ဗျ။ ဖူးစာပေါ့ ဆရာကြီးရယ်။ ကျုပ်တို့ တစ်ရွာလုံးကလည်း ဝမ်းသာကြတယ်။

> အကြော့က
> လေးဆယ်နား
> ကပ်လာတော့
> သွေးဆုံးကိုင်
> သလိုလို
> မိန်းမရောဂါပေါ့
> ဆရာကြီးရယ်
> မမာမချာ
> ဖြစ်ပါလေရော
> ကျုပ်ဆရာက
> ဆေးကုပေး
> နောက်
> ရောဂါပျောက်
> အဲဒီနောက်
> မကြာမတင်မှာ
> ယူဖြစ်ကြတာခင်ဗျ
> ဖူးစာပေါ့
> ဆရာကြီးရယ်

လူပျိုကြီးလည်း ကံကောင်း၊ အပျိုကြီးလည်း ကံကောင်းတာလို့ ပြောစမှတ်ပြုကြတဲ့အထိပါ'

'ဒီလို လင်ကံ၊ မယားကံ ကောင်းကြပေမဲ့ ရင်သွေးကံကျတော့ရင် မကောင်းကြရှာဘူး ဆရာကြီးရဲ့။ ကံဆိုးကြရှာတာပါခင်ဗျာ'

'..........'

'မဟုတ်ဘူး ဆရာကြီး၊ အိမ်ထောင်သက် သုံးနှစ်လောက်ကျတော့ ကလေးရကြတယ်။ နတ်ပေးလို့ ရတာဆိုပြီး 'နတ်ပေး'၊'နတ်ပေး'နဲ့ ချစ်လိုက်ကြတာ လွန်ရော။ အကြော့က ကန်တော့ပါရဲ့၊ သွေးဆုံးခါနီးမှာ မွေးတာဆိုတော့ 'လူအိုနောက်ကျသား' ဆိုရလောက်ပေမဲ့ တစ်တုံးတစ်ခဲနဲ့ လွတ်သန်မာတဲ့ကလေး'

'..........'

'ဟုတ်ပါ့ ဆရာကြီး၊ ယောက်ျားလေးပါ။ အဲဒီ နတ်ပေးလေးခမျာ ခုနစ်လသားကျော်ကျော် 'သွားငုတ်တုတ် လူငုတ်တုတ်'ဖြစ်ကာမှ အဖြစ်ဆိုးနဲ့ ဆုံးသွားရှာတယ်'

'..........'

'အဖြစ်ဆိုးဆိုတာက ဒီလိုပါဆရာကြီး။ မှတ်မှတ်ရရ တန်ဆောင်မုန်းလမှာပေါ့ခင်ဗျာ၊ ကျုပ်တို့ နီးဝါးသမားတွေ အဖို့ တန်ဆောင်မုန်းဝါးက ပိုးလွတ်ပြီး နှီးထိုးလို့ အကောင်းဆုံးဆိုတော့ သီတင်းကျွတ်ပြီးတာနဲ့ စားအိုးစားခွက်အစုံ အိမ်ရှိလူကုန်ဆိုသလို 'တောတက်'ကြတယ်။ 'ဝါးလောင်း'ပေါက်ရအောင်ပေါ့ခင်ဗျာ။ တချို့တွေဆိုရင် 'အိမ်ကို ဆူးဆို့ ခွေးအိုအို့'နဲ့ သွားကြတာပ။ ရိုးပေါ်ရောက်တဲ့အခါ တောင်ကြီးမြိတ် ဝါးတောမြိုင်တဲ့နေရာမှာ တဲစုကလေးတွေနဲ့ သင့်ရာသင့်ရာ စခန်းဖွဲ့နေကြတာလေ။ ခဲကြီး(ဂဲကြီး)စခန်းတဲ့၊ ဒဟပ်ခုံစခန်းတဲ့၊ သနတ်စမ်းစခန်းတဲ့ စသည်ဖြင့်ပေါ့။ ဒီတော့ရင် အကြော့၊ အဲလေ ဆရာကတော်က တဲတိုက်တွေကို ရက်ချန်တစ်ပတ်ဆိုသလို လိုက်ပြီး အခြောက်အခြမ်းလေးစ၊ ငါးပိ၊ ဆားပြားနဲ့ မုန့်ပဲသရေစာအစ ဈေးရောင်းတယ်လေ။ 'ကလေး ခါးထစ်ခွင် ခံတောင်း ခေါင်းတင်'ပေါ့ ဆရာကြီး'

'..........'

'ဒါပေါ့ ဆရာကြီးရဲ့၊ ကိုယ်ခွဲလက်ခွဲကလည်းမရှိ၊ နို့ကလည်း မပြတ်သေးဆိုတော့ ကလေးလည်း ခေါ်သွားရတာပ ခင်ဗျာ။ ဖြစ်ချင်တော့ တစ်နေ့သား ဒဟပ်ခုံတဲစုက မိညွှက်တို့တဲမှာနားရင်း ကလေးအိပ်သခိုက် မကြာလောက်ပါဘူးဆိုပြီး လျှိုတစ်မြောင်ခြားတဲ့ တဲစုကို ရစရာလေးတွေ တောင်းဖို့ သွားသတဲ့။ လျှိုကအတက် တစ်ဖက်တဲဆီ မရောက်သေးဘူး ဒဟပ်ခုံဘက်က မီးခိုးတွေတက်လာတာ မြင်သနဲ့ ပြန်ပြီးပြေးတာပေါ့။ အကြော့ရောက်တော့ မိညွှက်တို့တဲကို ဆရာကြီးရယ် မိညွှက်တို့တဲကို တောမီးက ဝါးနေပြီ။ အဲဒီမှာတင် 'နတ်ပေးရေ၊ လူလေးရေ၊ သားလေးရေနဲ့ အော်ရင်း မီးထဲကို ဝင်တာ။ အနီးအနားက လူတွေကလည်း ရောက်သခိုက်နဲ့မို့ အတင်းဆွဲထားလို့ မသေတာပါဗျာ။ ဒါတောင် လက်မောင်းတစ်ဖက် ကိုယ်တစ်ခြမ်း မီးဟပ်ခံရသေးတယ်'

'..........'

'ဟုတ်ကဲ့ ဆရာကြီး ကလေးက မီးထဲပါသွားရှာတယ်။ တဲရှင်မိညွှက်ကလည်း 'တောထိုင်'သွားနေသခိုက် ဝုန်းခနဲဖြစ်တာဆိုတော့ မတတ်နိုင်ခဲ့ဘူးခင်ဗျ။ အကြော့ရယ်လေ မေ့မြောနေရာက သတိလည်းလည်လာရော စိတ်ဖောက်သွားရှာတယ်။ သိပ်သနားဖို့ကောင်းပါတယ်ဗျာ'

'..........'

'မဟုတ်ဘူး ဆရာကြီး၊ သွက်သွက်ခါလောက်တော့ မဆိုနိုင်လောက်ဘူး။ ကြမ်းကြမ်းတန်းတန်းမှ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျာ။ မျက်လုံးအကြောင်သားနဲ့ ငေးမိငေးရာငေးနေတာ။ ဘယ်သူ့ကိုမှ မသိသလို မမှတ်မိသလိုကြီးနဲ့ စကားလုံးဝ မပြောတော့တာ၊ ကလေးစုစုရှိတဲ့ နေရာမှာ ငူငူငိုင်ငိုင်ကြီးနဲ့ ကျောက်ချပြီး ထိုင်နေတာ ဆရာကြီးရဲ့။ ကျုပ်ဆရာက ဒါမှမဟုတ် တစ်ယောက်ယောက်က အိမ်ပြန်ရအောင်ဆိုပြီး လက်ဆွဲခေါ်တော့လည်း မငြင်းမဆန် လိုက်လာပြန်ရော။ တစ်ခုတော့ရှိတယ်။ ကလေးနဲ့ပတ်သက်လို့ကတော့ အကြော့လို့ မထင်ရအောင်ကို ကြမ်းတော့တာပဲခင်ဗျ'

'.........'

'ဟုတ်ကဲ့၊ ကျုပ်အပြောလောသွားလို့ ဆရာကြီး မရှင်းဘဲ ဖြစ်သွားတာကိုး။ အဲ ကန့်တော့နော်၊ ဘယ်ဘက်စောင်းလိုက်ပါဆရာကြီး။ ညာဘက်ခြေထောက်က ဟိုဘက်၊ ဟုတ်တယ် ဆရာကြီး အဲသလိုနေ။ ဒါမှ ခါးကြောကို ကိုင်လို့ကောင်းတာ။ ပျောက်သွားမှာပါ။ ဆရာကြီး ခါးနာနေတာ ယူပစ်သလို ဖြစ်သွားစေပါ့မယ်။ ဘယ်ရောက်သွားပါလိမ့်၊ ခုနင်ကပြောတာ ···အဲ ကျုပ်ပြောချင်တာက ဥပမာ ကလေးတစ်ယောက်ယောက် ငိုသံမကြားလိုက်နဲ့ လှစ်ခနဲဆို အကြော့ကရောက်သွားတော့တာ၊ လဲလို့ပြိုလို့။ ထိမိခိုက်မိလို့ ငိုတာဆိုရင် ထူပွေ့ပွတ်သပ်၊ ကြပ်ပူထိုးလုပ်ပေးတယ်။ နှုတ်ကတော့ ချော့ခြင်း၊ ပြုခြင်း မလုပ်ဘူးပေါ့။ စကားမှ မပြောတော့တာကိုးခင်ဗျ။ ကလေးများကလည်း အကြော့မို့ ပွတ်သပ်

မျက်လုံး
အကြောင်သားနဲ့
ငေးမိငေးရာ
ငေးနေတာ
ဘယ်သူ့ကိုမှ
မသိသလို
မမှတ်မိသလိုကြီးနဲ့
စကား
လုံးဝ
မပြောတော့တာ
ကလေးစုစုရှိတဲ့
နေရာမှာ
ငူငူငိုင်ငိုင်ကြီးနဲ့
ကျောက်ချပြီး
ထိုင်နေတာ

ပေးရင် ချက်ချင်းအငိုတိတ်သဟာပဲ။ အဲ ကလေးက နာနာကြည်းကြည်း အရိုက်ခံရလို့ ငိုတာဆိုရင်တော့ ပွဲကြမ်းပေါ့ခင်ဗျာ။ သာဓကပြောရရင် ကျုပ်တို့ သူကြီးသမီး အေးစိမ့်ဆိုတာ အလွန်စွာ၊ အလွန်ထက်၊ အလွန်လက်သွက်တဲ့ဟာမ၊ 'သူကြီးမကြောက်ရဘူး၊ အေးစိမ့်ကြောက်ရတယ်'လို့တောင် ပြောစမှတ်ပြုရတဲ့ အထိခင်ဗျ။ အဲ တစ်နေ့သားမှာ ဘာ့ကြောင့်လဲ မသိပါဘူး၊ အေးစိမ့်ရယ် သူ့သားကို ဝါးခြမ်းပြားနဲ့ တဖြန်းဖြန်းရိုက်နေတာ ကလေးကလည်း အော် အော်ငို၊ အေးစိမ့်က တိတ်စမ်း၊ တိတ်စမ်းဆိုပြီး ထပ်ရိုက်၊ အဲဒီအချိန်မှာ အကြော့ရယ် ဘယ်ကနေ

ဘယ်လို ရောက်လာတယ် မသိ အေးစိမ့်ကို နောက်ကနေ ဆံပင်ဆွဲပြီး ပါးတွေနားတွေ ရိုက်လိုက်တာလေ၊ 'နင့်သားမဟုတ်ဘူးလား၊ နင်မွေးထားတာ မဟုတ်ဘူးလား'ဆိုဆိုပြီးတော့ ဆရာကြီးရဲ့။ နုတ်ပေးလေးဆုံးသွားပြီး နှစ်နှစ်ကျော်ကျော်လောက်အတွင်းမှာ အဲဒီတစ်ခါ သူစကားပြောတာ ကြားရတာ ခင်ဗျ။ အဦးဆုံးပါပဲ'

'..........'

'ကုတာပေါ့ ဆရာကြီးရယ်၊ တခြားဒေသက ဆေးဆရာတွေလည်း ပင့်ပြီးကုတာပေါ့၊ ဒါပေမဲ့ မရပါဘူးခင်ဗျာ။ ကျုပ်ဆရာ ပြောတာကတော့ အပူလုံးက ရင်ကိုတက်ပြီးဆောင့်လို့ နှလုံးသွေးနောက်သွားတာ'တဲ့။ ပြီးတော့ သည်းခြေလည်း ပျက်သွားတာတဲ့ ခင်ဗျ'

'..........'

'နို့ကိစ္စ၊ ဟုတ်ကဲ့ ဆရာကြီး၊ ကျုပ်ပြောလိုရင်းက အဲဒီနို့ကိစ္စပါဆရာကြီး။ ဇာတ်ကြောင်းလည်အောင်လို့ ခုန ပြောခဲ့တဲ့ ကိစ္စကို ဇာတ်ကြောင်းခံတာပါ။ ရောက်ပါတော့မယ် ဆရာကြီး။ အဲ နေပါဦး၊ ကျုပ်က အခု ၆၀ ထဲမှာ အကြော့က ကျုပ်ထက် ၁ နှစ်ငယ်တော့ ခုရှိနေရင် ၅၉ နှစ်။ ဆုံးတာ ၃ နှစ်ရှိပြီဆိုတော့ ဆုံးချိန်မှာ ၅၆ နှစ်၊ မဆုံးခင် ၁ နှစ်လောက်က ဖြစ်တာဆိုတော့ ၅၅ နှစ် အရွယ်မှာပေါ့။ ဟုတ်ပြီ ဆရာကြီး အကြော့ ၅၅ နှစ် လောက်မှာဖြစ်တာ'

'..........'

'ဟုတ်ကဲ့၊ ဆုံးရှာပါပြီ။ ဒါကို နောက်မှပြောမယ်။ နို့အကြောင်း အရင်ပြောပါ့မယ်။ ဒီလိုခင်ဗျ။ အကြော့တို့အိမ်မှာ မွေးထားတဲ့ ခွေးမလေးရယ် ပိုးထိတာလား၊ ပြောင်းပိုးတောက်တာလား မသိဘူး။ တစ်ညနေချမ်းမှာ သေပါလေရော။ ခွေးမက သားကျပြီးတာ မကြာသေးတော့ ခွေးပေါက်စလေး ၃ ကောင် ကျန်ခဲ့ပါတယ်။ အဲဒီည ခွေးလေးတွေက နို့ဆာလို့ နေမှာပေါ့ ဆရာကြီးရယ်၊ ညဦးပိုင်းမှာ တအီအီ၊ တအိုင်အိုင်နဲ့ ရှိနေကြရာက သန်းကြီးခေါင်းချချိန်လောက်ကျတော့ ငြိမ်ကုန်သတဲ့။ ကျုပ်ဆရာက ခွေးလေးတွေ သေများကုန်ပြီလားလို့ သွားကြည့်လိုက်တော့ လားလား အကြော့ရင်ခွင်ထဲမှာ အိပ်ကြလို့တဲ့။ အဲဒီတုန်းကတော့ ကျုပ်ဆရာက အကြောင်းရင်း မသိသေးဘူးလေ။ မိုးလင်းခါမှ အကြောင်းသိရပြီး ဆရာလည်း တအံ့တသြဖြစ်ရတာပေါ့။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲခင်ဗျာ၊ ကျုပ်က အဲဒီမနက်စောမှာ ကောက်ညှင်းပေါင်းတာနဲ့ ဆရာတို့စားရအောင် သွားပို့လေတော့ ကျုပ်လည်း ဆရာနဲ့အတူ အံ့သြရတော့သပေါ့။ ကျုပ် မျက်စိ ကျုပ်တောင် မယုံပါဘူး ဆရာကြီးရယ်။ ပြောရရင်တော့ ကန်တော့နော်။ အသက် ၅၅ နှစ်အရွယ် ပိန်ပိန်ပါးပါး အကြော့ရဲ့ နို့အုံကြီးတွေ အဲလေ ရင်သားတွေက ဆရာကြီးရယ် ၂၀ ကျော်အစိတ် အရွယ်ကောင်းတဲ့ လုံးကြီးပေါက်လှ သားသည် မအေအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျာ။ ဖောင်းလို့၊ တင်းလို့၊ ကားလို့။ ခွေးပေါက်စနှစ်ကောင်က နို့တစ်ဖက်စီကို တပြွတ်ပြွတ် စို့ကြလို့။ တစ်ကောင်က ပေါင်ခွင်ထဲမှာအိပ်လို့ ဆရာကြီးရဲ့'

'..........'

'ကျမ်းအဆုဆု စူးရစေရဲ့ ဆရာကြီးရယ်။ ကျုပ်လည်း မျက်မြင်မို့လို့သာရယ်၊ သို့မို့ဆို ယုံဖို့ဝေး။ ကျုပ်ဆရာက ဘာပြောသလဲ သိလား။ 'မောင်ဖိုးညဏ် တဲ့။ အဲဒါ မိခင်စိတ်ကြောင့်ဖြစ်တာ တဲ့။ မင်း ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့' တဲ့။ ကျုပ်လည်း ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။ နို့မို့ဆို တစ်ရွာလုံး တဝုန်းဝုန်းနဲ့ လာကြည့်ကြမှာ။ အခု ဆရာကြီးကိုပြောတာ ပထမဆုံးပါ'

'..........'

'ဟုတ်ကဲ့ ဆရာကြီး၊ ခွေးကလေးသုံးကောင် စားခွက်နှိုက်တတ်သည်အထိ အကြော့က အိမ်ဝန်းထဲက အိမ်ပြင်မထွက်ဘူး။ လေးငါးခြောက်လလောက် လူလားမြောက်၊ အဲလေ ခွေးလားမြောက်တဲ့အထိ တိုက်တာခင်ဗျ။ ကျုပ်က ဆရာ့အိမ်ကိုနေ့တိုင်းရောက်တာဆိုတော့ ကိုယ်တွေ့မျက်မြင်ပါ'

'..........'

'မှန်သပေါ့ ဆရာကြီးရယ်။ ခွေးကလေးတွေလည်း နို့ပြတ်သွားရော အကြော့လည်း ပုန်းမကြည်ရှင်မ ပြန်ဖြစ်သွားတာပေါ့ဗျာ'

'..........'

'သြ၊ ဆရာကြီးက အဲဒါကို မသိဘူးလား။ 'ပုန်းကြည်ရှင်မ၊ နို့ပျဉ်း ဇတောင်ကျ' ဆိုတာလေ ဟဲဟဲ ဟဲ'

'..........'

'ဟုတ်ကဲ့ ဆရာကြီး၊ အကြော့ဆုံးသွားရှာတာ ၃ နှစ်ကျော်ပဲ ရှိပါသေးတယ်။ ငှက်ဖျားလို့ပဲ ပြောရမှာပေါ့။ ကျုပ်တို့က တောင်ကြီးမြိတ်တောရိပ်ကြီးတဲ့ အရပ်မှာ နေကြရတာဆိုတော့ ဘယ်သူမှ ငှက်နဲ့မကင်းကြပါဘူး။ ကိုယ်ခံအားကောင်းသူတွေအဖို့တော့ အာဂန္တုဖျားသဘောမျိုးဖြစ်ပေမဲ့ အကြော့က စိတ်ဝေဒနာသည် မဟုတ်လား ဆရာကြီးရယ်။ အအိပ်မမှန်၊ အစားမမှန်ရတဲ့အထဲ ခွေးလေးတွေကို နို့တိုက်ရလို့ သွေးအားနည်းပြီး ကျုံကျုံလာနေသူဆိုတော့ ငှက်ဒဏ် မခံနိုင်ရှာဘူးလေ။ ကျုပ်ဆရာက အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်ပါတယ်။ ဝဋ်ကျွတ်ကံကုန်ချိန်ရောက်နေတော့ မရဘူးပေါ့ဆရာကြီး'

'..........'

'ဟုတ်ကဲ့၊ ရှိပါသေးတယ်။ တောင်ပေါ်မှာပဲနေတယ်။ အကြော့ကို ရက်လည်ဆွမ်းလည်းချပြီးရော သူ့ပိုင်းရော၊ အိမ်ရော ရွာ ဘုံဇရပ်အဖြစ် သုံးပါလို့ ခု ဆရာတော်ကြီးကို လှူလိုက်ပြီး သင်္ကန်းပေါင်းနှစ်စုံစွန့်ပါလို့ လျှောက်တယ်။ ပြီးတော့ နဝင် သီလခံပြီး ရသေ့ဝတ်နဲ့ နေတော့တာပါပဲ ဆရာကြီး'

'..........'

'ဟုတ်ကဲ့၊ ဒါ့ကြောင့် ကျုပ်စကားခံခဲ့ပါသကော ဆရာကြီးရယ်။ ပြောရင်ယုံမှာမှတ်ဘူးလို့လေ။ဆရာကြီးက ပြောပါဆိုသမို့သာ ပြောရတာပါ။ နို့ပြီး…ဆရာကြီးဟောတဲ့အထဲက မိခင်စိတ်ကြောင့်နို့တဲ့၊ ညီတဲ့ သွေးကနေပြီး ဖြူဖွေးချိုမွှေးတဲ့ နို့ရည်ဖြစ်လာတယ်ဆိုတာက ကျုပ်ဆရာပြောတာနဲ့ တစ်ထပ်တည်းကျနေသဟာရယ်။ အကြော့ရဲ့ မိခင်စိတ်ကြီးပုံကို ပြန်ပြီး မြင်ယောင်နေတာရယ်ကြောင့် အခုလို ပြောပြတာပါခင်ဗျာ။ တစ်လက်စတည်းပေါ့ ဆရာကြီးရယ်။ ဒီအဖြစ်ကို ဆရာကြီး ယုံသော်ရှိ၊ မယုံသော်ရှိ နောင်များ တစ်မြို့တစ်ရွာမှာ အခုလို **အမေနေ့** ဟောပြောပွဲမျိုးကြုံရင် ကျုပ်ဆရာကတော် အကြော့ကို ဂုဏ်တင်တဲ့အနေနဲ့ ထည့်ပြောစေချင်ပါတယ်။ ဆရာကြီးပြောတာ မယုံပါဘူး၊ မဖြစ်နိုင်ပါဘူးလို့ ပြောတဲ့ရှိရင် 'ခပေါင်းကိုင်းကြီးက သာညဏ်ကိုသွားပြီး ကျမ်းတိုက်မေး' ဆိုပြီး လွှတ်လိုက်စမ်းပါခင်ဗျာ။ အခု တရားရုံးတော်တွေမှာရှိတဲ့ ကျမ်းထုပ်သာမဟုတ်ပါဘူး၊ ပုဂံညှပ်ကြီးဘုရားက ကျမ်းပဲဖြစ်ဖြစ်၊ ဝါရီရူကျမ်းတို့၊ ရွှေသိမ်တော်ကျမ်းတို့ဆိုသဟာပဲဖြစ်ဖြစ် ယူလာခဲ့စမ်းပါစေ၊ ကျုပ် ဖိုးသာညဏ်က ကျမ်းအဖုံဖုံကို စုံကိုင်ပြီး ပြောလိုက်ပါ့မယ်'

'..........'

'ကဲ ကဲ ဆရာကြီး၊ ကျောမြောင်ကြောနဲ့ ခါးကြောကိုင်ရအောင်၊ အားလျားမှောက်လိုက်ပါ ဆရာကြီး။ ကန်တော့ ကန်တော့ လက်ပြင်နဲ့ဇက်ကြောကိုပါ ကိုင်မယ်နော်' ■

**မင်းမြင့်ဇင်**

**အယ်ဒီတာအဖွဲ့**

**အခန်း (၃-၀၃)**
**တိုက်အမှတ် ၂၁/၂၃**
**၅၂လမ်း**
**(အောက်ဘလောက်)**
**ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်**
**ဖုန်း-၀၁-၉၀၁၀၁၁၅**
**E-mail:**
**nyeinfamily@gmail.com**

www.burmeseclassic.com

'ဟယ် အစ်မ
ပြန်လာပြီ'
အဆောင်ကို ဘယ်အချိန်
ပြန်ရောက်ရောက်
အဲဒီလို ဝမ်းသာအားရ
ဆီးကြို နှုတ်ဆက်နေကျ
ကောင်မလေးပါ။
ပြီးရင်
ကိုယ့်လက်မောင်းကို
လာတွဲချိတ်မယ်။
ကောင်မလေးကိုတော့
ခင်ပါတယ်။
ရွာမှာ ကျန်ခဲ့တဲ့
သူ့အစ်မနဲ့တူလို့ဆိုပြီး
(သူနဲ့ခင်တဲ့
အဆောင်သူတိုင်းကို
အဲဒီလို ပြောနေကျလို့
သိရတယ်)
အစ်မလို့ကို ရိုးရိုးတန်းတန်း
မခေါ်ဘဲ 'ငါ့အစ်မ'၊
'ငါ့အစ်မ'နဲ့ အားတိုင်း
ကိုယ့်အခန်းထဲ
လေလာပေါ်နေတဲ့
ကောင်မလေးလေ။
ကိုယ်အခန်းထဲ ရှိ၊ မရှိ
ချောင်းနေပြီး
အလုပ်အားတာနဲ့
လှစ်ခနဲဆို ကိုယ့်အခန်းထဲ
ရောက်ရောက်လာလွန်းလို့
အဆောင်မှူးက
နိုင်းစရာလိုပြီဆိုရင်
လေကုန်ခံပြီး
လူကြားအောင်
အော်မခေါ်တော့ဘူး။
ကိုယ့်အခန်းထဲ
တစ်ခါတည်း တန်းပြီး
လာခေါ်တာပဲ။
အသက်က
ဆယ့်ခွန်ဆယ့်ရှစ်ပေါ့။
ကိုယ့်ထက်
ငါးနှစ်လောက် ငယ်တယ်။
မိဘမရှိတော့လို့
ညီအစ်မနှစ်ယောက်

မိန်းကလေးတစ်ယောက် အနေအထိုင် မတတ်ရင်
လူကဲ့ရဲ့ ခံရတတ်တယ် ထိပ်တင်ထားရဲ့
ဘယ်ယောကျ်ားလေးကမှလည်း
တန်ဖိုးထားပြီး မချစ်ဘူး လွယ်လို့
ပါးစပ်အရသာခံပြီး စရင်စမယ်
တကယ်ယူဆိုရင်
ဘယ်သူမှ အတည်မယူဘူး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တကွဲတပြားစီ အလုပ်လုပ်နေရတာတဲ့။ ကျောင်းလည်း လေးတန်းအထိပဲ နေခဲ့ရတယ်ဆိုလား။

ကိုယ့်မှာ သူ့လောက် အရွယ် ညီမ မရှိပေမဲ့ ကိုယ်ချင်းစာလို့ ရှိတဲ့ မုန့်လေး ခေါက်ဆွဲ၊ သူ မေးတာလေးတွေဖြေ၊ အမြင်မတော်တာတွေ့ရင်လည်း ဆုံးမတန်ဆုံးမနဲ့ နေလာခဲ့တယ်။ ဆုံးမတယ်ဆိုတာက စကားကြီးစကားကျယ်နဲ့ ဆရာကြီးလုပ်တာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ ကောင်မလေးက မြီးကောင်ပေါက်အရွယ်လည်းဖြစ်၊ လူကလည်း ရူးတူးပေါတောလေးဆိုတော့ တစ်ခါတလေ မျက်စိထဲ မတော်မတည့်စရာတွေ လုပ်တာမြင်ရင်မနေနိုင်လို့ အကျိုးအကြောင်းသင့် သူ နားလည်သဘောပေါက်အောင် စေတနာနဲ့ ပြောပေးဆိုပေးမိတာမျိုးပါ။

ဒါကြောင့်ပဲ ကိုယ့်ကို သူများထက် သူ ပိုခင်သလားတော့ မပြောတတ်ပါဘူး။

ကျန်တဲ့ အဆောင်သူတော်တော်များများက သူ့ဆိုအပျင်းပြေစနောက်ဖို့၊ အတည်ပေါက်နဲ့ နောက်ပြောင်ဖို့၊ သူ အိုးနင်းခွက်နင်းဖြစ်ရင် ရယ်ကြမောကြဖို့လောက်သာ သဘောထားကြတာကိုး။ အဲဒီထဲမှာ ကိုယ်နဲ့လက်ရှိအတူတူနေတဲ့ အခန်းဖော်လည်း ပါတယ်။ ပျင်းရင်တောင် ကိုယ့်ဘာသာ မနေဘူး။ 'ပျင်းတယ်ကွာ ထိပ်တင်ထား အားလားမသိဘူး။ သွားချောင်းကြည့်ဦးမယ်' ဆိုတာမျိုး လုပ်တာ။ သူတို့

> ဣန္ဒြေသိက္ခာ
> ရှိတဲ့
> မိန်းကလေး
> ဆိုရင်
> ရုပ်ဆိုးဆိုး
> ရုပ်ချောချော
> အချိန်တန်ရင်
> ကိုယ်နဲ့
> တန်တဲ့
> ချစ်သူ
> တစ်ယောက်တော့
> ရှိလာမှာပဲ
> သူတို့
> ရှေ့သွားပြီး
> ညှိမြ
> လုပ်ပြ
> မနေရဘူး
> သိပ်ရှက်ဖို့
> ကောင်းတယ်

ခေါ်တဲ့ ထိပ်တင်ထားဆိုတာ ကောင်မလေးရဲ့ တကယ့်နာမည်ရင်း မဟုတ်ပါဘူး။ နာမည်ရင်းက သင်းသင်းလင်းဆိုလား၊ သင်းသင်းမြင့်ဆိုလားပဲ။ ဒါပေမဲ့ အဲဒီနာမည်ကို ကိုယ်တောင် သုံးခါပြည့်အောင် မခေါ်ဖူးသေးဘူး။ ထိပ်တင်ထားကိုတကယ်ပဲ သူ့နာမည်ရင်းထင်လို့ မှတ်ကျိုးအောင် ခေါ်လာပြီးမှ နာမည်ရင်းကို သိရလို့ ပြောင်းမခေါ်တတ်တော့တာပါသလို၊ သူကိုယ်တိုင်က လည်း သူ့နာမည်ရင်းထက် အဲဒီထိပ်တင်ထားကို ပိုကြိုက်

တာလည်း ပါပါတယ်။ အဲဒီနာမည်ကို ဘယ်သူက စခေါ်ခဲ့မှန်းတော့ မသိပါဘူး။ ဆံထုံးကို ငယ်ထိပ်နီးနီးအထိ တက်ထုံးထားလို့ အဲဒီနာမည်ပေးထားတာတဲ့။ ကာယကံရှင်ကလွဲပြီး တစ်ဆောင်လုံးသိကြတဲ့ကိစ္စပေါ့။ သူ့ခမျာကတော့ မသိရှာပါဘူး။ 'ဆံထုံးလေးနဲ့ နန်းဆန်လို့ဆိုပြီး အဆောင်သူ အစ်မတစ်ယောက်က အမှတ်တရ ပေးသွားတာ အစ်မရဲ့' ဆိုပြီး ကိုယ် ဒီအဆောင် ရောက်လာခါစက ဂုဏ်ယူသလို ဝမ်းသာအားရ ရှင်းပြတော့ ကိုယ့်မှာ ရယ်ရမလို၊ ကရုဏာသက်ရမလိုပေါ့။ သေချာတာကတော့ သူနဲ့စကားပြော ဖြစ်တိုင်း သူ အကြောင်းကြောင်းနိုင်ပုံ၊ အတွေးအခေါ်က သူများနဲ့ မတူပုံတွေကြည့်ပြီး ရယ်ချင်စိတ်ထက် သနားစိတ်ပိုမိတာပါ။ အဲဒီစိတ်အခံနဲ့အလိုက်အထိုက် နေမိတယ်။ စိတ်ရှည်လက်ရှည်လည်း ဆက်ဆံပြောဆိုမိတယ်။ တချို့ သူ့အရောကို မခံနိုင်လို့ ခပ်ခွာခွာနေကြတာလည်း ရှိတယ်။ သူကလည်း ခင်လာပြီဆိုရင် ရှေ့မကြည့် နောက်မကြည့် သူများအခန်းထဲ ဝင်လိုက်၊ ထွက်လိုက်။ သူများအိပ်ရာပေါ် ဝင်လှဲလိုက်လှဲ။ ဟိုပစ္စည်းကိုင် စပ်စု၊ ဒီပစ္စည်းကိုင် စပ်စုဆိုတော့ တချို့က မကြိုက်ဘူး။ သူကတော့ ရိုးရိုးသားသားပါ။ အဲဒီတော့ သူ ဘယ်အချိန်လာလာ သူ့အပေါ် အမြဲကြည်ကြည်ဖြူဖြူရှိတဲ့ ကိုယ့်ကို သူခင်တာ မဆန်းဘူးဆိုရမှာပါ။ သူ့ခမျာလည်း ကိုယ့်အပေါ် ခင်သ

လောက် ကိုယ့်အခန်းဖော်ကိုတော့ ကြောက်ရှာတယ်။ အတည်ပေါက်လိုလိုနဲ့ နောက်ချတာကို ခံရပေါင်းလည်း မနည်းတော့ပါဘူး။ ကိုယ့်ဆီလာဖို့ရာ ကိုယ့်အခန်းဖော် ရှိမရှိ အရင်ချောင်းရတာအမော။ ကိုယ်ကတော့ ဒါကိုသဘောမကျပါဘူး။ ဘာပဲဖြစ်ဖြစ် ဉာဏ်ရည်မြင့်သည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ သူဟာ ကိုယ်တို့နဲ့တူတူ လူသားတစ်ယောက်ပဲဖြစ်တယ်။ သူဖြစ်နေတဲ့ဘဝဆိုတာ သူလိုချင်လို့ လက်ခံဖန်တီးထားတဲ့ဘဝ မဟုတ်သလို ကိုယ်တို့တွေက သူ့ထက်ဉာဏ်ရည်မြင့်နေတယ်ဆိုတာကလည်း ကိုယ်တို့ ရွေးချယ်တည်ဆောက်ထားတဲ့ဘဝမှမဟုတ်တာ။ ဒီအတွက် ဒီလိုဘဝတွေကို ရယ်စရာလို့ ကိုယ်ကတော့ နည်းနည်းမှ မထင်ပါဘူး။ စာနာစရာလို့ပဲ ထင်ပါတယ်။ ကိုယ်တို့ ဗုဒ္ဓဘာသာတရား အရဆိုရင် ဒါဟာ 'ကံ'လေ။ ရှေးရှေး ဘဝက ပြုပြုခဲ့သမျှ ကံ အကြောင်းတရားက ဖန်လာပြီဆိုရင် လက်မခံချင်လို့လည်း မရဘူး။ ရှောင်လွှဲချင်လို့ လည်း မရဘူး။ ကောင်းကောင်းဆိုးဆိုး ကျိုးကျိုးကန်းကန်း ရှင်သန်လက်ခံကြရတော့တာ မဟုတ်လား။ ယူရယ်လို့ဖြစ်လာရင် ကိုယ့်ထက် နိမ့်ပါးသူအပေါ် စာနာငဲ့ညှာစိတ်ထားနိုင်တဲ့သူ၊ ကိုယ့်ထက် မြင့်မားသူအပေါ် မုဒိတာစိတ် ပွားနိုင်တဲ့သူ လူပီသတဲ့သူလို့ ကိုယ်ထင်တယ်။ အဲဒီလိုစိတ် ထားနိုင်တဲ့သူ ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

လည်း အတတ်နိုင်ဆုံး ကြိုးစားပါတယ်။

'ညနေဘက်ဆို တို့ရှေ့ အဆောင်က ယောကျ်ားလေးတွေ ဂစ်တာထွက်ထွက် တီးနေကြတာ။ ထိပ်တင်ထားက အဲဒီလိုကြီး အဆောင်ရှေ့ လမ်းသလားပြ မနေရဘူးလေ။ မသင့်တော်ဘူး ညီမရဲ့'

ကိုယ်တို့ရှေ့က အဆောင်က ယောကျ်ားလေးဆောင်လေ။ သင်တန်းသမားတွေ၊ ကျောင်းသားတွေပြန်ချိန်၊ ရုံးသမားတွေ ရုံးဆင်းချိန်ဖြစ်တဲ့ ညနေခင်းချိန်တွေဆို အဆောင်ထဲမှာ ပူတော့ သူတို့ကလည်း ဒီဘက်က မိန်းကလေးဆောင်ကို ပိုးသူ ...ရင်း၊ ငမ်းသူငမ်းရင်း အပြင် ...ွက်ပြီး ဂစ်တာဒေါင်ဒေါင် ...ဒင် ခေါက်သူခေါက်ကြ၊ ...ခြင်းလုံးထွက်ခတ်သူ ခတ်နဲ့ ...တချို့ ပေါ့ရဲသူများဆိုရင် ...မှောင်ရီမှောင်ရီး အချိန်အား ...တိုးနဲ့ မော်ဒယ်လ်ရှိုးတောင် ...လျှောက်ပြနေကြသေးတာ။ ...သိတဲ့အတိုင်း အဲဒီအချိန်ဆို ...တာက မိန်းကလေးဆောင် ...ကလည်း ကိုယ့်အတွဲနဲ့ကိုယ် ...အပြင်ထွက်သူတွေက လွဲလို့ ...တော်တော်များများ စုံစုံညီညီ ...ကြတဲ့အချိန်လေ။ ဝရန်တာ ...ကော၊ အခန်းပြတင်းပေါက် ...တွေမှာကော၊ အဆောင်ရှေ့ ...တန်းလျားမှာကော ရှိနေ ...တော်ကြတဲ့ အဆောင်သူတွေ ...အားလုံးကြားမှာ ထိပ်တင် ...ထားကတော့ တစ်မူထူးတဲ့ ...ချောင်းသမီးပေါ့။ ပါးစပ်ဟ ...ရအောင်ထူတဲ့ သနပ်ခါး ...လိမ်းပြီး နှုတ်ခမ်းနီအရဲ ...နဲ့ အဆောင်ရှေ့ ခုံတန်းလျားပေါ် ထွက်ထိုင်နေလိုက်တော့တာပဲ။ သူ့အလုပ်ကလည်း လခပေးချက်စားတဲ့ အဆောင်သူတွေအတွက် ထမင်းအိုး တည်ပေးပြီးရင် တစ်ညနေခင်းလုံး အားပြီလေ။ ရောက်တာ တစ်နှစ်ကျော်ပြီမို့ အဆောင်မှူးကလည်း အပြင်စီးပွားရေး ရှိသေးတော့ ထိပ်တင်ထားကို လိုတာမှာပြီး ထားခဲ့တာ။ လူရင်း အစောင့်သဘောမျိုး ရရင်ပြီးရော။ အထိန်းအကွပ်က မရှိ။ အရွယ်ကလည်း စိတ်ကစားတတ်တဲ့အရွယ်။ ဉာဏ်ရည်ကလည်း သိပ်မဖွံ့ဖြိုးရှာတော့ ဒါကိုမှ စတဲ့သူတွေကလည်း စနောက်ကြတယ်။

'မယုံမရှိနဲ့နော်၊ အဲဒီ အဆောင်က အချောဆုံးကောင်လေးရဲ့ မျက်လုံးတွေက ထိပ်တင်ထားဆီမှာ ချည်းပဲနော်'

'အင်း ကြည့်လည်း ကြည့်ချင်စရာ။ တို့အဆောင်က မိန်းကလေးတွေထဲမှာ အချောဆုံးကလည်း ထိပ်တင်ထားပဲကိုး သူငယ်ချင်းရဲ့'

ဟိုခမျာ သူများတွေ နောက်လို့ နောက်မှန်းလည်း မသိဘဲ လက်ညှိုးကြီး ပါးစပ်ထဲထည့်ပြီး ရှက်ကိုးရှက်ကန်းနဲ့ 'ဟုတ်ပါဘူး'၊ 'ဟုတ်ဘဲနဲ့' ချည်း လုပ်နေတော့တာ။ အဲဒီစကားတွေအပေါ် တကယ်ထင်ပြီး သဘောကျကျေနပ်နေပုံကတော့ ပြုံးဖြဲနေတဲ့ မျက်နှာပေါ်မှာ အထင်းသားပေါ့။ ဒါကိုကပဲ မြင်ရတဲ့ အဆောင်သူတွေအတွက် ပွဲကျစရာကို ဖြစ်လို့။ ကိုယ်ကတော့ လိုက်မရယ်ပါဘူး။ ဝင်ပြောရအောင်ကလည်း ဘယ်လိုလုပ်မလဲ၊ အများနဲ့ တစ်ယောက်လေ။ သူတို့ရှေ့မှာ ထိပ်တင်ထားကို ပေါ်ပေါ်ထင်ထင် ဝင်ဟန့်ရအောင်ကလည်း မဟုတ်သေးတော့ မသိလိုက် မသိဘာသာ နေနေရပေမဲ့ ကွယ်ရာရောက်ရင်တော့ သူနားလည်အောင် ချော့မော့ပြောပြရတယ်။ ဘယ်သူ ဘယ်ဝါကဖြင့် မြှောက်ပင့်ပေးနေတာ။ နင့်ကို ရယ်ချင်လို့ဆိုတာမျိုးတော့ ဘယ်ပြောလို့ ဖြစ်ပါ့မလဲ။ ဒီကောင်မလေးဆိုတာက ကိုယ်ပြောတဲ့စကားတောင် ကိုယ့်ဘာသာ ဘယ်ရောက်လို့ ရောက်မှန်းသိတာ မဟုတ်ဘူး။ တော်ကြာ ကိုယ်စေတနာနဲ့ ပြောမိတဲ့စကားကို သူနားလည်ရင် တော်သေးတယ်။ သူ့အတွက် ပြောပေးမှန်း နားမလည်ဘဲ ကာယကံရှင်တွေဆီ ပြန်သွားပြောရင် ဘယ်လိုလုပ်မလဲ။ အရည်မရ အဖတ်မရ တစ်ယောက်နဲ့တစ်ယောက် မျက်မှန်းကျိုးကုန်ရင် ဘယ်လိုလုပ်မလဲ။

'မိန်းကလေးတစ်ယောက် အနေအထိုင် မတတ်ရင် လူကဲ့ရဲ့ ခံရတတ်တယ် ထိပ်တင်ထားရဲ့။ ဘယ်ယောကျ်ားလေးကမှလည်း တန်ဖိုးထားပြီး မချစ်ဘူး။ လွယ်လို့ ပါးစပ်အရသာခံပြီး စရင်စမယ်။ တကယ်ယူဆိုရင် ဘယ်သူမှ အတည် မယူဘူး။ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးဆိုရင် ရုပ်ဆိုးဆိုး၊ ရုပ်ချောချော အချိန်တန်ရင် ကိုယ်နဲ့တန်တဲ့ ချစ်သူတစ်ယောက်တော့ ရှိလာမှာပဲ။ သူတို့ရှေ့သွားပြီး ညိုမြလုပ်ပြ မနေရဘူး။ သိပ်ရှက်ဖို့ကောင်းတယ်။ အစ်မ ပြောတာ မှတ်ထားနော်'

'ညိုမြ လုပ်ပြတယ်ဆိုတာ ဘာလဲဟင်'

'ညိုမြဆိုတာက အဲယောကျ်ားလေးတွေ ကိုယ့်ကို မမြင် မြင်အောင် ထွက်ထွက်ပြီး ကိုယ်ယောင်ပြနေတဲ့ မိန်းမကို ခေါ်တာ'

'သြော်'

ဘာကို 'သြော်'မှန်းတော့ မသိပါဘူး။ မျက်လုံးကြောင်တောင်လေးနဲ့ ခေါင်းတဆတ်ဆတ်ညိတ်နေတာတော့ တွေ့တာပဲ။ ကိုယ်ဆိုတာကလည်း နဂိုကမှ စကားလုံးသိပ်ကြွယ်ဝလှသူ မဟုတ်လေတော့ သူ နားလည်လွယ်အောင် အနီးစပ်ဆုံးတွေ ရွေးပြောရတာမို့ တချို့စကားလုံးတွေက ရင့်ချင်ရင့်သီးနေမှာ။ မတတ်နိုင်ဘူးလေ။ အဓိကကသူလုပ်နေတဲ့ အလုပ်တစ်ခုဟာ မိန်းကလေးတစ်ယောက်အနေနဲ့ မတင့်တယ်ပါလားလို့ နားလည်ကိုယ်ရှိန်သတ်ဖို့ အရေးကြီးတယ် မဟုတ်လား။ ယောကျ်ားလေးတွေကလည်း ထိပ်တင်ထားပုံစံကို မြင်တာနဲ့ ရူးတူးပေါတောလေးမှန်း သိမယ်ဆိုတာတော့ ကိုယ် သိပါတယ်။ ယောကျ်ားလေးတွေရှေ့များ ဖြတ်လျှောက်ပြီဆိုရင် သူ့မှာ ရှက်လွန်းလို့ နေစရာကို မရှိတော့ဘူးလေ။

တစ်ခါက ကိုယ့်လက်မောင်းကို ချိတ်တွဲပြီး စာအုပ်ဆိုင်လိုက်ခဲ့ပါတယ်။ အပြန်မှာ ယောကျ်ားလေးအဆောင်ရှေ့က ဖြတ်လျှောက်ရရော။

www.burmeseclassic.com

သိတဲ့အတိုင်းပဲ ယောက်ျားလေးတွေဆိုတာမျိုးက သူတို့အုပ်စုလိုက်ရှိတဲ့အချိန်မျိုးမှာ မိန်းကလေးတွေများ သူတို့ရှေ့က ဖြတ်လျှောက်မိရင် ပါးစပ်ဆော့လို့ပဲ ဖြစ်ဖြစ်တော့ စနောက်ချင်ကြသူတွေချည်း မဟုတ်လား။ တစ်ဖက်သား ခြေလှမ်းမှားအောင် ဘယ်ညာဘယ်ညာနဲ့ သံပြိုင်အော်ကြရော။ အဲဒီမှာ ထိပ်တင်ထားကြောင့် ကိုယ်ပါရောပြီး ကောင်းကောင်းအရှက်ကွဲတော့တာပဲ။ ကိုယ့်လက်မောင်းကို နင်းကန်ဖမ်းချိတ်ထားပြီး ရှက်ကိုးရှက်ကန်းနဲ့ တစ်ကိုယ်လုံး လိမ်ဖယ်နေတော့တာများ ကိုယ့်မှာ လမ်းတောင် မနည်းလျှောက်ရတယ်။ ရှက်လွန်းလို့ ငိုချင်သလား မမေးနဲ့။ ကောင်လေးတွေကလည်း သူ့ကိုကြည့်ပြီး ရေရေလည်လည်ပွဲတွေ ကျကုန်တော့တာပေါ့။ စဉ်းစားကြည့်။ ကိုယ်လည်း တစ်ခါတည်းနဲ့ စိတ်ကိုကုန်ရော။ အဆောင်လည်းရောက်ရော ဒေါ်ပွပွနဲ့ 'နင် အဲဒီလိုလုပ်မယ်ဆိုရင် နောက်တစ်ခါငါ့နောက်မလိုက်နဲ့'လို့ ဆူတော့လည်း မျက်နှာငယ်လေးနဲ့ ကြည့်နေပြန်တယ်။ ဒီတော့ ကိုယ်လည်း သူ့ကြည့်ပြီး သနားတာနဲ့ 'နောက်တစ်ခါ အဲဒီလိုမျိုး မလုပ်ရဘူးနော်'လို့ လေသံပျော့ပျော့နဲ့ ပြန်ပြောလိုက်ရတယ်။ သူကလည်း ရှေ့မှာတော့ ရှောရှောရှူရှူ 'ဟုတ်ကဲ့'ပဲ။ နောက်မှ လုပ်ချင်တာလုပ်တာ။ ပြောလိုက်ရင်လည်း 'မေ့သွားလို့' ချည်းပဲ။

တစ်ခါတစ်ခါလည်း စဉ်းစားမိတယ်။ သူနဲ့ကိုယ်ဆိုတာ အရိပ်တစ်ခုအောက်မှာ ယာယီလာဆုံကြတာ။ သူ့ကို ကိုယ်က ဘယ်လောက်အထိ၊ ဘယ်အချိန်အထိ လိုက်ကာကွယ်ပေးနေနိုင်မှာလဲ။ လိုက်ပြောပေးဆိုပေးနေနိုင်မှာလဲ။ ကိုယ်နဲ့ မဆုံခင်ကလည်း သူ့ဘာသာသူ ရပ်တည်လာခဲ့တာ။ ကိုယ်မရှိတော့တဲ့နောက်မှာလည်း သူ့ဘာသာသူ ရပ်တည်သွားရဦးမှာပဲ။ ဘယ်အရာကမှ မမြဲတဲ့ လောကကြီးမှာ ကိုယ့်အတွက် အနာဂတ်ဆိုတာကတောင် မသေချာတာ။ လောလောဆယ်မှာ ကိုယ့်အတွက် အလုပ်အကိုင်ရှိနေပေမဲ့ မနက်ဖြန်မှာ ကိုယ်ဟာ နယ်ပြန်ပြီး တခြားအခြေအနေတစ်ခုနဲ့ အသက်မွေးဝမ်းကျောင်းချင် ကျောင်းနေရမှာတောင် ဖြစ်နိုင်သေးတယ်။ အဲဒီလို တွေးမိရင် ထိပ်တင်ထားအပေါ် ဖြစ်တည်နေတဲ့ ကိုယ့်ရဲ့ပူပန်စိတ် နည်းနည်းလျော့တယ်။ ဒါပေမဲ့ ကိုယ့်ရှေ့မှာ သူ့အပေါ် သူများတွေ တန်ဖိုးမထားဘဲ ရယ်မောစနောက်နေရင်တော့လည်း ကိုယ် မနေနိုင်ပြန်ဘူး။ ကိုယ်နဲ့ မတွေ့ခင်၊ ကိုယ်နဲ့အတူ ရှိမနေတော့ချိန်တွေမှာ သူ ဘယ်လိုအတွေးအခေါ်နဲ့ နေထိုင်ကာမှ နေထိုင်ရော၊ လောလောဆယ် သူနဲ့ကိုယ် အတူတူရှိနေချိန်လေးမှာတော့ အမြင်မတော်ဘူးထင်ရင် ကိုယ်တတ်နိုင်သလောက် ပြောသင့်တာပြောပေးရမှာပဲ။ ဖေးမပေးရမှာပဲလို့ တွက်မိပြန်တယ်။

'ရွာမှာ ထိပ်တင်ထားတို့ မိသားစုပိုင်အိမ် မရှိဘူးလားဟင်'

'အဖေရှိကတည်းက ဖဲပေါင်ရိုက်သွားလို့ ကုန်ပြီ။ အမေဆုံးတော့ ညီမတို့က သူများခြံဘေးမှာ တဲကုပ်လေးတောင်းထိုးပြီး နေတာပေါ့'

'အခုတော့ အဲဒီမှာ ဆက်နေလို့ မရဘူးလားဟင်'

'နေရင်တော့ ရပါတယ်။ အမျိုးတွေရှိတယ်။ ဒါပေမဲ့ အမေမှ မရှိတော့တာ။ နဂိုကတော့ အမေက အဲဒီခြံမှာ အလုပ်လုပ်လို့ နေရတာ။ အမေ မရှိတော့ ဖယ်ပေးရတာပေါ့။ သူတို့ကတော့ မထွက်ခိုင်းသေးပါဘူး။ ရွာက လူကြီးသူမတွေက သူတို့ဘာသာ စီစဉ်ပြီး အမေရက်လည်ပြီးတာနဲ့ ညီမတို့ ညီအစ်မနှစ်ယောက်အတွက် စိတ်ချရတဲ့ အလုပ်ရှာပေးပြီး မြို့ကို ဝိုင်းပို့ပေးလိုက်ကြတာ'

'အစ်မကကော ထိပ်တင်ထားထက် အသက်ဘယ်လောက်ကြီးသလဲ'

မျက်လုံးကြီး မိုးပေါ်လှန်ပြီး လက်ချောင်းတွေ ချိုးလို့ တွက်နေပြန်တယ်။

'တစ်နှစ်နဲ့ ခြောက်လ'

'ဒါဆို အသက်နှစ်ဆယ်လောက်ရှိပြီပဲ။ ညီအစ်မနှစ်ယောက် နိုင်တဲ့အလုပ်လေးတွေလုပ်ပြီး ရွာမှာပဲ ဆိုးတူကောင်းဖက်နေကြလို့ မရဘူးလား'

တစ်လောကလုံးမှာ သွေးသားရင်းချာရယ်လို့ ညီအစ်မနှစ်ယောက်တည်းသာ ကျန်သလို သူလို မိန်းမငယ်လေးအတွက် အစ်မရင်းခေါက်ခေါက် တစ်ယောက်ရဲ့အရိပ်က ပိုပြီး နွေးထွေးလုံခြုံစိတ်ချစရာဖြစ်မှာပဲဆိုတဲ့ အတွေးနဲ့ ပြောမိတဲ့ ကိုယ့်စကား မဆုံးခင် သူက ခေါင်းရမ်းတယ်။

'မဖြစ်ဘူး အစ်မရဲ့ မဖြစ်လို့ပေါ့'

'ဘယ်လို မဖြစ်တာလဲ'

သူက ကိုယ်နားလည်အောင် ဘယ်လိုပြောရမလဲဆိုတဲ့ မျက်နှာပေးနဲ့ အရင်ကြည့်တယ်။ ပြီးမှ နားထင်ကိုလက်ညှိုးနဲ့ထောက်ပြပြီး လက်ခါပြတယ်။ သူ့ကိုကြည့်ပြီး ကိုယ်က ကြောင်တောင်တောင်နဲ့ 'မပြည့်တာလား'လို့ အလောသုံးဆယ် မေးမိသွားတယ်။ သူလိုပဲ နားထင်ကို လက်ညှိုးနဲ့ ထောက်ပြမိရင်းပေါ့။

သူက ခေါင်းကို ဖြည်းဖြည်း ညိတ်တယ်။ မပြောချင်သလို ပြောချင်သလိုဖြစ်နေတဲ့ သူ့ပုံစံက ရယ်ချင်စရာကြီးပေမဲ့ ကိုယ် မရယ်နိုင်ပါဘူး။ ရယ်လည်း မရယ်ရက်တော့ပါဘူး။ တချို့ဘဝတွေဟာ မပြည့်စုံလို့ ရုန်းကန်နေရပါတယ်ဆိုတဲ့ ကိုယ်တို့လို ဘဝတွေကတောင် လက်လှမ်းမမီနိုင်လောက်အောင် ဝေးကွာလွန်းပါလားလို့သာ ဆို့နင့်စွာ တွေးမိပါရဲ့။ သူက ကိုယ့်ကို ပြောတာလား၊ သူ ကိုယ်သူ ပြောတာလား မသိပါဘူး။ တိုးတိုးလေး ထပ်ပြောတယ်။ 'အဲဒါကြောင့် ရွာကို မပြန်ချင်တာ'

အဲဒီခဏလေးမှာ သိ



www.burmeseclassic.com

www.burmeseclassic.com

မှတ်မဲ့စွာနဲ့ ကိုယ် သူ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်မိတယ် ထင်တာပဲ။ တကယ်တမ်း သူ ပြောချင်တာက 'ရွာကို ပြန်လို့ မဖြစ်လို့ပါ' ဆိုတာမျိုး ဖြစ်မှာပါ။ ဒါပေမဲ့ သူများလို စီကာပတ်ကုံး မပြောတတ်ရှာတော့ 'ရွာကို မပြန်ချင်တာ' ဖြစ်သွားတာနေမှာပေါ့။ ရွာမပြန်ချင်တဲ့ ကောင်မလေးကို ခုလို အခြေအနေမျိုးနဲ့ ရွာကို မပြန်ရအောင်၊ ဒါမှမဟုတ် ဒီထက်ပိုကောင်းမွန်တဲ့ ရွေးချယ်မှု အနေအထားမျိုးနဲ့ပဲ ရွာကို ပြန်ခွင့်ရပါစေလို့ ကိုယ့်ဘာသာ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးမိပါတယ်။

တစ်ရက်မှာ ကိုယ် အခန်းထဲရှိနေတုန်း ထိပ်တင်ထားက ပျာယီးပျာယာနဲ့ ရောက်လာပြီး ကိုယ့်လက်ထဲ စာတစ်စောင် ထည့်သွားတယ်။ မျက်နှာပိုးကလည်း မသက်သာချင်စရာ။ ကိုယ်က အူကြောင်ကြောင်နဲ့ 'ဘာလဲ' ဆိုတော့ 'ဖတ်ကြည့်လေ။ ပြီးမှ ပြန်လာခဲ့မယ်။ အခု အလုပ်ရှိသေးလို့' ဆိုပြီး အောက်ထပ် ပြန်ဆင်းပြေးသွားတယ်။ ကိုယ်က အူကြောင်ကြောင်နဲ့ 'ဘာများပါလိမ့်' ဆိုပြီး စာကို ဖတ်လိုက်တော့ မျက်လုံးတို့ ဝိုင်းရော။ ကျားသားမိုးကြိုး၊ ကိုယ်တို့ ထိပ်တင်ထားကို တစ်ယောက်ယောက်က ပေးလိုက်တဲ့ ရည်းစားစာလေ။ အံမယ် ရေးထားတာကလည်း တကယ် အတည်အနဲ့ပဲ။ လက်ရေးလက်သားရော အသုံးအနှုန်းကောအဆင်ကို ချောလို့။ အဆင်ချောတာက ကိုယ်ပါ။ စာကိုဖတ်ပြီး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိတယ်။ ဒါ တစ်ယောက်ယောက်က ထိပ်တင်ထား အခြေအနေကို ကြည့်ပြီး ပျော်စေပြက်စေ နောက်လိုက်တာလို့ ထင်တယ်။ လက်ရေး လက်သား အရကော လောလောဆယ် ဒီဝန်းကျင်မှာ ရှိနေတဲ့ ယောကျ်ားလေးအများစုအရကော ခန့်မှန်းကြည့်မိလိုက်တာပါ။ အကျိုးအကြောင်း မေးချင်နေတဲ့ ကိုယ်က ချောင်းနေစရာ မလိုပါဘူး။ ပြောချင်လွန်းနေတဲ့ ထိပ်တင်ထားက အလုပ်အားတာနဲ့ ကိုယ့်အခန်းထဲကို လှစ်ခနဲ ရောက်လာရော။

'အဲဒါ ဘယ်သူလဲဟင်'

'တိုးမောင်တဲ့။ ဟိုးစာအုပ်ဆိုင်မရောက်ခင် ယောကျ်ားလေးဆောင်က'

သိပြီ။ ဖြတ်သွားဖြတ်လာ မိန်းကလေးတွေကို သိပ်ပြီး အစသန်တဲ့အဆောင်။ ကိုယ်နဲ့ ထိပ်တင်ထား စာအုပ်ဆိုင်သွားတုန်းက စနောက်ဖူးတဲ့အဆောင်ပေါ့။

'ကျောင်းသားလား'

'ဟုတ်ဘူး။ ပြမယ် ပြမယ်။ စာအုပ်ဆိုင်သွားမှ ပြမယ်။ ချောလားလို့ ကြည့်ပေးနော်'

ဒီလို မိန်းကလေးကိုမှ မညှာမတာ စနောက်ရက်တာ ဘယ်လိုယောကျ်ားလေးမျိုးပါလိမ့်လို့ ဒေါင်းတင်ထားတဲ့ ကိုယ့်မှာ သူ့ရဲ့ တိုးမောင်ကိုလည်းတွေ့ရော ဘာမှ မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားရပါရောလား။ တွေ့မှ တွေ့တတ်ပလေတယ်လို့ပဲ ဆို ရမလား မသိပါဘူး။ တစ်ဆက်တည်းမှာပဲ ပြောင်မြောက်လှတဲ့ အဲဒီရည်းစားစာဟာ ဘယ်နည်းနဲ့မှ တိုးမောင်ရေးတာ မဟုတ်နိုင်မှန်းကိုပါ ကိုယ်လုံးဝကို သေချာသွားတော့တယ်။ ရုပ်ကြည့်တာနဲ့တင် ကိုယ်တို့ ထိပ်တင်ထားနဲ့ မကွာလှဘူးရယ်။ ဂျယ်လိမ်းပြီး ထောင်ထားတဲ့ ဆံပင်တိုတိုမှာမှ မျက်နှာက စပ်ဖြဲဖြဲ။ ကိုယ်နဲ့ ထိပ်တင်ထားလျှောက်လာတာလည်း တွေ့ရော ရှက်ကိုးရှက်ကန်း ဖြစ်ပြီး ခေါင်းပဲ ကုတ်ရမလိုလို၊ ခြေထောက်ပဲ ကုတ်ရမလိုလို ကုန်းနေကွနေတော့တဲ့ ရှုးတူးပေါတောပုံစံနဲ့ ကောင်လေးဟာ ထိပ်တင်ထားရဲ့ တိုးမောင်တဲ့လေ။

ပိုပြီး သိသာသွားစေတာကတော့ အဲဒီ တိုးမောင်ကို ကြည့်ပြီး ဘေးကနေ ဝိုင်းပြီးပြောပေးနေကြတဲ့ အဆောင်သားတွေပေါ့။ ကိုယ်တို့အဆောင်မှာ ထိပ်တင်ထားကို ဝိုင်းစနောက်နေကြတာနဲ့ တစ်ပုံစံတည်းပါပဲ။ အဲဒီ တစ်ခဏမှာ ကိုယ့်ရင်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့အမှန်ပါ။ တားဆီးပိုင်ခွင့်ရှိတဲ့ သက်ဆိုင်သူတစ်ယောက် မဟုတ်ပေမဲ့ ဒါဟာ မဖြစ်နိုင်ဘူးလေ။ ဖြစ်နိုင်ရင် အဲဒီလောက်အထိတော့ မကျီစယ်ကြပါနဲ့လို့ ကိုယ် သွားတောင်းပန်ပေးလိုက်ချင်တယ်။ ဒါဟာ ဘဝနစ်ခု။ လူသား ဘဝနစ်ခုပါ။ ကိုယ်တွေရဲ့ ဘာမဟုတ်တဲ့ ပျော်စေပြက်စေ နောက်ပြောင်မှုကြောင့် အပြစ်ကင်းစင်တဲ့ နှလုံးသားနှစ်ခုကို ထိခိုက်နစ်နာသွားစေတာမျိုး မလုပ်သင့်ကြပါဘူး။ သူတို့ကတော့ ပေါင်ဒါတွေဖွေးနေတဲ့ တိုးမောင်ကို ရယ်ချင်မယ်။ ရှက်လွန်းလို့ လိမ်ဖယ်ခြေလှမ်းမှားချင်နေတဲ့ ထိပ်တင်ထားကို ဟားချင်မယ်။ အဲဒီနောက်ကွယ်မှာ အားတိုင်းမှန်ရှေ့မှာ ပို့စ်အမျိုးမျိုး ထုတ်နေတဲ့ ရှုးတူးပေါတောကောင်မလေးကို သိမှာမဟုတ်ဘူး။ ငယ်ငယ်လေးကတည်းက ငရုတ်သီး မပါရင် ထမင်းမစားတတ်ပါဘူးလို့ ကိုယ့်ကို ပြောဖူးသူက ခုတော့ 'တိုးမောင်က ငရုတ်သီး မစားနိုင်ဘူး အစ်မရဲ့၊ ဝက်ခြံထွက်တတ်တယ်တဲ့' ဆိုတာတွေကို သူတို့ ကြားစေချင်လှတယ်။ 'တိုးမောင်က သဘောကောင်းတယ်။ ညီမလေးရဲ့အစ်မ သဘောတူမှာပါ' ဆိုတဲ့ တကယ့်စိတ်ကူးအိပ်မက်တွေကို သူတို့ နားလည်ကြပါ့မလား။ သူ့စိတ်ကူးနဲ့သူကို ထိပ်တင်ထားက တိုးမောင်ကို စွဲလမ်းနေခဲ့ပြီ။ ဟိုကလည်း ကိုယ်တို့အဆောင်ရှေ့မှာ ကိုယ်ယောင်လာလာပြရတာ အမော။ ကိုယ် မရှိချိန် မပြောနဲ့၊ ကိုယ်ရှိတဲ့ ညနေပိုင်းလေးတောင် အဆောင်ရှေ့ဖြတ်လျှောက်တာ ဘယ်နှကြိမ်မှန်း မသိဘူး။ တခြားအဆောင်သူတွေကို ပြောပြရင်လည်း ရယ်ကြတော့မှာ။ မြှောက်ပင့်ပေးကြတော့မှာ။ ထိပ်တင်ထားကို တာဝန်ယူခေါ်လာတဲ့ အဆောင်မှူးမိသားစုဆိုတာကလည်း သူတို့ကိစ္စတွေနဲ့သူတို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တစ်လမ်းစီ တစ်နေကုန်နီးပါး အပြင်ထွက်နေရတာက ခပ်များများ။ တားသာတားရတာ။ ကိုယ့်မှာ သူများ ချစ်ခြင်းကို ခွဲသလိုဖြစ်ပြီး ငရဲအုံကြီးမှာကိုလည်း ကြောက်တော့အကြောက်သား။

'အစ်မ ဘယ်သူ့ကိုမှ မပြောနဲ့နော်။ တိုးမောင်က သူ့ရွာကို လိုက်ခဲ့ဖို့ ခေါ်နေတယ်'

'မြတ်စွာဘုရား'

ကိုယ့်မှာ သွေးကိုခေါင်းထဲ တဒိန်းဒိန်းဆောင့်တိုးသွားရတယ်။ မျှော်လင့်စိတ်ကူးတွေနဲ့ ပြုံးပျော်မြူးထူးနေတဲ့ ကိုယ့်ရှေ့က ကောင်မလေးကို ကြည့်ပြီး ရုတ်တရက် ဘာပြောရမှန်း မသိဘူး။ တွက်ကြည့်ကြစတမ်းဆို ထိပ်တင်ထားနဲ့ ကိုယ်ဆိုတာ သူများဘဝအရေး ဝင်ဆုံးဖြတ်ပေးပိုင်ခွင့်ရှိလောက်အောင် တစ်ခုခု တော်စပ်ပတ်သက်သူတွေလည်း မဟုတ်ဘူး။ ဒါပေမဲ့လည်းလေ...။

'မလိုက်နဲ့နော်။ ခေါ်တိုင်း မလိုက်ရဘူး သိလား။ နင်က သူ့အကြောင်း ဘယ်လောက်သိလို့လဲ'

'သူ့ရွာမှာ အိမ်ရှိတယ်တဲ့'

ကိုယ့်နှုတ်တွေ ဆွံ့အသွားရတယ်။ ထိပ်တင်ထားကတော့ ပိုင်ပိုင်နိုင်နိုင်ပဲ။ သူ့နှုတ်ဖျားကနေ အဲဒီ 'အိမ်'ဆိုတဲ့ ဝေါဟာရလေး စေးစေးပိုင်ပိုင်ပြောလိုက်ရတာကိုပဲ ဂုဏ်ယူဝင့်ကြွားနေတဲ့ပုံအပြည့်ပါ။

'ဒုက္ခပါပဲ။ အိမ်ရှိတိုင်း လိုက်ရမှာလား ကောင်မလေးရဲ့။ ယောကျ်ားယူတယ်ဆိုတာ အဲဒီလို ဘာမသိ ညာမသိဘဲ ရမ်းသန်းလိုက်သွားရတဲ့ အမျိုးမဟုတ်ဘူးလေ။ ဒုက္ခတွေ့တတ်တယ်နော်။ ဘာများ မှတ်နေသလဲ။ ကိုယ်က မိန်းကလေး။ နစ်နာစရာရှိရင် ဘဝတစ်လျှောက်လုံး ကိုယ်ပဲ နစ်နာမှာ။ သူများပြောတိုင်း မယုံနဲ့ ကြားလား။ အစ်မစကား နားထောင်နော်'

အဲဒီလို ပြောတာကို သူကြိုက်ပုံ မရဘူး။ ဘာမှ မပြောပေမဲ့ ခါတိုင်းလို 'ဟုတ်'ဆိုတဲ့ အသံလေးတောင် အားနာပါးနာ ထွက်မလာတာမို့ အခြေအနေကို ကိုယ် ရိပ်စားမိလိုက်ပါရဲ့။ ခံတန်တန် မျက်နှာပေးနဲ့ သူတို့ အချစ်ရေးကို ဝင်စွက်ဖက်တယ်လို့ပဲ ယူဆလေသလား မသိဘူး။ ကိုယ့်ဆီလည်း သိပ် မလာတော့ဘူး။ ဘာမှလည်း ထပ်လာ မတိုင်ပင်တော့ဘူး။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီရက်ပိုင်းအတွင်းမှာပဲ ကိုယ်ကလည်း မိသားစုကိစ္စနဲ့ နယ်ခဏပြန်ဖို့ ကြုံလာတယ်။ ထိပ်တင်ထားကလည်း ကိုယ့်ကို မျက်နှာချင်းကို အဆိုင်မခံတော့ဘူး။ မြင်တာနဲ့ ဝေးဝေးပြေးရော။ ကိုယ့်သတိပေးစကားတွေကို မကြားချင်တော့တာလည်း ပါမှာပေါ့။ စိတ်မကောင်းဖြစ်မိပေမဲ့ ကိုယ့်အနေနဲ့တော့ သူတို့နှစ်ယောက်ကိစ္စဟာ မဖြစ်နိုင်ဘူးဆိုတဲ့ အတွေးက တစ်စက်မှ လျှော့လို့ မရဘူးဖြစ်နေတယ်။ ဒီလို လူသားနှစ်ယောက်ပေါင်းစပ်ထူထောင်ကြမယ့် အိမ်ထောင်တစ်ခုရဲ့ ရင်မောစရာ နောက်ဆက်တွဲဖြစ်နိုင်စရာတွေကို ခဏဘေးဖယ်ထားဦး။ ကိုယ်သံယောဇဉ်ရှိတဲ့ကောင်မလေးကို ဒီထက် ဒုက္ခဖြစ်မယ့်ဘဝမျိုး ရောက်မသွားစေချင်တာ ကိုယ့်ရဲ့ တကယ့်ပြင်းပြတဲ့ စေတနာပါ။

ဘယ့်နှယ်လုပ်ရပါ့...။

နောက်တော့ အဆင်ပြေနိုင်မယ့် အစီအစဉ်တစ်ခုကို ကသုတ်ကရက်စီစဉ်ခဲ့ပြီး ကိုယ့်မြို့ကို ခဏပြန်သွားရတော့တယ်။ နောက်ဆံငင်စွာနဲ့ပေါ့။ ဒါပေမဲ့ အိမ်ကလည်း မိသားစုကိစ္စက ရှုပ်နေတော့ ထိပ်တင်ထားကိစ္စကို သတိရတစ်လှည့် မရတစ်လှည့်ပါပဲ။ အားလုံးပြီးလို့ ဆယ်ရက်ကျော်ကြာတော့ ကိုယ် အဆောင်ကို ပြန်ရောက်တယ်။ အဲဒီမှာ 'ထိပ်တင်ထား မရှိတော့ဘူး'ဆိုတဲ့ သတင်းက ကိုယ့်ကို ဆီးကြိုတယ်။

'အစပိုင်းတုန်းက တော့ သမီးပြောသလို ချော့ချော့မော့မော့ထိန်းဦးမလို့ပါပဲ။ ဒါပေမဲ့ သူများသားသမီးကို တာဝန်ယူအုပ်ထိန်းပေးရတယ်ဆိုတာ အင်မတန် တာဝန်ကြီးတာကလား။ အစကတော့ သူ့ပုံစံကြည့်ပြီး မဖြစ်နိုင်ဘူး ထင်ထားတာ။ ဖြစ်လာရင် ကိုယ်လည်း မကောင်းဘူး။ သူ့ကောင်လေးကို စုံစမ်းကြည့်တော့ ထိပ်တင်ထားထက်တောင် အခြေအနေဆိုးသေးတယ်။ ရှုးတူးပေါ်တောရယ်။ အဆောင်မှာ တောက်တိုမည်ရ ခိုင်းဖို့ လခနဲ့ ခေါ်ထားတာတဲ့။ ဒီလိုနှစ်ယောက်ပေါင်းပြီး အခန့်မသင့်လို့ ပြဿနာပေါ်လာရင် အန်တီ့အိမ်[illegible] ယောကျ်ားသားတွေ[illegible] အချောင်ပြဿနာ ရှင်း[illegible] မှာ။ ဒါနဲ့ မထူးဘူးဆိုပြီး ခေါင်းရှုပ်ခံမနေတော့ဘဲ [illegible] တော်တဲ့အကြောင်း တစ်ခု[illegible] ပြီး သူ့ရွာသူ ပြန်နိုင်းလိုက်[illegible] တော့တာ။ အေးရော...'

သူက အေးပေမဲ့ ကိုယ့်ရင်ကတော့ မအေးနိုင်တော့ပါဘူး။ ရည်ရွယ်ခဲ့တာက အဲဒီလို အခြေအနေမျိုး မဟုတ်ဘူးလေ။ အစပိုင်းမှာ တိုးမောင်ကတော့ လာနေကျ ညနေခင်းအချိန်တွေမှာ အဆောင်ရှေ့ကနေ စောင်းကန်းစောင်းကန်းနဲ့ တစ်ပတ်ဆယ်ရက်လောက်အထိ ဖြတ်လျှောက်နေသေးတယ်။ နောက်မှ ပေါ်မလာတော့ဘူး။ သူတို့ အဆောင်ရှေ့ ဖြတ်လျှောက်မိတဲ့အခါ ထုံး[illegible]အတိုင်း အဆောင်နေ ကာလ[illegible]သားတစ်သိုက်ရဲ့ ကျီစယ်[illegible] နောက်ပြောင်မှုကြားမှာ [illegible] ဟီးဟီးတဟားဟားဖြစ်နေတဲ့ တိုးမောင်ကို တွေ့ရတော့ စိတ်သက်သာရာ ရသလိုတော့ ဖြစ်မိတယ်။ ဒါပေမဲ့ ရွာမပြန်ချင်ဘူးဆိုတဲ့ ကောင်မလေးကို သတိရမိရင်တော့ ကိုယ် မပြန်ခင် တစ်ည[illegible] အဆောင်ရှင်အန်တီကို 'မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင်ကာကွယ်နိုင်တာပေါ့'ဆိုပြီး လိုလိုမည်မည် သတိပေးခဲ့မိတဲ့ ကိုယ့်လုပ်ရပ်ကို မှားသွားသလားလို့ စိတ်မကောင်းခြင်းကြီးစွာနဲ့ ဝေခွဲမရ[illegible] တွေးမိတုန်းပါပဲ။ ■

ငွေဇင်ယော်[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com


၁။

ကျွန်မ စာသင်ရက်
၄ သပြီးလျှင် B.E ဘွဲ့ရ
အင်ဂျင်နီယာဖြစ်ပြီ၊
ဘာဆက်လုပ်ရမလဲလို့
မေးတော့ ကိုကြီး အပြုံးက
ရွှစ်းရွှဲရွဲ မဟုတ်၊
သိမ်သိမ်မွေ့မွေ့
နူးနူးညံ့ညံ့။
အရေးအခင်းအပြီးမှာ
ကျောင်းဆက်မတက်ဘဲ
သင်ခဲ့ရသော
အင်ဂျင်နီယာပညာကို
တူမူအိမ်များစုမှာ
တွဲလျက်ရတ် မပါဘဲ
သိမ်းထားတတ်သူကို
အောင်မြင်စွာ
အသုံးချနေသူမို့
ကျွန်မတို့
အမြဲလေးစားခဲ့ရသည့်
စီနီယာဘွဲ့ရ
အင်ဂျင်နီယာမို့
ကိုကြီး အဆုံးအဖြတ်က
အမြဲတစ်ခုနှင့်တော့
အစ မသတ်ခဲ့။
'အမိန့်တွေကို
နာခံရတော့မှာပေါ့
ဖြူနေရယ်၊ အစိုးရ
အလုပ်ကိုပဲ လုပ်လုပ်၊
ကုမ္ပဏီမှာပဲ လုပ်လုပ်
အထက်လူကြီးဆီက
ဘာလုပ်လိုက်ပါဆိုတဲ့
အမိန့်တွေကို
နာခံရတော့မှာပေါ့'
ဆိုတဲ့အသံမှာ
စိတ်မသက်သာမှုတွေက
ထင်ထင်ရှားရှား။
'တကယ်တော့
တခြားလူက
ကိုယ့်ကိုပေးတဲ့
အမိန့်တွေ၊ ကိုယ့်အတွက်
ကိုယ့်ကိုယ်ကို
ကိုယ်တိုင်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မသိတာ မဟုတ်ပါဘူး ဆရာကြီးရယ်
မရှိတာပါ။ ချို့တဲ့စွာ ပညာသင်ပေးနေတဲ့
မိသားစုဘဝလေးမှာ ဆေးရုံတက်ဖို့
ငွေမရှိတာပါ။ ဒီကိစ္စမျိုးနဲ့ ဦးမျိုး
ကွင်းကြီးဆေးရုံ တက်တုန်းက ကျွန်မ
ပါတာပေါ့။ ဆေးရုံကဆင်းတော့
၁၀ သိန်းကြီးများတောင် ကုန်တာ
ရှိစုရှိမဲ့ အကုန်ရောင်းရင်တောင်
ကျွန်မတို့ဘဝမှာ
အဲဒီ ၁၀ သိန်းဆိုတာကြီး ...



www.burmeseclassic.com

www.burmeseclassic.com

အမိန့်တွေ၊ ကိုယ်က တခြားသူကို တစ်ဆင့်ပြန်ပေးရတဲ့ အမိန့်တွေ အဲဒါတွေနဲ့ လုံးချာလည်လိုက်နေရတာပါ ဖြူနု ရယ်။ စည်းကမ်းသတ်မှတ်ချက်တွေကိုတော့ ရံဖန်ရံခါပဲ လိုက်နာဖြစ်ကြတာ' ဆိုပြီး ဆက်လာတဲ့ ကိုကြီးစကားကို ကျွန်မ လွန်မင်းစွာ စိတ်ဝင်စားမိတာတော့ အမှန်ပါ။

'အမိန့်အာဏာနဲ့ စည်းကမ်းသတ်မှတ်ချက်က အတူတူ မဟုတ်ဘူးလား ကိုကြီး၊ ဘာများ ကွာလို့လဲ၊ လိုက်နာရတာကြီးပဲမို့လား' လို့ ကျွန်မမေးတော့ ကိုကြီးက ရီရီဝေဝေ မျက်လုံးအစုံနဲ့ ရှေ့တူရူကို ငေးလို့။

'လူတွေ တော်တော်များများ အဲဒီကိစ္စကို ခွဲခြားမသိဘူး ဖြူနုရဲ့၊ ဥပမာကွာ ဖြူနု ဘုရားပွဲမှာ နှစ်တိုင်းပွဲပါတယ်မို့လား။ ညရောက်ရင် ဇာတ်ခုံပေါ်မှာ ပွဲမစခင် ရွာလူကြီးက မိုက်နဲ့ အော်တယ်လေ၊ ပွဲခင်းထဲမှာ တုတ်၊ ဓား၊ လက်နက် မကိုင်ရ၊ ဈေးတန်းမှာ မူးယစ်ဆေးဝါး အရက်သေစာ မရောင်းရ၊ စက်ဘီး ဆိုင်ကယ်တွေ အပ်ဆိုင်မှာ အပ်ပါဆိုတာတွေဟာ လူအများအတွက် အမှန်တကယ် လိုအပ်လို့ လူအများကပဲ လူအများအတွက် ထုတ်ပြန်တဲ့ စည်းကမ်းသတ်မှတ်ချက်ပေါ့ ဖြူနုရဲ့။ ပွဲခင်းမှာ လူတွေ လိုက်နာကြတယ်မို့လား' ဆိုတဲ့ ကိုကြီးအသံနဲ့ ဟန်က လေးလေးနက်နက်။

'လိုက်နာကြတာပေါ့ ကိုကြီးရယ်၊ လာကြည့်တဲ့လူတွေအားလုံး ရွာကလူတွေများ သူတို့ရွာတွေမှာလည်း ဘုရားနဲ့ ပွဲတွေကိုယ်စီ ရှိကြတာဆိုတော့ ကိုယ်ချင်းစာကြတာပေါ့' လို့ ကျွန်မ ဖြေတော့၊ 'အဲဒါ စည်းကမ်းသတ်မှတ်ချက်ပေါ့ ဖြူနုရယ်၊ လူတွေက အလိုလိုနားလည်ပြီး အလိုလိုလိုလိုလားလား လက်ခံနိုင်ကြတာ စည်းကမ်းသတ်မှတ်ချက်ပေါ့' ဆိုတဲ့ ကိုကြီးဖြေသံအဆုံးမှာ 'ဒါဆိုရင် အမိန့်အာဏာဆိုတာကရော' လို့ ကျွန်မ အမေးကို ဆက်ဖြစ်ပါတယ်။

**ကျွန်မကို ဆေးရုံ မြန်မြန် ပို့ကြပါတော့' လို့ ရင်ထဲက ပေါက်ပေါက် ကွဲကွဲ တောင့်တသံက ငွေကြေးတွေရဲ့ ခြိမ်းခြောက်မှု အောက်က တိမ်လို့ နစ်လို့ မြုပ်လို့သာ**

အတိတ်တစ်ခုဆီကို ခဏပြန်သွားတဲ့ ကိုကြီးမျက်နှာပြင်ပေါ်မှာ နာကျင်ကြေကွဲမှုတစ်စုံ ဖြတ်ပြေးသွားဟန် အဆုံးမှာတော့ 'ကိုကြီး ရှေတုန်းတဲ့ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်တုန်းကပေါ့၊ ကုမ္ပဏီက ရွာလေးတစ်ရွာနဲ့ ကပ်လျက်ရှိတာလေ၊ ဝင်းခြံဧရိယာကို ခြံစည်းရိုးတွေ ခတ်တော့ ရွာထိပ်ကားလမ်းဘေးမှာ သစ်မာပင်ကြီး ၅ ပင် ရှိတယ်။ အရိပ်လည်း အရမ်းကောင်းတယ်လေ။ အညာသား အပူပိုင်းမှာမွေးတဲ့ ကိုကြီးက သစ်ပင်ကြီးတွေရဲ့ အသုံးဝင်ပုံကို ကောင်းကောင်းသိသလို၊ သစ်ပင်တွေကိုချစ်တဲ့စိတ်က မွေးကတည်းက ပါလာတာ။ ခြံစည်းရိုးနဲ့ နှစ်ပေလောက် လွတ်နေတော့ မလှဲချင်ဘူး။ ဒါပေမဲ့ နိုင်ငံခြားသား မန်နေဂျာက လှဲပစ်ဖို့ အမိန့်ပေးထားတာ၊ ရှေ့မျက်နှာစာ ခြံစည်းရိုးက ပြီးသွားပြီ။ သစ်ပင်ကြီးတွေက ကျန်နေသေးတော့ မန်နေဂျာက ဘက်ဖိုးကားသမားကို ခေါ်ဆူတာပေါ့။ ကားသမားကလည်း ဆူပါဗိုက်ဆာက မလှဲခိုင်းလို့ပါဆိုပြီး မန်နေဂျာရဲ့ဒေါသကို ကိုကြီးအပေါ် လွှဲချတယ်။ တရုတ်မန်နေဂျာက ကိုကြီးကို စက်နဲ့ လှမ်းခေါ်ပြီး မျက်နှာနီနီ ဒေါသသံနဲ့ 'ခုချက်ချင်း ဘက်ဖိုးတစ်စီးထုတ်၊ ခုချက်ချင်းလှဲ (အဲဒါအမိန့်)တဲ့၊ မနာခံရင် အိပ်ရာလိပ်တဲ့လေ'

စကားအဆုံးမှာ သက်ပြင်းတစ်ချက်ချပြီး နာနာကျင်ကျင်ပြုံးတဲ့ ကိုကြီးအပြုံးက ကျွန်မတစ်သက် မေ့ရက်နိုင်စရာ မရှိသည့်အပြုံး။

'အဲဒီတော့' လို့ ကျွန်မက
စကားထောက်တော့…။

'မင်းပေးတဲ့အမိန့် မနာ
ခံနိုင်လို့ ငါ အိပ်ရာလိပ်တော့
မယ်လို့ပြောပြီး အလုပ်ထွက်
လိုက်တာပေါ့၊ ဒါပေမဲ့ အဲဒီ
သစ်ပင်ကြီးတွေကို သူတို့
ဆက်လှဲကြတာပါပဲ' ဆိုတဲ့
အသံက တိုးတိုးလေးနစ်ဝင်
သွားတယ်။ မမြင်ဖူးလိုက်တဲ့
သစ်ပင်ကြီး ၅ ပင်ကို နှမြော
တသစိတ်က ကျွန်မရင်ထဲ
ပြင်းပြင်းရှရှ တိုးဝင်လာတာ
ကိုလည်း သတိထားမိပါရဲ့။

'တကယ်လို့ ဖြူနုရော
လုပ်ငန်းခွင်မှာ အမိန့်အာဏာ
နဲ့ စည်းကမ်းသတ်မှတ်ချက်
ရွေးဖို့ကြုံလာရင်ရော ဘယ်
လိုဆုံးဖြတ်မလဲ' လို့ အပြုံး
တစ်ခုနဲ့ လှစ်ခနဲမေးလာတဲ့
ကိုကြီးမေးခွန်းကို ကျွန်မ
မပြုံးနိုင်၊ မရယ်နိုင်၊ မဖြေ
နိုင်။ ဆင်းရဲတွင်းနက်နေ
သည့်မိသားစုမျက်နှာတွေက
တစ်ခုပြီးတစ်ခု စီစီရီရီ။ 'ဖြူ
နု ဘာလုပ်ရမလဲ' လို့ ယောင်
နန ပြန်မေးတော့ ကိုကြီးက
အပြစ်ကင်းစင်တဲ့ ကလေး
တစ်ယောက်လို နှစ်သိမ့်သလို
အကြည့်နဲ့ ကျွန်မကို ကြည့်
လို့။

'အဲဒါ မင်းကိုယ်တိုင်
ဆုံးဖြတ်ရမှာလေ ချာတိတ်ရဲ့
ဒါ လူတစ်ယောက်ရဲ့ လွတ်
လပ်ပိုင်ခွင့်၊ ကိုကြီး ဝင်အမိန့်
ပေးလို့ မရဘူး။ အဲဒါ ဖြူနုရဲ့
လူ့အခွင့်အရေးလေ' လို့ ပြော
မှ ထွက်ပေါက်ရ သက်ပြင်း
ကို ကျွန်မ မှုိင်းမှုိင်းလေး ချ
ဖြစ်တော့တာရယ်။ သြော်
ငါ့နှယ် မုန့်ဆီကြော်က ဘယ်
နေမှန်းမသိ နှုတ်ခမ်း
တွေးမိလေခြင်းလို့ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ခပ်ကျိုတ်ကျိုတ်လေး ပြုံးဖြစ်ခဲ့သေးတာရယ်။

'စည်းကမ်းသတ်မှတ်ချက်ပဲဖြစ်ဖြစ်၊ အမိန့်အာဏာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ဂုဏ်သိက္ခာ၊ ငွေကြေး၊ အလုပ်တစ်ခုခုကို ရင်းပြီး လဲရရင် မနာခံပဲနေလို့ ရတယ် ဖြူနုရဲ့။ ဒါပေမဲ့ ကိုကြီး အပါအဝင် လူသားတွေအားလုံး ဘာနဲ့မှ ငြင်းမရ၊ လဲမရတဲ့ အမိန့်တစ်ခု ရှိသေးတယ်။ အဲဒီအမိန့်က…'

စကားမဆက်တော့ဘဲ ထွက်သွားတဲ့ ကိုကြီး ဆိုင်ကယ် တဖြည်းဖြည်းဝေးသွားတာကို ကျွန်မ မျက်စိတစ်ဆုံးကြည့်ဖြစ်ပါတယ်။ ထားဝယ်လမ်းပိုင်းမှာ တာဝန်ကျနေတဲ့ ကိုကြီးရဲ့ညီလေးက အလုပ်မနိုင်လို့ လှမ်းခေါ်ထားတာ သိပြီးသားမို့ ရန်ကုန်ကားဂိတ်ရှိရာ ကားကြီးကွင်းဆီသွားရမယ့်ခရီး အကွာအဝေးကို ထောက်ချင့်မိတာမို့ ဆက်မမေးတော့ဘဲ ကိုကြီး ပြောဘဲထားရစ်တဲ့ အမိန့်ဆိုတာကို ကျွန်မ ဉာဏ်မီသလောက် အချိန်အားတိုင်း တွေးကြည့်ဖြစ်ပေမဲ့…။

❑

၂။

မနက် ၅ နာရီသာသာဆိုပေမဲ့ ကျွန်မတို့ရွာလေးက ာထဲထွက်မယ့် လှည်းသံ၊ နွားခေါက်သံ၊ နွားခလောက်သံတွေ၊ တစ်ယောက်ကိုတစ်ယောက် လှမ်းအော်ခေါ်နေတဲ့ ာက်စိုက်မတွေရဲ့ ဟစ်အော်ခေါ်သံတွေနဲ့ စီစီဝေဝေ ဆာနေခဲ့ပါပြီ။ မျက်နှာသစ် ချည်တဘက်နဲ့ ရေသုတ် ာန်းမှာ ပန်းနာရင်ကျပ်ရောဂါသည် အဖေ့ဆီက ချောင်းဆိုးသံကို စိတ်မသက်မသာ ကြားဖြစ်ပါတယ်။

စက်မှုအထက်တန်းကျောင်း တက်နေတဲ့ မောင်ငယ်လေးက မွေးထားတဲ့ ဝက်နှစ်ကောင်အတွက် လိုအပ်နေတဲ့ ဝက်စာ ထမင်းဟင်းကျန်တွေစုဖို့ စက်ဘီးနောက်မှာပေနေတဲ့ ပုံးဟောင်းကြီးနှစ်လုံးကို ချိတ်ပြီး နင်းထွက်သွားသလို ဒုတိယနှစ် မြန်မာစာတက်နေတဲ့ ညီမလေးက တစ်အိမ်လုံးအတွက် ထမင်းနဲ့ ဟင်းတွေချက်လို့ပေါ့။ စောစောက တဗွီဗွီအော်နေတဲ့ ဂျာလင်းနဲ့ ကန်ဘိုလို့ မောင်လေး နာမည်ပေးထားတဲ့ ဝက်ပေါက်လေးနှစ်ကောင်က ထင်တိုင်းကြ ထားတဲ့ သူတို့နေရာ ဗွက်အိုင်နှုတ်ခမ်းမှာ ခေါင်းကိုမေးတင်ပြီး အစာဝသွားဟန်နဲ့ မျက်လုံးတွေ မှေးစင်းလို့။

မမကြီးနဲ့ အမေက စက်မှုဇုန်ဈေးမှာရောင်းဖို့ ဟင်းသီးဟင်းရွက်မျိုးစုံ ထည့်ထားတဲ့ ခံတောင်းကြီးနှစ်လုံးကို ခေါင်းပေါ် ပင့်မ,ရွက်နေကြပြီ။ ရနိုင်သမျှ ဟင်းသီးဟင်းရွက်၊ မြင်းခွာရွက်၊ ရေတင်မြောင်းထဲက ကန်စွန်းရွက်တွေကိုခူးဖို့ ကျွန်မအဒေါ် အပျိုကြီးက တံချူတွေ၊ ချိတ်တွေကို ပုဆိုးစုတ်နှစ်ထည်နဲ့ ပတ်ရင်း 'ဖြူနု ဒီနေ့ကျောင်းပိတ်သလား' လို့ မေးတော့ 'သွားရမှာလို့' ကျွန်မ ညာပြောဖြစ်လိုက်တာလေ။

'ကျောင်းမသွားခင် ညည်းအဖေကို ဆေးတိုက်ခဲ့ဦး' လို့ မှာရင်း ထွက်သွားတဲ့ ကြီးကြီးကျောပြင်ကိုကြည့်ရင်း ကျွန်မအတွေးတွေက မနေ့က မေရျာဘာသာစာသင်ခန်းဆီကို ဖျတ်ခနဲ ပြန်သွားမိတယ်။ 'ဖြူနု သမီးပုံတွေက ခဲကြောင်းတွေ ထပ်ပြီး မသပ်ရပ်တော့ဘူးနော်၊ အင်ဂျင်နီယာပညာဆိုတာ လူက ဘယ်လောက်ပဲတော်တော် အသုံးပြုရမယ့် ပစ္စည်းတွေ၊ သင်ထောက်ကူပစ္စည်းတွေ မကောင်းရင် မထင်ပေါ်ဘူး။ သမီး T ကို ပြန်စစ်ကြည့်လိုက်ဦး' ဆိုတဲ့ ဆရာ့အသံက နားထဲမှာ ဝေ့ဝေ့ဝဲဝဲ။

ကျောင်းစတက်ကတည်းက ၄ နှစ်လုံးလုံး တရိုတသေ သုံးခဲ့ပေမဲ့ ကျွန်မ T လေးက ဟောင်းနွမ်းလှပြီ။ သိပ်မကောင်းတော့။ ခုတလော မောင်လေးရဲ့ကျောင်းစရိတ်၊ ညီမလေးရဲ့ကျောင်းစရိတ်တွေကြား အဖေ့ဆေးဖိုးကပါ ခေါင်းတိုးဝင်လာတာမို့ မသက်မသာ ရုန်းကန်နေရတဲ့ မမကြီးတို့ ပင်ပန်းမှုတွေကိုကြည့်ပြီး T အသစ်တစ်ချောင်းဝယ်ပေးပါလို့ ပြောဖို့ အင်ဂျင်နီယာကျောင်းသူ ကျွန်မ အသိတရားတွေက ခွင့်မပြုပြန်ဘူးရယ်။

T တစ်ချောင်း ပေးရလှ ၃၀၀၀ ကျော်ပေါ့။ အခုပဲနောက်စိမ်းတွေက ရွာမှာ ဖြိုင်ဖြိုင်ပေါ်နေပြီ၊ တစ်နေ့ မိန်းမတစ်ယောက်လုပ်ခ ၁၂၀၀၊ ၃ ရက်လုပ်ရင် ၃၀၀၀ ကျော်၊ T ဖိုးရပြီပေါ့ လို့ တွေးရင်း ပေါ့ပါးသွားတဲ့ ရင်အစုံမှာ ပီတိပြုံးလေးတောင် ပြုံးမိသေးရဲ့။

'ဖြူနုရေ သွားမယ်ဟေ့' လို့ အိမ်ရှေ့ကဖြတ်ရင်း အော်သွားတဲ့ မမကြူအော်သံအဆုံးမှာ ကျွန်မ ခုတင်အောက်က ခုံဖိနပ်မြီးတိုလေးကိုစီး၊ မောင်လေးရဲ့ ပုဆိုးအဟောင်းလေးကို ပခုံးပေါ်တင်၊ ဂျုံဦးထုပ်အဟောင်းလေးကိုဆောင်းပြီး အိမ်ထဲက ထွက်တော့ 'မမဖြူ ကျွန်မ လိုက်သွားလိုက်မယ်' ဆိုတဲ့ ညီမလေးကို 'ရတယ်၊ အဖေ့ကိုသာ ဂရုစိုက်' လို့ ပြန်ပြောရင်း အိမ်ထဲက လှမ်းထွက်လိုက်တယ်။ အခုတော့ အပြာနဲ့အဖြူ ယူနီဖောင်းကို အစားထိုးထားတဲ့ ချည်ကြမ်းဝတ်စုံနဲ့ ကျွန်မ လယ်ကူလီမ၊ ကိုယ့်အတွက်လိုနေတဲ့ T တစ်ချောင်း၊ ကိုယ့်ဝမ်းကိုယ်ကျောင်းမယ်ဆိုတဲ့ မာနတွေက ရွာလယ်လမ်းက လှည်းတွေဖြတ်မောင်းလို့ ထသွားတဲ့ ဖုန်လုံးတွေနဲ့အတူ ထောင်းထောင်းထလို့။ ဩော် မေ့နေလိုက်တာ အပြန်ဆည်ပေါင်မှာ ရေချိုးဖို့ ထဘီအဟောင်းတစ်ထည် ယူဦးမှ။ ဝက်လှူအိုင်ဘေးတန်းပေါ်က ထဘီကို ဖြုတ်တော့ သူတို့ကို အစာကျွေးဦးမယ် အထင်နဲ့ ဂျာလင်းနဲ့ ကန်ဘိုက ရုတ်ခနဲထပြီး အီအီ၊ အုအု လုပ်ကြသေးတာ။ လမ်းမပေါ်ရောက်တော့ ရွာထိပ်မှာ ပဲခြောက်အတူကောက်မယ့် သူငယ်ချင်းမတွေက လက်ယပ်ခေါ်လို့၊ အရှေ့ကောင်းကင်မှာ ပြာလဲ့လဲ့ တိမ်တန်းကြီးက ထွက်လာမယ့်နေရောင်ကို ကာလို့ဆီးလို့၊ ဒီနေ့ မနက်



www.burmeseclassic.com

www.burmeseclassic.com

ခင်း မိုးအေးမှာလို့ သိလိုက်တော့ ပျော်မိသေးတာ။ ဒါပေမဲ့ မနက်ခင်းမို့အေး၊ ညနေခင်း ရေဘူးဆောင်ဆိုတာကြီးကို သတိရတော့ ကျွန်မအပျော်က တစ်ဝက်တစ်ပြက်နဲ့တန့်တန့်ရပ်ရပ်၊ ဟင်းအလုပ်ကဖြင့် မလုပ်ရသေးဘူးလို့ ကိုယ့်ကိုယ်ကို ပြန်သတိပေးရင်း ကျွန်မ ခြေလှမ်းတွေက…။

❑

၃။

'ပေါင်လောင်ကန်နဲ့ မြို့ဆေးရုံဆိုတာ ဆိုင်ကယ် ၁၅ မိနစ်လောက်စီးရင် ရောက်တာ၊ ဘာဖြစ်လို့ နှစ်နာရီကျော် နောက်ကျပြီးမှ လာရတာလဲ၊ ဒီလိုကိစ္စမျိုးဖြစ်လာရင် ဆေးရုံ အမြန်ပို့ရမယ်ဆိုတာမျိုး အသိဉာဏ်ရှိတဲ့သူခင်ဗျားတို့တစ်ရွာလုံးမှာ တစ်ယောက်တောင် မရှိတော့ဘူးလား။ ကျန်တဲ့လူတွေထားပါတော့။ လူနာကိုယ်တိုင်က သူတတ်ထားတဲ့ ပညာအသိတွေနဲ့ ဆေးရုံဆိုတာကို သတိမရဘူးလား'

ကရုဏာဒေါသသံတွေလွှမ်းနေတဲ့ ဆရာဝန်ကြီးအသံက ကျွန်မ အသိအာရုံတွေထဲမှာ ဝေဝေဝါးဝါး။

ခပ်သွက်သွက် လှုပ်ရှားနေကြတဲ့ သူနာပြုဆရာမလေးတွေ၊ ထဘီအပြာဝတ်ဆရာမကြီးတွေ၊ ဂျူတီကုတ်အဖြူနဲ့ ဆရာဝန် ဆရာမတွေကိုမြင်ရမှ ငါ ဆေးရုံပေါ်ရောက်နေတာပါလားလို့ အထိတ်တလန့် ကျွန်မတွေးဖြစ်တယ်။ ပိုက်ဆံတွေ ကုန်တော့မှာပေါ့။ ဒါတွေကို အမေတို့ ဘယ်က ရှာမလဲလို့

**ဤကျောင်းနှင့်**
**စာသင်ခန်းများတွင်**
**သင့်အား**
**တက်ရောက်**
**သင်ကြားခွင့်**
**မပြုနိုင်တော့ပါ**
**ဆရာ၊ ဆရာမများနှင့်**
**ကျောင်းသား**
**ကျောင်းသူများ**
**ကြားတွင်လည်း**
**နေထိုင်ခွင့်မပြုနိုင်ပါ**
**ကျောင်းနှင့် မဖြစ်စင်နှ**
**ချုပ်ဆိုခဲ့သော**
**စာချုပ်များအား**
**ပယ်ဖျက်၍**
**သင့်အား**
**နည်းပညာ**
**တက္ကသိုလ်မှ**
**ထုတ်ပယ်**
**လိုက်သည်**
**သင်သွားလိုရာ**
**သွားနိုင်ပြီ**

တွေးမိရင်း ခန္ဓာကိုယ်ကို လူးလွန့်ဖြစ်တော့ ကျွန်မလက်က သွေးဖောက်ယူနေတဲ့ ဆရာမလေးဆီက 'ကိုင်ထားကြပါဦး' ဆိုတဲ့ သတိပေးသံကို ပီပီသသ ကြားဖြစ်တယ်။ မဖြစ်ဘူး၊ ကျွန်မ အိမ်ပြန်မယ်လို့ ပြောချင်ပေမဲ့ အသံကတစ်ချက်မျှ မထွက်။

စောစောက စကားကို ဒုတိယအကြိမ် စိတ်တိုဒေါသဖြစ်စွာ ပြန်ပြောနေတဲ့ ဆရာဝန်ကြီးမျက်နှာကို မရဲတရဲမော့ကြည့်ရင်း မျက်ရည်တွေက အလိုလို အိုင်ထွန်းလာတော့ မြင်ကွင်းတွေအားလုံး ဝေဝေဝါးဝါး။ 'မသိတာ မဟုတ်ပါဘူး ဆရာကြီးရယ်၊ မရှိတာပါ။ ချို့တဲ့စွာ ပညာသင်ပေးနေတဲ့ မိသားစုဘဝလေးမှာ ဆေးရုံတက်ဖို့ ငွေမရှိတာပါ။ ဒီကိစ္စမျိုးနဲ့ ဦးမျိုးကွင်းကြီးဆေးရုံ တက်တုန်းက ကျွန်မ ပါတာပေါ့။ ဆေးရုံကဆင်းတော့ ၁၀ သိန်းကြီးများတောင် ကုန်တာ ရှိစုရှိမဲ့ အကုန်ရောင်းရင်တောင် ကျွန်မတို့ဘဝမှာ အဲဒီ ၁၀ သိန်းဆိုတာကြီး…။ အဲဒါကြောင့် မရှိအားပြုပြီး ရွာက ဆေးမြီးတိုကုထုံးတွေကို မှီသုံးနေကြရင်း ကြာသွားတာပါ။ မသိတာ မဟုတ်ပါဘူး၊ မရှိတာပါ' ဆိုတဲ့ ကျွန်မ ဖြေရှင်းချက်တွေ ရင်ထဲမှာ အထပ်ထပ် အခါခါ။

ကျွန်မ မျက်ဝန်းထောင့်က မျက်ရည်စတွေကို ညင်ညင်သာသာ ထိတွေ့လာတဲ့ အေးမြမြ တစ်ရှူးစ အထိအတွေ့အဆုံးမှာ ကြည်လင်လာတဲ့ အမြင်အာရုံအဆုံး ဦးစွာမြင်ရတာက ဂျူတီကုတ်အဖြူနဲ့ ဆရာဝန်မလေး မျက်နှာ။

'သတိရလာပြီလား' ဆိုတဲ့ အသံအဆုံးမှာ ဝေဒနာခံစားချက်ကြားက ကျွန်မ ခေါင်းကို အသာညိတ်ပြဖြစ်ပါတယ်။ 'ဒီမှာ မစိုးရိမ်နဲ့ အားတင်းထား၊ မင်းကို ကိုယ်တို့ ရအောင်ပြန်ယူမယ်' ဆိုတဲ့ ဆရာဝန်မလေးရဲ့ အားပေးသံနဲ့ ယုံကြည်မှုအားမာန်တွေကို မြင်ရတော့ အားကိုးတကြီး မြောက်လာတဲ့ ကျွန်မလက်အစုံကို ဆုပ်ကိုင်လာတဲ့ ဆရာဝန်မလေးလက်အစုံက နွေးနွေးထွေးထွေး။

အားလုံးပြီးသွားချိန်မှာ စိုးရိမ်တကြီး တိုးကပ်လာကြ တဲ့ မိသားစုမျက်နှာ၊ ရွာသူ ရွာသားတွေရဲ့ မျက်နှာတွေကို ကြည့်ပြီး အသက်ကို ရှူသွင်း တော့ အိမ်မှာတုန်းကလို မွှန်းကျပ်၊ အောက်ဆီဂျင် ဘူးထဲကလေရဲ့ အတွေ့ကို စဉ် ကျွန်မအတွေးတွေက မဝေးလှတဲ့ အတိတ်ဆီကို ခရီးနှင်လို့…။

❑

၄။

အဲဒီနေ့မနက်က ကျွန် တို့ ပဲခြောက်ကောက်မ သူငယ်ချင်းမတွေ ၇ ယော လုံး ရွာတောင်ဖျား ဆန် အဟောင်းနားကနေ သော ရေကန် အဟောင်းကြီး ဖြတ်ပြီး မြစ်ရေတင်စီမံကိန်း ဆင့်ကန် ၂ ပေါင်ပေါ်က ယာခင်းဆီလျှောက်ကြ ခုံဖိနပ်သံတွေက စည်း ညီညီ တဒေါက်ဒေါက်နဲ့ တာဝါတိုင်တွေပေါ်မှာ ကြိုးတွေပေါ်မှာ ချိုးနီပုအ တွေက မဲမဲခဲခဲ။

ယာခင်းရှင် မမကြ သောက်ရေအိုးကြီး ခေါ် ပေါ်ရွက်လို့၊ ရှေ့ဆုံးက ရှင်လောင်းလှည့်သလို လေ။ ကြည်စင်နေတဲ့ ဥတုက တောင်ဘက်အ ဆီက ပုပ္ပားတောင်ပြာ ကြီးကို မြင်သာထင်သာ တာပေါ့။ အနောက်ကို ကြည့်ရင်တော့ စက်မှု အရှေ့စွန်းဆီ စေတီမှာ ရောင်တွေ ဝင်းလို့၊ စပါးခင်းတွေကို ဖြတ် လာတဲ့ ရိုးပြတ်ပုပ်နံ့ အေးမှာ ခါတိုင်း ကြား စက်မှုဇုန်ဆီက စက်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ငြိ ပါမလာတာလည်း ကျွန်မ သတိထားဖြစ်ပါရဲ့။ ခုတစ်လော စက်မှုဇုန်မှာ မီးခဏခဏ ပြတ်သတဲ့။ ဒါကြောင့် ဆီးစက်မှာ အလုပ်ဆင်းတဲ့ မိနီတို့ မညိုပုတို့လည်း ပဲခြောက်ကောက်လိုက်လာကြတာထင်ပါ့။

ယာခင်းအစပ်မှာ စုထိုင်တော့ မမကြူက လက်ဖက်ခွက်ကလေးရေ့ချပြီး တဘက်ကလေး ပခုံးပေါ်တင်၊ လက်အုပ်ချီပြီး ဦးတွေချလို့။ 'ယာတောလေးထောင့်စောင့်တဲ့ အရှင်ကောင်း အရှင်ကြီးများရှင့် လက်ဖက်ဦးနဲ့ ဆက်ပါတယ်၊ လက်ဖက်ကောင်းနဲ့ တင်ပါမြှောက်ပါတယ်။ အမှားအမှန် မယူပါနဲ့။ အမိုက်အမဲလေးတွေကို ခွင့်လွှတ်ပါ။ ပိုးကောင်မွှားကောင် ခြေခင်းလက်ခင်းများ ယယ်ပါ ရှားပါ'နဲ့ ပါးစပ်ကလည်း တတွတ်တွတ် ပြောနေ လုပ်နေတာတွေကြည့်ပြီး ဩော်… တို့ရွာက လူတွေ နှယ်လို့ အင်ဂျင်နီယာလောင်း တစ်ဖြစ်လဲ လယ်ကူလီမ ကျွန်မ ပြုံးတောင် ပြုံးမိသေးရဲ့။

တင်မြှောက်အပြီးမှာ မကြူက 'ဖြူနု ငါနဲ့ မြောင်းချင်းကပ်၊ အောက်ကို အရင်ကြည့်။ အောက်ပေါင်းက ရှုပ်ပါ်သနဲ့၊ ဟိုဘက်ရှားတောက တောမြိုးကြီး လည်တည်တာ ခိုကိုးရာမဲ့တဲ့အကောင်တွေ နီးရာအခင်းတွေထဲ ဝင်ခိုတတ်တယ်။ သတိထားကြ မွေးရာပါအသိနဲ့ လယ်သူကြီးက တိုက်ပွဲဝင်မယ့် စစ်ကြီးလို သူတပ်ဖွဲ့ဝင်ဖြစ်တဲ့ ကျွန်မတို့အားလုံးကို သတိပေးခဲ့သေးတာရယ်။

'ဟဲ့ ဂူဠျန်ဖြိုးအရပ်က အရှည်ကြီးဟဲ့၊ သေသွားတဲ့ သူကြီးအရပ်လောက် ရှိတယ်' ဆိုတဲ့ ညိုပုစကားကို 'မဟုတ်ပါဘူးဟာ၊ မြောက်ဘက်ရွာက ဦးတင်နွယ်အရပ်လောက် ရှိတာပါ' ဆိုတဲ့ မနီစကားအဆုံး ရယ်သံထွက်လုလု ကျွန်မပါးစပ်ကို လက်ဝါးနဲ့အချိန်မီ အုပ်တာတောင် 'အိ' ခနဲ တစ်ချက်တော့…။

မြောင်းတစ်ဝက်ရောက်တော့ တောရောက်တောင်ရောက် စကားတွေရပ်ပြီး စကားတွေအားလုံးက ညတုန်းက ကြည့်ကြတဲ့ F4 ကားပေါ် စုလို့ပုံလို့။ ဂူဠျန်ဖြိုးတို့ ဂင်ဂျန်ဒီတို့အကြောင်း အဝတ်အစားကအစ နောက်ခံ ရှုခင်းအဆုံး ပါးစပ်က အဆက်မပြတ်သလို လက်ကလည်း ဆိုးဆိုးဆတ်ဆတ် မြန်ကြလှတာမို့ ဘာမှဝင်မပြောနိုင်ဘဲ ပဲခြောက်တောင့်သာ အာရုံပြု ကြိုးစားနေတာတောင် သူတို့ကို မမီ။ အမြဲတမ်း နောက်နား နှစ်လံလောက်မှာ ကျန်ခဲ့သည်ချည်း။

တစ်ဖက်မြောင်းထိပ်ရောက်တော့ ကျန်တဲ့ ၆ ယောက်က ကျွန်မမြောင်းကို ဝိုင်းကူကောက်ရင်း ဘယ်သူမှ နှေးရကောင်းလားလို့ အပြစ်မမြင်၊ အပြစ်မတင်။ ဒါ ကျွန်မ မကျွမ်းကျင်တဲ့ အလုပ်မှန်း သူတို့သိပြီးသား။ အပျော်အပြုံးတွေနဲ့ ဝိုင်းလို့သာ ကူကြ၊ ကောက်ကြနဲ့…။

တစ်ယောက် ၄ မြောင်းပေါက်၊ လေးခါကူကောက်ပြီးတော့ ဒီတစ်ခါ မြောင်းပြန်အစမှာ အောက်ပေါင်းတွေက မြေကြီးကို မမြင်ရလောက်အောင် ထူထူထဲထဲ၊ ပေါင်းပင်ထိပ်ဖျားတွေပေါ် တိုးထွက်နေတဲ့ ပဲနောက်ပင်ထိပ်ဖျားက အသီးအခြောက်တွေက အောင်ရေဝထားလို့လား မသိဘူး။ တုတ်တုတ်ခဲခဲ၊ မည်းမည်းသည်းသည်း၊ ကောက်သချင့်ဖွယ် အပြွတ်လိုက်၊ အခိုင်လိုက်။ လက်ကို ယားလာစေသည်အထိ ဟောတစ်တောင့်၊ ဟော တစ်ခိုင်။

ရှေ့ကိုကြည့်တော့ သူတို့နှင့်ကျွန်မ လေးငါးလံမျှ ဝေးခဲ့ ကွာခဲ့ပြီ။ မြောင်းဆုံးတိုင်း ကူကောက်ပေးနေကြတော့ ကျွန်မ အားနာလှပြီ။ ဒီတစ်မြောင်းတော့ ကိုယ့်တာဝန်ကိုယ် ကျေချင်တာပေါ့။ ဒီတစ်ခါမီမှ ဖြစ်မည်လို့တွေးရင်း ကျွန်မ အသိအာရုံက ပဲခြောက်အပြွတ်အခိုင်မည်းမည်းကြီးတွေဆီမှာ စုလို့ ပုံလို့။ လာကြစမ်း။ ဘာရမလဲ၊ ဖြူနုတဲ့ကွနော်လို့ စိတ်ထဲမှာ ကြုံးဝါးဖြစ်သည်ထိ။

'ဖြီး' ခနဲ မာန်သွင်းသံကြီးရစဉ် ကြက်သီးတွေ ဖြန်းဖြန်းထပြီး အသက်ရှုရပ်သွားစဉ်ခဏ ကျွန်မ လှုပ်ရှားမှုတွေကလည်း အကြောက်ကြောက် အလန့်လန့် တုံ့ခနဲရပ်ဖြစ်တယ်။ ခြေသလုံးမှာ ခဲတစ်လုံး လာမှန်သလို ထုံးခနဲအထိ အတွေ့အဆုံးမှာ မီးစနှင့်ထိုးလိုက်သလို ပူခနဲဝေဒနာအဖြစ်က မျက်တောင်ခတ်လိုက်သလို မြန်လွန်းလှတာမို့…။ လူကြီးလက်မောင်းခန့် တုတ်တဲ့ မြွေကြီးက လက်တစ်ဝါးခန့် ပါးပျဉ်းကြီးကို ဖြန့်ကားလို့၊ ရဲရဲတောက်နေတဲ့ မျက်ဝန်းတွေက စူးစူးရဲရဲ၊ အနက်ရောင်တွေ အကွက်လိုက်ထနေတဲ့ ခန္ဓာကိုယ်ကြီးက ဘယ်ယိမ်းညာနွဲ့ တလှုပ်လှုပ်နဲ့။ မြွေ… မြွေဆိုတဲ့ ကျွန်မအော်သံက လည်ချောင်းထဲမှာ တစ်တစ်ဆို့ဆို့…။

အထိတ်တလန့် ကျွန်မအော်သံက ယာခင်းထဲမှသည် ဖိုးချမ်းထန်းတောထန်းပင်ထိပ်ဖျားတွေဆီထိ အပျံ့ပျံ့ အလွှင့်လွှင့်။ အထိတ်တလန့် ဝုန်းခနဲ ထပျံသွားတဲ့ ဗျိုင်းအုပ်တွေက ကျွန်မအော်သံကို ရွာဘက်ဆီ သယ်ဆောင်သွားရှာမယ်။ စိုးရိမ်တကြီး ပြေးလာတဲ့ သူငယ်ချင်းမတွေရဲ့ဟန်၊ မနီးမဝေးက နွားကျောင်းသားတွေကို အလန့်တကြား လှမ်းအော်ခေါ်နေတဲ့ မမကြူရဲ့ အသံ၊ လက်တွန်းထွန်စက်တွေကို စက်မသတ်ဘဲ ထားရစ်ခဲ့ပြီး နုန်းသားကျ လယ်ကွင်းတွေအားယူဖြတ်ပြေးပြီး ကျွန်မဆီလာနေကြတဲ့ ထွန်စက်မောင်းသမားတွေကို ငေးကြောင်ကြည့်ရင်း ထိတ်လန့်တုန်လှုပ်မှုများစွာနဲ့ ကျွန်မ ပုံကျသွားခဲ့တာရယ်လေ။

❑

၅။

သတိရတော့ ကျွန်မ တစ်ကိုယ်လုံး မီးပုံကြီးထဲ ဝင်နေရသလိုမျိုး ချစ်ချစ်တောက် ပူလောင်လွန်းလှပါတယ်။ ရေဆာသည်၊ ရေသောက်ချင်

www.burmeseclassic.com

လှပြီ။ လေးလံလွန်းသည့် နှုတ်ခမ်းတွေကို ဖွင့်ဟပြီး 'ရေ…ရေ'လို့ ကျွန်မ တမ်းတမိတယ်။ နှုတ်ခမ်းဝမှာ တွေ့လာရတဲ့ ရေရဲ့ အထိအတွေ့က ခန္ဓာကိုယ်ထဲက လိုအပ်နေတဲ့ အချိုးအစားနဲ့ မညီမျှလှ။ ဆက်သောက်ချင်ပေမဲ့ မရနိုင်တော့။ မျက်ဝန်းအားယူဖွင့်တော့ အချစ်ဆုံးသူငယ်ချင်းမက မို့အစ်နီရဲနေသော မျက်ဝန်းမျက်နှာနဲ့ ကျွန်မကို စိုက်ကြည့်လို့။

'T တစ်ချောင်း ဝယ်ချင်တာပဲ ဖြူနုရယ်၊ အဆင်မပြေရင် ငါ့ကို ပြောပါတော့လား။ အခုတော့ ၃၀၀၀ ကျော်တန် T တစ်ချောင်းနဲ့ အင်ဂျင်နီယာလောင်းအသက်လဲရမလို ဖြစ်နေပြီ'

စကားအဆုံးမှာ ပါးပြင်ပေါ် အိခနဲပြိုကျလာတဲ့ သူမမျက်ရည်တွေကို မကြည့်ရက်စွာ မျက်ဝန်းကို မှိတ်ဖြစ်တယ်။

'ပြောတော့ မအိရယ်။ ငါတို့ ကျောင်းသားသုံးယောက်ရဲ့တာဝန်ကို မချိမဆံ့ ရွက်နေရတဲ့ မမကြီးတို့ အမေတို့ကို မကြည့်ရက်တော့လို့ပါ။ ငါ့ T တစ်ချောင်းအတွက် ကုန်မယ့်ငွေကြေးကို အဖေ့ဆေးဖိုးလေး ခုစေချင်လို့ပါဟာ'လို့ စိတ်ထဲက တောင်းပန်ရင်း ဆို့နင့်လာတဲ့ရင်က အောက်ဆီဂျင်ဘူးထဲကလေကို အမှောက်မှောက် အမှားမှားဖြစ်စေတာလားမသိ။ အမှောင်ထုကြီးက ကျွန်မဆီ တဖြည်းဖြည်း ပြေးဝင်နေသလိုမျိုး လက်ကျန်အသိလေးထဲမှာ ကျွန်မ အတွေးတွေက မနေ့

**အဲဒီနေ့က ဆေးရုံကြီး တစ်ခုလုံး ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ မျက်ရည်တွေဖုံးလို့ ဖြူစင်နုရဲ့ အချစ်ဆုံး သူငယ်ချင်း ကျောင်းသူမလေးက ဖြူစင်နုအတွက် ဝယ်လာတဲ့ T အသစ်လေးကို ကိုင်ပြီး ဆတ်ဆတ် တုန်နေတဲ့ ကြေကွဲမှုတွေနဲ့ ဆေးရုံ နံရံကြီးကို မှီလို့**

တစ်နေ့က မနက်ခင်းဆီကို…။

❏

၆။

ကျွန်မ အိမ်ရောက်တော့ ရွာရဲ့ ရှေးဦးသူနာပြုဆရာ အရီးကြွက်က ဘလိတ်ဓားကို မီးကင်ပြီး ဒဏ်ရာပေါ်ခွဲချတော့ မျက်မျက်သက်သက် နာလှအောင် ခံစားရတယ်။ ဆေးထိုးအပ် စလင်းတုတ်တုတ်ကြီးကို လေထုတ်၊ တွင်စုပ်တော့ လေစုပ်အားနဲ့ တဖြည်းဖြည်း စုပ်ယူနေတဲ့ စလင်းတုတ်တုတ်ကြီးရဲ့ ထိပ်မှာ ကျွန်မခြေသလုံးသားက မို့မို့အစ်အစ် ဓားခွဲဒဏ်ရာထဲကနေ စိမ့်ယိုထွက်လာတဲ့ သွေးတွေထဲမှာ မြွေဆိပ်တွေ ပြန်ပါနိုင်တာမို့ ဆေးရုံတက်ရမယ့် အရေးနဲ့ ဝေးရန် ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ဝေဒနာမျိုးစုံကို ကျွန်မ အံကြိတ်ခံဖြစ်တယ်။

ချွေးခံတောင်းမပါ၊ ခေါင်းခုကို လက်ကကိုင်ပြီး၊ ဆံပင်ဖားရားဖိုသီဖတ်သီ ပြေးဝင်လာတဲ့ မမကြီးနဲ့ အမေ့ရင်အစုံကို ဖားဖိုတစ်ခုလို နိမ့်တုံမြင့်တုံ လှိုက်ဖိုမောနေတာကို မြင်ရတော့ ငိုချင်စိတ်ကြောင့် ကျွန်မမျက်ရည်က ဝဲခနဲ ဝေ့မိတယ်။ 'သမီး ဖြူနု ဖြစ်ရလေ ငါ့သမီးရယ်'ဆိုတဲ့ အမေ့အသံက ဆို့ဆို့နင့်နင့်ကြီး၊ 'T ဖိုးလိုရင် ငါ့ကို ပြောပါလား ဖြူနုရယ်၊ ညည်းတောင်းတိုင်း မမကြီးက ဘယ်တုန်းက ငြူစူလို့တုံး ဖြူနုရဲ့၊ အမိုက်မရဲ့' ဆိုတဲ့ ကရုဏာဒေါသနဲ့ စကားအဆုံးမှာ မြေကြီးပေါ် တုံးခနဲလှဲပြီး လူးလိမ့်ငိုတော့ ကျွန်မမျက်ရည်တွေက တလိမ့်လိမ့် ပါးပြင်ပေါ်မှာ။

'၆ တွင်လုံး အဆိပ်မပါဘူး၊ ဆေးရုံပို့ဖို့ ပြင်ကြတော့' ဆိုတဲ့အသံက ကျွန်မ အကြောက်ဆုံး အဆုံးအဖြတ်၊ ကျွန်မအကြောက်ဆုံး အခြေအနေ။ ဆိုင်ကယ်တစ်စီးပေါ်က ဆင်းလာတဲ့ ဆရာက ပယောဂဆရာတဲ့။ အမြန်ပြင်တဲ့ ကန်တော့ပွဲထဲက အမွှေးတိုင်မီးခိုးငွေ့တွေထဲမှာ အမှားရနံ့တွေက သင်းလို့ပျံ့လို့။

အဲဒီနား လူပျိုကြီး ကန်နားက ထန်းပင်မှာနေတဲ့ နွား ကျောင်းရင်း မြွေကိုက်သေတဲ့ လူပျိုကြီး သရဲက ကျွန်မကို လိပ်ပြာလှလို့ ခေါ်ထားဖို့ မြွေစီးပြီး ကိုက်လိုက်တာ ဆိုပါရောလား။ ဝေဒနာကြား က ရယ်ချင်စိတ်ကို ကျွန်မ မနည်းအောင့်ထားရတယ်။ 'ပယောဂဆရာ ရှင်ကုနေတဲ့ လူနာက B.E ဘွဲ့ယူတော့မယ့် အင်ဂျင်နီယာဆိုတာ သိရဲ့လားလို့' မေးချင်ပေ မဲ့…။

'ကျွန်မကို ဆေးရုံ မြန် မြန် ပို့ကြပါတော့'လို့ ရင်ထဲ က ပေါက်ပေါက်ကွဲ ကွဲ တောင့်တသံက ငွေကြေးတွေ ရဲ့ ခြိမ်းခြောက်မှုအောက်က တိမ်လို့၊ နစ်လို့၊ မြုပ်လို့သာ ရယ်ပေါ့။

❏

၇။

ဖြူဖြူဖွေးဖွေးအုတ်ရိုး တန်းကြီးရဲ့ရှေ့မှာ စိမ်းညို့ ညို့သစ်ပင်ကြီးတွေကတန်း လို့၊ ဘက်ဖိုးအသစ်ကြီးရဲ့ စက်သံကလည်း ဆူဆူညံလို့။ စက်မောင်းကို အဲဒီသစ်ပင် ကြီးတွေလှဲဖို့ ကျွန်မ အမိန့် ပေးနေတုန်း စကားပြောစက် ကိုင်ထားတဲ့ ကိုကြီးက ဖျတ် ခနဲ ကျွန်မအနားကို ရောက် လာတယ်။ 'မင်း ဒါဘာလုပ် တာလဲ ဖြူနု'ဆိုတဲ့ ကိုကြီး အသံက ဒေါသလှိုင်းတွေနဲ့။ 'လှဲပစ်မလို့လေ၊ ဒါရိုက်တာ ကိုယ်တိုင်လှဲပစ်ဖို့ အမိန့်ပေး ထားတာ'ဆိုတဲ့ ကျွန်မအော် သံက ဆူညံနေတဲ့ စက်သံကို ဖုံးမတတ်၊ လွှမ်းမတတ်။

'ဒါ ခြံစည်းရိုးနဲ့ လွတ် နေတဲ့အပင်တွေလေ၊ လှဲ မလိုအပ်တာ။ အဲဒီအပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တွေအောက်မှာ ဟိုက်ဝေးကားနဲ့ ခရီးသည်တွေ နေခိုကြတယ်၊ အနီးအပါးက ခရီးသွားတွေ နေခိုကြတယ်၊ မင်းပြန်တင်ပြပါလား။ အဲဒီလူတွေက ဒီအပင်တွေကိုလှဲ၊ သစ်ထုတ်ပြီး သူတို့ဂိုဒေါင်တွေမှာ ကိုယ်ကျိုးအတွက် သုံးကြမှာ။ အဲဒါကို မင်းတကယ် မသိတာလား၊ မသိဟန်ဆောင်တာလား' ဆိုတဲ့ ကိုကြီးအသံတွေက ရှူးရှူးရှရှ။

'အဲဒါတွေ ဖြူနု မသိချင်တော့ဘူး ကိုကြီး၊ အဖေတို့ အမေတို့ မိသားစုလေးကို ဆင်းရဲတွင်းက ဆွဲထုတ်ဖို့ အမိန့်တွေကို ဖြူနု နာခံရတော့မှာပဲ။ အခု ဖြူနုက ကိုကြီးရဲ့ အထက်အရာရှိ၊ အဲဒါကြောင့် ဖြူနုအမိန့်ကို ကိုကြီး နာခံပါ၊ ဝင်မပါပါနဲ့' ဆိုတဲ့ ကျွန်မ ပြန်အော်သံကလည်း ရှူးရှူးရှရှ။

'ဒီမှာ အင်ဂျင်နီယာမကြီး ဒေါ်ဖြူနုရဲ့ ငါတို့ ကျောင်းသားဘဝ T ကို စကိုင်ကတည်းက တိကျသေချာတဲ့ စည်းကမ်းသတ်မှတ်ချက်တွေအကြောင်း အစဉ်တစိုက် လေးစားလိုက်နာခဲ့ကြတာ။ အမိန့်တွေကို လိုက်နာဖို့ ဘယ်ဆရာ၊ ဆရာမမှ မသင်ပေးခဲ့ဘူး။ တို့များ အင်ဂျင်နီယာပညာဆိုတာ လောကကို အလှဆင်ဖို့၊ လောကအလှကို ဖျက်ဆီးဖို့ မဟုတ်ဘူး။ အင်ဂျင်နီယာဖြစ်ပါလျက်နဲ့ အမိန့်နဲ့ စည်းကမ်းသတ်မှတ်ချက်ကို ခွဲခြားမသိတဲ့နင့်ကို ငါမုန်းတယ်'

စကားအဆုံးမှာ နာနာကျင်ကျင်မျက်နှာနဲ့ ပြေးထွက်သွားတဲ့ ကိုကြီးကို စိုးရိမ်တကြီး ဟစ်အော်ခေါ်မိတာ အခါခါ။ ကိုကြီးက လှည့်မကြည့်၊ ကျွန်မနဲ့ ဝေးရာကိုသာ တရွေ့ရွေ့…။ ❑

၈။

ညည်းညူအော်ဟစ်သံနဲ့ လူးလွန့်လှုပ်ရှားလာတဲ့ ကျွန်မခန္ဓာကိုယ်နဲ့ အသိတရား ပြန်ပေါင်းမိတော့ စိုးရိမ်တကြီး ဝိုင်းကြည့်နေတဲ့ ဆရာ၊ ဆရာမတွေမျက်နှာ၊ မေဂျာတစ်ခုလုံးက သူငယ်ချင်းတွေရဲ့မျက်နှာတွေက ဝိုင်းလို့ဝန်းလို့။ စောစောကအဖြစ်က မသိစိတ်မှာ ခိုဝင်လာတဲ့ အိပ်မက်ဆန်ဆန် အဖြစ်ပါလားလို့ တွေးမိရင်း မျက်နှာပြင်တွေများစွာထဲမှာ ကိုကြီးကို ရှာကြည့်တော့ မတွေ့။

'နေသာရဲ့လား သမီး' ဆိုတဲ့ မေဂျာဆရာမရဲ့ အမေးကို မဖြေဖြစ်၊ ရင်ထဲ မွန်းကျပ်လွန်းပါဘိ၊ ပူလောင်မှုတွေက ဆင့်ကဲဆင့်ကဲ။ စက်မှုအထက်တန်းကျောင်းတက်နေတဲ့ မောင်လေးတို့အတန်းက ကျောင်းသူတစ်ယောက်ရဲ့ဈာပနကို ကျွန်မသွားတော့ သုသာန်မှာ ကျောင်းအုပ်ကြီး အမိန့်ပြန်တာကို ကျွန်မ ဖျတ်ခနဲ သတိရတယ်။ ဘုရားရေ၊ ခုလည်း ကျွန်မဘေးနားမှာ ဆရာတွေဝိုင်းလို့၊ မွန်းကျပ်ပူလောင်တဲ့ ဝေဒနာတွေကြားက အမိန့်တွေ…။ လူသားတွေအားလုံး မဖြစ်မနေ လိုက်နာရမယ့်အမိန့်တဲ့…ကိုကြီး နောက်ဆုံးပြောခဲ့တာပဲ။ ဒါအကြောင်းမဲ့မဟုတ်။ စဉ်းစားစမ်း ဖြူနု၊ နောက်ဆုံးအချိန်မှာ အသိတရားတွေကိုစုပြီး ကျွန်မကိုယ့်ကိုယ်ကို အားပေးဖြစ်တယ်။ ကံကြမ္မာ…။ အို ဟုတ်ပါရဲ့။ ကံကြမ္မာအမိန့်…။ ကျွန်မတို့အားလုံး လွန်ဆန်လို့ မရတာ ကံကြမ္မာရဲ့အမိန့်လေ။ ကျွန်မ ကြည်နူးကျေနပ်မှုတွေနဲ့ နောက်ဆုံးချမှတ်တော့မယ့် ကံကြမ္မာအမိန့်ကို စိတ်ထဲမှာ ပြုံးပြုံးလေး ပုံဖော်ကြည့်နေမိတယ်။

မဖြူစင်နု B.E (Civil) သိစေရန် အောက်ဖော်ပြပါ အမိန့်အား ချမှတ်လိုက်သည်။ သင်သည် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့ပြီဖြစ်၍ သင့်အား နည်းပညာတက္ကသိုလ်မှ အပြီးအပိုင် ထုတ်ပယ်လိုက်သည်။ ဤကျောင်းနှင့် စာသင်ခန်းများတွင် သင့်အား တက်ရောက်သင်ကြားခွင့် မပြုနိုင်တော့ပါ။ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကြားတွင်လည်း နေထိုင်ခွင့်မပြုနိုင်ပါ။ ကျောင်းနှင့် မဖြူစင်နု ချုပ်ဆိုခဲ့သော စာချုပ်များအား ပယ်ဖျက်၍ သင့်အား နည်းပညာတက္ကသိုလ်မှ ထုတ်ပယ်လိုက်သည်။ သင်သွားလိုရာ သွားနိုင်ပြီ။ ပုံ-ကျောင်းအုပ်ကြီး ဒေါက်တာ ညီညီထွန်းတဲ့လေ။

မလုပ်ပါနဲ့ ဆရာကြီးရယ်။ ကျွန်မ အင်ဂျင်နီယာဖြစ်ဖို့ ၄ လပဲ ကျန်တော့တယ်။ ဆင်းရဲတဲ့မိသားစုလေးကို ကျွန်မ ပညာနဲ့ ပြန်ကယ်ရဦးမှာပါ။ ဆရာမ၊ ဆရာကြီးကို ပြောပေးပါဦး။ ဖြူနု မသွားပါရစေနဲ့၊ ဒီနည်းနဲ့ ကျောင်းကို မခွဲပါရစေနဲ့လို့ တောင်းပန်လို့ရော ရပါမည်တဲ့လား။

မအိတို့၊ မယုတို့၊ ကိုလင်းတို့၊ အထွန်းတို့ ငါ့ကို ကယ်ကြပါဦး။ နင်တို့ ငါ့ကို ချစ်တယ်ဆို၊ ခု ဆရာကြီးက ငါ့ကို နှင်ထုတ်နေပြီ။ ငါ နင်တို့နဲ့ခွဲပြီး အဝေးကြီးကို မသွားပါရစေနဲ့လို့ တောင်းပန်လို့ရော ရပါဦးမည်တဲ့လား။ ကျွန်မ နောက်ဆုံးဝင်လေကို အားပါးတရ ရှိုက်သွင်းပြီး ကံကြမ္မာအမိန့်ဆိုတာကြီးကို ထွေးပွေ့မိချိန်။ ပြန်မထွက်တော့တဲ့ ဝင်လေက ကံကြမ္မာအမိန့်ဆိုတာကြီးနဲ့အတူ ကျွန်မကိုယ်ထဲ ဝဲလည်လှည့်လို့သာရယ်ပေါ့။

အဲဒီနေ့က ဆေးရုံကြီးတစ်ခုလုံး ဆရာ ဆရာမတွေနဲ့ ကျောင်းသားကျောင်းသူတွေရဲ့မျက်ရည်တွေဖုံးလို့၊ ဖြူစင်နုရဲ့ အချစ်ဆုံးသူငယ်ချင်း ကျောင်းသူမလေးက ဖြူစင်နုအတွက် ဝယ်လာတဲ့ T အသစ်လေးကိုကိုင်ပြီး ဆတ်ဆတ်တုန်နေတဲ့ ကြေကွဲမှုတွေနဲ့ ဆေးရုံနံရံကြီးကို မှီလို့။

'အမေတို့ ဆင်းရဲတွင်းနက်လို့ ငါ့သမီးလေး သေရတာ၊ T တစ်ချောင်းအတွက် ငွေ ၃၀၀၀ ကျော်နဲ့ ငါ့သမီး အသက် လဲလိုက်ရတာပါ သမီးရယ်' ဆိုတဲ့ ကုန်စိမ်းသည်မကြီးရဲ့ ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့် အသံအဆုံး…။

သင်္ချိုင်းကို မြင်ဖန်ရများနေတဲ့ ဆေးရုံကြီးကတော့ သူနဲ့ ဘာမှ မဆိုင်သလို မတုန်မလှုပ်၊ ကျောက်ရုပ်။ ■

**အောင်ဖြိုးကျော်၊ ပခုက္ကူ**



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၉၄၊ မေ၊ ၂၀၁၄

ဒီလမှာ အရေးအသားပိုင်းရော၊ အကြောင်းအရာပိုင်းမှာပါ မှုကွဲအောင် ကြိုးစားကြတဲ့ စာမူအရေအတွက်များလာတာမို့ ဝမ်းမြောက်ပါတယ်။ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ဆိုတာကို ကိုယ့်ရဲ့ဖန်တီးမှုအနုပညာအစွမ်းနဲ့ အကောင်းဆုံးကာကွယ်မြှင့်တင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

၁။ *ပြဒါးမှဲ့ မှန်တစ်ချပ်*

ခေမံ

အရေးအသား သင့်ပါတယ်။ အကြောင်းအရာအရ ထူးခြားမှုမရှိဖြစ်နေပြီး ဆွဲဆောင်မှုအားနည်းနေတာကြောင့် စာမူကောင်းဖြစ်မလာပါဘူး။ စကားပြေ၊ စကားပြောအရောအထွေး အနည်းငယ်ရှိနေပါတယ်။ ကြိုးစားပါဦး။

၂။ *ဟင်းတစ်ခွက်နဲ့သမိုင်း*

ငြိမ်းချမ်းဇော်

စကားပြေ၊ စကားပြောရောနေပြီး ပြောချင်တာရှိပေမဲ့ အနုပညာမြောက်မြောက် ဆွဲဆောင်မှုရှိရှိ မရေးနိုင်သေးတာ တွေ့ရပါတယ်။ ကြိုးစားပါဦး။

၃။ *စိတ္တဇဖုန်း*

ကြည်ဖြူသန့်စင်အောင်(တောင်ကြီး)

အရေးအသား၊ အကြောင်းအရာအားလုံး အားနည်း သလို ဆွဲဆောင်မှုမရှိပါဘူး။ စာများများ ဖတ်ပါဦး။

၄။ *တောင်တန်းတွေကို ဖျောက်တဲ့မြူ*

လင်းသစ်တည်(ကျုံပျော်)

အရေးအသားပြေပြစ်ပေမဲ့ ဆွဲဆောင်မှုအားနည်း စာမူတစ်ပုဒ် ဖြစ်ပါတယ်။ အကြောင်းအရာက စိတ်ဝင်စား ကောင်းပေမဲ့ အရေးအသား လေးပင်နေတဲ့အတွက် အားနည်းသွားရတာ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၅။ *ဟိုတုန်းက တို့နှစ်ယောက်*

မြင့်မြင့်ကြည်(မန္တလေး)

မန္တလေးဆရာအတတ်သင်သိပ္ပံကျောင်းနောက်ခံ စာ တစ်ပုဒ်ဖြစ်ပြီး အရေးအသားမှာ အဖွဲ့အနွဲ့အားနည်းသ အမှတ်ရကြောင်းအပြင် တခြားထူးခြားတဲ့ အကြောင်းအ ရယ်လို့ မထင်ရှားလှပါဘူး။ စကားပြောသလို စာကိုရေး စကားပြောဟန်ရေးနည်း မဖြစ်တာကို သတိထားစေချင် တယ်။

၆။ *ပိတောက်တောင်တန်း*

ပြုံးနွဲ့နွဲ့ဝါ



www.burmeseclassic.com

www.burmeseclassic.com

အရေးအသားပြေပြစ်ပေမဲ့ ဇာတ်ကွက်ဆင်ပုံ၊ ဖွဲ့နွဲ့ပုံတွေ လေးပင်နေတဲ့အတွက် စာမူကောင်းတစ်ပုဒ်ဖြစ်မလာပါဘူး။ ကြိုးစားပါဦး။

၇။ *အမြင်မှန်*

**ကျုံပျော်-စိုးလွင်(ပညာရေး)**

ဆောင်းပါးဆန်တဲ့အရေးအသားနဲ့ တင်ပြပုံမျိုးဖြစ်ပါတယ်။ ရသအနုပညာဖြစ်ဖို့ ကိုယ်ပြောချင်တာကို အနုပညာမြောက်မြောက် ပြောနိုင်အောင် အားထုတ်စေချင်ပါတယ်။

၈။ *မျက်လှည့်*

**အားသစ်(ဇဂျမ်း)**

ပြောချင်တဲ့အကြောင်းအရာက အားကောင်းပေမဲ့ တင်ပြပုံက ဆောင်းပါးဆန်သလို ဖွဲ့နွဲ့ပုံကလည်း အနုပညာအားနည်းနေပါတယ်။ စာဖတ်သူကို အစကနေ အဆုံး ဖမ်းစားခေါ်ယူသွားဖို့ဆိုတာမှာ မက်ဆေ့ချ်ပေးရုံနဲ့ မလုံလောက်ဘူးဆိုတာကို သတိပြုစေချင်ပါတယ်။ ဇာတ်ကောင်စရိုက်ကို အားပြုပြီး ဖွဲ့ရမယ့်ဇာတ်မျိုးကို ရွေးထားပေမဲ့ ဇာတ်ကောင်ကို ရုပ်လုံးကြွလာတဲ့အထိ မဖွဲ့နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဇာတ်ကွက်ဆင်ပုံကို နားလည်ထားသူပီပီ ထပ်မံကြိုးစားစေချင်ပါတယ်။

၉။ *တစ်နေ့နေ့တဲ့လား…*

**အပြောချို(လူထုစာကြည့်တိုက်)**

ရိုးစင်းလှတဲ့ အတွေးလေးကို အင်မတန်ရိုးစင်းစွာဖွဲ့ထားတဲ့ စာမူတစ်ပုဒ်ဖြစ်နေပါတယ်။ စာများများဖတ်ပြီး ကြိုးစားပါဦး။

၁၀။ *လူနှင့် သူ၏ဝေဒနာ*

**သုဒ္ဓ**

အပြန်အလှန်စကားပြောတွေကို အားပြုပြီး ရေးဖွဲ့ထားတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ ပြောချင်တာတွေ အများကြီးဖြစ်နေတဲ့အခါမျိုးမှာ အနုပညာမြောက်မြောက် ရေးဖွဲ့ဖို့ အခက်အခဲရှိတယ်ဆိုရင် ကောင်းတာကတော့ ဆောင်းပါးရေး လိုက်ဖို့ပဲဖြစ်ပါတယ်။ ဝတ္ထုတိုဆိုတာ ရသအနုပညာလက်ရာဖြစ်တာမို့ မက်ဆေ့ချ်ပေးချင်ရုံနဲ့ ဝတ္ထုဖြစ်အောင် ရေးဖို့ဆိုတာ သဘာဝမကျပါဘူး။

၁၁။ *ကိုရင်သီဟ*

**အောင်သွေးလက်(မြစ်ခြေ)**

ဘုရားဟော သုတ္တန်တစ်ခုကို ဝတ္ထုဖြစ်အောင် ပြန်ရေးထားတာမျိုး ဖြစ်နေပါတယ်။ ဝတ္ထုလည်း ဖြစ်မသွားပါဘူး။ ဆောင်းပါးအဖြစ် ရေးလိုက ရေးနိုင်တဲ့ အကြောင်းအရာမျိုးသာ ဖြစ်ပါတယ်။ ဝတ္ထုများများ ဖတ်ပါ။

၁၂။ *မြေဆိုးသတ်ပွဲ*

**လှမြိုင်အေး(စဉ့်ကူး)**

စကားပြေ၊ စကားပြော အရေးအနေအထားများပြားသလို အဖြစ်အပျက်တစ်ခုကိုသာ ပုံဖော်ရေးသားထားတာဖြစ်ပြီး အရေးအသားအားနည်းချက်ကြောင့် အသက်မဝင်ပါဘူး။ စာများများဖတ်ပြီးမှ စာရေးပါ။

၁၃။ *ကျူပ်ဆရာဖွတ်ကြား ဖြစ်ရတဲ့အကြောင်း*

**ညီစောရန်နောင်**

ပြောချင်တာရှိပေမဲ့ အရေးအသားနဲ့ တင်ပြပုံအားနည်းချက်ကြောင့် အားနည်းရတဲ့စာမူဖြစ်ပါတယ်။ စာမူပေးပို့ပြီး နောက်ပိုင်းမှာမှ ထပ်မံဖြည့်စွက်လိုတာကို စာတစ်စောင်သီးခြားပေးပို့ထားတာကိုလည်း တွေ့ရပါတယ်။ ဒီလို စာပိုဒ်နှစ်ပိုဒ်လောက် ပြင်ဆင်ဖြည့်စွက်ဖတ်ပေးပါလို့ တောင်းဆိုတာဟာ လက်တွေ့မကျဘူးဆိုတာကိုလည်း သတိထားစေချင်ပါတယ်။ နောင်ကို ပြင်ဆင်လိုတာရှိရင် စာမူအစအဆုံး ပြန်လည်ပေးပို့မှပဲ ကိုယ်ဖတ်စေချင်တဲ့အတိုင်း ဖတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ သတိထားစေချင်ပါတယ်။ *(ယခုစာမူကို ပြန်လည်ပေးပို့ရန် မလိုပါ။)*

၁၄။ *အဲဒီနေ့က မိုးရွာခဲ့တယ်*

**လှသစ်**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

ရွှေအမြုတေ ချပ်စုံမဂ္ဂဇင်း
အမှတ် ၂၉၄၊ မေ၊ ၂၀၁၄

အရေးအသားသင့်ပေမဲ့ စကားပြေ၊ စကားပြောရောနေတာတချို့ရှိပြီး ဆွဲဆောင်မှုအားနည်းတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ အကြောင်းအရာလည်း ရိုးစင်းနေပါတယ်။

၁၅။ *ဂီဂီ*

**မောင်သာနိုင်(မကွေး)**

ခွေးတစ်ကောင်အကြောင်း ရေးဖွဲ့ထားတာဖြစ်ပြီး ဆွဲဆောင်မှုအားနည်းလှပါတယ်။ အရင်ထက်စာရင်တော့ ဝါကျတွေ ပိုပြီးရှင်းလင်းပြတ်သားလာပါပြီ။ ကြိုးစားပါဦး။

၁၆။ *သွီးအေးမွန်ကို*

**ညညြ(ဝန်းသို)**

ရွှေအသစ်ကဏ္ဍကို ပေးပို့မယ်ဆိုရင် ဝတ္ထုဖြစ်ဖို့ လိုပါတယ်။ ဆောင်းပါး တွေကို ရွှေအသစ်ကဏ္ဍမှာ ရွေးချယ်ဖော်ပြမှာ မဟုတ်ပါဘူး။ အခုပေးပို့လာတဲ့ စာမူကလည်း သမီးတစ်ယောက်ကို စာပေနယ်ပယ်အကြောင်းနဲ့ စာပေအတွေ့အကြုံအကြောင်း ဆုံးမစကားပြောကြားထားသလို ရေးဖွဲ့ထား[...]ခြင်းသာဖြစ်ပြီး ဝတ္ထုမဟုတ်ပါဘူး။ ဝတ္ထုများများဖတ်ပြီး[...] ဝတ္ထုရေးဖို့ ကြိုးစားပါ။

၁၇။ *သူ့ဘဝ အရုဏာ*

**AS ပိုင်**

အရေးအသား အီနေတဲ့စာမူဖြစ်ပါတယ်။ ပြောချင်တာ[...] စာဖတ်သူအာရုံ စုစည်းသွားနိုင်အောင် မကြိုးစားနိုင်ခဲ့ပါဘူး။ ကြိုးစားပါဦး။

၁၈။ *မြို့အရိပ် မြို့အယောင်*

၁၉။ *ဓာတ်လမ်း ကိုယ်တိုင်ရေးတဲ့ ဓာတ်လမ်း*

**မိုးအိမ်လူ**

စာရေးကောင်းပါတယ်။ ဒါပေမဲ့ စကားပြေ၊ စကား[...] ရောနေပုံက တမင်လုပ်ထားတာလို့ ယူဆရပြီး ရောပုံမလှ[...] လို့ပဲ ပြောပါရစေ။ **မြို့အရိပ် မြို့အယောင်** က စိတ်ဝင်စား[...] ကောင်းပေမဲ့ ဒီထက်ပိုပြီး လှလှပပ သပ်သပ် ရပ်ရပ်ဖြစ်[...] ပိုကောင်းမယ်လို့ ယူဆပါတယ်။ **ဓာတ်လမ်း ကိုယ်တိုင်**[...] ကလည်း တီထွင်ဖန်တီးလိုစိတ်များပေမဲ့ စာပိုဒ်လုံး[...] မခွဲထားတဲ့အတွက် စာဖတ်သူကို အာရုံထွေပြားစေပြီး လို[...] ရသခံစားမှု မရနိုင်ဘဲ ဖြစ်သွားစေပါတယ်။ ကြိုးစားပါဦး။

၂၀။ *အချစ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်*

၂၁။ *ဖြောင့်ချက်*

**ညတာရာလင်း(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

စာရေးကောင်းပါတယ်။ **အချစ်၏ အဓိပ္ပာယ်...** က တော့ အပြန်အလှန်စကားပြောကို အားပြုလွန်းတဲ့အတွက် ဇာတ်ကောင်စရိုက်ဖော်တာ အားနည်းသွားပါတယ်။ **ဖြောင့်ချက်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၂။ *နီးလျက်ဝေးသူများ*

၂၃။ *မုန်ကန်မှုမျက်နှာစာ*

၂၄။ *ဖုန်းဆိုင်*

ဥသြ(ချယ်ရီမြေ)

စာရေးကောင်းပါတယ်။ **မုန်ကန်မှု...** က အချစ်ဝတ္ထုတစ်ပုဒ်သာဖြစ်ပြီး **ဖုန်းဆိုင်** က ပြောချင်တာကောင်းပေမဲ့ ရေးဖွဲ့ဖူးနေကျဖြစ်တဲ့ အတွေးမျိုး၊ အကြောင်းအရာမျိုး ဖြစ်နေပါတယ်။ **နီးလျက်ဝေးသူများ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

နောက်ထပ် ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

-ဂျူပီတာ ရဲ့ *ဟင်းတစ်ခွက်နဲ့ သမိုင်း*

-ဇော်သစ်(စကုကျွန်း) ရဲ့ *အစိမ်းသက်သက် အိပ်မက်*

-မိုးခကျော်သွင် ရဲ့ *ခြေလှမ်းများ*

-မိုးထက်ကျော်(ကွင်းကောက်) ရဲ့ *အိပ်မက်လှလှ မက်ပါစေ*

-ညီစု ရဲ့ *ရာသီမှာ ပွင့်တဲ့ပန်း* နဲ့ *အမှောင်ကို အရောင်ခြယ်ထားတဲ့ အလင်း* တို့ဖြစ်ပါတယ်။

❑

*ဆရာ ဥသြ(ချယ်ရီမြေ)ရေးသားတဲ့ 'နီးလျက်ဝေးသူများ'စာမူက မျက်မှောက်ခေတ်ကာလမှာ ကြုံတွေ့နေရတဲ့ ထိုင်စရာ မြေယာမဲ့သူများအကြောင်းကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ခေတ်ပြိုင်ခံစားမှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ စာရေးအဖွဲ့မျိုးကို မျက်မှောက်ကာလမှာ ရေးဖွဲ့ရမှာပါ။ ဒါပေမဲ့ 'နီးလျက်ဝေးသူများ'ကို ဖွဲ့ဆိုရာမှာ ရှိသင့်တဲ့အားမျိုး မပြည့်စုံသေးတာကြောင့် ကျွန်တော် မသုံးဖြစ်သေးပါ။*

*ဆရာ ညီစုရဲ့ 'ရာသီမှာပွင့်တဲ့ပန်း'ဝတ္ထုက အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ရွှေနှလုံးသားကဏ္ဍမှာ သင့်တော်ရာလမှာ ဖော်ပြပေးပါမယ်။*

*ဆရာ မိုးခကျော်သွင်ရဲ့ 'ခြေလှမ်းများ'ဝတ္ထုက ဒီနေ့ခေတ်လူငယ်များ ကျောင်းတက်ရမယ့်အချိန်မှာ အင်တာနက်ဆိုင်သွားပြီး ဂိမ်းကိုသာ စွဲစွဲမြဲမြဲ ကစားနေခြင်းကြောင့် ကျောင်းတက်ရက်မပြည့်၊ စာမေးပွဲမအောင်တဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက်အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး အားကောင်းစေချင်ပါတယ်။*

*ဆရာ ဇော်သစ်(စကုကျွန်း)ရဲ့ 'အစိမ်းသက်သက်အိပ်မက်'ဝတ္ထုက ရပ်ကွက်ထဲမှာ ရေထမ်းရောင်းရတဲ့ ဖိုးမောင်နဲ့ တခြားသူများကို အားကျပြီး ဘိုးဘွားပိုင်အိမ်ကိုအပေါင်ထားကာ နိုင်ငံခြားကို အလုပ်သွားလုပ်ဖို့ စိတ်ကူးယဉ်ကြတဲ့အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ကျွန်တော် အားမရပါ။*

*ဆရာမ ဂျူပီတာရဲ့ 'သို့...အတွက်'ဝတ္ထုက အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ထုံးစံအတိုင်း မြို့နီးချင်း မမတစ်ယောက်ကို ကျိတ်ပြီးစွဲလမ်းမိတဲ့ ဆယ်ကျော်သက် လူငယ်တစ်ဦးရဲ့ ခံစားချက်ကို ရေးဖွဲ့ထားတာပါ။ ကျွန်တော် စိတ်တိုင်းမကျပါ။ ဒါကြောင့် ဒီလမှာ ရွှေအသစ်များအဖြစ် ဆရာညီစုရဲ့ 'အမှောင်ကို အရောင်ခြယ်ထားတဲ့အလင်း'၊ ဆရာ မိုးထက်ကျော်(ကွင်းကောက်)ရဲ့ 'အိပ်မက်လှလှမက်ပါစေ'၊ ဆရာ ညတာရာလင်း(ထားဝယ်)ရဲ့ 'ဖြောင့်ချက်'တို့ကို ဖော်ပြပေးလိုက်ပါတယ်။*

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# မိုးထက်ကျော် ၊ ကျွန်းစုကကာ၊ သိပ်မကျဉ်ကျဉ်မယ်ပါစေ

ဆပ်ကပ်အဖွဲ့သားတွေ
စီးနင်းလိုက်ပါလာတဲ့
ကားကြီးတွေ ရွာလယ်လမ်းမအထက်ကနေ
ဖြတ်မောင်းသွားချိန်မှာ မအေးမြရင်ထဲ
နွေခေါင်ခေါင်ကြီး အအေးလှိုင်း ဖြတ်သွားသလို
ခံစားလိုက်ရတယ်။ မိဇာနဲ့ အောင်ထူးတို့
မောင်နှမကတော့ တခြားကလေးတွေနည်းတူ
ကားတန်းကြီးနောက်ကနေ အပြေးအလွှား
လိုက်သွားကြလေရဲ့။ ကလေးတွေဆိုတော့လည်း
ရှေ့ရေးနောက်ရေး တွေးပူစရာ မလိုတာမို့
ခပ်ပျော်ပျော်ပေါ့။ ဒီအခြေအနေမှာ
မပျော်နိုင်သူကတော့ မအေးမြပါပဲ။
ဆပ်ကပ် ပိုစတာကြီးတွေ ရွာလယ်က
ကုက္ကိုပင်ကြီးမှာ လာကပ်ထားကတည်းက
ကလေးတွေမှာ ကြည့်ချင်လွန်းလို့ ဖင်တကြွကြွ
ဖြစ်နေကြရှာတယ်။ ပွဲညမှာ လိုက်ပြဖို့ကိုလည်း
မအေဖြစ်သူ မအေးမြဆီမှာ ကြိုတင်
အစီရင်ခံစာတင်ထားပြီးသား။ မအေးမြကလည်း
အေးပြီးရော သဘောနဲ့ 'အေး' လို့
ခေါင်းညိတ်ထားခဲ့တယ်။ ဒါပေမဲ့လည်း





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကာလယန္တရားကြီးက ရပ်တန့်နေတာ မဟုတ်တဲ့အတွက် ကြိုတင်ကြေညာထားတဲ့အတိုင်း ဆပ်ကပ်အဖွဲ့သားတွေက ရောက်လာကြလေပြီ။

မနက်ဖြန် လပြည့်နေ့သဆိုရင်ပဲ ပွဲချိ ပထမည စ,ကတော့မယ်။ ကလေးတွေကို ကတိပေးထားတဲ့အတိုင်း ပွဲလိုက်ပြဖို့ဆိုတဲ့ ကိစ္စကို အသာထားပါဦး။ မနက်ဖြန်အတွက် ဝမ်းရေးကို ဘယ်လိုဖြေရှင်းရမှာလဲဆိုတဲ့ အတွေးကတင် မအေးမြအဖို့ ပြဿနာတစ်ရပ်။

ကလေးတွေကို ဘယ်လို ပြောရပါ့မလဲ။

ဟင်း…။

မအေးမြရင်ထဲ မ အေးမြနိုင်တော့တာမို့ သက်ပြင်းမောတစ်ခုကိုသာ လေးပင်စွာ ချလိုက်မိတော့တယ်။

❑

'တုံ-တုံ-တုံ-တုံ'

အချိန်က ညနေ လေးနာရီထိုးပြီဆိုတာကို ရွာဦးကျောင်းဆီက ပျံ့လွင့်လာတဲ့ တုန်းမောင်းခေါက်သံအရ မအေးမြ သိလိုက်ရတယ်။ ညနေစာ ထမင်းချက်ရတော့မယ်။ ဆန်အိုးထဲက လက်ကျန်ဆန်ကို စပါးလုံးကောက်ဖို့ခပ်ယူတော့ ဖင်ကပ်သာသာ ကျန်တော့တာကိုတွေ့ရတယ်။

မနက်ဖြန် တစ်နေ့စာတော့ ရလောက်ပါရဲ့။

အခုတလော အလုပ်အကိုင်ကလည်း ရှားလာတယ်။ လယ်သမားတိုင်းလိုလို တလင်းသိမ်းပြီးပြီဆိုတော့ အလုပ်ပါးပြီပေါ့။ အရင်လို စပါးလှေ့တို့၊ စပါးသယ်၊ ကောက်လှိုင်းစည်းတို့ မလုပ်

> စိတ်ထဲမှာ
> မြင်ယောင်
> နေမိသူက
> တမလွန်ရောက်
> ခင်ပွန်းသည်
> ပြီးတော့
> သူ တစ်ခါတုန်းက
> ပြောခဲ့ဖူးတဲ့
> စကားတစ်ခွန်း
> 'ငါ
> ရှိနေသမျှ
> နင်တို့
> သားအမိတွေ
> ဘာအရေးမှ
> ပူစရာမလိုဘူး'
> တဲ့

ရတော့ဘူးလေ။ မတ်ပဲတွေ နုတ်ရဖို့ကလည်း လိုသေးတာကိုး။

ဒီအခြေအနေမျိုးမှာ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မအေးမြတို့လို အောက်ခြေ လူတန်းစားအဖို့ ပြဿနာကာလ။ ဒီပြဿနာကို ဖြေရှင်းနိုင်တဲ့ နည်းက…။

မြေရှင်၊ ကြေးရှင်၊ ငွေရှင်ဆိုသူတွေထံ ချဉ်းကပ်ရတော့တယ်။ မအေးမြတို့ရဲ့ အကျပ်အတည်းကို သူတို့ကပဲ ဖြေရှင်းပေးနိုင်မှာလေ။ အလုပ်ပေးတဲ့ ။ သိတယ် မဟုတ်လား။ လိုချင်တဲ့ ငွေကိုယူပြီး လုပ်အားနဲ့ ပေးဆပ်ရတဲ့ ဘဝမျိုးလေ။

စေတနာရှင် ရယ်လို့တော့ သတ်မှတ်လို့ မရဘူးပေါ့။ အလုပ်ရှိတဲ့ အချိန်မှာ လုပ်အားကို ရယူဖို့အတွက် ကြိုတင်ငွေပေးထားတဲ့သဘောပါပဲ။ တန်ရာတန်ကြေးတော့ မရဘူးပေါ့လေ။ ကာလပေါက်ဈေးရဲ့ တစ်ဝက်ပဲရတယ်။ ဒါပေမဲ့လည်း အဲဒီတစ်ဝက်ကိုပဲ ကျေနပ်စွာ ရယူနေကြရတာ။ မျှတမှုရှိ/မရှိ၊ တန်ရာတန်ကြေး ရ/မရ ဆိုတာထက် ပိုအရေးကြီးတဲ့ အကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ ပျော်ပျော်ကြီး ယူနေရတဲ့ အလုပ်ပေးလေ။

မအေးမြကိုယ်တိုင် လွတ်အောင် မရှောင်နိုင်သေးတဲ့ ဘေးပေါ့။

'ဟဲ့ ဆင်ကြီးက အရမ်းလိမ္မာတာပဲနော်'

'အေး ဟုတ်တယ်၊ မျောက်ကလေးလည်း လိမ္မာတာပဲ။ ငှက်ပျောသီးတွေ အခွံနွှာစားနေတာ နင်နဲ့တူလိုက်တာ ဟီး ဟီး'

'အံမယ် ခွေးသူခိုး၊ နင်သာ မျောက်နဲ့တူတာ'

'ငါနဲ့ မတူပါဘူး။ နင်နဲ့တူတာ'

'နင်သာ မျောက်နဲ့တူတာ မျောက်စုတ်၊ မျောက်မျက်နှာရဲ့'

'နင်သာ မျောက်ဖင်နီမ'

'ကဲဟယ် ပြောဦး.. ဘုန်း'

မအေးမြရဲ့ လွင့်ပျံ့နေတဲ့ အတွေးတွေက အိမ်ပေါ်ကို ရန်ဖြစ်ရင်း တက်လာတဲ့ သားသမီးနှစ်ယောက်ရဲ့ ပကတိအနေအထားအောက်မှာ ပျောက်ဆုံးကုန်တယ်။ ဒီ မောင်နှမကလည်း နှစ် ယောက်တည်းပေမဲ့ သိပ် တည့်လှတာ မဟုတ်ဘူး၊ အကြီးဖြစ်တဲ့ အစ်မကလည်း မောင်လေးအပေါ် မကြင်နာ ဘူး။ ငယ်တဲ့သူက ပိုဆိုး တော့တာပေါ့။

'ဟဲ့ တိတ်ကြစမ်း၊ ဘာ ဖြစ်လာကြမှန်းကို မသိဘူး'

'အမေ့သားပေါ့…'

'အမေ့သမီးကလေ…'

'နှစ်ယောက်စလုံး အသံ မထွက်နဲ့။ ငါ ဘာသံမှ မကြား ချင်ဘူး။

ငါ လုပ်လိုက်ရ သေကြ ဦးမယ်။ သွား အကြီးမက ထမင်းအိုးတည်။ အငယ် ကောင် လာ ငါနဲ့လိုက်ခဲ့၊ ငါးသွားရှာမယ်'

ကဏ္ဍကောစ ပြန်ပြော ကြတော့မယ့် ကလေးနှစ် ယောက်ရဲ့ ပါးစပ်ပေါက်တွေ ကို မအေးမြ အာဏာသုံးပြီး ပိတ်လိုက်ရတယ်။ အကြီးမ က မျက်နှာကို စူပုပ်၊ နှုတ် ခမ်းကို စုချွန်ပြီး ခြေကို ဆောင့်နင်းကာ မီးဖိုချောင်ထဲ ဝင်သွားတယ်။ ငါးရှာ၊ ဖား ရှာ ဝါသနာပါတဲ့ အငယ် ကောင်ကတော့ သွပ်ကိုင်းပုံး နဲ့ ယက်သုံ့အစုတ်ကိုယူပြီး ရှေ့ကနေ သွက်လက်စွာ ထွက်သွားတော့တယ်။

❑

တပေါင်းလပြည့်နေ့
ဘုရားပွဲ ပထမ ည
'ဟိုနှစ်ယောက် လာဦး'

ပွဲကြည့်သွားဖို့ တက် ကြွနေရှာတဲ့ ကလေးနှစ် ယောက်ကို မအေးမြ အနား ခေါ်ယူလိုက်တယ်။ က



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်လည်း မအေးမြ ခေါ်လိုက်တာနဲ့ အနားကို ဇွေ့ခနဲ ရောက်လာတယ်။ ကလေးတွေကို ဘယ်လိုချော့မော့ ဖျောင်းဖျပြောရမယ်ဆိုတဲ့ စကားလုံးတွေကို ကြိုတင်စဉ်းစားထားတဲ့ တိုင် မအေးမြ တော်တော်နဲ့ ပြောမထွက်နိုင်သေး။

အတန်ကြာမှ ပြောနိုင်တော့တယ်။

'ဒီည ပွဲမကြည့်ကြနဲ့ဦး'

'ဟင်'

'အမေကလည်း…'

စောစောတုန်းက အရောင်တလက်လက်တောက်နေတဲ့ ကလေးနှစ်ယောက်ရဲ့ မျက်ဝန်းလေးတွေ ညှိုးမှိန်သွားတယ်။ အာမေဍိတ်သံလေးတွေတောင် တိုးဖျော့တိမ်ဝင်သွားတယ်။ သူတို့လေးတွေရဲ့ မျှော်လင့်အိပ်မက်တွေကို ရိုက်ချိုးဖျက်ဆီးပစ်တဲ့စကားတွေ ပြောနေသူ မအေးမြကိုယ်တိုင်တောင်မှ ရင်ထဲမကောင်း။

'ပွဲဆိုတာက ခေါင်ညကြည့်လို့ မကောင်းဘူးဟဲ့'

ကလေးတွေက ဘာမှ ပြန်မပြောကြဘူး။ ဖြစ်ချင်တာ မဖြစ်ရတော့လည်း လောကဆိုတာ ရလာဦးမှာ သဘာဝပါ။ ကလေးတွေဖြစ်ပေမဲ့ လောကဓံတရားက ညှာတာသာမပေး။ ကလေးနှစ်ယောက်ကို ဖက်ပြီး မအေးမြ နာကျင်နေမိတယ်။

'မနက်ဖြန် အလယ်ညသွားကြည့်ကောင်းမှာ။ ပြီးတော့ ဒီည ဆင်ကြီးက ကမဟုတ်ဘူးလို့ သူများတွေက ပြောတယ်ဟဲ့။

မနက်ဖြန်ညမှ ကြည့်ကြမယ်လေ'

'အမေ တကယ် ပြောတာနော်'

မိဇာနဲ့အောင်ထူးတို့နှစ်ယောက် ပြိုင်တူမေးကြတယ်။

'တကယ် တကယ်'

မအေးမြ ဘယ်လိုအင်အားတွေကပေးတဲ့ အသိနဲ့ ခေါင်းညိတ်မိပါလိမ့်။ နားထဲမှာ ကြားယောင်လာတာက နေ့လယ်တုန်းက ပြောသွားတဲ့ ဒေါ်သိန်းခင်ရဲ့စကား။ 'အေးမြရေ… ကောက်စိုက်ပေးသုံးချင် လာယူ'တဲ့။ စိတ်ထဲမှာ မြင်ယောင်နေမိသူက တမလွန်ရောက် ခင်ပွန်းသည်။ ပြီးတော့ သူ တစ်ခါတုန်းက ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း။

'ငါ ရှိနေသမျှ နင်တို့သားအမိတွေ ဘာအရေးမှ ပူစရာမလိုဘူး'တဲ့။

ဩော် သူကတော့ ဒီဒုက္ခတွေက ငြိမ်းချမ်းသွားခဲ့ပြီပေါ့လေ။

ကိုချစ်ဦး။

မအေးမြ အရမ်းချစ်ပြီး အရမ်းအားကိုးခဲ့ရတဲ့ အိမ်ထောင်ဦးစီး ခင်ပွန်း။ နာမည်နဲ့လိုက်အောင် လူတကာ ချစ်ခင်ကြတဲ့သူ။ အသောက်အစား၊ အလောင်းကစားကင်းပြီး အပေါင်းအသင်းပေါတဲ့ ကိုချစ်ဦး။

သူရှိတုန်းကတော့ မအေးမြဘဝမှာ သောကဆိုတာ ချိုနဲ့လားလို့ မေးယူရလောက်အောင် အေးချမ်းခဲ့တယ်။ ပင်ပင်ပန်းပန်း အလုပ်ရယ်လို့လည်း ဘာမှ မလုပ်ရဘူး။ ကြော့ကြော့လေးနေ၊ လှလှလေးဝတ်ပြီး အိမ်ရှင်မ

ကောင်း ပီသရင်ကိုပဲ ကျေနပ်သဘောကျခဲ့သူ ကိုချစ်ဦးပေါ့။

သူ ဆုံးခဲ့တာ ငါးနှစ်တောင် ကျော်ခဲ့ပြီ။

မွန်ပြည်နယ်ဘက်မှာ ကောက်ရိတ်လိုက်တာ တစ်နေ့လေးထောင်၊ စားစရိတ်ငြိမ်းဆိုတဲ့မက်လုံးတွေကြောင့် ဒီ့ထက် ပိုအဆင်ပြေမှာပဲ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုချစ်ဦးအပါအဝင် ရှစ်ယောက် အလုပ်လုပ်သွားကြတယ်။ ဆိုတဲ့အတိုင်း အဆင်ပြေပါတယ်။ ပြန်လာတော့ အတော်လေး စုဆောင်းမိခဲ့တယ်။

ပထမအကြိမ်မှာ အဆင်ပြေတော့ နောက်တစ်နှစ်မှာ နောက်တစ်ကြိမ် ထပ်သွားကြတယ်။ ဒီတစ်ခါ သွားကြတာ ဆယ့်တစ်ယောက်။ လုပ်ငန်းကိုင်ငန်း အဆင်ပြေကြတယ်တဲ့။

ဒါပေမဲ့ အပြန်ခရီးမှာ လူတစ်ယောက် လျော့လာတယ်။

ကိုချစ်ဦးလေ။

ပိုးထိလို့ဆုံးတာ ဟိုမှာပဲ သဂြိုဟ်ခဲ့ရသတဲ့။

လင်သားဆုံးတာဟာ အိမ်ခေါင်မိုးကြီး ပွင့်ထွက်သွားတာဆိုတဲ့စကား မှန်လိုက်လေခြင်း။ မုဆိုးမဖြစ်တဲ့ ဘဝကစလို့ မအေးမြအဖို့ မုန်တိုင်းကြမ်းကြမ်းထဲမှာ ခရီးလမ်းရှောင်စုံကို ဖြတ်သန်းခဲ့ရတာ ဒီနေ့အထိပါပဲလေ။

❑

'ကောင်းလိုက်တဲ့ ပြကွက်တွေဆိုတာများအေ'

ဘုရားပွဲ ပထမညမှာ ပွဲကြည့်ခဲ့ရတဲ့ မဝင်းကြည်က ပွဲအကြောင်းကို အားကောင်းမောင်းသန် ဖောက်သည်ချတယ်။ နဂိုကတည်းက အပြောကောင်းလှတဲ့ မဝင်းကြည်ရဲ့ဆိုစကားတွေ အောက်မှာ ကလေးတွေတင် မကဘဲ မအေးမြတောင် ပွဲကြည့်ချင်စိတ်တွေပေါ်ပေါက်လာတယ်။ ဆပ်ကပ်ဆိုတာကို တစ်ခါမှ မမြင်ဖူးသေးတော့လည်း ကြည့်ချင်မိတာပေါ့။

ကလေးတွေ ဆိုတာများ သူတို့သိချင်တာမေးလိုက်၊ ပြောလိုက်နဲ့ မဝင်းကြည်နဲ့ အထပ်ကိုကျလို့။

'ဆင်ကြီးက ဘာလုပ်ပြတာလဲ အန်တီ'

'အို…စုံရော၊ စုံရော။ ဘာဂျာမှုတ်ပြတယ်။ တလိမ့်စီးပြတယ်။ *မှုံရွှေရည်* သီချင်းနဲ့ ကပြတယ်'

'မျောက်ကလေး ကရောဟင်'

'မျောက် လား။ အရမ်းရယ်ရတဲ့ မျောက်ဟဲ့။ မင်းသားဝတ်နဲ့ မင်းသားကတာလေ။ တကယ်ပါပဲဟယ်'

မဝင်းကြည်ရဲ့ အပြောတွေက ကလေးတွေရဲ့ အာသီသကို အရှိန်မြှင့်ပေးနေသလိုပေါ့။ ငိုချင်လျက် လက်တို့၊ ရယ်ချင်လျက် ဖက်ကလိထိုး။ မိဇာနဲ့အောင်ထူးတို့မှာ ပါးစပ်ဟောင်းလောင်း၊ မျက်လုံးအပြူးသားနဲ့ သောတအာရုံ ခံစားနေကြရှာတယ်။

ဒီနေ့က ကလေးတွေကို ပွဲတကယ် လိုက်ပြမယ်လို့ မအေးမြ ကတိပေးထားတဲ့ ဘုရားပွဲ အလယ်ည။ ပိုက်ဆံက လက်ထဲမှာ မရှိသေး။

မအေးမြစိတ်ထဲ အတွေးပေါင်းစုံနဲ့ ပြည့်နှက်နေတယ်။ ကလေးတွေက တောင်မေး မြောက်မေး



www.burmeseclassic.com

www.burmeseclassic.com

လျှောက်မေးသလိုပဲ မအေးမြလည်း စိတ်ထဲရှိရာ လျှောက်မေးနေမိတယ်။

'ဘုရားပွဲ ဘာတွေပေါလဲ အစ်မ'

'ဘေထုပ်ထည်တွေပေါတယ်အေ့။ ဈေးလည်း ချိုတယ်။ ပြီးတော့ စားစရာ၊ သောက်စရာတွေ ပေါမှပေါ။ ကောက်ညှင်းကျည်တောက်တွေလည်း ပေါတယ်ဟဲ့'

'ဟုတ်လား၊ လူတွေလည်း တော်တော်ပေါမှာပဲနော်'

'လူပေါချက်ကတော့ မပြောပါနဲ့တော့အေ၊ ဘယ်တွေက လာကြမှန်းကို မသိဘူး။ ပွဲခင်းထဲမှာဆို လူတွေများလွန်းလို့ ရုံတောင်ဖွင့်ပေးရတယ်လေ'

'ဟုတ်လား'

မအေးမြရင်ထဲ ဒိတ်ခနဲတစ်ချက်ခုန်သွားတယ်။ ရုံဖွင့်ပေးလိုက်ရတယ်ဆိုပါလား။ မဝင်းကြည်ရဲ့စကားက မအေးမြရဲ့ အတွေးသစ်တွေကို ရှင်သန်စေခဲ့ပြီ။

လူတွေများလွန်းလို့ ရုံဖွင့်ပေးရတယ်။ ဒါဆို ပိုက်ဆံမကုန်ဘဲ မြင်ရ၊ တွေ့ရတော့မယ်ပေါ့။ အို…ဟန်ကျလိုက်မယ့်အဖြစ်။ ဒီည ဒီည။ ဒီနေ့ဘုရားပွဲ အလယ်ညဆိုတော့ လူပိုကျမှာ အမှန်ပဲ။ ရုံကွဲဦးမှာလည်း သေချာပြီပေါ့။ ဒါဆို…ဒါဆိုရင်…။

မအေးမြ ဒီညအတွက် ကြိုတင် ရင်ခုန်နေမိပါပြီ။

□

လင်သား
ဆုံးတာဟာ
အိမ်ခေါင်မိုးကြီး
ပွင့်ထွက်သွားတာ
ဆိုတဲ့စကား
မှန်လိုက်လေခြင်း
မှဆိုးမဖြစ်တဲ့
ဘဝကစလို့
မအေးမြအဖို့
မုန်တိုင်း
ကြမ်းကြမ်းထဲမှာ
ခရီးလမ်းရောင်စုံကို
ဖြတ်သန်းခဲ့ရတာ
ဒီနေ့အထိ
ပါပဲလေ

တပေါင်းလပြည့်ကျော် တစ်ရက်နေ့ည။

ဘုရားပွဲ အလယ်ည။

မအေးမြနဲ့ ကလေးနှစ်ယောက် ပွဲခင်းထဲမှာ ရောက်နေကြတယ်။ အနယ်နယ် အရပ်ရပ်က ပွဲလာကြည့်ကြတဲ့ လူအုပ်ကြီးက ပွဲဈေးတန်းတွေထဲမှာ ညို့လို့။ တကယ်တိုးမပေါက်လောက်အောင် စည်ကားလွန်းတယ်။

မအေးမြနဲ့ ကလေးနှစ်ယောက် ပွဲဈေးတန်းထဲမှာ လျှောက်နေကြတာ ဘယ်နှခေါက်တွေ ရှိနေပြီမှန်း မသိတော့။ ကလေးတွေကတော့ ကလေးတွေပီပီ အပျော်ကြီးပျော်နေကြတယ်။ မအေးမြလည်း ပျော်မိတာပါပဲ။

အပေါ်ထပ် အင်္ကျီအိတ်ကပ်ထဲကို စမ်းကြည့်တော့ ပိုက်ဆံလေး နှစ်ထောင့်တစ်ရာက အထပ်လိုက်။ နေ့လယ်က ဒေါ်သိန်းခင့်ဆီကနေ ကောက်စိုက်ပေးဆွဲလာခဲ့ရတာလေ။ တစ်နေ့မှ ခုနစ်ရာပဲပေးတော့ သုံးရက်ခ ယူလာခဲ့တာ။ များများယူလို့ မဖြစ်ဘူး။ အချိန်တန်ရင် လုပ်ပေးရမယ့်သူက မအေးမြတစ်ယောက်တည်း။

'အမေ အသုပ်စုံ စားချင်တယ်'

'ဟဲ့ ခုနင်ကမှ ထမင်းစားထားတဲ့ဟာကို'

'အမေကလည်း ဗိုက်က ချောင်နေပါပြီ'

'အဲဒါဆိုလည်း စားကြဟေ့'

ကလေးတွေစားတော့ မအေးမြပါ ရောစားလိုက်တော့တယ်။ စားပြီးတော့လည်း အိတ်ထဲက ပိုက်ဆံမရှိမဲ့ရှိမဲ့လေးနဲ့ ထုတ်ရှင်းရုံပေါ့။

အသုပ်စားပြီး ပွဲဈေးတန်းထဲ ထပ်လျှောက်ကြပြန်တော့ အောင်ထူးက သေနတ်လိုချင်လို့ ပူဆာတယ်။ မအေးမြ ဈေးမေးကြည့်တော့ နှစ်ထောင်တဲ့။ အဲဒါနဲ့ အငယ်ကောင်ကို မာန်မဲပြီး မနည်းဆွဲခေါ်လာခဲ့ရတယ်။

'ရွှေပွဲလာ ဧည့်ပရိသတ်များ ခင်ဗျား…မကြာမီအချိန်အတွင်းမှာ ပွဲစကပြတော့မှာ ဖြစ်တဲ့အတွက် ရုံအတွင်းသို့ ဝင်ရောက်နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျာ'

ဟော ပွဲက စတော့မယ်ဆိုပါလား။ ရုံတောင် ခါနေပြီပဲ။ ဇာတ်ရုံအရှေ့ကိုကြည့်လိုက်တော့ ရောမ လူပင်လယ်ကြီးက ရုံပေါက်ဝကျဉ်းကျဉ်းလေးကို အတင်းတိုးဝေ့ဝင်နေကြတယ်။ လူတွေ…လူတွေ…များလိုက်တဲ့ လူတွေပါလား။ လူအုပ်ကြီးကို ကြည့်ပြီး မအေးမြ ရင်ခုန်နေမိတယ်။

ရုံဝင်လက်မှတ်က လူကြီး တစ်ထောင်၊ ကလေး ငါးရာတဲ့။

'အမေ သမီးတို့လည်း ဝင်တိုးကြမယ်လေ'

'ဟဲ့ နေကြစမ်းပါဦး၊ ပွဲကဖို့က အဝေးကြီး'

လက်မှတ်မပါဘဲ ရုံထဲဝင်လို့ မရတာကို မသိသေးတဲ့ ကလေးတွေက ပွဲခင်းထဲသွားချင်နေကြပြီ။ မအေးမြ ဘယ်လိုရှင်းပြရပါ့မလဲ။ လူတွေကတော့ အတော့်ကို များပါတယ်။ ဒီညလည်း ရုံဖွင့်ပေးရမယ် ထင်ပါရဲ့။ ရုံဖွင့်ပေးပါစေလို့ မအေးမြ ကျိတ်ဆုတောင်းနေမိတယ်။ ရုံဖွင့်ပေးမှ ပွဲကြည့်ခွင့်ရမယ့် မအေးမြတို့ရဲ့ ဘဝလေ။

'လာဟေ့ ဒီမှာထိုင်စောင့်ကြတာပေါ့။ ဒီညလည်း ရုံဖွင့်မှာပါ'

ဘေးနားက အသံကြားလို့ မအေးမြ လှည့်ကြည့်လိုက်တော့ ကလေးတစ်သိုက်နဲ့ ကိုယ်လိုပဲ ဘဝတူ မိသားစုတစ်စု။

ဩော်…သူတို့လည်း ကိုယ်တွေနဲ့ ဘဝတူတွေပါလား။

မအေးမြစိတ်ထဲ နောက်ထပ် ရုံဖွင့်အပေးကို လာစောင့်နေကြသူတွေ ဘယ်လောက်များဦးမလဲဆိုတာ တွေးနေမိတယ်။

**မိုးထက်ကျော်(ကွင်းဆောက်)**



www.burmeseclassic.com

www.burmeseclassic.com




# အရောင်ကို အကြောင်းခြယ်ထားတဲ့ အလင်း

ပို

'မောင်နေသာ နက်ဖြန်ခါ မင်းမျက်လုံးတွေ အားလုံး ကောင်းသွားပြီး ကမ္ဘာကြီးကို မင်း မြင်တွေ့ရတော့မယ်'

ဆရာဝန်ပြောသည့် စကားများကို နားထောင်ရင်း သူ ရင်တထိတ်ထိတ် ခုန်နေသည်။ တကယ်ပဲ မနက်ဖြန်သည် လှပလွန်းနေမည်မှာ သေချာသည်။ မနက်ဖြန် မြန်မြန်ရောက်ပါတော့။

❑

ဆရာဝန်က မျက်လုံးမှာ စည်းထားသော ပတ်တီးကို တစ်ပတ်ချင်း ဖြေလိုက်ကာ တဖြည်းဖြည်း မျက်လုံးဖွင့် ခိုင်းသည်။

လှလိုက်တာ။ နှစ်နှ... ဆရာဝန် ဝတ်ထားသည်... အဖြူရောင်၊ ခုတင်တို... အစိမ်းနုရောင် ၊ အပြာနုရော... နံရံ၊ ပန်းနုရောင်ကတ်ထူ... သောစာအုပ် အရာအား... က သိပ်လှနေသလို... တဖြည်းဖြည်းမြင်လာ... သည့် မြင်ကွင်းထဲမှာ ဆ... ဝန်နှင့် ဝန်ထမ်းများကို ... နပ်ပီတိများဖြင့် သူ ...



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၄၄၊ မေ ၂၀၁၄

နေမိသည်။ ဆရာဝန်ကြီး ပြန်ပြီးပြီမှ သူ သတိဝင်ကာ သူ မမြင်ချင်ဆုံး သူ့မျက်နှာကို ကြည့်ရဦးမည်။

နဝှစ်ကမ်းပေးလာသော မှန်ထဲမှာ သူလား၊ သိပ် မရင်းနှီးသော မျက်နှာပေပဲ။ အင်းလေ သူမှ တစ်ခါမှ မမြင်ခဲ့ရတာကိုး။ သူ့မျက်နှာ တစ်ခြမ်းက မီးလောင်ဒဏ်ရာများနှင့် ဖြည့်ကျက်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ ငယ်ငယ်တုန်းက ရပ်ကွက်မီးမှာ မမြင်မစမ်းနှင့် ပြေးလို့ ရလာတဲ့ ဒဏ်ရာမှန်း တော့ သူ သိနေသည်။ ဒါပေမဲ့ ဒီလောက်ထိ ဆိုးရွားနေလိမ့်မည်ဟု သူ မထင်ထားခဲ့။ ဆက်မကြည့်ချင်တော့ပါဘူးလေ။ ခပ်လှမ်းလှမ်းက ပြတင်းပေါက်ဆီကိုသာ စိတ်ဝင်စားမှုများစွာဖြင့် သူ ငေးနေလိုက်တော့သည်။

'အို: လှလိုက်တာ အပင်တွေ၊ တိမ်တွေ၊ ပြီးတော့ နေရောင်၊ ငှက်ကလေးတွေ ၊ ပန်းပွင့်တွေ မြက်ခင်းတွေ လိပ်ပြာတွေ သိပ်လှတာပဲ'

သူ ကြည့်နေသည်မှာ ဘယ်လောက်ကြာသွားသည် မသိ၊ သူ့ညောင်းသလိုရှိလာတော့မှ ခုတင်ပေါ်ကို တက်လှဲနေလိုက်တော့သည်။ ဆေးရုံမှ လက်ဆောင်ပေးထားသော နေကာမျက်မှန်ကို တပ်ကာ ဆရာဝန်က မကြည့်ရန် တားခဲ့သော တီဗွီကို ဖွင့်ကာကြည့်နေမိသည်။ အသံအရတော့ ကိုရီးယားကားတစ်ကား ဖြစ်ရမည်။

ဇာတ်လမ်းမှာ ရိုက်ပြထားသမျှအားလုံးက သူ့အတွက် အသစ်ဆန်းတွေချည်းသာ။ ဇာတ်လမ်းကို နားမလည်သော်လည်း အသုံးဆောင်ပစ္စည်းများက သူ့ကို ဆွဲဆောင်နေခြင်းဖြစ်သည်။ ထိုတီဗွီဇာတ်လမ်းမှာသာ သူ မျောပါလျက် သူ၏ မိသားစုများအလာကို စောင့်နေလိုက်တော့မည်။

❑

မိသားစုတစ်ယောက်၏ အကူညီဖြင့် သူ့အိမ်ဟုခေါ်သော နေရာသို့ နောက်ဆုံးတော့ သူ ရောက်လာပြီ။

'အင်း အိမ်ကလည်း သေးလိုက်တာ၊ နေ့ခင်းကမှ ကြည့်ထားတဲ့ အိမ်နဲ့များ ကွာလိုက်တာ၊ တစ်အိမ်လုံးလည်း ကျပ်ခိုးတွေနဲ့ ညစ်ပတ်နေတယ်။ အမြင်ထဲမှာတော့ အတော့်ကို အဆင်မပြေတဲ့အိမ်ပါလား'

သူ့စိတ်ထဲမှ ရေရွတ်ခြင်းဖြစ်သည်။

ညနေရောက်မှ ဈေးသိမ်းပြီး ပြန်လာသော မယားဟုဆိုသည့် ကောင်မလေးရောက်လာသည်။ နယ်လှည့်ဆရာဝန်အသင်း၏ ကူညီစောင်မမှုဖြင့် အခမဲ့ မျက်လုံးခွဲပြီး ဆေးရုံမှ ဆင်းလာသော လင်ယောကျ်ားကို လာမကြိုနိုင်လောက်အောင် သူတို့က ဆင်းရဲတာကိုး။ အိမ်ကို မဝင်ခင်ကပင် လှမ်းအော်ကာ ဝင်လာသော မယား၏ အိမ်ဝကပင် နှုတ်ဆက်သော အသံကိုတော့ မှတ်မိသည်။ ရုပ်ကို သေချာမမြင်ရ။

တံခါးနောက်ကွယ်ကနေ ရုတ်တရက် ဖြန်းခနဲဆိုပေါ်လာတဲ့ မျက်နှာပြားနှမ်းနှမ်း၊ ဆံပင်မွဲခြောက်ခြောက်၊ မျက်စိနှစ်လုံးကပါ ဇွေဇွေနှင့် အရေးထဲ နှာခေါင်းကပါ အပေါက်ကျယ်ကျယ်နဲ့ စုတ်ချွန်းပြီး ကြည့်ရ ဘယ်လိုမှ အဆင်မပြေသည့် အမျိုးသမီးတစ်ဦးကို သူ ဘာကြောင့်များ လက်ထပ်ပေါင်းသင်းခဲ့ပါလိမ့်ဟုသာ တစ်ယောက်တည်း မေးခွန်းထုတ်မိတော့သည်။

အသံ ဟုတ်ပါသည်၊ ဒီအသံကြောင့်သာပဲ။ အရင်က အသွင်ပြင်ကို မြင်နိုင်ဖို့ သူ့မှာ အခွင့်မှ မရှိခဲ့တာ။ အနီးမှာ ဝင်လာထိုင်သော မိန်းမအား သူ အားရပါးရတော့ ရယ်ပြဖြစ်သည်။ ပါးပြင်တစ်ခုလုံး နှမ်းခိုးလား၊ ညှင်းလား မသေချာသည့် အစက်အပြောက်များနှင့် ပြည့်ကာ ဆေးလိပ်ငွေများ ရိုးမြေကျခစားထားသည့် သူမ၏ နှုတ်ခမ်းမည်းမည်းကြားက နှစ်ရှည်လများ ကွမ်းစားလို့ နီရဲဝါကြင်နီသော သွားတန်းလေးနှစ်တန်း ပေါ်အောင် နှုတ်ဆက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ လက်ခံရတော့မှာပဲ။ သူ မျက်လုံးကို အသာလေးမှိတ်ပြီး အားယူကာ ပြုံးပြလိုက်သည်။ ကိစ္စမရှိ၊ မျက်လုံးခွဲထား၍ မှိတ်လိုက်ခြင်းလို့သာ သူမ ထင်မည်။ မျက်လုံးမှိတ်ချလိုက်တော့လည်း အရာအားလုံးက အရင်တိုင်းသာ။

❑

'စားလေ အစ်ကို ကြက်သားကို၊ ရော့။ အရိုးမန္တာတတ်လို့မလား၊ ခါတိုင်းလို နွှာပေးမယ်လေ'

ပြောပြောဆိုဆိုနှင့် မယားက ကြက်သားတုံးကို ထမင်းစားလက်စ လက်ဖြင့် ကောက်ကိုင်လိုက်သည်။ ငါးဟင်းရည်အစပ်ကို တစ်ယောက်တည်းသောက်ပြီး အပြင်ကို စူးစမ်းဖို့ ထွက်လာတတ်သည့် သူမ၏ နှ... ကို 'ရှူးခနဲ' ပြန်ဝင်အောင် လုပ်လိုက်သေးသည်... အတင်းစုပ်ယူလိုက်သော်လည်း လမ်းတစ်ဝက်ထိသာ ဝင်သောနှပ်ကို မယားက ဂ... မစိုက်အား၊ ထမင်းစားနေ... သော လက်တစ်ဖက်က... ကောက်ကိုင်ထားသည့် ကြက်သားတုံးကို ထမင်းပါး... လက်စ ပါးစပ်နှင့် ကိုက်ပြီး... နောက်တစ်ဖက်က သူ့ပန်း... ကန်ကိုကိုင်ကာ ထွေးထည့်... လိုက်သည်။ အနားစပ်များ... ပေါက်ပြဲနေသော သံပန်းကန်... ကိုကြည့်ပြီး သူ့တံတွေးများ... ကိုသာ တိတ်တိတ်ကလေး... မျိုချလိုက်တော့သည်။ အင်း... အခုတော့လည်း သူ မြင်နေ... ပြီကိုး။

❑

ထမင်းစားပြီးခါစ... အချိန် ဖြစ်သည်။ ပထမဆုံး... အကြိမ်မြောက် သူ မြင်ရသော... အပြည့်သာနေသည့် လဝန်း... ကို တဲပြတင်းပေါက်ကနေ... သူ အကြာကြီး ငေးနေဖြစ်... သည်။

'အစ်ကို အိပ်ရာဝင်ပါ... တော့ လာ'

နောက်ကနေ ခေါ်နေ... သည့် အသံပိုင်ရှင်၏ အသံ... မှာ ဆွဲငင်အား ကောင်းလှ... သည်။ ထို့ကြောင့်လည်း သူ... လှည့်မကြည့်ဖြစ်ဘဲ အိပ်ရာ... ထဲကို ဝင်လာလိုက်သည်။ မှိုတက်နေသော ဖျာပေါ်... အသေချာ ခင်းထားသောစွေ... ရာ ညှဉ်းသိုးသိုးအနံ့သည်... သူနှင့် လုံးဝ မစိမ်း။ သို့သော်... လရောင်အောက်မှာ အထင်... သား မြင်နေရသည့် မိ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ရာဖြစ်နေသော အိပ်ရာဟောင်း လေးခုလောက်ကို စုချုပ်ထားသည့် သူ အိပ်ရမည့်မွေ့ရာကို နောက်ကျောပင် ချချင်စိတ် မရှိ။ သူ နေ့ခင်းက ဆေးရုံမှာ ကြည့်ခဲ့တဲ့ဇာတ်လမ်းထဲမှ လူတွေ သုံးသည့် အသုံးဆောင်များနှင့် ယှဉ်ကြည့်မည်ဆိုက လားလားမှ မဆိုင်။ နောက်ဆုံး အတင်းလှဲချလိုက်မှ ရင်းနှီးဖူးသည့် မွေ့ရာအထိအတွေ့ကြောင့် သူနေသာထိုင်သာ ရှိသွားသည်။

တစ်ဖက်လှည့်အိပ်နေသော သူ့ကို နောက်မှ တယုတယ ပွတ်သပ်နေသော မယားကို လှည့်ပင် မကြည့်ဖြစ်။ မျက်စိမှိတ်ထားသော်လည်း ပြန်ပြန်မြင်ယောင်လာသည့်မျက်နှာကို လောလောဆယ်တော့ သူ မဖျောက်နိုင်။ ဈေးရောင်းပြီး ညောင်းနေလို့ထင်ပါရဲ့ သူ့မယားလည်း ခဏအကြာတွင် အိပ်ပျော်သွားခဲ့ပြီး မကြာလိုက်ချိန်မှာပင် သူပါ အိပ်ပျော်သွားခဲ့သည်။

❑

ရိုးသားပါတယ်လို့ နာမည်ကြီးသော သူ့ကို အလုပ်ပေးမည့်လူ မရှား။ နောက်တစ်နေ့ မိုးလင်းမှာပင် ဆရာဝန်က အနားယူရန် တားခဲ့သော်လည်း ဝမ်းရေးအတွက် သူအလုပ် စ,လုပ်ဖြစ်သည်။ အလုပ်လုပ်ရမည့် တစ်အိမ်လုံး မည်သူ တစ်ဦးတစ်ယောက်မျှ ရှိမနေ။ အားလုံး အလုပ်နှင့် ကျောင်းသို့ သွားကြသဖြင့် သူတစ်ယောက်တည်းသာ ကျန်ခဲ့ရသည်။ သူလုပ်ရမည့်အလုပ်က အိမ်နှင့် အိမ်ခြံဝင်းတစ်ခုလုံး ရှင်းလင်းရေး။ သိပ်မကြာလိုက်မီမှာပင် ရှင်းလင်းမှု ပြီးစီးသွားသည်။ အမှန်က သူကိစ္စပြီးလျှင် သူဒီအိမ်မှ ထွက်သွားရမည်ဖြစ်သည်။ ဟင့်အင်း သူ ချက်ချင်းတော့ ထွက်မသွားချင်သေး။ သူ မြင်တွေ့နေရသည့် ဒီအိမ်ကို နည်းနည်းတော့ စူးစမ်းချင်သေးတာပေါ့။ မှန်ပါသည် ။ သူ စိတ်ကို ခဏလေးဖြစ်ဖြစ် သူ လွှတ်ထားလိုက်ချင်သည်။ နာရီကလည်း အခုမှ နေ့ခင်းလောက်ပဲ ရှိဦးမည်။ နေက သူ့ခေါင်းထက်တည့်တည့်မှာ။ အိမ်ရှင်များက ညနေမှ ပြန်လာမည် ပြောသည်။ ဒီတော့ သူ့ဆန္ဒ ပြည့်ဦးမှာပေါ့။ မြင်တုန်းလေး ခဏ စပ်စုရမည် မဟုတ်လား။ သူ တစ်အိမ်လုံး လိုက်ကြည့်မိသည်။ ဒီအိမ်က ဇာတ်လမ်းထဲကလောက် မခမ်းနားသော်လည်း သူ့တဲထက် အဆပေါင်းများစွာသာသည်။ အိပ်ရာများကို ပုံစံကြည့်ချင်၍ သူ အိပ်ခန်းတံခါးများကို ဖွင့်ဖို့ ကြိုးစားသည်။ တောက်လျှောက် တစ်ခန်းမျှ ဖွင့်မရ။ နောက်ဆုံးဖွင့်ဖြစ်သော အိမ်အထက်ထပ်မှ အခန်းက အခန်းရှင် Lockချဖို့ မေ့သွားတယ် ထင်ပါရဲ့။ သူ လက်ဖြင့် အလွယ်တကူ လှည့်လိုက်ရုံနှင့် အခန်းက ပွင့်သွားခဲ့သည်။ အခန်းပြင်ဆင်ထားသည်မှာ အလွန်ပင် ချစ်ဖို့ကောင်းသည်။ အိပ်ရာမှာလည်း အခန်းပိုင်ရှင် မသိမ်းဆည်းထားခဲ့ဘူးထင်ပါရဲ့။ အင်း အိမ်ရှင်တွေလည်း လောလောဆယ်တော့ မလာလောက်သေးဘူးထင်ပါရဲ့။

သူ၏ သိစိတ်နှင့် မသိစိတ် သဘောတူညီမှုရပြီး ကန့်ကွက်မဲ့ သူညနှင့် အိပ်ချင်စဖွယ်ဖြစ်နေသော ခုတင်ထက်တွင် သူ လှဲအိပ်ချလိုက်သည်။ အိပ်ရာ၏ နူးညံ့မှု အကြောင်းကိုပင် ကြာကြာ မတွေးလိုက်နိုင်၊ ညောင်းညောင်းနှင့် သူ အိပ်ပျော်သွားသည်။

❑

'ဂျက် ... ဂလောက် ... ဂျက် ...'

သူ အသံကြောင့် နိုးလာခြင်း ဖြစ်သည်။ သူ နေကို ကြည့်လိုက်တော့ သိပ်မမှောင်သေး။ ဘယ်နှနာရီ အိပ်ပျော်သွားမှန်း သူ မသိ။ ငယ်စဉ်ကပင် မျက်စိကန်းနေခဲ့၍ နားပါးလွန်းသောသူ အသံကြောင့်သာ နိုးလာခြင်း ဖြစ်သည်။ ချက်ချင်း သူ အိပ်ရာကထပြီး ကပျာကယာ အိပ်ရာကို ဟန်မပျက်ကလေး ပြန်ထားလိုက်သည်။ တော်ပါသေးရဲ့ သူ မအိပ်ခင်ကပင် အိပ်ရာက မသိမ်းရသေးလို့။ သူ အခန်းပြင်ထွက်ဖို့ တံခါးနားအရောက် လှေကားထက်ကို တက်လာသော ခြေသံကို ထပ်ကြားလိုက်ရသည်။ ဒါမှ ဒုက္ခ။ ဒီ အခန်းပိုင်ရှင်ပဲ ဖြစ်ရမည်ဟု သူ ထင်သည်။ ဟူး..သူ ချက်ချင်းထွက်လို့ မဖြစ်သေး။ တွေ့သွားတော့မှ စပ်စုရကောင်းလားဆိုပြီး သူ့ကို အလုပ်မခိုင်းတော့မှာကို စိုးရိမ်ရသည်။ အခြေနေ ကြည့်ပြီးမှ သူ ထွက်ရမည်။ ထို့ကြောင့် ဘေးဘီကိုလှည့်ပြီး အခန်းတစ်ခုလုံးကို လေ့လာလိုက်သည်။ ဟော တွေ့ပြီ။ သူ့မျက်လုံးများကို ပထမဆုံးအကြိမ်မြောက် ကျေးဇူးတင်လိုက်ပြီး လူတစ်ယောက်စာ ပုန်းနေလို့ရသည့် ခုတင်အောက်ကို သွားမြင်က ဝင်ပုန်းနေလိုက်သည်။

❑

'.....အီ .....'

ဆီမထည့်သည်မှာ ကြာမည်ဖြစ်သော တံခါးသံနှင့်အတူ ဝင်လာသည့် ခြေဖဝါးတစ်စုံကို ခုတင်အောက်မှ လှမ်းမြင်နေသည်။ ထိုခြေဖဝါးတစ်စုံမှာ ထိကြည့်စရာ မလိုပါဘဲနှင့် အမြင်သက်သက်မှာပင် အလွန် နူးညံ့နေမည်ဖြစ်ကြောင်း သိသာလှသည် ။ ခုတင်ထက်သို့ ပစ္စည်းတစ်ခု ဖုတ်ခနဲ ပြုတ်ကျသံကြားသည်။ မကြာလိုက် ခုတင်ဘေးက အဝတ်ဗီရိုကို ဖွင့်လိုက်သံ သူ ကြားပြီး ခြေဖဝါးနုလေး အထက်က ခြေမျက်စိနားကို စကတ်အဖြူလေး ကွင်းခနဲ ကျသည်။ ပြီးတော့ ပန်းနုရောင်ဇာလေးတပ်ထားသည့် သူနှင့် မရင်းနှီးသောအရာတစ်ခု ထပ်ကျလာသည်။ ခဏပင် မကြာလိုက် သူ မှင်တက်မိနေတုန်းမှာပဲ ထိုခြေဖဝါးနုလေးက ယင်းပန်းနုရောင် အရာလေးကနေ ကျွမ်းကျင်စွာ အသာယာ မ,ထွက်လိုက်သည်ကို သူ နောက်ဆုံး တွေ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်။

'အိခန့်' ခုတင်ထက်မှာ ပစ်လှဲလိုက်သံနှင့် အတူ မ,လိုက်သော ခြေဖဝါးလေး တစ်စုံလည်း ပျောက်ဆုံးသွားခဲ့ပြီး တစ်ခန်းလုံး ပြန်လည်ငြိမ်သက်သွားပြန်သည်။ ခြေဖဝါးလေး ချက်ချင်း ပျောက်သွားပုံ ကြည့်ရသည်မှာ ခြေဖဝါးပိုင်ရှင် သောင်းသောင်းနှင့် ဝင်အိပ်လိုက်ပြီလို့ သူ ထင်သည်။ ထိုခြေဖဝါးလေး အိပ်မောကျချိန်ကိုစောင့်ပြီး သူ ဒီအခန်းထဲက ထွက်ဖို့ ဆုံးဖြတ်ကာ ခုတင်အောက်မှာ ဆက်ငြိမ်နေလိုက်သည်။

အသံမထွက်အောင် သူ ငြိမ်နေရသည်။ ခုနကမှ မြင်လိုက်ရသည့်မြင်ကွင်းကို သူ့မျက်လုံးထဲက ဖျောက်မရ။ သူ ပြန်မြင်ယောင်မိရင်းနှလုံးခုန်သံပါ မြန်လာသည်။ တစ်ခါမှ မမြင်ဖူးခဲ့လို့ပဲလားတော့ မသိ။ ခုနက မြင်လိုက်ရသည့်မြင်ကွင်း၏ ရလဒ်က ဆန်းကြယ်သည်။ ဒီလောက် ရင်ခုန်မှုမျိုး သူ မကြုံဖူး။ ထောက်ထားသည့် လက်ထက်ကို ဖောချွေးများက တစ်စက်ချင်း တောက်ခနဲကျသည်။ သူ့ကိုယ်သူ နားမလည်နိုင်တော့။ အခန်းပိုင်ရှင် သိသွားမည် စိုးကြောက်၍သာ ဖောချွေးပြန်လာခြင်း ဖြစ်သည်ဟုသာ သူ ယူဆလိုက်သည်။

❑

ငြိမ်သက်နေသော အခန်းထဲမှာ ခုတင်အောက်ကနေ သူ တိတ်တိတ်ကလေး ထွက်လာခဲ့သည်။ ခြေကိုဖွပြီး မတ်တတ်ရပ်လိုက်မှ သူ အခန်းတံခါးသို့ မသွားမီ ခြေဖဝါးပိုင်ရှင်ကို ဘယ်လိုပုံစံမှန်း ခဏလေးလောက်တော့ သူ ကြည့်လိုက်ချင်သည်။ သိပ်စဉ်းစားမနေတော့ဘဲ သူ မျက်လုံးနှစ်ဖက်လုံးကို ခုတင်ထက်သို့ ပို့လိုက်သည်။ မြင်ကွင်းက သူ ထင်မှတ်မထားသည့် မြင်ကွင်း။

ခြောက်သွေ့နေသော အာခေါင်မှ မရှိတော့ပြီဖြစ်သော တံတွေးကို အတင်းမျိုချလိုက်သည်။ ခုနက ရင်ခုန်သံထက် ပိုမြန်သော ရင်ခုန်သံကို သူ့နားနှင့်ပင် ကြားနေရသည်အလား သူ ထင်လာသည်။ ခြေဖဝါးမှတစ်ဆင့် မွေးညင်းနုများပေါက်နေသည့် ခြေသလုံး၊ ပြီးလျှင် ပန်းနုရောင် မျက်နှာသုတ်အစကို ကိုယ်ဗလာမှာ ပတ်ထားသောခန္ဓာ။ နောက်ဆုံး ပန်းနုရောင်ထနေသော ပါးပြင်နုနု၊ သွေးကြောလေးများကလည်း သူမ၏ ပါးနှစ်ဖက်တွင်သာမက မှိတ်ထားသော မျက်ခွံထက်မှာပါ ဟိုပြေး သည်ပြေး။ တဖြည်းဖြည်းချင်း မြင်လိုက်ရသည့် မြင်ကွင်းက သူ့ခြေထောက်များ လှုပ်မရအောင် အံ့တောကိုင်လိုက်သည့်နှယ် လှုပ်မရတော့သည့်အလား။ ပူပြင်းရှုရှရာသီဥတုကြောင့် ဆံစ၊ မျက်နှာနှင့် ရင်ဘတ်တစ်ဝိုက် ကွက်ကျားပြီး စို့နေသော ချွေးစက်များကလည်း လှသည်။ မပြေ့တပြေ ဖြစ်နေသော မျက်နှာသုတ်အောက်က ကိုယ်ခန္ဓာကလည်း လှသည်။ သွယ်စင်းသည့်ပေါင်တံမှာ အပြစ်အနာဆာ မရှိသည့်အပြင် ဝင်းဝါနေသော အသားရေကို ယခုကဲ့သို့ မြင်လိုက်ရသည့်အတွက် မျက်လုံးများ အနည်းငယ် မှေးစင်းလာပြီး သူမခန္ဓာကို အထက်က မိုးလိုက်ကာ သူ့လက်နှစ်ဖက်က ကောင်မလေး ပခုံးကိုဆုပ်ကိုင်လိုက်သည်။

သူ၏ လှုပ်ရှားမှုကြောင့် နိုးလာသော ကောင်မလေးက ရုန်းသည်။ သူကလည်း မလွတ်သွားအောင် ဆုပ်ကိုင်ရင်း ခါးမတ်လာသည့် ကောင်မလေးကလည်း အော်ရန် ကြိုးစားသည်။ မဖြစ်သေးဘူး။ သူမ မအော်ခင် သူတားမှ ဖြစ်မည် ဟူသော အသိက လွှမ်းမိုးသွားပြီး အတင်းအားထည့်ကာ လှဲချလိုက်သည့်အတွက် ခုတင်ပေါင်နှင့် ကောင်မလေး နောက်စေ့ဆောင့်ကာ နောက်ဆုံး သူမ မေ့မြောသွားခဲ့သည်။

❑

အမြင်အာရုံက အခမ္မဆွဲခေါ်လာသော ရမ္မက်ကို သူ တွန်းလှန်နိုင်စွမ်း မရှိတော့သည့် အဆုံးမှာ… ကွဲပြားသော အမြင်သာရှိပြီး မကွဲပြားသော အရသာတစ်ခုကို သူ မိုက်မိုက်မဲမဲ ယူလိုက်ခြင်းဖြစ်သည်။

သူ အမြင်ကို သာယာခြင်းမှာ ကြာကြာ ခံစားချိန် မရလိုက်။ ပါးလွှန်းလှသော နားက ခြံတံခါးဖွင့်သံကို ထပ်ကြားလိုက်ရပြန်သည်။ ဒီတစ်ခါတော့ သူ ကောင်း၊ မကောင်း မစဉ်းစားနိုင်၊ ကျန်နေသေးသည့် အိမ်သားများ ပြန်လာခြင်းဖြစ်နိုင်သည်။ မပြီးသေးသော အရသာတစ်ခု အဆုံးသတ်ဖို့ပင် ကြိုးစားဖို့ အကြံမရလိုက် အန္တရာယ်ကို ကြိုသိလျက် အခန်းတံခါးဝကနေ ခြံနောက်သို့ ခုန်ချလိုက်သည်။

အလောတကြီး ခုန်ချ လိုက်သည့်အတွက် အဝတ် လှန်းသော တိုင်တစ်တိုင်ကို တိုက်မိပြီး မြေပြင်ကို ကျ သည်။ ပြုတ်အကျတွင် သူ့ခန္ဓာနှင့် အဝတ်လှန်းသည့် တိုင် တိုက်မိပြီး တိုင်ပါလဲ သွားသည်။ သို့သော် သူ အောက်ကိုကျသည့် အခိုက် တန့်လေးမှာပင် အဝတ်လှန်း ထားသည့်တိုင်က လဲကျကာ ထိုတိုင်မှာ ချည်ထားသော ကြိုးက သူ့မျက်လုံးနှစ်ဖက် စလုံးကို တိုက်တိုက်ဆိုင်ဆိုင် ပင် လာရိုက်ပြီး ခဏလေး အတွင်းမှာ သူ တစ်လောက လုံး၏ အလင်းနှင့် အဝေးဆုံး ကို ရောက်သွားလေတော့ သည်။

❑

ပြစ်ဒဏ်တစ်ခုကို ဆေး ဆပ်သည်ဆိုသော အချိန် တစ်ခုအတွင်းမှာ သူ့အတွက် ယခင် အပြင်မှ အကန်းဘ နှင့် ထောင်တွင်းက အကန်း ဘဝ၏ ကွဲပြားခြားနားချက် ဖြစ်သော လွတ်လပ်မှုမဲ့ခြင်း နှင့် ပင်ပန်းခြင်းကို သူ ရ ခဲ့သည်။

သို့သော် ထောင်မှ ပြ လွတ်လာသောတစ်နေ့ နောက်တစ်ကြိမ် မျက်လုံး ပြ ခွဲဦးမှာလားဟု မေးလာ လျှင် သူ့ထံတွင် ဖြေ အဖြေတစ်ခုတည်းသာ ရှိ သည်။

ထိုအဖြေသည်ကား…

ညီ




www.burmeseclassic.com

www.burmeseclassic.com

# ဖြောင့်ချက်

ညတာရာလင်း(ထားဝယ်)



အမှတ် ၂၉၄၊ မေ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



၁။

စီမံချက်အသစ်တစ်ခု ထွက်လာသည်။

တိုင်းဒေသကြီး၊ ပြည် နယ်မှခရိုင်။ ခရိုင်မှ မြို့နယ်၊ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာ။ ရပ်ကွက်ကျေးရွာမှ အိမ်ထောင်စု။ အိမ်ထောင်စုမှတစ်ဦးချင်း။

ကူးစက်ရောဂါတစ်မျိုးအား တားဆီးကာကွယ်ရန်…။

❑

၂။

မမ ခြေဆောင့်ကာ ဆောင့်ကာဖြင့် နေပူပူထဲ ထီးတစ်ချောင်းဆောင်းရင်း ပါးစပ်က ပွစိပွစိရေရွတ်ကာ လျှောက်လာသည်။ ဟိုးရှေ့နားက စုရုံးစုရုံး လူအုပ်ကြီးကို ကြည့်ပြီး မျက်စောင်းတစ်ချက်ပင် ထိုးမိလိုက်သေးသည်။ သင်းတို့ကတော့ ပျော်လို့ရှင်လို့။ ဒီမှာဖြင့် ရှားရှားပါးပါး တိုးတိုးနဲ့ ရုပ်ရှင်ကြည့်ဖို့ချိန်းထားတာပျက်လို့ စိတ်ညစ် စိတ်ပျက်နေရတဲ့အထဲ။

တိုးတိုးဆိုတာက ရှေ့လတုန်းကမှ ရွာဦးဘုရားပွဲတွင် သမီးရည်းစားတော်လိုက်သူ။ ဒီနေ့ မြို့ဈေးသွားရင်း ရုပ်ရှင်ကြည့်ကြမယ်လို့ အသေအချာချိန်းထားပြီးကာမှ…။

ဟင်း…။ မမ သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း ထီးပိတ်ကာ တခြားသူများ ထိုင်နေကြသည့် ဘေးတွင် ဝင်ထိုင်လိုက်သည်။

စီမံချက်ဆိုလားဘာလား၊ ကူးစက်ရောဂါဆိုတာလည်း ပါသည်။ စာအုပ်ကြီး ကိုင်ပြီး သူ့ကိုယ်သူ မင်းသမီးလိုလို ဘာလိုလိုနှင့် ဟောနေသည့် ရွာလယ်ပိုင်းက ဒေါ်မတုတ်သမီးကို မမ မကြည်မလင်ပင် တစ်ချက်ကြည့်မိသည်။

သင်းကြောင့်ပေါ့။ သင်းတို့က အသက် ၁၄ နှစ်ကနေ ၃၉ နှစ်အတွင်းလူတွေတက်ရမယ့် ဟောပြောပွဲဆိုလို့။ တစ်လမှာ သုံးကြိမ်တောင် လုပ်မှာဆိုလား။ ညနေတုန်းက အိမ်မှာ လာခေါ်ရင်း ပြောသွားတာ ကြားလိုက်သည်။ အိမ်မှာက ၁၄ နှစ်ကနေ ၃၉ နှစ်အကြားဆိုလို့ မမ တစ်ယောက်ပဲ ရှိသည်။ ဒီတော့ လည်း မမပဲ တက်ပေတော့ပေ့ါ။

မဟုတ်ရင် ဒီအချိန်လောက်ဆို ရုပ်ရှင်ရုံရောက်နေလောက်ပြီ။

စိတ်တိုတိုနှင့် ရှေ့မှာလာချပေးသည့် လက်ဖက်သုပ်ပန်းကန်ထဲမှ တစ်ဇွန်းခပ်စားလိုက်သည်။ အလိုလက်ဖက်က ဆိမ့်ဆိမ့်လေးနဲ့ အရသာရှိလိုက်တာ။ သုံးလေးဇွန်းဆက်တိုက် ခပ်စားပစ်လိုက်သည်။ ရေနွေးလေးပါ သောက်လိုက်ရတော့ စောစောက စိတ်တိုနေတာတောင် မေ့သွားသလိုလို။

စားနေရင်းမှ ဟောပြောပွဲက ပြောနေသည့်စကားလုံး အချို့ကတော့ တစ်ချက်တစ် ချက်နားထဲဝင်ဝင်လာသည်။ မိခင်ကနေ သန္ဓေသားကို ကူးစက်တာဆိုလား၊ ဆေးရှိတယ်ဆိုတာလည်း ပါသည်။

လက်ဖက်သုပ်ပန်းကန်က တစ်ခဏအတွင်း ပြောင်သွားသည်။ ရှိုးမလားဟုဘေးဘီကြည့်မိတော့ အားလုံးက အပြောင်သားပင်။ ရေနွေးအိုးတောင် အကုန်ကုန်လို့။ လက်ကျန် ရေနွေးကိုသောက်လိုက်ပြီးသည်နှင့် မျက်လုံးက ချက်ချင်းလေးလံလာသလိုလို။

ဟန်နှင့်ပန်နှင့် မနားတမ်းပြောနေသည့် ဒေါ်မတုတ် သမီးထားမေသည် နှစ်ယောက်ဖြစ်နေလေသည်။

❑

၃။

လေးနာရီလောက် အချိန်ပေးရမည့်ဟောပြောပွဲက တစ်နာရီကျော်ကျော်လေးနှင့်ပြီးသွားသည်။ လက်ထဲမှာ ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com

သည့်စာရွက်မှ စာရင်းများနှင့် လက်မှတ်များကို ထားမေ ကျေနပ်စွာကြည့်မိသည်။

တစ်လလျှင် သုံးကြိမ် ဟောပြောရမည်။ တစ်ကြိမ်မှာ တက်ရောက်သူနှစ်ဆယ် ရှိရမည်။ တစ်ကြိမ်ဟောပြောပွဲလုပ်တိုင်း တစ်ကြိမ်ကျွေးမွေးရမည်ဟု ထိုစီမံချက်အတွက် ၃ ရက်တာ သင်တန်းကာလတက်စဉ်က အသေ အချာမှာ ကြားလိုက်သည်။

ပထမဆုံးအကြိမ်မှာ လူခုနစ်ဆယ်တက်သည်။ တစ်ကြိမ်တည်းနှင့်တစ်လအတွက် ပြီးမြောက်လေပြီ။ လက်မှတ်စာရွက်လည်း သုံးရွက်အတိ။

စာရင်းအားလုံးချုပ်လိုက်သည်။ တက်ရောက်သူ နှစ်ဆယ်။ ဟောပြောချိန် လေးနာရီ။ ကျွေးမွေးစရိတ် လက် ဖက်သုပ်နှင့်အအေး နှစ်သောင်း။

နောက်ထပ် နှစ်ကြိမ်စာအတွက်ပါတွက်ရင်း လစာနှင့်ပေါင်းလိုက်လျှင် ထွက်လာမည့်ငွေကြောင့် ထားမေ မျက်နှာ ပိုပြုံးသွားရသည်။

၄။

ကျေးရွာအုပ်ချုပ်ရေးမှူးသည် စားပွဲပေါ်မှာရှိနေသည့် တက်ရောက်သူများ လက်မှတ်ထိုးထားသည့် စာရွက်များ၊ ကုန်ကျစရိတ် ဘောက်ချာများ၊ စာရင်းဇယားများကို တစ်ချက်မျှသာ ကြည့်လိုက်ရင်း တံဆိပ်ရိုက်၊ လက်မှတ်ထိုးပေးလိုက်သည်။

သူ့ခမျာ ကုလားထိုင်မှာပင် မထိုင်နိုင်ရှာချေ။ အိမ်မှာ မိန်းမက နေ့စေ့လစေ့ဖြစ်နေသည်ကိုး။

❑

၅။

ဌာနခွဲစာရေးကြီးသည် ဖိုင်တွဲများအားလုံးကို တန်းစီပြီးတစ်စောင်ချင်းလက်မှတ်ထိုးသည်။ တံဆိပ်နှိပ်သည်။

ရပ်ကွက် ၁၀ ခု၊ ကျေးရွာ ၁၀ ခုမှ ပေးပို့လာသည့် စီမံချက်ဖိုင်များသည် ကျေနပ်အားရဖွယ်များသာ။ အကုန်လုံးစံချိန်မီဟု ပြောရပေမည်။

အမှန်တော့ စီမံချက် ဟောပြောသည့် အချိန်တိုင်းတွင် သူ့အနေဖြင့် ကြီးကြပ်ရမည်ဟု ညွှန်ကြားချက်ရရှိခဲ့သည်။ ထိုနေရာများသို့ သွားရန်လည်း စရိတ်အပြည့်အစုံ တင်တောင်းနိုင်သည်။

သို့သော် သူ့မှာ တခြားတခြားသော ဝေယျာဝစ္စများဖြင့် မအားလပ်နိုင်။ စားပွဲလေးမှာ ထိုင်ရင်း မှတ်ချက်ချပေးနိုင်ရုံလောက်သာ အချိန်ပေးနိုင်တာကြောင့် ဖိုင်များအားလုံးကို တစ်ခုချင်းကြည့်ကာ ကြီးကြပ်သူနေရာတွင် ကောင်း၊ သင့်၊ ညံ့များကိုသာ အားကြိုးမာန်တက် မှတ်ချက်ချနိုင်သည်။

ဖိုင်အားလုံးပြီးတော့မှ ထိုဖိုင်များနှင့်အတူ ခရီးစရိတ်၊ စားသောက်စရိတ် ဘောက်ချာတစ်စောင်အားထည့်ကာ မနက်ဖြန်မြို့နယ်သို့ ပို့ရန်ဟူ၍ ခေါင်းစဉ်တပ်လိုက်လေသည်။

❑

၆။

'ဟော့ကောင်တွေ … ဟိုစီမံချက်ကိစ္စ မြို့နယ်ကို ဒီနေ့ အရောက်တင်ရမှာနော်'

ချက်ချင်းလိုလိုစားပွဲပေါ်ရောက်လာသည်။ နာရီကြည့်လိုက်တော့ ချိန်းထားသည့်အချိန်က ရောက်လုနီးပါး။ ဟိုက ပြန်လာမှ စစ်လျှင် ရုံးဆင်းချိန် မီတော့မှာမဟုတ်ချေ။

ဖိုင်တွဲကြီးကို ရှေ့နောက်တစ်ချက်ကြည့်လိုက်ပြီး လက်မှတ်ကို ခပ်သွက်သွက်ထိုးလိုက်သည်။

'တံဆိပ်နှိပ်၊ ပြီးရင် ကွန်ပျူတာ စာစီစာရိုက်၊ ဘောက်ချာထည့်ဖို့ မမေ့နဲ့'

ကားရပ်ထားရာဆီ အပြေးအလွှားသွားရင်း အော်ပြောခဲ့ရရှာသည်။

❑

၇။

ခရိုင်ကလည်း လကုန်ရက်မတိုင်ခင် တိုင်းဒေသကြီး၊ ပြည်နယ်သို့ တင်ရန်အတွက် လက်မှတ်တစ်ချက်နှင့် ဘောက်ချာတစ်ရွက် မြန်မြန်ဆန်ဆန် ဆောင်ရွက်လိုက်ရသည်။

❑

၈။

'အခုထွက်မယ့် လေယာဉ်နဲ့ပို့မှ မီမှာပါ အဘ။ အဲဒါဟိုနေ့က ကျွန်တော် အဘဆီပေးထားတဲ့ စီမံချက်ဖိုင်လေး'

'ဟ၊ ဘယ်စီမံချက်ဖိုင်လဲ ရှာစမ်းပါဦး'

ဗီရိုကြီး၊ ဗီရိုငယ်၊ စာအုပ်စင်များ၊ အံဆွဲများထဲမှာ အပြေးအလွှားရှာကြရသည်။ ဒီနေ့က လကုန်ရက်ဖြစ်၍ ထိုစီမံချက်ဖိုင်အား တိုင်းကနေ ပို့ရတော့မည်။

လက်မှတ်ထိုး၊ ကောက်ချက်ချရဦးမှာ ဖြစ်သည့်အပြင် ထောက်ခံချက်လည်း ပေးရဦးမည်။

ဖိုင်က အပြာလား၊ အဝါလား။ စာရေးကြီးသည် ခေါင်းပေါက်ထွက် လုမတတ်စဉ်းစားရင်း ရှာနေရသည်။ ဟော တွေ့ပြီ၊ စာအုပ်စင်အောက်ဆုံးမှာ။ ဖုန်များကို ပုဆိုးစဖြင့် သုတ်လိုက်ရင်း မြန်မြန်ဆန်ဆန်ပေးလိုက်ရသည်။

ဖိုင်၏ ထိပ်စီးမှာ အဆင့်ဆင့်ရှိနေသည့်လက်မှတ်များ၊ ကောက်ချက်များ၊ မှတ်ချက်များ၊ ထောက်ခံချက်များ။

အပေါ်ဆုံးမှာ နောက်ထပ်လက်မှတ်တစ်ခုနှင့် ဘောက်ချာတစ်ချပ်တိုးသွားသည်။

၉။

ဖိုင်တွဲအကြီးအများအပြားသည် မူရင်းဌာနသို့ အသီးသီးရောက်ရှိလာကြသည်။

အဆင့်ဆင့်လက်မှတ်များကို သိမ်းဆည်း၊ ဘောက်ချာများအတွက် ရှင်းလင်း၊ ဖိုင်များကို စိစစ်ပြီးနောက် များမကြာမီတွင် ကြေညာချက်တစ်ရပ်အားထုတ်ပြန်သည်။

စီမံချက် အောင်မြင်ပြီးဆုံးသည်။

❑

၁၀။

ဤသို့ဖြင့် ဤကဲ့သို့သော နည်းလမ်းအထွေထွေ ဤပုံ ဤနည်းဖြင့်၊ ဤနေရာ ဤဒေသ၊ ဤလူမျိုးများ အလယ်တွင် 'လိမ်နိုင်ငံတော်ကြီး' သည် ဖြစ်ထွန်းသနေတည်နေခဲ့လေသည်။

■

ညတာရာလင်း၊ထား



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ် မတ် ၁၃ ရက်နေ့မှ
## ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်နေ့အထိ

(၁) ရွှေကိုယ်နတ်(UCSM)
*မျှော်လင့်ခြင်း သံယောဇဉ်ပွင့်ကြွေ* ၊မန္တလေး၊
(၂) ကိုဂျီးအဲ *ရေပွက်လေးနဲ့ သမုဒ္ဒရာ* ၊မုံရွာ၊
(၃) မြတ်ကိုကို (ရကန) *သူ့အရယ်နဲ့ သူ့ဇာတ်* ၊ရန်ကုန်၊
(၄) မြတ်ကိုကို(ရကန) *သူငယ်ဖမ်းပွဲ* ၊ရန်ကုန်၊
(၅) အသွင်ဆန်း(ပခုက္ကူ) *အရိုင်းခြေရာ* ၊ပခုက္ကူ၊
(၆) ဂျူပီတာ *ညီကြည်နားလည်မှာပါ* ၊ချင်း/တောင်၊
(၇) ရည်ရည်မွန်(မန္တလေး) *လေဒီ အိ* ၊မန္တလေး၊
(၈) ရည်ရည်မွန်(မန္တလေး) *ထွင့်ခေါင်သော်တာ* ၊မန္တလေး၊
(၉) မင်းထင်ကျော်(နှစ်ရှည်ပင်) *အိမ်ပြန်ချိန်* ၊မုဒုံ၊
(၁၀) သော်ဇင်(လှိုင်ကော်)
*ခြေလှမ်းတွေ အဲဒီမှာ ရပ်ပါ* ၊E-mail
(၁၁) ဟာမ်စိုင်း(ဆေး/မန်း) *ဆန့်ရေ* ၊မန္တလေး၊
(၁၂) ဖွဲ့နေရောင် *ဖော်တမ်* ၊တိုက်ကြီး၊
(၁၃) ဆည်းဆာသစ် *နေလောင်* ၊မကွေး၊
(၁၄) ဆည်းဆာသစ် *ကြမ္မာဆုံရာ* ၊မကွေး၊
(၁၅) ကိုရင်သန်းထွန်း *ပုံရိပ်မဲ့ကြိုး* ၊ရန်ကုန်၊
(၁၆) လင်းလက်အောင်(T.T.U)
*အဖြူရောင် သင်္ကေတ* ၊ရန်ကုန်၊
(၁၇) ကောင်းစေသူ
*တောင်ညိုသူလေးနဲ့တွေ့တုန်းက* ၊မုံရွာ၊
(၁၈) မိုင်း(မန္တလေး) *တံခါးနီ* ၊မန္တလေး၊
(၁၉) မောင်သာခိုင်(မကွေး)
*မတူညီတဲ့ နေဝင်ချိန်* ၊မကွေး၊

*အေးမြတ်မြတ်ချို ပြုစုသည်။*

## ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက်ရေးသားခြင်းမျိုး၊ ဘောပင်မျဉ်းမသားဘဲ စာ ပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက် များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့်စာမူများကို နောင်တွင် ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည်မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန် ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် မကိုက်ညီသည့် စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့်အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာ တွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။

■ အယ်ဒီတာ
*ရွှေအမြုတေမဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်…)*

၂၉။

အညာနေ့လယ်ခင်းက ပူပြင်းလှသည်။
သည်နှစ် ပိုများ ပူချင်ရော့လား။ အိမ်ရှေ့က
သစ်ပင်ကြီးတွေဆိုလျှင် နွေမပေါက်ခင်ကတည်းက
အရွက်တွေ ကျင်စပြုပြီ။ တချို့အပင်တွေက
ရွက်ဟောင်းတွေကို တံချူတံနှင့် ရိုက်ချသလို
ကြွေကြလှပြီ။ အိမ်ရှေ့က သိုးတစ်အုပ် မောင်းသွားလို့
ဖုန်တွေက အူခနဲ ဝေ့ကြလေ၏။ နေပူပြင်းပြင်းနှင့်
တာလမ်းပေါ်က ဖုန်တွေ ထိမိကြသည်နှင့်
မြေတွင်းနံ့တစ်မျိုး လှိုက်လာတာကို
ဦးစွာ သတိပြုမိသူက ဂျီးတိုးပင်။

'အလိုတော်၊ နွေမဟုတ် အခါမဟုတ်
စုတ်စုတ်ကန်းအောင် ပူပြင်းချက်တော့
မြေလှော်နံ့တောင် ထွက်နေပါပကော။
အဲသာ မြေသင်းခဲ မီးပြင်းတိုက်တဲ့အနံ့တော်
ဘာမှတ်လို့တုံး။ သည်နှစ် ကျောကော့အောင်
ပူလိမ့်မယ်ထင်သယ် ဝါခေါင် ဥသြရေ'
'ဟုတ်ပါရဲ့ တပေါင်းလ သီသီလိုသေးသကို
ပူချက်တော့…ဂျီးတိုး၊ အိမ်ရှေ့မှာဧည့်သည်'
အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက်ရပ်နေသည်။
တိုက်ပုံ ဖျင်ကြမ်းနှင့် ပုဆိုးဟောင်းက တစ်ရောင်တည်း။
ကားတာရာဖိနပ် ကော့ကော့လန်လန်က ဖနောင့်တခြား
ဖိနပ်တခြား။ မျက်နှာက မည်းလှညစ်လှသည်။




www.burmeseclassic.com

www.burmeseclassic.com

ဆံပင်တွေက ရှည်လွန်းလို့ ထင်ပါရဲ့။
မဖြီးမသင်ဘဲ ပန်းစည်းကြိုးတစ်ချောင်းနှင့်
ဆံပင်ကို စုစည်းထားတာကအစ ဉသြသံအေး
မြင်နေရပါ၏။ ဘယ်သူပါလိမ့်။
အိမ်ဝိုင်းဝဆီက အိမ်ဝအထိ တိုးဝင်လာတော့
မျက်ခမ်းကလေး စပ်ချင်လာပြီဖြစ်သည့်
ဂျိုးတိုးက တိုးတိုးကလေး ရေရွတ်သည်။
'တို့အေ၊ ဘယ်သူတဲ့။ ဇရပ်တွေပေါ် လိုက်အိပ်တဲ့
ဘကြီးဟာ၊ ညည်းတောင် ငယ်ငယ်က
နှီးပြားရုပ်သေးရုပ် လုသေးသာအေ။
နေပါဦး၊ ဘကြီးမောင်းတုံးဆိုသာ'
'ဘကြီးတုံးမောင်းပါ ဂျိုးတိုးရယ်၊ မဟုတ်ပါဘူး။

အမှတ် ၂၉၄၊ မေ၊ ၂၀၁၄
ရှုမဝ
ရုပ်စုံမဂ္ဂဇင်း
အ ခန်း ဆက် ဝ တ္ထု ရှည်

နတ်ပြဇာတ်
ဆိုတော့
ပျို့မောင်ဘုန်း
ရွှေသျှောင်ထုံးတွေ
ဝိုင်းနေ
လောက်ပြီတဲ့
ငါတောင်
နင်အိမ်ထောင်
ကျသာ
သည်ရောက်မှ
သိရသာပါ
အေးပါအေ
ပြီးတော့လည်း
ပြီးသာပါပဲ
တို့ဇာတ်တွေ
ဆိုသာ
ဂဠုန်လည်းပါ
နဂါးလည်းပါ
ဆိုတော့
ကိုဖော့ဆို့က
ဝလုံးနင်း
ဝခြမ်းနင်း
(ဝါးလုံးနင်း
ဝါးခြမ်းနင်း)
ဖြစ်မှ
စိုးရှာသာပါ




# တောမင်းသမီး

ခင်ခင်ထူး

www.burmeseclassic.com

ဘကြီးတုံးမောင်းက ဘယ့်နှယ့်လုပ် လူ့ဘဝထဲ ရှိတော့မှာတုံး။ ကျုပ်တောင် သုံးဆယ်တွင်းရောက်မင့်ဟာ'

ဟုတ်တော့ဟုတ်သား၊ ဘကြီးတုံးမောင်းမဖြစ်နိုင်။ ညို့သည်က ဘယ်တုန်းက ရေငတ်လာသည်မသိ။ ရေအိုးက ရေကို ပါးစောင်က စီးကျအောင် လေးငါးခွက် ဆင့်သောက်သည်။ အိမ်ရှင့်အခေါ်မစောင့်ဘဲ အိမ်ရိပ်ကိုဝင်သည်။ ဥညြသံအေးကို စိုက်စိုက်ကြီး ကြည့်သည်။ မျက်နှာက မနွံမရေ၊ ရယ်ပြတော့ ပါးစပ်မှာ သွားတစ်ချောင်းမှမရှိ။ ကွပ်ပျစ်မှာ ထိုင်တော့ ပုဆိုးစနှစ်ဖက်ကို သိမ်းပြီး ပေါင်ခြံထဲညှပ်သည်။ အိတ်ထဲက ဆေးလိပ်တိုကို မီးခတ်ခြစ်ပြီး ညှိသည်၊ ဖွာသည်။ ဘယ်သူပါလိမ့်၊ ရဲရဲတင်းတင်းရှိလိုက်တာ။ လူရင်းထဲက ထင်ပါရဲ့။ တွေးနေတုန်းမှာပဲ ညို့သည်က သူ့ကိုယ်သူ မိတ်ဆက်လေသည်။

'ကျုပ်ရယ်၊ ကောက်ရိုးရယ်၊ လူပြက်ကောက်ရိုးလေ မင်းသမီးရဲ့ မှတ်မိလား။ မင်းသမီးက ကျုပ်နဲ့သိပ်ကြီး မတွဲလိုက်ရဘူး။ ကိုဖော့ဆို့နဲ့ တွဲသာများသာမှတ်လား။ ကျုပ်၊ မင်းသမီး ရွာရောက်နေသယ် သဲ့သဲ့ကြားလို့ လာသာပါဗျာ။ ဒွေးလေးကော နေကောင်းရဲ့လား'

သည်တော့မှ ရုပ်ကိုဖမ်းမိတော့သည်။ ဟုတ်သားပဲ။ လေးလေးကောက်ရိုး။ လေးဖော့ဆို့နှင့် တွဲခဲ့သည့် လူပြက် အဖက်။ ဥညြသံအေးပင် ငယ်ဘဝတွေကို စိတ်ရောက်သွားခဲ့သည်။ ရွာမောင်းဆိုင်းဆရာ ကိုမောင်ထီ၊ လူပြက် ကိုဖော့ဆို့၊ ကိုကောက်ရိုး။ ဘဝနှင့်ယှဉ်ပြီး ရုန်းဖက်ခဲ့ရသည့် ကာလတွေ တုန်းက ကျေးဇူးရှင်တွေ။

'ကျုပ်ဖြင့် လုံးလုံးမမှတ်မိရပါလား လေးကောက်ရိုး ရယ်၊ မတွေ့ရသာများ ကြာပြီကောတော်။ ဘယ်တွေရောက်လို့ ဘာတွေများ လုပ်ကိုင်စားနေရလို့တုံး။ လေးကောက်ရိုး ကြည့်ရသာ ဘူးရွက်ညှိုး ညှိုးလွန်းလိုက်သာ၊ မကျန်းမာဘူးလား'

'အေးဟာ၊ ရွာမှာ တစ်နှစ်သား ကျေးဇူးရှင်ဆရာတော်ကြီး ပျံတော်မူလို့ ဘုန်းကြီးပျံပွဲမှာ မင်းသားလုပ်ကသာ တစ်လှည်းကတစ်လှည်း ကျွမ်းပစ်ပစ်ကသာလေ၊ လှည်းပေါ်က ပြုတ်ကျကရော။ သည်လိုလေ၊ နောက်လှည်းပေါ်က ရှေ့လှည်းပေါ် လှည်းထမ်းပိုးတုံးနားအထိတိုး ရှေ့လှည်းကက်အိမ်ပေါ် လူတစ်ပတ်လည်ကျွမ်းခုတ်ပြီးကျ လှည်းလေး၊ ငါးစီး ကျွမ်းခုတ်ရင်း ခုတ်ရင်းနဲ့ နောက်ဆုံးလှည်းကျတော့ လှည်းပေါ် မကျဘဲ နှစ်လှည်းကြားကျတော့သာပဲ။ သအုံ (သွားအုံ)တစ်အုံလုံး လှည်းစွန်းနဲ့ရိုက်ပြီး ပြုတ်ထွက်ကုန်သာပါပဲ မင်းသမီးရယ်။ ဆရာတော်ဘုရားကြီးကျောင်းမှာ ကျောင်းထမင်း ကျောင်းဟင်းစားပြီး နေခဲ့တဲ့တပည့်ဆိုတော့ ငွေမကူနိုင်လို့ ပညာကူသာ။ ပညာတင်မကပေါင်ဟာ၊ ပါးစပ်ထဲက သွားတွေပါ တစ်အုံလုံး ကူရသယ်ပြောပါတော့ ငါ့နှမရာ'

ဥညြသံအေးခမျာ ကြားလိုက်ရသည့်စကားကြောင့် အသံပင် မထွက်နိုင်ရှာတော့။ ဖြစ်ရလေ လေးကောက်ရိုးရယ်၊ လူပြက်စင်စင် ဖြစ်ပါလျက်ကနဲ့ ရွာပြန်ပြီးဘုန်းကြီးပျံမှာ ကျွမ်းမင်းသားကသတဲ့။ က,တာကလည်း လှည်းလေးငါးစီး ယှဉ်မောင်းခိုင်းပြီး နောက်လှည်းက ရှေ့လှည်းကို ကျွမ်း ခုတ်ခုတ်ပြီး ကူးရင်းပရိတ်သတ်ကို ဧည့်ခံတာတဲ့။ အရက်များ မူးနေရော့လား။ ဥညြသံအေးက မမေးရဘဲ ဦးကောက်ရိုး ကပဲ ဆက်ပြောနေပြန်လေ၏။

'အရက်ကလေး သောက်ထားသာလည်း ပါပါသယ်၊ တကယ်က သောက်ထားတဲ့ အရက်ကြောင့် မဟုတ်ပေါင်ဟာ၊ စိတ်ကဖြစ်မယ်ထင်ပေသိ၊ ကိုယ်က မပါနိုင်တော့သာပါ၊ အသက်အရွယ်ကို မတွက်မိဘူး။ ငယ်ငယ်ကလို လုပ်ရင်ဖြစ် မယ်ထင်သာ။ နင်နဲ့ ကွဲသွားပြီးကတည်းက တို့သူငယ်ချင်း နှစ်ယောက် အတူတွဲခဲ့ကြသယ်။ သူနဲ့ငါက သူငယ်ချင်းရယ် လို့တောင်မကပေါင်ဟာ၊ ညီအစ်ကိုတောင် တို့လောက်မချစ် နိုင်ပါဘူး။ သူသေတော့ ဇာတ်ကတဲ့ရွာမှာ ငါ့ပခုံးနဲ့ ထမ်းခဲ့သယ်'

'ဘယ်သူ့ကို ပြောနေသာတုံး၊ ဘယ်သူ သေသာတုံး'

'ကိုဖော့ဆို့လေ၊ ကိုဖော့ဆို့ မရှိတော့ဘူး မင်းသမီးရေ ကြာပြီကောဟာ။ မိကျောင်းအိုင်ဆိုတဲ့ရွာမှာ ဇာတ်ကကြရင်း ဆုံးရှာသာပဲ။ နင့်ဆရာကလည်း အရက်များတော့ အူထဲချိုးများ တည်အောင် သောက်သာပါဟာ။ နင့်တော့ လူအား စိတ်အား ရှိတဲ့အခါ သတိရရှာသယ်။ သတင်းတွေလည်းကြားရသယ်၊ နင်က တော်တော်နာမည်ကြီးနေသာကိုး၊ ဝမ်းသာပါ့ဟာ၊ ဇာတ်ထဲ နင့်အကြောင်းပြောကြသာကြားရင် ကျုပ်တူမအရင်း ကြီးပါဗျာလို့ ပြောသေးသာ။ ငါ့သူငယ်ချင်းကြီး အခုတော့ မရှိရှာတော့ဘူး'

'အိုတော်၊ ကျုပ်ဆရာပါ လေးကောက်ရိုးရယ်။ မင်းသမီး တစ်လက် တတ်အပ်၊ သီအပ်၊ ဆောင်အပ်၊ ရှောင်အပ်တွေ သူပဲ ပြောပြသွန်သင်ခဲ့သာပါ။ စိတ်မချမ်းသာလိုက်သာတော်၊ ကျုပ်က ကိုယ်ပိုင်ဇာတ်ထောင်ဖြစ်ရင် လေးဖော့ဆို့နဲ့ လေး ကောက်ရိုးကိုတောင် ရှာဖွေပြီးခေါ်မယ် တွက်ထားသာရယ်၊ ပြောပါဦးတော်၊ ကြားချင်စမ်းလှ'

ဦးကောက်ရိုးက အစီခံကိုမီးစွဲသည်အထိ ဆေးလိပ်ကို ဖွာနေပြန်ပါ၏။ ရုတ်တရက် ပြောမထွက်သလို ဆွံ့နေရှာသည်။ စကားသံမထွက်တော့မှ ဦးကောက်ရိုးခမျာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေမှန်း သိကြသည်။ ဂျီးတိုးကလည်း မျက်ရည်တွေကျလို့။ ဥညြသံအေးကတော့ လမ်းဘက်ကို ငေး နေလိုက်သည်။ နေပူခေါင်ခေါင်ထဲ နှစ်အိမ်ကျော်လောက်ဆီက ကလေးသိပ်နေသည့် ကလေးမအေ သီချင်းသံက အုန်း အောင် လွမ်းစရာကောင်းလှသည်။ အမေမဗိုင်းတောင့် နေ့လယ်နေ့ခင်း ပူကြီးလောင်ကြီးထဲမှာအိပ်လို့။ သည် သတင်းကို ချက်ချင်းကြီးကြားလျှင် အမေရင်ဆို့ရှာမည်



www.burmeseclassic.com

www.burmeseclassic.com

ဉသြသံအေးက ဂျီးတိုးကိုမျက်ရိပ်ပြသည်။ ခမျာ ထမင်းစားခဲ့ရဦးမှာ မဟုတ်တာကို တွေးမိလို့ဖြစ်၏။

'လေးကောက်ရိုး ထမင်းစားလိုက်ဦး။ ပဲချက်ရယ်, ငရုတ်သီးချက်ရယ်၊ ငါးပိတစ်ဆီပြန်ချက်လည်းရှိသယ်။ ဘူးရွက်ဟင်းချိုကလေးနဲ့ တစ်လုတ်တစ်ဆုပ် စားလိုက်ပါဦးတော်။ ဟင်းချိုတော့ အေးပြီ၊ ရှိသာနဲ့စားတော့။ အကျိုးအကြောင်း အမေနိုးတော့ ပြောသေးသာပေါ့'

ဦးကောက်ရိုးက ဂျီးတိုးထည့်ကျွေးသမျှ စားရာသည်။ သွားတွေမရှိတော့ ဘူးရွက်ဟင်းချိုကလေးနှင့် မျှောချနေရပုံပေါ်သည်။ အမေနိုးတော့ အိမ်ရှေ့ တစ်ဖက်ရပ်တဲထိုးထားသည့် ထလက်မိုးရိပ်ဆီ ထလာခဲ့သည်။ ကိုကောက်ရိုးကို အမေလည်း မမှတ်မိ၊ ပြောကြမှ သိတော့သည်။ ကိုဖော့ဆို့ ဆုံးပြီဆိုတော့ ရင်ကလေးပင့်ကာ အမေငိုသည်။

'အကင်းတပြိုက်ပြိုက်ပါကောအေ။ မောင်ဖော့ဆို့က ငယ်ပါသေးသယ်။ လူ့ဘဝနေမယ်ဆိုရင် သူ့ခမျာ အရွယ်ကုန်နေသာပါသေးရဲ့။ သူ့နမတွေကော အဲနေပါဦး၊ မင်း သွားတွေ ကျိုးကုန်သာလား'

ဂျီးတိုးက အမေမဗိုင်းတောင့်ကို သတင်းဦးပေးသည်။

'သွားတွေက ကျွမ်းခုတ်ကောင်းလို့ အံ့လိုက်ပြုတ်ထွက်သာတဲ့တော်။ နောက်မှ သွားကျိုးတဲ့ကိစ္စ ကျုပ်ပြောပြမယ်။ ကိုင်း၊ ကိုဖော့ဆို့အကြောင်း ပြောတော့'

'ကိုဖော့ဆို့က ကျုပ်ဆရာဆိုလည်းဟုတ်သယ်၊ ပညာယူဖော် သူငယ်ချင်းဆိုတော့လည်း မှန်ပါရဲ့။ ကျုပ်က ဓာတ်ပညာ အလိုတော့ အားမပြည့်လှပါဘူး၊ လူပြက်စကားနဲ့ပြောရင် မောင်းမကောင်းဘူးပေါ့ ဒွေးလေးရယ်။ ဒါပေသိ ဓာတ်တွေက ကိုဖော့ဆို့ကို တက်ကစီးခေါ်ချင်ကြတော့ ကျုပ်ပါခေါ်မှလိုက်သယ်။ တချို့ဓာတ်က တစ်ယောက်ပဲခေါ်နိုင်မယ်၊ ကျုပ်ကို မခေါ်ချင်ကြဘူးဆိုသာ ရှိသေးသာကိုး။ နို့ပေသိ ကိုဖော့ဆို့က သူ့ကိုခေါ်ချင်ရင် ကျုပ်ပါခေါ်မှဆိုတော့ ခေါ်ကြသာများသယ်။ သည်ကျေးဇူး ကျုပ်မှာရှိသယ်။ တစ်ခါတစ်ခါ အရက်များလို့ လူစိတ်ပျောက်အောင်မူးရင် ကျုပ်ကို ထိုးလားကြိတ်လား လုပ်ချင်သာရှိပေသိ ကျုပ်သည်းခံသယ်၊ အမူးပြေတော့ ငါ မှားသယ်လို့ ပြောတတ်ပါရဲ့။ ကိုဖော့ဆို့က စွယ်စုံဆင်၊ အဲသလို စွယ်စုံဆင်ဆိုတော့ ဓာတ်တွေက သူ့ခေါ်ရသာတန်သယ်။ ထမ်းတင်ထမ်းချ ထမ်းဆင့်လိုရင်လည်း သူပဲ။ ပြဓာတ်ထဲ၊ နောက်ပိုင်းထဲ လူလိုတော့လည်းသူပဲ။ ဓာတ်ထဲ တရားမှုရှိတော့လည်း မှန်တဲ့ဘက်ကထွက်သာ။ တစ်ခါများ ကျုပ်တို့ ဓာတ်မှာ ဖြစ်သာပြောရဦးမယ်။ ဓာတ်ထဲက မင်းသမီးယောက်ျားက ဆိုင်းဆရာ၊ တစ်ရက် လင်မယားချင်း မြဖြစ်တော့ ကနဦးတော့ မပြောသေးဘူး။ လင်က မယားနိပ်စက်သာတွေ လုပ်လာတော့ ဆိုင်းပစ္စည်းတွေ ချနေရာက သွားတဲ့ပြီး၊ လင် ဆိုင်းဆရာကို ထိုးတော့သာ။ ဆိုင်းဆရာက ညတွင်းချင်း ဓာတ်ကထွက်မယ်လို့ညစ်တော့ မင်းသဘောပါမောင်ရာ၊ မင်းလောက်တော့ ငါတီးလည်းဖြစ်သဗျာဆိုပြီး ပတ်မချောင်ဝင်တော့သာ။

ယောက်ျားတွေက
တစ်မျိုးရယ်
ပပဝတီ
ဘေးဖယ်ပြီး
ရွက်ကြမ်းရေကျိုမှ
မက်ကြသာလည်း
ရှိသနော
ကောင်မ
ရိုးသကောရယ်လို့
လွှတ်မထား
လေနဲ့တော်
လူရိုးဆိုသာ
သဒ္ဒါချင်းမှာပဲ
ကောက်လို့ရသာ

ကိုဖော့ဆို့က အဲသလိုလူရယ်။ ခက်သာက အရက်တွေ သောက်သာပဲ။ သူ့ကြီးတော်ကြီးလည်း ဆုံးရှာပေါ့။ နမတွေကလည်း ဝမ်းကွဲတွေပါ။ လင်ရကုန်တော့ ကျုပ်ကိုပြောဖူးသယ်၊ ငါလည်း ခုမှ ထမ်းပိုးတုံးကျွတ်တော့သယ်တဲ့။ တောနယ်မှာ ကကြတဲ့ တောဓာတ်ဆိုတော့ တောတွေမှာချက်တဲ့ အရက်ပြင်းပြင်းတွေ သောက်သာလည်းပါမှာပေါ့။ ကိုဖော့ဆို့က အရင်ဓာတ်နားလိုက်ရသာကလည်း အရက်ကြောင့်ကိုးဗျ။ ဓာတ်နားပြီး အရက်ပြတ်မလိုလိုရှိရာက ဓာတ်ထဲရောက်တော့ နဂိုက ကြိုက်တဲ့အရက် ပြန်သောက်ဖြစ်သာပေါ့။ တစ်ခါတော့ ကျုပ်ကိုပြောသယ်၊ ကောက်ရိုးရေတဲ့ ငါ့ရင်ထဲမကောင်းဘူးကွာတဲ့။ တစ်ခါလည်း ဓာတ်ခုံပေါ်မှာ လူလိုလို့ ဝင်ကနေရင်းက သွေးတွေပွက်ခနဲ အန်ချလိုက်လို့ ဓာတ်ထောင်က မင်းရောဂါရှိပြီ မကပါနဲ့တော့ကွာ ဓာတ်ကိုသာထိန်းပေးပါ၊ ငါ ညကြေးပေးထားပါ့မယ် ပြောရှာပါရဲ့။ ကျုပ်ကလည်း ရှာပြန်ပြီး ဆေးဝါးကုကြရအောင်ပါလို့ ပြောပါသယ်၊ သူက ရှာပြန်ပြီး ဘာလုပ်စားကြမှာတုံးတဲ့။ သည်ကတည်းက အရက်သိပ်မသောက်တော့ဘူး။ ဆေးရယ်ဝါးရယ်လို့တော့ ဘယ်ရှိမှာတုံး ဒွေးလေးရာ။ ရပ်တကာ ရွာတကာ ရောက်ရတဲ့ အလုပ်

www.burmeseclassic.com

ဆေးကောင်းဝါးကောင်း ဘယ်ရှိနိုင်ပါ့မတုံး။ တစ်နှစ်လောက် ရှိမလားပဲ၊ ကိုဖော့ဆို့ခများ ဗိုက်ကြီးစူပြီး လူက ပိန်ချုံးလာတော့သာပဲ။ သည်တော့မှ ရွာခေါ်ပြန်ကပ်တော့မယ် ပြောတော့သာ၊ ဒါပေသိ ရွာမပြန်လိုက်ရပါဘူးဗျာ။ ဓာတ်ကရာ ရွာမှာပဲ ဆုံးရှာတော့ အဲသည်ရွာက သင်္ချိုင်းမှာ ကျုပ်တို့ကိုယ်တိုင် ထမ်းချခဲ့ရပါသော်ကောဗျာ’

ဥသြသံအေးထံမှ ရှိုက်သံတစ်ချက် ထွက်ပေါ်လာခဲ့သည်။ အမေမဗိုင်းတောင့်ကတော့ ပခုံးမှာတင်ထားသော ဖျင်တဘက်စဖြင့် မျက်ရည်တွေတို့နေသည်။ ဂျီးတိုးတစ်ယောက်ကတော့ ကိုဖော့ဆို့ သေခြင်းထက် ဓာတ်လမ်းကို ပိုစိတ်ဝင်စားနေပုံရသည်။ ကိုကောက်ရိုးကို ငေးလို့။

‘သူ မဆုံးခင်ရက်တွေတုန်းက ဝါခေါင်မိုးနဲ့ တွေ့ချင်လှသကွာ။ မိန်းကလေးတော့ အညာပိုင်းဓာတ်တွေမှာ တော်တော်နာမည်ရနေသယ်ကြားသယ်တဲ့၊ သည်မိန်းကလေးက ဖြစ်မယ်ဆိုသာ ငါအကဲခတ်မိသယ်တဲ့။ ဝါခေါင်မိုးက သိန္နောမြင်းလိုကောင်းကင်က တိမ်ညွန့်တက်စားမယ့် မြင်းမျိုးလို့ ပြောသေးသာ။ နင့်တော့ သတိတရ ရှိရှာပါရဲ့အေ၊ အဟုတ်ပြောသာပါ။ တို့မှာလည်း လိုက်မိတဲ့ဓာတ် ငွေသုံးကြိုယူထားသာနဲ့ အောက်ပြည်ကကို ပြန်မဆန်နိုင်ပါဘူး ငါ့တူမရယ်။ တစ်ခါတော့ ရွတ်ပြသေးသာ။ *ရွှေစံပယ်တင်×××ငွေပါးပြင် နတ်မင်းနဲ့ရေး×××ညှင်းကလေး ချွေးမစွန်းခင်×××ခရီးဝေးတဲ့ လှကြေးမှုံ××× မောင်တော်နတ်မင်း နောင်ဘဝက နှမရင်း×××သေးမှကင်းရဲ့လားကွာ* တဲ့။ ဝါခေါင်မိုးက ရုပ်ချောအသံသာ သဒ္ဒါနောတဲ့ နတ်သြဓာဆိုတော့ ပျို့မောင်ဘုန်း ရွှေသျှောင်ထုံးတွေ ဝိုင်းနေလောက်ပြီတဲ့။ ငါတောင် နင်အိမ်ထောင်ကျသာသည် ရောက်မှ သိရသာပါ။ အေးပါအေပြီးတော့လည်း ပြီးသာပါပဲ။ တို့ဓာတ်တွေဆိုသာ ဂဠုန်လည်းပါ၊ နဂါးလည်းပါဆိုတော့ ကိုဖော့ဆို့က ဝလုံးနင်း ဝခြမ်းနင်း(ဝါးလုံးနင်း ဝါးခြမ်းနင်း) ဖြစ်မှ စိုးရှာသာပါ။ နေပါဦးတဲ့။ အခု နင့်ယောကျ်ားက ဘယ်မှာတုံး ဘယ်သူတဲ့တုံး၊ ဓာတ်ထဲကပဲလား’

‘ဓာတ်ထဲကပါပဲ လေးကောက်ရိုးရယ်၊ ကျုပ်ဆရာပါ။ ပြဓာတ်တွေ အော်ပရာတွေရေးသယ်။ အခုက အနောက်ရွာတွေဘက် ထွက်သွားသယ်၊ အရပ်ပြဓာတ် ကကြမှာဆိုတော့ ရွာဒိုးဆရာ ကိုမောင်ထီက ဆရာလိုက်ပြီး ဓာတ်စီးပေးပါဆိုလို့ သုံးလေးရက် သွားလုပ်ပေးနေသယ်။ ရွာကာလသားတွေက လှအောင်ကန်တော့ကြသာနဲ့ လိုက်သွားသာ။ ဓာတ်မကကြရသာကြာပြီ လေးကောက်ရိုးရဲ့။ ကမယ်ဆိုတော့လည်း ဖြစ်ပါရဲ့၊ နေရသခိုက် အမေနဲ့ရောသမီးနဲ့ပါ ဝအောင်နေလိုက်စမ်းမဟုတ်ဆိုပြီး ကျုပ်လည်း အပျင်းထူနေသာ။ ထိုင်နေသာကြာပြီ တစ်တုံ့တုံ့ရဦးမှာပါ၊ ကလေးရှေ့ရေး ရှိသေးသယ်လေ’

‘ပြဓာတ်ဆရာဆိုမှတော့ ပညာဘယ်သေးလိမ့်မတုံး။ အေးဟာ နင့်စကားကြားရသာ စိတ်ချမ်းသာပါသယ်။ ငါလည်း မနက်ရွာပြန်မယ်။ နင်တို့ ဓာတ်ထောင်ချင်ရင် ငါပြောမယ်။ ရေနံချောင်း၊ ချောက်ဘက်မှာ ဓာတ်ဖြုတ်ထားတဲ့ နှစ်ဓာတ်ရှိသယ်။ ပစ္စည်းတွေပြန်ရောင်းချင်သတဲ့။ ကြားခဲ့သာပါ။ အသုံးများလိုရင် ငါ့လည်း ခေါ်ပါဟာ။ ကိုဖော့ဆို့မရှိတော့ တခြားဓာတ်လည်း မကချင်တော့ပါဘူး။ အခုတော့ မြေကျင်းလိုက်တူးသယ်၊ အခင်းတွေမှာ စိုက်ပေါင်လိုက်တင်ပေးသယ်၊ အိမ်သာကျင်းတူးသယ်။ လုပ်လက်စမဟုတ်တော့ ပင်ပန်းလှသဟယ်’

သည်လိုကြားရတော့ ဥသြသံအေး စိတ်မကောင်းဖြစ်ရပါ၏။ ဓာတ်သမားတွေရဲ့စိတ်သဘောကို ဥသြသံအေး နားလည်သည်။ ဓာတ်သမားအများစုက ဖြစ်နိုင်လျှင်ဓာတ်ပဲကချင်ကြသူတွေမဟုတ်လား။ ပရိသတ်မျက်လုံးတွေအောက်မှာ နေခဲ့ကြသူတွေဆိုတော့ ကွင်းထီးထီးထဲ ယောင်တိယောင်နမလုပ်ချင်တာ သဘာဝကျသည်။ အသုံးတွေ ယူထားမိလို့လည်းပင်းနစ်အောင် ကြွေးကျင်းထဲ ကျနေရပေသီ ကိုယ့်ဘဝကိုယ် ပျော်နေကြသူတွေ။ အကြွေးတင်တော့ ရှင်ဘုရင်ဆပ်လိမ့်မပေါ့ ဆိုသူတွေ။ အကြွေးကြီးလို့ နောင်ဘဝအထိ လိုက်ဆပ်ရစေဦးတော့ ဓာတ်ကပြီးဆပ်ရဦးတော့ ဆပ်လိုက်ချင်သူတွေ။ သူတစ်ပါးပိုက်ဆံ ယူထားပြီး ညစ်လိုက်ဦးမဟဲ့ဆိုသည့် စိတ်မရှိကြတာများသည်။ တစ်ခါက အစ်ကို ဆရာကိုသက္ကာ ပြောဖူးသည့်စကား ရှိသည်။

‘ဓာတ်သူဓာတ်သားတွေက ညစ်တယ်ဆိုတာ ရှားပါတယ် ဥသြရယ်။ သူတို့မှာ အကြွေးရှိရင် ကျေကုန်အောင် ဆပ်ချင်ကြသူတွေပါ။ သူတို့တစ်ကိုယ်လုံး ကြံရည်ကြိတ်စက်နဲ့ ကြိတ်ယူယူ၊ မောင်းထဲ ထည့်ထောင်းပြီးယူယူ ဘဝအနာခံပြီး ဆပ်ချင်ကြသူတွေချည်းပဲ။ ဓာတ်ကနဲ့လန်ကာပြဲလို့ ချုပ်စမ်းကွာဆိုရင်တောင် ပျော်ပျော်ကြီး ချုပ်ချင်သူတွေရယ်။ ဆိုင်းသံနဲ့ အသက်ဓာတ်ကို ဆွဲဆန့်ထားချင်သူတွေရယ်’

ဟုတ်လည်းဟုတ်ပါရဲ့။ သူ့ပဲကြည့်လေ။ ရွာခေါ်ပြန်ကပ်ပြီး အထိုင်ကလေးကြာလာတော့ ဓာတ်ခုံပေါ်ပြန်တက်ချင်ပြီ။ နေရထိုင်ရတာ တစ်ခုခုလိုနေသလို ခံစားရသည်။ ဓာတ်ခုံပေါ်မှာတော့ လူကလျှင်နေသလိုပင်။ ညကလေးမှောင်လာလို့ ဆိုင်းချီပြီဆိုသည်နှင့် စိတ်တွေက လိပ်ပြာငယ်သည့် နတ်ဝင်သည်လို သဘင်နတ်ပူးချင်ပြီ။ မျက်နှာပေါ် မိတ်ကပ်ပဲတင်ရတော့ မလိုလို၊ ဆံပင်ပဲ ထုံးနှင့်ရမလိုလို။ တစ်ခါတစ်ခါ စိတ်က ယောက်ကယက်ဖြစ်သူလို ရယ်ချင်ချင်၊ ငိုချင်ချင်ဖြစ်ရတာ နားလည်နိုင်စရာမရှိ။ နောက်ပိုင်း ကရတော့မည့် ညဆိုပြန်တော့ ဓာတ်ဝင်သီချင်းလေး ညည်းနွှေးနွှေးထားမိတာ အခါခါပင်။

‘*မသြောင်းနိုင်ပါရှင်×××တစ်သောင်းတိုင် သည်ခ... ခရီးပေါက်ခဲ့ပေ့×××မြိုင်အောက်တစ်ကြော အော ဟော××× ဖောင်စီးလှည့်ကာ မောင်ကြီးရယ် မပေါ်လာလို့×××တော်... မျှော်ရှာကြီးသူအဖို့×××မောင်ကြီးရေ့, ကျွမ်းရပါသကော... မှန်းဆ အခါခါမော×××အလိုရှင်,လွမ်းရစိတ်စော...×အော*



www.burmeseclassic.com

www.burmeseclassic.com

*ပေါ့*'

ဟုတ်ပြီ။ ဒါက လင်ဖောင်သမားမရောက်လာလို့ ဆိုရတဲ့ အမျှော်။ တောသူမ ဘုရင် မကောက်ခင် သစ်ခင်းထဲ ရွတ်ရမယ့် စကားကကော။

*'ဆီးခံတဲ့ဖောင်းချမ်း×××အနှစ်စိုတဲ့ သစ်ညှိတန်း××× သဖန်းနီစုတ် သမင်သဖြူနှစ်ပင်ငယ်တူ×××လူမခုတ်ကရော ထင့်×××ဂျူတ်နဲ့သမုန်း ဆင်တုံးနွယ်ရုံ×××ခတက် ခနောင်း ကြွက်နဖောင်းနဲ့ ခစောင်းခြို×××ကင်းပုံနလျှာ နီးမကွာ ကျီးအာ ဆူးပုတ်×××ဘယ်သူတစ်ဦး လူမခူး အဖူးတုတ်ပါဘိသနဲ့ ×××လုပ်ခင်းပြင်ကျယ်×××ရိုးစောင်းက မိုးကောင်းလယ် ×××ချောင်းပြင်မှာ ပေါင်းသင်လျှက် ပြောင်းပင်ယှက်××× ခေါင်းတင်ရွက်စမ်းရတော့မှာပဲ'*

ညဦးကတည်းက သည်လိုတွေးရတာကိုက မင်းသမီး အဖို့ရာ ရင်နူးစရာ။ မျက်စိထဲမှာ မင်းသမီးကလေးကို ငေးနေကြမည့် ပွဲခင်းထဲက ပွဲကြည့်တွေကို မြင်ယောင်မိသည်။ အသံကလေး မချို့တချို့၊ အမူအရာကလေး မပို့တပို၊ မင်းသမီးဟန်ကလေး ကပို့ကရိုဆိုတော့ ပွဲကြိုက်သူတွေ ချစ်ခင်ကြတာ မဆန်းပြီ။ မီးရောင်တွေလွင့်၊ ပိတ်ကန့်လန့်ကာဖွင့်လိုက်တော့ ရင်တွေလှပ်လှပ်ခုန်ရလေပြီ။ ဥစ္စာစောင့်များ လူ့ပြည်လူ့ရွာ တစ်ခဏတာ ရောက်ကြရသလို နေရသခိုက်ပျော်လိုက်ကြရသလိုပင်။ မနက်မိုးလင်းပြန်တော့ လူ့ဇာတိ၊ လူ့အနွယ်၊ လူ့ဇာတိစိတ်တွေ ပြန်ဝင်ရပြန်ပါ၏။ သည်လိုနှင့် ရာသီတွေကုန်ကြရသည်။ နှစ်ကာလတွေ ရင့်ကြရသည်။ တချို့လည်း အရွယ်ကုန်ကြသည်အထိ ဇာတ်ခုံပေါ်က မဆင်းကြဘဲ ဇာတ်ထမင်း ဇာတ်ဟင်းကလွဲလို့ မမြိန်ကြတော့ပြီ။

နောက်မနက်စောစော လူပြက်ဦးကောက်ရိုး ပြန်မယ်ဆိုတော့ ဆရာ ကိုသက္ကဝတ်သည့် ပုဆိုးတွေထဲက လတ်လတ်လောလော နှစ်ကွင်းနှင့် ငွေတစ်ရာ ထည့်ပေးလိုက်သည်။ သာခုခေါ်ရာပါ၏။ ကိုကောက်ရိုးပြန်တော့မှ ပြောခဲ့သည့်စကားသတိရသည်။ ရေနံချောင်း၊ ချောက်ဘက်မှာ ပွဲတစ်ခွင်စာ ဇာတ်ပစ္စည်းတွေ ရနိုင်သတဲ့။ ဝယ်လိုက်ချင်သား။ ကိုယ်ပိုင်ဇာတ်တစ်ဇာတ် ထောင်လိုက်ရရင်တော့လား။ ဇာတ်ခေါင်းစည်းဆိုင်းဘုတ်ကို သည်တစ်ခါတော့ သမီးကလေး သက်အေးပုံနာမည် တပ်ချင်သည်။ ရှုပါရုံသက်အေးပုံဒေသာဇာတ်ပွဲ။

❑

ဆရာကိုသက္က ဇာတ်စီးဖို့ လိုက်သွားတာ သုံးရက်ရှိပြီ။ ပြီးသေးလို့ဘဲလား၊ လက်လွှတ်ရအောင် အားမရလို့ဘဲလား မပြောတတ်ပါ။ ကိုမောင်ထီနှင့်အတူ အရပ်သား ကာလသား ခြောက်ယောက် လှည်းနှင့်လာခေါ်ကတည်းက စုတ်ခနဲ ပါသွားခြင်းဖြစ်၏။ ကာလသားတွေ ကကြမည့်ပြဇာတ်ဆိုပေသီချင်းအတွက် အလင်းအမှိန် အခန်းအကူးအပြောင်းတွေကအစ ကူညီနေ သင်ပြပေးနေပုံရသည်။ ပြောသွားတုန်းက သုံးလေး

မိန်းကလေးများဟာ
ငယ်ဘဝ
အပျိုပေါက်လာရင်
လရောင်ထဲမှာ
ဝံပုလွေများ
မြူးသလို
ကချင်ခုန်ချင်
ကြတာ
ချည်းပဲတဲ့
ငါ
ငယ်ငယ်
ကတည်းက
ကခဲ့တာပဲတဲ့။
ဘယ်လို
သဘာဝလဲတော့
မပြောတတ်ဘူးတဲ့

ရက်ဆိုတော့ ကနေ့ပဲ ပြန်လာမလား၊ နက်ဖြင်ပဲ ပြန်လာလေ မလား။

ထိုညနေက ရုတ်တရက်ဆိုသလို အပူလွန်ရာက လေနီကြမ်းကြီးကျလို့ သားအမိတစ်တွေ အိမ်ကလေးထဲမှာ နေကြရသည်။ လေကပြင်းလိုက်ပုံများ။ အိမ်ရှေ့ကွက်လပ်မှာ ကျင်းတူးထားသော မီးဖိုကျင်းရှိလေတော့ ဂျီးတိုးက လေအကျမှာ ရေတစ်ပုံးထွက်လောင်းသည်။ မီးကြွင်းမီးစ ကျန်မှာစိုးလို့ဖြစ်၏။ လေနီကြမ်းကြောင့်ပင် ဖုန်ခိုးတွေက လမ်းမတန်းတစ်လျှောက် ထိုးကော်မွှေနှောက်ပစ်လိုက်သလိုသော သောထလေသည်။ အရပ်လေးမျက်နှာ ဘယ်ဆီဘယ်ဝယ်ကိုမှ ကောင်းကောင်းမမြင်ရဘဲ တစ်ရွာလုံး ဖုန်တိုက်ထဲ နစ်နေလေတော့သည်။ ဖုန်ခိုးတွေမစဲခင်မှာ အိမ်ရှေ့လှည်းတစ်စီး ရောက်လာခဲ့သည်။ လှည်းက ပေါင်းမိုးလှည်းဖြစ်၍ ပေါင်းမိုးတစ်ခြမ်းက လှည်းရုံတိုင်အပြင်ဘက် တစောင်းကြီး ငိုက်ကျနေသည်။ ငိုက်ကျနေသည့် ပေါင်းမိုးအနားက လှည်းဘီးကို တဂျစ်ဂျစ်မြည်အောင် တိုက်လျက်ရှိပါ၏။ ဂျီးတိုးက မီးဖို ကျင်းထဲက တက်ပြီးအိမ်ရှေ့ကို လှမ်းကြည့်သည်။

'တိုးစိန်ရေ လာဦးဟေ့။ ငါရယ်၊ မပုတ်ကလေးရယ်၊ ညည်းတို့ရွာ ဝင်မယ်ဆိုမှ ဘယ့်နှယ့်ဖြစ်သယ် မသိပေါင်အေ။ လေနီကြမ်းကြီး စွပ်ခနဲကျလာလို့ လှည်းများ တုံးလုံးလှဲလိုက်လေမလား

www.burmeseclassic.com

အောက်မေ့မိသယ်။ ပေါင်းမိုးက ပြုတ်မထွက်လို့ ပေါ့အေ၊ ပြုတ်များထွက်လိုက်လို့ကတော့ တစ်စစီကောက်ရုံ ရှိမှာပဲ’

ဂျီးတိုးက မင်းသမီးဟောင်း မပုတ်ကလေးမှန်းသိလို့ ထွက်ကြိုသည်။ မပုတ်ကလေး၏ လှည်းအိုက ပေါင်းမိုး တစ်ခြမ်းစောင်းနှင့်ပင် ဝိုင်းတိုက်ထဲ မောင်းဝင်လာခဲ့ပါ၏။ သည်တော့မှ အမေမဗိုင်းတောင့်နှင့် ဥသြသံအေးတို့ပါ ထွက်လာခဲ့သည်။ ဥသြသံအေးကို တွေ့လိုက်တော့ လှည်းချွတ်ရင်း အော်လေတော့သည်။ စောစောကလောက်မပြင်းတော့ပေသိ လေနီကြမ်းက အရှိန်ရှိသေးသည်။ ဖုန်ခိုးတွေကို အကြေးလှန် တုန်းရှိသေးသည်။ သည်ကြားထဲက ဥသြသံအေးကို မြင်လိုက်လို့ပဲလား၊ မင်းသမီးကြီးက စာပင်ရွှတ်နေသေးသည်။

‘အလို ဥသြမ၊ ဝမ်းသာချက်တော့အေ၊ ငါဖြင့်သည် တစ်သက် တွေ့ရမယ်တောင် မထင်ဘူးရယ်၊ ညည်းလင်ရဆို၊ မသန်းရီပြောလို့သိသာ၊ ဟိုတစ်လောက ကိုသီလတို့ဆီ ရောက်လို့ ကြားခဲ့သာ၊ ဟိုဒင်းပြောသလို–

*‘မောင်တော်မြတ်အလို မမေးဘဲနဲ့×××ဘုရားထူး အပါး မကူးဝံ့ပေါင်မောင်တော်×××လောင်းနေနတ်ဘုန်းမောင်ကို××× ဟောသည်က သုံးတောင်ဝတ်နှမတော်×××မစွာဝံ့လို့ ကုတ် ကုတ် ကလေးတမင်မျှော်×××လင်ခေါ်မှ ထူးဝံ့သူပါ မောင် မောင်ရဲ့’* ဆိုသာမျိုးလားအေ၊ ကိုယ်ကနိုင်ရတဲ့ လင်ယူရသာ အေ့၊ ညည်းလင် ဘယ့်နှယ့်တုံး’

‘ဖြစ်ရလေ အမေပုတ်ရယ်၊ လေနီကြမ်းကြီးကျရတဲ့ကြား ထဲ လင်ကြောင်းသားကြောင်း မေးနေသယ်လို့။ ပေါင်းမိုးက မကောင်းတော့ပါဘူးတော်၊ ရွာမှာပဲ လဲလိုက်ပါ၊ ကျုပ် ဘကြီး သာညို မေးကြည့်ပါဦးမယ်’

‘လူအို၊ လှည်းအို၊ ပေါင်းမိုးအိုမှတော့ မကောင်းနိုင်ပါ ဘူးအေ’

ရွာစဉ်လှည့်ဈေးသည် အမေပုတ်ကလေးရောက်လာ တော့ အရွာရွာက သတင်းစုံကြားရသည်။ သည်သတင်းတွေ ထဲမှာ အဖေကြီးဝံသာနု အောင်ကြိုင် ဆုံးရှာပြီဆိုတာပါတော့ စိတ်မကောင်းဖြစ်ရပြန်ပါ၏။ သည်ရက်တွေထဲမှာပဲ ကျေးဇူး ရှင်နှစ်ယောက် ဆုံးသည့်သတင်း ရှေ့ဆင့်နောက်ဆင့် ကြားခဲ့ရ သည်။ ဥသြသံအေးဘဝမရောက်ခင် ဝါခေါင်မိုးဘဝကတည်း က တတ်အပ်သိအပ်တာတွေကို ကုံ့ကူလက်လှည့်သင်ပြခဲ့ကြ တာကို ပြန်လည်မြင်ယောင်နေမိပါ၏။ ဘယ်လိုပဲဖြစ်ဖြစ် အဖေကြီးဝံသာနု အောင်ကြိုင်က သီးမှည့်တစ်လုံးလို ကြွေခဲ့ရ ခြင်းဖြစ်လို့ ဖြေသာပါရဲ့။ ဆရာကိုဖော့ဆို့ကတော့ အသက် ရှည်မည်ဆို ရှည်နိုင်သေးရဲ့မဟုတ်လား။ ညဘက် ထမင်းစား ပြီးကြတော့ အမေမပုတ်ကလေးဆီက ကောင်းသောစကား ကြား ရပါ၏။

‘ညည်းကျေးဇူးရှင် မောင်သီလနဲ့ မသန်းရီက သူတို့ စိတ်ထဲရှိတဲ့စကားငါ့ကို ဖွင့်တိုင်ပင်ကြသယ်၊ ညည်းအိမ်သား က အော်ပရာပြဇာတ် တော်တော်ရေးတတ်သယ်ပြောသယ်၊ ဥသြသံအေးကလည်း သဘင်နယ်မှာ နာမည်တစ်လုံးရပြီဆို တော့ လင်ကိုယ်မယား ဇာတ်တစ်ဇာတ် ကိုယ်ပိုင်ထောင် ရင်ကြီးပွားစရာရှိသယ်ပေါ့အေ။ မသန်းရီတို့က သူတို့ဖြုတ် ထားတဲ့ဇာတ် ညည်းတို့ကို ဇာတ်ပစ္စည်းနဲ့တကွ အပ်ချင်ပုံရ သယ်၊ ငါ့စိတ်ထင်ပြောသာ၊ တစ်ရက်ရက် လူကြုံပေါက်လာ လိမ့်မယ်၊ ငါက ဇဂဦး(စကားဦး)သန်းသွားသာမပြောနဲ့။ ငါ အဲသာပြောချင်လို့ ညည်းတို့ရွာဘက် လှည့်လာသာ၊ ညည်း ရောက်နေမယ်မထင်ဘူး၊ ညည်းအမေပြောချင်သာရှိသာ။ အခု ညည်းပြောပုံဖြင့် ညည်းကို ခေါ်ချင်တဲ့လူ များသာလည်း များသာပေါ့၊ နို့ပေသိ ကိုယ့်ဇာတ်နဲ့ကိုယ် ပညာကို စိတ်ရှိတိုင်း လုပ်နိုင်သာက ပိုကောင်းသာပေါ့အေ။ ကိုသီလဇာတ်ပစ္စည်း တွေလည်း ကောင်းပါသေးသယ်၊ မနွမ်းလောက်သေးပါဘူး၊ လိုသာတော့ ဖြည့်ပေါ့။ ညည်းတို့လင်မယား ဇာတ်ထောင် ရင် အမေပုတ်ကလေးတောင် ဇာတ်ပြန်ကလိုက်ချင်သေး’

‘အဖေသီလတို့ ပစ္စည်းတွေဆိုပေသိ ကိုယ့်ပစ္စည်းတော့ မဟုတ်ဘူးပေါ့ အမေပုတ်ရယ်၊ ဒါပေသိ အဖေသီလတို့၊ အမေ သန်းရီတို့ဆိုတော့ ကျုပ်တို့ကို ညှာကြမှာပါ။ လုပ်ကြကိုင်ကြ ဖို့ကိစ္စတော့ ဆရာကိုသက္ကပြန်လာမှ စဉ်းစားရုံပေါ့’

‘တစ်ရက်ရက် လာကြမှာပါ၊ ညည်းတို့ ရွာပြန်နေသာ မသန်းရီတို့ သိသလား’

‘မပြောတတ်ဘူး၊ ကျုပ်တို့လည်း ရွာပြန်လာကတည်း က ဘယ်မှမရောက်ဘူး အမေပုတ်ရယ်’

‘သူတို့ရှာတတ်ပါသယ်အေ၊ ဇာတ်သမားတွေဥစ္စာ’

အမေပုတ်ကလေးရောက်နေသည့် ရက်တွေမှာတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။ အမေကြီး ပိတုန်းတစ်ယောက်တော့ ရိပ်သာကျောင်းမှာ တရားအားထုတ် နေသည်ဆိုလို့ ဝမ်းသာရသေး၏။ ပေါင်းမိုးလှည်းကို ရွာမှာပဲ ပြင်ပေးကြရုံမက ဟောင်းမြင်းနေသည့် လှည်းထမ်းပိုးတုံး ဆင့်တုံးတွေပါ လှည်းဟောင်းတွေဆီက ဖြုတ်ပြီးလဲပေးကြ သည်။ လှည်းဟောင်းကပစ္စည်းတွေဆိုပေသိ အမေပုတ် ကလေးလှည်းက ဖြုတ်ချထားတာတွေထက်တော့ အတော် ကြီးကောင်းသည်။ အမေပုတ်ကလေးခမျာ ဝမ်းသာလိုက်ပုံ များ။

‘လေနီကြမ်းတိုက်သာတောင် ကျေးဇူးတင်ရသေးအေ လှည်းကျိုးကနေ လှည်းတစ်ပတ်ရစ်ဖြစ်ကရော။ ခက်သာက လှည်းသာ ကောင်းသွားသာ၊ နွားနှစ်ကောင်က နံရိုးတွေ ပေါ် ထွက်နေသာများ ပတ္တလားဆံသာကြည့်တော့’

နောက်တစ်နေ့ နေ့လယ်မှာ အနောက်ရွာကလူငယ်တွေ ကပဲ ကိုသက္ကကို အိမ်အရောက်ပြန်ပို့ကြသည်။ ရွာထွက်လာ ဆောင်ပစ္စည်းတွေက လှည်းတစ်စီးစာလောက် ရှိလိမ့်မည် ပဲတွေ၊ နှမ်းတွေ၊ကြက်သွန်တွေကအစ ရွာရက်ကန်းကျ အထ အထည်တွေပင် ပါပါ၏။ သည်တော့မှ အမေပုတ်ကလေး ကိုသက္ကကို အကဲခတ်သည်။ ဖျင်အင်္ကျီလည်ကတုံးနှင့်

www.burmeseclassic.com

ထွက်စက်ကျပုဆိုးဝတ်ထားသော ကိုသက္ကကိုကြည့်ရင်း ဉာဏ်သံအေးကို တိုးတိုးပြောလိုက်သည်။

'ညည်းယောက်ျားက ရုပ်သေးထဲက သူတော်ရုပ်နဲ့ ပါကောအေ့။ ဒေါင်းတိမောင်းတိ အကြောတင်းတင်း လုပ်ကျွေးမယ်တော့ မထင်ဘူး။ ဒါပေသိ မျက်ပိုးကျကြီးနဲ့ ဘယ်မိန်းမကိုမှ မော့ကြည့်မယ့် သဘောတော့ မရှိဘူး'

'ကျုပ်ထက်ချောတဲ့မိန်းမတော့ သူ ထပ်မတွေ့နိုင်တော့ပါဘူး အမေပုတ်ကလေးရယ်'

'ဒါတော့ ဟုတ်သယ်၊ ညည်းက ကလေးတစ်ယောက်ရမှ ပိုပြီးတောင် ချောလာသေးအေ။ ဒါပေသိ ယောက်ျားတွေကတစ်မျိုးရယ်။ ပပဝတီဘေးဖယ်ပြီး ရွက်ကြမ်းရေကျိုမှ မက်ကြသာလည်းရှိသနော ကောင်မ၊ ရိုးသကောရယ်လို့ လွှတ်မထားလေနဲ့တော်။ လူရိုးဆိုသာ သံချိုင်းမှာပဲ ကောက်လို့ရသာ'

ဆရာကိုသက္ကက အမေပုတ်ကလေးကိုလည်း ခင်ရှာသည်။ စကားတွေပြောကြတော့ အဖေသီလတို့ဇာတ်က ခွင်လုံးပြည့်ပွဲဆင်ပြီး ကိုသက္ကနှင့် ဉာဏ်သံအေးကို ပွဲအပ်ရန် စီစဉ်နေကြောင်း ကြားရတော့ဝမ်းသာသည်။ ရေနံချောင်း၊ ချောက်မြို့တွေဘက်မှာ ပွဲခွင်တစ်ဆင်စာရောင်းဖို့ ရှိကြောင်းတွေပါပြောပြတော့ ကိုသက္ကစိတ်ဝင်စားသည်။ အမေပုတ်ကလေးက ကိုသက္ကတို့ဇာတ်ထောင်လျှင် သူပြန်ကမည့်အကြောင်းပြောတော့ ဂျီးတိုးက ဝင်ငေါက်သည်။

'ကိုယ့်ရုပ်ကိုယ့်ရည်လည်း မှန်ထဲကြည့်ဦး ကြီးတော်ရေ၊ မျက်နှာပေါ်က တင်းတိပ်တွေ လက်သမားခေါ်ပြီး ရွှေပေါ်ထိုးချဦး။ အဲသည်တော့မှ ရွှေပေါ်စာကောက်ရဦးမယ် မီးမွှေးဖို့'

'ဖေ…မ…ပြောရှောမယ်'

ဂျီးတိုးစကားကြောင့် ဉာဏ်သံအေး ရယ်မိပါ၏။ စကားတွေ ပြောဖြစ်ကြတာ ဟိုရောက်သည်ရောက်။ ကိုသက္ကက အနောက်ရွာမှာ ဇာတ်စီးပေးရာက ကြုံရတာတွေပြောတော့လည်း ရယ်ရသား။ အနောက်ရွာ ဘုရားပွဲမှာ ရွာကာလသားတွေကိုယ်တိုင် ကပြကြမည်။ အော်ပရာ၊ ပြဇာတ်၊ နောက်ပိုင်းအသီးသီး အသက အသက ကာလသား၊ ကာလသမီးတွေကိုယ်တိုင် ကပြကြမည့်ပွဲ၊ ကာလသားခေါင်းက ကိုဖိုးတိုးတဲ့။ တောင်သူကြီးသား ချမ်းသာသူဆိုတော့ ကျသမျှကုန်သမျှ ငွေကြေးတွေ သူကပဲ အနှမြောမရှိ အကုန်ခံသည်။ သို့ပေသိ ဖိုးတိုးမျက်နှာက သဖန်းသီးတွေထလို့။ တစ်ကိုယ်လုံး အနာအဆုပ်တွေပွလို့။ စကားပြောတော့ နှာသံကလေးနှင့်။ လူချမ်းသာသားဆိုတော့ ဇာတ်တိုက်သည့်ရက်တွေမှာ သူ့အိမ်ရှေ့မှာ ဆံအိုးကြီးချက်ချက်ပြီး ကျွေးသည်။ ဆွဲကြိုးကြီးက ချက်ရိုက်ဆိုင်၊ ဒေါင်းဒင်္ဂါးပြားကြီးနှင့် တွဲပြီး ဆွဲထားခြင်းဖြစ်၏။ ကျောက်ပန်းတောင်းဘက်က မင်းသမီးငယ် နှစ်လက်ကို စိတ်ကြိုက် ငှားထားပြီး သူပဲ ပြဇာတ်မင်းသားလုပ်သတဲ့။

အော်ပရာကျ တော့လည်း သူမင်းသား။ ပြဇာတ်ကျတော့ လည်း သူပဲ မင်းသား။ ကာလသားအများစုက မခံချင်ကြပေသိ ငွေနှင့် ဖိထားတော့ မလှုပ်သာကြပြီ။

'ဖိုးတိုးက အရည်တစိုစိုနဲ့ဆိုတော့ မင်းသမီးတွေက မတွဲချင်ကြဘူး။ မင်းသမီးတွေခများလည်း ဖိုးတိုးမှမဟုတ်ဘူး၊ ပြဇာတ်ထဲပါသမျှ ဇာတ်ရုပ်တွေက ကြုံသလို ဖက်ကြတာပဲ။ ဦးလေးလုပ်သူကလည်း ငါ့တူမဆိုပြီးဖက်၊ ဖအေလုပ်သူကလည်း ငါ့သမီးဆိုပြီးဖက်၊ လူဆိုးကလည်းကျုံးဖက်၊ မင်းသမီးသူငယ်ချင်းလုပ်ကြတဲ့ ကာလသားတွေကလည်းအကြောင်းရှာပြီးဖက်ဆိုတော့ မင်းသမီးတွေက အစ်ကိုလာတော့ တိုင်ကြတယ်။ ကာလသားတွေကို ပြောတော့ ကျုပ်တို့က ဖက်ချင်လို့ ငှားတာလေဆရာရဲ့၊ အဖက်မခံချင်လို့ ဘာရလိမ့်မတုံးတဲ့။ ဒါနဲ့ ပိုက်ဆံများများထည့်တဲ့ ဖိုးတိုးခေါ်ပြီး မင်းသမီးနှစ်လက်က ငါ့ကိုတိုင်တယ်။ မင်းတို့ဖက်ချင်ရင် ကလေးမတွေကျေနပ်အောင် မင်းသမီးကြေး ပိုပေးလိုက်ကြကွာဆိုတော့ ပေးပါ့မယ်တဲ့။ မင်းသမီးကြေး ပိုရတော့ မင်းသမီးတွေက ကျေနပ်သွားကြတယ်။ မင်းသမီးငွေမှန်က ပြောသေးတာ။ ဆရာရယ်တဲ့ မင်းသမီးကြေး ပိုရလို့သာ အဖက်ခံရတယ်၊ ကိုဖိုးတိုးကြီးက ညှီစို့စို့နံလွန်းလို့ သူ့အနားကပ်ရင် အသက်အောင့်ထားရတယ်တဲ့။ ကောင်းရော'

ဉာဏ်သံအေးမှာ ရယ်ရမလို၊ ငိုရမလို။ တောမင်းသမီးကလေးတွေဘဝကို သူကိုယ်တိုင် ဖြတ်သန်းခဲ့ရသူဆိုတော့ ထိကပါးရိကပါး ကိုယ်ပွန်းတာလောက်တော့ သည်းခံရသည်သာ။ အဖက်ခံဖို့ ပိုပေးသည့် ငွေကြေးကို မက်လွန်းစက်လွန်းလို့ မဟုတ်ပေသိ၊ ငှားတုန်း ကကြရတာဆိုတော့ ငွေစကြေးစကလေး ပိုသုံးရသေးတာပေါ့လေလို့ စိတ်ဖြေကြရသည်။ ကာလသားဆိုသူတွေကလည်း မင်းသမီးကိုဖက်ပြီး အသားယူချင်တာထက် ပြဇာတ်တုန်းက မင်းသမီးကို ဖက်လိုက်ရတယ်ဆိုသည့် ဂုဏ်ကို ခံချင်ကြသူတွေ။

'ကိုဖိုးတိုးကြီးက ချွေးနံ့နံတယ် ပြောလာကြတော့ အစ်ကိုက တစ်မျိုးလှည့်ပြောရတယ်။ ဖိုးတိုး၊ မင်းသမီးဆိုတာ ဘယ်သူမဆို မိန်းကလေးသဘာဝ မွှေးတာကြိုင်တာ ကြိုက်တယ်။ ဇာတ်ခုံပေါ်တက်ပြီဆိုရင် မြို့ကပေါင်ဒါဘူးဝယ်ပြီး မွှေးနေအောင်လိမ်းထား။ ဒါမှ မင်းသမီးတွေ ဖက်ရပြုရတော့ အားမနာရမှာပေါ့ဆိုတော့၊ မြို့တက်ပြီး ပေါင်ဒါဘူးထက်မွှေးတာ ဝယ်ခဲ့တယ်ဆရာရေ့ဆိုပြီး စံပယ်ဆီတွေ ဝယ်လိမ်းတော့တာပဲ မယ်ဩရေ ဖြစ်ရပုံများတော့။ အစ်ကိုတောင် လေညာနဲ့လေအောက် မနေနိုင်ဘူး၊ ချွေးနံ့နဲ့ စံပယ်ဆီနံ့ရောပြီး အီတောက်နေတော့တာလေ'

'သူတို့ရွာကကတဲ့ အော်ပရာကအဟုတ် မယ်ဩရဲ့။ ဇာတ်လမ်းကဟုတ်ပြီး လူတွေက မဟုတ်ကြလေတော့ အစ်ကိုတော်တော်ပြင်ပေးရတယ်။ ဇာတ်လမ်းက တောင်သူလုပ်တဲ့မောင်သောနက တောင်သူလုပ်ရတာ ဘဝအတွက် မပါပေဘူး။



www.burmeseclassic.com

www.burmeseclassic.com

သံသရာအတွက် ကျင့်ကြံအားထုတ်မှ ဖြစ်တော့မယ်ဆိုပြီး ရသေ့ဝတ်တယ်၊ 'ဣသိန' ရသေ့ပေါ့။ မယားကလည်း သေထားတော့ သားလေးကိုပါ တောထဲခေါ်ပြီး သစ်သီးဝသီးစားပြီး မီးလွတ်အမိဋ္ဌာန်ဝင်တယ်။ သားလေးကပါ ဖအေရသေ့ကြီးလိုပဲ ကျင့်ကြံလေတော့ ဈာန်အဘိညာဉ်ရတယ်။ တစ်နေ့တော့ သားလုပ်သူက သစ်သီးခူးထွက်ရင်း နေပူလွန်းလို့ ချွေးတွေသုတ်၊ စမ်းချောင်းမှာ ရေဆင်းသောက်ရင်း နေလုံးကို မော့ကြည့်ပြီး နေကို စောစောဝင်ပါ၊ ကျုပ်နေပူလွန်းလို့ပါဆိုလိုက်တော့ နေက ချက်ချင်းဝင်တယ်။ ကျောင်းသခ်မ်းရောက်မှ နေကိုပြန်လာခဲ့ခေါ်တော့ နေပူပြန်တယ်။

ကလေးဆိုတော့ နေပူစေ၊ နေဝင်စေ၊ မိုးရွာစေလုပ်နေတာနဲ့ ရာသီဥတုတွေမမှန် သီးနှံတွေဆွံ့ရှား၊ ရေတွေရှား တိုင်းသူပြည်သားတွေက ဆူကြပူကြတော့ ဘုရင်က လက်သည်ရှာခိုင်းတယ်။ လက်သည်တွေ့တော့ သားတော်မရှိတဲ့ဘုရင်ကိုး။ သမီးတော်ကိုလွှတ်၊ ရသေ့ကို ကာမဂုဏ်အာရုံနဲ့ဖြားယောင်း၊ ရသေ့ကြီးက ဘာမသိညာမသိနဲ့ ဈာန်အဘိညာဉ် လျှောရတော့ မလိုလိုဖြစ်။ နောက်မှ ရသေ့ငယ်က ဖန်ဆင်းနေတာကိုသိတော့ ခေါ်ဆုံးမ။ ဘုရင့်သမီးတော်ကိုလည်း သူတော်ကောင်းကို မဖျက်ဆီးအပ်ဘူးဆိုတဲ့ တရားပြ၊ အော်ပရာက အဲသလောက်ပါပဲ။ ရသေ့နဲ့ ဘုရင့်သမီးတော် ကာမဂုဏ်နဲ့ ဖြားယောင်းတဲ့အခန်းမှာ ရသေ့စာရွတ်လိုက်၊ စိတ်က လွတ်သွားလိုက်ပေါ့လေ။ မင်းသားကိုဖိုးတိုးက အဲသည်အခန်းမှာ ရသေ့လုပ်တာလေ။ ရသေ့လေပြေတွေ ကျောင်းသခ်မ်း လေပြေတွေက အဟုတ်ဗျ။ *မြေသလင်းပြန့် လေညှင်းသန့်၊ ရွှေစကြံကျောင်း၊ နတ်ဝိသုကာ ပန်းပုပျံ စီမံပုံကောင်းပါဘိ၊ သူမြတ်လောင်း ပုဂ္ဂိုလ်မွန်တို့၊ သီလဝန် ပသာဒရယ်နှင့် ရည်ညွှန်းကာသဒ္ဒါပြ လို့မို့ စာချရင်းဆိုင်းမယ်* ဆိုတာတွေကိုး။ ဒါနဲ့ မင်းတို့အော်ပရာနဲ့ အဆိုတွေ လေပြေတွေ ဘယ်သူပေးတာတုံးဆိုတော့ မင်းသမီးကြီး ရွှေဆံထိုးဆီကရတာတဲ့။ ဒါနဲ့ အစ်ကိုက မင်းတို့ကွာ မင်းသမီးကြီးရှိရက်နဲ့ ဘာကိစ္စ ငါ့ကိုခေါ်ကြတာလဲဆိုတော့ ကြီးတော်က တစ်ခါရောက်လာပြီး ကောင်းချီကောင်းလျက်နဲ့ နောက်ထပ်ပေါ်မလာတော့ဘူးဗျတဲ့။ ကြည့်ရတာ အမေရွှေဆံထိုးက ရောက်ချင်ရာရောက်နေတတ်ပုံရပါရဲ့'

'ဘယ်သူဟဲ့၊ မင်းသမီးကြီးရွှေဆံထိုး တို့လည်း ဇာတ်ကလာသာပါ။ သည်ဘက်နယ်တွေထဲတော့ အဲသည်နာမည်မကြားဖူးပါလား မောင်သက္ကရဲ့'

အမေပုတ်ကလေးက ဝင်ပြောလိုက်ခြင်းဖြစ်ပါ၏။ ဥသြသံအေးကိုယ်တိုင်လည်း သည်နာမည်ကို အရင်က တစ်ခါမှ မကြားဖူးခဲ့။ တစ်နေ့က ကိုသက္ကပြောပြလို့ ကြားဖူးခဲ့ခြင်းဖြစ်သည်။ ရှိမှာပေါ့လေ။ ရှေးမင်းသမီးကြီးတွေ အိုကြတဲ့အခါ ဇာတ်ခုံပေါ်က ဆင်းသွားတာတွေက များသားမဟုတ်လား။ ဘာပဲဖြစ်ဖြစ် သည်လိုမင်းသမီးကြီးတွေကို ဥသြသံအေး တွေ့ချင်ဆုံချင်သေးသည်။ ရှေးကစာတွေ သီချင်းတွေ ရှိနိုင်ကောင်းသည်။ ရကောင်းရရာ ယူလိုက်ချင်သေးသည်။ ညက တိတ်ဆိတ်သလောက် ပူလောင်လျက်ရှိသည်။ ဂျီးတိုးက သက်အေးပုံကို ပေါင်ခွင်ထဲထည့်ထားရင်း စကားဝိုင်းထဲမှာ ငြိမ်သက်စွာ ထိုင်လျက်ရှိ၏။ အမေမဗိုင်းတောင့်ကတော့ အငြိမ်မနေ။ လက်ဖက်သားဆီစိမ်နှင့် မြေပဲလှော်တွေချလိုက်၊ ရေနွေးကြမ်းဖြည့်လိုက် ရှိရှာပါ၏။

'အစ်ကို အနောက်ရွာရောက်နေတဲ့ နောက်ဆုံးညက ပြဇာတ်အဖွဲ့တိုက်ဖို့ လူစုကြတုန်း နေဝင်ချိန်ကလေးမှာ မင်းသမီးကြီး ရွှေဆံထိုး လှည်းတစ်စီးနဲ့ ရောက်လာတယ်။ အရက်သောက်ထားသလား၊ ဘာလားတော့ အကဲခတ်လို့မရဘူး။ သူ့လှည်းရောက်လာတော့ ရွာက ဝမ်းသာကြသဗျ။ ကိုဖိုးတိုး အမေကဆိုတာ မင်းသမီးကြီးကို မျှော်နေတာပါဆိုတဲ့ပြီး လှည်းပေါ်က ဆင်းတာနဲ့ အိမ်ထဲခေါ်သွင်းတယ်။ ထမင်းဆီးကျွေးပေမဲ့ ရွှေဆံထိုးက ထမင်းမစားသေးပေါင်တော်၊ ကျုပ်ကိုသဒ္ဓါရင် အရက်တစ်လုံးသာ ရှာပေးနှင့်ပါဆိုတော့ လူငယ်တစ်ယောက်က ပြေးယူတယ်။ အစ်ကို့ကိုတွေ့တော့ အံ့သြသွားပုံရတယ်။ မင်းရောက်နေတာလားတဲ့။ ဒါပါပဲ နှုတ်ဆက်ရုံပါ။ အရက်ပုလင်းထဲက အရက်ကို ရေရော မနေဘူး။အကြမ်းပန်းကန်ထဲ ငှဲ့သောက်တော့တာလေ ယောကျ်ားကြီးတစ်ယောက်လို သောက်တာ မယ်သြရေ နည်းနည်းထွေလာတော့မှ မင်းက ဇာတ်လာစီးပေးနေတာလားတဲ့။ ဟုတ်တယ်ဆိုတော့ မင်းရှိရင်ပြီးတာပဲတဲ့။ လုပ် လုပ် မင်းအလုပ်မင်းလုပ်တော့တဲ့။ အစ်ကိုလည်း နည်းနည်း ပါးပါးပြပြီး အိမ်ထဲဝင်လာတော့ ရွှေဆံထိုး မရှိတော့ဘူး။ မေးကြည့်တော့ အိပ်ပျော်သွားပြီတဲ့။ အပေါ်ထပ်မှာထင်ပါရဲ့။ သည်လိုနဲ့ ညသန်းခေါင်ကျော်လောက် လူငယ်တွေ ပြန်ကြတော့ အိမ်ကြီးလည်း တိတ်ဆိတ်သွားလေရဲ့။

အဲသည်ညက လသာတာများ ထိန်လို့။ ဝိုင်းစပ်က မန်ကျည်းပင်ကြီးအောက်မှာ ထန်းပက်လက်ကုလားထိုင်လေး ငါးလုံးချထားတော့ ရွှေဆံထိုးက တစ်ရေးနိုးလို့ ထင်ပါရဲ့ လရောင်ထဲ ခင်းထားတဲ့ ကုလားထိုင်မှာ သွားထိုင်တယ်။ အစ်ကိုနဲ့ ကိုဖိုးတိုးရောက်သွားတော့ ဘာမှမပြောရသေးဘူး။ တစ်ခွန်းစမေးတယ်။ ကနေ့ လပြည့်လားဟေ့တဲ့။ ကိုဖိုးတိုးက ဆယ့်လေးရက်လဆိုတော့ ညကြီးသန်းခေါင် အရူးမကြီးလိုပဲ ထရယ်တယ်။ လပြည့်ဆိုကောင်းမှာတဲ့။ အစ်ကို့ကလပြည့်ဆိုတော့ ဘာဖြစ်လို့တုံးဆိုတော့ ချက်ချင်းပဲ လရောင်ထဲမှာ မျက်နှာကြီး တည်သွားတာ မြင်လိုက်ရတယ်။ ပြီးတော့ မင်းက မိန်းကလေးသဘာဝကို ဘယ်သိလိမ့်မတုံးတဲ့။ မိန်းကလေးများဟာ ငယ်ဘဝ အပျိုပေါက်လာရင် လရောင်ထဲမှာ ဝံပုလွေများမြူးသလို ကချင်ခုန်ချင်ကြတာချည်းပဲတဲ့။ ငယ်ငယ်ကတည်းက ကခဲ့တာပဲတဲ့။ ဘယ်လိုသ... တော့ မပြောတတ်ဘူးတဲ့။ အစ်ကိုကတော့ အဲသ... မထင်...

www.burmeseclassic.com

ဘူး။ လသာတဲ့ညတွေမှာ ကျေးရွာသဘာဝ မှောင်ပိန်းနေတာတွေရှိတော့ လရောင်ကိုမျှော်ကြတာပေါ့။ သို့ပေသော်လည်း စိတ်ကလေး လှုပ်လှုပ်နဲ့စ မိန်းကလေးများကျတော့ လရောင်ထဲမှာ ကုမုဒြာကြာများလို ကျဉ်းကျပ်နေတဲ့စိတ်ကို ဖွင့်ထုတ်ပစ်ချင်ကြတဲ့ သဘောရှိပေလိမ့်မယ်၊ အစ်ကိုထင်တာပါ။ မိန်းကလေးငယ်တွေ လရောင်ထဲမှာ ကချင်ကြတာ သဘာဝမဟုတ်လား'

အမေပုတ်ကလေးက ရယ်သည်။ သူငယ်ငယ်က လသာသာ ကခဲ့ခုန်ခဲ့တာတွေကို သတိရပုံပေါ်သည်။ ဥဩသံအေးက ဘာရယ်သာတုံး အမေပုတ်ကလေးရဲ့ဆိုတော့ ရယ်ပြန်သည်။

'သတိရလို့ပါအေ၊ အမေတို့ငယ်ငယ်က ရွာကို ဇာတ်ရယ်လို့လာရင် ဓာတ်မီးအိုးကြီးတွေထွန်းပြီး ကကြသာပဲ။ ပိုးကောင်တွေကလည်း သဲနဲ့ဆုပ်ပက်ထားတဲ့အတိုင်းပဲ။ မင်းသမီးတွေခများ ပါးစပ်တွေထဲဝင်လို့ ကရင်းက ချောင်းတွေဆိုးကြ၊ အန်ကြ၊ ထဘီတွေခါကြ၊ လူရှေ့သူရှေ့ ရင်ပုံထဲ လက်နှိုက်ရနဲ့ပါအေ။ တစ်ခါတော့ ရွာလာကတဲ့ဇာတ်က သောတ္တိသေနသမ္ဗုလဇာတ် နောက်ပိုင်းကသာ ရွာကကလေးလူကြီးကြိုက်လိုက်ကြစမ်းပေါ့အေ။ လသာတဲ့ညဆိုရင် ယောကျ်ားလေး၊ မိန်းကလေး ဒါကကြသာပဲ။ *ကမ်းပေါ်တစ်ဖက် တမ်းမျှော်ရမက် ဆွမ်းတော်ချက်တဲ့ သက်နှံးတောင်×××မပင်ယန်းအောင်နတင်ကျင့်ပြီး×××ဖြူစင်လျှင် ကညာမိမေတို့နဲ့×××ဗျာကိုလေခြေတဲ့တော×××အလိုရှင်၊ မောပြီလားမောင်ရဲ့* လို့ ဇာတ်ထဲက ရွတ်သလိုရွတ်ကြသာ။ အဘက ထွက်ရိုက်သာများကျောကိုစပ်ကရော'

ဂျီးတိုးကလည်း ဥဩသံအေးငယ်ငယ်က လသာညတွေမှာ ဗြောင်းဆန်အောင် ကခဲ့တာကို ပြောနေလို့ ဟုတ်ပါရဲ့အောက်မေ့ရပါ၏။ ဥဩသံအေးငယ်ငယ်က ယုဇနမစိမ်းခင်လုပ်ပြီး ကရတာအမော။ လသာညတွေမှာ ကာလသားပေါက်၊ ကာလသမီးပေါက်တို့ လရောင်ကို နှမြောလွန်းလို့ ညဥ့်နက်အောင် ကစားကြ၊ ကကြ၊ ဆိုကြ မမောဘဲမမောနိုင်။ လူကြီးတွေကလည်း အဖန်ရည်တစ်အိုးနှင့် လမဝင်ခင်အထိ မိမ်တည်တတ်ကြတာမဟုတ်လား။

ဆရာ ကိုသက္ကက စကားကိုဆက်သည်။

'ရွှေဆံထိုးက ဘာပြောသလဲဆိုတော့ သူ့ကိုအိမ်တွင်း အဖေကြီးရဲ့သားတွေဖြစ်တဲ့ မောင်ဖြူ မောင်ညို စောင့်ရှောက်တာတဲ့။ သည်နတ်နှစ်ပါးက သံကွင်းဒိုးတွေ ကစားကြသတဲ့။ ကလေးချင်းကစားရင် သူတို့ချည်းနိုင်သတဲ့။ ရန်ဖြစ်ကြပြီဆိုရင်တော့ သားတော်နှစ်ပါး လက်ခြောက်ဖက် ထွက်လာဘယ်လို့ ပြောတယ်။ ငါကလည်း မင်းသမီးသာဖြစ်တာဘယ်သူနဲ့ ရန်ဖြစ်ဖြစ် ငါ့စိတ်ထဲ လက်ခြောက်ဖက်နတ်နှစ်ပါး စောင့်ရှောက်လို့လားတော့မသိဘူး၊ လူစိတ်ပျောက်ပြီး ခွန်အားတွေ ရောက်လာတော့တာပဲ။ ငါ သတိထားမိသလောက် အပြည့်ရက်တွေဖြစ်တဲ့ လဆန်းဆယ်ရက်က ဆယ့်ငါးရက် လသာရက်တွေဆိုရင် စိတ်တွေ တဆတ်ဆတ် ခုန်နေတတ်တယ်။ လပြည့်နေ့ဆိုရင်တော့ ငါ့မယ် ရူးတောင်ရူးချင်တယ်။ လရောင်က စိတ်ကိုနှောင့်ယှက်တာလားတော့ မသိဘူးတဲ့။ ရှေးက ဇာတ်တွေရုပ်သေးတွေမှာ ဆိုကြတာရှိသတဲ့။ *ရွှေလမင်းတဲ့ စောင်းထောင်ထောင်×××ပျို့တို့မောင် လာဝံ့ရိုးလား×××ကျ ရွှေမိုးမှောင်×××သည်လောက် ကျတဲ့မိုးမှောင်ကို ရှောင်ပါနဲ့မောင်ရယ်လေး×××ပျို့တို့မောင် ပြန်လှူထည့်မယ် မင်းလာခဲ့လေး* တဲ့။ လကလေးက စောင်းစောင်းထွက်တာတောင် ယောကျ်ားသားက မလာဝံ့ဘူး၊ လသာမှ လာဝံ့ကြတာ။ လရောင်က အားဖြစ်ပုံရတယ်တဲ့။ ပြောနေတာများ နူးနူးညံ့ညံ့ရှိလိုက်တာ မယ်ဩရာ။ အစ်ကိုတို့တောင် သူ့စကားထဲမျောနေရသေးတာ'

'တစ်ညသား လသာသာညတစ်ညမှာ ဖြစ်ခဲ့တဲ့ သူ့ဘဝအကြောင်း ပြောနေတာကတော့ စိတ်ဝင်စားစရာပါဗျာ။ ရွှေဆံထိုးက မင်းသမီးကြီးမဖြစ်ခင် မင်းသမီးငယ်ဘဝတစ်ချိုးမှာ ပတ္တလားဆရာ ကိုတင်ကြိုင်ဆိုသူနဲ့ အိမ်ထောင်ကျဖူးသတဲ့။ ကိုတင်ကြိုင် ဝိုင်းလေးနဲ့ ချီကောက်လိုက် ကနေရာက တစ်ခါတော့ မြိုင်နယ်ထဲက ဘဟင်းဆိုတဲ့ ရွာကြီးမှာ ကဖို့ရှိလာတယ်။ တစ်ဝိုင်းလုံး ညဇည့်ခံ၊ မနက်ဧည့်ခံ တီးကြ၊ ကကြရမယ့်ပွဲပါ။ ညဥ့်သန်းခေါင်လောက် ပွဲပြီးတော့ ဆိုင်းတွေလည်းသိမ်း၊ မင်းသမီးကလည်း အဝတ်အစားလဲ၊ ဆံထုံးတွေ၊ ပန်းတွေဖြုတ်ပေါ့လေ။ သည်အခိုက်မှာပဲ ဘဟင်းနဲ့ နှစ်တိုင်လောက်ပဲဝေးတဲ့ ရွာတစ်ရွာကပါဆိုပြီး လူတစ်ယောက်ရောက်လာတယ်။ သူတို့ရွာမှာ တစ်ကောင်ထိုး မင်းသမီးတစ်လက်နဲ့ ရွာဆိုင်းဧည့်ခံဖို့ စီစဉ်ထားတာ မင်းသမီးရောက်မလာလို့ ရွှေဆံထိုးကို လိုက်ကပေးပါ တောင်းပန်သတဲ့။ နှစ်တိုင်လောက်ပဲဝေးတာရော၊ မင်းသမီးကြေးကောင်းကောင်း ပေးတာရောဆိုတော့ လင်သားဖြစ်တဲ့ ကိုတင်ကြိုင်က လိုက်ချင်လိုက်သွားလေ၊ သည်မှာရှိတဲ့ မင်းသမီးတစ်လက်နဲ့ ကနှင့်မယ်။ မနက်ခင်းကိုးနာရီ၊ ဆယ်နာရီလောက် ပြန်ရောက်အောင် လာခဲ့ဆိုပြီး ထည့်တော့၊ သိပ်စဉ်းစားမနေတော့ဘဲ လိုက်ဖြစ်သတဲ့။ ရွှေဆံထိုးက မင်းသမီးငှားတဲ့လူကို မနက်စောစောမှ လာခေါ်ပါရော၊ အခုက သန်းခေါင်သန်းလွဲကြီး လိုက်ဖို့ခက်ပါတယ်ဆိုတော့၊ ကျုပ်တို့ငှားထားတဲ့ ဆိုင်းဆရာက မိုးမလင်းခင် သီချင်းတိုက်ချင်တယ် ပြောလို့ပါတဲ့။ မိုးလင်းလို့ ပရိသတ်ဧည့်ခံပြီးရင် ပြန်ရုံပါပေါ့လေ။ သည်တော့ ရွှေဆံထိုးက ကောင်းပြီလေဆိုပြီး အိတ်ထဲ မင်းသမီးအဝတ်အစားထည့် မောင်းချားတစ်ချောင်းထည့်ပြီး လိုက်ခဲ့သတဲ့။ လာခေါ်သူက အသက်လေးဆယ်လောက်ရှိပြီ၊ ရုပ်ရည်ကြမ်းကြမ်းဆိုပေမဲ့ ဝတ်ကောင်းစားလှနဲ့ ဂျစ်ကားနဲ့ဆိုတော့ ယုံကြည်ပြီး လိုက်ခဲ့တာပေါ့လေ'

'ဘဟင်းက ထွက်လာတော့မှ ကျောက်ကြမ်းလမ်းတစ်လျှောက်ရော၊ ဘေးဘီရော လရောင်ဖွေးနေတာ သတိထားမိသတဲ့။ နှစ်တိုင်ခရီးသာဆိုတယ် ဂျစ်ကားက မောင်း



www.burmeseclassic.com

www.burmeseclassic.com

နေတာ အကြာကြီးဖြစ်လာတော့ ရှင့်နှစ်တိုင်က မရောက်သေးဘူးလားပေါ့၊ လမ်းမှာ ရွာဆက်ကလည်း ပြတ်လေတော့ စိတ်ထဲ မသက်သာတော့ဘူးပေါ့လေ။ လမ်းကလည်း ရှေးတုန်းကထုံးစံ လမ်းသားပေါ်ရုံကိုး။ လမ်းမှာ ဘာမှကို မရှိတာတဲ့။ ရွှေဆံထိုးက ငယ်ကလည်းငယ်သေး သန်ကလည်းသန်ဆိုတော့ မဟုတ်တာလုပ်လို့ကတော့၊ မဟုတ်တာကြံလို့ကတော့ တစ်ယောက်ချင်း သူဦးကိုယ်ဦး ဓားနဲ့အထိုးပဲဆိုပြီး မောင်းချမားလက်နဲ့ဆုပ်ထားသတဲ့။ လမ်းတစ်နေရာရောက်တော့ ဂျစ်ကားက ထိုးရပ်ပြီး ကားမောင်းလာတဲ့လူက မင်းသမီးရေ ကားက ဘာဖြစ်တယ်မသိဘူးဆိုပြီး ကားပေါ်ကဆင်းတယ်။ ကားအဖုံးဖွင့်ပြီး တောင်နှိုက်မြောက်နှိုက် နှိုက်တော့တာကိုး၊ သူကားပြင်နေတုန်း မင်းသမီးက လကိုမော့ကြည့်မိသတဲ့။ လက လပြည့်ည၊ လဆိုတာ ဝိုင်းစက်နေရုံမက အလင်းတွေဖိတ်ကျနေတာများ အရည်တွေ ယိုနေတဲ့အတိုင်းပဲတဲ့။ မင်းသမီးကို ခဏဆင်းပါဦး၊ ညောင်းနေပါရော့မယ်ဆိုတော့ ကားပေါ်က အသာဆင်းပြီး လရောင်ထဲ ပေငါးဆယ်လောက် လမ်းလျှောက်နေမိတာကိုး။ တော်တော်လေးကြာတော့ တက်တော့ဆိုတာနဲ့ ဂျစ်ကားဘေးပေါက်က အပွင့်ဆိုတော့ ကားရှေ့ခန်းအတက်မှာ ပွဲငှားတဲ့လူက ဆတ်ခနဲ ခါးကနေ သိုင်းဖက်ပြီး နောက်ကျောကနေ အင်္ကျီကို ကုပ်ကနေ ဆွဲဖြဲလိုက်တာ ကျောတစ်ခြမ်းလုံး ပွင့်သွားသတဲ့။ မောင်းချဓားက ကားပေါ် ကျန်ရစ်လေတော့ တတ်နိုင်သမျှ ရုန်းရုံပေါ့လေ။ သည်လူကလည်း လူသန်ဆိုတော့ ဖက်ထားတဲ့လက်တွေ ပြုတ်ထွက်မသွားဘဲ တစ်ကိုယ်လုံး ဆွဲမထားလိုက်တာ မင်းသမီးခမျာ ခြေထောက်နဲ့ မြေကြီးမထိဘူးတဲ့။ လမ်းဘေးတောစပ်ဆီ တရွတ်ဆွဲခေါ်နေတုန်းမှာပဲ သူ့စိတ်ထဲ မိုက်ခနဲဖြစ်သွားပြီး သူ့လက်မောင်းရင်းဆီက လက်တွေ ထွက်လာသလို ဖြစ်လာရာက လက်နှစ်ဖက်က အဲသည်လူရဲ့ လည်ပင်းကိုညှစ်၊ လက်နှစ်ဖက်က ဖက်ထားတဲ့လက်ကိုဖြေ၊ ကျန်တဲ့လက်နှစ်ဖက်ထဲက တစ်ဖက်က သူ့ဆံပင်ကို နောက်လှန်၊ ကျန်တဲ့လက်တစ်ဖက်က မော့သွားလို့ ပေါ်လာတဲ့လည်ပင်းကို ဖျောင်းခနဲရိုက်ချလိုက်တာ သွေးတွေ ဗွက်ခနဲ အန်ချရောတဲ့။ မင်းသမီးတောင် ပေကျံကုန်ရော အောက်မေ့မိသတဲ့။ အဲသည်လူ ပုံခနဲ လဲသွားတော့ မင်းသမီး စိတ်ထဲ သေပြီပေါ့လေ။ မပြီးသေးဘူး။ မင်းသမီးကိုယ်တိုင် ဂျစ်ကားကို တစ်ဖက်ကမ,ပြီး လှဲပစ်လိုက်တာ တုံးလုံးလဲရော။ ကားမောင်းတဲ့ ပွဲငှားကြည့်လိုက်တော့ လရောင်ထဲမှာ ခွေခွေကြီး လဲနေတာများ ကျိုးသွားတဲ့ဇက်တစ်ဖက်က လည်နေတာတောင် မြင်ရသတဲ့။ မင်းသမီးကလည်း ကြောက်စိတ်မရှိဘဲ လရောင်နဲ့ ဖွေးနေတဲ့လမ်းအတိုင်း သူ့အထုပ်သူဆွဲပြီး ပြန်လှည့် လာခဲ့တာမှာ သူ့ရှေ့က မလှမ်းမကမ်းမှာ လက်ခြောက်ဖက်နဲ့လူတစ်ယောက် မားမားကြီးသွားနေတာ မြင်ရတယ်ပြောတာပဲ'

'သူ့စိတ်ထဲ သူ့အဝတ်အစားတွေမှာ သွေးတွေပေနေတယ်ထင်လို့ ငုံ့ကြည့်တော့ ဘာမှမရှိဘူးတဲ့။ ဘဟင်းပြန်ရောက်တော့ လင်သားဖြစ်တဲ့ ပတ္တလားဆရာ ကိုတင်ကြိုင်နဲ့အဖွဲ့သားတွေက မယ်ဆံထိုး ပြန်လာတာ မြန်လှချည်လားဆိုတော့ ဘဟင်းကအထွက်တင် ကားပျက်နေတာ မစောင့်နိုင်လို့ ပြန်ခဲ့တယ်လို့ လိမ်ပြောလိုက်သတဲ့။ ရှေ့ကကမားမားနဲ့ သွားနေတဲ့လူလည်း မပါလာတော့ဘူး။ နောင်မှာ သတင်းကြားတာက ဂျစ်ကားတစ်စီးမှောက်ပြီး လူတစ်ယောက် ဇက်ကျိုးကြီးနဲ့ သေနေတာတွေ့ကြတယ်ဆိုတော့မှ သူတောင် လန့်မိတယ်လို့လည်းပြောတာပဲ။ ဒါတွေကို ပြောနေတာများ လေအေးကလေးနဲ့ပါဗျာ။ အရက်တွေသောက်တာများလို့ ကယောက်ကယက်ပြောတာလားတော့ မပြောတတ်ဘူး။ ကျုပ်က အဲသည်ညက အဘွားကြီးပြောတာတွေ ပြန်ပြောရတာလေ။ ဟုတ်တာမဟုတ်တာတော့...'

စကားဝိုင်းက ငြိမ်သက်သွားလေသည်။ ဂျီးတိုးက ပေါင်ခွင်ထဲ ထည့်သိပ်ထားသည့် သက်အေးပုံကို အိပ်ရာပေါ်ရွှေ့သိပ်ဖို့ ထသွားခဲ့သည်။ အမေမဗိုင်းတောင့်နှင့် အမေမပုတ်ကလေးကတော့ တစ်စုံတစ်ရာ ရေရွတ်နေကြပါ၏။ ဥသြသံအေးကတော့ လင်သားပြောပြသမျှ နားထောင်ရင်းက အမေရွှေဆံထိုးဆိုသည့် မင်းသမီးကြီးကို ပိုလို့ပင် စိတ်ဝင်တစားရှိမိသည်။ သည်လို အဖြစ်တွေက မဟုတ်ဘူးလို့လည်း မပြောသာသလို ဟုတ်တယ်လို့လည်း 'ဟင်'မချသာ။ သေချာတာကတော့ နယ်တကာ၊ ရပ်တကာ ရောက်ရသူ ဇာတ်သူဇာတ်သားတွေမှာ ထူးဆန်းသော အတွေ့အကြုံတွေ ရှိကြသည်ပင်။ ဘာပဲဖြစ်ဖြစ် အမေရွှေဆံထိုးကို ဥသြသံအေး တွေ့ချင်သည်။ ဆရာကြီး ဒေါ်ဥတ္တရ စိုက်ထားသော ငွေကြေးကို ပြန်ပေးရဦးမှာဆိုတော့ လူကြုံမလာသော်မှ တစ်ရက်ရက်တော့ ကိုသက္ကနှင့်အတူ ကိုယ်တိုင်သွားပေးမည်။ အမေရွှေဆံထိုးနှင့် တွေ့ဖြစ်အောင် တွေ့မည်ဟု တေးထားလိုက်သည်။

'ပတ္တလားဆရာ ကိုတင်ကြိုင်ဆိုတာတော့ ကြားဖူးသယ်။ မိဘမျိုးရိုးကလည်း သဘင်နယ်ကပဲ။ ဖအေက လူပြက်လား၊ မင်းသားလားသာ မသိသယ်။ မမှတ်မိတော့ဘူး။ ကျုပ်တို့ငယ်ငယ်က ကြားဖူးလိုက်သာ'

အမေမပုတ်ကလေးက ဝင်ပြောခြင်းဖြစ်၏။ ဆရာကိုသက္ကက ရေနွေးတစ်ခွက်သောက်သည်။ စကားကို ဆက်ပြောပါ၏။

'သည်အဖြစ်က မင်းသမီး ရွှေဆံထိုး ငယ်ငယ် အရွယ်ကောင်းမှာ ဖြစ်ခဲ့တာပေါ့ဗျာ။ သည်လိုဖြစ်ပြီးကတည်းက လက်ခြောက်ဖက်နဲ့ပတ်သက်လို့ ဒါမျိုးမကြုံလိုက်တာ နောင်နှစ်ပေါင်း အစိတ်သုံးဆယ်ရှိတော့ တစ်ခါကြုံသေးသတဲ့။ ပြောတာတော့ အဲသလိုပဲ လပြည့်ညကြီး'

*(ဆက်လက်ဖော်ပြပါမည်)*

ခင်ခင်ထူး



www.burmeseclassic.com

www.burmeseclassic.com

စား ချိန်းဖုံးကြီးနဲ့ ရှိနေပါရက်ကယ်နဲ့ ဘာ့ကြောင့် မစီးတတ်ရတာလဲ။ စိန်မေလဲ သူ့အဖေရဲ့စက်ဘီးကို ခွထိုးစီးရင်း လဲရင်းကွဲရင်းနဲ့ တတ်ရတာပဲ။ မေမေကြီးကြီး ကလဲ အတူတူပါပဲ။ စန်းမေကို လုံးဝစီးခွင့်မပြုဘူး။ သူ့သမီးအချောအလှရဲ့ ဒူးခေါင်းတို့ ညို့သကျည်းတို့မှာ လုံးဝ အနာရွတ် မရှိစေရဘူးတဲ့။ အရှေ့တောင်ချောင်းဝင်းက အမျိုးနီးစပ်လဲတော်တဲ့ အမေ့သူရင်းငှား ဦးညိုအိရဲ့သား အောင်ကြီးကို (မြို့မှာလာကျောင်း တက်ချင်တယ်ဆိုတာနဲ့)ပေးပစ်တယ်။ စန်းမေကလဲ ညှံ့ပါတယ်။ သူ့မှာ လှချင်တာ မွေးကြိုင်နေချင်တာပဲ ရှိတယ်။ စာမတော်တာလဲ မပြောနဲ့။

သြ ပြောရအုံးမယ်။ မောင်တို့ကိုလဲ မောင်တို့ရဲ့ သမိုင်း ဘာသာသင် ဆရာမက အတန်းထဲမှာ တခါ lecture အရှည်ကြီး ပေးဖူးပါတယ်။ ဆရာမက တိုင်းချစ် အလွတ် ပညာသင်ကျောင်း ကျောင်းအုပ်ဆရာကြီးရဲ့ဇနီး ဆရာမကြီး ဒေါ်မြမြ ရဲ့သမီး ဒေါ်လှလှပါ။ ဆရာမရဲ့ အယူအဆ အကျဉ်းချုပ်က သည်လိုပါ။

အခြေခံ ပညာအဆင့် ငယ်ရွယ်တုန်းအခါမှာ ထိပ်ဆုံးရောက်ဖို့အထိ တအား ကြိုးစားဖို့ မလိုပါဘူးတဲ့။ မှန်မှန်ပဲ ကြိုးစားဖို့ လိုပါတယ်တဲ့။

အဲ အထက်တန်းပညာ အဆင့် တက္ကသိုလ်ရောက်တဲ့ အခါမှာတော့ ငယ်တုန်းအခါကထက် ၂ဆတိုး ကြိုးစားအားထုတ်ဖို့ လိုပါပြီတဲ့။

နောက်ဆုံး လက်တွေ့ လူ့ဘဝအဆင့် လူ့လောကထဲ ရောက်တဲ့အခါမှာတော့ တတ်နိုင်သမျှ စွမ်းစွမ်းတမံ အားထုတ် ကြိုးစားမှသာ ထိပ်ဆုံးကို ရောက်နိုင်မှာပါတဲ့။ နိုင်ငံပေါင်းများစွာက နိုင်ငံ့ခေါင်းဆောင်တွေဆိုတာလဲ အဲသည်လို လူ့ဘဝထဲက တိုက်ပွဲ အတွေ့အကြုံတွေကို ရင်ဆိုင်ရှန်းကန် တိုက်ခိုက်ရင်းကမှ ထိပ်ဆုံးကို ရောက်လာကြတာပါတဲ့။ သင်တန်းချိန် ၄၅ မိနစ်လုံး သာကေတွေနဲ့ သင်ကြားသွားတာပဲ။

အခု စန်းမေကို ဘာမဟုတ်တဲ့ အောက်ခြေအဆင့် ကလေးမှာ position နိမ့်ရုံနဲ့ အပြစ်တင်နေကြတာတော့ မမှန်ကန်လှဘူးလို့ မောင်ယူဆတာပဲ။ မောင် မကျေနပ်ပါဘူး။ ဒါပေမယ့် သိတယ်နော်။ မောင်တို့ပတ်လည်မှာက ကျောင်းဆရာမတွေ ချည်းပဲလေ။ ဘာပြောလို့ရမလဲ။ အခက်သားကလား။

စန်းမေကတော့ လုံးဝ ပြတ်တယ်။ သူ့ကို စာမတော်ဘူး ဝေဖန်ပြစ်ဖွဲ့ကြတာနဲ့ ပတ်သက်လို့ လုံးဝလဲ မမှုဘူး။ မျက်နှာလဲ မညှိုးဘူး။ မထီမဲ့မြင် မထုံတက်သေး အေးဆေးပျော်ပျော်ပဲ။ သူ စာရတယ်။ သူ စာလိုက်နိုင်တယ်။ စာမေးပွဲတိုင်းမှာ လည်း သူအောင်တယ်။ သူ့မှာ အမှားမရှိဘူး။ ပြောမယ်ဆိုရင် လက်ရေးကလေး မလှတာနဲ့ စာလုံးသေးသေး ကလေး ရေးတတ်တာပဲ ပြောစရာ ဝေဖန်စရာ ရှိတယ်။ အမှတ်ရ နည်းတာကတော့ စာစစ်ပြီး အမှတ်ပေးတဲ့ဆရာရဲ့ စိတ်နဲ့သာ ဆိုင်တယ်တဲ့။ ခပ်တည်တည်ပဲ။ မောင့်ကိုတော့ အဲလိုပဲ ပြန်ပြောပြတယ်။ စန်းမေက ပြတ်သားတယ်။ ခေါင်းမာတယ်။ အဲသည်လို ကိုယ်လုပ်ခဲ့ပြီးတဲ့အလုပ်အပေါ်မှာ လုံးဝ မမှားဘူးလို့ ခိုင်ခိုင်မြဲမြဲ ယုံကြည်တာကို မောင်ကတော့ ကြိုက်တယ်။ ထောက်ခံတယ်။ မြတ်နိုးစရာကောင်းတဲ့ သတ္တိလို့လဲ မောင်ဆိုချင်တယ်။ အမေတွေနဲ့ အတိုက်အခံ မပြောရလို့သာ မပြောပေမယ့် မောင်ကတော့ စန်းမေ့ဘက်မှာ ရှိတယ်။ အားမငယ်ရအောင် ဆရာမဒေါ်လှလှရဲ့ lectureကိုတောင် ပြန်ပြောပြလိုက်ဖြစ်တယ်။

သည်မှာ စန်းမေကလဲ တအားချစ်စရာကောင်းတဲ့ စွန့်စား လုပ်ဆောင်မှုကလေးနဲ့ မောင့်အတွက်တဲ့ပြန်တယ်။ မောင့်အတွက်သက်သက် ကြံစည်စဉ်းစားပြီး ဖန်တီးလုပ်ဆောင်တာဖြစ်တယ်။ မောင်က အမေတွေနဲ့ဆန့်ကျင်ပြီး သူ့ဘက်ကို နားလည်ပေးခဲ့သလို သူကလဲ သူ့ဆန္ဒနဲ့ပါ ဆန့်ကျင်ပြီး မောင့်အတွက် ရည်ရွယ်နားလည်ပေးလှာတယ်။

အမှန်က သည်အကြံအစည်ကို စိန်မေကသာ ကြံစည်ဆောင်ရွက်ပေးသင့်တာရယ်။ အခုတော့ မဟုတ်ဘူး။ စန်းမေက ကြံဖန်တယ်။

'ကျောင်းပိတ်ရက်တွေမှာ တခါတလေ ခင်မမတို့အိမ်ကို မောင်နဲ့အတူသွားလည်ချင်တယ်'တဲ့။ မောင်နဲ့လဲ ဘာမှ မတိုင်ပင်ပဲ သူ တယောက်တည်း အမေတွေကို တယောက်ပြီးတယောက် လျှောက်လှည့်ခွင့်တောင်းတယ်။ 'ခင်မမကသာ မောင်တို့ခြံထဲကို လာလည်နေရတယ် စန်းမေတို့မောင်တို့ကကျတော့ သူ့အိမ်ကို သွားမလည်ဘူးဆိုရင် ဘယ်တရားမျှတပါ့မလဲပေါ့' အကြောင်းပြတယ်။ နောက်ဆုံးတော့ အမေ၅ယောက် စလုံးက 'တခြား ဘယ်မှ ချော်တော့ မငေါ့ရဘူးနော်' ဆိုတဲ့ ကန့်သတ်ချက်နဲ့ ခွင့်ပြုလိုက်ကြတယ်။

အမေတယောက်တည်းကသာ...

'စန်းမေနော် နင် ဘာအချိုး ချိုးဖို့လဲ ဆိုတာ ငါ မသိဘူး မှတ်လို့လား၊ အမောင်က နားပူလို့ နင် အောင်သွယ်ရအောင် ဉာဏ်ဆင်တာ မဟုတ်လား လုံးဝ မသွားရဘူး'ပြောပိတ်တယ်။

သိတယ်နော်။ ခင်မမက စိန်မေနဲ့အရင်းဆုံး။ စိန်မေကတော့ နေ့စဉ်ကျောင်းသွားရတဲ့ မနက်တိုင်း ရောက်ခွင့်ရတာလေ။ ခင်မမတို့ကားနဲ့ လိုက်ရတာဆိုတော့ သူတို့ချင်းက မတွေ့ချင်မှ အဆုံး။ အိမ်မှာလဲ တွေ့၊ ကျောင်းမှာလဲ တွေ့။ ဒါပေမယ့် စိန်မေက မောင့်အတွက် သတိမရဘူး။ အမှန်က စန်းမေက ကြံရဖန်ရမှာ မဟုတ်ဘူး။ ခင်မမကလဲ စန်းမေကို အကောင်းမြင်တာ မဟုတ်ဘူး။ ပြီးတော့ စန်းမေရဲ့ ဝမ်းထဲကလဲ မောင်နဲ့ ခင်မမကို တကယ်ဖြစ်သွားစေချင်တာကော ဟုတ်မဟုတ်ရဲ့လား မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ မောင်ကလဲ အလွန်အမင်း ငမ်းငမ်းတက် သွားလည်ချင်လှတာ မဟုတ်ပါဘူး။ တွေ့တာကတော့ တွေ့ချင်ပါတယ်။ ခင်မမလဲ ခြံထဲလာနေတာပဲ။ တွေ့နေရင်တော့ ခင်မမလဲ ပျော်နေမယ်ဆိုတာ သိတာပေါ့။ ပျော်လဲ ပျော်စေချင်ပါတယ်။ မောင်လဲ ပျော်ပါတယ်။ တခြားရည်ရွယ်ချက် မရှိပါဘူး။ အမေထင်သလို ရည်းစားစကားပြောဖို့လဲ မရည်ရွယ်ပါဘူး။ ပြောချင်မှဖြင့် အိမ်လာတုန်း ပြောလို့လဲရတာပဲ။ ပြီး မောင် အမှန်ပြောရရင် မိန်းကလေးတယောက်ရဲ့အိမ်ကို အထူးသဖြင့် မောင့်ကို ကြိုက်နေတယ်ဆိုတဲ့ မိန်းကလေးတယောက်ရဲ့အိမ်ကို မောင်ကလဲ ကြိုက်တာမသေချာပဲနဲ့ သွား မျက်နှာချင်းဆိုင်ရတာ အနေရအထိုင်ရကြပ်ပါတယ်။ မျက်နှာပြောင်တိုက်ရာလဲ ရောက်ပါတယ်။ ဘာပဲပြောပြော သူ့မိဘကတော့ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်ဝဲတယ်ပဲ ထင်မှာပေါ့။ ရှက်စရာကြီး။

ပြီးတော့လဲ မောင့်မှာက နောက်ကျောမလုံဘူး။ အမေတွေ အားလုံးက ခွင့်ပြုထားတယ်ဆိုပေမယ့် အဓိကဖြစ်တဲ့ အမေ မသိအောင် ခိုးလာနေရတာရယ်။ အန္တရာယ်ရှိတယ်။ ဟိုတညက စိန်မေ မောင်းထုကြော်ငြာသံကြားရုံနဲ့ တခါပွက်ပြီးပြီ။ 'လူက နို့အတ်နံ့မစင်သေးဘူး ချိုသွေးချင်တယ်' တဲ့။ နွားနဲ့ နှိုင်းဆဲပြီးပြီ။ အခုလို ခိုးထွက်လည်နေတာသာ သိလိုက် လှမ်းမြင်လိုက်လို့ကတော့ ခင်မမတောင် ခြံထဲ လာရတော့မှာမဟုတ်ဘူး။

ပြောလို့သာ ပြောတာပါ။ နောင်လဲ မောင်မသွားဖြစ်တော့ပါဘူး။ ခင်မမကလဲ နားလည်ပါတယ်။ သူသာ လာပါ့မယ်၊ မောင်မလာပါနဲ့တဲ့။ 'မတော် လမ်းမကူးတတ်လို့ ကားတိုက် နေမှဖြင့်' တဲ့။ နောက်လိုက်သေးတယ်။

အေး မောင်တို့ကတော့ သည်လိုမျိုး နောက်လိုက်ပြောင်လိုက် ရယ်လိုက်ပြောလိုက်နဲ့ ရိုးရိုးသားသား နေနေကြတာပါ။ ခင်မမနဲ့မောင်ကလဲ သည်လိုမျိုး တွေ့နေချင် မြင်နေချင်ကြ၊ သည်လိုမျိုး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နဲ့ ပြောနေဆိုနေချင်တတ်ကြတာပဲ ရှိပါတယ်။ သည့်ထက် မပိုပါဘူး။ ဒါ့ကို သံယောဇဉ် ပိုတယ်၊ ချစ်တယ်လို့ ဆိုရင်လဲ ချစ်တယ်ပေါ့။ ဒါပေမယ့် ရည်းစားစကားမျိုးတော့လဲ မပြောချင်ပါဘူး။ ကြောက်လို့ မပြောရဲလို့လဲ မဟုတ်ဘူး။ ဘယ်သူ့ကို ကြောက်ရမှာလဲ။ ဘာကို ကြောက်ရမှာလဲ။ သူ့မိဘကလဲ မောင်တို့နဲ့ဆို လွှတ်ပေးထားတာပဲ။ အချိန်မရွေး ပြောလို့ရတယ်။ ဒါပေမယ့် မပြောချင်ပါဘူး။ မချစ်ဘူးလား ဆိုတော့လဲ ချစ်ပါတယ်။ မချစ်ဘူးလို့ လုံးဝ ဝန်မခံနိုင်ပါဘူး။ ဘာလဲတော့ မပြောတတ်ဘူး။ စိတ်ကိုက ပြောဖို့ ဆန္ဒမရှိတာရယ်။

တခါကတော့ မောင် ဗြောင်ဖွင့်မေးကြည့်ခဲ့ဖူးသားပဲ။ ခင်မမတို့အိမ် ရောက်နေခိုက်မှာပဲ။ သူ့လက်ဖျားကလေးတွေကို ဆုပ်ထားရက်။

'မမက မောင့်ကို ကြိုက်တယ်လို့ စိန်မေ့ကို ပြောဖူးတယ်ဆို ဟုတ်လား' လို့။ ခင်မမကလဲ အပျိုကလေးလို ရှက်ကိုးရှက်ကန်း မဖြစ်ပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ မဆိုင်းမတွ ပြန်ဖြေခဲ့ပါ့။

'အင်းလေ ကြိုက်လို့ ကြိုက်တယ်ပြောတာ ဘာဖြစ်လဲ၊ မောင်ကော မမကို မကြိုက်ဘူးလား' တဲ့။

မောင် ဘာပြောရမလဲ။ ပြုံးကြည့်ပြီးတော့ပဲ ခေါင်းညိတ် ဖြေခဲ့တယ်။ ကိုင်ထားတဲ့ သူ့လက်ဖျားလေးကို တောင် ခပ်နာနာကလေး စုဆုပ်ပြီး သူ့ပေါင်ကို ဖိတင်ထားလိုက်ခဲ့သေးတယ်။ဒါပဲ။ မောင် ခေါင်းမခါပါဘူး။ သည့်ထက်တော့ ဘာမှ မပိုဘူး။ မျက်လုံးချင်းလဲ ပြိုင်မကြည့်ဘူး။ ဖက်လဲ မဖက်ဘူး။ ဘယ် သူစိမ်းလေ။ နမ်းလဲ မနမ်းဘူး။ သည်လိုပဲ နေလာခဲ့ကြတာပဲ။

ဒါပေမယ့် နောက်အတန်ကြာ တညနေချမ်းမှာတော့ မောင်တို့တတွေ ညီလာခံရာ တနေရာတည်းသော ကွပ်ပျစ်ကြီးပေါ်မှာ မောင်ရယ် ခင်မမရယ် စန်းမေရယ် ၃ယောက်သား 'ဘယ်သူအရင် ရောက်ခင် မရောက်ခင်' အပြေးပြိုင် ပြန်လာကြပြီး မောမောနဲ့ ပက်လက်လန် ပစ်လဲ အပန်းဖြေနေကြခိုက်···

သိတယ်နော်။ သူ့ဝမ်းထဲမှာ ဘာမှ လျှို့ဝှက်သိမ်းဆည်း မထားတတ်တဲ့ စိန်မေက စာရွက်ခေါက်ကလေးကို ခပ်ကြွားကြွား ယပ်ခတ်ယူလာရင်း ရောက်ချလာလေရဲ့။ စိန်မေကလဲ ခုမှ အပြင်က ပြန်လာတာပါ။ သူ့မိဘက တောင် မြင်းလှည်းဆရာကို ပိုက်ဆံပေးနေတုန်း ရှိသေးတယ်။ အံ့တော့ အံ့သြစရာပဲ။ ကွပ်ပျစ်နား ရောက်ရုံရှိသေး ဆိုင်းမဆင့်ဗုံမဆင့် ကျေညာတယ်။ လုံးဝ အောင့်မထားနိုင်ဘူး။

'ဟောသည်မှာပါနော် စိန်မေတို့ စန်းပွင့်ပုံများတော့ စိန်မေလဲ မသိ၊ စိန်မေ့အဖေ အမေလဲ မသိတဲ့ ငနာတကောင်က စိန်မေ့ကိုပေးတဲ့ ရည်းစားစာပါရှင့်' တဲ့။ မောင့်တို့ ၃ ယောက်ရဲ့ ရင်ဘတ်တွေပေါ် ပစ်ပေးတယ်။

မောင်တို့၃ယောက်လဲ ထထိုင်ပြီး ဖတ်ကြည့်ကြတာပေါ့။ ဒါပေမယ့် ညက မှောင်နေပြီ။ ဖတ်မရကြပါဘူး။ ရပ္ပုံရနည်း မောင်က မေးလိုက်တော့မှ အလကားဝဲစား။ အသုံးမကျလိုက်တာက ရည်းစားစာ ပေးပါတယ်၊ လူကိုယ်တိုင် လမ်းမှာလိုက်ပေးတာလဲ မဟုတ်ဘူး။ စာထဲမှာလဲ သူ့နာမည် ဘယ်သူဘယ်ဝါ ရေးမထားဘူး တဲ့။ ဖတ်မရတဲ့ လက်မှတ်သာ ထိုးထားတယ် ပြောတယ်။ နော့ ဘယ်လိုလုပ် စိန်မေ့လက်ထဲ ရောက်လာရတာတုန်း မေးတော့၊ လမ်းမကနေ အုတ်ရိုးကျော်ပြီး ခြံထဲအရောက် ပစ်သွားတာနေမှာပေါ့တဲ့။ သူ့အမေက အိမ်ရှေ့ တံမြက်စည်းလှဲရင်း ကောက်ရလို့ ဖတ်ကြည့်ပြီး စိန်မေ အိပ်ရာကနိုးလို့ အောက်ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com

တော့မှ ပေးတာတဲ့။ ဘယ်ကကောင်လဲ မေးနေလို့ 'ဘယ်သိမှာလဲ အမေ့ကို ပေးတာလားမှ မသိ' ရွဲ့ဖြေလိုက်တယ်တဲ့။

သိတယ်နော်။ မောင်တို့ခြံရဲ့ ၄ဘက်၄တန် အုတ်ရိုးဝင်းနံရံက စစ်ဖြစ်တုန်းကတောင် ဗုံးဒဏ်ကြံ့ကြံ့ခံခဲ့ပြီး၊ ယောကျ်ားကြီးတွေ လက်ခုတ်တဖေါင်စာမက မြင့်တာရယ်။ နောက် အုတ်ရိုးနဲ့အတွင်းကအိမ်ကလဲ လှည်းတစီးကောင်းကောင်း ဝင်သာမောင်းသာအောင် ခွါဆောက်ထားတာရယ်။ တောက ဧည့်သည်တွေလာရင်လဲ သည်ကြားထဲမှာ လှည်းချွတ်ထားတတ်ကြတာပဲ။ အဲသည်ကြားတလင်းပြောင်မှာ စာတွေ့တာ နေမှာပေါ့။ အထဲကလဲ အပြင်လမ်းမကို မမြင်ရ၊ အပြင်လမ်းမကလဲ အထဲကို မမြင်ရပါဘူး။ ဒါပေမယ့် သည်အင်္ဂါထောင့်က အိမ်မှာ စိန်မေနေတယ်ဆိုတာတော့ အဲသည်ရွေးသူခိုး သိတယ်။ 'ချစ်ရတဲ့စိန်' နဲ့ စာစထားတာပဲ။ ဒင်း ညှို့ဖျင်းတာပါ။ အရှေ့ဘက်ပေါက် ခြံတံခါးက နေကုန်နေခမ်း ဖွင့်ထားတာပဲ။ သတ္တိမရှိလို့သာ ဝင်မလာရဲတာပေါ့။ စွပ်ကနဲဝင်လာပြီး လူကိုယ်တိုင် လာပေးလဲ ရနိုင်ရက်သားနဲ့။ ဖွတ်ကျား သူတောင်းစား၊ ဖတ်တင့်င့် ဖြစ်တယ်။

စာ ဖတ်လို့မရပဲ တယောက်တပေါက် ပြောကြရွှတ်ချကြတာပေါ့။ သည်မှာ ခင်မမကလဲ အခွင့်ကောင်းဝင်ယူတယ်။ ဘာမှန်းညာမှန်း မသိ၊ ကွပ်ပျစ်နှီးကြောဖျာပေါ်က ဖင်ဒရွတ်တိုက်ဆင်း၊ ထမီပြင်ဝတ် ဖိနပ်စွပ်ရင်း မှတ်ချက်ချတယ်။

'မမလဲ အဲသလို သတ္တိမရှိတဲ့ယောကျ်ားမျိုးကို လွတ်မုန်းတာပဲ၊ ဟောသည်လို ဟောသည်လိုကို လက်သီးနဲ့ မျက်ခွက် ပိတ်ထိုးပစ်ပလိုက်ချင်တယ်' တဲ့။ မောင့်ကို မျက်စောင်းထိုးပြီး ဘယ်ညာ လက်ရှေ့ရေးပြ ထွက်ပြေးရော။

'ဟော့ မမ ဒါက ဘယ်လဲ၊ မပြောမဆိုနဲ့ နေအုံး စိန်မေလဲ လိုက်မယ်'

'မိုးချုပ်မယ် တော်နေ အဖေက ရေချိန်ကိုက်ရင် ဆူတယ် လိုက်မှာဖြင့် မြန်မြန်လုပ်'

စိန်မေလဲ ခင်မမနောက်က ဆက်လိုက်သွားလေရဲ့။

၂ယောက်တည်း ကျန်တော့ စန်းမေက ပြောလာတယ်။

'အဲဒါ မမက မောင့်ကို စောင်းပြောသွားတာရယ် သိတယ်နော်၊ ဟုတ်လဲဟုတ်တာပဲ မောင်ကလဲ မိန်းကလေးက သည်လောက် ရေလာမြောင်းပေး အခွင့်အရေးတွေ ပေးနေတဲ့ဥစ္စာကို…'

ရော် စန်းမေကလဲ သူတို့မိန်းမချင်းဘက်ကပါလား။ ဟုတ်တော့လဲ ဟုတ်ပါတယ်။ မောင်ကလဲ မောင်ပါပဲ။ ဒါပေမယ့် မောင်ဘာပြောရမလဲ။ မမကိုချစ်တယ်လို့ မောင့်ပါးစပ်က ဖွင့်မပြောချင်ဘူး။ မပြောရဲတာ မဟုတ်ဘူး။ တာကျိုးသလို ပြောချင်တဲ့စိတ်တွေ တအားများလာအောင် မောင်စောင့်နေတာ ထင်ပါရဲ့။ မသိပါဘူး စန်းမေရယ်။ ခင်မမက 'ကြိုက်လို့ ကြိုက်တယ်ပြောတာ ဘာဖြစ်လဲ၊ မောင်ကော မမကို မကြိုက်ဘူးလား' လို့ ဆိုခဲ့စဉ်က မောင် ခေါင်းညိတ်ပြခဲ့ပြီးပြီလေ။ ခေါင်းမှ မခါခဲ့တာပဲ။ အဲဒါ မဟုတ်ရသေးဘူးလား။ နောက်ထပ် ဘယ်လို လုပ်ပြရအုံးမှာလဲ။ ဖက်နမ်းပစ်ရမှာလား။ မနမ်းချင်ပါဘူး။ ဖက်နမ်းပစ်ချင်အောင်လဲ သူက မွှေးမှ မမွှေးပဲနဲ့။

သည် မောင့်ရင်ထဲက စကားတွေကို စန်းမေ ကြားစေချင် သိစေချင်စမ်းပါဘိ။ စန်းမေကို စေ့စေ့ကြည့်လိုက်ပြန်တော့လဲ မောင့်ရင်ထဲက စကားတွေကို စန်းမေ နားနဲ့ဆတ်ဆတ်ကြားနေရသလိုပါပဲလား။ တွေတွေငေးရက်နဲ့ မောင့်ကိုမမြင်ပဲ မောင့်ကို မျက်တောင်မခတ်ကြည့်နေတယ်။ မောင်နှမချင်း အဲသည်လို အကြည့်မျိုးနဲ့ တခါမှစိုက်ပြီး တွေတွေ ငေးမကြည့်ဖူးပါဘူး။ ပြီးတော့ အောက်နှုတ်ခမ်းကိုလဲ တဒင်္ဂ ကိုက်ထားလိုက်သေးရဲ့။ စန်းမေပဲ မောင့်ကို ပြောချင်တာတွေ တဖက်သတ်ပြောပြီး မကျေမချမ်းဖြစ်နေတာလား။ ဘာဖြစ်ရတာလဲ။

ဟယ် မောင့်ကို တွေငေးကြည့်နေတဲ့ စန်းမေရဲ့ မျက်လုံးအိမ်တွေထဲမှာ ပိုးပုဝါပါးတလွှာ လွှာထားသလို မျက်ရည်တွေလဲ ဝိုင်းလို့ပါလား။ ကြေကွဲဝမ်းနည်းရလို့လား စန်းမေ။ ညအမှောင်ကို ခိုပြီး ငိုမလို့လား။ မငိုနဲ့နော်။ စန်းမေ့ဘက်မှာ မောင်ရှိတယ်။ နှလုံးသားရဲ့ဆန္ဒကို လျှာကသာ စဉ်းလဲစွာ ဖုံးကွယ်ထားတတ်တာပါစန်းမေရဲ့။ မျက်လုံးက မဖုံးနိုင် မဖုံးတတ်ပါဘူး။ ညက ဘယ်လောက်ပဲ မှောင်မှောင် စန်းမေ့ရဲ့ ဖားလျားချထားတဲ့ ဆံပင်တွေက ဘယ်လောက်ပဲ နက်နက်၊ စန်းမေရဲ့ ရင်စေ့အင်းကျီ ရင်ဘတ်က စိန်ခြယ်ကြယ်သီး ဖိလုံးနဲ့အပြိုင် ရှန်းလဲ့ တောက်ပနေတဲ့ စန်းမေရဲ့ မျက်လုံးတွေကို မောင် ဖတ်လို့ ရပါတယ်။

အိုး ညနေ ကျောင်းက အပြန်မှ လျှော်ထားလို့ ထင်ပါရဲ့။ နားပန်း၂ဖက်ပေါ်မှာပါ ဖြန့်ချထားတဲ့ ဆံပင်တွေကလဲ မွှေးလှကြိုင်လှချည့်လား။ မောင် တစိမ့်စိမ့် ကြည့်နေတယ် စန်းမေ။ ညကလဲ ညမိုက်။ ညလိမ္မာမဟုတ်တဲ့ ညအမိုက်အမဲ။ လကွယ်ည။ သည်ညမှာ စန်းမေက စကြာဝဠာတခွင်လုံးရဲ့သရဖူ ပြိုင်ဘက်မဲ့ လှနေတာရယ်။

မျက်ရည်ဥတွေ ပြန်သိမ်းလိုက်။ မောင့်နှမကို မောင်ချော့မယ်။ မောင် ပြောမနေတော့ပါဘူး။ စန်းမေကို မောင့်ရင်ခွင်ထဲ ဆွဲသိမ်းပြီး တအားကြီးကို ဖက်နမ်းလိုက်တော့တယ်။ မောင်က စန်းမေကိုသာ ချစ်နေတာပါလား။

ရိုးရိုးသားသားဆိုရရင် မောင့်ဘဝမှာ ခုလို ကလျာဖူးစသစ် ဆယ်ကျော်နှစ်ရွယ်တူ မိန်းကလေးတယောက်ကို မောင်နှမလို မဟုတ်ပဲ ဖေါက်ပြန်တဲ့စိတ်နဲ့ ဖက်ရမ်းနမ်းခဲ့တာ သည်တခါ ပထမဆုံးပါပဲ။ အရင့်အရင် ငယ်တုန်းအခါကတော့ စန်းမေကို ကြိမ်ဖန်များစွာ နမ်းခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါပေမယ့် နမ်းလိုက်တဲ့ အခိုက်မှာ စိတ်ချင်းက မတူပါဘူး။ ရင်ခုန်တာချင်း မတူပါဘူး။ ခုခါမှ ချစ်သူကို ချစ်လို့ နမ်းတဲ့အနမ်းပါ။ မောင့်ရင်ထဲကတော့ စန်းမေကို တနေ့ မောင်လက်ထပ်ယူရမယ့် မောင့်ချစ်သူလို့ကို ကမ္ပည်းထိုးထားလိုက်ပါပြီ။ အသည်းထဲမှာလဲ စွဲထားလိုက်ပါပြီ။ စန်းမေက မောင့်ချစ်သူ၊ မောင့်ချစ်သူက စန်းမေ။

စန်းမေကလဲ မမျှော်လင့်ပဲ ရုတ်တရက် တမျိုးကြီးဆွဲဖက် အနမ်းခံလိုက်ရတော့ လန့်သွားတယ်နဲ့ တူပါရဲ့။ ပျော်လဲ ပျော်သွားပုံတော့ အရသား။ 'မောင်ကလဲ မောင်ပဲ မိန်းကလေးက သည်လောက် ရေလာမြောင်းပေး အခွင့်အရေးတွေ ပေးနေတဲ့ ဉစ္စာကို' လို့ ခုနက ကလေးဘွင်ပဲ မြားနတ်မောင်လုပ်ခဲ့တဲ့ ပါးစပ်ကလေး ခုတော့ ဘခါတည်း အသံတိတ်သွားပြီလား။ ပြီး မောင်ကျူးလွန်လိုက်တဲ့ ပါးကိုလဲ အနမ်းခံရာ ထင်ကျန်ရစ် မကျန်ရစ် သူ့ရဲ့ လက်ဖျားထိပ်ကလေးတွေနဲ့ ရွရွညင်သာပွတ်ကိုင်စမ်းထိ စစ်ကြည့်နေလေရဲ့။ နောက် မောင့်ကိုရင်ဆိုင် အပြိုင်ကြည့်နေတဲ့ မျက်လုံးတွေကလဲ မောင့်ကို မယုံသင်္ကာအပြုံးနဲ့ ဝတ္တရားကျေ စာမေးပွဲမေးခွန်းတွေ မေးနေတယ်။ စန်းမေကို ဘာ့ကြောင့် နမ်းရတာလဲ တဲ့။ ဘာအဓိပ္ပါယ်နဲ့ နမ်းတာလဲ တဲ့။ ချစ်လို့နမ်းတာ ဟုတ်ရဲ့လား တဲ့။ ဘယ်လို ချစ်တာလဲ တဲ့။ ချစ်လို့ နှစ်သိမ့်ပြီး

> အရင့်အရင် ငယ်တုန်း အခါကတော့ စန်းမေကို ကြိမ်ဖန်များစွာ နမ်းခဲ့ဖူးပါတယ် ဒါပေမယ့် နမ်းလိုက်တဲ့ အခိုက်မှာ စိတ်ချင်းက မတူပါဘူး ရင်ခုန်တာချင်း မတူပါဘူး ခုခါမှ ချစ်သူကို ချစ်လို့ နမ်းတဲ့အနမ်းပါ

နမ်းတာလား တဲ့။ ကရုဏာသက်ပြီး နမ်းတာလား တဲ့။ ငယ်တုန်းကလို နမ်းနေကျနမ်းတာမျိုးလား တဲ့။ တမျိုးလား တဲ့။ တမျိုးဆိုရင် ဟိုတယောက်ကိုကော သည်လိုမျိုး နမ်းအုံးမှာလား တဲ့။ မေးခွန်းတွေ များစွာ။

ဟုတ်ပါရဲ့။ မောင် ချစ်လို့နမ်းလိုက်တာကလဲ နိဒါန်းမပျိုး၊ စကား မခင်း၊ ရုတ်တရက် ဖြုန်းစားကြီး ဆွဲဖက်နမ်း လိုက်တာဆိုတော့ စန်းမေ အယုံရခက်မယ်ဆိုခက်ပေမပေါ့။ ပြီး စန်းမေလိုချင်ပုံရတာက ချစ်လို့ နမ်းတယ်ဆိုရာမှာကို နှစ်သိမ့်တာတွေ ကရုဏာသက်တာတွေ စွက်ဖက်ပါမလာစေချင်ဘူး ထင်ပါရဲ့။ စန်းမေက သဲသဲကွဲကွဲ မမြင်ရဘူးလား မပြောတတ်ဘူး။ စန်းမေ့ရင်ဘတ်က စိန်ကြယ်သီးတွေနဲ့ အပြိုင် ဝင်းလက်ရှန်းတောက်နေတဲ့ စန်းမေရဲ့မျက်လုံးတွေ သလ္လာတိမ်တိုက် ရုတ်ခြည်းဖုံးအုပ်နေသလို ခေတ္တညှိုးမှိုင်းမှိန်ပြည်သွားကြပြန်တယ်။

ဒါပေမယ့် ခင်မမကို မောင့်ပါးစပ်က ဘယ်ခါကမှ 'ချစ်တယ်' လို့ ဖွင့်မပြောခဲ့ဖူးဘူးဆိုတာရယ်၊ ဘယ်လိုစိတ်နဲ့ ဘယ်လိုအနမ်းမျိုးကိုမှ မနမ်းခဲ့ဖူးဘူးဆိုတဲ့ ရာဇဝင်ရယ်ကို စန်းမေ ပြန်လည်ဆင်ခြင်မိတယ်နဲ့ တူပါရဲ့။ တဒင်္ဂအတွင်းမှာပါပဲ။ ၃ရတီအဖြူပွင့်က အပေါ်၊ ၅ရတီအပြာပွင့်က အောက်၊ နောက်တဖက်က ပြောင်းပြန်။ ၃ရတီအပြာပွင့်က အပေါ်၊ ၅ရတီအဖြူပွင့်က အောက် ပန်းထိမ်ဆရာ လက်စွမ်းပြ ဆန်းသစ်တီထွင်လုပ်ထားတဲ့ ၄ပွင့်၂ခိုင်ပြိုင် နားဆွဲတွေက စိန်တွေလို စန်းမေရဲ့မျက်လုံးတွေ ပြန်လည် ကြည်လင်လှုပ်ခတ်ပြိုးပြက်လာကြပြန်တယ်။

ဒါပေမယ့် သည်အချိန်အထိ စန်းမေ နှုတ်ဆိတ်နေဆဲပါ။ မောင့်ကိုလဲ ကြည့်ရုံသာ ကြည့်နေပြီး လုံးဝ စကားမပြောတော့ပါဘူး။ သည်အခိုက်မှာပဲ စန်းမေ ဆုံးဖြတ်လိုက်ဟန်ထင့်။ ကွပ်ပျစ်ကြမ်းခင်းပေါ်မှာတွင် မတ်တတ်ထ ရပ်လိုက်တယ်။ ပြီး သူ့ပိန်းတန်းဖိနပ် ချွတ်ထားခဲ့ရာ ခြေရင်းဘက်ကို မဆင်းပဲ ခေါင်းအုံးသစ်သားတန်းကို ကျော်လွှားခုန်ချပြီး သူ့အိမ်သူ ပြေးဝင်သွားလေရဲ့။

မောင် ပြောရင် ယုံပါ။ မောင် ကြွားပြီး မပြောတတ်ပါဘူး။

သည်လိုနဲ့ မောင် ဘယ်မိန်းကလေးတယောက်ကိုမှ ရည်းစားစကားတခွန်း မပြောရပဲ မောင့်ဘဝမှာ ချစ်သူ၂ယောက် တပြိုင်တည်း ရှိလာခဲ့ပါတယ်။

နောက်တခါလဲ မောင် အမှန်အတိုင်းသာ ပြောပါ့မယ်။ မုသား လုံးဝ မပါစေရပါဘူး။

မောင့်ကို မရိုးသားဘူး၊ အကျင့်တန်တယ်၊ ပဒေသရာဇ်ဆန်တယ် လို့ စွပ်စွဲဝေဖန်မယ်ဆိုရင် ဝေဖန်နိုင်တာ မောင့်ရဲ့ အားနည်းချက် တကွက်တော့ ရှိပါတယ်။ သည်လို သည်လို မိန်းမပျိုကလေး၂ယောက်နဲ့ တပြိုင်တည်း ဘာကလိုတိုတိုဖြစ်နေတာကို သိနှင့်ပြီးဖြစ်တဲ့ စန်းမေတယောက်က လွဲပြီး ဘယ် သူ့ကိုမှ ဖွင့်မပြောပဲ လျှို့ဝှက်ထားခဲ့မိတဲ့အချက်ပါပဲ။

ဒါလဲ သေချာပိုင်းခြားပြောရရင် ခင်မမနဲ့ မောင့်ရဲ့ အခြေအနေအမှန်က အများသိနေသလို ယူဆနေသလို မဟုတ်ပါဘူး။ ပြောခဲ့ဖူးပါပြီ။ ခင်မမကိုလဲ မောင်ချစ်ပါတယ်။ ဒါ့ကြောင့်လဲ မောင် ပြတ်ပြတ်သားသား မငြင်းနိုင်ခဲ့တာ နေပါလိမ့်မယ်။ ဒါပေမယ့် စန်းမေလို စန်းမေနဲ့ တန်းတူတော့ မောင်မချစ်ပါဘူး။ အခုတော့ ပိုကွာပြီပေါ့။ စန်းမေနဲ့ မောင်နဲ့က ၂ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သဘောတူ ချစ်ကြပြီလေ။
ခင်မမနဲ့က အဲလို မဟုတ်ဘူး။
မောင့်ဘက်က စိတ်ပါလှတာ
မဟုတ်ဘူး။ ဒါ့ကြောင့်လဲ ခင်
မမဘက်က ဘယ်လောက်
လမ်းဖွင့်ပေးသည်ဖြစ်စေ
မောင် ရှေ့မတိုးခဲ့တာ နေမှာ
ပေါ့။

နောက် စန်းမေနဲ့ကျပြန်
တော့လဲ မောင့်စိတ်က
တမျိုး။ နဂိုကတည်းက
မောင်နှမဆိုတော့ မောင်နှမလို
ကလဲ ချစ်နေပြီးဖြစ်တယ်။
ပြီး မွေးလာခဲ့ကတည်းက
အတူနေ၊ အတူအိပ်၊ အတူစား၊
အတူကစား၊ ငယ်တုန်းကဆို
လဲ အတူနို့စို့ဘက် ဖြစ်လာ
ခဲ့တာလေ။ ယုတ်စွအဆုံး ည
ဘက် အိမ်သာတက်ရင်
တောင် တံခါးဖွင့်ထားပြီး
တယောက်တယောက် စောင့်
ခဲ့ကြတာလေ။ စစ်တွင်း
ကာလကလဲ တအိပ်ရာထဲမှာ
ဒူးတင်ပေါင်ယှက် တွဲအိပ်ခဲ့
ကြတာပဲ။ မှန်တာပြောရင်
သစ္စာပါ။ ခုထက်ထိလဲ
ကိုယ်ချင်း အသားချင်းထိလို့
ကတော့ စိတ်ရိုင်းစိတ်မိုက်
လုံးဝ မဖြစ်ပါဘူး။ ဘုရားသိ
ပါတယ်။ အဲသည်လို မောင်
ရင်းနှမ ချစ်လာခဲ့ရာက
ဘယ်အချိန် ဘယ်အခိုက်
အတန့်က ချစ်သူလိုတမျိုး
ပြောင်းချစ်သွားလိုက်တယ်
မောင်မသိရိုး အမှန်ပါ။ မောင့်
အထင်တော့ အဲသည်ညက
စန်းမေကို ကြည့်ရင်းကြည့်
ရင်းနဲ့ ချစ်လာပြီး ချစ်သူလို
မောင်နမ်းလိုက်တာနော်။ အဲ
သည်လိုလဲ ဆွဲဖက်ပြီး နမ်း
လိုက်မိပါရော။ ချစ်သူလိုလဲ
ပြောင်းချစ်သွားပါရော။

ထင်ရတာပါပဲ။

ဒါပေမယ့် နောက်တနေ့
မနက်က စ လို့လဲ ခုထက်ထိ
အရင်ကအတိုင်း မောင်နှမလို
သာ ချစ်နေတာပါပဲ။ စိတ်
မပြောင်းကြဘူးလို့ မောင်ထင်
ပါတယ်။ တခါတခါတော့လဲ
စိတ်ထဲက တွေးတယ်။ တနေ့
ဒို့လက်ထပ်ရတော့မှာ တနေ့
ကျရင် ဒို့ လင်မယားလိုနေကြ
ရတော့မှာ စသည် ယုံကြည်
လာမိ ပြန်တော့လဲ ခုတ်ရှင်
တွေထဲက စုံတွဲလို လင်
မယားလို ၁၂ ရာသီ ၂ကိုယ်
ယှဉ်တွဲ နွဲ့နေချင်လာမိပြန်
တယ်။ အဲသည်လို စိတ်မျိုး
ဝင်လာရင်တော့ စန်းမေရော
မောင်ရောကလဲ ပို ပူးပူး
ကပ်ကပ် နေမိကြသလိုပဲ။
အနေအထိုင် ပိုယဉ်ပါးရဲတင်း
လာချင်တတ်ကြတယ်။

အတွင်းစိတ်တွေ
ကတော့ တခါတခါ ပြောင်း
လဲတာ အမှန်ပါပဲ။ တခါ
တခါ ၂ယောက်တည်းသာ
ဆုံရင် တယောက်တယောက်
ကြည့်ကြတဲ့အကြည့်ချင်းကိုက
မတူတော့ပါဘူး။ ဒါပေမယ့်
ပြင်ပ ရုပ်အခြေအနေကတော့
လုံးဝပြောင်းလဲခွင့် မရှိတဲ့
အတွက် လုံးဝ မခြားနားပါ
ဘူး။ အမေတွေကလဲ မောင်
တို့ရဲ့စိတ်တွေ ပြောင်းလဲနေ
တာကို လုံးဝ မရိပ်မိကြလေ
တော့ ရှေ့တိုးလို့လဲ မရကြပါ
ဘူး။ တိုးလဲ မတိုးရဲကြပါ
ဘူး။ ရှေ့တိုးတယ် ဆိုတာ
ကလဲ ဘယ်လိုနေပုံထိုင်ပုံမျိုး
ကို ရှေ့တိုးတယ် ခေါ်ရမှာလဲ။
အဲသည်လိုညက နမ်းတာမျိုး
ကို အမေတွေရှေ့မှာ နမ်းပြ
နေကြရမှာလား။ အဲသည်လို
နမ်းနေကြလဲ မောင်တော့
ပြဿနာရှိမယ် မထင်ပါဘူး။

အဲသည် လကွယ် တညက
သည်လိုသည်လို မောင်က
စန်းမေကို နမ်းလိုက်တယ်လို့
ဖွင့်ပြောကြည့်ပါလား။ ဘယ်
အမေကမှ ရေးကြီးခွင်ကျယ်
ဂရုစိုက်နေကြမယ် မထင်ပါ
ဘူး။ အမေ အဓိကအပါ
အဝင် အမေတွေအားလုံးရဲ့
အာသီသဆန္ဒကိုက မောင်နှမ
တွေ အမြဲတစေ ပူးပူးတွဲတွဲ
စည်းစည်းလုံးလုံး မခွဲအတူ
နေကြတာကို ကြိုက်တာရယ်။

တလောကလေးက
စိန်မေ ဖျားနေတယ်ဆိုလို့
စိန်မေ့ခြင်ထောင် စောင်ခြုံထဲ
မောင်ဝင်လုံး ချွေးထုတ်ပေးခဲ့
တာ၊ ထမိရင်ရှားခိုင်းပြီး ချွေး
သုတ်ပေးခဲ့တာ အကုန်ဖွင့်
ပြောဖြစ်ခဲ့ကြတာပဲ။ ဘယ်သူ
က ဘာပြောလို့တုန်း။ ပါးကို
ချစ်လို့ နမ်းတယ်ပြောတာ
လောက်ကတော့ ထမင်းစား
ရေသောက်ပေါ့။ မောင်တို့က
သာ ကိုယ့်ဘာသာကိုယ် အိုး
မလုံ အုံပွင့် လန့်နေကြတာ
ရယ်။ အမေသာ သိရင်လဲ
အမေက သာတောင် ကျေနပ်
လိမ့်အုံးမယ်။ အခုက ငယ်
ကြသေးလို့ကို။ အရွယ်သာ
ရောက်နေလို့ကတော့ ပြဿ
ဒါးတွေ၊ ဝါရမိတ္တူတွေ၊ ရက်
ရာဇာတွေ ရွေးနေမှာ မဟုတ်
ဘူး။ ခြံထဲမှာ တန်းမဏ္ဍပ်
ထိုးခိုင်းလိုက်မှာ။

ဒါပေမယ့် မောင်ရော
စန်းမေရောက ကြောက်ကြ
တော့ မလိုလဲ လိုလဲ နှုတ်လုံ
ဖို့ လျှို့ဝှက်ထားဖို့ သဘော
တူ ဆုံးဖြတ်ထားလိုက်ကြ
တယ်။ မောင်တို့သာ နှစ်နှစ်
ကာကာ ၂ဦး စိတ်တူကိုယ်တူ
ချစ်နေကြရင် မျိုးရိုးစဉ်လာ
အရ ဘယ်သူကမှ ကန့်ကွက်
ကြ ခွဲကြမယ်မဟုတ်ပဲ ကျိန်း
သေ လက်ထပ်ပေးကြမယ်ဆို
တာ သိတယ်။ ယုံလဲ ယုံ
ကြည်တယ်။ ဒါပေမယ့်
မောင်တို့က ငယ်ကြသေး
တယ်လေ။ အမေပြောသလို
နို့အတ်နံ့ မပျောက်သေးဘူး
ဆိုတာ ဘာလဲ။ ချိုသွေးတယ်
ဆိုတာ ဘာကို ပြောတာလဲ၊
ကြောက်တယ်။ တချွေကို
ကြောက်သလိုပေါ့။ မမြင်ဖူး
ပေမယ့် ကြောက်တာကတော့
ကြောက်တယ်။

ကြောက် မနေနဲ့။
ခါတိုင်းလိုပဲ ကျောင်းအား
ရက်တွေမှာဆိုရင် ပဆစ်ပ
လိုက်၊ စစ်တုရင် ထိုးလိုက်
ဥပုံရိုက်လိုက်နဲ့ အိမ်မကြီး
တိုက်ထဲမှာပဲ ကစားနေဖြ
ကြတယ်။ ဆောင်းဦးလဲ ဝင်
လာပြီဆိုတော့ နွေထနောင်း
ဆောင်းမန်ကျည်း ဆိုတဲ့တိုင်
အောင် မန်ကျည်းချိုပင် ၄ပင်
တန်းအောက်က မောင်တို့စံ
ကွပ်ပျစ်ကြီးခမျာလဲ
အပေါင်းအသင်းတွေရဲ့ အ
ပစ်ခံနေရရှာတယ်။ ညဦး
ဘက် မောင်တို့တတွေ စ
ချရာက အိမ်ရှေ့ မေမေ့အိ
မြောက်ဖက်ပေါက် ဆင်ဝ
အောက်ကို ပြောင်းခဲ့ကြ
တယ်။ ဦးဦးစံရက အဲသည်
မှာ မီးဖိုတယ်လေ။ ထ
လှည်းသမားတွေကို ပေ
လောက် ခြေသလုံးလော
တုတ်တဲ့ လံထင်းတွေ
ဝယ်ထားတယ်။ ဆောင်း
တော့ မီးလှုံကြ ထန်းပင်မြစ်
ဖုတ်စားကြပေါ့။ မောင်တို့
အရှေ့တောဆက်ဆို တော
ထန်းပင်မြစ်ကလဲ လုံ
မဝယ်ရတဲ့အပြင် ခင်
အိမ်ကိုတောင် လက်



www.burmeseclassic.com

www.burmeseclassic.com

ပေးရသေးတယ်။ ပြောရစေတော့၊ မောင်တို့စန်းမေတို့ ချစ်သူတွေဖြစ်နေကြပြီဆိုတာ သတိတောင် မရကြဘူး။ ထန်းပင်မြစ် တဆစ်ကို ဆီနဲ့ဆားလူးပြီး ခွံ့ကျွေး မလိုလို့နဲ့ လက်က မီးခိုးမှိုင်းတွေနဲ့ နှုတ်ခမ်းမွှေးလိုက်ဆွဲလို့ ထထပြေးကြရတာ ရှိသေး။ ဘယ်ကလာ နမ်းကြဖို့ သတိရကြပါ့မလဲ။ မောင် ပြောရင်ယုံ။ အရင်တခါ ချစ်သူအဖြစ် မှတ်ပုံတင် နမ်းလိုက်မိပြီးကတည်းက တခါမှကို မနမ်းဖြစ်ကြတော့ဘူး။ ပြောလို့သာ ပြောတာပါ။ ရင်ထဲက ချစ်နေကြတာပဲ၊ နမ်းနေဖို့ မလိုပါဘူး။ ပြီးတော့လဲ အိမ်မို့ ပြန်ရောက်ရင် မောင့်မျက်စိအောက်က ပျောက်စရာမှမရှိပဲ။ စန်းမေက စန်းမေထုံးစံ ရေမိုးသန့်စင်၊ အလှပြင်၊ စာကျက်၊ မောင့်ဆီကို ပြေးရောက်လာတာပဲ။

တခုတော့ ရှိတယ်။ ခင်မမနဲ့ပတ်သက်လို့က သူလာနေတာတော့ လာပေ့စေပေါ့။ မောင်ရော စန်းမေရော မသိမသာ ခပ်ခွာခွာနေကြပေါ့။ သူ့အိမ်လဲ မောင်တို့ မသွားကြတော့ဘူးလေ။ ခင်မမလဲ သဘောတူ ထားပြီးသားပါ။ ကျေလည်ပါတယ်။ ဒါပေမယ့် မောင်တို့ရဲ့အတွင်းရေးကိစ္စကိုတော့ ခင်မမကိုလဲ ဖွင့်မပြောဖူးပေါ့။ သူလဲ စိတ်မဆင်းရဲစေချင်ဘူး။ မောင်တို့လဲ အနေအထိုင် ဆင်ခြင်ကြတယ်။ လုံးဝ မသိစေရ၊ မရိပ်မိစေရဘူး။ ပိုကြောက်တာက ခင်မမသိရင် စိန်မေသိမယ်။ ခုအထိတော့ စိန်မေလဲ လုံးဝ မရိပ်မိဘူး။ မောင်တို့ကလဲ အထူးသဖြင့် စိန်မေသိသွား ရိပ်မိသွားမှာကို ကြောက်တယ်။ သိတယ်နော်။ သူ့ လှတဲ့နှုတ်ခမ်းကလေးတွေက မောင်း။

ဒါပေမယ့် သိတယ်နော်။ 'အချစ်' ကို လုံအောင် ဖုံးရတာက ခက်ပါတယ်။ အမှန်ကိုဝန်ခံရရင် မောင်တို့ စန်းမေတို့ရဲ့စိတ်တွေက အရင်ကနဲ့ လုံးဝ မတူတော့ဘူး။ ရင်ဘတ်ထဲက အဆုပ်က အအေးမိရင် ချောင်းဆိုးတယ်၊ ချောင်းဆိုးတာကို ဖုံးလို့ မရဘူး။ ရင်ဘတ်ထဲက နှလုံးက အကြိုက်တွေ့ရင် အခုန်မြန်တယ်၊ အခုန်မြန်တာကို ဖုံးလို့ မရဘူး။ မောင်တို့ဘဝက တအားကျွမ်းဝင်နေကြပြီ။

သိတယ်နော်။ စန်းမေက ကျောင်းအားတဲ့နေ့ အိမ်မကြီးကိုလာရင် သူ့အမေရဲ့အလုပ်ကို ကူလုပ်ပေးတဲ့အနေနဲ့ အမေ့အိပ်ရာနဲ့ မောင့်အိပ်ရာကိုကူ၊ ခြင်ခါပေး၊ ခြင်ထောင်တင်ပေးလေ့ ရှိတယ်။ အိပ်ရာသိမ်းပေး၊ ခင်းပေး၊ စောင်ခေါက်ပေးတာက သူ့အမေတစ်ယောက်တည်းလဲ လုပ်လို့ရတယ်။ အဖော်လာနေပေးတဲ့ စစ်ကိုင်းချောင်က ဥပုသ်သည် ကြီးဒေါ်စိမ်းလဲ ကူလုပ်နိုင်တယ်။ ထွေးမေမေက ဟိုစနေထောင့်ထဲမှာ သူ့သီးသန့်အခန်းနဲ့သူ။ အကူမလိုဘူး။ အပျိုကြီးက လျှို့ဝှက်တယ်။ သူ့အခန်းထဲ ဘယ်သူဝင်တာမှလဲ မကြိုက်ဘူး။

အမေနဲ့ မောင်တို့က အခန်းမရှိဘူး။ မန္တလေးရဲ့ စရိုက်က အိမ်ပေါ်ထပ်ဆိုရင် အခန်းတွေ မဖွဲ့တတ်ကြဘူး။ အိမ်မှာ အလှူအတန်းလုပ်တယ်။ သံဃာတော်တွေကို ဆွမ်းကပ်တယ်ဆိုရင် ကြမ်းတပြင်တည်းမှာ အပါး ၅၀၊ ၆၀၊ ၁၀၀ ကပ်နိုင် လောက်အောင် ကျယ်တယ်ဆိုတာကို ဂုဏ်ယူဝင့်ကြွားတတ်ကြတာ။ မောင်တို့တိုက်ဆိုရင်လဲ အမေ့အိပ်ရာနဲ့ မောင့်ကုတင်ကို နံရံကပ်လိုက်ရုံနဲ့ သံဃာအပါး ၁၀၀ ကောင်းကောင်းဆံ့တယ်။ အပေါ်ထပ်မှာ ရေချိုးခန်း အိမ်သာနဲ့ လက်ဆေးကန်လဲ ရှိတယ်။ အမေ့ကုတင်က တိုက်နံရံ အပြင်ဘက် ဘုရားစင်ထုတ်ထားရာ တောင်ဘက်ခြမ်း ခေါင်းပြုတယ်။ မောင့်ကုတင်က အရှေ့ဘက်နံရံက အလယ်ပြတင်းပေါက်ကို ခေါင်းပြုတယ်။ မနိုပ်တာက မောင် မနက် နေမြင့်အောင် အိပ်လို့မရဘူး။ အိပ်ရာထဲ နေထိုးပြီ။

စန်းမေ ရင်ခုန်သံမြန်တာက ခါတိုင်းဆို မောင့်ကို အိပ်ပါစေတော့ဆိုတဲ့ စေတနာနဲ့ မောင့်အိပ်ရာကို နောက်မှသိမ်းတယ်။ အမေက မိုးမလင်းခင်ထ ဘုရားဝတ်ပြုတတ်တာဆိုတော့ ပထမ သိမ်းတယ်။ ခုတော့ မဟုတ်ဘူး။ ရင်ခုန်သံက မနေဘူး။ သူသိပါတယ်။ အိပ်ရာသိမ်းတယ်ဆိုတာ ခြင်ထောင်ထဲ ခြင် တကောင် ၂ကောင်လောက် ဝင်နေတယ်ဆိုရင် မျက်စိကောင်းကောင်းနဲ့ အတော်ကြာ ရှာရတာ။ တခါတလေ လူကို ကိုက်ထားလို့ သွေးဝနေတဲ့ကောင်တွေဆိုရင် လက်ဝါးတပြင်လုံးကို ရဲပတောင်းခတ်ရော။ ဒါပေမယ့် သွေးဝနေတဲ့ ကောင်တွေက မပြေးနိုင်တော့ ရိုက်သတ်ရတာ လွယ်တယ်။ မနက်ပိုင်းကျမှ ဝင်တဲ့ကောင်တွေ လိုက်ရိုက်ရတာက မလွယ်ဘူး။ အချိန်ကုန်တယ်။ စန်းမေ့အမေ ဘယ်လုပ်နိုင်မှာလဲ။ ဒါ စန်းမေရဲ့ အဓိက အလုပ်ပေါ့။ ကျန်တဲ့အလုပ်တွေက စန်းမေ့အလုပ် မဟုတ်ဘူး။ လုပ်ချင်ရင်လုပ်၊ မလုပ်လဲ နေလို့ရတယ်။ တပတ်တကြိမ် ဘုရားပန်း အသစ်လဲတဲ့နေ့မှာ အိပ်ရာခင်းလဲ အစွပ်တွေလဲ၊ လျှော်တဲ့ဖွပ်တဲ့အလုပ်က သူ့အမေနဲ့ကြီးဒေါ်စိမ်းရဲ့အလုပ်။

အဲသည်နေ့မနက်ကတော့ စန်းမေက ဇွဲဖောက်တယ်။ အမေ့အိပ်ရာ ပထမသိမ်းနေကျကို မသိမ်းဘူး။ မောင်က ဒီဇင်ဘာကျောင်းအားရက်မို့ စည်းစိမ်ယူ အိပ်ရာထဲမှာပဲ ကွေးကောင်းနေတုန်းရှိသေးတယ်။ စန်းမေက မောင့်ကို စချင်တဲ့စိတ်နဲ့ မောင့်ခြင်ထောင်ထဲ ဝင်လာပြီး၊ သူ့ရဲ့ အေးစက်နေတဲ့ လက်ကြီးတွေကို မောင့်ကျောထဲ ကိုယ်ထဲ လျှောက်ထိုးထည့် နှိုးတယ်လေ။ မောင်က အိပ်ချင်မူးတူးနဲ့ စောင်ကို သေချာဖိ တဖက်လှည့် ဆက်အိပ်တော့ မောင့်စောင်ခြုံထဲကို သူ့တကိုယ်လုံး တိုးဝင်တယ်။ သူပါ နွေးထွေးချင်တော့ မောင့်ကိုလဲ သူ့ဘက်ဆွဲလှည့်ပြီး၊ သူ့ကိုပါ ဖက်ထားဖို့ မောင့်လက်တွေကို သူ့ခါးပေါ်တင်တယ်။ မောင်လဲ ဖက်ပေးထားလိုက်ပါတယ်။ ဒါပေမယ့် စန်းမေက ကဲတယ်။ မောင့်ကို ပေါင်တဖက် လှမ်း



www.burmeseclassic.com

www.burmeseclassic.com

တင်ပြီး ငယ်တုန်းကလို လုခွတယ်။ ဒါ စန်းမေ သက်သက်မဲ့ အိပ်ပျော်နေတဲ့ကျား ကို လာနှိုးနေတာ။ ပြီးတော့လဲ သိတယ်နော်။ ထုံးစံအတိုင်း စန်းမေ့ကိုယ်က ရေမွှေးပုလင်း မှောက်လာတာရယ်။ စောင်ခေါင်းမြီးခြုံထဲမှာ တအားမွှေးကြိုင်နေတော့တာပေါ့။ ဘယ် ဆက်အိပ်လို့ရတော့မလဲ။ ပြီး စောင်ခြုံထဲမှာလေ။ တယောက်အိပ်ကုတင်ကလေး။ ပြီး မျက်နှာချင်းအပ် ဖက်ထားကြတာရယ်။ မောင် မနေနိုင်တော့ဘူး။ သည်အချိန် မောင့်ခြင်ထောင် ခေါင်မိုးမှာ နေရောင်ထိုးနေမှတော့ နေမြင့်ပြီ။ အပေါ်ထပ်မှာလဲ လူသူတယောက်မှ မရှိလောက်တော့ဘူးပေါ့။ နောက် မောင်တို့ကလဲ ကိုယ့်ဘာသာကိုယ် တရားဝင် လက်ထပ်ထားကြတဲ့ ချစ်သူတွေလေ။ ဘာရမလဲ။ သူ့ကိုယ်ပေါ် အားနဲ့ပြန်မှောက်ပြီး သူ့ပါးကို တအားတရကြမ်း နမ်းပစ်တော့တာပေါ့။ စတုန်းကတော့ သူပဲစပြီးတော့၊ မတရားမွှေး နမ်းပစ်တော့မှ မိုးကြိုးစက် လက်ဖျားနဲ့ကာတယ်။ သနပ်ခါး ပါးကွက်တွေ ပျက်ကုန်ရင်ရိုပ်မိကုန်လိမ့်မယ်တဲ့။ ဘယ်ရမလဲ။ ပါးမနမ်းရတော့ သူ့နှုတ်ခမ်းတွေကို စုပ်နမ်းပစ်လိုက်တာပေါ့။ သဘာဝက သင်ပေးတာပဲ။ ပို အရသာ ရှိမရှိတော့ မသိဘူး။ အနမ်းခွါလိုက်တော့ စန်းမေဆိုတာ သံပုရာသီး စားမိသလို ပါးတွေ ပခုံးတွေပါ ကျင် ခါတုန်သွားတယ်။ချစ်စရာကလေး။ တခါထပ် ပြန်နမ်းမယ်လုပ်တော့ မရတော့ဘူး။ ကာပြန်တယ်။ သိတယ်နော်။ မောင့်မှာက သွေးတွေ ပွက်ပွက်ဆူနေပြီ။ မျက်နှာမှာ မနမ်းရတော့ အပ်ထားတဲ့ ရင်ဘတ်ချင်း ပြန်ခွာပြီး အောက်စုန်ဆင်း လည်ပင်းကိုနမ်း။ သူဝတ်ထားတဲ့ အနွေးထည်က ကြယ်သီးတွေကို သူကလဲ ဖြုတ်၊ ကိုယ်ကလဲ ဖြုတ်ပြီး သူ့ရင်ပြင်တခွင်လုံးကို မောင် အပ်ချစရာနေရာ မရှိ အောင် အကုန်လျှောက်နမ်းပစ်တာပဲ။ သည်မှာ 'အို'တွေ 'အိ' တွေ သံစုံအော်ပြီး လူးလိမ့်ထွက်ပြေးပါလေရော။

ဟုတ်ပါရဲ့။ မောင်ကလဲ တရားလွန်တာကို။

ပြဿနာက စန်းမေ စောင်တွေနဲ့ လုံးထွေးရစ်ပတ်ပြီး မောင့်ကုတင်ပေါ်က လိမ့်ကျတော့ ခြင်ထောင်လဲ ခေါင်းရင်း တထောင့်က ကြိုးပြတ်ကျ မောင့်အပေါ်လွှာ ပြင်သစ်စောင် တပိုင်းလဲ စန်းမေကိုယ်မှာ ပတ်ရက်ပါသွားတော့တာလေ။ သူကတော့ မနာတဲ့အပြင် ကြမ်းပေါ်မှာ ထိုင်ရက် ဟားတိုက်ရယ်လို့မောလို့။

သည် ဝရုန်းသုန်းကားဖြောင်းဆန်နေတဲ့အသံတွေကို ကြားရလို့ပဲလား၊ သူ့ဘာသာသူ ပစ္စည်းတခုခု မေ့ကျန်ရစ်ခဲ့လို့ ပြန်တက်လာယူတာလား မသိ၊ ထွေးမေမေ လှေကားက တက်လာတယ်။ ပက်ပင်း တိုးတော့တာပေါ့။ စန်းမေ့ကိုလဲ ခြင်ထောင်တွေ စောင်တွေ ဖရိုဖရဲနဲ့ ကြမ်းပြင်မှာ ခြေဆင်းထိုင်ရယ်နေတာကို တွေ့တော့ ရပ်မေးတယ်။

'ဒါက ဘယ်လိုဖြစ်တာလဲ စန်းမေ'တဲ့။

မယုံသင်္ကာတော့ ဖြစ်ပုံမရပါဘူး။

ဒါပေမယ့် စန်းမေက အရေးထဲ ဘာမှန်းလဲ မသိ။ ကြောင်နေ ယောင်နေသေးတယ်။ ပါးစပ်မပိတ် အရယ်မရပ်ပဲ မောင်... မောင်နဲ့ စကားထစ်နေပြီး မောင့်ကို လက်ညှိုးထိုးပြတယ်။ သူ အမှန်အတိုင်း ပြန်ပြောတော့မလို့ ထင်ရဲ့။ ဒါနဲ့ သူ့ပါးစပ် အမြန်ပိတ်သွားအောင် မောင်က ခေါင်းအုံးနဲ့ လှမ်းပေါက်လိုက်ရတယ်။

ဒါက သူ ခိုးမိတာ တကြိမ်။

နောက်တကြိမ် မိတာကမှ လက်ပူးလက်ကြပ်။ သည့်ထက် ပိုဆိုးတယ်။ အမေ့ခုံရုံးအထိ ရောက်ကရော။

အဲသည်လို မောင်နဲ့ စန်းမေတို့ အိပ်ရာထဲမှာ အနမ်း သောင်းကျန်းလိုက်ကြပြီးတဲ့နောက် စန်းမေ့မှာ ရောဂါတခု စွဲကပ်လာတယ်။ မောင်လဲ စိတ်ညစ်ရပါရဲ့။ ပြဿနာက စန်းမေက သူ အပျိုမစစ်တော့ဘူးတဲ့။ မောင့်ကြောင့် သူ အပျိုရည်ပျက်ပြီတဲ့။ ဟုတ်လဲ မဟုတ်ပါပဲနဲ့။ အဲသည်မနက်က သူ့ရင်ဘတ်ကိုနမ်းတာ သူ အပျိုပိုင်ပစ္စည်းအမွှာကို ထိပါးသတဲ့။ မောင်ကဖြင့် အပေါ်ဝတ် သိုးမွှေးထည်က ကြယ်သီးတွေကိုသာ ဖြုတ်တာပါနော်။ သူလဲ ကူဖြုတ်ခဲ့တာပဲ။ သူ့အပျိုရည်ပစ္စည်းကို မဆိုထားနဲ့၊ သူ့စိန်ကြယ်သီးတွေ အစေ့တပ်ထားတဲ့ အောက်က ရင်စေ့အင်းကျီကို မျက်နှာနဲ့ လျှောက်မွှေနောက်နမ်းမိတာကလွဲလို့ လက်ဖျားနဲ့တောင် ယောင်လို့ မသပ်မိပါဘူး။ အနွေးအင်းကျီက ကြယ်သီးတွေကို ဖြုတ်တုန်းကတော့ အလိုတူအလိုပါ၊ အဲသည်တုန်းကတော့ မောင့်လက်တွေကို ရိုက်ဖယ်မပစ်ဘူး။ ဘယ့်နှယ်ကြောင့် အခုမှ အပျိုမစစ်တော့ဘူး ပြောနေရတာလဲ။ အေးပါ။ ရင်ခွင်တပြင်လုံးကို လျှောက်နမ်းတုန်းက စန်းမေရဲ့ပစ္စည်းအခုကိုပါ နမ်းမိထိမိတယ်ထား၊ အဲဒါနဲ့ပဲ အပျိုရည်ပျက်ရရောတဲ့လား။

မောင် ဘာမှားခဲ့လို့လဲ။

ဘာမှ မဟုတ်ဘူး။ ဒါ စန်းမေရဲ့ အကြံအဖန်။ သူ့မှာ ရည်ရွယ်ချက် ရှိတယ်။ မောင်နဲ့ စန်းမေနဲ့က တအိပ်ရာ ထဲမှာ လင်နဲ့မယားလို နေ[...] ဖူးပြီးသားပါ၊ ငြိစွန်းကြ[...] သားပါ လို့ စန်းမေက ဆို[...] ချင်တာရယ်။ နောက်မှ မောင် သူ့စွပ်စွဲချက်ရဲ့ အဓိပ္ပာယ်[...] ရိပ်မိတယ်။ စန်းမေရဲ့ဉာဏ်[...] ချည့်ပဲ။

သူ့ရဲ့ အကြံအဖန်[...] မောင့်ရဲ့ကျောင်းမုန့်ဖိုးနဲ့ [...] သက်နေတယ်။

ပထမ ချစ်သူတွေ[...] မဖြစ်ခင် မောင်နှမဘ[...] မောင်ရနေတဲ့ ကျောင်းမုန့်[...] အခု ချစ်သူတွေဖြစ်ကြ[...] ချစ်သူတပိုင်း မောင်နှမ[...] မှာ မောင်ရရမယ့် ကျောင်း[...] ဖိုးချင်းက လုံးဝ မတူ[...] ဘူးတဲ့။ ချစ်သူချင်း ရ[...] မုန့်ဖိုးချင်း အညီအမျှ ဖြ[...] ရမယ်၊ ဖြစ်သင့်တယ်တဲ့[...]

စန်းမေ့ရည်ရွယ်ချ[...] စန်းမေ့အကြံအစည်ကို[...]

www.burmeseclassic.com

www.burmeseclassic.com

မောင်
ပြောရင်
ယုံပါ
မောင်
ကြွားပြီး
မပြောတတ်ပါဘူး
သည်လိုနဲ့
မောင်
ဘယ်မိန်းကလေး
တယောက်ကိုမှ
ရည်းစားစကား
တခွန်း
မပြောရပဲ
မောင့်ဘဝမှာ
ချစ်သူ၂ယောက်
တပြိုင်တည်း
ရှိလာခဲ့ပါတယ်

သိလိုက်ပြီ။

သိတယ်နော်။ ရှက်ရှက်နဲ့ ဖွင့်ပြောရရင် အခုလောလော ဆယ်မှာကို စန်းမေရနေတဲ့ ကျောင်းမုန့်ဖိုးနဲ့ မောင့်ကျောင်း မုန့်ဖိုးဆိုတာက ရွှေဒင်္ဂါးနဲ့ ကြေးပန်းကန်ကွဲ ပိုက်ဆံလို ကွာတာလေ။ အဲသည်ကာလ မောင် အဌမတန်း၊ နဝမတန်း ကျောင်းသားဘဝက မုန့်ဖိုးရယ်လို့ မောင်တပြားမှ မရဘူးရယ်။

မောင် နေရတဲ့ st.mary's diocesan ကျောင်း တဖြစ်လဲ အထက(၁)မှာက မောင့်အမေရင်း လေးမေမေ (ဒေါ်ခင်မေလေး)က ကျောင်းအုပ်၊ ထွေးမေမေ (ဒေါ်ခင်မေထွေး)က အထပြ (သချာ်)။ မနက်ပိုင်း စာသင်ချိန်၂ချိန်အပြီး ၁၀မိနစ် ခေတ္တအနား recessမှာ ကျောင်းပြာဘဦးပြူးက မောင်တို့အိမ်ကို စက်ဘီးနဲ့ပြေးပြီး ထမင်းချိုင့် ယူပေးထားရတယ်။ နေ့လယ်တနာရီ ကျောင်းနားချိန်ရောက်ရင် အမေ၂ယောက်နဲ့အတူ မောင် မနက်စာစားရတယ်။ မနက်စာ ကျောင်းမသခင်တုန်းကတော့ ခရားကြီးအပြည့် ဖျော်ထည့်ပေးထားတဲ့ကော်ဖီနဲ့ နေ့တိုင်း ခေါင်းရွက်သည် ပေါင်မုန့်ကုလား နေ့စဉ်ပုံမှန် လာပို့ပေးထားတဲ့ ဘန်းမုန့်၊ မုန့်ကြိုးလိမ်၊ မုန့်ကြွပ်၊ မုန့်ချောင်းတို့ကိုတော့ ကြိုက်သလောက် စားခဲ့ရတယ်။ လေးမေမေ့စည်းကမ်းမှာ ဘာအရေးတမှ ဝယ်မစားရဘူး။ မုန့်ဖိုးလဲ တပြားမှ မပေးဘူး။

စန်းမေနဲ့ကတော့ ကွာခြားကြီးမက ကွာပါ။ အဲသည်တုန်းက 1rupeeခေါ်တဲ့ တကျပ်မှာ ၆၄ ပြား။ တကျပ်ရဲ့၄ပုံ တပုံဖြစ်တဲ့ တမတ်မှာ ၁၆ပြား။ ၈ပုံတပုံ ဖြစ်တဲ့ တမူးမှာ၈ပြား။ ၁၆ ပုံတပုံဖြစ်တဲ့ တပဲမှာ ၄ပြား။ ပြားခေတ်နော်။ ကျောင်းမှာ ကြိုက်ရာမုန့် ဝယ်စား၊ မုန့်တခု တပြားတန်နဲ့ တပြားဖိုး ၂ခုတန်ပဲရှိတယ်။ ရေခဲပေါက်စီ အနှံ့သီးခြစ်နန်းချင်းညှပ် နို့ဆီ ၂ဖက်ဆမ်းလဲ တပြားပဲ။ အငွေ့တထောင်းထောင်းထနေမှ ရောင်းခွင့်ရမယ် သတ်မှတ်ထားတဲ့အတွက် နှီးဖျပ်ပေါင်းအိုးထဲ က ဝက်သားပေါက်စီ ကြက်သားပေါက်စီလဲ တပြားပဲ။ အဲ ပဲပေါက်စီနဲ့ သကြားပေါက်စီကတော့ တပြားဖိုး ၂လုံး။ 'ကျလေ့နဟိကျနာ' ဟစ်အော်ခေါ်ရောင်းတဲ့ လက်ဝါးတပြန့်စာ ဆိတ်သားစမူဆာကြီးတခုလဲ တပြားပဲ။ အဲသည်ပြားခေတ်မှာ စန်းမေက တနေ့ မုန့်ဖိုး တမူးရတယ်။ မေမေကြီးကြီးက သမီးအကြီးဆုံးလဲ ဖြစ်တယ်ဆိုတော့ ချမ်းသာတယ်။ သူ့ချည့်ကိုက ချောင်းဝင်းနှမ်းကြဲဘက်မှာ လယ်ရော ယာရောဧက ၅၀ကျော်ပိုင်တဲ့အပြင် ချောင်းမကြီးဘေးမှာ သရက်ခြံတခြံလဲ ပိုင်သေးတယ်။ ချမ်းသာတာပေါ့။ ပြီးပေးစရာ ဆင်စရာ ပုံပိုးစရာကလဲ သည်စန်းမေ သမီးကလေး တယောက် ရှိတာကို။ စန်းမေက မုန့်ဖိုးတွင် တမူးရတာ မဟုတ်ဘူးနော်။ မောင်တို့လို နေ့ခင်းကျောင်းဆင်းချိန်မှာ စားဖို့လို့ ထမင်းဖူးကလဲ တဖူးပါသေးတယ်။ စားတယ်နော်။ စားလို့လဲ သည်စန်းမေဆိုတဲ့ ကောင်မ သည်လောက် တောင့်နေတာနေမှာပေါ့။

မောင်ကတော့ ……သုညာ။

သည် ကွာခြားချက်ကို စန်းမေက မနှစ်မြို့ဘူး။ မလိုချင်ဘူး။ မလိုချင်တော့ သူ့မှာ 'မောင့်ကြောင့် အပျိုရည်ပျက်ရပါတယ်' ဆိုတဲ့ ရောဂါစွဲကပ်လာရပါလေရော။ အခုသည် ရောဂါကို ပျောက်အောင် မောင်က ကုရမယ်တဲ့လေ။ မောင် တာဝန်ယူရမယ်ပေါ့။

မောင့်ကို အဆိုတခု ပြုတယ်။ နေကြရတဲ့ကျောင်းချင်းက နီးပေမယ့် **အမ**ကျောင်းနဲ့ **အထီး**ကျောင်းဆိုတော့ ကူးလို့သန်းလို့မရဘူး။ ပြီး လေးမေမေနဲ့ စန်းမေတို့ကျောင်းအုပ်နဲ့ကလဲ ရင်းနှီးတော့၊ သူတို့ချင်းကလဲ နားလည်မှု လုပ်ထားကြပုံရတယ်။ မောင်တို့ကျောင်းက တကောင်ကောင်နဲ့ သူတို့ကျောင်းက ကောင်မလေး တကောင်ကောင်ကို သာမောင်နှမ မဟုတ်ပဲ ကျောင်းဝန်းကျင်မှာ တွေ့လိုက်လို့ကတော့၊ ရုံးခန်း ရောက်ကြရပြီသာမှတ်။ အဲသည်ခေတ်က ကျောင်းအုပ် ဆရာမကြီးတွေက တအား ကြောက်ရတာ။ မိဘတွေကိုပါ ခေါ်ပြောပြီး ကျောင်းထုတ်ပစ်တာ။ ဒါမှမဟုတ် နောက်ဆုံးအကြိမ်အဖြစ်သတိပေးတာကို မိဘကပါ လက်မှတ်ထိုးရတာ။ အာဏာပြင်းတယ်။ ဒါ့ကြောင့်လဲ သူတို့ကျောင်းအုပ်ချင်းက ညှိပြီး ကျောင်းဆင်းချိန်ကို နာရီဝက် လွဲထားကြတယ်။ စန်းမေတို့ကျောင်းက မောင်တို့ကျောင်းထက် နာရီဝက် စောတက်တယ်။ နာရီဝက် စောဆင်းတယ်။ ကျောင်း ဝန်းကျင်မှာတောင် ဆုံဖို့ မလွယ်ဘူး။ နေ့ခင်းကျောင်းဆင်းချိန်တနာရီမှာကလဲ ကျောင်းဝင်းတံခါးကြီးတွေကပိတ် သော့ခတ်ထားတာ။ ဒါ့ကြောင့် စန်းမေက ပြောတယ်။

မောင်နဲ့စန်းမေနဲ့က ကြီးလာကြတဲ့တနေ့ကျရင် လက်ထပ်ကြရပြီး လင်မယားဖြစ်ကြ၊ အတူပေါင်းနေကြရမှာလေ တဲ့။ အခုလဲ မောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com

စန်းမေကို လင်မယားလို တအားချစ် တအားနမ်းခဲ့တဲ့ အတွက် တာဝန်ရှိတယ် တဲ့။ အဲသည်တော့ ခုကတည်း က စီးပွါးမခွဲပဲ အတူတူပေါင်းထား ပေါင်းစားကြရမယ် တဲ့။ စန်းမေ့ပိုက်ဆံ မောင့်ပိုက်ဆံ မခွဲကြစတမ်း တဲ့။ မောင် သိတာပေါ့။ မောင်က ပြုံးလိုက်တယ်။ ပြီး 'မောင့်မှာ မောင်ပိုင် ပိုက်ဆံဆိုလို့ တပြားမှမရှိပဲနဲ့ ဘာနဲ့ ပေါင်းထား ပေါင်းစား မလဲကွယ်' လို့ ငြင်းလိုက်တော့၊ စန်းမေက ဘာပြန်ပြောတယ် မှတ်သလဲ။ သိလား။ တအားလည်တယ် 'အခုတော့ ဟုတ်တာပေါ့ ကြီးလာတော့ မောင်က စန်းမေထက် ပိုရတော့မှာလေ။ စန်းမေက မောင့်လောက် ရချင်မှရတော့မှာ တလှည့်စီပေါ့' တဲ့။ မောင်က သူဆင်ထားတဲ့ စစ်တုရင်ကွက်မှန်းသိလို့ ဘာမှ ပြန်မပြောတော့ စူဆောင့် နှုတ်ခမ်းကိုက်တယ်။ 'ဘာလဲ မောင်က အိမ်ထောင်ဦးစီးဘဝနဲ့ စန်းမေကို လုပ်မကျွေးချင်ဘူးပေါ့လေ' တဲ့။

မောင် မသိပဲနေပါ့မလား။ စန်းမေဆိုတာ မောင့်ရဲ့အချစ်ဆုံး၊ မောင့်ကို အချစ်ဆုံး။ မောင် ကျောင်းမုန့်ဖိုး တပြားမှမရလို့ ပါးစပ် ခြင်ခြောက်နေမှန်း သိတဲ့အတွက် တမင်ပေးချင် ကျွေးချင်လို့ အကွက်ဆင်နေတာပဲ။ ဘာမှ အပျိုရည်ပျက်တာတွေ၊ တာဝန်ရှိတာတွေ စွပ်စွဲချင်လို့မဟုတ်ဘူး။ သူရတဲ့၊ သူ့မှာ ရှိနေတဲ့ ပိုက်ဆံကို ခွဲဝေသုံး စေချင်တာ၊ စားစေချင်တာရယ်။

ပင်ပန်းလိုက်တာ စန်းမေရယ်၊ ဗာရာဏသီချဲ့လှည့်ပတ် နေလိုက်ရတာ။ မောင်ကလဲ စန်းမေ့အဆိုကို သဘောတူလိုက် ပါတယ်။ ကြီးလာရင် မောင်က တလှည့်၊ တသက်လုံး လုပ်ကျွေးပါ့မယ်ပေါ့။

အဲသည်တော့ အဲသည်နေ့ နောက်တရက်က စပြီး စန်းမေက အချိန်မီရင် အရစောရင် ညကတည်းကဖြစ်ဖြစ်၊ အချိန်မမီရင် မနက်ကျောင်းမသွားခင်မှာဖြစ်ဖြစ် လူကြီးတွေရဲ့ အလစ်မှာ မောင့်ကို တပဲတပဲ အမြဲခိုးပေးတော့တာပဲ။ မယူဘူးပြောလဲ မရပါဘူး။ မောင့်လွယ်အိတ်ထဲ ထည့်ထားခဲ့တာပဲ။ မောင် မသိရင် လွယ်အိတ်ထဲမှာ ထည့်ထားခဲ့တဲ့အကြောင်း အဝေးကနေ သူ့လွယ်အိတ်ကို ပုတ်ပြတတ်တယ်။

ပြောလို့သာ ပြောတာပါ။ မောင်ကလဲ အိမ်က စပျစ်သီးခြောက်မုန့်နဲ့ ဘန်းမုန့်တို့ သကြားရည်လူး မုန့်ကြိုးလိမ်တို့ကို မသိမသာ သပိတ်မှောက်လာခဲ့ပြီး၊ ကျောင်းရောက်တော့မှ စန်းမေပေးတဲ့ ပိုက်ဆံနဲ့ ပေါက်စီတလုံး စမူဆာတခု ဝယ်စား လိုက်တာပဲ။ recessနားရတော့လဲ ခုမှရောက်လာတဲ့ သာကူယိုဖြစ်ဖြစ်၊ ကာလစပါးယိုဖြစ်ဖြစ်ပေါ့။ ရေခဲပေါက်စီကတော့ နေ့ခင်းထမင်းစားအပြီးပေါ့။ ဗိုက်ခွေးနမ်းရော။ မောင်နှမဆိုတော့၊ စန်းမေပေးတဲ့ ပိုက်ဆံနဲ့ မြိန်ရေရှက်ရေစားရတာ မရှက်မိပါဘူး။ ခင်မမလို သူစိမ်းရဲ့ ပိုက်ဆံဆိုရင်တော့လဲ စကတည်းက ရှက်လို့ ဘယ်ယူပါ့မလဲ။ သည်လိုနဲ့ နဝမတန်း ရောက်လာကြတော့ စန်းမေပေးနေကျ ပေးတဲ့ပိုက်ဆံကို သူ့ပိုက်ဆံထည့်တဲ့ သူ့ခါးကြားရှင်မီး အင်းကျီအိတ်ကပ်ထဲကတောင် နှိုက်ယူတော့ ခိုင်းရင် နှိုက်ယူတတ်လာတယ်။ သည်လိုမျိုး ထမီကြား လက်နှိုက်ခိုင်းတာကျတော့ ရင်းနှီးကျွမ်းဝင်တယ်ဆိုပြီး သူကျေနပ်တယ်။ အပျိုရည်ပျက်တယ် မပြောဘူး။

သိတယ်နော်။ အဲသည်ခေတ်ကာလတုန်းက စန်းမေတို့ စိန်မေတို့အရွယ် တဆယ်ကျော် ၄နှစ်ပတ်လည်ကလေးအတွက်က တအားစည်းကမ်းရှိကြ ထိန်းကြရတာရယ်။ မိခင်တိုင်းကရော ဆရာမတိုင်းကပါ ကိုယ့်ရင်သွေးသမီးကလေးတွေလို အနေအထိုင် အပြုအမူတွေနဲ့ ပတ်သက်လို့ သွန်သင်ဆုံးမပဲ့ပြင်တတ်ကြတယ်။ ယောက်ျားတွေရဲ့ အမြင်မှာ လက်မြှောက်ပြီး ခေါင်းပေါ်ကပန်းကို ပြင်မပန်ရဘူးတို့၊ အိမ်ကျောင်းစသည် တံစက်မြိတ်တည့်တည့်အောက် အရောက်မှာ ထမီကို ဖြန့်ခါမဝတ်ရဘူးတို့၊ ခုံကုလားထိုင် စသည် အမြင့်ထိုင်ရာမှာလဲ ခြေတဖက်တင် ဒူးထောင်မထိုင်ရဘူးတို့၊ မပြေးရာသည် ၄ပါးထဲမှာတောင် ရဟန်း၊ ဘုရင်၊ ဆင်နှင့် မိန်းမတဲ့။ မိန်းမထည့်ထားတယ်။ ကာယိန္ဒြေပျက်တယ်တဲ့။ တားမြစ်ချက်တွေများတယ်။ အောက်ခံ ချွေးခံအင်းကျီတောင်မှ အိမ်ထောင်သည် အမျိုးသမီးတွေဝတ်တဲ့ ပခုံးသားပေါ် ရင်ပုံဖော် ကျောဇာနဲ့ bodiceမျိုး မဝတ်ကြရဘူး။ ကျောင်းကလဲ ဝတ်ခွင့်မပြုဘူး။ ရှင်မီးအင်းကျီပြောင် အဖြူရောင်သာ ဝတ်ကြရတယ်။ အပေါ်ကတော့ ရင်စေ့အင်းကျီ အဖြူလက်ရှည်နဲ့ ထမီစိမ်း ကျောင်းဝတ်စုံနဲ့။

ဆိုတော့ကာ ကျောင်းသူကလေးတွေက သူတို့ရဲ့ ရှင်မီး အင်းကျီအောက်ခြေမှာ ပိုက်ဆံထည့်ဖို့ လျှို့ဝှက်အိတ်ကပ်ကလေးတွေ လက်သင့်ရာဘက်မှာ တပ်ထားတတ်ကြတယ်။ ရှင်မီးအင်းကျီတိုင်းမှာ ပါတယ်။ ခါးထဲထမီထဲကို တမိုက်တထွာ ဝင်နေရတယ်ဆိုတော့ ရှင်မီးအင်းကျီအောက်နားက အိတ်ကပ်ကို လုံးဝ မမြင်ရပါဘူး။ ပိုက်ဆံလိုချင်ရင်လဲ လက်ချောင်း၂ချောင်း ထိုးထည့်ကပ်ကြေးလို ညှပ်ထုတ်ယူရုံပေါ့။ ဗိုက်ကလေးတော့ နည်းနည်း ရှပ်ပေးလိုက်ရ လေမလားပဲ။ ထမီလျှော့ဖြေဖို့ မလိုပါဘူး။ ဝတ်ထား ကြကတည်းက ကျောင်းမှာ ဆော့ရင် ခဏခဏ ပြင်မဝတ်ရအောင် အထက်ဆင့်ကို အ ဆက်ထားပြီး ခါးမှာခါးပတ် လို တင်းနေအောင် ပတ်ချည် ထားတတ်ကြတာပဲ။ ကျွတ် ကျတည့်ပါဘူး။ တချို့ တနေကုန်မြဲသတဲ့။

ဖြစ်ချင်တော့ အဲသည် နေ့မနက်က စန်းမေ့မှာ ပဲ စေ့ ရမလာဘူး။ ပြီး ပြားချည့်သာ ရလာသ ပြီးတော့ စန်းမေက အ နည်းတူ ညာသန်။ ညာ ဆိုတော့ ထမီလဲညာ



www.burmeseclassic.com

www.burmeseclassic.com

ညာဖုံးဆိုတော့ ပိုက်ဆံထည့်ထားတဲ့အိတ်ကပ်က ဘယ်ဘက်ခါးမှာ။ ဘယ်ဘက်လက်နဲ့ နှိုက်ပေးမှလွယ်မယ်။

ဒါပေမယ့် ပြဿနာက ထပ်တက်ချင်တော့ သည်ကနေ့မှ စန်းမေ့လက်တွေ ဘယ်ရောညာပါ မအားဘူး။ သည်ကနေ့မှ သူ့အိမ်က ဘိုမေမေတို့စားဖို့ တပါတည်း ယူသွားခိုင်းလိုက်တဲ့ အုန်းနို့ကျောက်ကျော၊ ကြွေပန်းကန်ပြားတချပ်နဲ့ အပြည့်။ စန်းမေ့ဘယ်ဘက်လက်ထဲမှာ သူ့ထမင်းဗူးနဲ့ ထပ်ကိုင်ရက်။ ကျောက်ကျောတွေ လှျှောကျမကုန်အောင်လို့ မျက်စိနဲ့ ပန်းကန် မခွာရဲပဲ ကျွတ်လိုတလှမ်းချင်း စမ်းလှျှောက်နေရတာရယ်။ ညာဘက်ပခုံးမှာကလဲ အချိန်တဆယ်လောက်လေးတဲ့ လွယ်အိတ်ကြီး လွယ်ထားရတဲ့အပြင် ကဒ်ထူဖုံး ဗာလာစာအုပ်၃အုပ်ကလဲ ညာဘက်ချိုင်းကြားမှာ ညှပ်ရက်။ သူ့ဥစ္စာက မလွယ်ပါဘူး။ ဘိုမေမေတို့အိမ်ကို ရောက်ရင်လဲ လမ်းက ဆုံးနေပြီ။ ကျောက်ကျောပန်းကန်ပေးပြီး တခါတည်း ကားပေါ်တက် ကျောင်းသွားရတော့မှာ…။

မတတ်နိုင်ဘူး။ သည်ကနေ့တော့ ငတ်လဲငတ်ပလေ့စေတော့။ လက်လျှော့လိုက်တယ်။ ပြောတာ မရဘူး။ လာလိုက်ခဲ့ မောင့်ဘာသာမောင် နှိုက်ယူတဲ့။ ဟင့်ဟင့် ခြေဆောင့်တယ်။ အောက်နှုတ်ခမ်းကို ကိုက်ပြခြိမ်းခြောက်လိုက်သေးတယ်။ ဆိုတော့ မောင်လဲ အငြိုငြင်ခံနိုင်ဘူး။ နှိုက်ယူရတော့တာပေါ့။ ၄ပြားတောင်နှိုက်ယူရမှာဆိုတော့ ၄ခါကြာမှာပေါ့။ နှိုက် ယူတာကတော့ ယူနေကျပါ။ မခဲယဉ်းပါဘူး။ စန်းမေကလဲ ခဏလမ်းလှျှောက်ရပ်ပြီး ခါးကိုလိမ်ထားပေးပါတယ်။

'အမောင်နဲ့စန်းမေ နင်တို့၂ကောင် ကွင်းလယ်ကောင် နေပူထဲမှာ ဒါက ဘာရပ် အလုပ်ရှုပ်နေကြတာလဲ'

မိုးကြိုးကြီး တည့်တည့်ပစ်ချလိုက်သလိုပါပဲ။ လန့်လိုက်တာ။ လူကို ကိုင်လှုပ်လိုက်သလို တုန်ခါသွားတာပဲ။ လုံးဝ မမျှော်လင့်ဘူး။ လုံးဝလဲ လူရိပ်မမြင်လိုက်ကြဘူး။ စန်းမေ့ နောက်ကဘွားကနဲ ရောက်လာတာ။ လေးမေမေရယ်။

မြန်မြန် အရင်လိုလို့ ၂ပြားထပ် ညှပ်ထုတ်လာတဲ့ ကြေးပြားတွေ အပြင်ရောက်ခါမှ အကုန်လွတ်ကျကုန်တယ်။ စန်းမေကမှ ပိုဆိုးတာပေါ့။ ပန်းကန်ပြားထဲက ကျောက်ကျောတွေ လှျှောကျကုန်လို့ လိုက်ထိန်းတာ ပန်းကန်လဲကျကွဲ၊ ထမင်းဗူးရောချိုင်းကြားက စာအုပ်တွေပါ မြေကြီးပေါ်မှာ ပြန့်ကြဲကုန်တယ်။ ပြောရရင် သည်တခြံလုံးမှာ မောင်တို့မောင်နှမတွေ အကြောက်ဆုံးကလဲ လေးမေမေပဲ။

ကြောက်ကြောက်နဲ့ စန်းမေက ကတုန်ကယင်ဖြေတယ်။

'စန်းမေ လက်မအားလို့ မောင့်ဖို့ပိုက်ဆံ မောင်နှိုက်ယူနေတာပါ ဖုရာ့'

ခါးကြား ထမီကြားနှိုက်တာက ပြဿနာမဟုတ်ဘူး။ စန်းမေကြောက်လန့်တကြားနဲ့ မကွယ်မဝှက် ပြောလိုက်မိတဲ့ 'မောင့်ဖို့ပိုက်ဆံ' ဆိုတာကမှ ကျားရှေ့မှောက်ရက်လဲတာ။ ညရောက်တော့ အမေ့ခုံရုံးမှာ ရင်ဆိုင်ရပါလေရော။

အမေ့ခုံရုံးမှာ ဆိုပေမယ့် အမေက စစ်တာမေးတာ မဟုတ်ပါဘူး။

ထွေးမေမေတို့ လေးမေမေတို့ကသာ မောင်တို့၂ယောက်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့ မျက်မြင်ကိုယ်တွေ့တွေကို အမေသိရအောင် ပြန်တင်ပြနေကြတာပါ။ အမေက 'ဘုံကထိုင်'ပေါ့။ နားထောင်ပြီး စီရင်ဆုံးဖြတ်ပေါ့။

မောင်တို့စန်းမေတို့ကလဲ မမှန်ကန်လို့ ငြင်းစရာရှိရင်ငြင်း၊ ဝန်ခံစရာရှိရင် ဝန်ခံရမယ် တဲ့။

နောက်ဆုံး 'ဘုံကထိုင်' အမေက ဆုံးဖြတ်မယ်။ အမေ့အဆုံးအဖြတ်ကတော့ စီရင်ချက်ပေါ့။ အတည်ပေါ့။

ပထမဆုံး ထွေးမေမေက တင်ပြတယ်။ တမနက်သူ အပေါ်ထပ် ပြန့်အတက်မှာ တွေ့ခဲ့မြင်ခဲ့ရတာတွေပေါ့။ မောင့်စောင်တွေ ခြင်ထောင်တွေနဲ့ လုံးထွေးရစ်ပတ်ဖြောင်းဆန်နေတာပဲတဲ့။ ကြမ်းပေါ်မှာ ခြင်ထောင်လဲ ပြုတ်ကျလို့တဲ့။ တယောက်နဲ့တယောက်လဲ ခေါင်းအုံးနဲ့ ပစ်ပေါက်ဆော့နေကြတယ်တဲ့။ သည်၂ယောက်ပေါင်းပြီး ဆော့လွန်းတယ်တဲ့။ မတော်မှန်တွေဘာတွေ ကွဲကုန်ရင် ဒဏ်ရာရမယ်တဲ့။ အမေ့ကို ဆုံးမဖို့ပြောတယ်။

လေးမေမေကတော့ မကျေနပ်ဘူး။ မနက်က တွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို ခရေစေ့တွင်းကျ မကျေနပ်တဲ့လေနဲ့ တင်ပြတယ်။

'စန်းမေ့စကားထဲက 'မောင့်ဖို့ပိုက်ဆံ' ဆိုတာ ဘာလဲ' သူ နားမလည်ဘူးတဲ့။

'အမောင့်ကို ဘယ်သူက ပိုက်ဆံပေးနေသလဲ၊ တယောက်ယောက်ကတော့ ခိုးပေးနေတာ အမှန်ပဲ။ သူတို့ မရိုးသားဘူးအမေ။ မရိုးသားလို့သာ ခုလို ရုတ်တရက် မိလိုက်တော့ သူတို့ ကြောက်ကုန်ကြ တုန်ကုန်ကြ၊ လက်ထဲ ကပစ္စည်းတွေ အကုန်လွတ်ကျ ကုန်ကြတာပေါ့။ ရိုးသားရင် ဘာတုန်လှုပ် စရာလိုသလဲ။ အဲဒါ အမိက တရားခံပေါ်အောင် စစ်ပေးအမေ'

လေးမေမေက မေမေကြီးကြီးတို့ အိမ်ရှေ့မေမေတို့ဘို မေမေတို့ အုပ်စုလိုက်ထိုင်နေကြတဲ့ သားရေဆိုဖါထိုင်ခုံတွေ ဘက်ကို မျက်လုံးဝင့်ကြည့်လိုက်တယ်။

'ယောကျ်ားကလေးနော် မေလေးတယောက်သာ ရှားရှားပါးပါး မွေးနိုင်လို့ မွေးထားတဲ့ သားယောကျ်ားကလေး သည်အရွယ် ခုကတည်းက ပိုက်ဆံကိုင် သုံးတတ်နေရင် ပျက်စီးမှာစိုးလို့ မေလေးစည်းကမ်းလုပ်ပြီး မုန့်ဖိုးမပေးပဲထားတာ။ သည်ပိုက်ဆံ စန်းမေကတဆင့် ဘယ်သူက ခိုးပေးနေတာလဲ၊ မေလတ် ညည်းကပေးခိုင်းနေတာလား။ မမကြီးက ပေးနေတာလား'

လေးမေမေက ဝါးလုံးရှည်နဲ့ ရမ်းကုန်ပြီ။ မဆိုင်သူ

www.burmeseclassic.com

တွေကို စွပ်စွဲကုန်ပြီ။

'ဘုံကထိုင်' အမေက အလှည့်ပေး မမေးသေးလို့ အားလုံးနဲ့အတူ စန်းမေလဲ ငြိမ်နားထောင်နေတာပါပဲ။ ဒါပေမယ့် စန်းမေ မနေနိုင်တော့ဘူး။ စန်းမေကြောင့် အမေတွေ အနေရ အထိုင်ရ ကြပ်ကုန်ရှာမယ်။ စောင့်မနေတော့ဘူး။ အမှန် အတိုင်း စန်းမေ ဖွင့်ဝန်ခံလိုက်တယ်။

'ဘယ်သူကမှ ပေးခိုင်းတာ ပေးတာ မဟုတ်ရပါ လေးမေမေ စန်းမေပေးတာပါဖုရာ့'

'စန်းမေ အဲသည်ပိုက်ဆံ ဘယ်ကရတာလဲ မှန်မှန်ပြောနော် မောင့်ဖို့ပိုက်ဆံ၊ စန်းမေ့ဖို့ပိုက်ဆံ ဆိုပြီး ဘယ်သူက ခွဲပေးနေတာလဲ'

'ဘယ်သူကမှ ခွဲပေးတာ မဟုတ်ရပါဖုရား၊ စန်းမေရတဲ့တမူးထဲက မောင့်ကို တပဲခွဲပေးတာပါ ဖုရာ့'

'ဘာပြုလို့ ပေးရတာလဲ အမောင် ပိုက်ဆံမကိုင်ရဘူး စည်းကမ်းလုပ်ထားတာ စန်းမေ မသိဘူးလား'

'သိပါတယ်ဖုရား၊ ဒါပေမယ့် မောင်လဲ စန်းမေတို့လို သူ့သူငယ်ချင်းတွေ စားနေကြတာမြင်တော့ စားချင်မှာပေါ့ ဖုရား သနားပါတယ်'

'ဘုံကထိုင်' အမေက ပြုံးတယ်။ အခု အစစ်ခံနေတဲ့ အခိုက်မှာကို စန်းမေ့အသံက စာနာသံ ကရုဏာသံ ပါနေတယ်။

သည်တော့ စောစောက မကျေမချမ်း ဌာန်နဲ့မာန်နဲ့ စစ်နေတဲ့ လေးမေမေပါ ပြုံးရိပ်သန်းလာတယ်။

သည်မှာ တရားခံလဲ ပေါ်လာပြီဆိုတော့ 'ဘုံကထိုင်'က ဝင်မေးပြီ။

'နေပါအုံး စန်းမေ အမောင့်ကို သနားတာနဲ့ပဲ စန်းမေရတဲ့ မုန့်ဖိုး တမူးကလေးထဲက တပဲကို ခွဲပေးရရောတဲ့လား။ သူ့အမေကိုဖြစ်စေ ငါ့ကို ဖြစ်စေ မုန့်ဖိုးပေးဖို့ ပြောပါလား'

'အောင်းမယ်လေးလေ မပြောရဲပါဖုရား၊ စန်းမေရဲ့ အမေတို့ စိန်မေ့ရဲ့အမေတို့တောင် လေးမေမေ့စည်းကမ်းကို ကြောက်ကြလွန်းလို့ လေးမေမေ့ကွယ်ရာမှာ စန်းမေတို့ စိန်မေတို့ စို့ရတဲ့ နို့တွေကို ခိုးတိုက်ပြီး ဖုံးထားခဲ့ကြသေးတာပဲဖုရား'

'ဘယ့်နှယ် ဘယ့်နှယ် စန်းမေ'

လေးမေမေ တအံ့တသြ ထပြေးလာပြီး စန်းမေ့ပခုံးကို ကိုင်လှုပ်မေးတယ်။

'ခုနက ဘာပြောတယ် လေးမေကို ပြန်ပြောစမ်း'

'စန်းမေနော် သမီးနော် အမေတို့ကိုပါ တရားခံစာရင်းထဲ ဆွဲမထည့်နဲ့၊ အဲဒါက ဟို ဘိုးတော်ဘုရားလက်ထက်က ကိစ္စတွေ'

မေမေကြီးကြီးတို့ အိမ်ရှေ့မေမေတို့က ရယ်ရင်းပြိုင်တူ ငြင်းကြတယ်။

'အဲဒါသာ ကြည့်တော့ အမေ သူများသားကို သူတို့သားလဲ မဟုတ်ပဲနဲ့ အမေ့သမီးကြီးတွေကပါ ဝိုင်းချစ်ပြီး စည်းကမ်းဖျက်ခဲ့ကြတော့ သည်ကလေးစန်းမေက အမောင့်ကိုချစ်ပြီး လိုက်ဖျက်ဆီးတာ ဘာပြောရတော့မလဲဖုရား'

'ကဲ ကဲ အမေနားလည်ပြီ။ အမေ ဆုံးဖြတ်မယ်။ ဘာပဲပြောပြော စန်းမေမှာ အမေတို့မသိအောင် ခိုးစည်းကမ်းဖျက်တဲ့ အပြစ်တော့ ရှိတယ်နော်။ အပြစ်ပေးရမယ် ဟုတ်လား'

အမေ ဘာပြောမလဲ။ ဘယ်လို ဆုံးဖြတ်မလဲ။ စောင့်နားထောင်နေကြတယ်။

စန်းမေမှာ အပြစ်ရှိတယ်။ အပြစ်ပေးရမယ်ဆိုတော့၊ စန်းမေကကြောက်နေပြီး မောင့်ကို အားကိုးတဲ့အကြည့်နဲ့ လှမ်းကြည့်တယ်။ မောင်က စန်းမေ့မျက်နှာ ဇီးရွက်ကလေးကို ဆွဲယူခေါင်းငုံ့ထားလိုက်တယ်။

'စန်းမေ သည်မယ် အမေ့ကိုကြည့် အရေးကြီးတာ မေးမ လို့'

မောင့်ရင်ခွင်ထဲမှာ ခေါင်းငုံ့ထားတဲ့စန်းမေ မောင့်ရင်ဘတ်မှာပဲ ပါးအပ်ထားပြီး ခေါင်းတင့်ကလေးသာ လည်ပြန် လိမ်ကြည့်တယ်။ ခေါင်းအပြည့် ပြန်လှည့်မကြည့်ဘူး။ မောင့်ခါးကိုလဲ မလွှတ်ဘူး။ တအားတွယ်ဖက်ထားရက်ပဲ။

'စန်းမေမုန့်ဝယ်စားဖို့သာ ပေးလိုက်တဲ့ပိုက်ဆံ တမူးကလေးကို စန်းမေက အကုန်မစားပဲ တပဲခွဲပေးပြီး ဝေစားတယ်ဆိုတော့ အမောင့်ကို စန်းမေ တော်တော်ချစ်တာပေါ့နော် ဟုတ်လား'

ဘာတွေ လျှောက်မေးနေတယ် မသိဘူး။ ချစ်တာ သိသားနဲ့။ ဘာလုပ်အုံးမလို့ ဒွတ်ကြီးအစမ္မ ဝန်ခံခိုင်းနေတယ်မသိဘူး။ ချစ်တာကို များ အပြစ်ပေးမလို့လား။ ဟင့်အင်း ဟင့်အင်း မဖြေချင်ဘူး။ အကောင်းမမှတ်နဲ့။ ဒါဖြားယောင်း ခေါင်းညိတ်ခိုင်းနေတာ ဖြစ်နိုင်တယ်။ ခေါင်းလုံးဝ မညိတ်ဘူး။ သိတယ်နော်။ စန်းမေမှာ အဖေလဲ မရှိဘူး၊ အမေကလဲ မျက်မမြင်ဒုက္ခိတ။ စန်းမေမှာ အားကိုးစရာဆိုလို့ ဟောသည် မောင်တယောက်တည်းရှိတာ။ မောင့်ရင်ခွင်ထဲ မျက်နှာနှစ်ထားလိုက်တယ်။

စန်းမေ မဖြေဘူး။ မကြားဟန် ဆောင်နေလိုက်တယ်။

သည်တော့ အမေက တကြော့ ထပ်မေးတယ်။

'အမောင့်ကို အညီအမျှ ဝေစားရလောက်အောင်အထိ ချစ်သလားလို့ မေးနေတယ်လေ စန်းမေ'

သည်တော့မှ အမေ့ကို မကြည့်ရဲလို့ လုံးဝလှည့်မကြည့်ပဲ မောင့်ခါးမှာ ဖက်တွယ်ထားတဲ့အထဲက သူ့ညာဘက်လက်ကို ခေတ္တနော် ပြန်ဆန့်ထုတ်ပြီး အဲသည်လက်နဲ့ပဲ အမေ့ကို ခေါင်းညိတ်ပြလိုက်တယ်။ ချစ် တယ်ပေါ့။

စန်းမေ လက်ညိတ်ပြပုံ ကြောင့် လေးမေမေအပါ အဝင် အမေတွေအားလုံး ပြုံးကြတယ်။ ချစ်တာတော့ ချစ်ပြီးတော့ ခုမှ သူပဲရှ နေရပြန်ပေါ့။

'သည်လိုဆို အမောင် နားထောင်'

'ဖုရား'

'အမောင့်ကို စန်းမေ ဘယ်တုန်းက ခုလိုစ ခွဲပေး နေတာလဲ'

'လွန်ခဲ့တဲ့ ဒီဇင် ကျောင်းပိတ်ရက်တွေ



www.burmeseclassic.com

www.burmeseclassic.com

တည်းကပါဖုရား'

'ဟဲ့ ကြာ ကြာလှမှကိုးအမောင် ၈ တန်းကတည်းကပေါ့'

မောင်က ခေါင်းညိတ်ပြတယ်။

'သည်လိုဆို စန်းမေ ပေးထားတဲ့အကြွေးတွေ ကျေအောင် အမောင်သည်နှစ်ဒီဇင်ဘာဆောင်းတွင်း ကျောင်းပိတ်ရက်အထိ နေ့စဉ် တပဲတပဲ ပြန်ပေးရမယ် ကြားလား'

အမေ့စီရင်ချက် အဆုံးမသပ်သေးဘူး။ စန်းမေက မောင့်ရင်ခွင်ထဲကနေ ခေါင်းမဖော်ပဲ ဝင်ပြောတယ်။

'စန်းမေ မယူလိုပါဖုရား၊ မောင်လဲ အခုပေးရမှာမဟုတ်ပါ'

'အလို စန်းမေတို့ အမောင်တို့ကလဲ ကတိကဝတ်တွေနဲ့ လုပ်ကြတာလား။ အခုပေးရမှာ မဟုတ်ဘူးဆိုတော့ ဘယ်တော့ ပြန်ပေးရမှာလဲ၊ စာချုပ်တွေဘာတွေများ လက်မှတ်ထိုးထားကြသေးသလား'

အမေက သရော်တယ်။ အမေတွေက ဝိုင်းရယ်ကြတယ်။

'ကြီးခါမှပါဖုရား မောင်လဲ အလုပ်အကိုင်နဲ့ ကိုယ်ပိုင်ဝင်ငွေရမှပါ'

'အေးပါလေ အဲဒါကလဲ တပိုင်းပေါ့၊ အမောင်ကလဲ ကတိတည်ရမှာပေါ့။ အခုလောလောဆယ်လဲ ယူတုန်းက ယူခဲ့သလိုတော့ ပြန်ပေးရမှာပေါ့။ နှမလေးက အကိုကိုချစ်လို့ ညှာတာခဲ့သလို အကိုကလဲ ကိုယ့်နှမလေးကို ပြန်ညှာရမှာပေါ့ မဟုတ်ဖူးလား။ အဲသည်တော့ အမောင်ကလဲ မနက်ဖန်ကစပြီး တနေ့ မုန့်ဖိုး ၃ပဲယူ၊ နှမလေးကို တပဲပြန်ပေး ဟုတ်ပြီလား'

၂ယောက်လုံး ခုမှ ခေါင်းထောင်လာကြတယ်။

'ကြည့် အမေကပါကလေးကို ဖျက်ဆီးပြီ'

အမေက လေးမေမေကို လက်ဖဝါးရမ်းပြ ပါးစပ်ပိတ်ခိုင်းလိုက်တယ်။

'မေလေး မပေးရဘူး အမေ ပေးမယ်၊ အမောင်က မနက်တိုင်း အမေ့ရှိရာလာယူ၊ စန်းမေကလဲ အမောင့်ဆီက မနက်တိုင်း ပြန်ယူ'

အမေ့အဆုံးအဖြတ်ကို ဘယ်သူ ငြင်းဆန်ကန့်ကွက်ရဲမှာလဲ။

သည်မှာ စန်းမေကလဲ ပြုံးပျော်ပြီး အမေ့ခြေဖမိုးအစုံကို ပြေး နဖူးနဲ့တိုက် ဦးခိုက်ကော်ရော်တယ်။ မောင်လဲ စန်းမေ့ ဖင်ကောက်ကလေးဘေးကနေ ဝပ်ကျိုး ရှိခိုးကန်တော့ လိုက်တယ်။

စန်းမေက မြူးတူးခုန်ပေါက်ပြီး၊ အမေ့ရှေ့မှာတင်ဝပ်တွားနေတဲ့မောင့်ကျောပေါ်တက်မှောက် ကျောပိုးခိုင်းတယ်။ မောင်လဲ စန်းမေကျေနပ်အောင် ထပိုးလိုက်ပါတယ်။ သည်မှာ မောင့်နားရွက်၂ဖက်ကို ညင်သာဆွဲပြီး မောင့်ပါး၂ဖက်ကို ငုံ့ ငုံ့ နမ်းလေရဲ့။

လေးမေမေက ပြုံးမှတ်ချက်ချတယ်။

'အဲဒါသာ ကြည့်ကြတော့ဖုရား အမေကလဲ သည်၂ကောင်ကို မြှောက်ချည့်ပေးကြီးလာတော့မှ ထိန်းရခက်မယ်နော…' ■

**မောင်သာရ**

Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

## ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

## ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

## ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'…**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။



www.burmeseclassic.com